တက်တိုး

ကမ္ဘာ့

ဆိုးပေကြီးများ

နပိုလီယံ ရပ်စပြူတင် ဟောရေးရှိုးနယ်ဆင် ဘင်ဗင်နူတို ဆယ်လီနီ အယ်လီတ်ဇင်းဒါးပုတ်ပ်
ပထမအယ်လစ်ဇဘက် ကက်ဆာ နီးဗား လီပို ဂျော့ ဘားနဒ်ရှော
ဝီလျံရှိတ်စပီးယား ပါစီ–ဗိရှီ–ရှယ်လီ နီရိုးဘုရင် ကလီယိုပက်တရား ဂျော့ဂေါ်ဒန်ဘိုင်ရွန်
ဆယ်မြူယယ်လ် တေလာ ကောလားရစ်ချ် ဆာဝေါလ်တာစကော့
ဖရန်ရွ ဗီလွန် ရောဘတ်ဘန်း

သတ္တမအကြိမ်
တက်တိုးစာပေ

မာတိကာ

၁။ နပိုလီယံ
၂။ ရပ်စပြေူတင်
၃။ ဟောရေးရှိုး နယ်လဆင်
၄။ ဘင်ပင်နုတို ဆယ်လိ
၅။ အယ်လိတ်ငင်းဒါး ပုတ်ပ်
၆။ ပထမ အယ်လစ်ဇဘက်
၇။ ကက်ဆာနိုးဗား
၈။ လီပို
၉။ ဂျော့ ဘားနဒ်ရှော
၁၀။ ဝိလျံ ရှိတ်စပီးယား
၁၁။ ပါစီ- ဗီရှီ့-ရှယ်လိ
၁၂။ နီရိုးဘုရင်
၁၃။ ကလီယိုပက်တရား
၁၄။ ဂျော့-ဂေါ်ဒန်-ဘိုင်ရွန်
၁၅။ ဆယ်မြူယယ်လ် တေလား-ကောလားရစ်ချ်
၁၆။ ဆာ ဝေါလ်တာ စကော့
၁၇။ ဖရန်ရှူ ပိလွန်
၁၈။ ရောဘတ်-ဘန်း

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

Subscribe Telegram Channel

https://t.me/TheBookR

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

Subscribe Telegram Channel

https://t.me/TheBookR

အမှာ

အင်္ဂလန်နိုင်ငံသည် လူတိုင်းကို တာဝန်ဝတ္တရားကျေပွန် အောင်ဆောင်ရွက်ရန်မျှော်လင့်သည် ဟူသောရာဇဝင်တွင်သည့် စကားကို အင်္ဂလိပ်စစ်သေနာပတိ ဗိုလ်ချုပ်နယ်လ်ဆင်ကဆိုခဲ့၏။ ထိုစကားကိုကြားသိသူတို့သည် နယ်လ်ဆင်အား အတော် ပင်အထင်ကြီးကြပေလိမ့်မည်။ တာဝန်ဝတ္တရားကို မိမိကိုယ်တိုင်သိ တတ်ရုံသာမက တစ်တိုင်းပြည်လုံးကို တာဝန်သိတတ်ဖို့ သတိပေး သည်ဟုထင်ကြပေလိမ့်မည်။ သတိပေးသူမှာလည်း နှယ်နှယ်ရရ မဟုတ်ပေ။ အင်္ဂလန်နိုင်ငံကိုသိမ်းမည်ဟု ကြုံးဝါးသော၊ နပိုလီယံ ကိုနှိမ်နင်းအောင်နိုင်လိုက်သောပုဂ္ဂိုလ်ကြီးဖြစ်သည်။ နပိုလီယံသည် ဥရောပတစ်ခွင်၌ အောင်ပွဲအဆက်ဆက်ရ၍ တိုင်းပြည်အသီးသီး တို့ကိုမိမိခြေအောက်သို့သွင်းခဲ့လေ၏။

ထိုသို့ကြီးမားလှသည့် တိုင်းပြည်ရန်သူကြီးကိုနှိမ်နင်း အောင်နိုင်ခဲ့သော ဗြိတိသျှရေတပ်ဗိုလ်ချုပ်ကြီးနယ်လ်ဆင်သည် အထင်ကြီးဖွယ်၊ ကြည်ညိုဖွယ်၊ လေးစားဖွယ်ပုဂ္ဂိုလ်ကြီးဖြစ်ပေတော့ သည်။

ထိုမော်ကွန်းတင် ပုဂ္ဂိုလ်ကြီး၏ အတွင်းရေးကို စေ့ငုကြည့် လိုက်သောအခါ ယင်းသည် အပြောနှင့်အဟောမညီပဲ ထင်ရာ လျှောက်လုပ်သော ဆိုးပေကြီးတစ်ဦးဖြစ်နေကြောင်း တွေ့ရလေ တော့သည်။

နယ်လ်ဆင်လို ကမ္ဘာကျော်ဆိုးပေကြီးများ အတော်များများရှိသည်။ ယင်းတို့သည် မိမိတို့နှင့်သက်ဆိုင်ရာဌာနများတွင်ထူး ကဲထင်ရှားသော ပုဂ္ဂိုလ်ကြီးများပေတည်း။ ယင်းတို့၏ဆောင် ရွက်မှုတို့ကြောင့် လူ့လောက၌ တိုးတက်မှုများစွာပေါ်ထွန်းရသည်။ သူတို့ကြောင့် ကမ္ဘာကြီးသည် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်သည်။ ပို၍သာယာလာသည်။ သူတို့ကြောင့်လည်း ဆိုးပေသော အဖြစ်မျိုး ကြုံကြိုက်ကြရသည်။ သူတို့၏လုပ်ဆောင်ချက်သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ထူးခြားလှပေသည်။ လူသာ မန်တို့၏ဆောင်ရွက်မှုထက်သာပေ၏။

လူသာမန်တို့သည် ဤသို့ပြုမူဆောင်ရွက်ရမည်၊ ထိုသို့ မပြုမူရဟူသော ဥပဒေနီတိများပတ်လည်ဝိုင်းလျက်ရှိသော ဘဝထဲ ၌သိုးများသဖွယ် အေးချမ်းစွာနေကြကုန်၏။ သိုးများသဖွယ်ဆောင် ပို့ရာသို့ စိုက်စိုက်သွားကြကုန်၏။ သိုးများသဖွယ်သေသည်၏ အခြားမဲ့၌ လူတို့၏စားသုံးခြင်းခံရာ၌ ပျောက်ပျက်သွားကြကုန်၏။ သူတို့၌အပြစ်ကင်းပေသည်။ ဆိုစရာမရှိပေ။

ကမ္ဘာ့ဆိုးပေကြီးများမှာမူကား ကောင်းကျိုးကိုထူးကဲစွာ

ဆောင်ရွက်နိုင်စွမ်းရှိ၏။ ဆိုးကျိုးကိုလည်းပေးနိုင်စွမ်း၏။ လူသာ မန်တို့အား ဝိုင်းရံပတ်ထားသော နီတိဘောင်ကိုကျော်၍ သူတို့လုပ် ချင်ရာကို လုပ်တတ်သောအကျင့်ရှိကြပေသည်။ သူတို့သည် လူ့ကောင်းကျိုးကိုဆောင်သည်နှင့်အမျှ လူအများကဆိုးသည်ပေသည် ဆိုသောနယ်ပယ်သို့ တိုးဝင်ကြလေ၏။

လူမမည်အရွယ်၌ သူထင်ရာသူလုပ်ပြီးလျှင် လူကြီး၏ အဆုံးအမကို အာခံသောကလေးသူငယ်တို့ကို ဆိုးပေကလေးများ ဟုခေါ်ဆိုကြသည်။ ထိုဆိုးပေကလေးများသည် စင်စစ်အားဖြင့် လူကြီးကမလုပ်နဲ့၊ မကိုင်နဲ့ဟူသောတားမြစ်ချက်များကို တော်လှန်သူကလေးများပေတည်း။ ထိုကလေးများကို လူကြီးတွေကမကြိုက်၊ မကြိုက်သည်မှာ စင်စစ်အားဖြင့် သူတို့ကအပေါ်စီးနှင့်ပေးသော နီတိကိုချိုးပစ်သောကြောင့်ပင်ဖြစ်သည်။ ထားရာမှာနေ၊ခိုင်းရာ သာလုပ်သော ကလေးတို့ကို လိမ္မာသည်ဟုဆိုကြသည်။ မိမိကိုယ် တိုင်လုပ်ချင်သည် မလုပ်ချင်သည်ကိုအပပြုပြီးလျှင် မိမိထက်ကြီး သူတို့ကစေခိုင်းခြင်းကိုသာငုံ့၍ခံကာ ရေလိုက်သင့် ငါးလိုက်သင့် လုပ်သူများသည် လူလိမ္မာများဖြစ်ကြကုန်၏။ ထိုလူလိမ္မာတို့သည် ရိုးရိုးလုပ် ရိုးရိုးနေပြီး ရိုးရိုးသေကြလေသောကြောင့် သူတို့ကြောင့် တော့ဖြင့် ထူးခြားချက်မပေါ်ထွန်းနိုင်ပေ။ ဆိုးပေကြီးများကြောင့်သာလျှင် ကမ္ဘာကြီးလည်နေသည်ဟုဆိုရပေတော့မည်။

လူသည် အကောင်းအပေါင်းလက္ခဏာ အဆိုး၏အဖြေမျှ သာဖြစ်သည်။ အကောင်းအင်အားစုများလျှင် လူကောင်းဟုခေါ်သည်။ အဆိုးအင်အားစုများလျှင် လူဆိုးဟုခေါ်သည်။ လူကောင်း နှင့်လူဆိုးကိုယှဉ်ကြည့်လိုက်လျှင် လူကောင်းကြောင့် ကမ္ဘာကြီးအေး ချမ်းသာယာသည်မှန်သော်လည်း လူဆိုးသာမရှိလျှင် ကမ္ဘာကြီး၌ လှုပ်ရှားမှုနည်းပါးချေမည်။ ပဋိပက္ခမှုလျော့ပါးချေမည်။ ပဋိပက္ခ တိုးတက်ခြင်း၏ အကြောင်းအချင်းတစ်ရပ်ပေတည်း။

ထို့ကြောင့် လောက၏အကျိုးကို လူကောင်းများကချည်း ဆောင်ရွက်သည်မဟုတ်၊ လူဆိုးများကလည်း အလားတူဆောင် ရွက်သည်ဟုဆိုနိုင်ပေသည်။

ပမာဆိုရသော် လူဆိုးကြီးဒေဝဒတ်သည် မြတ်စွာဘုရား ၏တစ်ဖက်တစ်လမ်း ပါရမီဖြည့်ဘက်ဖြစ်သည်။ လူဆိုးကြီး အယ် လိတ်ဇင်းဒါးဘုရင်ကြောင့် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှု လောကပေါ်ထွန်းလာခဲ့သည်။ လူမျိုးရေး၊ စီးပွားရေးစသည့်အရေး များတွင် တစ်ကွက်တစ်ပုံပြောင်းခဲ့ရသည်။

ဆိုးသည်ဆိုရာ၌ အဆိုးအမျိုးမျိုးရှိ၏။ စကားနှင့်ခွဲခြားဆို ရပါမူ ဆိုးရွား၊ ဆိုးသွမ်း၊ ဆိုးပေ။

ဆိုးရွားမှုတွင် ရွံရှာဖွယ် စက်ဆုပ်ဖွယ် အင်အားစုပါရှိ သည်။ မိုက်မဲခြင်းမှပေါက်ဖွားလာချေသည်။

ဆိုးသွမ်းမှုတွင်ကား ရက်စက်ခြင်း၊ တစ်ကိုယ်ကောင်းကျင့် ခြင်း၊ နှိပ်စက်ကလူပြုခြင်း စသည်တို့အကျုံးဝင်သဖြင့် ကြောက်ဖွယ် ကောင်းလှ၏။

ဆိုးပေမှု၌ကား သူတစ်ပါးကို ထိခိုက်စေခြင်းနည်းပါး၍ မိမိ၏စိတ်ဆန္ဒအလိုကိုအရေးပေးကာ တင်းကျပ်၍ ရုံဖန်ရံခါတွင် ကျေးဇူးမဲ့၍ စာနာမှုကင်းသည့် လူ့စည်းကမ်းများကို ပြက်ရယ်ပြု၍ တော်လှန်ခြင်းပါရှိသည်။ ဆိုးပေမှုသည် အဆိုးထဲတွင် ဘေးအကင်း ဆုံးဟုဆိုနိုင်သည်။ မိုက်မဲခြင်းမကင်းဟု ဆိုချင်ဆိုနိုင်သော်လည်း လူ့စည်းကမ်းတို့၏မိုက်မဲမှုကို ပြက်ရယ်တော်လှန်သော ထူးခြား သည့်မိုက်မဲမှုပင်ဖြစ်သည်။

ကမ္ဘာ့ဆိုးပေကြီးများ၏ အတ္ထုပ္ပတ္တိတိုများကို လေ့လာခြင်း ဖြင့်လူ့သဘာဝကို သိနိုင်ဖွယ်ရှိသည်။ လူတို့၏ ဟန်ဆောင်မှုအပေါ် လွှာကို ဖောက်ထွင်း၍ လူဆိုတာ ဆိုးပေးမှ၊ ပေပေးမှ လူနဲ့တကယ် တူမှာ ဆိုသောအမှန်တရားသရုပ်ပြချက်ကို ဖော်ထုတ်ခဲ့သော လူဆိုးလူထူးကြီးများ၏ အတွေးရေးများသည် လူ့သဘာဝနှင့်လူ့စ ရိုက်တို့ကိုလှစ်ဟသဖြင့် အထူးပင်စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ ရှုထောင့်သစ်မှမြင်ရသော အတ္ထုပ္ပတ္တိတိုများကို ဖတ်ရ ကျိုးနပ်မည်ဟု ကျွန်တော်ထင်စားမိပါသည်။

တက်တိုး

(၁၉၄၆-- စက်တင်ဘာ – ၂၉– အင်္ဂါနေ့)

ထုတ်ဝေသူအမှာ

ကမ္ဘာ့ဆိုးပေကြီးများ၏အတ္ထုပ္ပတ္တိတိုများတွင် မှတ်သား ဖွယ်၊ ဆင်ခြင်ဖွယ်တို့များစွာပါဝင်ပေသည်။ သမိုင်းအစဉ်အတန်းကြီးကိုရှု ထောင့်သစ်မှမြင်ရစေသောအတ္ထုပ္ပတ္တိတိုများဖြစ်သဖြင့် ဖတ်၍ အလွန်စွဲသောစာကောင်းပေကောင်းတစ်ရပ်ဟုဆိုချင်ပါသည်။ သို့ကြောင့်လည်း နှစ်ပေါင်းအတန်တန်ညောင်းခဲ့၊ ခေတ် တွေအသစ်အသစ်ပြောင်းခဲ့သော်လည်း ဘယ်တော့မှမပြောင်းလဲ တဲ့လူတို့၏အဖြစ်သနစ်စုံစုံကို စိတ်အစဉ်မှာတစ်သီတစ်တန်းကြီး စီးဆင်းမြင်တွေ့ရသမို့ ကမ္ဘာ့ ဆိုးပေကြီးများကိုပြန်ထုတ်ပါဟု မကြာမကြာတိုက်တွန်းကြသည်ကိုလည်းယခု အမှတ်တရ တုန့်ပြန် ရာလည်းရောက်သည်ဟု ဆိုရပါမည်။

ငါ့စာတွေကိုငါမရှိတဲ့အခါ မင်းကဖြန့်ရမှာ ဟု နိမိတ်စကားနှင့် သားအပေါ်ထားခဲ့သော တာဝန်ကို သေတစ်ပန် သက်တစ် ဆုံးလိုက်နာသွားပါမည် ဆိုသောမိမိစကားအတိုင်း မိမိဆန္ဒကို ကံတရားက လိုက်လျောပေးသော သည်အချိန်မှာ ဘခင်ကြီးစာအုပ် များထွက်ရှိလာပါပြီ။ စေတနာမည်မျှ၊ ကြိုးစားမှုမည်မျှနှင့်ရင်နှင့် အမျှခံစားမှုကို ဘခင်ကြီးကိုချစ်ကြသောစာချစ်သူတို့ မြင်နိုင်တွေ့နိုင်ပါမည်။ မိမိကတော့ စာဘတ်သူများထံ ဘခင်ကြီးစေတ နာအတိုင်းစာပေကောင်းများပို့ပေးနိုင်သည်ကိုပင် ကံတရား၏ ခွင့်ပေးမှုဟု ရင်မှကျေးဇူးတင်လိုက်ရပါတော့သည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ တော်မူကြပါစေ။

သားတက်တိုး (၂၀၁၂၊ မေလ၊ ၂၅ရက်)

နပိုလီယံ

ပုကွကွ၊ ခေါင်းကြီးကြီး၊ အသားဖြူဖပ်ဖြူရော်နှင့် မျက်လုံး ကျဉ်းကျဉ်း၊ မျက်စိလည်လည်ရှိသော နပိုလီယံသည် ပြင်သစ်ပြည် သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်း၌ပင် ထင်ရှားသောပုဂ္ဂိုလ်ဖြစ်ပေသည်။ သူ့ခေတ်က ဥရောပတစ်ခွင်တွင် ဘုရင်ဧကရာဇ်တစ်ဆူ ဖြစ်ခဲ့သောကြောင့် ကမ္ဘာ့ထိပ်သီးတစ်ဦးဖြစ်လေသည်။ မထင်ရှားသောစစ်သားဘဝမှ စစ်ဘုရင်ကြီး အဖြစ်သို့ရောက်ရသောပုဂ္ဂိုလ် ထူးဖြစ်လေရာ နပိုလီယံအား မည်သို့ပင်အပြစ်မြင်စေကာမူလည်း စွမ်းရည်သတ္တိ ခွန်အားဗလနှင့်ပြည့်စုံသူဟူ၍ အမှတ်ပြုကြရမည် ပင်တည်း။

နပိုလီယံ၏ ထူးခြားသောဘဝဖြစ်စဉ်တွင် တောက်ပပြောင်လက်သော အကြံအတွေ့ အဖြစ်အပျက်တို့ကို မြင်နိုင်ပေသည်။ ယင်းသို့ ကြားထဲမှဖြတ်သန်းသွားသော သွေးနီရောင်တန်း ကလေးကိုလည်းမြင်နိုင်ပေလိမ့်မည်။

ထိုအမျှင်တန်းကလေးက ကာမမျှင်ကလေးပင် ဖြစ်ပေတော့သည်။

စစ်ဗိုလ်ကြီးနပိုလီယံသည် "မိန်းမဆိုတာ ယောကျ်ားများရဲ့ကျွန်ပါပဲ' ဟူသောဝါဒကို လက်ကိုင်ပြုသူဖြစ်၏။ သို့သော် ထိုဝါဒမှာ မှန်တာခံရှာသောမိန်းမမျိုးကိုတွေ့ ရသော်လည်း သူ့ကို စီးပိုးစီမံသော မိန်းမမျိုးကိုလည်းသူတွေ့ ရဖူးသည်။

နပိုလီယံ၏ခေတ်သည် ထင်ရှာစိုင်းသောခေတ်ဖြစ်သည်။ လူဝီဘုရင်များလက်ထက်က အမျိုးမျိုးနှိပ်ကွပ်ခြင်းခံရသဖြင့် လူ ရောစိတ်ပါ မလွတ်လပ်ခဲ့သော ပြည်သူပြည်သားတို့သည် တော်လှန် ရေးအပြီးတွင် အောက်ခြေလွတ်၊ လွတ်လပ်နေကြကုန်၏။ လွတ်လပ်ရေး ယစ်မူးနေသည့်အလျောက် လွတ်လွတ်လပ်လပ် ကြီးနေကြ ရာမှ ကမောက်ကမ ဖြစ်ကြလေတော့သည်။

ထိုခေတ်က မိန်းမများ၏ အဝတ်အစားမှာ ယခုခေတ် အဝတ်အစားတို့ထက် ပို၍တိုနံ့ပါးလျားချေသေး၏။ အလှုပ်အရှား အများဆုံး တော်လှန်ရေးခေတ်အလွန်တွင် မိန်းမတို့သည် ဣန္ဒြေကို လေထဲသို့ လွှင့်ပစ်လိုက်ကြသည်။ အချစ်မြို့တော်ဟု ခေါ်ဆိုအပ် သော ပါရီမြို့ တော်ကြီး၌ လူဦးရေ ငါးသိန်းလေးသောင်း ခြောက်ထောင်ရှိရာ ခြောက်သောင်းသော မိန်းမကြီးငယ်တို့မှာ စာရိတ္တပျက် ပြားပေါ့လျော့ နေကြကုန်၏။

ပါရီမြို့ နန်းတော်ရပ်ကွက်တွင် နေ့ခင်းကြောင်တောင်၌ ပင်မိန်းမပေါ့တို့သည် မိမိတို့၏ လုပ်ငန်းကို မျက်နှာပြောင်တိုက်၍ လုပ်ဆောင်နေကြသည်။ နေ့ခင်းကြောင်တောင်ကြီးတွင် လမ်းဘေးရှိချုံပုတ်ကလေးများ၌ ဒွိယံတွဲ၍ အချစ်ပွဲဆင်နွှဲနေကြတော့သည်။ "ဤကိစ္စမျိုးကို လမ်းဘေးဘက်သို့ မျက်နှာလွှဲ၍ နှပ်ညှစ်သကဲ့သို့ သဘောထားကြကုန်၏' ဟုသမိုင်းဆရာတစ်ယောက်က ရေးသား ထားလေသည်။ ထိုရပ်ကွက်တွင် တောမှတက်လာသော မိန်းမကြီး များသည် အသက်နှစ်ဆယ်မပြည့်သေးသော သူတို့၏ သမီးများကို ဖိမ်ခေါင်းများထံတွင် ကျွဲနွားရောင်းသည့်နည်းတူ ဈေးဆစ်ဈေးကိုင် ၍ရောင်းနေကြလေသည်။

အမြောက်တပ်ဗိုလ်ကလေး အဖြစ်နှင့်စ၍ စစ်မှုထမ်းရသော နပိုလီယံသည်လည်း ထိုရပ်ကွက်သို့သွား၍ ကာမကိစ္စကို ပထမဆောင်ရွက်ခဲ့ဖူးလေသည်။ နပိုလီယံသည် ဖိမ်မယ် အခန်းထဲသို့ ရောက်ခါစ၌မူ ကာမဂုဏ်စိတ်တက်ကြွလေသေး၏။ သို့ရာတွင် မကြာမီပင်လျှင် ထိုစိတ်ကို သုတေသနစိတ်က လွှမ်းမိုး သွားလေသည်။ နပိုလီယံက ဖိမ်မယ်ကလေး၏ ဘဝသနစ်ဇာစ်မြစ် အလုံးစုံကို စိတ်ဝင်စားစွာ မေးမြန်းမှတ်သားလေရာ ဖိမ်မယ်ကလေးက သူ့အားညွှေ့သည်အစစ်မှ ဟုတ်ပါလေစ၊ ပုလိပ်များဖြစ် လေရော့သလားဟု သံသယဖြစ်လာလေတော့သည်။ နပိုလီယံသည် အချစ်၊ ကာမ၊ မကောင်းမှုဟု အမျိုးမျိုး ခေါ်နေသည့်ကိစ္စကို အနည်းငယ်မျှ မနှစ်သက်ခဲ့ပေ။ သူ့အဖို့တန်ခိုးအာဏာရရေးသည်သာလျှင် အကြီးဆုံးကိစ္စဖြစ်၏။ ပြင်သစ် ပြည်ကြီးကို စိုးမိုးပိုင်သပြီးသည့်နောက် ဥရောပတစ်တိုက်လုံး သူ့ ခြေဖဝါးအောက်ရောက်အောင် မည်သို့ကြံဆောင်ရမည်နည်းဟူသော အကြောင်းကိုသာ တွေးတောလျက်ရှိလေသည်။ သူသည် ပြင်သစ်ပြည်တစ်ပြည်လုံး စာရိတ္တပျက်ပြားနေ မှန်းသိ၏။ လူကုံထံမှသည် လက်လုပ်လက်စားဆင်းရဲသားအထိ ကာမကိစ္စပွေနေမှန်းသိသည်။ ဤကိစ္စပွေနေသမျှ တိုင်းပြည်ကြီးပွားမှုဆောင်ရွက်ရန် မဖြစ်နိုင်ဟု နပိုလီယံသိ၏။ သူကပတ်ဝန်း ကျင်ရှိမှုးကြီးမတ်ကြီးမှစ၍ သူဌေးသူကြွယ်အပေါင်းသည် အကျင့် စာရိတ္တပျက်စီးလျက်၊ လင်က မယားငယ်ပေါသလောက် မယားက အဆွယ်အပွားများလှကြောင်းကို သူသိလေသည်။ သူ့ ဝန်ကြီးအား လုံး၌ပင် မယားငယ်များစွာ ကိုယ်စီကိုယ်ငှ ရှိကြကြောင်းသိရသ ဖြင့်ဒေါသမာန်ပွားကာ "ဘယ်နှယ့်လဲ ဝန်ကြီးများ. . . တိုင်းပြည် မှာ ယောက်ျားမှန်သမျှ မယားငယ်ရှိပြီး မိန်းမမှန်သမျှ မျောက်မွေးကြပါကလား' ဟု ပြောလိုက်ဖူး၏။

နပိုလီယံသည် သူ့နန်းရင်းဝန် တယ်လီရန်းအား မယားကွယ်လွန်ပြီးနောက် အတည်တကျ အိမ်ထောင်မပြုဘဲ အပျော်အ ဖြစ်ထားသောမယားကို အတည်တကျယူရမည်ဟု အမိန့်ပေးခဲ့လေသည်။ တယ်လီရန်းက

ယင်းသို့သူ့ကိုယ်ရေးကိစ္စတွင် ကောရာဇ်ကဝင်ရောက်စွက်ဖက်ရပါမည်လောဟု စိတ်ထဲ၌တွေးထားလိုက် သည်။ နောက်ဆုံး၌ နပိုလီယံပျက်စီးရခြင်း အကြောင်းတစ်ရပ်တွင် တယ်လီရန်း၏ သစ္စာဖောက်မှုလည်း ပါရှိလေသည်။

နပိုလီယံအဖို့ အချစ်ကိစ္စနှင့် အချိန်ကုန်နေရန် ဝါသနာ လည်းမပါ။ သူသည် တစ်နေ့ လျှင် လေးနာရီသာအိပ်၍ အစားအသောက်ကို အလုပ်လုပ်ရင်း စားသောက်ကာ နာရီနှစ်ဆယ်လုံး မြေပုံကြီးများကိုချ၍ကြည့်လျက် စစ်ချီစစ်တက်အမိန့်များကို အတွင်းဝန်များအား အဆက်မပြတ် နှုတ်ဖြင့်ပေးလေသည်။ နပိုလီယံကဲ့သို့ အမိန့်စာအမှာစာများ ရေးနိုင်သည့်ပုဂ္ဂိုလ် ရာဇဝင်တွင် မပေါ်ပေါက်သေးချေ။

နပိုလီယံသည် သူ့ကိုယ်သူ အလွန်အထင်ကြီးသူဖြစ်၏။ 'ကျုပ်ဟာ တခြားယောကျ်ားတွေနဲ့ တူတာမှမဟုတ်ဘဲ' ဟုမိန်းမ လိုက်စားမှုနှင့် ပက်သတ်၍ ပြောင်ပြောင်ပြောလေ့ရှိသည်။ သူသည် စာရိတ္တပျက်ပြားနေသော တိုင်းပြည်ကြီးကို စာရိတ္တပြန်လည် ထူထောင်ပေးလိုလှ၏။ အပြင်းအထန်ကြပ်မတ်၍ ကာမသောင်းကျန်း မှုကို နှိမ်နင်းလိုလှ၏။ သို့သော် နောက်ဆုံး၌ သူ့စိတ်သည် လည်၍သွားကာ သူသည်ရာဇဝင်တွင် စာတင်ထိုက်သော ကာမသောင်း ကျန်းရေးသမားကြီးတစ်ဦး ဖြစ်လေတော့သည်။

အကယ်၍ သူသည် ဂျိုးဆက်ဖင်းကို မယူမိဘဲ အခြားသိပ်သည်းသော မိန်းမကိုယူမိပါမူ နပိုလီယံသည် တစ်သက်လုံး မယားတစ်ယောက်တည်းနှင့် ကျေနပ်သူတစ်ဦးဖြစ်ပေလိမ့်မည်။ သူတို့ ယူကြစဉ်က ဂျိုးဆက်ဖင်းက သူ့ကိုမချစ်ချေ။ ထိုစဉ်ကသူသည် သုံးဆယ့်နှစ်နှစ်အရွယ်ရှိ၍ ဂျိုးဆက်ဖင်းထက် ခြောက်နှစ်ငယ် သည်။ ဂျိုးဆက်ဖင်းက သူ့အားရှေ့တွင် ကြီးပွားစရာအလားအလာရှိသူဟု သဘောပိုက်သဖြင့် ယူခြင်းဖြစ်၏။ ချစ်၍မဟုတ်ချေ။ သူကမူ ဂျိုးဆက်ဖင်းကို အသေအလဲချစ်၏။ စစ်တိုက်ဖို့သာနား လည်၍ အချစ်ရေးကို ဂရုမထားခဲ့သော နပိုလီယံသည် ဂျိုးဆက် ဖင်းနှင့်တွေ့သောအခါ အချစ်ပညာကို လိုလားစွာသင်ကြားလေ တော့သည်။ ဂျိုးဆက်ဖင်မှာ ကလေးနှစ်ယောက်ရပြီးသော မုဆိုးမ မြို့ကစားကတော်ဟောင်းကလေးဖြစ်ရကား အချစ်ကိစ္စ၌ အရည်ဝပြီးသူဖြစ်၏။ သူတို့ပထမည အိပ်စက်ပြီးသည့်နောက်နေ့တွင် နပိုလီ ယံကဂျိုးဆက်ဖင်းထံသို့ "မောင်တော့နှမကိုလုံးလုံးလျားလျားစွဲ လမ်းချစ်ခင်မိပါပြီ၊ ခင့်ရုပ်ရည်နှင့်မနေ့ညကို ဘယ်တော့မျှမမေ့နိုင်ပါ၊မောင့်နှလုံးသားတော့ ဘယ်တော့မှငြိမ်သက်တော့မှာမဟုတ်ပါ၊ ချစ်စရာပြိုင်ဘက်ကင်းတဲ့ ဂျိုးဆက်ဖင်း၊ အနမ်းတစ်စောင်ပို့ လိုက်ပါတယ်၊ ခင့်အနမ်းကို မောင့်ဆီလက်ဆောင်အဖြစ်ပြန်မပို့လိုက်ပါနဲ့၊ မောင်ခင့် အနမ်းဒဏ်ကိုခံနိုင်မှာမဟုတ်လို့ပါ' ဟူသော

မှာတမ်းတစ်စောင်ကိုရေးပေးလေသည်။

သူသည် ဂျိုးဆက်ဖင်းကို လက်ထက်ပြီးနောက် အီတလီစစ်ပွဲသို့ထွက်သွားလေသည်။ စစ်မြေပြင်သို့ရောက်ပြီးနောက် မကြာခင်ပင် နပိုလီယံသည် စစ်ရှုံးသည်ထက် နစ်နာဖွယ်သတင်းကိုကြား ရရှာသည်။ ထိုသတင်းကား သူ၏ဇနီးသစ်လွင်မှာ ပါရီမြို့တွင်လူ ပေါင်းစုံနှင့် တစ်လှည့်စီအိပ်နေသည်ဆိုသည့်အကြောင်းပင် ဖြစ် သည်။

ဂျိုးဆက်ဖင်းမှာ သုံးဆယ်ကျော်၊ နပိုလီယံမှာ နှစ်ဆယ်ကျော်မျှသာရှိသေးသည်။ ယခု နပိုလီယံ စစ်ထွက်ခိုက် ပါရီမြို့တွင် အတူပျော်မြူးနေသူမှာ နပိုလီယံထက်ငယ်သော ဗိုလ်ကလေးဟာစ်ပိုလိတေးချားလ်စ်ပင်ဖြစ်သည်။

သတင်းဆိုးကိုကြားရသော နပိုလီယံသည် သူ့ဇနီးအား စစ်မြေပြင်သို့ ချက်ချင်းလိုက်ခဲ့ရမည်ဟုအမိန့်ပေးလိုက်သည်။ ဂျိုးဆက်ဖင်းမှာလင်၏အမိန့်ကိုမမှုလောက်ဟုသဘောထားကာ လင်ငယ်နှင့်တူပျော်ပျော်နေလေသည်။

နောက်အတော်ကြာမှ နပိုလီယံ၏ ဒေါသကိုတွေး၍ ကြောက်ရွံ့လာပြီးလျှင် စစ်မြေပြင်သို့ရောက်လာလေသည်။ ရောက် လာလျှင်ပင် ဒေါသမာန်ပွားနေသော နပိုလီယံမှာ အကြည်ဆိုက်နေလေတော့သည်။ ဂျိုးဆက်ဖင်းမှာ အသက်သုံးဆယ်ကျော်၍ သားကြီးသမီးကြီးနှစ်ယောက်ရှိနေသဖြင့် နပိုလီယံကိုပစ်လိုက်လျှင် သူ့အဖို့ အခက်ကြုံမည်ကိုတွေးမိ၍ ကြောက်ခြင်းပင်ဖြစ်သည်။ နပိုလီယံအား နောက်နောင်သစ္စာတည်မြဲ၍ လင်မှတ်မှတ် သားမှတ်မှတ် ပေါင်းသင်းပါမည်ဟု ကတိကြီးပေးကာ ဒေါသမာန်ပွားသူကို နှစ်သိမ့်စေလေသည်။ သို့ရာတွင် အီတလီစစ်ပွဲအောင်မြင် ပြီးဆုံး၍ အီဂျစ်စစ်ပွဲသို့ ထွက်ရပြန်သောအခါဝယ် ဂျိုးဆက်ဖင်းမှာ နပိုလီယံ၏မျက်ကွယ်တွင် သူ့လင်ငယ်ကလေးနှင့် ပြန်ပေါင်းထုတ် လေတော့သည်။ ·

စစ်တိုက်၍ အလုပ်အကိုင်ကိုသာ စိတ်ဝင်စားခဲ့သော နပိုလီယံအဖို့ ဂျိုးဆက်ဖင်းက သင်ပြပေးခဲ့သော အချစ်သင်တန်းတွင် အောင်ချင်လျက်နှင့်ဆရာက အမှတ်လျော့ပေး၍ အတန်းချလိုက်သ ဖြင့် စိတ်ညစ်သွားသည့်အလျောက် အချစ်ကိစ္စတွင် စိတ်ထားတစ် မျိုးပြောင်းသွားလေတော့သည်။ “မိန်းမတွေဟာ ယောကျ်ားတွေရဲ့ ကျေးကျွန်တွေပါဟူသော စိတ်ဓာတ်မျိုးပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် အလုပ်၌သာစိတ်ဝင်စားခဲ့သော စစ်ဗိုလ်ချုပ်ကြီးသည် အချစ်ဗိုလ်ချုပ်ကြီးအဖြစ်သို့ပြောင်းလဲသွားရှာလေသည်။

စစ်မြေပြင်သို့ မိမိတို့ဇနီးများကိုမခေါ်ရဟူသော နပိုလီယံ၏အမိန့်ကို

မတော်လှန်ဝံ့ပြားလည်း ဥဘဏ်နီဆင်၍ ဇနီးကိုခေါ်သော ဗိုလ်ကလေးဖောအကြောင်းကို နောက်ဆုံး၌ နပိုလီယံက ကြားသိရလေသည်။ ဖောက သူ့ဇနီးချောကလေးအား ယောက်ျားလိုဝတ်ဆင် စေပြီးလျှင်ဘင်တီးသမား ကလေးတစ်ယောက်အဖြစ်ခေါ် လာခဲ့လေသည်။ ဘင်တီးသမားကလေးမှာ မည်မျှပင်ယောက်ျားဟန်ဆောင် စေကာမူ အကြောင်းသိသူများက ပြုံးကြလေသည်။ နောက်ဆုံး၌ ဖော၏ဇနီးပေါ်လိန်းအကြောင်းကို နပိုလီယံသိလေလျှင် ထိုအာဇာနည်မကလေးနှင့်တွေ့ဖို့ကြံဆောင်လေသည်။

ပေါ်လိန်းမှာ သွက်လက်ချက်ချာ၍ ယောကျ်ားတို့ကို ညို့တတ်ပေသည်။ နပိုလီယံလည်း လူယုံတော်ဗိုလ်ကြီးများနှင့်တိုင်ပင်၍ ပေါ်လိန်းကိုအရကြံလေသည်။ ဗိုလ်ကလေးဖောအား ခရီးဝေး သို့အလုပ်ဝတ္တရားနှင့် စေလွှတ်လိုက်ရာ ဇနီးဟူ၍ဖွင့်ပြောနိုင်ခြင်းငှာ မစွမ်းသာသော ဘင်တီးသမားကလေးကို စစ်တန်းလျားတွင် ထားခဲ့ရလေသည်။ ထို့နောက် အစီအစဉ်အတိုင်း စစ်ဗိုလ်ကြီးများက ပျော် တတ်သော ပေါ်လိန်းအား အကြောင်းသိဖြစ်သည့်အလျောက် ပါတီတစ်ခုသို့ ဖိတ်ကြားလေသည်။ ပေါ်လိန်းသည်လည်း မိန်းမအ ဝတ်အစားဝတ်ဆင်၍ ပါတီတက်လေသည်။ စစ်ဗိုလ်ကြီးများနှင့် ရောနှော၍ အရက်ခွက်ချင်းခတ်၍ သောက်ရသဖြင့် ပေါ်လိန်းမှာ ဂုဏ်တက်၍ ကျေနပ်နေလေသည်။ ထိုအခိုက်တွင် နပိုလီယံသည် အခန်းတွင်းသို့ ဝင်လာလေသည်။ အားလုံးက အံ့အားသင့်ဟန်ဖြင့် နှုတ်ဆက်ကြပြီးလျှင် ဧည့်သည် ပေါ်လိန်းနှင့် မိတ်ဆက်ပေးလိုက် ကြသည်။ နပိုလီယံသည် ခပ်တည်တည်ပြောဆိုပြီးလျှင် မကြာမီပင် လျှင် အခန်းမှထွက်သွားလေသည်။

ထိုသို့ ဗိုလ်ချုပ်ကြီး ရုတ်တရက်ဝင်လာသဖြင့် အထိတ်တ လန့်ဖြစ်ဟန်ဖြင့် ဗိုလ်ကြီးတစ်ယောက်က ပေါ်လိန်း၏ကိုယ်ပေါ်သို့ အရက်ဖိတ်ချလိုက်သည်။ ပေါ်လိန်းသည် အဝတ်စိုသွားသဖြင့် စိတ် အတော်ထိခိုက်ရှာသည်။ အရက်ဖိတ်ချလိုက်သည့် ဗိုလ်ကြီးက ခယဝယတောင်းပန်လေသည်။ အိမ်ရှင်ဗိုလ်ကြီးကဝင်၍ ပေါ်လိန်းအား အိမ်ပေါ်အိပ်ခန်းထဲသို့သွား၍ အဝတ်အစားလဲရန် အကြံပေးလေ သည်။ ပေါ်လိန်းလည်း မိမိ၏အခန်းသို့ မပြန်ချင်သေးသဖြင့် အဝတ်အစားလဲရန် အိမ်ပေါ်သို့တက်သွားလေသည်။ အိပ်ခန်းထဲသို့ရောက်သွားသောအခါ နပိုလီယံက သူ့ အားအသင့်စောင့်နေသည်ကို တွေ့ရလေသည်။

ပေါ်လိန်းသည် အီဂျစ်စစ်ပွဲတစ်လျှောက်လုံးတွင် နပိုလီယံ၏ အပျော်မယားအဖြစ် ပျော်ရွှင်စွာနေလေသည်။ ရက်လအတန်ကြာသော် ထိုသတင်းကိုကြားရသော ဖောခမျာမှာ ရပ်ဝေးမှ ရုတ်တရက်ရောက်လာပြီးလျှင် နပိုလီယံ၏ အလုပ်ခန်းထဲသို့ သေနတ်ချိန်၍ ဝင်လာလေသည်။ နပိုလီယံက ထိုင်ရာမှထပြီးလျှင် အာဏာသံနှင့် “ဟေ့. . .

လက်နက်ချလိုက်'ဟုအမိန့်ပေးလိုက်ရာ ငယ်ကြောက် ဖောခများမှာ သေနတ်ကိုကြမ်းပေါ်သို့ချလိုက်ရှာ သည်။

နပိုလီယံက ပေါ်လိန်းအား မိမိ၏ အလိုကိုဖြည့်ဆည်းရှာပေသည် ဟူသောသဘောဖြင့် ကျေးဇူးဆပ်သည့်အနေနှင့် ပင်စင် ရိက္ခာရအဖြစ် ခန့်အပ်လိုက်လေသည်။ ပေါ်လိန်းလည်း နပိုလီယံ ဧကရာဇ်ဘဝမှပြုတ်၍ သုံ့ပန်းအဖြစ်နေပြီးနောက် ကွယ်လွန်သည် အထိတိုင်းပြည်အစိုးရက ထုံးစံအတိုင်း ပင်စင်အငြိမ်းစားရိက္ခာ ဆက်လက်ရရှိကာ အသက်ကိုးဆယ်အထိနေသွားလေသည်။ အီဂျစ်စစ်ပွဲအပြန်တွင် နပိုလီယံသည် ဂျိုးဆက်ဖင်းကို ကွာရှင်းမှသင့်တော်မည်ဟု သဘောပိုက်လာခဲ့သည်။ သို့သော် ဂျိုးဆက်ဖင်း၏ မြှူဆွယ်ချက်ကြောင့် နပိုလီယံမှာ ကွာရှင်းလိုစိတ် ပျောက်သွားပြီးလျှင် ဂျိုးဆက်ဖင်းကို ဆက်လက်သိမ်းပိုက်လေ တော့သည်။

နပိုလီယံသည် ဂျိုးဆက်ဖင်း၏ သစ္စာမဲ့မှုကြောင့် သူ့အပေါ်တွင် ချစ်စိတ်လုံးဝမရှိတော့ဘဲ လူရိုသေရုံသာ ပေါင်းသင်းနေလေသည်။ ဧကရာဇ်ဖြစ်ရန် လမ်းပွင့်နေပြီဆိုသည့်အဖြစ်ကိုသိသော ဂျိုးဆက်ဖင်းမှာမူ နပိုလီယံနှင့်ကွဲကွာလျှင် သူ့အဖို့ အရှုံးသာထွက်မည်ဟုသိနားလည်သည့်အလျောက် သူက နပိုလီယံကို ချစ်အားပိုရလေတော့သည်။

နပိုလီယံအဖို့ကား မိန်းမဟူသည် ယောကျ်ားတို့၏ အသုံး တော်ခံမျိုးပင်ဖြစ်သည်ဟူသော ဝါဒကို စွဲမြဲစွာလက်ဝယ်ပြု၍ မျက်နှာကြီးလိုက်တတ်သော အထက်တန်းလွှာမှ ပျိုမေချောနုတို့ကို အဆက်မပြတ်ဆက်ကပ်စေသည်။

အထက်တန်းလွှာမှ မင်းကတော်၊ စိုးကတော်ကြီးများသည် မိမိတို့၏ ပျိုမျစ်နုနယ်သော သမီးကလေးများကို ဧကရာဇ်မင်း၏အဆောင်သို့ ပို့ရသည်မှာ ဂုဏ်တစ်ရပ်ဟုအောက်မေ့ကာ အဆောင် မှူးအား သူ့ထက်ငါဦး ကပ်ကြလေသည်။

နပိုလီယံ၏နန်းတော်မှာ ရှေးရှေးဘုရင်တို့၏ နန်းတော် တို့ထက် ပိုမိုခမ်းနားကြီးကျယ်၍ နန်းတော်သူနန်းတော်သားများမှာလည်း ပေါများလှလေသည်။ ထိုခေတ်မှာလည်း ကာမဂုဏ်ကွန့် မြူးသောခေတ်ကြီးဖြစ်လေရာ အကျင့်စာရိတ္တဟူသည် အဓိပ္ပာယ်မ ရှိသောအလုပ်ဟု အောက်မေ့ကြကုန်၏။ နပိုလီယံက "လင်နဲ့ မယား သစ္စာဖောက်တယ်ဆိုတာဟာ စင်စစ်မှာတော့ ဆိုဖာပေါ်ကကိစ္စပါ၊ ဘာမျှကြီးကျယ်လှတာမှမဟုတ်ဘဲ" ဟုရယ်မောပြောဆို လေသည်။ ဦးရာပိုင်းများ နပိုလီယံသည် မိန်းမလိုက်စားသော်လည်း အလုပ်အကိုင် ၌ ပျက်ကွက်ခြင်းမရှိ။ အလုပ်အကိုင်တွင် ဝင်စားသောစိတ်သည် ပြင်းထန်လှ၏။ တစ်ခါတစ်ရံ အဆောင်မှူးက ညဉ့်ဦးယံတွင် ပျိုမေချောတစ်ယောက်ကို ခေါ်သွင်းလာသည့်အခါ နပိုလီယံက အလုပ်

စားပွဲမှလှမ်း၍ "ကဲ. . . အခန်းထဲဝင်ပြီး အဝတ်အစားတွေချွတ်ပြီး အသင့်ပြင်နေ" ဟု တဲ့တိုးအမိန့်ပေးလိုက်ပြီးနောက်၊ အလုပ်တွင်စိတ် ဝင်စားနေရာ နံနက်သုံးနာရီလောက်မှ အိပ်တော့မည်ဟု အခန်းထဲ ဝင်သည်တွင်မှ အဝတ်အစားမရှိဘဲ ချမ်းချမ်းစီးစီးနှင့်စောင့်နေရှာသော မိန်းကလေးကိုတွေ့ရ၍ အံ့အားသင့်နေလေသည်။

သူ့ရန်သူများကသူ့အား ကာမအင်အားမရှိဟု စွပ်စွဲကြ၏။ သို့သော် နပိုလီယံ၌ မောင်းမမိသံများလှစွာ၏။ ဂျော့အမည် ရှိသော အပျော်မယားမှာ အရပ်အမောင်းကောင်း၍ သန်မာ တောင့်တင်းသော ကချေသည်မတစ်ဦးဖြစ်သည်။ အရပ်ငါးပေမျှသာရှိသော နပိုလီယံနှင့် မလိုက်လှပေ။ သို့သော် နပိုလီယံသည် သူနှင့်တွေ့သောအခါ သူ့ကိုခွစီးပြီးလျှင် အိပ်ရာခုတင်ကိုပတ်၍ သူ့ကိုချီပြေးစေသည်။ ယင်းသို့ဆော့ရသည်ကို သူတို့နှစ်ယောက်လုံး ကျေနပ်ဝမ်းမြောက်၍ ဟက်ဟက်ပက်ပက်ရယ်မောကြလေသည်။

နပိုလီယံသည် နာရီနှင့်အလုပ်လုပ်သူဖြစ်သည်။ သူသည် နာရီ၏ကျေးကျွန်ဖြစ်၏။ နာရီမစေ့မချင်း အလုပ်ခွင်မှမထပေ။ ဆယ့်ကိုးနှစ်အရွယ်သာရှိသေးသော်လည်း အတော်လည်ပတ်သော အယ်လီနာဒင်နူးဝယ်လ် အမည်ရှိသော မိန်းကလေးက နပိုလီယံအ နီးသို့ကပ်၍ ချွဲရင်း နာရီလက်တံကို လှည့်လိုက်လေသည်။ နာရီကိုကြည့်ပြီး အချိန်စေ့ပြီဟုအောက်မေ့သော နပိုလီယံသည် အယ်လီနာ ခေါ်ဆောင်ရာအိပ်ခန်းဆောင်သို့ မငြင်းမဆန် ဝင်သွားလေသည်။ အယ်လီနာက နပိုလီယံ၏ ရန်သူတို့ စွပ်စွဲချက်ကို လက် တွေ့ လေသည်။ နပိုလီယံနှင့် သားတစ်ယောက်ရပြလိုက် ၏။ နပိုလီယံနှင့်တကွ အားလုံးက အယ်လီနာ၏သားမှာ နပိုလီယံ နှင့်ရသည့်သားဟု မယုံကြည်နိုင်ကြချေ။ သို့ရာတွင် ကလေးကို ချွတ်စွတ်တူနေကြောင်း တွေ့ ကြရသဖြင့် မယုံကြည်ချင်၍ မနေနိုင် ကြတော့ချေ။

အချို့မိန်းကလေးများကလည်း သူတို့၏သားများကို နပိုလီ ယံနှင့်ရသည်ဟု အဆိုတင်ကြသည်။ သို့သော် နပိုလီယံကမူ အယ်လီနာ၏သားနှင့် မာရီဝါလုစကား၏သား၊ဤနှစ်ယောက်ကိုသာ အသိအမှတ်ပြုလေသည်။

နပိုလီယံသည် တွေ့ကြုံသမျှမိန်းမတို့ကို ကာမဂုဏ်ကိစ္စမှ အပအခြားနည်းဖြင့် အသိအမှတ်ပြုလေ့မရှိပေ။ မာရီဝါလုစကား အမည်ရှိသော ဩစတြီယပြည် မြို့စားကတော်ကလေးကိုသာ အ ကယ်စင်စစ် ချစ်ခဲ့ဖူးလေသည်။ သူသည် အကယ်၍ ဧကရာဇ်ရာ ထူးပြုတ်သော်လည်း ပြင်သစ်ဘုရင်အဖြစ် မာရီဝါလုစကားနှင့်အ တူ ကျေနပ်ကြည်ဖြူစွာနေလိုလှ၏။ သို့သော် သူ့ကံကြမ္မာက သူ့အား ရာထူးစည်းစိမ်လုံးဝပြုတ်၍ စိန့်ဟယ်လီနားကျွန်းတွင် တစ်သက်လုံး တစ်ကိုယ်တည်းနေဖို့ ဖန်လာခဲ့ချေသည်။

နပိုလီယံသည် ဧကရာဇ်ဖြစ်ပြီးနောက် အရိုက်အရာခံမည့် သားယောကျ်ားတစ်ယောက် လိုနေသောကြောင့် သားသမီးမပွားစီးသည့် ဂျိုးဆက်ဖင်းကို ကွာရှင်း၍ မင်းသမီးတစ်ဦးဖြစ်သည့် မာရီလူဆီကို ထိမ်းမြားလေသည်။ မာရီလူဆီလည်း မကြာမီသား တစ်ယောက်ဖွားမြင်ပေးလေသည်။ နန်းလျာလိုနေသော နပိုလီယံ အဖို့ အလိုပြည့်လေပြီ။ နပိုလီယံသည် သူ့ ညီအစ်ကိုမောင်နှမတို့ အား အထူး ကြည့်ရှုစောင့်ရှောက်တတ်သူဖြစ်သည်။ သူ့ညီများအား သူပိုင်သော အင်ပါယာကြီးအတွင်းရှိ တိုင်းပြည်များ၏ ဘုရင်အဖြစ် ခန့်အပ်လေသည်။ သူ့နှမများကိုလည်း မင်းစိုးရာဇာထဲမှ တက်လမ်းရှိသူ တို့နှင့်ပေးစားလိုသည်။ သို့ရာတွင် သူ့ညီများနှင့် နှမများမှာ အရည်အချင်းနည်းပါးရုံသာမက ကာမဂုဏ်ကိုစွဲ၍ လွန်ကဲသူများချည်းဖြစ် သဖြင့် နောက်ဆုံး၌နပိုလီယံသည် သူတို့ကြောင့်ပျက်စီးရလေတော့သည်။

သူ့နှမပေါလက်၏ အကြောင်းကို ပါရီတစ်မြို့လုံးကသိသည်။ ဆင်းရဲသားများကပင် သူ့ရုပ်ပွေပုံကို ခရေစေ့တွင်းသိကြ၏။ ပေါလက်ကလည်း မည်သူသိသိမမှုပေ။ သူသည် နာမည်ကျော် ပန်းပုဆရာကြီး ကင်းနိုးဗားထံတွင် လုံးတီးလဲလျောင်း၍ အချစ်နတ်သမီးဗိနပ်၏ပုံကိုထုစေသည်။ သူနှင့်ကြုံတွေ့ ရဖူးသူတိုင်းက သူ့အားကြောက်စရာမိန်းမပေတကား ဟုချီးကျူးကြကုန်၏။ သူ့ အထိန်းတော် နီဂရိုးကြီးနှင့် မည်သို့ဖြစ်ပျက်ပုံကို ပါရီတစ်မြို့လုံးက မြိန်ရေယှက်ရည် ပြောဆိုဆွေးနွေးလေသည်။

ပေါလက်မှာ နဂိုကပင် သွေးဆူသောမိန်းကလေးတစ်ဦးဖြစ်သည်မှန်၏။ သို့ရာတွင် မြို့စားကလေးဘောဂီးနှင့်ယူလိုက်သည် တွင် ကာမရောဂါ ဆိုးဝါးလာလေတော့သည်။ ဘောဂီးမှာ ရုပ်ရည် ချောမော၍ ပျိုတိုင်းမက်စရာလူငယ်တစ်ဦးဖြစ်သည်။ သန်မာ တောင့်တင်း၏။ သို့သော် “သူနဲ့ယူရတာ မီးမရှိတဲ့ မီးဖိုပေါ်တက် ထိုင်ရသလိုပဲ” ဟု သူနှင့်ကြုံတွေ့ဖူးသည့် သူငယ်မတစ်ယောက်ဆို သည့်အတိုင်းပင် အားမရစရာကြီးဖြစ်လေသည်။ ဘောဂီးမှာ ရုပ် ချောပျိုတိုင်းမက်စရာပင် ဖြစ်စေကာမူ လိင်တူချင်း၌သာ စိတ်ရှိသူဖြစ်ချေသည်။

မကျေနပ်မှုဒဏ်ပိနေရှာသော နဂိုကသွေးဆူလှသည့် ပေါလက်မှာ ဘောဂီးကြောင့်ပင် အမျိုးမျိုးသော ကမောက်ကမမှုများ ဖြစ်ရလေသည်။

နပိုလီယံခမျာ မွေးချင်းများကိုညာမိသဖြင့် မော်စကိုမြို့သို့ ချီတက်ရာတွင် နောက်ပိုင်းမလုံသောကြောင့် အရှုံးကြီးရှုံးကာ လက်နက်ချလိုက်ရသည့်ဘဝသို့ ရောက်ရလေသည်။ နောက်ဆုံး၌ ရာရာပတစ်တိုက်လုံး သိမ့်သိမ့်တုန်စေသော စစ်ဘုရင်ဧကရာဇ် နပိုလီယံခမျာမှာ စိန့်ဟယ်လီနာကျွန်းတွင် ဧကစာကျင့်ရင်း

ဘဝကို ဇာတ်သိမ်းရရှာလေသည်။

ရပ်စပြူတင်

ရုရှားနေပြည်တော်ဖြစ်သော စိန့်ပီတာစဘတ်မြို့ရှိ ကရွန်စတက်ရပ်ကွက်၌ရှိသော ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဘာသာတရားကိုင်းရှိုင်းသူ လူများစွာသည် ဘုန်းတော်ကြီး၏ တရားဓမ္မ ဆုံးမစကားကို နာကြားလျက်ရှိကြသည်။ တရားပွဲပြီးသည့်နောက် ဂုဏ်သရေရှိ အထက်တန်းစား မိန်းမအချို့က ဘုန်းကြီးထံသို့သွားကာ ကောင်းချီးပေးပါရန် ထုံးစံအတိုင်း တောင်းပန်ကြလေသည်။ “ဒီနေ့ ကျွန်ုပ်ထက်သာတဲ့ပုဂ္ဂိုလ်တစ်ဦး ရောက်နေပါတယ်။ သူ့ကောင်းချီးပေးမှုကိုစောင့်ယူကြပါ'ဟု ဘုန်းကြီးကဆို လိုက်လေသည်။

ဘုန်းကြီးထက်သာသောသူကို မြင်တွေ့လိုသော မိန်းမတစ်စုသည် ငေး၍ကြည့်နေကြသည်။ ထိုပုဂ္ဂိုလ်သည် ဘုရားရှိခိုး ကျောင်းအနောက်တံခါးဝ၌ စုပြုံရပ်နေကြသော သူတောင်းစား များကြားမှ ထွက်လာလေသည်။ သူသည် သိုးရေအင်္ကျီကိုဝတ်လျက် အမဲဆီလူးထားသော နောက်ပိတ်ဖိနပ်ရှည်ကိုစီးထားသည်။ သူ့ပုံ ပန်းမှာ ဝေးလံသောကျေးလက်တောရွာမှ ရောက်လာသောတောင် သူလယ်သမား၏ ပုံပန်းပင်ဖြစ်သည်။

ထိုထူးဆန်းသောပုဂ္ဂိုလ်သည် မိန်းမတို့ကိုသာ ကောင်းချီးပေးမှုပြုသည် မဟုတ်၊ ဘုန်းကြီးကိုပင် ဆုမွန်ပေးလိုက်ပေသေးသည်။

နောက်တစ်နေ့တွင် ဇာရီနာမိဖုရားကြီး၏ ဆရာတော်ဖြစ်သော ဘုန်းတော်ကြီး ဖိုဖန်က မြို့စားကတော်ကြီး အစ်ဂနာတို့၏ အိမ်တွင် ဆိုင်ဘီရီယားနယ်သား လယ်သမား ရပ်စပြူတင်၏ ပညာ ရှိပုံ၊ ဘာသာတရား၌ သက်ဝင်ယုံကြည်ပုံ၊နှစ်လိုဖွယ်ကောင်းပုံ အစရှိသည်တို့ကို ချီးကျူးလေသည်။ ထိုနေ့ ညနေ၌ပင်ရပ်စပြူတင်သည် မင်းပွဲသဘင်သို့ စတင်တက်ရောက်လေသည်။ သူ၏ပုံ ပန်းသဏ္ဌာန်မှာ အလွန်ခွကျလှသည်။ သူ့ဆံပင်များသည် အလိပ်လိုက် သူ့ပခုံးပေါ်သို့ကျနေကြသည်။ သူ့နဖူးမှာ အမာရွတ်ကြီးများရှိသည်။ သူ့နှာတံပေါ်တွင် ကျောက်ပေါက်မာများရှိသည်။ သူ၏ ဖြူရော်ရော်နှုတ်ခမ်းများပေါ်တွင် နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲရှိသည်။ မေးအောက်တွင်ရှိသော ချုံပုတ်နှင့်တူသည့် မုတ်ဆိတ်မွေးများထဲသို့ နှုတ်ခမ်းမွေးစများကျ၍ ရောနှောနေသည်။ သူ့အဝတ် အစားများမှာလည်း တောင်သူလယ်သမား အဝတ်အစားများပင် ဖြစ်လေသည်။

သို့ရာတွင် သူ၏ထူးခြားချက်တစ်ခုရှိ၏။ ယင်းသည်ကား သူ၏

တောက်ပြောင်သော မျက်လုံးများပင်တည်း။ သူ့မျက်လုံးများအကြောင်းကို ရုရှားပြည်ရောက် ပြင်သစ် သံအမတ်ကြီး ပလီယောလိုက ၁၉၁၅ ခုနှစ်တွင် ဤသို့မှတ်တမ်း ရေးထားသည်။ ရပ်စပြူတင်၏ ပြာလဲ့၍ထူးခြားသော အရောင်တောက်လျက်ရှိသော မျက်လုံးများတွင် သူ၏တန်ခိုး စုဝေးတည်နေ ပေသည်။ ထိုမျက်လုံးများသည် လေးနက်သော အဓိပ္ပာယ်ကို ဖော်ပြ လျက်ရှိသည်။ သူတစ်ပါးကို ဆွဲဆောင်နိုင်သောသတ္တိရှိသည်။ သူက စိုက်၍ကြည့်လိုက်လျှင် သူ့မျက်လုံး၏အရောင်များသည် အကြရသူ၏ သန္တာန်ထဲသို့ ထိုးဝင်သွားသော်ငြားလည်း အကြည့်ခံရသူ မှာ မနေတတ်မထိုင်တတ်မဖြစ်ချေ။ အယုယခံရသကဲ့သို့ ကျေနပ် ဖွယ်ဖြစ်၏။ သူ့မျက်လုံးများသည် သူ့အားရိုးသားသည်ဟုလည်း ထင်ရစေသည်။ ကောက်ကျစ်သည်ဟုလည်း ထင်ရစေသည်။ အာရုံ စူးစိုက်နေသည်ဟုလည်း ထင်ရစေသည်။ သူက တစ်ဦးတစ်ယောက်နှင့် တည်ကြည်စွာပြောဆိုနေသည့်အခါများတွင် သူ့မျက်လုံးနက်ကလေးများမှ အညို့ဓာတ်ရောင်များ တောင်ပြောင်နေပေသည်။

မျက်လုံးအကြောင်းဆိုပြီးသည့်နောက် သံအမတ်ကြီးက မှတ်တမ်း၌ ပင်ဆက်၍ ဆိုထားပြန်သေးသည်။ သူတော်စင်ဟုခေါ် နေကြသော ထိုပုဂ္ဂိုလ်မှာ ထူးခြားသော ကာမဂုဏ်လွန်ကဲသော ပုဂ္ဂိုလ်ဖြစ်သည့် အလျောက် သူ့ကိုယ်မှဆိတ်သိုးနံ့ ထွက်နေလေ သည်။

ထိုအကြောင်း များကြောင့်ပင်လျှင် ရပ်စပြူတင်၌ အရူးအမူးကြည်ညိုသူ များစွာရှိလေသည်။ သူ့အလာကို စောင့်နေသော သူ့နောက်လိုက်အပေါင်းသည် သူ့အား ရင်တစ်ဖိုဖိုနှင့် အခန်းထဲတွင် ကျပ်ကျပ်သိပ်သိပ် စောင့်လင့်ကြကုန်၏။ တံခါးပွင့်လာပြီးလျှင် ရပ်စပြူတင်ဝင်လာသည်ကို မြင်ကြသောအခါဝယ် ထိုသူတို့၌ ပီတိဖြာ၍ သွားကြကုန်၏။ သူကထုံးစံအတိုင်း မိန်းမများကို သုံးကြိမ်နမ်းသောအခါ အနမ်းခံရသောမိန်းမသည် ခရစ်တော်ကိုယ်တိုင်နှင့် ကြုံတွေ့ရသည်ဟု ထင်မှတ်လေသည်။ သူကကိုယ် ကာယကို ကိုင်သောအခါ အကိုင်ခံရသောမိန်းမသည် မိမိ၌ရှိသမျှ အပြစ်များ လျောကျကင်းစင်သွားပြီဟု ထင်မှတ်လေသည်။

ထိုမျှတန်ခိုးကြီးသော ဆရာကြီးရပ်စပြူတင်သည် စာရိတ္တ မဏ္ဍိုင်ယိမ်းယိုင်ပြိုကျနေသော ရုရှားပြည်ထိုခေတ်ကာလ၌ ထင်ရှားလေတော့သည်။ သူဟောကြားတော်မူသော တရား၏အချုပ်သည်ကား ရှိသမျှတဏှာရာဂကို ခံစားမှုဖြင့် ဖြုန်းတီးပစ်ပါမှ ကုန် ခမ်းမည်ဟူသတည်း။

ထိုတရားမျိုးကို စာရိတ္တမဏ္ဍိုင်ပျက်ပြားနေသော ထိုခေတ် ပရိတ်သတ်က များစွာနှစ်သက်ကြကုန်၏။ ရပ်စပြူတင်မှာ စင်စစ်အားဖြင့် ဘုန်းတော်ကြီးမဟုတ်ချေ။ သို့ရာတွင် သူသည် ဘုန်းတော်

ကြီးများထက်အဆများစွာ တန်ခိုးကြီးပေသည်။ သူဟောသော တရားများကို လက်တွေ့ကျင့်သုံးနိုင်ကြရန် မကြာခဏကာမဂုဏ် ပွဲတော်ကြီးများ ကျင်းပလေသည်။ ထိုပွဲတော်ကြီးများတွင် ရောမ ရာဇဝင်တွင် အဆိုးဆုံး နီရိုးဘုရင်ခေတ်က ကာမသောင်းကျန်းမှု များထက် လွန်ကဲသောအမှုများ ပြုကြကုန်၏။

အရည်းကြီး ရပ်စပြူတင်မှာ အဘယ်သူနည်း။ သူ၏ ဇာစ် မြစ်ကို စုံစမ်းရပေမည်။ သူသည် ရုရှားပြည်အရှေ့ပိုင်း ဆိုင်ဘီးရီး ယားနယ်ရှိ ရွာကလေးတစ်ရွာက လယ်သမားသားပင်ဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းက မကောင်းမှုအမျိုးမျိုးကို တစ်ရွာလုံး အော့နှလုံးနာအောင် လုပ်ခဲ့လေသည်။ လူငယ်ဘဝက အသောက် အစားလွန်ကျူး၍ လူမိုက်လုပ်လာခဲ့သည်။ မြင်းခိုးရာ၌ အထူးပင်ကျင်လည်ပေသည်။ မိန်းမလိုက်စားမှု၌လည်း သူမတူဖြစ်ပေသည်။

သူသည် တစ်ခါကမြင်းလှည်းသမားလုပ်နေစဉ် ဘုန်းတော်ကြီးတစ်ပါးအား ရပ်ဝေးရှိဘုန်းကြီးကျောင်းသို့ ပို့ပေးရသည်။ လမ်းတွင် ရပ်စပြူတင်က မိမိ၏အမှားကို နောင်တရကြောင်း ပြော ကြားသဖြင့် ဘုန်းကြီးက ကျောင်းသို့ခေါ်သွားလေသည်။ ပြုသမျှ အကုသိုလ်အပေါင်း ကြေပျောက်စေခြင်းငှာ ဥပုသ်စောင့် အာပတ် ဖြေစသဖြင့် အပြင်းအထန်လုပ်ပြီးလျှင် ကျေးရွာများတစ်လျှောက် တွင်ရသေ့အဖြစ် လှည့်ပြီးခါမှ မိမိမွေးရာဌာနသို့ ပြန်ရောက်လေ သည်။

ရပ်စပြူတင်အား မြင့်မြတ်သောသူတော်စင်ဟုအများက မှတ်ယူကြပြီးလျှင် ကြည်ညိုကြလေသည်။ အထူးသဖြင့် မိန်းမများက အပြင်းအထန်ကြည်ညိုကြကုန်၏။ ရပ်စပြူတင်ကလည်း ကာမရာဂကို အစွမ်းကုန်ဖြုန်းပစ်နိုင်ပါမှ ကုန်ခမ်းမည်ဟူသော တရားတော်ဖြင့်ဆုံးမလေရာ ထိုတရားတော်ကို လူအများက နှစ် ထောင်းအားရလက်ခံကြလေသည်။ ရပ်စပြူတင်က သူတရားပြ ပုံကိုပြန်ပြောပြသည်။ "ကျုပ် ဆိုင်ဘီးရီးယားနယ်မှာတုန်းက မျက် နှာကြီးမိန်းမတွေ အတော်များများ တပည့်ခံလာကြတယ်။ သူတို့က ဘုရားသခင်နားရောက်အောင် ပို့ပေးပါဆိုလို့ ကျုပ်သူတို့ကို ရေချိုး ခန်းခေါ်သွားပြီး အဝတ်အစားတွေ အချွတ်ခိုင်းပြီး ကျုပ်ကို ကြေးအတွန်းခိုင်းတယ်။ အဲဒီလို အောက်ကျတဲ့အလုပ်လုပ်မှ သူတို့ဟာ ဘုရားသခင်နဲ့ နီးစပ်သွားကြတာပေါ့' ဟု ဝင့်ကြွားစွာဆိုလေသည်။

သူ့အကြောင်းကို ကောင်းကောင်းသိသော အိမ်ရှင်မိန်းမကြီးတစ်ယောက်က ဆက်၍ပြောသေးသည်။ "ရပ်စပြူတင်ဟာ သိပ်သောက်တာပဲ၊ သူ့ဆီကိုလာတဲ့ မိန်းမတပည့်တွေကို တစ်ယောက် မကျန် သုံးသပ်တာပဲ။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် သူ့ အိပ်ခန်းထဲခေါ်သွားတယ်၊ သူက တစ်မျိုးပဲ

မူးရင်သူက မိန်းကလေးတွေကို သူကလိုက်စခေါ်တယ်။ အရက်မသောက်တဲ့အခါမှာတော့ ဣန္ဒြေကြီးနဲ့နေလို့ မိန်းမတွေက လိုက်စကြရတယ်။ မိန်းမတွေကို သူကပြောတယ် “မင်းတို့တစ်တွေကို ငါက ညစ်ညမ်းအောင်လုပ်နေဥတယ်လို့ထင်သလား၊မဟုတ်ချေဘူး၊ မင်းတို့ကို ငါက သန့်ရှင်းအောင်လုပ်ပေးနေတာ'လို့ဆိုတယ်'။

၁၉၇၅ခုနှစ် နိုဝင်ဘာလအတွင်းတွင် ရပ်စပြူတင်အား ဘုန်းတော်ကြီးများက ခေါ်သွားသဖြင့် နန်းတော်ကြီးသို့ ရောက်ရ သည်။ သူ့အား ပျောက်စေဆရာကြီးအဖြစ် ဇာဘုရင်နှင့် ဇာရီးနား မိဖုရားကြီးအား မိတ်ဆက်ပေးကြသည်။ ဇာဘုရင်ကလည်း ရပ်စ ပြူတင်ကိုယုံကြည်သည်။ အထူးတလည် အားကိုးရှာသည်။ ရပ်စပြူတင်ကလည်း အားကိုလောက်ပါပေသည်။ သူ့ကုသမှုကြောင့်ပင် မကြာခဏ နာဖျားမကျန်းဖြစ်နေသော နန်းညွန့်နန်းလျာ အယ်လက်ဆီ မင်းသားကလေးမှာ သိသိသာသာ ကျန်းမာရွှင်လန်းလာ လေသည်။ ရပ်စပြူတင်၏ အိပ်မွေ့ပညာစွမ်းကြောင့် ဖြစ်လေသ လော၊ ကံအားလျော်စွာ အကြောင်းဆုံ၍ပင်လော မပြောနိုင်ချေ။ မင်းသားကလေး ကျန်းမာလာသည်ကား အမှန်ပင်တည်း။

ထိုခေတ်၌ ပတ်ဝန်းကျင်တစ်ခုလုံးတွင် စာရိတ္တပျက်ပြား နေသည်မှန်သော်လည်း နန်းတွင်း၌ စည်းစနစ်ကြီးလှသည်။ ဇာဘုရင်၏ သမီးတော်လေးများကို အပြင်အပမိန်းကလေးများနှင့် မိတ် ဖွဲ့ခြင်းပြုခွင့်မပေးပဲ ဇာရီးနားမိဖုရားကြီး၏ မျက်စိအောက်တွင် ပြုစုထိန်းကျောင်းလာခဲ့သဖြင့် ထိုမင်းသမီးကလေးများမှာ အသက် အရွယ်အားဖြင့် နှစ်ဆယ်နီးပါးရှိကြပြီဖြစ်သော်လည်း လူမမည်များ ကဲ့သို့ပင် လောကီကိစ္စကို လုံးဝနားမလည်ကြချေ။

ရပ်စပြူတင်သည် နန်းတွင်းသို့ဝင်ရချိန်၌ သူတော်စင် ဟန်ဆောင်နေခဲ့၏။ သို့ရာတွင် ကြာရှည်ဟန်မဆောင်နိုင်တော့ချေ။ နန်းတွင်းပျောက်စေဆရာကြီးအဖြစ်နှင့် သူ့ကိုမျက်နှာကြီးပိုင်းက အရေးယူဂရုစိုက်လာသည်။ မျက်နှာကြီးမိန်းမများကလည်း သူ့ခြေတော်ရင်းတွင် ဝပ်စင်းလာကြကုန်ပြီ။ ထို့အခါ သူကဘုရားသခင် နှင့်နီးစပ်လိုလျှင် မိမိကိုယ်ကို အောက်ကျသည့်ဘဝသို့ လျှောဆင်းရ သည်ဟူသော တရားရေအေးကို တိုက်ကျွေးသဖြင့် မိန်းမတွေသည် သူ့ထက်ငါ အလုအယက် ရပ်စပြူတင်ထံတွင် အောက်ကျသည့်ဘဝရောက်စေကြသည်။

၁၉၁၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင် ရပ်စပြူတင် သည် သူ့မွေးနေ့အခမ်းအနားကို ကျင်းပလေသည်။ အခမ်းအနားသို့ မိဖုရားကြီး၏ကိုယ်စား အထိန်းတော်ကြီးတက်ရောက်သည်။ ထိုအမျိုးသမီးကြီးရှိခိုက်တွင်ကား

ညစ်ညစ်ညမ်းညမ်း အပြုအမူဟူ ၍ ဘာမျှမရှိသေးချေ။ အထိန်းတော်ကြီး ပြန်သွားပြီးနောက် ကုန်သည်များက သူ့အား လက်ဆောင်အမျိုးမျိုးပေးလာကြသည်။ ထို့နောက် သူ့တပည့်မများ ရောက်လာပြီးလျှင် သောက်ကြစားကြ ကခုန်ကြနှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းကြလေသည်။ နောက်ဆုံး၌ ဂျစ်ပစီလူမျိုးတို့ ရောက်လာ၍ ပိုမိုသောင်းကျန်းကြ ပြန်သည်။ မိုးလင်းခါနီးကျခါမှ ဧည့်သည်များ ပြန်သွားကြရာ သူ့အိပ်ခန်းထဲတွင် သူနှင့်တပည့်မများစွာ သတိလစ်အိပ်ပျော်၍ ကျန်ခဲ့ကြလေသည်။

ရပ်စပြူတင်၌ သားမယားရှိသည်။ သားသမီးသုံးယောက် ထွန်းကား၍ သူတို့အားလုံး ဆိုင်ဘီးရီးယားနယ်တွင် ကျန်ခဲ့ကြသည်။ သူ့မယားက သူသောင်းကျန်းနေသည်ကိုသိသော်လည်း တစ်ခွန်း တစ်ပါဒမျှ ကန့်ကွက်ပြောဆိုခြင်းမရှိပေ။ “ဒါက သူလုပ်နေကျအလုပ်ပဲ၊မထူးပါဘူး' ဟုသာပြော၍ အေးအေးပင်နေလိုက်လေ သည်။

ယင်းသို့ အမျိုးမျိုးသောင်းကျန်းနေသော်လည်း သူ့ကို ယုံကြည်သူများက အပြစ်မတင်ကြချေ။ ဇာရီးနား မိဖုရားကြီးကမူ သူ့ကို ကြည်ညိုအားကိုးလေသည်။ သားတော်ကလေး အသက်ရှင်ရခြင်းမှာ ရပ်စပြူတင်၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်ဟု တထစ်ချ ယုံကြည်သည့်အလျောက် အပြစ်မမြင်နိုင်ချေ။ အထိန်းတော်တစ် ယောက်ကို ရပ်စပြူတင်က မတရားကျင့်ကြံသဖြင့် အထိန်းတော်က မိဖုရားကြီးကို တိုင်ကြားသော်လည်း မိဖုရားကြီးက အရေးမယူပေ။ အထိန်းတော်ကိုသာ သူတော်ကောင်းကို ပြစ်မှားရမည်လားဟု အပြစ်တင်လိုက်လေ သေးသည်။

ရပ်စပြူတင်က နန်းတွင်း၌ သူ့ဩဇာမည်မျှကြီးကြောင်း ကို အရက်မူးသည့်အခါ ကြွားဝါလေ့ရှိသည်။ သူက ဇာဘုရင်ကိုယ် တိုင် သူ့လက်ကိုဆေးပေးကြောင်း၊ သမီးတော်များအဆောင်တွင် ဇာရီးနားမိဖုရားကြီးအား နမ်းရကြောင်း၊ မိဖုရားကြီးက သူ့ကိုစာ ပေးကြောင်း ပြောပြကာ မိဖုရားကြီးပေးသော စာများကို ထုတ်ပြ လေသည်။

မောင်က ၁၉၁၁ခုနှစ် ဒီဇင်ဘာလတွင် ရပ်စပြူတင်သည် သီလရှင် တစ်ဦးကို မုဒိမ်းကျင့်လေသည်။

သူ၏ ကာမသောင်းကျန်းမှုများသည် များလွန်းလာလေ သောကြောင့် ဟာမိုဂျင်ဂိုဏ်းအုပ်ကြီးက သူ့ကိုဆင့်ခေါ်၍ စစ်ဆေး လေသည်။ “ ဒီလိုမကောင်းမှုတွေ ပြုပါသလား'ဟုမေးလိုက်ရာ ရပ်စပြူတင်က “မှန်ပါတယ်၊ ပြုမိပါတယ်'ဟု ခပ်အေးအေးပင်ဖြေလေသည်။ ထိုအခါ ဘုန်းတော်ကြီးက သူ့ကိုဆွဲခေါ်ပြီးလျှင် ဘုရား ရှေ့တွင် ကျမ်းကျိန်ခိုင်းလေသည်။

အစစ်ဆေးခံပြီးနောက် မကြာမီပင်လျှင် ရပ်စပြူတင်သည် မိဖုရားကြီးထံသို့သွား၍ ဘုန်းတော်ကြီးက သူ့ကိုအကုသိုလ်မှုများ ကျူးလွန်မိပါကြောင်း အတင်းအဓမ္မ ဝန်ခံခိုင်းသဖြင့် ဝန်ခံရ ပါသည်ဟု လီဆည်၍ပြောလေသည်။ မိဖုရားကြီးက ဇာဘုရင်ကို လျှောက်ထားတိုက်တွန်းသဖြင့် ဂိုဏ်းအုပ်ကြီးအား အလွန်ဝေးလံ သောဒေသသို့ ပို့လိုက်လေသည်။

သတင်းစာများက ရပ်စပြူတင်၏ သောင်းကျန်းမှုများကို ထည့်သွင်းရေးသားပြီးလျှင် အပြင်းအထန်ဝေဖန်ကြသည်။ ကာယ ကံရှင်မိန်းမများ၏ ရုပ်ပုံများနှင့် အတ္ထုပ္ပတ္တိတို့ကို ထည့်သွင်းဖော်ပြ ကြသည်။ သို့သော်ငြားလည်း ဇာဘုရင်နှင့် မိဖုရားကြီးတို့သည် မသိဟန်ဆောင်နေကြလေသည်။ ထိုမျှနှင့်မတန်သေး၊ ဇာဘုရင်၏ အမိန့်တစ်ရပ်ဖြင့် သတင်းစာများအား ရပ်စပြူတင်၏ နာမည်ကိုပင် ပုံနှိပ်စာလုံးဖြင့် မဖော်ပြရဟု တားမြစ်လိုက်လေသည်။ ထိုသို့ သတင်းစာ၏ လွတ်လပ်မှုကို ပိတ်ပင်ပြီးလျှင် ရပ်စပြူတင်အား အရမ်းမဲ့ကာကွယ်လိုက်ခြင်းကြောင့် ဇာဘုရင်တွင်သာ နာသည်မဟုတ်၊ အကာအကွယ်ခံရသော ရပ်စပြူတင်အဖို့လည်း မသက်သာ ချေ။ သတင်းစာထဲတွင် ရပ်စပြူတင်အား ဝေဖန်ခွင့်မရတော့ဘူးဆိုသည်နှင့် တစ်ပြိုင်နက် ရပ်စပြူတင်၏အတင်းသတင်းတို့ကို ပရိတ်သတ်က ပို၍ကြားချင်လာကြ၏။ ထိုဆန္ဒကို စာရွက်စာတမ်းများဖြင့် တိတ်တဆိတ်ထုတ်ဖော်ခြင်းဖြင့် ဖြည့်ဆည်းကြလေသည်။

နောက်ဆုံး၌ ရပ်စပြူတင်အား လူငယ်ကလေးများနှင့် မိန်းကလေးများ မလျော်ကိစ္စများပြုရန် အားပေးစီစဉ်သည်ဟူသော စွပ်စွဲချက်ဖြင့် ရုံးတင်စစ်ဆေးရန် ပါလီမန်တွင် တောင်းဆိုသည့်အဖြစ်သို့ ဆိုက်လေတော့သည်။ ထိုသို့ မကျေနပ်မှုများ တိုးတက်ပြင်းထန်လာသောကြော ဇာဘုရင်ခမျာမှာ မနေသာသည့်အလျောက် ရပ်စပြူတင်ကိုခေါ်၍ စွဲချက်များကို ထုချေစေသည်။ ရပ်စပြူတင်က ခေါင်းကိုငုံ့၍ စွဲ သည့်အတိုင်း မှန်ကြောင်းဝန်ခံလေသည်။ သူသည် ဝန်ခံရန်ဝန် လေးသူမဟုတ်ပေ။ ထိုအခါ ဇာဘုရင်က သူ့အား စိန်းစိန်းကြည့် နေသည်။ အဓိပ္ပာယ်ကို နားလည်သော ရပ်စပြူတင်က “ကောင်းပ ပြီ၊ ကျွန်တော် တောရပ်သို့သွားပါတော့မည်’ ဟုဆိုလေသည်။

ရပ်စပြူတင် တောသို့ပြန်သည်မှာ မကြာလှချေ။ နွေရာသီတွင် ပိုလန်ပြည်နှင့်ကပ်လျက်ရှိသော နယ်စပ် ဒေသသို့ ဇာဘုရင်နှင့် မိဖုရား၊ သားတော်သမီးတော်များ ထွက်ကြ ရာဝယ် အယ်လိတ်ဆီမင်းသားကလေးသည် သင်္ဘောပေါ်အတက်တွင် ခြေချော်ကျသဖြင့် ဒဏ်ရာအနည်းငယ်ရလေသည်။ ဒဏ်ရာမှာ မဆိုလောက်သော်လည်း ဝေဒနာပြင်းထန်လှသဖြင့် တစ်ညလုံး မအိပ်ရချေ။ ထိုအခါ သမားတော်ကြီးရပ်စပြူတင်ကို သတိရသည့်အလျောက်

ချက်ချင်းပင် သံကြိုးရိုက်လိုက်ရာ ရပ်စပြုတင်က 'ကိစ္စ မရှိပါဘူး၊ ဆရာဝန်တွေ အကုမခံပါစေနဲ့'ဟု သံကြိုးပြန်လိုက်လေ သည်။

ထူးဆန်းသည်မှာ ရပ်စပြုတင်ထံမှ သံကြိုးရသည်ဟုဆိုကာမျှနှင့် မင်းသားကလေးသည် မခံမရပ်နိုင်လောက်အောင် နာကျင်နေရာမှ အတော်သက်သာသွားလေသည်။ ရပ်စပြုတင်ပြန် ရောက်လာသည့်နောက် မကြာမီပင်လျှင် မင်းသားကလေးသည် ပကတိကျန်းမာသွားလေတော့သည်။ ယင်းသို့ ထူးခြားမှုကို ယုံ ကြည်သောမိဖုရားကြီးက ရပ်စပြုတင်အပေါ်တွင် အကြည်ညိုပိုမိလေသည်။ သူ့ ကိုစွပ်စွဲသူများမှာ သက်သက်မနာလိုသာ ဆိုးဝါးသူများဟုမှတ်ယူလေသည်။

ရပ်စပြုတင်လည်း သူယခင်နေခဲ့သောအိမ်တွင် ပြန်နေပြီးလျှင် ယခင်အတိုင်းပင် သောင်းကျန်းလျက်ရှိလေသည်။ သူတောပြန်နေခိုက်ကလေးတွင် သူ့ကိုမကျေနပ်သော သူ့ကိုယ်လုပ် တော်ကလေးတစ်ယောက်က ဓားနှင့်ထိုးလိုက်ရာ သာမန်အင်အား မျှသာရှိသူဆိုလျှင် သေနိုင်ချေသည်။ ရပ်စပြုတင်မှာမူ သေနိုင်ခဲလှသူဖြစ်ပေသည်။ သူမြို့တော်သို့ ပြန်ရောက်လာသည့်အခါ ဓား ဒဏ်ရာပျောက်ခါစဖြစ်သည်။

၁၉၁၄ခုနှစ် ဧပြီ၈ရက်နေ့တွင် ရပ်စပြုတင်သည် မော်စကိုမြို့ ညကလပ်တစ်ခုတွင် ကိုယ်လုံးတီးဖြစ်နေအောင် သောင်း ကျန်းသဖြင့် ပုလိပ်ကဖမ်းရန် ကြိုးပမ်းလေသည်။ သူက "ငါဒီလိုနေတာ ဘာဖြစ်သေးလဲ၊ ဇာဘုရင်နဲ့ မိဖုရားကြီးရှေ့မှာလည်း ဒီလို ပဲနေတာပဲ၊ ဘာဖြစ်သေးသလဲ' ဟု ပုလိပ်များကို ငေါက်ထုတ်လေ သည်။ သို့ရာတွင် ပုလိပ်အရာရှိများရောက်လာပြီးလျှင် အတင်းဝင် ဖမ်းကြသည်။ ရပ်စပြုတင်လည်း အယုတ်တမာဆဲဆိုရင်း ပုလိပ်နောက်သို့ ပါသွားလေသည်။

ထိုအမှုဖြစ်သောအခါ များစွာသောလူတို့က ရပ်စပြုတင် အဖို့ နိဂုံးချုပ်ပြီဟု အောက်မေ့မိကြသည်။ သို့ရာတွင် ဇာဘုရင်က တစ်ဖန်ဆင့်ခေါ်၍ စစ်ဆေးရာ ရပ်စပြုတင်က "ကျွန်ုပ် အကုသိုလ် သမားမှန်ပါတယ်ဟု ဝန်ခံလေသည်။ ဇာဘုရင်ကလည်း ဝန်ခံလျှင်ကျေနပ်တတ်သူဖြစ်သည့်အလျောက် ရပ်စပြုတင်အား ခွင့် လွှတ်လိုက်ပြန်လေသည်။ ၁၉၁၄ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာလေ သည်။ ရပ်စပြုတင်သည် မတော်မလျော်လုပ်နေရာမှ နိုင်ငံရေး ရှုပ်ထွေးမှုသို့ ပြောင်းလိုက်သည်။ စစ်ကြီးစဖြစ်ကတည်းက သူသည် ရုရှားပြည် စစ်ထဲသို့ မပါဝင်ရန် အတန်တန်ကန့်ကွက် တားမြစ်သည်။ ထိုသို့ တားမြစ်သည်ကို ထောက်ရှု၍ သူ့အား ဂျာမန်သူလျှိုဟု အချို့သောအရာရှိကြီးများက မသင်္ကာဖြစ်မိကြသည်။ ရုရှားပြည်သည် စစ်ထဲတွင် အခြေအနေမဟန်လှပေ။ ထိုသို့ဖြစ်လေလေ ရုရှားမှူးမတ်ကြီးများ၊ အရာရှိကြီးများက ရပ်စပြုတင်ကို

မဲကြေလေ လေဖြစ်တော့သည်။ ၁၉၁၆ ခုနှစ် နိုဝင်ဘာလထဲ၌ ပါလီမန်တွင် အမတ်တစ်ဦးက ရပ်စပြူတင်အား တိုင်းပြည်ဖျက်သမားဟုဆိုကာ အပြင်းအထန် စွပ်စွဲလေသည်။ ပါလီမန်ထဲ၌ ဇာဘုရင်၏ တူတော် ယူစွပ်ပေါ့မင်းသားကလေးက ထိုစကားကိုကြားရသောအခါတွင် ရပ်စပြူတင်အားလုပ်ကြံရန် စိတ်ထဲတွင်ဆုံးဖြတ်လိုက်သည်။ ယူစွပ်ပေါ့သည် အသက်နှစ်ဆယ့်ကိုးနှစ်မျှသာရှိ၍ ပိန်ပိန် ပါးပါး အရပ်အမောင်း အတန်အသင့်မျှသာရှိသည်။ လုပ်ကြံသူနှင့် မတူနိုင်ပေ။ မည်သူကမျှလည်း သူ့အား လူတစ်ယောက်ကို သတ်ဖြတ်လိမ့်မည်ဟု မျှော်လင့်မည်မဟုတ်။ သူသည် နူးညံ့သိမ်မွေ့၍ အနေအထိုင်သပ်ရပ်လှသည်။ ဇာဘုရင်၏တူမတော် အိုင်ရီနားနှင့် လက်ဆက်လိုက်သဖြင့် သူ့ဘက်ကရော သူ့ဇနီးဘက်ကပါ ငွေကြေးဥစ္စာ မြောက်မြားစွာပါရှိလာသဖြင့် သူသည်ရုရှားပြည်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ယူစွပ်ပေါ့သည် ရပ်စပြူတင်ကို ၁၉၀၉ ခုနှစ်တွင် စတင်တွေ့ကြုံဖူးလေသည်။ ထို့နောက် မကြာခဏပင် ပျော်ပွဲသဘင်များ၌တွေ့ကြသည်။ ယူစွပ်ပေါ့က ဂစ်တာတီး၍ ဂျစ်ပစီများသီချင်းဆို တတ်သောကြောင့် ရပ်စပြူတင်က အလွန်နှစ်သက်လေသည်။ ယူစွပ်ပေါ့သည် ရပ်စပြူတင်ကိုသတ်ရန် ဆုံးဖြတ်ပြီးသည့်နောက် သူ့အလေ့အထများကို သိသည်ထက်သိရလေအောင် သူနှင့် မကြာ ခဏတွေ့ ရန် ကြိုးစားသည်။ သူက ရင်ဘတ်နာရောဂါ စွဲနေသည် ဟုဆိုကာ ရပ်စပြူတင်အိမ်သို့သွား၍ ကုသလေသည်။ ထိုသို့ ကုသ စဉ်တွင် ယူစွပ်ပေါ့သည် ရပ်စပြူတင်မှာ အိပ်မွေ့ချပညာကောင်း စွာတတ်မြောက်ကြောင်း သိရလေသည်။ သူကိုယ်တိုင်ပင်လျှင် ရပ်စ ပြူတင်၏ ညို့ဓာတ်သြဇာခံခဲ့ရသည်။

ယခုယူစွပ်ပေါ့က တိုင်းပြည်၏ဆူးငြောင့်ဟုယူဆအပ်သော ရပ်စပြူတင်ကို သတ်ပစ်ရန် ဆုံးဖြတ်သည့်အခါ တစ်ဦး တည်းမစွမ်းသာဟု သိရှိသည့်အလျောက် အဖော်ရှာလေသည်။ သူသည် မကြာခင်ပင် အဖော်တစ်သိုက်ကို ရရှိလေသည်။ ပါလီမန် တွင် အတိအလင်း ပြင်းထန်စွာ စွပ်စွဲပြောဆိုခဲ့သော အမတ်ကြီး ပူရစ်ကဲဗစ်၊ ဇာဘုရင်၏ အချစ်တော်ဖြစ်သော ဝမ်းကွဲညီတော်နယ်စားကြီး ပကီဗသုဗစ်နှင့် မြင်းတပ်ဗိုလ်ကြီး ဆူခိုတပ်နှင့် ဆရာဝန် လာဇိုဗတ်တို့သည် ယူစွပ်ပေါ့၏ အကြံကိုလက်ခံ၍ ပူးပေါင်းဆောင်ရွက်ကြလေသည်။

သူတို့သည် လူနာတင်မီးရထားတွဲတွင် မီးရထားသွားနေ ခိုက် စည်းဝေးတိုင်ပင်ကြသည်။ အမတ်ကြီး ပူရစ်ကဲဗစ်သည် သူနာပြုတပ်ကို အုပ်ချုပ်ရသဖြင့် သူနာတင်မီးရထားတွဲကို လိုရာသုံးနိုင်သည်။ လျှို့ဝှက်အစည်းအဝေး၌ ရပ်စပြူတင်အား ယူစွပ်ပေါ့ ၏အိမ်ကြီးသို့ လှည့်ဖြားခေါ်ဆောင်လာပြီးလျှင် အိမ်အောက်မြေ တိုက် အရက်ခန်းကြီး၌ သတ်ပစ်ရန်ဆုံးဖြတ်ကြသည်။ အရက်ခန်းထဲ သို့ ရပ်စပြူတင်အား သွေးဆောင်၍

ခေါ်နိုင်ရန် ယူစွပ်ပေါ့က အခန်းကိုပြုပြင်၍ ဧည့်ခန်းသဖွယ် ပြင်ဆင်ထားရသည်။ သွေး ဆောင်၍ခေါ်နိုင်သည့် အကြောင်းတစ်ရပ်မှာ ယူစွပ်ပေါ့က သူ့အိမ်ကြီးတွင် မိမိ၏ဇနီးအိုင်ရီးနား ရှိကြောင်း ပြောကြားရန်ပင်ဖြစ် သည်။ ရပ်စပြူတင်သည် အိုင်ရီးနား၏ အလှဂုဏ်သတင်းကို ကြား ရကတည်းက အိုင်ရီးနားနှင့် မိတ်ဆက်ပေးမည့်သူကို ရှာဖွေခဲ့ သည်။

ယူစွပ်ပေါ့သည် ရပ်စပြူတင်နှင့် ပျော်ပွဲတစ်ပွဲတွင် တွေ့ အောင်ကြံဆောင်ပြီးနောက် တကယ်ဆိုလျှင် ကရီးမီးယားနယ်သို့ ရောက်နေသော အိုင်ရီးနား သူ့အိမ်တွင် ပြန်လည်ရောက်ရှိနေကြောင်းလိမ်လည်ပြော၍ ရပ်စပြူတင်အား သူ့အိမ်သို့ ခေါ်လာလေသည်။ အိမ်သို့ရောက်သောအခါ ယူစွပ်ပေါ့က ရပ်စပြူတင် အား လက်ဖက်ရည်နှင့် မုန့်များဖြင့် ဧည့်ခံလေသည်။ ဒေါက်တာ လာဇိုဗတ်သည် မြေတိုက်အရက်ခန်း ဧည့်ဆောင်သို့မသွားခင် ကိတ်မုန့်များတွင် အဆိပ်မှုန့်များ ခပ်များများ ဖြူးပေးလိုက်သည်။ ကိတ်မုန့်ကလေးတစ်လုံးကိုသာ လူတစ်စုဝေ၍စားလိုက်လျှင် အား လုံးအဆိပ်သင့်၍ သေနိုင်မည်ဟု သူယုံကြည်လေသည်။ ကိတ်မုန့် များတွင်သာမက အရက်ထဲ၌လည်း အဆိပ်မှုန့်များဖြူးလိုက်သည်။ လက်ဖက်ရည်ထဲ၌လည်း ဖြူးပေးလိုက်သည်။ ယူစွပ်ပေါ့က ရပ်စ ပြူတင်အား အဆိပ်ဖြူးသော အစားအသောက်များ ကျွေးမွေးနေ ခိုက်တွင် ကျန်အပေါင်းပါတို့သည် အိမ်အပေါ်ထပ်၌ ငြိမ်သက်စွာ ထိုင်၍စောင့်နေကြသည်။ အခန်းထဲတွင် အမေရိကန်သီချင်း တစ်ပုဒ်ဓာတ်ပြားဖွင့်ထားသည်။ အချိန်မှာ သန်းခေါင်ကျော်လေပြီ။ ရပ်စပြူတင်က မြေတိုက်အရက်ခန်းသို့ ရောက်သောအခါ ပေါ့ဇနီး အိုင်ရီးနားနှင့် မတွေ့ရသဖြင့် မေးလေသည်။

ယူစွပ်၏ “ အို . . . သူအပြင်ဘက်ကို မိတ်ဆွေတစ်စုနဲ့ ထွက်သွားတာ ပြန်ချိန်တန်ပါပြီ၊ ကျွန်တော်တို့ စောင့်ကြသေးတာပေါ့ ” ဟု ဆိုကာ စကား ပြောရင်း ယူစွပ်ပေါ့က ရပ်စပြူတင်အား အဆိပ်မပါသောမုန့်များ ကို ပထမကျွေးကြည့်သည်။ ရပ်စပြူတင်က ကိတ်မုန့်နှစ်လုံးကို ပါးစပ်တွင်ပစ်သွင်းပြီးလျှင် စကားကိုဆက်ပြောနေလေသည်။ ယူစွပ်ပေါ့က တစ်ဖန် မုန့်ပန်းကန်ကို ထိုးပေးပြန်သည်။ ပန်းကန် ထဲတွင် အဆိပ်ဖြူးပြီးမုန့်များသာရှိတော့သည်။ ရပ်စပြူတင်သည် ပေးသောမုန့်များကို မစားသဖြင့် ယူစွပ်ပေါ့လည်း စိတ်ပျက်ကာ ပန်းကန်ကို ပြန်ချထားလိုက်ရသည်။

‘ကျုပ် ခေါင်းသိပ်မူးတာပဲဗျာ’ဟု ရပ်စပြူတင်က ပြောပြီးလျှင် ယူစွပ်ပေါ့ချထားသော မုန့်ပန်းကန်မှယူ၍ အဆိပ်ဖြူးထား သော မုန့်ကလေးများကို တစ်လုံးပြီးတစ်လုံး သွေးလေသည်။ ဆရာဝန် လာဇိုဗတ်အဆိုမှာ ထိုအဆိပ်မုန့်တစ်လုံးကို စား လိုက်လျှင် ချက်ချင်းလဲသေနိုင်သည် ဟူ၏။ ယူစွပ်ပေါ့လည်း ရပ်စပြူတင်မျက်နှာကို အသက်ပင်ရဲရဲမရှူနိုင်ဘဲ

ငေး၍ကြည့်နေသည်။ ရပ်စပြူတင်မှာ မုန့်အနည်းငယ်လည်ချောင်းတွင်နင်သဖြင့် ချောင်း တစ်ချက်နှစ်ချက်ဆိုးသည်မှအပ ဘာမျှမဖြစ်ချေ။

ယူစွပ်ပေါ့လည်း ငေးမောအံ့သြနေရာမှ အရက်ပုလင်း များကိုယူ၍ ကရီမီယားဝိုင်အရက်သောက်မလားဟု ရပ်စပြူတင် ကိုမေးလိုက်ရာ ရပ်စပြူတင်က "ကောင်းသားပဲ၊ သောက်တာပေါ့'ဟုဆိုလေသည်။ ယူစွပ်ပေါ့လည်း အဆိပ်ပါသောအရက်ကိုငှဲ့၍ ပေးလိုက်လျှင် ရပ်စပြူတင်က တစ်ကျိုက်တည်းမော့ချလိုက်လေသည်။ နောက်တစ်ခွက် ငှဲ့ပေးပြန်သောအခါ ရပ်စပြူတင်သည် အဆိပ်ပါသောအရက်ကို နွားနို့သောက်သကဲ့သို့ မော့ချလိုက်ပြန်သည်။

သောက်ပြီးနောက် ရပ်စပြူတင်တွင် ဘာမျှမထူးခြားပေ။ ယူစွပ်ပေါ့၌သာ ထူးခြားချေသည်။ ဒေါက်တာလာဇိုဗတ် ထည့်ပေး သော အဆိပ်မှဟုတ်ပါလေစဟု သံသယပေါ်လာသည်။ ရပ်စပြူတင်မှာ အဆိပ်ကြောင့်မိန်းမသွားသည့်အပြင် သူ့မျက်လုံးများ တောက်ပြောင်လာသဖြင့် ယူစွပ်ပေါ့သည် တဖြည်းဖြည်းကြောက် လာလေသည်။ အကြောက်ပြေစေရန် ထ၍နံရံဘက်ဆီသို့ လျှောက်သွားပြီးလျှင် ဂစ်တာကိုကောက်ကိုင်၍ တီးလေသည်။ "အင်း ကောင်းတယ်၊ ကျုပ်ခင်ဗျားသီချင်းဆိုတာ ကြားချင်တယ်၊ ဂစ်တာ တီးပြီး သီချင်းတစ်ပုဒ်လောက်ဆိုစမ်းပါ"ဟု ရပ်စပြူတင်က တောင်း ဆိုလေသည်။

ရပ်စပြူတင်၏စကားကို ဖယ်ရှားရန်ခဲယဉ်းနေသော ယူစွပ်ပေါ့ခမျာမှာ ဂစ်တာနှင့်သီချင်းတစ်ပုဒ်ကို ဆိုညည်းနေရလေသည်။ အဆိပ်ကျွေးသတ်နေသူက အဆိပ်ကျွေးခံရသူအား ဗုန်းဗုန်း လဲကျ၍ အသက်မပျောက်ခင် အခိုက်ကလေးတွင် သီချင်းဆို၍ ဂစ်တာတီးပေးသည်ဆိုသောအကြောင်းကို ကြား၍ယုံနိုင်ဖွယ်ပင်မရှိချေ။

ယူစွပ်ပေါ့က သီချင်းတစ်ပုဒ်ဆိုပြီးသွားသော်လည်း ရပ်စပြူတင်မှာ ဗုန်းဗုန်းလဲသေဖို့ဝေးစွ၊ ပို၍ပင် ဖျတ်လတ်ရွှင်လန်းလာလေသေးသည်။ အတန်ကြာမှ မျက်တောင်စင်းလာလေသည်။ အမေရိကန်ဓာတ်ပြားသီချင်းလည်း အဆုံးမရှိ ထပ်တလဲလဲမြည်၍နေသည်။ အပေါ်ထပ်၌စောင့်နေသော အပေါင်းအပါတို့လည်း ကိုယ်ညောင်းစိတ်ပန်း ဖြစ်နေကြလေသည်။ ယူစွပ်ပေါ့လည်း အမှတ်တမဲ့နှင့် အိမ်ပေါ်သို့ပြေးတက်လာပြီးလျှင် ရပ်စပြူတင်မှာ အဆိပ်ကိတ်မုန့်များနှင့် အရက်များအားလုံး စားသောက်ပစ်လိုက် သော်လည်း မသေသေးကြောင်း အပေါင်းအပါတို့အား ပြောပြလေ သည်။ "ဒီလိုဆိုရင် ဘယ်နည်းနဲ့ကြံကြဦးမလဲ'ဟု ယူစွပ်ပေါ့ကို ဝိုင်းမေးကြသည်။ အဆိပ်ပါရဂူ ဒေါက်တာလာဇိုဗတ်လည်း ဦးနှောက် ချာချာလည်ကာ ဖောချွေးများပြန်နေလေသည်။ နယ်စားကြီး ပက်ဗလိုဗစ်ကမူ လက်လျှော့လိုက်ကြရန် တိုက်တွန်းသည်။ အမတ်ကြီး

ပူရစ်ကဲဗစ်တစ်ယောက်သာလျှင် မဖြစ်ဖြစ်အောင်ကြိုးပမ်းရန် စိတ်သန်နေလေသည်။ သူက အပေါင်းအပါအားလုံးဆင်းပြီးလျှင် ရပ်စပြူတင်ကို ဖမ်းပြီးနောက် လည်မျိုကိုညှစ်သတ်ရန် အကြံပေး လေသည်။ ယူစွပ်ပေါ့က မဖြစ်နိုင်ကြောင်းပြောကာ သေနတ်ဖြင့် ပစ်သတ်ရန် အဆိုတင်သည်။ နောက်ဆုံး၌ ကြသဖြင့် နယ်စားကြီး၏ သေနတ်ကိုယူပြီးလျှင် ယူစွပ်ပေါ့သည် မြေတိုက်ခန်းသို့ ဆင်းသွားလေသည်။

အခန်းထဲသို့ရောက်သောအခါ ရပ်စပြူတင်က သူ့ကိုလှမ်း၍ "ကျုပ်မူးတယ်ဗျာ၊ မျက်စိတွေပြာနေတယ်၊ ဝမ်းထဲကလဲ မီးလိုပူ နေတာပဲ'ဟုပြောလေသည်။ ယူစွပ်ပေါ့က ထိုစကားကိုကြားရသောအခါ ဝမ်းသာသွားလေသည်။ ရပ်စပြူတင်က သူ့အား အရက်တစ် ခွက် ထပ်ပေးပါဦးဟု တောင်းလေသည်။ ယူစွပ်ပေါ့သည် အရက်ဖန်ချိုင့်ကို လှမ်းပေးလိုက်သည်။ အဆိပ်ပါသောအရက်ကို ထပ်သောက်လိုက်လျှင် ကိစ္စတုံးပြီဟု အောက်မေ့သော်လည်း ရပ်စပြူ တင်မှာ အရက်ထပ်သောက်လိုက်ခါမှ ဝမ်းအပူသက်သာ၍ မျက်စိများပြန်ကြည်လာလေသည်။ "လာဗျာ. . . ဂျစ်ပစီတွေဆီ သွားကြ ရအောင်ဟု ရပ်စပြူတင်က ခေါ်သောအခါ ယူစွပ်ပေါ့က အချိန်မရှိကြောင်း၊ ဘုရားကိုအာရုံပြုအပ်ကြောင်း ပြောလိုက်ရာ ရပ်စပြူ တင်က မှန်တင်ခုံပေါ်၌ရှိသော လက်ဝါးကပ်တိုင်ကို သူ့ မျက်လွှာ လေးကြီးလှန်၍ လှမ်းကြည့်လိုက်သည်။ ထိုအခိုက်တွင် ယူစွပ်ပေါ့သည် ခါးထဲမှသေနတ်ကိုထုတ်၍ ပစ်လိုက်လေသည်။ ရင်ညွှန့်အနီးတွင် ကျည်သင့်သွားသဖြင့် ရပ်စပြူတင်သည် ကျားကဲ့သို့ဟိန်းပြီး မှောက်လျက်လဲသွားလေသည်။ သေနတ်သံကြားရပြီးနောက် အခန်းမီးများ မှောင်သွားလေသည်။

ငါးမိနစ်လောက်ကြာသောအခါ မီးပြန်လင်းလာပြီးလျှင် ယူစွပ်ပေါ့နှင့်အပေါင်းအပါတို့သည် မှောက်လျက်လဲနေသော ရပ်စ ပြူတင်အနီးတွင် ရပ်နေကြသည်။ ဒေါက်တာလာဇိုဗတ်က သေနတ်ဒဏ်ရာကို သေချာစွာစစ်ဆေးကြည့်ရှုပြီးနောက် ရပ်စပြူတင်သေပြီဟုဆိုသည်။

"ဒီလိုကြားရတော့ ကျုပ်တို့အားလုံး သိပ်ပျော်ကြတာပဲ" ဟု ယူစွပ်ပေါ့က နောက်တော့ပြောသည်။ စုံထောက်အဖွဲ့က ရပ်စပြူတင်၏ အသွားအလာကို အမြဲတစေ ကြည့်ရှုနေသောကြောင့် ရပ်စပြူတင် သူ့အိမ်သို့ ပြန်သွား လေဟန်ပြုကြရမည်ဟု အပေါင်းအပါတို့ကယူဆကြသည်။ ထို့ကြောင့် ကပ္ပတိန်ဆူခိုတင်အား ရပ်စပြူတင်၏ သားမွေးအင်္ကျီရှည် ကြီးကိုဝတ်၍ ဦးထုပ်မြင့်ကြီးကို ဆောင်းစေသည်။ ဒေါက်တာလာဇိုဗတ်က မော်တော်ကားမောင်းသမား လုပ်ရသည်။ နယ်စားကြီးက ဖီးလစ်မင်းသားကြီးယောင်ဆောင်ရသည်။ ထိုသို့ အစီအစဉ်ပြုပြီးလျှင် သူတို့သည် မော်တော်ကားနှင့်ထွက်သွားသော်လည်း ပထမစီ စဉ်သည့်အတိုင်း

ရပ်စပြူတင်၏အိမ်သို့ မသွားကြဘဲ မီးရထား ဘူတာရုံသို့ သွားပြီးလျှင် သူနာပြုရထားတွဲတစ်တွဲတွင် ရပ်စပြူတင် ၏အဝတ်အစားများကို ဘွိုင်လာအင်ဂျင်စက်မီးထဲသို့ ပစ်ထည့်၍ ဖျောက်ဖျက်ပစ်ရန် စီစဉ်ကြပြန်သည်။ ယင်းသို့ ဖျောက်ဖျက်ပြီး သည့်နောက်မှ နယ်စားကြီး၏ အိမ်သို့သွား၍ နယ်စားကြီး၏ မော်တော်ကားကို ပြောင်းစီးကာ ယူစွပ်ပေါ့အိမ်သို့ ပြန်လာကြရန်ဖြစ်သည်။ ပြီးမှအလောင်းကို မြစ်ထဲသို့ပစ်ချရန် စီစဉ်ထားကြသည်။ ရပ်စပြူတင်အလောင်းကိုစောင့်ရန် အမတ်ကြီးပူရစ်ကဲ ဗစ်နှင့် မင်းသားဖီးလစ်ယူစွပ်ပေါ့တို့ ကျန်ခဲ့သည်။ သက်ာမကင်း မဖြစ်ရအောင် ကြိုတင်စီမံသည့်အနေနှင့် ယူစွပ်ပေါ့သည် ရပ်စပြူ တင်သွားနေကျဟိုတယ်သို့ တယ်လီဖုန်းဆက်၍ ရပ်စပြူတင် ရောက်နေပြီလားဟု လှမ်းမေးလေသည်။ ယင်းသို့ တယ်လီဖုန်းနှင့် စကားပြောနေခိုက် ယူစွပ်ပေါ့၏စိတ်တွင် လေးလာသဖြင့် တယ်လီ ဖုန်းကိုချ၍ အောက်ထပ်သို့ဆင်းပြီးလျှင် ရပ်စပြူတင်၏ အလောင်း ကိုကြည့်လေသည်။ ရပ်စပြူတင်မှာ သူတို့ ပထမတွေ့ ရသည့်အ တိုင်းပင် ကြမ်းပေါ်တွင် မှောက်လျက်လဲနေသည်။ ယူစွပ်ပေါ့သည် အလောင်းကို ကိုင်၍လှုပ်ကြည့်လေသည်။ အလောင်းမှာ မလှုပ်မ ရှားဖြစ်သဖြင့် ကျောနပ်စွာတစ်ဖက်သို့လှည့်လိုက်သည်တွင် ရပ်စပြူတင်၏ မျက်လုံးတစ်ဖက်ပွင့်လာပြီးလျှင် မျက်တောင်တဖျပ်ဖျပ် ခတ်လေသည်။

ယူစွပ်ပေါ့သည် ကြည်သေသေကာ ငေးကြည့်နေလေသည်။ ထိုအခိုက်တွင် ရပ်စပြူတင်သည် တစ်ကိုယ်လုံး တဖြည်း ဖြည်းလှုပ်ရှားလာ၍ အသက်ပြန်ဝင်လာသည်။ သူ့လက်နှစ်ဖက်သည် ငေးကြောင်ကြည့်နေသောယူစွပ်ပေါ့၏လည်ပင်းသို့တဖြည်း ဖြည်းရွေ့လျားလာလေသည်။ ယူစွပ်ပေါ့မှာ ကံကောင်းထောက်မသဖြင့် အချိန်မီသတိပြန်ရလာပြီးလျှင် ရှောင်တိမ်းလိုက်လေရာ လည်ပင်းကိုမဆွဲမိဘဲ ပခုံးတစ်ဖက်တွင်တပ်ထားသော ရာထူးအမှတ်တစ်ခုကိုဆွဲမိလေသည်။ ယူစွပ်ပေါ့သည် အပေါ်သို့ပြေးတက်လေသည်။ လှေကားထိပ်ရှိတံခါးမှာ သော့ပိတ်ထားသော်လည်း ရပ်စပြူတင်၏ ထူးဆန်းလှသော အင်အားကြီးကြောင့် ပွင့်ထွက် သွားလေသည်။ ရပ်စပြူတင်လည်း အိမ်ထဲမှနှင်းတောထဲသို့ပျောက်ကွယ်သွားလေသည်။ အပေါ်ထိုအခြင်းအရာကို တံခါးကြားမှချောင်းကြည့်နေသော အမတ်ကြီးသည် မယုံနိုင်သလို ငေးကြောင်ကြည့်နေရာမှ အိမ်အ ပြင်သို့ ထွက်သွားသော ရပ်စပြူတင်နောက်သို့ ခြောက်လုံးပြူးသေ နတ်ကိုကိုင်၍ ထွက်လိုက်လေသည်။ အမတ်ကြီးပူရစ်ကဲဗစ်သည် သူ့ရှေ့တွင်ရှိသော ရပ်စပြူတင်ကိုသေနတ်နှင့်လှမ်းပစ်လိုက်သည်။ ပထမတစ်ချက်တွင် ရပ်စပြူတင်သည် မှောက်လျက်လဲလေသည်။ ပူရစ်ကဲဗစ်က စိတ်မချနိုင်သဖြင့် နောက်ထပ်တစ်ချက် ပစ်လိုက် ပြန်သည်။ ယင်းသို့ ပစ်လိုက်ခါမှ ရပ်စပြူတင်သည်

လူးလဲထ၍လာ ပြန်သဖြင့် ပူရစ်ကဲဗစ်သည် အံ့အားကြီးသင့်သွားလေသည်။ အံ့အားသင့်သင့်နှင့် သူ့လက်မကိုပါးစပ်နှင့်ကိုက်ရာ သွေးများပင် ထွက်လာလေတော့သည်။ ရပ်စပြူတင်က ဝင်းတံခါးဘက်သို့ ထွက် သွားလေရာ ပူရစ်ကဲဗစ်က သေနတ်နှင့် နှစ်ချက်ဆင့်ပစ်လိုက်ပြန် သည်။ ထိုအခါမှပင် ရပ်စပြူတင်သည် နှင်းပုံထဲတွင် ဝမ်းလျားထိုး လဲလေတော့သည်။ ပူရစ်ကဲဗစ်သည် နောက်မှပြေးလာပြီးလျှင် ရပ်စပြူတင်၏ခေါင်းကို ခြေနှင့်ကန်လိုက်လေသည်။

အစကမူ ရပ်စပြူတင်ကို အသံဗလံမကြားအောင် သတ်ဖို့ ဖြစ်သည်။ ယခု မလွှဲသာ၍ အိမ်ပြင်တွင် သေနတ်နှစ်ချက်ဆင့် ဖောက်၍ သတ်ရလေသည်။ သေနတ်သံကြား၍ ပြေးလာသောရဲ သားကို မင်းသားကြီးဖီးလစ်က အိမ်ထဲမှထွက်လာပြီးလျှင် ဝင်ပေါက်ဝမှနေ၍ သင့်သလိုပြောလိုက်ရသည်။ မသင်္ကာသော်လည်း မင်းသားကြီးကို ကြောက်ရွံ့သောရဲသားလည်း ဆက်လက်၍ ပတ္တာ ရောင်လှည့်ရလေသည်။

ပူရစ်ကဲဗစ်သည် အိမ်ရှေ့ဘက်သို့ လှည့်ပြေးသွားပြီးလျှင် အစောင့်ကျနေသော စစ်သားနှစ်ယောက်အား "တိုင်းပြည်ရန်သူ၊ ဇာဘုရင့်ရန်သူ၊ ဂရီဂိုရီရပ်စပြူတင်ကို ငါတို့သတ်ပစ်လိုက်ကြပြီ'ဟု ပြောပြလေသည်။ စစ်သားနှစ်ယောက်ကလည်း နှုတ်လုံပါမည်ဟု ကတိပြုပြီးလျှင် ရပ်စပြူတင်၏အလောင်းကို အိမ်ထဲသို့ ဝိုင်းကူ သယ်ဆောင်ပေးကြသည်။ ရပ်စပြူတင်၏ မျက်စိတစ်ဖက်မှာမပိတ် ဘဲပြူးကြောင်ကြောင်ဖြစ်နေသောကြောင့် စစ်သားများက ရပ်စပြူ တင်မသေသေးဟုပင် ထင်မှတ်နေကြလေသည်။

ထိုအခိုက် နယ်စားကြီးတို့လူစု ရောက်လာကြသည်။ သူတို့ သည် အတန်ကြာမျှတိုင်ပင်ကြပြီးနောက် နယ်စားကြီးကားပေါ်သို့ ရပ်စပြူတင်၏အလောင်းကိုတင်၍ ပက်ထရိုစကီးတံတားဆီသို့ ရောက်သောအခါ ကားကိုရပ်၍ တံတားလက်ရန်းတိုင်များပေါ်မှ လိမ့်၍မြစ်ထဲသို့ ပစ်ချလိုက်လေသည်။ အစက အဝတ်အစားများ ကို ချွတ်ယူမည်စီစဉ်၏။ သို့သော် အချိန်မရှိသဖြင့် မချွတ်အားနိုင်ကြချေ။

အပေါင်းအပါတို့သည် နယ်စားကြီး၏ အိမ်တော်သို့ပြန်ကြသည်။ အိမ်တော်သို့ရောက်သောအခါ မော်တော်ကားပေါ်၌ ကျန် ခဲ့သော သွေးစများပျောက်အောင် အစေခံများက ကားကိုဆေးကြ ရသည်။ အပေါင်းအပါတို့လည်း နှင်းတောထဲသွားရသော်ငြားလည်း ဇောချွေးများပြန်လျက်ရှိတော့သည်။ အနည်းငယ်မူးနောက်နောက်ရှိ၍ သူ့အိမ်တွင်ကျန်ခဲ့သောမင်းသားကြီးကလည်း အစေခံများ အား တိုင်းပြည်ရန်သူ ရပ်စပြူတင်ကို သုတ်သင်လိုက်ပြီဖြစ်ကြောင်း ဖွင့်ပြောပြီးလျှင် အိမ်ရှေ့၌ရှိသော သွေးကွက်များကို ဆေးကြောပစ် စေသည်။

ထိုအခိုက် ရဲမင်းကြီးထံမှ တယ်လီဖုန်းဆက်သဖြင့် ယူစွပ်ပေါ့က ရှင်းပြရသည်။ ရဲသားတိုင်ကြားချက်မှာ အထူးထွေမဟုတ် ကြောင်း၊အမတ်ကြီး ပူရစ်ကဲဗစ်မှာ အမူးလွန်သဖြင့် ခွေးတစ် ကောင်ကို သေနတ်နှင့်ပစ်မိကြောင်း ပြောပြသဖြင့် ရဲမင်းကြီးကကျေနပ်လေသည်။

ရပ်စပြူတင်၏အခန်းတွင် နံနက်ငါးနာရီ၌ အစေခံမက သူ့သခင်၏ အဝတ်အစားများကို သိမ်းရန်ဝင်သွားသောအခါ သူ့သခင်ကိုမတွေ့ရသဖြင့် ရဲအဖွဲ့အား အကြောင်းကြားလိုက်သည်။ သူ့သခင် မည်သည့်အရပ်တွင်ရောက်နေသနည်းဟု ရပ်စပြူတင်၏ သမီးကို မေးကြည့်ရာ သမီးမက်ထရီနားက သူ့ဖခင်က ညက လစ်မင်းသားကြီး အိမ်သို့သွားကြောင်း ပြောပြလိုက်သည်။ ထိုအချက်ကိုကြားသိရသော ရဲစုံထောက်အဖွဲ့က ဖီးလစ်မင်းသားကြီး အိမ်သို့ နံနက်ခုနစ်နာရီလောက်တွင်သွား၍ ညကအဖြစ်အပျက်ကို စုံစမ်းကြသည်။

နံနက်ညီလာခံအချိန်တွင် ရပ်စပြူတင်အား နန်းတော်တွင်မတွေ့သဖြင့် ဇာရီနားမိဖုရားကြီးက မသင်္ကာဖြစ်သည့်အလျောက် စိန့်ပီတာစဗတ်မြို့တော် ရဲအဖွဲ့ကိုအကြောင်းကြားလိုက်လေသည်။ မိဖုရားကြီးက ယူစွပ်ပေါ့မင်းသားကြီးက ရပ်စပြူတင်အား ညကသူ့အိမ်သို့ဖိတ်ခေါ်သံကြားရကြောင်း ရဲအဖွဲ့ကို ပြော လိုက်သည်။ ထို့ကြောင့် ရဲမင်းကြီးက ယူစွပ်ပေါ့အိမ်တော်ကိုရှာမည် ဟု မင်းသားကြီးအား အကြောင်းကြားလိုက်သည်။ မင်းသားကြီးက ဇာဘုရင်အမိန့်မပါဘဲနှင့် ရဲအဖွဲ့က ဆွေတော်မျိုးတော်အိမ်များကို ရှာခွင့်မရှိကြောင်း ဒေါသကြီးစွာကန့်ကွက်လေသည်။ ထိုအခါရဲ မင်းကြီးက မင်းသားကြီးအား သူ့ကြင်ယာတော် သွားရောက်လည် ပတ်လျက်ရှိသော ကရီးမီးယားနယ်သို့ထွက်သွားရန် အကြံပေး လေသည်။ ထိုနေ့ညနေတွင်ပင် ယူစွပ်ပေါ့သည် ကရီးမီးယားနယ် သို့ ထွက်သွားရန်စီစဉ်လေသည်။

ရပ်စပြူတင်ပျောက် ပြားသိရသောအခါ မည်သူက မည်သို့လုပ်ကြံသည် ဆိုသည့်အ ကြောင်းကို အမျိုးမျိုးထင်ကြေးပေးနေကြလေသည်။ အစင်းသိများက ယူစွပ်ပေါ့အား တယ်လီဖုန်းဆက်၍ ဝမ်းမြောက်ကျေးဇူးတင်ကြောင်းပြောကြသည်။ ညနေ၌ မီးရထားဘူတာရုံသို့ရောက်ကြ သည်နှင့်တစ်ပြိုင်နက် အသင့်စောင့်နေသော ရဲအဖွဲ့က ယူစွပ်ပေါ့အား ဇာဘုရင်၏အမိန့်အရဖမ်းဆီးရပါသည်ဟု ဆိုလေသည်။ ဇာရီနားမိဖုရားကြီး၏ ပယောဂကြောင့် ဇာဘုရင်က သူ့တူတော်ကို ဖမ်းခြင်းဖြစ်သည်။

ထိုအခိုက် ရပ်စပြူတင်၏အလောင်းကို ရဲအဖွဲ့က တစ်နေကုန်ရှာကြရာ နောက်ဆုံး၌ ရေခဲနေသောမြစ်တွင် ပစ်ချလိုက်သည့် နေရာနှင့် မလှမ်းမကမ်းတွင် တွေ့ကြရသည်။ ရင်ခွဲစစ်ဆေးကြည့် သောအခါ အဆုတ်ထဲတွင်

ရေများပြည့်နေသည်ကိုထောက်ရှု၍ ရေထဲသို့ပစ်ချလိုက်စဉ်က ရုပ်စပြုတင်မှာ မသေသေးကြောင်း ထင်ရှားစွာသိရသည်။

ဇာရီနားမိဖုရားကြီးသည် ရုပ်စပြုတင်အတွက် ယူကျုံးမရ ဖြစ်လေသည်။ အလောင်းကို ကျနစွာပြင်ဆင်ပြီးနောက် နန်းတွင်း၌ပင် သင်္ဂြိုလ်လေသည်။ ဇာဘုရင်နှင့်အိမ်သားစုက အသုဘရှင်အ ဖြစ် ဆောင်ရွက်ကြသည်။ ဇာရီနားမိဖုရားကြီး၏ အလိုတိုင်းသာဆိုလျှင် ရုပ်စပြုတင်၏သင်္ချိုင်းတွင် ဘုရားရှိခိုးကျောင်းဆောက်ရန် ဖြစ်သည်။ သို့ရာတွင် ရုရှားပြည်တော်လှန်ရေးကြီး ပေါ်ပေါက်လာသဖြင့် ဇာဘုရင်နှင့်ဇာရီနားမိဖုရားတို့ခမျာမှာ ကွပ်မျက်ခြင်းခံကြရလေသည်။ လူထုကရုပ်စပြုတင်၏အလောင်းကိုဖော်ထုတ်၍ မီးရှို့ပစ်ကြသည်။

မင်းသားဖီးလစ်ယူစွပ်ပေါ့ကို အပြစ်ဒဏ်ပေးလိုသော်လည်း မိဖုရားကြီးမှာ အများ၏ဆန္ဒကို ကန့်ကွက်မပြုရဲသဖြင့် ပြည်နှင်ဒဏ်ပေးရုံမျှနှင့်ကျေနပ်လိုက်ရလေသည်။

ရုပ်စပြုတင်မှတ်စု

ရုပ်စပြုတင်၏ အတ္ထုပ္ပတ္တိကို ယူစွပ်ပေါ့မင်းသားသည် ၁၉၆၂ ခုနှစ်၌ ရေးသားထုတ်ဝေခဲ့သည်။ ထိုစဉ်က သက်ဆိုင်သူ ကာယကံရှင်များ အသက်ရှင်နေကြဆဲဖြစ်သဖြင့် နာမည်များကို ကောက်မျှသာ ဖော်ပြခဲ့သည်။

အပြည့်အစုံ မဖော်ပြဘဲ အက္ခရာလုံးရုပ်စပြုတင်အကြောင်း ရေးသားသောစာအုပ်များမှာ ယနေ့အထိ စုစုပေါင်း တစ်ရာကျော်ရှိသည်။ ရုပ်ရှင်လည်းရိုက်ကူးခဲ့ပြီ။ အမ်ဂျီအမ်ရုပ်ရှင်ကုမ္ပဏီမှ ရုပ်စပြုတင်အကြောင်းကို ရုပ်ရှင် ရိုက်ကူးပြသသောအခါ ယူစွပ်ပေါ့မင်းသား၏ဇနီးကို ရုပ်စပြုတင်က မတရားကျင့်ကြံသဖြင့် ယူစွပ်ပေါ့မင်းသားက အငြိုးထားကာ ရေကြေးသိန်းချီ၍ပေးရလေသည်။

သတ်သည်ဟု ပြသသဖြင့် ယူစွပ်ပေါ့မင်းသားဘက်မှ အသဖျက်မှုဖြင့် ရုပ်ရှင်ကုမ္ပဏီအား တရားစွဲရာ ရုပ်ရှင်ကုမ္ပဏီမှ လျော်ရုပ်စပြုတင်အကြောင်းကို ရေးကြရာ၌ အချို့ က ရုပ်စပြု တင်ကို သတ်ခြင်းကြောင့် ရုရှားပြည်သည် တိုးတက်ကောင်းမွန် သော နိုင်ငံဖြစ်လာရသည်ဟုရေး၍ အချို့စာအုပ်များကမူ ရုပ်စပြုတင်အား သတ်ပစ်ခြင်းနှင့် ရုရှားပြည်၏ကဏ္ဍအသစ်ပြောင်းလဲခြင်းသည် မည်သို့မျှမသက်ဆိုင်ဟု ရေးကြသည်။

ဂျာမန်ဘာသာဖြင့်ရေးသော စာအုပ်များ၌မူ ရုပ်စပြုတင်၏ယုတ်မာပုံများကို အကျယ်တဝင့်ရေးသားပြီးနောက် ရုပ်စပြုတင် အား သတ်သူများကိုလည်း သူရဲဘောနည်းသူများအဖြစ် ရေးသား ထားလေသည်။

ဟောရေးရှိုးနယ်လဆင်

ထရားဖားလ်ဂါး ရေကြောင်းတိုက်ပွဲတွင် အောင်ပွဲရခိုက်၌ပင် ကွယ်လွန်ရသော ဗြိတိသျှရေကြောင်းဗိုလ်ချုပ်ကြီး လော့ဒ် နယ်လဆင်သည် သေအံ့ဆဲဆဲတွင် "အင်္ဂလန်သည် လူတိုင်းကို မိမိ၏ဝတ္တရားဆောင်ရွက်ရန် မျှော်လင့်သည် ' ဟု ထူးခြားလှ သော နောက်ဆုံးအမိန့်ကို မိန့်ကြားခဲ့လေသည်။ အင်္ဂလန်ပြည်သူ ပြည်သားအပေါင်းသည် တိုင်းပြည်အတွက် အသက်ပေးသွားသော ဗိုလ်ချုပ်ကြီး နယ်လဆင်အား ရုပ်တုသွန်းလောင်း တည်ထား၍ ကျေးဇူးဆပ်ဂုဏ်ပြုကြကုန်၏။ လန်ဒန်မြို့တော်ကြီး၌ 'ထရဖားလ် ဂါးစကွဲယား'ဟူသော အမည်ဖြင့် ထရဖားလ်ဂါး ရေကြောင်းတိုက်ပွဲ၌ အောင်ပွဲရရင် အသက်စွန့်သွားပေသော လော့ဒ်နယ်လဆင်၏ ရုပ်တုကို တည်ထားကြလေသည်။

တာဝန်ဝတ္တရားကို အထူးလေးစားစွာ ဆောင်ရွက်သည် ဟုကျော်စောပေသော ယင်းနယ်လဆင်သည် တာဝန်ဝတ္တရားပျက် ကွက်ရာ၌ သူမတူထူးကဲလှကြောင်း သိသူနည်းပါးချေမည်။ ဗြိတိသျှပိုင် အနောက်အင်ဒိကျွန်း တစ်ကျွန်းဖြစ်သည့် အင်တီဂွါကျွန်း၌ ဗြိတိသျှမင်းကြီး မော်ထရေးက ရေတပ်ဗိုလ်မှူး အဖြစ်ရောက်လာသည့် ဟောရေးရှိုးနယ်လဆင် အမည်ရှိသော ညော့်သည်လူငယ်အား ' ဒီအရပ်မျိုးမှာ အလုပ်အကိုင် ဝတ္တရား ဆိုလို့ ရမ်အရက်သောက်ပြီး ခြင်ယပ်နေရတာပဲရှိသဗျ' ဟုပြော ရင်း ပဥ္စမမြောက် ရမ်အရက်ခွက်ကို မော့ချလိုက်လေသည်။

နယ်လဆင်မှာ အဘိုးကြီးပြောသောစကားကို ခေါင်းညိတ်လိုက်ရသော်လည်း သူ့စကားကို သဘောမတူချေ။ သူ့အဖို့ ရမ်အရက်သောက်ပြီး ခြင်ယပ်ရသည့်အလုပ်ထက် မက်မောစရာ ကောင်းသော အပျော်တမ်း အလုပ်ကလေးတစ်ခုကို မြင်ထားလေ သည်။ ယင်းသို့ပင်လျှင် မင်းကြီးကတော်ဆူဆူဖြိုးဖြိုး ကြွကြွရွရွ ကလေးကလည်း မြင်ထားလေတော့၏။ မင်းကြီးကတော်ကလေး သည် ကျွန်းသို့ရောက်လာသော ညော့်သည်ကလေးကို နှီးပုလင်းကို လှမ်း၍မြင်လိုက်သော ကြောင်ပမာ ငေးစိုက်၍ကြည့်နေလေသည်။

"ဗိုလ်မှူး၊ ကျုပ်တို့ဆီရောက်လာတဲ့ ပထမနေ့ မှာပဲ ပျင်းနေပြီးလား" ဟု မင်းကြီးက ရမ်အရက်ကို မော့ချရင်းမေးလိုက်သည်။

"အို ... မပျင်းပါဘူး၊ ကျွန်တော်ပျော်ပါတယ် " ဟုနယ်လဆင်က ပြန်ပြောလေသည်။

ထိုနေ့ညဦးပင်လျှင် ကိုရွှေညော့်သည်နှင့် အိမ်ရှင်မကလေး တို့သည် တစ်ယောက်ရင်ခွင်တွင်းသို့ တစ်ယောက်တိုးဝင်ခဲ့လေ သည်။ နောက်ညများ

ညများ၌လည်း ထိုနည်းလည်းကောင်းဟုပင် ဆိုရပေမည်။ မင်းကြီးကတော်ကလေးအဖို့ ထိုအဖြစ်သည် ထူးဆန်းကောင်းထူးဆန်းမည်ဖြစ်စေကာမူ ဗိုလ်မှူးနယ်လဆင်အဖို့ မထူး ဆန်းပေ။ ယင်းသို့ အတွေ့မျိုးကြုံလာခဲ့သည်မှာ များလှလေပြီး တစ်ခါတစ်ရံ လူသိသွားပြီးလျှင် မဟာအရှက်တော်ကွဲခါနီး ဖြစ် သွားလေသေး၏။ နောက်ဆုံး ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယံကို နိုင်၍ ထရားဖားလ်ဂါး ရေကြောင်းတိုက်ပွဲ၌ အောင်ပွဲရကာ ကမ္ဘာကျော်ရေတပ် ဗိုလ်ချုပ်ကြီးအဖြစ်သို့ ရောက်ရှိလာသည့်တိုင်အောင် မ,မှုပွေသောကြောင့် အရှက်ကွဲလုကွဲခင် ဖြစ်ရချေသေးသည်။

မော်ထရေးကတော်နှင့် ယှဉ်ပါးသည့်ကိစ္စမှာ ထိုကိစ္စ အနေနှင့် နယ်လဆင်အဖို့ မထူးခြားလှသော်ငြားလည်း ထိုကိစ္စကို အကြောင်းပြု၍ ဗြိတိသျှနှင့် အမေရိကန်ဆက်သွယ်မှု အတော်ပင် ထိပါး၍ နှစ်နိုင်ငံ စစ်မက်ရေးရာဖြစ်ပေါ်လုနီးပါး ဖြစ်သွားလေ သည်။

ရှေးခေတ်က ရောမဗိုလ်ချုပ် အန်ထော်နီနှင့် အီဂျစ် ဘုရင်မ ကလီယိုပက်ထရာတို့ ရှုပ်ပွမှုကြောင့် စစ်မက်ရေးရာ ဖြစ်ပွားခဲ့ဖူးသည်။ ယခုလည်း နယ်လဆင်နှင့် မော်ထရေးကတော် တို့ ရှုပ်ပွေမှုကြောင့် အင်္ဂလန်နှင့် အမေရိကန် နှစ်ပြည်ထောင်သည် တစ်ဦးကို တစ်ဦး အထင်မှားမှုများ ပေါ်ပေါက်လာပြီးလျှင် စစ်ဆင် ကြမည့်အခြေသို့ ရောက်သွားခဲ့လေသည်။ အိမ်တိုင်းကသော - နယ်လဆင်အဖို့ မိန်းမမှုပွေသည်မှာ မထူးဆန်းလှပေ။

ဆိုခဲ့သည့်အတိုင်း ဥရောပတိုက်တစ်ခွင်၌ မင်းမူနေသော နပိုလီယံသည် အင်္ဂလန်ပြည်ကို တိုက်ခိုက်ရန်ကြိုးပမ်းခဲ့သည်။ ထိုမျှချို ထောင်လှသော စစ်ဘုရင်နပိုလီယံကို ချိုးနှိမ်လိုက်နိုင်သော နယ် လဆင်သည် နိုင်ငံတော် အာဇာနည်ကြီးဖြစ်စေကာမူ လေဒီဟယ် မီလတန် အမည်ရှိသော သံအမတ်ကတော်တစ်ဦးနှင့် ရှုပ်ပွေလေ သောကြောင့် ရာဇဝင်အမည်းကွက် ထင်ခဲ့ရလေသည်။ ငှားပြီ ကချင် နယ်လဆင်သည် သူ့ကိုယ်သူ ယောကျ်ားပီသသည်ဟူ သောအချက်ကို သာဓကပြလိုသောစိတ်ပြင်းပြသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ယောကျ်ားပီသမှု ပြနိုင်သောနေရာမှာ နှစ်ခုသာရှိသည်။ မိန်းမဆောင်နှင့်စစ်ပွဲပင် ဖြစ်လေသည်။ ထိုနှစ်နေရာလုံးသို့ နယ်လ ဆင်သည် ကြိုးကြိုးပမ်းပမ်းသွားရောက်၍ အစွမ်းပြလေသည်။ ထို ကြောင့်သူ၌ ကာမစိတ်နှင့် သူရဲကောင်းစိတ်ရောပြွမ်းနေချေသည်။ နယ်လဆင်အား နိုင်ငံတော်သူရဲကောင်းကြီးဟူ၍ မှတ်တမ်းတင်သော ရုံးသုံးရာဇဝင်များတွင် နယ်လဆင်၏ မိန်းမမှုရှုပ်ပွေခြင်းကို ဖော်ပြခြင်းမပြုပေ။ ထိုရာဇဝင်စာအုပ်များ၌ နယ်လဆင်အား မွန်မြတ်သော သူရဲကောင်းပုဂ္ဂိုလ်ကြီး ဖြစ်လေအောင် ကြိုးပမ်း၍ ဖော်ပြထားသည်ကိုတွေ့ ရမည်မုချတည်း။ တာဝန်ဝတ္တရားကို ရိုသေသောပုဂ္ဂိုလ်ကြီး၊ သူတစ်ပါးအား တာဝန်ဝတ္တရားကျေပွန်ရန် တိုက် တွန်း၍

မိမိကိုစံနမူနာအဖြစ်ပြပေးသော ပုဂ္ဂိုလ်ကြီးဟူသည့် ထင်သို့ရောက်ရှိအောင် ထိုရုံးသုံးရာဇဝင်စာအုပ်များက ကြိုးပမ်း ပေသည်။

နယ်လဆင်သည် တာဝန်ဝတ္တရားကို လေးစားပါ၏။ မည်သည်အထိလေးစားပါသနည်း။ ချောချောလှလှ လုံးကြီးပေါက်လှ တစ်ယောက်ယောက်ကို တွေ့သည့်အထိပင် ဖြစ်ချေသည်တကား။ သိန်းငှက်၏မျက်စိနှင့် နှုန်းနှိုင်းဖွယ်ဖြစ်သော သူ၏စူးရှ၍ မြင်ချင် ရာကိုမြင်တတ်လှသော မျက်စိများသည် အလိုတူသူလုံးကြီးပေါက် လှကလေးကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် တာဝန်ဝတ္တရား လေးစားမှုသည် သူ့ထံမှခွာရရှာသည်။ လုံးကြီးပေါက်လှနှင့် အလိုကျဖြစ်ပြီးသည်၏အခြားမဲ့၌ သူသည် တာဝန်ဝတ္တရားရှိရာသို့ ကျောင်းနောက်ကျသော စာသင်သားပမာ အလျင်စလိုတိုးဝင်လာပြီးလျှင် သူ့ အသက်ကိုပင်ပဓာနမပြုတော့ဘဲ ဖွဲသန်သန်နှင့်ဆောင် ရွက်လေတော့သည်။ ပါသည်။

ယောကျ်ားပီသကြောင်း ပြလိုသောဆန္ဒသည် ယောကျ်ားမပီသဟူသော အစွဲရှိသူအဖို့ ပြင်းပြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ နယ်လဆင်သည် ငယ်ရွယ်စဉ်က အလွန်ချူချာပိန်ညှော်သော သူငယ်တစ်ဦး ဖြစ်သည်။ ခြေမခိုင်လက်မခိုင် ဖြစ်သောကြောင့် လူတောထဲတွင် မကြာခဏလဲပြိုတတ်သည်။ ယင်းသို့လူစဉ်မမီသောကြောင့် သူ့ဖခင် ခရစ်ယာန်ဘုန်းကြီးက ကြံ့ကြံ့ခိုင်ခိုင်ဖြစ် လာစေရန် သူ့အားသင်္ဘောသားအဖြစ် စေလွှတ်လိုက်သည်။ ပင်လယ်သို့လွှတ်လိုက်သဖြင့် သူသည် ယောကျ်ားကြီးမားမားဖြစ်လာ ဖို့ထိုက်သော်လည်း မသာလောင်းဖြစ်မည်တကဲကဲ ဖြစ်ခဲ့လေသည်။ သူသည် မြောက်ဝင်ရိုးစွန်းဒေသရပ်၌ ဝက်ဝံတစ်ကောင်ကို ပစ်သတ်ရန်ကြိုးပမ်းရာတွင် သေနတ်၌ ကျည်ဆန်မပါသဖြင့် ဝက်ဝံနှင့်အကြိတ်အနယ်လုံးသတ်ရလေသည်။ တစ်ဖန် အရှေ့အိန္ဒိယ ကျွန်းများသို့ရောက်သောအခါ ငှက်ဖျားမိလေသည်။ ငှက်ဖျားဒဏ်ကြောင့် ဆံပင်များဆွတ်ဆွတ်ဖြူ ဖြစ်ရသည်။ နောက်ဆုံး၌ သူ့အား မဟာန်ပုံရသဖြင့် အင်္ဂလန်သို့ ပြန်ပို့လိုက်ရလေသည်။

ပြန်အပို့တွင် သူသည်စိတ်ညစ်လွန်းလှသဖြင့် သင်္ဘော ပေါ်မှခုန်ချရန် ကြံစည်လိုက်သေး၏။ ယင်းသို့ခုန်ချလိုက်ပါမူ နောင်ကာလ၌ သူ့ကိုအကြောင်းပြု၍ သေရသော အသက်ပေါင်း ထောင်သောင်းတို့မှာ ချမ်းသာရာရပေမည်။ သို့ရာတွင် သူသည် သင်္ဘောပေါ်မှ ခုန်ချမည့်အစား သူရဲကောင်းလုပ်ရလျှင် ပို၍ ကောင်းမည်ဟု ထင်မြင်လာလေသည်။ “ ငါသူရဲကောင်းလုပ်မယ်၊ ဘုရားသခင်ကို ယုံကြည်လေးစားပြီး တွေ့ သမျှ ဘေးအန္တရာယ်တွေ ကိုကြံ့ကြံ့ခံမယ် ” ဟူသောအဓိဋ္ဌာန်ကို အိပ်ရာထဲမှနေ၍ ပြုလိုက် လေတော့သည်။ အသက်နှစ်ဆယ်တွင် နယ်လဆင်သည် ရေတပ်ဗိုလ်လေးဖြစ်လာသည်။ ယခင်ကဲ့သို့ပင် ပိန်ညှောင်ညှောင်ရှိသေးသော်လည်း သက်စွန့်ကြိုးပမ်းလုပ်ရမည့်

အချက်ကောင်းကို အမြဲရှာနေသည်။ ၁၇၈၁ ခုနှစ်တွင် သူ့အားကွိဗက်မြို့သို့ ရေတပ်သင်္ဘောတစ်စင်းကို အုပ်ချုပ်စေပြီးလျှင် လွှတ်လိုက်သည်။ အမေရိကန်တော်လှန်ရေး သမားများကို တိုက်ခိုက်အောင်မြင်ပြီးလျှင် သူရဲကောင်းတံဆိပ်ကြီး များတပ်ဆင်ရန် အားခဲ၍ ထွက်လာသော နယ်လဆင်သည် ကွိဗက်မြို့သို့ရောက်သောအခါ သူရဲကောင်းတံဆိပ်ထက် မက်မောစရာကို တွေ့လေသည်။ ထိုမြို့၌ သူသည် ဆယ့်ခြောက်နှစ်အရွယ် ပျိုမျစ်နုနယ်ချစ်စဖွယ်သော မေရီဆင်မဆင်ကိုမြင်တွေ့ လေသည်။ ထိုခေတ်က ဆယ့်ခြောက်နှစ်အရွယ်သည် အိမ်ထောင်ပြုနိုင်သော အရွယ်ဖြစ်သည်။ သူသည် မေရီ၏ပပဝင်း မျက်လုံးပြာကြီးများ၏ အရောင်ဟပ်လိုက်သည်တွင် တွန့်လိမ်သွားလေတော့သည်။

နယ်လဆင်သည် အနာဖယောင်းချက်ကပ်သကဲ့သို့ ခွာမရအောင် ကပ်နေလေသည်။ "အင်္ဂလန်ပြည်သည် လူတိုင်းအား မိမိတာဝန်ဝတ္တရားကို ဆောင်ရွက်ရန် မျှော်လင့်သည်' ဟူသော မော်ကွန်းတင်မိန့်ခွန်းကို သေခါနီးရွတ်ဆိုခဲ့ပေသော နယ်လဆင် သည် ချစ်သူမေရီအနီးမှ တစ်ဖဝါးမျှမခွာဘဲ သွားလေရာလိုက်နေ့သောကြောင့် သူ့သင်္ဘောကို အနောက်အိန္ဒိယကျွန်းများဒေသသို့ ပြောင်းရွှေ့သောအမိန့်ကို မတွေ့ရချေ။ အထက်အမိန့်စာကို လက်ခံမည့် သင်္ဘောကြီး နယ်လဆင်ကို ရှာမတွေ့သဖြင့် အမိန့်စာပေး သူခမျာမှာဒုက္ခတွေ့ ရလေသည်။

နောက်ဆုံး၌ သူ့အား မေရီနှင့်ယှဉ်တွဲကာ လောကကြီးကို မေ့နေခိုက်တွင်တွေ့ရသဖြင့် အမိန့်စာကိုပေးအပ်ခဲ့ရသည်။ နယ်ပြောင်းအမိန့်ကိုရကတည်းက နယ်လဆင်သည် ဌာနချုပ်ကိုမကြား ဝံ့မနာသာဆဲဆိုညည်းတွားကာ သင်္ဘောသားတို့အား ကျောက်ဆူးဖြုတ်၍ရွက်လွှင့်ရန် အမိန့်ပေးလိုက်ပြီးနောက် ကုန်းပတ်ပေါ်တွင် လူးလားခေါက်တုံ့လျှောက်နေလေသည်။ သင်္ဘောသည် ပင်လယ်ပြင်သို့ရောက်သည့်အခါ သင်္ဘောသားတို့အား ဆိပ်ကမ်းသို့ပြန်လှည့်မောင်းနှင်ရမည်ဟု အမိန့်ပေးလိုက်လေသည်။ ပြီးမှ သင်္ဘောသားတို့သည် အလွန်ဆိုးသော သူတို့ဆရာ၏ အကြောင်းကိုသိကြပြီးဖြစ်သဖြင့် မည်သို့မျှ ပြန်မပြောရဲကြဘဲ သင်္ဘောကို ဆိပ်ကမ်းဘက်သို့လှည့်၍ မောင်းနှင်ကြလေသည်။ ကမ်းသို့ဆိုက်သည်နှင့် တစ်ပြိုင်နက် နယ်လဆင်သည် အထုပ်အပိုး ကိုသယ်၍ သင်္ဘောပေါ်မှဆင်းပြေးလေတော့သည်။

သူ့သင်္ဘောကိုဆိပ်ကမ်း၌ ရက်သတ္တပတ်ပေါင်းများစွာ ဆိုက်ကပ်ထားရသည်။ သင်္ဘောသားတို့သည် သူတို့ဆရာ ဘယ်အ ရပ်ဘယ်ဒေသသို့ ဘာကိစ္စနှင့်သွားနေမှန်းမသိကြချေ။ နောက်ဆုံး၌မနေသာတော့ဘဲ လူစုခွဲ၍လိုက်ရှာကြရာ နယ်လဆင်ကို တွေ့ကြရသည်။ ထိုအခါမှ သူတို့ဆရာအား

သူတို့ကပင် တာဝန်ဝတ္တရား အကြောင်းတရားဟောကြရလေသည်။ ငယ်သားများကို တာဝန်ဝတ္တရားကျေပွန်မှု တရားဟောခဲ့သော နယ်လဆင်သည် သင်္ဘောသို့ ပြန်မသွားလိုဟု ခေါင်းချည်းခါနေသဖြင့် ငယ်သားများ က“ဆရာ မလိုက်လာရင် ရေတပ်ဌာနချုပ်က ဆရာ့ကို စစ်ပြေးအဖြစ်အရေး ယူလိမ့်မယ်၊ စစ်ပြေးအပြစ်ဒဏ်ကတော့ ကြိုးဒဏ်ပါပဲ ဆရာရေ့”ဟု ပြောင်ပြောင်ပြောလိုက်ခါမှ နယ်လဆင်သည် မေရီထံမှ လေးလံ ထိုင်းမှိုင်းသောခြေလှမ်းဖြင့် သင်္ဘောဆိုက်ထားရာဘက်သို့ လှမ်းကြွလေသည်။ သင်္ဘောထွက်လာသည်မှ ကာရေးဗီယမ်းကျွန်းသို့ ရောက်သည့်တိုင်အောင် နယ်လဆင်သည် သုန်သုန်မှုန်မှုန်လုပ်နေသည်။ သူ့ကိုယ်သူ စိတ်ခတ်ပျော့ညံ့သည့်လူမိုက်တစ်ယောက် ဟုခေါ်ကာ ဒေါသမာန်ပွားလျက်ရှိသည်။ သူရဲကောင်းဖြစ်ရန် ဆ ထက်ထမ်းပိုး အားတင်းလိုက်လေသည်။ စခန်းသစ်၌ ဆောင်ရွက်ရန်အလုပ်ဝတ္တရားဟူ၍ ပြောပလောက်အောင်မရှိသည့်အလျောက်ထိုင်၍ချည်းနေရသဖြင့် သူရဲကောင်းအဖြစ်သို့ရောက်ဖို့ အကြောင်းမပေါ် တော့ချေ။ နောက်ဆုံး၌ ထိုင်၍မနေလိုသဖြင့် အထက်လူကြီးများထံသို့ အကြံပေးအစီရင်ခံစာတစ်စောင် ပို့လိုက်ရာ စိတ်မဝင်စားလှသောလူကြီးများက နယ်လဆင်၏အကြံကို အ ထူးအထွေမစဉ်းစားဘဲ သဘောတူလိုက်ကြသည်။ ထိုအကြံမှာ တပ်ကျွန်းရှိ ပြင်သစ်တပ်ကိုတိုက်ရန် အသေခံတပ်တစ်ဖွဲ့ ဖွဲ့စည်း မှုပင်ဖြစ်သည်။

ကာတပ်ကျွန်း ပြင်သစ်ခံတပ်ကြီးမှာ အခြေခိုင်ခံ့သဖြင့် နယ်လဆင်ဦးစီးသော အသေခံတပ်သင်္ဘောကို ဖောက်ခွဲပစ်လိုက်ကြရာ နယ်လဆင်မှာ ကံကောင်းထောက်မ၍သာ အသက်နှင့်ကိုယ် မကွဲကွာဘဲ လွတ်ပြေးနိုင်ပေတော့သည်။ သူသာလျှင် အသက်ဘေး မှလွတ်ကင်းသော်လည်း သူ့ငယ်သားများအားလုံး အသက်ဆုံးရှုံးရ သဖြင့် မစွံသောအလုပ်ကိုလုပ်၍ အသက်များကိုဖြုန်းတီးပစ်သည် ဟူသော နာမည်ဆိုးကြီးတစ်ခုကို သူရဲကောင်းဖြစ်ချင်ရှာသော နယ်လဆင်ခမျာမှာ ရယူလေတော့သည်။

အမေရိကန်တော်လှန်ရေးပြီးဆုံးသွားပြီးနောက် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးရပြီးသည့်အခါ နယ်လဆင်အား အနောက်အိန္ဒိယကျွန်းများသို့ ပြန်ပို့လိုက်ပြန်သည်။ ယခုအကြိမ်၌ ကရေးဗီယမ်းကျွန်းသို့ မဟုတ်ဘဲ အင်တီဂွါကျွန်းသို့ ပို့လိုက်ခြင်းပင် ဖြစ်သည်။ ထိုကျွန်းသို့ရောက်သွားသော နယ်လဆင်သည် ပျင်းရိ ခြင်း လုံးဝမရှိဘဲ မင်းကြီးမော်ထရေးကတော်နှင့် အပျော်ကြီးပျော် လေသတည်း။ မော်ထရေးကတော်နှင့်ပျော်နေစဉ် နယ်လဆင်၏ တာဝန်ဝတ္တရားသိတတ်မှုသည် ဒုတိယအကြိမ် မိန်းမဆောင်ပြ တင်းပေါက်မှ ခုန်ထွက်သွားလေသည်။

အလုပ်ဝတ္တရားဟူ၍ မည်မည်ရရမရှိ၊ မင်းကြီးမော်ထ ရေးပြောသလို

ရမ်အရက်သောက်ပြီး ခြင်ယပ်နေရုံသာရှိသော အင်တိဂွါကျွန်း၌ ဝတ္တရားပျက်ကွက်မှုသည် အင်္ဂလန်ပြည်အဖို့ မထိခိုက်ချေ။ ဗြိတိသျှနှင့် အမေရိကန်ကုန်သည်ကြီးများသည် တော်လှန်ရေးစစ်ကြီးပြီးဆုံးသည့်နောက် ယခင်ကအတိုင်း ပြန်လည် ဆက်ဆံရန် ကြိုးပမ်းနေကြသည်။ ထိုကြိုးပမ်းမှုဇာတ်ဝင်ခန်းမှာကား အခြားမဟုတ်၊ နယ်လဆင်ပျော်မွေ့နေသော အင်တိဂွါကျွန်းက လေးပင်ဖြစ်သည်။

ပြေပြစ်စွာ ပြန်လည်ဆက်ဆံမှုသည် မင်းကြီးမော်ထရေး ကသူ့ဇနီးအား အင်္ဂလန်ပြည်သို့ ပြန်ပို့ရန် ဆုံးဖြတ်သောအချိန်အ ခါမှစ၍ ပျက်ပြားလေတော့သည်။ မော်ထရေးသည် သူ့ဇနီးက ... လေးက ဗိုလ်မှူးကလေးနယ်လဆင်နှင့် လေပေးဖြောင့်လွန်းအား ကြီးနေကြောင်း တွေ့ရသဖြင့် ပူပြင်းသောဒေသ၌ သူ့ဇနီး၏ သွေး ကြွလွန်းလေပြီဖြစ်ရာ သွေးအေးစိမ့်သောငှာ အေးချမ်းလှသည့် အင်္ဂလန်ပြည်ဌာနသို့ပြန်ပို့ရန် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်လိုက်သည့်အကြောင်းကို သိသည်နှင့်တစ်ပြိုင်နက် နယ်လဆင်သည် ဒေါသမာန်ပွားလေတော့သည်။ ဒေါသ၏စေ့ ဆော်ချက်အရ မင်းကြီးမော်ထရေးကိုလက်စားချေရန် အခွင့်အ လမ်းကိုရှာလေသည်။

သူသည် မော်ထရေးမင်းကြီးကိုအပြစ်ရှာရန် ဥပဒေအ မျိုးမျိုးကို မွှေနှောက်ရှာဖွေလေရာ ခေတ်လွန်နေသော ဥပဒေတစ် ခုကိုသွားတွေ့လေသည်။ တော်လှန်ရေးမပေါ်မီက ထုတ်ပြန်ထားသော ဥပဒေဖြစ်သဖြင့် ကာလအားလျော်စွာ အသုံးမပြုအပ်သော ဥပဒေတစ်ခုပင်တည်း။ ယင်းသည်ကား အမေရိကန်သင်္ဘောများ ကို အင်တိဂွါကျွန်းတွင် ဆိုက်ကပ်ခွင့်မပြုသော ဥပဒေပင်ဖြစ် သည်။ နယ်လဆင်က မော်ထရေးအား ဥပဒေကိုဖောက်ဖျက်၍ အမေရိကန်သင်္ဘောများကို ဆိုက်ကပ်စေသည်ဟူသော စွဲချက်တင် လေသည်။ တော်လှန်ရေးစစ်ကြီး ပြီးဆုံးသွားပြီဆိုသော အချက်ကို လက်မခံဘဲ နှစ်ပြည်ထောင်ချစ်ကြည်စွာ ဆက်ဆံနေသည့်အကြောင်းကို မျက်စိမှိတ်၍ပစ်ပယ်ရုံသာမက မော်ထရေးကိုပင် အင်တိဂွါကျွန်းမင်းကြီးအဖြစ် အသိအမှတ်မပြုပေ။

မော်ထရေးကို မင်းကြီးအသိအမှတ်မပြုဘဲ သူကိုယ်တိုင် အုပ်စိုးသည့်အနေမျိုးနှင့် ဆိုက်ကပ်လာသော အမေရိကန်သင်္ဘော များကို မောင်းနှင်ပစ်လိုက်လေသည်။ အမေရိကန်သင်္ဘောများ သည် လက်နက်တပ်ဆင်မထားကြသည့်အလျောက် လက်နက်အပြည့်အစုံရှိသော နယ်လဆင်၏ရေတပ်သင်္ဘောကို မခုခံနိုင်ဘဲ ဆိပ်ကမ်းမှ ပြန်လှည့်ကြရလေသည်။ ယင်းသို့ဖြစ်လေရကား ဗြိတိသျှ-အမေရိကန် ရောင်းဝယ်မှုကျဆင်းရလေသည်။ အရောင်းအဝယ်အစီအစဉ်များ ပျက်ပြားသဖြင့် ကတိစာချုပ်များ ပျက်ပြားကြရသည်။ ငွေသိန်းသန်းချီ၍ ရှုံးကြရသည်။ နှစ်ဖက်လုံး ဒေါသကြီး စွာဖြစ်ကာ

နှစ်ပြည်ထောင် စစ်ခင်းကြရတော့မည့်အခြေသို့ ဆိုက်ရောက်လေတော့သည်။ နှစ်ပြည်ထောင်ရှိ ကုန်သည်ကြီးများက နယ်လဆင်နှင့် ဗြိတိသျှရေတပ်ဌာနချုပ်တို့ကို တရားစွဲကြသဖြင့် နှစ်ဖက်အစိုးရအရာရှိကြီးများသည် ပင်ပန်းကြီးစွာဖြင့် စေ့စပ်ကြရလေသည်။

နယ်လဆင်ကို ဗြိတိသျှနှင့် အမေရိကန်လူမျိုးတို့က မုန်းတီးကြသည်။ ရေတပ်ဌာနချုပ်က အကြွမ်းမကိုင်ဝံ့ဘဲ ခပ်ချော့ချော့ ထားရသည်။ နယ်လဆင်ကမူ သူ့ကိုကြောက်သလိုလို ရွံ့သလိုလို လုပ်နေသော ဌာနချုပ်၏စကားကိုအရေးမထားဘဲ ထင်ရာလုပ်လေသည်။ နောက်ဆုံး၌ သူ့ကို မုန်းတီးသည့်အရှိန် ပြင်းထန်လာ လေရကား ဌာနချုပ်က မနေသာတော့ဘဲ ဖမ်းရန်အမိန့်ထုတ်လိုက် ရလေသည်။ သူ့ကိုဖမ်းလျှင် ဝိုင်း၍အုပ်မည်ဟု ကုန်သည်များ စောင့်နေကြသည်။ နယ်လဆင်သည် သူ့ ဘေးကိုမြင်သဖြင့် ပုန်းနေ ရလေသည်။

နောက်ဆုံး၌ ဗြိတိသျှအစိုးရက ပေါင်တစ်သန်းခွဲခန့် အကုန်ခံ၍ နယ်လဆင်အပေါ် စွဲဆိုထားသောအမှုကို ဖျက်သိမ်းရ လေသည်။ ယင်းသို့မျှ ဆိုးသွမ်းသော နယ်လဆင်ကို သာမန်အားဖြင့် အင်္ဂလန်ပြည်သို့ ပြန်ခေါ်ပြီးလျှင် ရေတပ်မှကန်ထုတ်လိုက်ဖို့သာရှိတော့သည်။ သို့သော် နယ်ချဲ့ဗြိတိသျှအစိုးရသည် အင်ပါယာ နယ်ချဲ့ရေးကိစ္စ၌ နယ်လဆင်ကဲ့သို့ လူဆိုးများကို လက်သပ်မွေးဖို့လို ကြောင်းသိလေသည်။

သင်ပုန်းရှောင်နေရာမှ ထွက်လာသောနယ်လဆင်သည် အာ ရုံပြောင်းသွားပြန်၏။ အင်္ဂလန်ပြည်သို့ ပြန်သွားရရှာသော မင်းကြီးကတော်ကလေးကို မတမ်းတတော့ဘဲ အသစ်တစ်ယောက်ရှာခဲ့လေပြီ။ ထိုအသစ်ကလေးမှာမူ အပြုနပ်သည့်တစ်ခုလပ်မကလေး ဖယ်နီနစ်ဗက်ဖြစ်သည်။ ဖယ်နီသည် အခြားသောမိန်းမများနှင့်လား လားမျှမတူပေ။ အခြားမိန်းမများက နယ်လဆင်အား မဆွတ်ခူး ခင်ကပင် ညွတ်နူးကြကုန်၏။ ဖယ်နီကမူ ဆွတ်ခူးမည်ပြုသော နယ်လဆင်၏လက်ကို ရှောင်တိမ်းလေသည်။ ရှောင်လေလိုက်လေဖြစ်နေရသောကြောင့် နယ်လဆင်သည် သူ့အဖိုကြီးစွာသော စွန့် စားမှုတစ်ခုပြုရလေသည်။ ယင်းသည်ကား ဖယ်နီကို လက်ထပ်ယူ ပါမည်ဆိုခြင်းပင်တည်း။ ဖယ်နီကို လက်ထပ်၍ယူပြီးနောက် မကြာ ခင်ပင်လျှင် နယ်လဆင်သည် ဖယ်နီအပေါ်တွင် စိတ်မဝင်စားတော့ဘဲ အာရုံထွေပြားလေပြန်တော့သည်။ သူတို့နှစ်ဦးသည်အတူ မနေကြတော့သော်လည်း ထုံးစံအတိုင်း ကွာရှင်းခြင်းလည်းမပြုကြချေ။

၁၇၉၃ခုနှစ်တွင် အင်္ဂလန်က ပြင်သစ်တော်လှန်ရေး အရေးတော်ပုံတွင် ဝင်ရောက်စွက်ဖက်ရန်လိုလာသဖြင့် ရေတပ် သင်္ဘောများ လွှတ်၍ တိုက်ခိုက်ရန်

စီစဉ်လေသည်။ ထိုအခါ ရေ တပ်ဌာနချုပ်က လူဆိုးနယ်လဆင်ကိုသတိရလေသည်။ ထို့ကြောင့် နယ်လဆင်အား နေပယ်ပြည်နယ်သို့ ရေတပ် ဗိုလ်မှူးအဖြစ် ပို့လိုက်သည်။ နယ်လဆင်၏ တာဝန်မှာ နေပယ် ပြည်နယ်ရှိ ဗြိတိသျှသံအမတ်ကြီး ဆာဝီလျံဟယ်မီလတန်အား စစ်စလီပြည်မှ ပြင်သစ်ကိုတိုက်ရန် တပ်ထောင်းအား အခမ္ဘတောင်းဆိုရာတွင် ကူညီခြောက်လှန့်ပေးရန်ပင် ဖြစ်သည်။ နယ်လဆင်သည် နေပယ်မြို့ သို့ရောက်လျှင်ရောက်ချင်း ပင်အင်တိဂွါကျွန်းမှာကဲ့သို့ ရွှေစွန်ညိုမျက်စိမျိုးဖြင့် ရှာဖွေလိုက်ရာ သံအမတ်ကတော်ကလေး အင်မာကို တွေ့ရလေသည်။ လေဒီအင်မာဟယ်မီလတန်သည် ပျို့ရွယ်နုနယ်သူ ဖြစ်သော်ငြားလည်း သူ့ဘိုးအေလောက်ရှိသော ဆာဝီလျံဟယ်မီလတန်နှင့် အကြောင်း ဆက်ပေါင်းဖက်နေရရှာလေသည်။ သူသည် ရုပ်ရည်ချောမောရွှ ချစ်ချင်စဖွယ်ဖြစ်သည်နှင့်အမျှ သိမ်မွေ့ နူးညံ့လှသောကြောင့် သူ့ ခင်ပွန်း အဘိုးကြီးကို ဗြိတိသျှအထက်တန်းလွှာရှိ ယောက်ျားများက မနာလိုကြပေ။

အင်မာမှာ အထက်တန်းလွှာတွင် ဖွားမြင်ခဲ့သူမဟုတ်ချေ။ ငယ်စဉ်က တောရွာကလေးတွင် သိုးထိန်းသမကလေးဖြစ်ခဲ့ ရသည်။ ရုပ်ရည်ချောမောသဖြင့် သူ့ ရုပ်ရည်ကိုအရင်းပြု၍ ကြေး ငွေရှာဖွေလျှင် ဖြစ်လိမ့်မည်ဟု တပ်အပ်သိသည့်အလျောက် အင်မာသည် ဆယ့်လေးနှစ်အရွယ်ကတည်းက လန်ဒန်မြို့ နာမည် ကြီးဖိမ်နန်းသို့ ရောက်ခဲ့လေသည်။ ဖိမ်နန်းမှသည် ပါလီမန်အမတ်တစ်ယောက်၏ အပျော်မယားအဖြစ်နေခဲ့သည်။ ထို့နောက် ဆရာဝန်တစ်ယောက်နှင့် အပျော်တမ်းသဘောအတူနေခဲ့သည်။

သူ့ဆရာဝန်မှာလည်း တီထွင်သူတစ်ဦးပေတည်း။ “အချစ်တန်ဆောင်'ဟူသော အမည်ဖြင့် ပြပွဲတစ်ခုဖွင့်လေရာ အင်မာအား “ယုဝကျန်းမာ နတ်ကညာ'အဖြစ် ကိုယ်လုံးတီးပြ၍ အသုံးတော်ခံစေလေသည်။ သူ့ကိုယ်ကာယ အချိုးအစားကို နှစ်သက်သွားသည့် နာမည်ကျော် ပန်းချီဆရာကြီးရော့ရောမနီက သူ့ကိုခေါ်၍ ပုံဆွဲလေသည်။ မကြာမီပင်လျှင် သူသည်ရောမနီ၏ ပန်းချီကားများကို အမြဲတမ်းဝယ်လေ့ရှိသော ကြေးရတတ်ဖောက်သည်တစ်ယောက်နှင့် လိုက်သွားလေသည်။ ကြေးရတတ်ကြီးက သူ့ကို တောပိုင်းတိုက်ကြီးတစ်တိုက်၌ ကျကျနနထားခဲ့သော်လည်း အင်မာသည် ငြိမ်ငြိမ်မနေတတ်ပေ။ သူသည်တိုက်ကြီး၌နေကာ မြေခွေးလိုက်ခြင်း၊ အရက်နှင့်ဖိမ်ယူခြင်း၊ မြင်းဇောင်းမှ မြင်းထိန်း များနှင့် သောင်းကျန်းခြင်း၊ အသုံးအစွဲဖွာခြင်းတို့ဖြင့် လွတ်လပ်ပါပေသည်။ သို့ရာတွင် လွတ်လပ်လွန်းလှသဖြင့် ကြေးရတတ်ကြီးမှာ အရှုံးဖြစ်မှန်းမသိဖြစ်ရကြောင်း သိလာသည့်အားလျော်စွာ အင်မာကို ကန်ထုတ်လိုက်လေတော့သည်။ အင်မာမှာ အသက်ဆယ့်ခုနစ် နှစ်ရှိလေပြီ၊ ကိုယ်ဝန်အရင့်အမာနှင့်လည်း ရှိလေပြီတကား။

အင်မာအဖို့ ရုပ်ရည်သည် အားကိုးဖွယ်အချက်ကြီးပင်ဖြစ်သည်။

ကန်ထုတ်လိုက်သော်လည်း ရေစုန်မမျောပေ။ ကလေး ဖွားမြင်ပြီးနောက် ဂျော့ဂရဲဗီ အမည်ရှိသော ကြေးရတတ် မျက်နှာကြီး လူငယ်တစ်ယောက်က ကောက်ယူလိုက်လေသည်။ ဂျော့ဂရဲဗီမှာ ကောက်ယူရုံသာမက အင်မာအား အရောင်တင်ပေးလေသည်။ သူက အင်မာ၌လိုအပ်လျက်ရှိသော ပညာသင်ကြားမှုအတွက် ငွေ ကြေးအမြောက်အမြား အကုန်အကျခံ၍ အထက်တန်းပညာ သင်ကြားပေးလေသည်။ ပညာစုံသော အင်မာအား ဂျော့ဂရဲဗီက တင့်တင့်တယ်တယ် လက်ထပ်ယူမည်ဟုဆိုလေသည်။ သို့ရာတွင် ဆို ကာမတ္တမျှသာ ဖြစ်လေတော့သည်။ အဘယ်ကြောင့်ပါနည်းဟူမူ ဂျော့ဂရဲဗီအား ပြုစုကျွေးမွေးနေသော ဦးလေးကြီး ဆာဝီလျံဟယ် မီလတန်ဆိုသူက အင်မာကို မရလျှင်မနေနိုင်သည့်အဖြစ်သို့ ရောက်နေခြင်းပင်ဖြစ်ပါသည်။

ဂရဲဗီအဖို့ အင်မာကို ဆုံးရှုံးရသော်လည်း မနစ်နာပေ။ အသုံးအစွဲကြီးလှသောမယားကို ထိန်းသိမ်းရန် ပြဿနာမပေါ်ရုံ သာမက ဆာဝီလျံဟယ်မီလတန်ထံမှ ငွေကြေးမြောက်မြားစွာရရှိ ပေဦးမည်။ အင်မာသည် အဘိုးကြီးကို ညှို့နိုင်သည်။ သူကညှို့လိုက်သောကြောင့် ကြေးရတတ်မျက်နှာကြီး အဘိုးကြီးသည် အခြားသင့်လျော်သော မိန်းမများကိုပစ်ပယ်ပြီးလျှင် အင်မာကို လိုချင်စိတ် ပြင်းပြလာလေသည်။

အဘိုးကြီးကိုညှို့နိုင်သော်လည်း အင်မာသည် အဘိုးကြီးကတော်မဖြစ်လိုပေ။ ငယ်ရွယ်သူ ဂရဲဗီ၏ဇနီးအဖြစ်သာ ခံယူလို၏။ သို့ရာတွင် အဘိုးကြီးကို အခြားမိန်းမတစ်ဦးက ယူသွားမည်ကို လည်း စိုးရိမ်ရသေးသည်။ အဘိုးကြီး မိန်းမယူပြီးနောက် သေသွားလျှင် တူတော်မောင်ဂရဲဗီမှာ အမွေမရလိုက်ဘဲ လက်ချည်းသာ ကျန်ခဲ့ချေမည်။ နောက်ဆုံး၌ အဘိုးကြီးသည် နေပယ်မြို့သို့ ဗြိတိသျှသံအမတ်အဖြစ် သွားရသောအခါ ဂရဲဗီက အခြားမိန်းမတစ်ဦး ဦးကို ယူသွားမည်စိုးရိမ်သဖြင့် အင်မာကို လွှတ်လိုက်သည်။ အင်မာ ရောက်သွားပြီး အတော်ကြာသောအခါ အင်မာက ချစ်သူ ဂရဲဗီထံသို့ အဘိုးကြီးက သူ့ကို ပိုင်အောင်ကြံနေသည်၊ သူကြာရှည်မနေချင်တော့ဟု စာတစ်စောင်ရေး၍ အကြောင်းကြားလိုက်သည်။ ဂရဲဗီက အင်မာအား‘အဘိုးကြီးအလိုကို လိုက်လိုက်ပါ”ဟု တိုတိုတုတ်တုတ် ပြန်ကြားလိုက်သဖြင့် အင်မာသည်. ချစ်သူအားကိုးသော ဂရဲဗီအ ပေါ်တွင် စိတ်အနာကြီးနာကာ ဂရဲဗီကို မေ့လိုက်ပြီးလျှင် အဘိုး ကြီး၏အလိုသို့ အကြီးအကျယ် လိုက်လိုက်လေသည်။ အဘိုးကြီးနှင့် လက်ထပ်ပြီး မကြာမီ အဘိုးကြီးသေလျှင်ဟန်မှာပဲဟု တွက်နေ သောအင်မာမှာ အဘိုးကြီးမသေသေးသဖြင့် စိတ်ပျက်နေရှာ သည်။ ထိုအခိုက် ရေတပ်ဗိုလ်မှူးကလေး နယ်လဆင်ရောက်လာ သဖြင့် အင်မာမှာ ခူးဆွတ်ရန်အသင့်ဖြစ်နေသော သီးမှည့်ကလေး ဖြစ်နေလေပြီ။

သူတို့နှစ်ယောက် လေးရက်တာမျှ မိုးမမြင်လေမမြင်ဖြစ်လိုက်ကြရရှာသည်။ တာဝန်ဝတ္တရား၏ခေါ်သံကို နယ်လဆင် ကြားရလေသည်။ လေဒီဟယ်မီလတန်ကသာခွင့်ပြုလျှင် နယ်လဆင် သည် ဝတ္တရား၏ခေါ်သံကို နာခံခြင်းမပြုဘဲ ချစ်အဏ္ဏဝါထဲတွင်သာ ဝဲလှည့်ကာလှည့်ကာနေမည်မှာ မုချပင်။ သို့သော် အင်မာ သည် နယ်လဆင်အား အချစ်အဏ္ဏဝါမှ ရေအဏ္ဏဝါသို့သွားရန် တိုက်တွန်းလေသည်။ သို့မှသာ သူအဖို့ ဂုဏ်ယူစရာအကြောင်းပေါ်ပေမည်။ တိုက်ပွဲပြန် ဗိုလ်မှူးကလေးနှင့် ရာသက်ပန် နေရမည့် အရေးကိုတွေး၍ ယခုခဏတာမျှခိုးဝှက်၍ ချစ်နေရသော အချစ် စခန်းကိုသိမ်းလိုက်လေသည်။

နယ်လဆင်သည် ထိုအချိန်အခါမှစ၍ ငါးနှစ်တိုင်တိုင် ရာဇဝင်တွင်အကြီးဆုံး ရေကြောင်းတိုက်ပွဲကြီးများ၌ ဆင်နွှဲအောင် မြင်ခဲ့လေသည်။ သူသည် သူရဲကောင်းဖြစ်လိုသောဆန္ဒ၏ တိုက် တွန်းမှုကြောင့် သာမန်ဗိုလ်မှူးများ မတိုးရဲသည့်နေရာသို့ မိုက်ရူးရဲ သဘောမျိုးနှင့် အတင်းဝင်တိုးလေသည်။ ယင်းသို့မိုက်ရူးရဲပြုမှု ကြောင် စစ်ပွဲတစ်ပွဲတွင် မျက်လုံးတစ်ဖက် ပျက်သွားလေသည်။ နောက်တစ်ပွဲတွင် ယာလက်ပြုတ်ရလေသည်။ နောက်တစ်ပွဲ၌ နဖူး၌ ဗုံးဆန်မှန်လေသည်။ ယင်းသို့ မိုက်ရူးရဲပြုမှုကြောင့်ပင်လျှင် သူသည် နိုင်းမြစ်တိုက်ပွဲကြီးတွင် နပိုလီယံရေတပ်ကို ချေမှုန်းလိုက်နိုင်ပေသည်။ ယင်းသို့ မိုက်ရူးရဲပြုမှုကြောင့်ပင်လျှင် ရေတပ် ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးတက်ခန့်ထားခြင်း၊ သူကောင်းပြုခြင်း တို့ခံယူရလေသည်။ ယင်းသို့ မိုက်ရူးရဲပြုမှုကြောင့်ပင်လျှင် နယ်လဆင်သည် ကမ္ဘာ့သမိုင်းတွင် အစဉ်ကျော်စောသော ရေကြောင်း တိုက်ပွဲ သူရဲကောင်းကြီးတစ်ဦး ဖြစ်လာလေသည်။

နိုင်းမြစ်တိုက်ပွဲမှ နေပယ်မြို့သို့ ပြန်လာသည့်တွင် အင်မာ ...က သူ့ကိုမြင်လိုက်သောအခါ မူးမေ့သွားလေသည်။ “ဘုရား ဒီလောက်ပဲဖြစ်လာရသလားကွယ်” ဟု ပြန်၍သတိရ ဘုရား ... ကာတွင် မကြာမီပင်လာသော အင်မာက ညည်းညူလေသည်။ သို့ရာတွင် မကြာမီပင် အင်မာသည် နယ်လဆင်မှာ ကိုယ်အင်္ဂါချွတ်ယွင်းသော်ငြားလည်း ချစ်အားမချွတ်ယွင်း မချို့တဲ့ကြောင်းသိရလေသည်။ သူတို့နှစ်ဦး၏ ပြုမူချက်တို့မှာ ဥရောပတစ်ခွင် မကောင်းသတင်း ပြန့်ပွားသွားလေတော့သည်။ ယင်းသို့ အနှံ့အပြားသိရှိသော အကြောင်းကို မသိရှာသူတစ်ဦးသည်ကာရှိ၏။ ထိုတစ်ဦးမှာကား အခြားမဟုတ်၊ သူတို့နှစ် ဦးအနီးတွင် ထိုင်၍နေသော ဇရာအိုလင်ကြီးပင်ဖြစ်သတည်း။ နယ်လဆင်၏ ရေတပ်သင်္ဘောများကို နေပယ်မြို့၌ ဆိုက် ကပ်ထားသည်မှာ ကြာတောင်းလှလေပြီ။ နယ်လဆင်သည် တာဝန် ဝတ္တရားကို ချောင်တွင်ထား၍ စားကာ၊ သောက်ကာ၊ ကစားကာ နေရုံသာမက သံအမတ်ကတော် လေဒီဟယ်မီလတန်နှင့် လူမြင်သူ မြင် တွဲ၍တွဲ၍နေခြင်းဖြင့်

အချိန်ကုန်လေသည်။ ဗြိတိသျှရေတပ် ဌာနချုပ်က နယ်လဆင်အား နပိုလီယံ၏ ရေတပ်ကို ဆက်လက်ချေ မှုန်းရန်လိုလားသော်လည်း လေဒီဟယ်မီလတန်က နယ်လဆင် အနားယူသင့်သည်ဟု မိန့်ဆိုကာ မလွှတ်ဘဲထားသောကြောင့် နယ်လဆင်ခမျာမှာ မထွက်သာတော့ချေ။ အား ပန်းစွာ နောက်ဆုံး၌ဌာနချုပ်က နယ်လဆင်အား အင်္ဂလန်ပြည် သို့ ပြန်လာရမည်ဟု အတင်းအကျပ်ခေါ်လေသည်။ နယ်လဆင်က "ကောင်းပြီ . . . လာဆိုလဲ လာရတာပ' ဟူသော မလေးမခန့် သဘောနှင့် ရေကြောင်းမှပြန်ရမည်ကို မပြန်ဘဲ ဥရောပတိုက်တစ် ခွင်လျှောက်လည်ပြီးမှ ဟယ်မီလတန် ဇနီးမောင်နှံနှင့်အတူ ပြန်လာခဲ့လေသည်။ အင်္ဂလန်ပြည်၌ သူသည် ဟယ်မီလတန်တို့နှင့်ပင် အတူနေလေသည်။ ဌာနချုပ်ကလည်း သူ့ကိုကြောက်ရသည်။ သူသည် သာမန်ရေတပ်ဗိုလ်မှူးချုပ် မဟုတ်ချေ။ လူထုအသည်းစွဲ သူရဲကောင်းကြီး ဖြစ်နေသောကြောင့်ပင်တည်း။

အင်္ဂလန်ပြည်သို့ ရောက်ပြီးနောက် မကြာမီ၌ပင်လျှင် အင်မာသည် သမီးကလေး တစ်ယောက်ဖွားမြင်ရာ နယ်လဆင်၏ ပထမနာမည်ကို မှီး၍ "ဟောရေးရှား'ဟု အမည်ပေးလေသည်။ လင်ကြီးခမျာမှာ ထိုသို့ပြောင်ပြူမှုချက်ကို မကန့်ကွက်ရှာချေ။ ၁၈၀၂ ခုနှစ်တွင် လင်ကြီးသေခါနီးတွင် အင်မာနှင့်နယ်လဆင် တို့သည် အနီး၌ရှိကြသည်။

နယ်လဆင်သည် လူထု၏ကြည်ညိုမှုကိုခံယူရင်း အင်မာ၏ ယုယပိုက်ထွေးခြင်းကိုခံယူကာ အတော်ကြာနေရာမှ နပိုလီယံ ၏ရန် မငြိမ်းသေးသဖြင့် ပင်လယ်သို့ ထွက်ရလေသည်။ နယ်လဆင်၏ တာဝန်မှာ ကြီးမားလှစွာ၏။ နပိုလီယံက စုဆောင်းပေါင်း စည်းထားသော ပြင်သစ်၊ စပိန် ရေတပ်သင်္ဘောများကို တိုက်ခိုက် နှစ်မြှုပ်ပစ်ရန်ဖြစ်သည်။ သူရဲကောင်းဖြစ်ချင်လှသော နယ်လဆင် အားသူရဲကောင်းဖြစ်စေလိုလှသော အင်မာ (လေဒီဟယ်မီလတန်) က အားပေးသဖြင့် နယ်လဆင်သည် "အင်္ဂလန်ပြည်သည် လူတိုင်း ကို မိမိ၏ဝတ္တရားဆောင်ရွက်ရန် မျှော်လင့်သည်. . ." ဟူသော စာတန်းကြီးကို သင်္ဘောအလံတွင်ထိုးလျက် စစ်ထွက်လေရာ ထရေးဖားလ်ဂါး တိုက်ပွဲတွင် အောင်မြင်ပေသည်။ အောင်ပွဲရခိုက် တွင် နယ်လဆင်မှာ ကျည်သင့်၍ သေရရှာလေသည်။

"ကျွန်ုပ်တာဝန်ကျေပွန်ပါပြီ' ဟူသော နယ်လဆင်၏

နောက်ဆုံးစကားကို မော်ကွန်းတင်ကြလေသတည်း။

ဘင်ဗင်နုတို ဆယ်လိနီ

သူသည် အလွန်ကံကောင်းလေသည်။ အသက်သုံးနှစ်အ ရွယ်ကပင် သူကံကောင်းကြောင်း ထင်ရှားစွာသိကြရသည်။ ဘင် ဗင်နုတိုသည် ကဏန်းကောင်ဟုအောက်မေ့ကာ ကလေးဘဝက အားရဝမ်းသာ ကောက်ကိုင်ပြီးလျှင် သူ့ဘိုးအေထံသွား၍ ပြလေသည်။ သူကောက်လာသည့်အကောင်မှာ သူထင်သည့်အတိုင်း ကဏန်းကောင်မဟုတ်၊ ကင်းမြီးကောက်ကြီးဖြစ်လေသည်။ သူ့ဘိုးအေအသက်ရာကျော် အင်ဒရိုသည် သူ့မြေးသုံးနှစ်သား ကလေးလက်တွင် အသက်အန္တရာယ်ပြုနိုင်သည့် ကင်းမြီးကောက် ကြီးကို မြင်ရသဖြင့် သေလုနီးပါး အံ့အားသင့်သွားလေတော့သည်။ ကင်းမြီးကောက်ကြီးသည် သူငယ်လေး၏လက်တွင် လိမ်တွန်ကာ သူငယ်အား အဆိပ်သီးနေသောအမြီးနှင့် ထိုးရန် ကြိုးပမ်းနေလေ သည်။

အဘိုးကြီးကဘင်ဗင်နုတိုကို သူ့အား'ကဏန်းကောင်'ပေးပါဟုတောင်းသော်လည်းမရပေ။ တောင်းလေလေ၊ မပေးဘဲခေါင်းမာလေလေဖြစ်လေတော့သည်။ ဘင်ဗင်နုတိုသည် ထိုအရွယ်မှစ၍ သူ့ဘဝအသက်ခုနစ်ဆယ်ကျော်အတွင်း၌ အသက်ဘေးနှင့် ရင်ဆိုင်ရသော်လည်း လျှော့မပေးဘဲ ခေါင်းမာခဲ့သည်။

အဘိုးကြီးက အလန့်တကြားအော်လိုက်သည်တွင် သူငယ်၏ဖခင်ထွက်လာပြီးလျှင် အကြောင်းအားလျော်စွာ အနီးရှိကတ် ကြေးဖြင့် ကင်းမြီးကောက်၏ အမြီးကို ဖြတ်လိုက်ခြင်းဖြင့် သူ့ သား၏ အသက်ကို ကယ်လိုက်ရလေသည်။ အန္တရာယ်ကင်းသွားသည်နှင့် တစ်ပြိုင်နက်အားလုံးကပင် ဘင်ဗင်နုတိုသည် အလွန်ကံကောင်း သောသူဖြစ်ကြောင်း အသိအမှတ်ပြုကြရသည်။

အသက်နှစ်ဆယ်မျှ မကျော်သေးသော်လည်း ဘင်ဗင်နုတိုက သူသည်ဖိုးကံကောင်းတစ်ယောက်ဖြစ်ကြောင်း ပြလေတော့ သည်။ သူသည် အီတလီပြည် သူ့ မွေး၌ဌာန ဖလောရင့်မြို့တွင် ဆိုးမ ၍မရနိုင်သော လူဆိုးကလေးတစ်ယောက်ဖြစ်ကြောင်း ထင်ရှားစေသည်။ သူသည် လူဆိုးတစ်ယောက်ဖြစ်ကြောင်း အကြောင်းပြလိုက် ရသည့်အခါ ကြုံတွေ့လေသည်။ တစ်နေ့သ၌ သူသည် ဂတ်ကော်န တီနှင့်ရန်ဖြစ်လေသည်။

လင်းဂတ်ကော်နတီသည် မြည်းတစ်ကောင်ပေါ်တွင် အုတ်ခဲ များတင်၍ လမ်းထဲသို့ မောင်းသွင်းလာသည်။ သူ ့အကြံမှာ လမ်း လျှောက်လာသော ဘင်ဗင်နုတိုခြေထောက်ပေါ်သို့ အုတ်ခဲကျရန် ဖြစ်သည်။ ထိုအစီအစဉ်ကိုမြင်သော ဘင်ဗင်နုတိုက အုတ်ခဲများ မြည်းးကျောမှမကျမီ ဂတ်ကော်နတီအား

ဆွဲ၍ထိုးလိုက်ရာ လမ်းပေါ်တွင်လဲလေသည်။ ထိုအခါ ဂတ်ကော်နတီ၏ မိတ်ဆွေသူငယ် ချင်းကလေးများသည် ဘင်ဗင်နုတိုကို ရိုက်နှက်ရန် ဝိုင်းလာကြသည်။

ဘင်ဗင်နုတိုသည် ခါးပတ်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီးလျှင်“မင်းတို့ထဲက ရဲရင် ရှေ့တစ်လှမ်းတိုးကြည့်စမ်း' ဟုဆိုလေသည်။ “တိုးလာဝံ့တဲ့ကောင်ရှိရင် အဲဒီကောင် သရဏဂုံတင် ဘုန်းကြီးသွားပင့်ချေ၊ ဆရာဝန်ခေါ်လာလို့ကတော့အပိုပဲ' ဟုဆို လိုက်ချေသေးသည်။

သူငယ်တို့သည် ဘင်ဗင်နုတို၏ ကြုံးဝါးချက်ကြောင့် ကြောက်အားပိုကာ ငေးကြောင်ကြည့်နေကြသည်။ ဘင်ဗင်နုတို ထွက်သွားသောအခါ သူတို့အားလုံးသည် မိဘများအား တိုင်ကြသဖြင့် မိဘများက သမာဓိမြို့ဝန်များထံသွား၍ ဘင်ဗင်နုတိုက ဓားနှင့်ကြိမ်းမောင်း၍ ထိုးကြိတ်ကြောင်း စွဲချက်တင်ကြသည်။ လုံးဖြင့် ဘင်ဗင်နုတို့သည် သမာဓိမြို့ဝန်ရုံးသို့သွား၍ သူက စတင် ကျူးလွန်ရသည် မဟုတ်ကြောင်း ပြောပြသော်လည်း သမာဓိမြို့ဝန် များက တရားလိုများကို အနိုင်ပေးကာ သူ့ အား ငွေဒဏ်တပ်လိုက် ကြသည်။ တရားသူကြီးများက တရားလိုများစကားကို တစ်ဖက် သတ်ယုံကြည်ခြင်း၏ အကြောင်းအရင်းမှာ အခြားမဟုတ်၊ ဘင်ဗင် နုတိုက ရုံးတက်လာသောအခါ အခြားသူတို့နည်းတူ ကျကျနနဝတ် စားမလာဘဲ စစ်သားများဝတ်သည့်နည်းတူ အင်္ကျီရှည်ဝတ်လာခြင်း ပင်ဖြစ်သည်။

သူ့ကို ယင်းသို့ မတရားစွပ်စွဲရမည်လောဟူသော နှင့်ဒေါသမာန်ပွားကာ တရားလို ဂတ်ကော်နတီ၏အိမ်သို့ ဓား မြှောင်ကိုင်၍ ဒရောသောပါးသွားလေသည်။ အိမ်သားတို့သည် ညစာစားရန် စားပွဲတွင်ထိုင်နေကြစဉ် -" ဂတ်ကော် နတီက သူ့ကိုလှမ်း၍ထိုးလိုက်ရာ သူကတိမ်းပေးလိုက်သဖြင့် ဂတ်ကော်နတီ လဲသွားသည်။ လဲအသွားတွင် သူက ဓားမြှောင်ဖြင့် လှမ်း၍တွက်လိုက်ရာ ဂတ်ကော်နတီ၏ အပေါ်အင်္ကျီနှင့် အတွင်းခံစုတ်သွားလေသည်။ သွေးတစ်ပေါက်မျှ မကျသော်လည်း ဂတ်ကော် နတီမှာ အကြောက်ကြီးကြောက်၍ ကြမ်းပေါ်တွင် ဝမ်းလျားထိုးလဲနေလေသည်။

ဘင်ဗင်နုတိုက သူ့ရန်ဘက်ကျဆုံးသွားပြီ အောက်မေ့ကာ “သစ္စာဖောက်တွေ. . . နင်တို့အားလုံးကိုသတ်ဖို့ ငါဒီနေ့လာခဲ့တာ ပဲဟေ့”ဟုအော်၍ အခြားအိမ်သားများဆီသို့ တိုးဝင်သွားလေသည်။ အိမ်သားအားလုံးကလည်း ကြမ်းပြင်ပေါ်တွင် ပြားပြားဝပ်လျက် အသက်ဘေးမှ ချမ်းသာပေးပါမည့်အကြောင်း တောင်းပန်ကြကုန် ၏။ ဘင်ဗင်နုတိုလည်း အထင်သေးသည့် အကြည့်မျိုးဖြင့် တစ်ချက် မျှ လှမ်းကြည့်ပြီးလျှင် ထွက်သွားလေသည်။

အိမ်ပေါ်မှအဆင်းလှေကားရင်းတွင် အသင့်စောင့်နေကြသော ဂတ်ကော်နတီ၏ အိမ်မိသားစု ၁၂ ဦးနှင့် ရင်ဆိုင်ရလေ သည်။ ယင်းတို့လက်တွင် သံ၊ တုတ်၊ သံကောက်၊ တူ၊ တင်းပုတ် စသည်တို့ရှိလေသည်။ ဘင်ဗင်နုတိုသည် နွားသိုးရူးပမာ သူတို့ကြား ထဲသို့ အတင်းဝင်ကာ ခေါးမြှောင်နှင့်မွှေလေသည်။ ရန်သူငါး ယောက်ကျဆုံး၍ ကျန်လူခုနှစ်ယောက်က သူ့ အား တူများ၊ တင်း ပုတ်များနှင့် ထုကြသော်လည်း သူတို့ကြားမှ အပွန်းအပဲ့တစ်စုံတစ် ရာမျှမရှိဘဲ လွတ်သွားလေသည်။ သူသည် ဦးထုပ်တစ်လုံးသာ ဆုံး လေသည်။

ဘင်ဗင်နုတိုသည် သမာဓိမြို့ဝန်များက မြို့နှင်ဒဏ်ခတ်သည့် ကြေငြာချက်ကိုမစောင့်ပဲ ဖလောရင့်မြို့မှထွက်၍ ရောမမြို့ သို့သွားလေသည်။

ဘင်ဗင်နုတိုသည် ငယ်စဉ်ကပင် ရွှေပန်းထိမ်အလုပ်ကို နှစ်သက်လေရကား ရောမမြို့သို့ ရောက်သည့်အခါ ပန်းထိမ်ပညာ အတတ်ဆုံး ဆရာကြီးများထံတွင် ပညာသင်လေသည်။ သူသည် ဉာဏ်ထက်သူဖြစ်သည်လည်းတစ်ကြောင်း၊ ပန်းထိမ်ပညာ၌ အထူး စိတ်ဝင်စားသူတစ်ဦးဖြစ်သည်လည်းတစ်ကြောင်း၊ ဤနှစ်ကြောင်း ကြောင့်မကြာမီပင်လျှင် သူ့ ဆရာများနှင့် ပညာပြိုင်လောက်အောင် တတ်ကျွမ်းလာပေသည်။ သူ့ပြိုင်ဘက်များနှင့် ဆရာအချို့က လက် စောင်းထက်ရကောင်းလားဟူ၍ ဒေါသမာန်ပွားကြသော်လည်း ဘင်ဗင်နုတို၏လက်ရာမှာ သူတကာလက်ရာများထက် အခကြေး ငွေပို၍ရလေသည်။

ဘင်ဗင်နုတိုသည် နှစ်ပေါင်းအတော်ကြာမျှ ပန်းထိမ်အတတ်၌ စိတ်ဝင်စားလျက် ကြိုးပမ်းလုပ်ကိုင်လေရာ ရောမမြို့တွင် အတော်ဆုံးပန်းထိမ်ဆရာကြီး ဖြစ်လာလေသည်။ ပန်းထိမ်အတတ် ၌ လေ့လာလုပ်ကိုင်သည့်အချိန်မှအပ အားလပ်သောအချိန်တွင် သူသည် အခြားအတတ်တစ်ခု၌ လေ့လာလုပ်ကိုင်လေသည်။ ထိုအ တတ်၌လည်း သူသည် သူတစ်ပါးထက် ထူးကဲစွာအောင်မြင်ပေသည်။ ယင်းသည်ကား ဘင်ဗင်နုတို၏ အချစ်အတတ်ပင်တည်း။

တစ်နေ့သ၌ မိတ်ဆွေတစ်ယောက်သည် သူ့ထံသို့ ညစာ စားရန်လာရင်းဖော်စတိနားအမည်ရှိသော ပြည့်တန်ဆာတစ် ယောက်ခေါ်လာသည်။ ပြည့်တန်ဆာအလုပ်သင် အိမ်အစေခံ ကောင်မလေးတစ်ယောက်ကိုလည်း ခေါ်လာသည်။ ပြည့်တန်ဆာ ဖော်စတိနားက သူ့ မိတ်ဆွေနှင့် မအိပ်လို၊ သူနှင့်သာအိပ်လိုသည် ဟုဆိုသဖြင့် ဘင်ဗင်နုတိုမှာ သူ့မိတ်ဆွေအတွက် အားတောင့်အား နာကြီး ဖြစ်နေလေသည်။ သူ့မိတ်ဆွေအိပ်ပျော်နေခိုက် ဖော်စတိနားသည် အခန်းထဲမှ ချွတ်နင်းပြီးလျှင် ဘင်ဗင်နုတို့၏ အခန်းထဲသို့ ဝင်၍ သူ့အိပ်ယာတွင် အတင်းတက်အိပ်လေသည်။

ဘင်ဗင်နုတို၏ အနုပညာစိတ်ထားအရ ယင်းသို့ပြုလုပ်ခြင်းသည် မဖွယ်ရာသောအမှုဖြစ်ချေသည်။ ဖော်စတိနားကို သူ့မိတ်ဆွေက ငှားလာလျှင် သူ့မိတ်ဆွေသာလျှင်ပိုင်၍ ဖော်စတိနားက သူတစ်ပါးအား မိမိကိုယ်ကို ပေးပိုင်ခွင့်မရှိပေ။ အထူးသဖြင့် သူ့မိတ်ဆွေက ညစာအတွက် အကုန်ခံသောကြောင့် သာ၍ပင် မသင့်လျော်ချေ။ ထို့ကြောင့် ဖော်စတိနားကို သူ့မိတ်ဆွေ၏အိပ်ရာသို့ ပြန်ပို့လိုက်လေသည်။ သို့ရာတွင် သူ့အဖို့ စိတ်ခေတ်တက် ကြွနေသဖြင့် အစေခံသူငယ်မကို လိုက်၍ရှာလေသည်။

သူငယ်မကိုတွေ့သဖြင့် သူတို့နှစ်ယောက် အတူအိပ်ကြလေသည်။ နောက်တစ်နေ့နံနက်တွင် ဘင်ဗင်နုတိုသည် ကြီးစွာခေါင်းကိုက်၍ ဘယ်လက်မောင်းတွင် အဖုကလေးများပေါ်လာ သည်။ ဘယ်လက်ကောက်ဝတ်တွင် အနာတစ်ခုပေါ်လာသည်။ ဆရာဝန်ကကြည့်ပြီးလျှင် ခေါင်းယမ်းလေသည်။

"ကဲ .. ကျုပ်ရောက်လာတော့မှ ခင်ဗျားကို ကုပေးရတာ ဒါပေမယ့် တစ်ခုတော့ ကြိုတင်ပြောလိုက်မယ်၊ ခင်ဗျား မိန်းမနဲ့ အိပ်ခဲ့တယ်ဆိုရင် ကုလို့မရနိုင်တော့ဘူး။ " "ကျုပ် မနေ့ညကပဲ မိန်းမတစ်ယောက်နဲ့ အိပ်ခဲ့တယ်၊ ဒီတော့ ကျုပ်ဟာ ပြင်သစ်ရောဂါ မရနိုင်တော့ဘူးပေါ့' ဟု ဘင်ဗင်နု တိုကဆိုသည်။

နှစ်ဖက်နှစ်လမ်းလုံးပင် သက်သာရာ အခြေအနေမျိုး မဟုတ်ပေ။ အီတာလျံတို့က "ပြင်သစ်ရောဂါ" ဟုခေါ်သော ဆစ်ဖလစ်ကာလသားရောဂါမရခဲ့လျှင် သူသည် အကျိတ်ပေါက်ပလိပ် ရောဂါရနေပြီဖြစ်ချေမည်တည်း။ မည်သို့ပင်ဆိုစေကာမူ ဘင်ဗင်နု တိုသည် သူမသေနိုင်ဟု အတတ်သိလေသည်။ သူသည် ဖိုးကံ ကောင်းတစ်ယောက်ပင် မဟုတ်ပါလော။

ဟုတ်ပါသည်။ သူ့ပတ်ဝန်းကျင်၌ လူအများအတုံးအရုံး သေကြကုန်၏။ သူတစ်မှုကား သေဘေးမှ လွတ်လာလေသည်။ ရောဂါပျောက်ကင်းပြီးနောက် မကြာမီပင်လျှင် သူသည် ပန်းထိမ် အတတ်၊ အချစ်အတတ်တို့၌သာ ကျွမ်းကျင်သည်မဟုတ်၊ စစ်အတတ်၌လည်း ကျွမ်းကျင်ကြောင်း အကြောင်းပြနိုင်ခွင့်ရလေသည်။ ၁၅၂၇ ခုနှစ်တွင် ဘောရဘွန်မြို့စားကြီးက ရောမမြို့သို့ အလုံးအရင်းနှင့် ချီတက်လာသည်။ ရောမမြို့၌ကား ခုခံရန်တပ်မရှိချေ။ မြို့သူမြို့သားတို့သည် တတ်နိုင်သမျှ ခုခံကြရသည်။ သူ ဖြစ်ပျက်ပုံအစစ်အမှန်ကား ဆင်းရဲသားတို့သည် မပြေးနိုင်ကြသည့်အလျောက် မိမိတို့အား အစုလိုက်အပြုံလိုက် သတ်မပစ် ပါစေနှင့်၊ မုဒိမ်းမကျင့်ပါစေနှင့်ဟု ငို၍သာ ဆုတောင်းကြရသည်။ ယင်းသို့ ဆုတောင်းသော်ငြားလည်း အသတ်ခံရ၊ အကျင့်ခံရသည် သာတည်း။ ကြေးရတတ်တို့မှာမူ စစ်သားများ ငှားရမ်း၍ မိမိတို့၏ ရဲတိုက်များကို ခုခံကာကွယ်ကြစေသည်။ ဘင်ဗင်နုတို ဆယ်လိနီ၏ မိတ်ဆွေ အယ်လိတ်ဇင်ဒရိုက

သူ့အား လူငါးဆယ်ခန့်ရှာ၍ မိမိ၏ ရဲတိုက်ထဲသို့ဝင်နေ၍ ကာကွယ်ပေးရန် တောင်းပန်လေရာ ဆယ် လိနီက သဘောတူဆောင်ရွက်ပေးလေသည်။

ဆယ်လိနီတို့လူစု ရဲတိုက်ထဲ ရောက်ခါစမျှရှိသေးသည် ဘောရာဘွန်မြို့စား၏ တပ်များသည် ရောမမြို့စွန်သို့ ရောက်လာကြကုန်၏။ ဘင်ဗင်နုတိုနှင့် သူကမိတ်ဆွေ အယ်လိတ်ဇင်းဒရိုတို့သည် ကြေးစားစစ်သားတစ်ယောက်နှင့်အတူ ရန်သူ၏အခြေအနေကို ထောက်လှမ်းရန် မြို့ရိုးပေါ်သို့ တက်ကြသည်။ ထိုခေတ်က သေနတ်သည် အတော်လေး၍ပစ်ရာ၌လည်း လောက်လေးခွလောက်မျှ တည့်ချေ။

မြို့ရိုးပေါ်သို့ရောက်လျှင်ပင် ဘင်ဗင်နုတို့နှင့် ရဲဘော်တို့သည် ကာကွယ်ရေးတပ်သားများ အတုံးအရုံးကျဆုံးနေသည်ကို တွေ့ကြရသည်။ တိုက်ပွဲမှာ ထူထပ်သော နှင်းတောထဲတွင် ဖြစ်ပွား လျက်ရှိနေစဉ်ပင် ဘောရာဘွန်မြို့စားတပ်သားများသည် မြို့ရိုးပေါ် သို့တွယ်တက်နေပြီဖြစ်ကြောင်း ထင်ရှားတော့သည်။ ‘ငါတို့ဒီနေရာ မရောက်လာခဲ့ရင် သိပ်ကောင်းမှာပဲ”ဟု အယ်လိတ်ဇင်းဒရိုက ညည်းလိုက်သည်။

သင့်ဘင်ဗင်နုတိုက သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီးလျှင်“ခင်ဗျားက ကျုပ်ကို ဒီနေရာခေါ်လာပြီဖြစ်တော့ ကျုပ်လဲ ယောကျ်ားပီသတဲ့အလုပ်ကလေး လုပ်ပြလိုက်ရဦးမှာပေါ့' ဟုဆို လေသည်။

ဦးတို့ မလှမ်းမကမ်း၌ ရန်သူတပ်များကို နှင်းတောထဲတွင် ဝိုးဝါး မြင်လိုက်ရသည်။ ဘင်ဗင်နုတိုလည်း သူကမိတ်ဆွေနှင့် ရဲဘော်များကို သေနတ်ပစ်စဉ် ဝပ်နေကြရန် သတိပေးပြီးလျှင် ရှေ့သို့တိုးနိုင် သလောက်တွားသွား၍ တိုးသွားပြီးလျှင် နှစ်ချက်ဆင့်၍ပစ်လိုက်ရာ ရန်သူဘက်က လူတစ်ယောက် ထိမှန်သွားလေသည်။ ဘင်ဗင်နုတိုတို့ တဖြည်းဖြည်းတွား၍ ထွက်ပြေးကြစဉ် ရန်သူတပ်များက အကြောင်းရင်းကား သောင်းကနင်းဖြစ်နေစေးပင်ဖြစ်သည်။ ဘင်ဗင်နုတို၏ လက်ချက်ကြောင့် ကျဆုံးလေသည်။

နှင့်သာ သို့ရာတွင် ရန်သူ့တပ်များသည် ရောမမြို့တွင်းသို့ ရောက် နှင့်နေပြီဖြစ်သဖြင့် ရဟန်းမင်းကြီး ကလိမင့်သည် ဗာတိကန်နန်းတော်မှ ရဲတိုက်ထဲသို့ ဝင်ရောက်ခိုလှုံနေရသည်။ ဘင်ဗင်နုတိုသည် ကာကွယ်ရေးတပ်ထဲသို့ အတင်းဝင်ခိုင်းသဖြင့် ဝင်နေရလေရာ သူပါဝင်သော အမြောက်တပ်စုဗိုလ် ဖိယော်ရင်တိနိုနှင့် ရဲဘော်တို့သည် ရန်သူကိုတိုက်ခိုက်ရန် မေ့လျော့ကာ ငေးကြောင်၍ ကြည့်နေ ကြသည်။ တပ်စုမှူးဖိယော်ရင်တိနိုမှာ မိန်းမလို မိန်းမရ တရှုပ်ရှုပ်ငို ကြွေးနေလေသည်။ သူ့အိမ်ကို ရန်သူက မီးရှို့၍ သူ့ဇနီးကိုမတရား ကျင့်နေသည်ကို သူလှမ်း၍မြင်နေရခြင်းကြောင့်ပင်တည်း။

ဘင်ဗင်နုတိုသည် တပ်မှူးပစ်ချထားသော မီးစာကို ကောက်ယူ၍ ရဲဘော်တို့အား စုဝေးစေပြီးလျှင် အမြောက်ကိုမီး စာထိုး၍ အကြိမ်များစွာ အဆက်မပြတ်ပစ်နေလေသည်။ ယင်းသို့ ပြင်းပြင်းထန်ထန်ခုခံခါမှ ရန်သူ့တပ်များ တဖြည်းဖြည်းဆုတ်ခွာသဖြင့် ရဟန်းမင်းကြီး၏ရဲတိုက်မှာ ဘေးကင်းရတော့သည်။ ယင်းသို့ဖြစ်ပျက်ပြီးလျှင် ဆယ်လိနီသည် အမြောက်ပစ် အတတ်ကို ဆက်လက်လေ့လာဆောင်ရွက်လေရာ ထိုအတတ်၌လည်း တစ်ဖက်ကမ်းခပ်နိုင်ပေတော့သည်။ သူသည် အခြားအမြောက်တပ်မှူးများကဲ့သို့ လူအစုအအုပ်ကို ရမ်း၍ပစ်ခတ်သည် မဟုတ်၊ ချိန်၍ပစ်ရာ လက်တည့်သူဖြစ်သည့်အလျောက် သူလိုရာ ကို ထိမှန်စေသည်။ တစ်ခါက အရက်ဆိုင်တစ်ဆိုင်နံရံတွင် နေတံ ဆိပ်အမှတ်အသားရေးထားရာ ဆယ်လိနီသည် ထိုအမှတ်ကိုတည့် အောင်ချိန်၍ အမြောက်နှင့်ပစ်လိုက်ရာ ကျည်ဆံသည် နေဝန်း၏ အလယ်တည့်တည့်ကို မှန်လေသည်၊

ခေတ်တစ်ခါကလည်း ရဟန်းမင်းကြီးသည် သူ့ရဲခိုမှ ငုံ့၍ကြည့် လိုက်ရာ သစ္စာဖောက်စစ်ဗိုလ်တစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ဆယ်လိနီက အလိုက်သိစွာ အမြောက်နှင့်ချိန်၍ ပစ်လိုက်ရာ စစ်ဗိုလ်၏ ခါးတည့်တည့်မှန်ကာ ကိုယ်နှစ်ပိုင်းပြတ်သွားလေသည်။

ရောမမြို့ကြီးကို ရန်သူတို့ဝင်စီးစဉ်က ဘင်ဗင်နုတိုသည် အမြောက်ကိုကောင်းစွာအသုံးပြု၍ ရန်သူကို ခုခံနှိမ်နင်းလေသည်။ တစ်ခါ၌ သူ့အား အမြောက်ကျည်ဆန်အစတစ်ခု ရင်ဘတ်ကို တည့် တည့်မှန်သဖြင့် သူသည် ကြမ်းပြင်ပေါ်တွင် ပက်လက်လဲသွားလေသည်။ ခြေလက်ကို အနည်းငယ်မျှမလှုပ်နိုင်ဘဲ စင်းစင်းကြီးလဲနေသောကြောင့် သူ့ရဲဘော်များက သူ့ကိုသေပြီဟုအောက်မေ့ကြသ ဖြင့် ထုံးစံအတိုင်း သူ့ပါးစပ်ထဲသို့ အမှိုက်သရိုက်များ သွတ်သွင်းကြ လေသည်။ သူ့ မိတ်ဆွေတစ်ယောက်ကမူ ဆေးဆရာဖြစ်သည့်အလျောက် သူ့မျက်နှာပေါ်တွင် မီးစကိုဖုန်းချသော ဝိုင်အရက်ရည် လောင်းပေးလေသည်။ ဆယ်လိနီလည်း သတိပြန်ရလာကာ ချက်ချင်းထ၍ သူ့ရဲခိုသွားပြီးလျှင် တစ်နေကုန် အမြောက်ဆက်လက်ပစ် ခတ်နေပေတော့သည်။

နောက်ဆုံး၌ စစ်ပြေငြိမ်းလိုက်သဖြင့် ဘင်ဗင်နုတိုဆယ် လိနီလည်း ပန်းထိမ်အလုပ်ကို ပြန်လုပ်လေသည်။ သူဝင်လုပ်သော ဆိုင်၌ ဆိုင်ရှင်၏လှပသောသမီးကလေးသည် လက်တွင်အနာ ပေါက်လေရာ လက်တစ်ဖက်လုံးဖြတ်ပစ်ရသောအခြေသို့ဆိုက်နေလေသည်။ ဆရာဝန်ကလည်း လက်ဖြတ်ပစ်ရမည်ဆို၏။ ဆယ်လိနီက ဆရာဝန်ကို ကြိမ်းမောင်းလွှတ်လိုက်ပြီးလျှင် ရောမမြို့တွင် အကျော်စောဆုံးဖြစ်သည့် သမားတော်ကြီးရက်စတဲလီကို ခေါ်လေ သည်။

ရက်စတဲလိကမူ လက်တစ်ဖက်လုံးဖြတ်ပစ်စရာမလို၊ အနာပေါက်သော လက်ချောင်းကလေးများကိုသာ တိပစ်ရန်လိုသည်ဟုဆို၏။ ရှေးခေတ်က ထုံဆေး မေ့ဆေးမရှိသည့်အလျောက် အစိမ်းတိုက်ဖြတ်ရာ သူငယ်မကလေးသည် အပြင်းအထန်ဝေဒနာခံရ ရှာလေသည်။ ထိုအခြင်းအရာကိုမြင်ရသော ဆယ်လီနီသည် ပန်းထိမ်ဆရာပီပီ သမားတော်ကြီးအသုံးပြုသော ဓားမှာပျစ်ထူလှ ကြောင်းသိသဖြင့် ဆောက်ကလေးပါးပါးတစ်ခု အမြန်လုပ်၍ပေးလေသည်။ သူ့ဆောက်ပါးကလေးနှင့် လက်ချောင်းများကို ဖြတ်ခါမှ လူမမာလည်း အနာသက်သာလေတော့သည်။ ဆယ်လီနီသည် အစစအရာရာ၌ စပ်စုတတ်သည်နှင့်အမျှ သူတစ်ပါးထက် အမြင်သန် ဉာဏ်ထက်မြက်သောကြောင့် သူ့ကို နေရာတကာ၌ အားကိုးကြသည်။

ဆယ်လီနီသည် ပန်းချီအတတ်ကိုလည်း လေ့လာသည်။ ပန်းချီဆရာထုံးစံအတိုင်း ပုံတူဆွဲရန် စံပြမယ်များထားရာ သူ့၌ သူတကာထက် စံပြမယ်ဦးရေ ပိုများလေသည်။ ယင်းတို့သည် သူ့ အလိုကို ဖြည့်ကြရသည်။ ဆင်းရဲသားပိုင်းမှလာကြသော ထိုသူငယ်မတို့သည် စံပြမယ်အဖြစ်နှင့် ဇိမ်မယ်အဖြစ် တွဲဖက်၍ ဆောင်ရွက် ရသည်ကို ကျေနပ်နေကြကုန်၏။

ဆယ်လီနီအခန်းမှာသော ရှုပ်ပွေနေသည်။ သူ့အလုပ်သမားများက တစ်ဖက်ခန်းတွင် လုပ်ကိုင်နေကြသည်။ သူ့ အိပ်ခန်းမှာ တစ်ဖက်စွန်းတွင်ရှိသည်။ စံပြမယ်အိပ်ခန်းမှာ အခြားတစ်ဖက်တွင် ရှိရာ သူ့ အိပ်ခန်းနှင့်ခပ်မှောင်မှောင်စင်္ကြံကလေးဖြင့် ဆက်လျက်ရှိသည်။ သူသည်ညဉ့် စံပြမယ်အိပ်ခန်းသို့ သွား၍အိပ်သည်။

သူ့အဖို့ စံပြမယ်များ ရှာနေရဖို့ဝေးစွ၊ လာကြလွန်း၍ နံပါတ်စဉ်တတ်ထားရသည်။ အရင်လာသူကို အရင်ထား၍ နောက်ကျသူနောက်မှလာရသည်။ စံပြမယ်တို့သည် သူနှစ်သက်သမျှသာ နေကြရသောကြောင့် သူငြီးငွေ့လာသည်နှင့်တစ်ပြိုင်နက် သွားကြရသည်။ တစ်ခါက သူရေးသောပုံတွင် မိန်းကလေးနှစ်ယောက်ပုံကို ရေးထည့်ရန်လိုသဖြင့် စံပြမယ်နှစ်ယောက်ကို တစ်ပြိုင်နက်တည်း ခေါ်ထားရသည်။ ခေါ်ထားသောစံပြမယ်နှစ်ယောက်လုံး၏ ကာယရုပ်ရူပကာကို တစ်မျိုးစီနှစ်သက်သဖြင့် နှစ်ယောက်လုံးကိုပင် ခေါ်ထားလိုက်လေတော့သည်။ နှစ်ယောက်ကိုပြိုင်တူထားသည့် စီအစဉ်မှာ သူ့အဖို့ကျေနပ်စရာဖြစ်သော်လည်း မကြာမီပင် ငြီးငွေ့လာလေသည်။ သို့ရာတွင် တစ်နေ့သ၌ သူတို့၏ စူးရှသောဟစ်အော်သံကိုကြားရသဖြင့် ဘင်ဗင်နုတိုသည် အခန်းထဲသို့ပြေးဝင် ကြည့်ရှုရာ စံပြမယ်တစ်ယောက်က အခြားတစ်ယောက် အသံမောင်းချစေကလေးနှင့် မျက်နှာနှင့်ရင်သားတို့ကို ရုပ်၍ ဆွဲလိုက်သဖြင့် သွေးများလိမ်းကျံလျက်ရှိသည်ကို တွေ့ရသည်။ သေမည့်အနာ မဟုတ်သော်လည်း

အလှမယ်အဖို့ သေသည်ထက်ဆိုးဝါးသောအ ဖြစ်သို့ ရောက်သွားရှာလေသည်။ မျက်နှာနှင့်ရင်သားတို့တွင် အ စင်းကြောင်းကြီးများဖြစ်နေသောကြောင့် အလှပျက်ရလေသည်။ ဆယ်လီနီလည်း ကြိမ်လုံးကိုဆွဲ၍ခေါနှင့်ထိုးသော စံပြမယ်ကို အညိုအမည်းထင်အောင် ရိုက်နှက်သဖြင့် သူ့ခမျာအစားအသောက်ကိုပင်ထိုင်၍မစားနိုင်အောင် ဖြစ်သွားလေတော့သည်။

တစ်ခါကလည်း ဘင်ဗင်နုတိုသည် အိန်ဂျလားအမည်ရှိသော မိန်းမချောကလေးတစ်ဦးနှင့် ချစ်ကြိုက်ခဲ့ဖူးလေသည်။ အိန်ဂျလား၏မိခင်က သူနှင့်သဘောမတူသဖြင့် ရောမမှ စစ်စလီပြည်သို့ ထွက်ပြေးရာ ဘင်ဗင်နုတိုက မရရအောင်လိုက်၍ရှာလေသည်။ မကြာမီပင်တွေ့သောအခါ သူသည်အိန်ဂျလားနှင့် သုံးနေ့သုံးညမျှ အတူပေါင်းသင်းနေ၏။ အိန်ဂျလားကလည်း သူ့ကိုအထူးပင်နှစ်သက်လေသည်။ ထို့နောက်ဆယ်လီနီကို အိန်ဂျလာ၏မိခင်ကြီးက သမီးကို အခကြေးငွေ တစ်နှစ်စာပေးရန် တောင်းဆိုလေသည်။ အခကြေးငွေကိစ္စ၌ သဘောချင်းမတိုက်ဆိုင်ဘဲရှိလေရာ သူက အဒေါ်ကြီးအား “ခင်ဗျား ကျုပ်ပေးတာယူမလား၊ မယူဘူးလား ဟုပြတ်ပြတ်သားသားမေးလေသည်။ အဒေါ်ကြီးက မယူနိုင် ကြောင်း ငြင်းပယ်လိုက်သည်တွင် သူကပြုံး၍ “ခင်ဗျားက ကျုပ်ပေး တာမကျေနပ်ပေမယ့် ကျုပ်ကတော့ ခင်ဗျားသမီးနဲ့ ဒီလောက်ကြာ ကြာနေလိုက်ရတာ ကျေနပ်ပြီ' ဟုဆိုပြီးလျှင် အိန်ဂျလားကိုနမ်းပြီး ရယ်ကာ မောကာ မြင်းနှင့်ထွက်သွားလေသည်။ လမာခရံ အိန်ဂျလားနှင့်ပက်သတ်၍ ရယ်နိုင်အားသော ဆယ်လီနီ သည် စံပြမယ် ကက်တရိနားနှင့် မရယ်နိုင်အား ချေ။ ကက်တရိနားသည် စံပြမယ်များတွင် အချောအလှဆုံးဖြစ် သည်။ မျက်နှာကလေးချစ်စရာကောင်းသလောက် ကိုယ်လုံးကိုယ်ထည်မှာ ပန်းပုထုထားသကဲ့သို့ လုံးကျစ်ပြေပြစ်ပေသည်။ ဆယ်လီနီ သည် အခြားသောမိန်းမများကို သာမန်မျှသဘောထားနိုင်သော် လည်း ကက်တရိနားအပေါ်၌ သံယောဇဉ်ကြီးမားလှချေသည်။ ထိုသို့သောအလှမျိုးကို သူသာမက အခြားယောကျ်ားများကလည်း စွဲမက်မည်ဟု တထစ်ချယုံကြည်သည့်အလျောက် စိတ်မချနိုင် အောင် ဖြစ်နေလေတော့သည်။ ထို့ကြောင့် သူသည် သူ့တပည့်လူတော်ယုံ မစ်ဆားရိကိုခေါ်၍ ဖွင့်ပြောလေသည်။

“မင်းအသိသားပဲ တပည့်ရာ၊ ငါက ကက်တရိနားကို ပန်းချီ အနုပညာအတွက် ခေါ်ထားတာပါ၊ ဒါပေမယ့် ယောကျ်ားဆိုတော့ ဒီလောက်အလှကလေးနဲ့ ကင်းအောင်ဘယ်နေနိုင်ပါ့မလဲ၊ ဒီတော့ တစ်နေ့နေ့ ကက်တရိနားဟာ ငါနဲ့ကလေးရချင်ရနိုင်တယ်၊ငါနဲ့ရတာကိစ္စမရှိပါဘူး၊ ငါနဲ့လိုလို တခြားကောင်တစ်ယောက်နဲ့ရတဲ့ ကလေးကိုတော့ ငါကျွေးမွေးမထားချင်ဘူး၊ ဒီတော့ ငါမင်းကို တာ ဝန်ပေးချင်တယ်၊ ကက်တရိနား တခြားကောင်တစ်ယောက်ယောက်နဲ့ ယဉ်ပါးနေတာများတွေ့ ရင် ငါ့ကိုပြောရမယ်”။

ယင်းသို့စိုးရိမ်ရှာသဖြင့် မှာထားပြီးနောက် မကြာမီပင်လျှင် ဆယ်လိနီကိုယ်တိုင် ကက်တရိနားနှင့် သူ့လူယုံတော်မစ်ဆားရိတို့ ယဉ်ပါးကြသည်ကို မိလေတော့သည်။ ထိုအခါ ဆယ်လိနီက မစ်ဆားရိကို ကက်တရိနားအား အတင်းယူစေသည်။ ရုံးမင်းရှေ့တွင် မင်္ဂလာဆောင်စာချုပ်ကို အထိုးခိုင်းသည်။ မစ်ဆားရိခမျာ မှာသူ့ဆရာက အနီးတွင်အင်္ကျီအိတ်ထဲ၌ ဓားမြောင်အဆင်သင့် ထားကာ ရပ်နေသောကြောင့် လက်မှတ်ထိုးလိုက်ရရှာသည်။ မင်္ဂလာဆောင်ပြီးနောက် ချက်ချင်းပင် ကက်တရိနားကို သူ့ စံပြမယ်အဖြစ်ငှားလိုက်ပြီးလျှင် ဝတ်လစ်စလစ်ထားကာအရ ချိုင်ရင်းပင် ကက်တရိနားနှင့် သူ့လင်ယောကျ်ားကို သရော်လေသည်။ ကက်တရိနားကလည်း အရွဲ့တိုက်၍ သူ့လင်အကြောင်းကို အကြီးအကျယ်ချီးမွမ်းပြောဆိုရာ ဘင်ဗင်နုတို့သည် ဒေါသကြီးစွာ ထွက်ကာ ကက်တရိနားကိုဆံပင်ဆွဲ၍ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် တရွတ်တိုက်ပြီးလျှင် လက်ပန်းကျအောင် ရိုက်နှက်လေသည်။

ရက်စက်သော ဘင်ဗင်နုတိုနှင့် ရက်စက်မှုကြိုက်သော ကက်တရိနားတို့သည် လိုက်ဖက်ပါပေသည်။ ယင်းသို့ ရိုက်နှက်ပြီး နောက်နေ့တွင် ကက်တရိနားသည် သူ့ထံပြန်လာသည်။ သူတို့နှစ် ယောက်သည် ယင်းသို့နှိပ်စက်လိုက်၊ အနှိပ်စက်ခံလိုက်နှင့် ကြည်နူး နေကြလေရာ ဆယ်လိနီသည် ကက်တရိနားကို ငြီးငွေ့လာသဖြင့်ကန်ထုတ်လိုက်လေသည်။

ကက်တရိနားနောက်တွင် ဆယ့်ငါးနှစ်အရွယ် ဂျီးန်ဆိုသူ ကို ယူပြန်လေသည်။ ဂျီးန်သည် မကြာခင်ပင် ကိုယ်ဝန်ရ၍ သက်လေးဆယ့်လေးနှစ်ရှိခါမှ ဆယ်လိနီလည်း သမီးကလေးတစ် ယောက်ရလေသည်။ သူ ့အဖို့ ယင်းသည် ပထမကလေးပင်ဖြစ် သည်။ တစ်သက်လုံး တေပေလာသော ဆယ်လိနီသည် သံယောဇဉ် ကြိုးကို ရက်ရက်စက်စက်ဖြတ်ပစ်လိုက်သည်။ ဖြတ်ပစ်ပုံကား ကလေးအတွက် ငွေကြေးမြောက်မြားစွာပေးပြီးလျှင် ဆွေမျိုးတစ် ယောက်အား မွေးစားစေသည်။ ယင်းသို့စီမံပြီးသည့်နောက် က လေးရောအမေပါ မျက်စိအောက်က ပျောက်သွားကြလေတော့ သည်။

ဘင်ဗင်နုတိုဆယ်လီနီသည် ရန်သူအလွန်ပေါသောသူ တစ်ယောက်ဖြစ်ရာ သူ့ကိုသတ်နိုင်ရန် အခွင့်အလမ်းကြုံလျှင် သတ် ရန်အသင့်ရှိသူ များလှစွာ၏။ သို့ရာတွင် သူသည်အလွန်မိုက်သော သူဖြစ်သဖြင့် သူနှင့်ယှဉ်၍မမိုက်ရဲကြချေ။

တစ်ခါက ရဟန်းမင်းကြီး တတိယမြောက် ပေါလ်၏ တိတ်တိတ်ပုန်းသားဖြစ်သော ဖားနီးက သူ ့အားခိုးမှုနှင့်စွဲလေ သည်။ ရောမမြို့ကို ရန်သူများဝိုင်းစဉ်က ဆယ်လိနီက ရဟန်းမင်း ကြီး၏ အမြောက်တပ်ဗိုလ်အဖြစ်

အမှုထမ်းဆောင်ရွက်လေရာ ရဟာန်းမင်း၏ နန်းတော်မှ ကျောက်မျက်ရတနာများခိုးယူကြောင်း ဆင်းရဲသားတစ်ဦးက မျက်မြင်သက်သေလိုက်သောကြောင့် ဖားနီး က ရုံးတော်တွင် စွဲချက်တင်ခြင်းဖြစ်သည်။

ဆယ်လိနီကိုဖမ်း၍ ထောင်တွင်း၌ထားကာ အမှုစစ်ဆေး စဉ် ဖားနီးမှာသူ၏မတရားစွပ်စွဲချက်ကို အမှုမှန်ဖြစ်အောင် အနည်းနည်းအဖုံဖုံကြံဆောင်လေသည်။ ဆယ်လိနီကလည်း ထောင်ထဲ မှလွတ်အောင် ကြိုးပမ်းလျက်ရှိလေသည်။ သူ့အစေခံများအား သူ့ထောင်ခန်းတွင်းသို့ဝင်၍ လိုအပ်သော ပစ္စည်းများပေးခွင့်ပြုထားရာ သူကအိပ်ရာခင်းများကို တစ်ထည်ပြီးတစ်ထည် ကောက်ရိုးထဲ၌ ဝှက်ထားပြီးလျှင် အသစ်တစ်ထည် အမြဲတမ်းတောင်းလေသည်။ အတန်ကြာလတ်သော် သူ့၌အိပ်ရာခင်းများစွာရှိလေသည်။ အစများဖြစ်အောင် ဖြတ်၍ဆက်ကာ ကြိုးရှည်ကြီးလုပ်လေသည်။ ထို ပိတ်ကြိုးကြီးနှင့် သူ့ထောင်ခန်းမှ မြေသို့ဆင်း၍ပြေးရန်ဖြစ်သည်။ သူ့၌ အဆောင်ခါးမြှောင်တစ်ချောင်းလည်း ယူထားသေးသည်။

ပြေးချိန်တန်ပြီဟု သူထင်မြင်သောအချိန်ဖြစ်သည်။ ည၌ သူသည် ခါးမြှောင်နှင့်ပြတင်းပေါက်ကို ကန့်၍ဖွင့်ပြီးလျှင် ပိတ်ကြိုး အစွန်းတစ်ဖက်ကို ချည်ပြီးနောက် ပိတ်ကြိုးကိုတွယ်၍ ဆင်းလေ သည်။ ဆယ်လိနီသည် မှောင်ထဲသို့ဆင်းခါနီး ဘုရားကိုအောက်မေ့ လိုက်သေးသည်။ သူဆင်းရသည့်မျှော်စင်ကြီးမှာ မြင့်စောက်သော် လည်း ကံအားလျော်စွာ မြေပေါ်သို့ရောက်သွားလေသည်။ သို့နှင့်မလွတ်မြောက်သေးပေ။ တံတိုင်းကြီးများ ကာဆီး နေလေသေး၏။ ပိတ်ကြိုးနှင့်တွယ်ဆင်းရသဖြင့် လက်များပေါက်နေ ပြီဖြစ်သော်လည်း တံတိုင်းကြီးကို ကျော်လွှားရပေဦးမည်။ အနီးအ နားတွင် အကူအညီရစရာ ပစ္စည်းတစ်ခုခုရှာဖွေလိုက်ရာဝယ် သစ် တုံးရှည်ကြီးတစ်လုံးကို တွေ့ ရသည်။ သူသည် သစ်တုံးကြီးကို နံရံ တွင်မှီ၍ထောင်ပြီးလျှင် တွယ်၍တက်လေသည်။ လက်များလည်း ပေါက်၊ ပန်းလည်းပန်းလေပြီဖြစ်ရာ သစ်တုံးကြီးပေါ်မှ လိမ့်မကျအောင် အတော်ကြိုးစား၍ထိန်းရလေသည်။ တံတိုင်းထိပ်ပေါ်သို့ ရောက်သည့်အခါ တစ်ဖက်သို့ဆင်းရန်လိုနေသေးရာ သူ့၌ပါလာ သေးသောပိတ်ကြိုးကို သစ်တုံးများတွင်ချည်၍ ပိတ်ကြိုးမှလျော ဆင်းရလေသည်။

တစ်ဖက်သို့ရောက်ရုံနှင့် မလွတ်မြောက်သေးပေ။ အစောင့်တစ်ယောက်နှင့် ရင်ဆိုင်တိုးနေသဖြင့် ဆယ်လိနီသည် ခါး မြှောင်နှင့်အတင်းဝင်ရမ်းလေတော့သည်။ အစောင့်လည်း သူ့ကို မည်သို့မျှရန်မပြုဘဲ ခါးမြှောင်ဘေးမှပြေးလေသည်။ ထိုမှတစ်ဖန် နောက်ဆုံးတံတိုင်းကို ကျော်ရန်ရှိသေးသည်။

သူ့လက်မှာ သွေးချင်းချင်းနီနေလေပြီ။ သို့ရာတွင် အားခဲ၍ ပိတ်ကြိုးကိုတွယ်ဆင်းရပြန်သည်။ ဆင်းနေခိုက် လမ်းခုလတ်တွင် သတိလစ်ကာ မြေပေါ်သို့လိမ့်ကျသဖြင့် လုံးဝသတိမရတော့ဘဲ စင်းစင်း ကြီးလဲလေတော့သည်။

သူထွက်ပြေးသည်ကို မည်သည့်အစောင့်ကမျှ အရေးမယူ၊ လိုက်၍ရှာဖွေခြင်းမရှိ။ သူသတိပြန်ရလာသောအခါ သူ့ဦးခေါင်း ကွဲ၍ ခြေထောက်ကျိုးနေကြောင်းတွေ့ ရှိရသည်။ ယင်းသို့ဖြစ်သော် ငြားလည်း ဆယ်လီနီသည်အလျှော့မပေးပေ။ သူသည် ပိတ်စ အနည်းငယ်ကိုဖြတ်ပြီးလျှင် ခြေထောက်ကိုစီး၍ ဓားမြှောင်ကိုကိုက် ကာ လေးဖက်တွား၍ ကိုက် ၅၀၀ အကွာ၌ရှိသော ပရိုတိမြို့ရိုး ဆီသို့သွားလေသည်။ ပို့ရမှကိုက် ၅၀၀ မျှတွား၍သွားသော်လည်း လိုရာသို့မရောက် သေးပေ။ သူသည် မြို့တံခါးအနီးရှိ ကျောက်တုံးကြီးကို သူ၏သွေး လိမ်းကျံလျှက်ရှိသောလက်များဖြင့် တွန်းလိုက်သဖြင့် တစ်ယောက် ဝင်သာရုံ အပေါက်တစ်ခုဖြစ်ပေါ်လာလေရာ ထိုအပေါက်မှ တိုးဝင်လျှင် မြို့ထဲသို့ရောက်သွားပေတော့မည်။ မြို့ထဲသို့ရောက်သွားလျှင် လွတ်မြောက်သွားလေပြီ၊ ဘေးအန္တရာယ်မဆိုက်ရောက်နိုင်တော့ပေ။ သို့ရာတွင် ကျောက်တုံးကိုဖယ်လိုက်သည်နှင့် သူ့ကို အသင့်စောင့်ကြိုနေဟန်ဖြင့်အမဲလိုက်ခွေးတစ်အုပ်သည် သူ့ကိုအုပ်ရန် ဟန်ပြင်နေကြလေသည်။ မတ်တပ်ရပ်ရန်ပင်မစွမ်းသာသော ဆယ်လီနီသည် ဓားမြှောင်ဖြင့် သူ့ အပေါ် အုပ်လာသောခွေးများကို ထိုးသတ်လိုက်ရာလေးငါးကောင်သေရာတွင် ကျန်ခွေးများသည် ကြောက်လန့်၍ထွက်ပြေးကြလေတော့သည်။ ဆယ်လီနီသည် ခြေထောက်ကတဖျှင်းဖျှင်းနာနေသော် လည်း လူသူမရှိသေးသောလမ်းတစ်လျှောက်တွင် တွားသွားနေလေသည်။ မကြာမီပင် ရေထမ်းသမားတစ်ယောက်နှင့်တွေ့လေ သည်။

“ငါ့ကို ကျောပိုးပါ၊ စံပီယာရိုးအထိထမ်းပါ၊ ငါမင်းကို ရွှေဒင်္ဂါးတစ်ပြားပေးပါ့မယ်၊ မြန်မြန်လုပ်ပါ၊ မိသွားရင်သေလိမ့်မယ်”

ဟုသူကလှမ်းပြောလေရာ ရေထမ်းသမားမှာလည်း သူ့ကိုကြောက်လန့်သဖြင့် သူပြောသည့်အတိုင်းလုပ်ပေးပြီးလျှင် ပြေးလေသည်။

ယင်းသို့လျှင် ဆယ်လီနီသည် သာမန်လူတို့အဖို့ မစွမ်းနိုင်အောင်စွန့်စားလေသည်။ ရောမမြို့တစ်မြို့လုံးက သူ၏သတ္တိစွမ်းရည်ကိုချီးကျူးကြသည်။ ရောမဘုရင်ခံက “ခင်ဗျားတစ်ယောက်သာဒီလောက်စွမ်းဆောင်နိုင်တာ၊ ဒီလိုစွန့်စားမှုကို ဘယ်သူမှစွန့်စားနိုင်ခဲ့ဖူးတာမဟုတ်ပေဘူး' ဟုချီးကျူးစကားပြောလေသည်။ သူတစ်ပါးသတ်၍မသေနိုင်သောကံပါလာသည့် ဆယ်လီ နီကို တစ်ခါက

ရန်သူတစ်ယောက်ကအဆိပ်ခတ်လေသည်။

သာမန်လူတစ်ယောက်အဖို့သေရုံသာရှိသော်လည်း ဆယ်လိနီသည် တစ်နှစ်ခန့်လူးလိမ့်ခံရလေသည်။ အဆိပ်ပြေပျောက်၍နာလန် ထူလာသောအခါ သူ့ကိုအဆိပ်ခတ်သည့်အန်ဂရိဂိုလီအား 'ငါ့ကိုယ်ခန္ဓာထဲကအညစ်အကြေးတွေကို စင်ကြယ်အောင်လုပ်ပေး ပေတယ်'ဟုဆိုကာ ဆုလာဘ်ပေး၍ ချီးမြှင့်လိုက်ပေသေးသည်။ ဆယ်လိနီသည် အပြောအဆိုလည်ပတ်သူလည်း ဖြစ်ပေသည်။ တစ်ခါက သူ့အား မိန်းကလေးတစ်ယောက်ကို သွေးဆောင် မှုနှင့်တရားစွဲရာ သူကိုယ်တိုင် တရားသူကြီးထံတွင် လျှောက်လဲလေသည်။ သူ့လျှောက်လဲချက်မှာဟုတ်မှန်သည်မဆိုသာသော်လည်း ချိုသာရေလည်သောကြောင့် တရားသူကြီးက မိန်းကလေးမာယာ ကြွယ်မှုကြောင့်သာ ဖြစ်ရသည်ဟု အထင်ရှိကာ ဆယ်လိနီကို လွှတ်လိုက်ပြီးလျှင် မိန်းကလေးကိုဒဏ်တပ်လိုက်လေသည်။

အသက်ခြောက်ဆယ်ကျော်နေသော်လည်း ဆယ်လိနီသည် မိန်းမကိစ္စ၌နာမည်ကြီးနေသေးရာ ရောမတစ်မြို့လုံးက သူ့အကြောင်းကိုပြော၍မဆုံးနိုင်ဖြစ်လေတော့သည်။ သုံးနှစ်သားအရွယ်ကစပြီးလျှင် သေကံမရောက်ခဲ့သော ဘင်ဗင်နုတိုဆယ်လိနီသည် တစ်သက်လုံး သူတစ်ပါးကို ရက်စက် စွာသတ်ဖြတ်ခဲ့သော်လည်း သူ့၌ရောဂါအမျိုးမျိုးဖြစ်ပြီးလျှင် အဆိပ်ခပ်ခံရသည့်တိုင်အောင်မသေဘဲ အသက်ခုနှစ်ဆယ်ကျော် ခါမှ လူကြီးရောဂါဖြင့် သေရိုးသေစဉ်သေလေတော့သည်။

အယ်လိတ်ဇင်းဒါး ပုတ်ပ်

စာပေအရေးအသား အမျိုးမျိုးရှိရာဝယ်ရကန်အရေးမျိုးကို လူဖတ်ချင်ကြသည်။ အဘယ်ကြောင့်ဟု အထူးမေး စရာမလို၊ ရကန်မှာ ဆဲရေးသော စာမျိုးဖြစ်သည်။ ပုထုဇဉ်မှန် သမျှသည် မိမိတို့မလိုမုန်းထားလျှင် အပြစ်ဆိုချင်သည်။ ထိုထက် ပင်မလိုမုန်းထားလျှင် ဆဲဆိုချင်သည်။ အကြမ်းပတမ်းဆဲရေးခြင်း ကိုယဉ်ကျေးမှုစိတ်ဓာတ်က မသင့်လျော်ဟုတားမြစ်စေကာမူလည်း ပုထုဇဉ်သဘာဝကမူ ကြားနာဖတ်ရှုလိုလှသည်။

ထို့ကြောင့် ရကန်အရေးအသားမျိုးကို စာပေအသီးသီး တွင်တွေ့နိုင်သည်။

အယ်လိတ်ဇင်းဒါးပုတ်ပ်သည် အင်္ဂလိပ်ဂန္ထဝင်တွင် ရကန်အရေးကျော်စော၏။ သူသည် သူတစ်ပါးအား မိမိရရပယ်ပယ်နယ် နယ်သရော်တတ်ဆဲတတ်သည်။ သူ ့အား အချို့စာပေသုတေသီတို့ က စာဆိုဟုပင်မထင်မှတ်ကြချေ။ ကဗျာလင်္ကာသီကုံးတတ်သော အဆဲသမားဟုဆိုကြသည်။ ထိုသုတေသီတို့၏ အလိုအားဖြင့် ကဗျာဟူသည် သိမ်မွေ့ နက်နဲသောအရေးအသားမျိုးဖြစ်သည်။ မွန်မြတ်သော နှလုံးရည်ဖြင့်ရေးဖွဲ့ရမည်။ လေးနက်သောအဓိပ္ပာယ်ကို ဆောင်ရမည်။ ဆန်းကြယ်သော စိန္တာမယဉာဏ်စွမ်းပေါ်လွင်ရမည်။

ယင်းသို့ဆိုလျှင် အယ်လိတ်ဇင်းဒါးပုတ်ပ်၏ အရေးအသား များသည် ကဗျာဖြစ်ပေသည်။ ယင်းတို့သည် သီကုံးဖွဲ့နွဲ့ရာတွင် အပြစ်ဒေါသ ကင်းစင်၏။ လေးနက်သော အဓိပ္ပာယ်ကိုဆောင်ကြ ၏။ ဆန်းကြယ်သောစိန္တာမယဉာဏ်ရောင် ထွန်းလင်းပေ၏။ မွန်မြတ်သောနှလုံးရည်နှင့်ဖွဲ့သီသည်၊ မဖွဲ့သီသည်ကိုမူကား ဆုံးဖြတ် နိုင်ဖို့ ခက်ခဲလှတော့၏။ ပုတ်ပ်၏ကဗျာအချို့၌ မွန်မြတ်သောနှ လုံးရည်ပေါ်ထွန်းကြောင်း ငြင်းဆိုနိုင်ဖို့ ခဲယဉ်းလှသည်။ ဥပမာ “ဝေဖန်မှုအကြောင်း’ ၊ ‘လူအကြောင်း” စသည့်ကဗျာများတွင် ပုတ်ပ် ၏ထက်သန်သောသဘော၊ မွန်မြတ်သော စေတနာတို့သည် ပေါ် လွင်လှပေသည်။ ရကန်အရေးအသားများ၌လည်း ထိုသဘော၊ ထို စေတနာမျိုး ပပျောက် ကင်းမဲ့သည် ဟုမဆိုသာ။

ထိုသို့တပြီးကား ပုတ်ပ်မှာကမ္ဘာ့စာဆိုကြီးစင်စစ်ဖြစ်သည်။

ပုတ်ပ်မှာ ရကန်ဆရာ ရုပ်ရည်ရှိသည်ဟုဆိုလျှင် မှားမည် မထင်။ အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် မြင်သူမုန်းစရာ ကိုယ်ကာ ယရှိကြောင်း ခေတ်ပြိုင်တို့က ဖော်ပြကြသည်။ ရန်သူများကမူ သူ့အား ပင့်ကူ ခြေထောက်များကဲ့သို့ သေးသိမ်သော ခြေလက်ရှိ၍ နောက်ကုန်းရှေ့ကော့သော

ကိုယ်ကာယရှိသည်ဟု ဖော်ပြကြ၏။ သူသည် အမှန်ပင် ကြုံလှီသော ကိုယ်ရှိ၍ လူမမာနှင့်တူလှ၏။ "ကျွန်တော် ညောင်နာနာနေတာ ဝမ်းနည်းစရာပါပဲ" ဟု ပုတ်ပ် ကိုယ်တိုင်က ထုတ်ဖော်ဝန်ခံ၏။ ဝန်ခံပြီးသည်နှင့် တစ်ပြိုင်နက် ရကန်ဆရာပီပီ "သူတို့တစ်တွေကတော့ ကျန်းမာသန်စွမ်းလွန်းလှ လို့ ဝမ်နည်းစရာပေပဲ' ဟု သူ့ ရန်သူများအား နှုတ် အမြောက်တစ် ချက်ပစ် လိုက်လေသည်။

ပုတ်ပ်သည် သူတစ်ပါးအား ပြောင်လှောင်သရော်တတ် သော်ငြားလည်း ရယ်မောလေ့မရှိ။ သူ့၌ ဟာသစိတ်ဓာတ်ကင်းမဲ့ ခြောက်ခန်းလှသည်။ သူသည် ကမ္ဘာကြီးတစ်ခုလုံးကို မဲ့ရွဲ့၍ ပြောင် လှောင်နိုင်၏။ တစ်ချက်တလေမျှ ပျော်ပျော်ပါးပါး ရယ်လားမောလား မရှိရှာချေ။ သူ့ ဘဝကား ရယ်သံခြောက်၍ မျက်ရည်လျှံနေ ချေသည်။

သို့သော်ပုတ်ပ်၌ ထက်မြက်သောကဗျာဉာဏ်ရှိသည်။ ဂိုဏ်းဒေါသအဝဝတို့ ကင်းစင်လွတ်မြောက်၍ အလင်္ကာဂုဏ် ရောက်စေသည့် ကဗျာများကိုရေးဖွဲ့နိုင်စွမ်း၏။ သူသည် ငယ် စဉ်ကတည်းက ကျော်စောသော စာဆိုတစ်ဦးဖြစ်လိုခဲ့သည်။ ဖြစ် လိုသည့်အလျောက်လည်း ကြိုးစားခဲ့သည်။ ထိုခေတ်က စာဆို ဖြစ်လျှင် လန်ဒန်မြို့တော်ရှိ လူကုံထံမျက်နှာကြီးပိုင်းတွင် ဖိုးထင်ပေါ်လုပ်နိုင်၏။ ပုတ်ပ်သည် ဖိုးထင်ပေါ် လုပ်ချင် လှပေသည်။

သင်သူ့ခမျာ ဖိုးထင်ပေါ် ဖြစ်ဖို့ အတော်ခဲယဉ်းကြောင်း ကြုံတွေ့ရသည်။ ရုပ်ရည်အားဖြင့် လူခေါ်ချင်စရာမဟုတ်။ မိဘဂုဏ် ရည်အားဖြင့် အထက်တန်းသို့မမှန်နိုင်။ ကက်သလစ်ဂိုဏ်းဝင် ဖြစ်သော ကြောင့် တက္ကသိုလ်ပညာကို သင်ကြားခွင့်မရ။ ရာထူးရာခံ ရရှိဖို့လည်းဝေးလာဝေး။ သို့ရာတွင် သူ့၌ ရတနာတစ်ပါးရရှိထား၏။ ယင်းသည် ကား ထူးခြားသော ကဗျာများစပ်ဆိုနိုင်သည့် ပါရမီပင်ဖြစ်သည်။ ငယ်စဉ်တွင် ဆရာက သူ့ အားဤသို့လျှင် ကောင်းစွာသင် ကြားပေးထားပေသည်။ 'အယ်လိတ်ဇင်းဒါး၊ ကဗျာဆရာဖြစ်ချင် ရင် ဝါကျသမ္ဘန် မှန်ကန်ရမယ်ကွဲ့၊ အခုရှိနေတဲ့ ရှေ့မကဗျာ ဆရာ ရင့်မကြီးတို့မှာ မှန်အောင်ရေးနိုင်တဲ့လူ အတော်ကြီးရှားသကွဲ့၊ ဒါကြောင့်မို့ ဝေါဟာရအသုံးအနှုန်းကို ဂရုစိုက်ပါ၊ အပြစ်ဒေါသကင်း စင်ပါစေ၊ ဂိုဏ်းဂန လွတ်ကင်းပါစေ၊ စိန္တာမယဉာဏ် ဖြိုးကြွယ်ပါစေ၊ လန်ဒန်မြို့က နယ်စားကတော်ရဲ့ အလှဟာ ဘုရဏီရှုံးလောက် တယ်ဆိုတဲ့အကြောင်းကို ဝေဝေဆာဆာရေးနိုင်ပါစေ၊ ဒီလိုသာရေး နိုင်မယ်ဆိုရင် ငါ့တပည့်ကြီး လန်ဒန်မြို့တော်မှာ စာဆိုဘုရင်ဖြစ် နိုင်ရောပေါ့ကွယ်'

အာပုတ်ပ်သည် စာဆိုတကာ့ဘုရင် ကဗျာ့ပါရဂူကြီးဖြစ်လို စိတ်ယိုဖိတ်နေရကား ဆရာ့စကား အတိုင်း အရေးအသားမမှားရအောင်အထူးဂရုပြုလေသည်။ ထို့ကြောင့်လည်း ပုတ်ပ်၏ကဗျာ

များတွင် အရေးအသားချွတ်ယွင်းသည်ဟူ၍မရှိ။ မှန်လွန်းလှ၍ အချို့က မနှစ်သက်ချင်သလိုလိုပင်ဖြစ်ရသေးသည်။

ပုတ်ပ်သည် ဆယ့်လေးနှစ်အရွယ်ကတည်းက အပြစ်ဒေါသကင်းစင်သော ကဗျာများကို စပ်ဆိုနိုင်သည်။ ဆယ့်ရှစ်နှစ်အရွယ်တွင် လူသိများသောစာဆိုတစ်ဦး ဖြစ်နေပေပြီ။ စာဆိုတစ်ယောက် အဖြစ်ဖြင့် ကာဗီဆိုင်သို့ မကြာခဏသွား၍ စာပေဆွေးနွေးဝေဖန်ကြသည်။ စာဆိုအဖွဲ့အစည်းဟူ၍ စနစ်တကျမရှိသော်လည်း ယင်း သို့လျှင် စာဆိုအဖြစ်အသိအမှတ်အပြုခံရဖို့ကား မလွယ်ကူလှချေ။ ပုတ်ပ်မှာမူ လူပျိုအရွယ်လောက်ကတည်းက ယင်းသို့အသိအမှတ် ပြုခြင်းခံရပေသည်။

အသက်နှစ်ဆယ့်နှစ်အရွယ်တွင် သူသည်စာပေဝေဖန်မှု အကြောင်းကိုလင်္ကာရေး၍ ထုတ်ဝေလိုက်သည်။ ထိုလင်္ကာ၏ အမည်မှာ An Essay on Criticism ဟူ၏။ လင်္ကာပင်ဖြစ်စေကာမူ စကားပြေအရေးအသားမျိုးကိုသာ များသောအားဖြင့် အသုံးပြုလေ့ရှိသော (အက်ဆေး)Essay ဟူသောဝေါဟာရကို သုံးနှုန်းထားလေ သည်။ စင်စစ်အက်ဆေးဆိုသည်မှာ မည်သည့်အရေးအသားမျိုးဟု အတိအကျဆို၍ရသည်မဟုတ်။ စာရေးသူက အကြောင်းအရာ တစ်ခုခုနှင့် ပတ်သက်၍ မိမိကိုယ်တိုင် တွေးတောယူဆချက်များကို ထုတ်ဖော်ရေးသားသည့် အရေးအသားမျိုးသာဖြစ်သည်။ ပုတ်ပ် ကလည်းသူ့လင်္ကာကို အက်ဆေးဟုခေါ်ခြင်းမှာ ယင်းသို့အဓိပ္ပာယ် မျိုးအတိုင်းပင်ဖြစ်သည်။ အငြင်းပွားနိုင်ဖွယ်ရာအကြောင်းဖြစ်သည့် 'ဝေဖန်မှု" ကို မိမိထင်မြင်သည့်အတိုင်း ဖော်ပြရှင်းလင်း ထားသောလင်္ကာမျှသာဖြစ်သည်ဟု ပုတ်ပ်ကဆိုလိုဟန်ရှိသည်။

၁၁ ပုတ်ပ်၏ "ဝေဖန်မှု လင်္ကာကို သုတေသီတို့က အားပါးတရ ချီးကျူးကြသည်။ ပုတ်ပ်အား တော်ပါပေသည်ဟု ဆိုကြ၏။ ပုတ်ပ် အဖို့ကား သူ့အားတော်ပါပေသည်ဟု ချီးကျူးခြင်းမှာ မထူးဆန်း လှ၊ သူ့ကိုယ်သူလည်း "အလွန်တော်တဲ့ ငါပါကလား"ဟု အမြဲထင်မိသည်။ သူသည် သူ့ကဗျာများကို ပြန်၍ဖတ်ကာ ပီတိဖြစ်နေလေ့ရှိ သည်။ သူသည် သူ့ကဗျာကို အသံနေအသံထားနှင့် အားပါးတရ ဖတ်နေစဉ်၌ပင်လျှင် 'ငါဟာ ဒီခေတ်မှာ အတော်ဆုံးစာဆိုကြီးပါ လား' ဟု စွဲမြဲယုံကြည်လျက်ရှိသည်။ 'ငါ့ကဗျာကို လူခြောက်ဆယ် မှာတစ်ယောက် နားလည်မှာမဟုတ်ဘူး၊ လူတွေဟာ အတော် ကြီးကိုညံ့ကြတယ်နော်' ဟု သူ့ကိုယ်သူပြောရင်း ကမ္ဘာကြီးတစ်ခု လုံးကို အထင်အမြင် သေးပြီးရင်းသေးရင်း ဖြစ်နေရှာတော့သည်။ 'ဒီဇမ္ဗူမှာငါအပြိုင်း ခါးကိုင်းကိုင်း စာဆိုကလေး ပုတ်ပ်သည် ဟူသော မိမိကိုယ်ကို အထင်ကြီး နေသည့်အလျောက် ကမ္ဘာပေါ်တွင် ပညာအထက်မြက်ဆုံး ပါရဂူ ကြီးဖြစ်ရမည်ဟူ၍သာ အမြဲတမ်း စိတ်စောနေလေတော့သည်။ သူ ရုပ်ရည်ညံ့ဖျင်းသလောက် မာနမြင်းမိုရ်တောင်သို့ ဖြစ်ရှာသည်။ "တစ်နေ့နေ့ ငါ့ကို ဘုရားသခင်ထက် ပိုကြောက်ရလိမ့်မပေါ့'ဟု ကြုံးဝါးလေသည်။

မိမိကိုယ်ကိုအထင်ကြီးရာတွင် ဗိုလ်မထားဘဲ တစ်ကမ္ဘာ လုံး၊ တစ်လောကလုံးကိုအထင်သေးရာတွင် ပြိုင်ဘက်မရှိသော ပုတ်ပ်သည်ရကန်အရေးအသားမျိုး၌မွေ့လျော်၏။ ယင်းသို့မွေ့လျော်ခြင်းမှာမထူးဆန်းလှချေ။ မွေ့ လျော်လည်းမွေ့လျော်နိုင်အား ပါပေသည်။ ထိုခေတ်မှာ ဆုတ်ခေတ် ဖြစ်သည့်အလျောက် စာရိတ္တ မဏ္ဍိုင်ကြီးခြစားနေသည်။ လန်ဒန်တစ်မြို့လုံး၌ အရက်ဆိုင်များ ဖြင့်လွှမ်းမိုးလျက်ရှိသည်။ ဂုဏ်ကြီးရှင်လင်ရှိမယားတို့သည် လူမသမာများနှင့် မျောက်မွေးကြကုန်၏။ ယောကျ်ားများကလည်း ကြာခို ပြိုင်ပွဲကျင်းပနေကြကုန်၏။ အလောင်းအစားမှာ လူတိုင်း၏အလုပ် သဖွယ် ပြည်သူ့လက်စွဲကြီးဖြစ်နေလေသည်။ ရိုးရိုးသားသားနေသူတို့အဖို့ လူရာဝင်စရာအကွက်မပေါ်ချေ။ ထိုတောင်နိုင်ငံရေး၊ စာပေရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင်လည်း အချင်းချင်းမလိုမုန်းထားမှုများ၊ ပဋိပက္ခမှုများ ပြည့်လျှံ လျက်ရှိသည်။ လူကြီးလူကောင်းဂုဏ်ကြီးရှင်တို့သည် အရှက်မရှိ ဆဲရေးနေကြသည်။ တစ်ယောက်ကိုတစ်ယောက် စောင်းချိတ်ဆဲရေးခြင်းသည် ထိုခေတ်က ကောင်းမြတ်သောအလုပ်တစ်ရပ် ဖြစ် နေတော့သည်။

ထိုခေတ်ကြီးမျိုးတွင် ပုတ်ပ်ကဲ့သို့ ပုဂ္ဂိုလ်မျိုးသည်အခါအခွင့်ကောင်းရပေတော့သည်။ သူ့စာပေမြားချက်သည် သူမနှစ်သက်သူမုန်းသမျှအား စူးစိုက်လေသည်။ သူသည် ထင်ပေါ်ကျော် စောလိုသူဖြစ်သည့်အလျောက် နာမည်ကြီးဖို့အကွက်ကို ရှာဖွေနေ သည်။ အကွက်ရှာလျှင်အကွက်တွေ့ မည်မုချပင်။ နာမည်ကြီးချင်သူ တို့အဖို့ အလွယ်ဆုံးနာမည်ကြီးနည်းသည်ကား နာမည်ကြီးပြီးလူတစ်ယောက်ကို အရမ်းပစ်၍ဝေဖန်ခြင်းပင်တည်း။ စာပေသမားများ၏ ထိပ်သီးဖြစ်

ထိုနည်းအရ ပုတ်ပ်သည် စာပေသမားများ၏ ထိပ်သီးဖြစ်သော အင်းဘရို့ဖိလစ်အမည်ရှိသော စာဆိုကြီး၏နောက်ဆုံးရေးကဗျာကို ပယ်ပယ်နယ်နယ်ဝေဖန်လိုက်လေသည်။

စင်စစ်သော်ကားပုတ်ပ်မှန်၏။ ဖိလစ်၏ကဗျာများမှာအမှန်အားဖြင့် အဆင့်အတန်းမြင့်လှသည်မဟုတ်။ သို့ရာတွင် လူကြိုက်များ၏။ လူကြိုက်များသည်ကို ကောင်းလှပြီဟု ထင်နေသော မျက်နှာကြီးလိုက်စာပေဝေဖန်သူတို့အား သရော်သည့်အနေနှင့် ပုတ်ပ်က ဖိလစ်၏ကဗျာကို အဝေဖန်ခံရသူမခံချိအောင် ဝေဖန် လိုက်သည်။ ကဗျာထဲမှ သိုးကျောင်းသားအကြောင်း ဖွဲ့နွဲ့ထား သည့်အပိုဒ်ကို ထုတ်နုတ်ဖော်ပြပြီးလျှင် “မစ္စတာဖိလစ်သည် ဤနေရာ၌ ဂရိတ်စာဆိုကြီး ဗားဂျစ်၏အဆင့်အတန်းကို မီအောင်လိုက် ၍ရေးပေသည်။

“ငါ့နှယ်အတော်ညံ့ပါကလား၊ ငါထိန်းကျောင်းနေသည့် သိုးများထက်ပင် ညံ့လှချေသေး၏' ဟုဆိုထားသော အပိုဒ်မှာအထူး သဖြင့်

သူမတူကောင်းမွန်လှသည်။ 'စာဆို၏ဝါဒကို ထင်လင်းစွာပြ လိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်'ဟုရေးလိုက်သည်။ ထိုအထိ ပုတ်ပ်က မစ္စတာဖိလစ်အား ချီးကျူးလိုက်သလို လိုရှိပေသည်။ တော်လေစွ . . . တော်လေစွ။ သို့သော် နေဦး၊

နောက်ဆုံးဝါကျ တစ်ခုထပ်၍ဆင့်လိုက်သည်။ ထိုဝါကျ၌ကား ပြင်း စွာသော အဆိပ်ရှိချေသည်။ ယင်းသည် 'ဤသို့လျှင် မစ္စတာဖိလစ် သည် သူထိန်းသောသိုးများထံမှအမြဲသင်ကြားပေသည်' ဟူ၏။

စာပေကိုနှစ်နှစ်ကာကာ လေ့လာခြင်းမရှိဘဲ စာပေသု တေသီဟု အခေါ်ခံရရုံသာလေ့လာသော စာပေပေါ်ကြော့သမား တို့သည် မိမိတို့ဝိုင်း၍ မြှောက်ထားသောစာဆိုကြီးဖိလစ်အား ယင်း သို့ ပျစ်ပျစ်နှစ်နှစ်တွယ်လိုက်သည့်အတွက် အံ့အားကြီးသင့်သွားကြ လေသည်။ မစ္စတာဖိလစ်အား သိုးများ၏တပည့်အန္တကြီးအဖြစ်သို့ ရောက်စေသူ ဝေဖန်ရေးသမားမည်သူနည်းဟု သူ့ထက်ငါ စုံစမ်းကြ ကုန်၏။ နောက်ဆုံး၌ ထိုဝေဖန်ရေးသမားကား အခြားမဟုတ်၊ နံရိုးပြိုင်းပြိုင်းခါးကိုင်းကိုင်း သူငယ်ကလေးဖြစ်နေကြောင်း သိကြရသည်။

ဝေဖန်ခံရသောမစ္စတာဖိလစ်သည် သူ့ဂုဏ်ကိုကာကွယ်သည့်အနေနှင့် ပုတ်ပ်အား ခေါင်းချင်းယှဉ်၍ခုတ်စေမည်ဟုကြံရွယ်ကာ ပုတ်ပ်သွားလေ့ရှိသောကာဖီဆိုင်တွင် စောင့်နေလေသည်။ ကံအားလျော်စွာ ပုတ်ပ်သည် ထိုသတင်းကို ကြိုတင်၍ကြားထားသဖြင့် မစ္စတာဖိလစ်စောင့်သောကာဖီဆိုင်သို့ ဝေရာမဏ္ဍိ အဝေးက ရှောင်ကြဉ်ရှာလေသည်။

ဝါသနာကို မစွန့်နိုင်ရှာသောပုတ်ပ်သည် မကြာမီပင်လျှင် နှာခေါင်းကျည်ပွေ့ တွေ့ ရပြန်တော့သည်။ သူသည် ပြဇာတ်ဝေဖန် စာတစ်စောင်တွင် မစ္စတာဒင်းနစ်အမည်ရှိသော ပြဇာတ်ဆရာ ကြီးအား အသုံးမကျသောဆရာကြီးဟု ဆိုလိုက်မိသဖြင့် မစ္စတာ ဒင်းနစ်ကသူ ့အား မစ္စတာဖိလစ်ကဲ့သို့ လက်နက်ဖြင့် အကြမ်းသ ဘောဖြေရှင်းခြင်းမပြုဘဲ ကလောင်နှင့်ပင်ပြန်၍တွပ်လိုက်လေသည်။ “ပုတ်ပ်ဆိုသူက ပြဇာတ်များကို ဂရိပြည်ကောင်းစားစဉ် အဆင့်အတန်းမျိုးသို့ ပြန်လည်ရောက်ရှိစေချင်ရှာသည်။ သို့ ရာတွင် သူ့ခမျာယခုခေတ်မှလူဖြစ်ရသည့်အတွက် သူ့ကံဇာတာ ကိုသူ အလွန်အကျူးကျေးဇူးတင်ထိုက်လှသည်။ အကယ်၍သာ သူသည် သူနှစ်သက်သောဂရိလူမျိုးတို့ကောင်းစားစဉ် ခေတ်အခါ၌ မွေးဖွားခဲ့ပါမူ လူတန်းမစေ့သောကလေးများကို သတ်ပစ်တတ် သောဂရိတို့သည် ပုတ်ပ်အား လူမမည်အရွယ်ကတည်းကပင် သတ် ပစ်ကြပေမည်မုချတည်း။

“ပုတ်ပ်ကဲ့သို့ လူတန်းမစေ့သူများအဖို့ သူ့ကဗျာ၏ ကျော် စောမှု အသက်တာမျှသာ သူ့ အသက်ရှည်ပေမည်။ ထို အသက်တာ ကာလအချိန်မှာ တစ်မွန်းတည့်မျှသာဖြစ်ချေသည်။ ” ၎င်းက ယင်းသို့လျှင် ပုတ်ပ်၏လူစဉ်မမီသည့်အဖြစ်အပျက်ကို ဖော်ပြ၍ အမနာပရေးသားလိုက်လေသည်။ တစ်ဦးနှင့်တစ်ဦး ပုတ် ခတ်ရေးသားမှုမှာ ထိုခေတ်၏အကြောင်းတစ်ရပ်ပင်ဖြစ်လေရကား ပုတ်ပ်သည် ပထမ၌ထိခိုက်နာကျင်သွားလေသည်။ သို့ရာတွင် မကြာမီပင်လျှင် ပြန်၍ထူထောင်ပြီးလျှင် “သင်းတို့က သည်လို ထိထိ ခိုက်ခိုက်ရေးလာရင် သိကြရောပေါ့ကွာ၊ မိုက်မိုက်ကန်းကန်းဆဲရာ မှာနှစ်ယောက်မထားဘူးဟေ့'ဟု တစ်ကိုယ်တည်းပြောကာ ဖိုးတုတ် လုပ်နေလေသည်။ သူ ့အဖို့ကြွားကြွားရွှားရွှား ကြုံးဝါးနိုင်သော အခြေရှိပေသည်။ သူ့ကိုယ်ကာယသေးငယ်ချည့်နဲ့သည်နှင့်အမျှ သူ့ကဗျာဉာဏ် ခိုင်မာထက်မြက်လှပေသည်။ သူ့လျှာသွားကား စိန်သွားထက်ပင်ထက်လှချေသည်။

သူသည်ကြုံးဝါးသည့်အတိုင်းပင် အိပ်ရာထဲ၌ ခေါင်းအုံးကို လက်ထောက်၍ မီးတောက်မီးလျှံထလျက်ရှိသောရကန်များကို
တစ်ပုဒ်ပြီးတစ်ပုဒ်ရေးထုတ်လိုက်သည်။ သူ့အဖို့ လူ့ဘဝမှာ ကဗျာရေးရန် တာဝန်သာရှိသည်။ နေ့ရောညပါ သူမတူသော ထက်မြက် ပြင်းထန်လာသည့် နဘေလုံးများကိုသာ ဦးခေါင်းထဲ၌ ပုံသွင်း၍နေလေသည်။

အပြစ်ကိုမြင်တတ်သည့်အလျောက် ကျနပိုင်နိုင်စွာ တတ်သောပုတ်ပ်သည် လူ့ဘဝ၌ အဆင်မပြေမှု၊ မသမာမှုတို့ကို ချည်းမြင်လေ့ရှိ၏။ သာမန်လူမဆိုထားဘိ၊ သာမန်စာဆိုပင်ဂရုမ ထားမိသောအချက်ကလေးများကို ပုတ်ပ်က ကောက်ကာငင်ကာယူ ၍ပြက်ရယ်ပြုတတ်ပေသည်။ ဆံပင်ကလေးတစ်ခွေကိုအကြောင်း ပြု၍ ခမ်းနားသောပျို့ တစ်စောင် ရေးစွမ်းနိုင်တော့သည်။ ရေး လည်းရေးခဲ့ပေ၏။

ကြေးရတတ် တစ်နေ့သောအခါ လန်ဒန်မြို့ပျော်ပွဲရုံတစ်ရုံ၌ ကြေးရ တတ်လူပေါ်ကြော့ကလေးတစ်ဦးဖြစ်သော လော့ဒ်ပီတာသည် အ သက်အရွယ်အားဖြင့် နှစ်ဆယ့်နှစ်နှစ်မျှသာရှိသေး၍ လူငယ်တို့၏ဘာဝ ရမ်းကားတတ်သည့်အလျောက် အလှဘုရင်မ ကလေးတစ်ဦး၏ ရွှေရောင်ဆံပင်မှ ဆံပင်ခွေကလေးတစ်လိပ်ကို ရုတ်တရက် ကတ်ကြေးနှင့် ကိုက်၍ယူလိုက်လေသည်။ အလှဘုရင် မကလေးအင်နာဘဲလားဖားမားမှာ အလှဂုဏ်ရှိသော်လည်း ဓနဂုဏ်မှာ လော့ဒ်ပီတာထက်ငယ်သဖြင့် ယင်းသို့စော်ကားခြင်းကိုငုံ့ ၍မခံသော်လည်း နောက်ဆုံး၌ အညံ့ခံလိုက်ရရှာသည်။ သို့သော် ထိုဆံဖြတ်မှုမှာ မျက်နှာကြီးရပ်ကွက်တွင် အားတိုင်းပြောနေကျ အတင်းပြောသူတို့အဖို့ အကွက်ကောင်းဖြစ်နေသည်။ မျက်နှာကြီး တစ်စုသည် လူကုံထံတစ်ဦးက

အလှဘုရင်မကလေးတစ်ဦးအား ဖက်ရမ်းနမ်းရှုပ်လိုက်ပါမူ ယခုမျှလောက် အရေးယူပြောဆိုကြမည် မဟုတ်ချေ။ ယခု၌မူကား လမ်းရိုးမလိုက်သောဗလက္ကာရပြုနည်း ဖြစ်သဖြင့် အတင်းအဖျင်းဝါသနာအိုးတို့အဖို့ အထူးစိတ်ဝင်စား ဖွယ်အကြောင်းတစ်ရပ်ဖြစ်နေလေတော့သည်။

ထိုဆံဖြတ်မှုကလေးကို အခြားအခြားသော ကဗျာဆရာတို့က ဂရုမပြုသော်လည်း ပုတ်ပ်ကအထူးပင်စိတ်ဝင်စားကာ ခမ်းနားလှစွာသောပျို့တစ်စောင်ရေးလိုက်လေသည်။ သူရေးလိုက် သောပျို့မှာ ထိုခေတ်တွင်လူကြိုက်များနေသော မော်ကွန်းဆန် ဆန်အရေးအသားမျိုးဖြစ်သည်။ ဂရိစာဆိုကြီးဟုမ်းမားကရေးအာ ဇာနည်ကြီးများ၏စွမ်းပကားကြီးပုံ၊ အခက်အခဲအမျိုးမျိုးကိုရဲဝံ့စွာ ကျော်လွှန်ခဲ့ပုံ၊ တော်ဝင်အမျိုးသမီးတို့၏ထူးခြားမြင့်မြတ်လှသော သစ္စာတည်မြဲပုံ စသည့်ကြီးကျယ်သောအကြောင်းအရာတို့ကို ခမ်း နားသော ဝေါဟာရ၊ ပေါရာဏ ဇာတ်နိပါတ်ရာဇဝင်တို့ဖြင့် မွမ်းခြယ်ထားသောပျို့ကြီးနှစ်စောင်ကို သီဆိုခဲ့လေသည်။ ထိုပျို့ ကြီးများကိုစံပြု၍ နောက်ဆရာများက မော်ကွန်းပျို့များစွာရေးကြ သည်။ ထိုအလေ့ကြီးတစ်ခုလုံးကို သိမ်းကျုံး၍ လှောင်ပြောင်လိုက် သည့်အနေနှင့် ပုတ်ပ်သည် ဤဆံခြည်တစ်ခွေဖြတ်သည့် အ ကြောင်းအရာကို ရေးကြီးခွင်ကျယ်ပြု၍ မော်ကွန်းပျို့တစ်စောင် ရေးလိုက်သည်။

ထိုကဗျာ၏အမည်ကို TheRapeoftheLockဟူ၍ပေးလိုက်၏။ အမည်မှာ အတော်ပင်ကြီးကျယ်နေကြောင်း ဖတ်ရှု သူတို့တွေ့ရှိရသည်။ အမည်ပေးရာ၌ပင်လျှင် ပြောင်လှောင်သည့် သဘောသက်ဝင်စေသည်။ အဘယ်သို့နည်းဟူမူ ရှေးခေတ်ဂရိပြည်တွင် လူကရီရှားအမည်ရှိသော မိန်းမပျိုတစ်ဦးရှိသည်။ လူကရီရှား သည် ရုပ်ရည်ချောမွေ့သည်နှင့်အမျှ အကျင့်စာဂမြင့်မြတ်လှပေ သည်။ ထိုအကြောင်းကို သူ့ခင်ပွန်းသည် စစ်ဗိုလ်ကလေးက စစ်မြေပြင်တွင်တပ်နားခိုက် မိတ်သင်္ဂဟတို့အား အကြောင်းစပ်မိ၍ ပြောပြလေသည်။ ထိုစကားကို စစ်ခေါင်းဆောင်အဖြစ်လိုက်ပါ လာသောဘုရင်မင်းမြတ် ကြားတော်မူသဖြင့် လူကရီရှားကိုတပ် မက်ကာ နောက်တစ်နေ့တွင် စစ်မြေပြင်မှအကြောင်းရှာ၍နေပြည် တော်သို့ပြန်ပြီးလျှင် ညအခါ၌ လူကရီရှားထံသို ့သွား၍မုဒိမ်းကျင့် လေသည်။ ထိုအကြောင်းကို လူကရီရှားက စစ်မြေပြင်မှပြန်လာ သောခင်ပွန်းသည်စစ်ဗိုလ်ကလေးကို လူသူလေးပါးအလယ်တွင် တိုင်တန်းပြီးလျှင် သူ့ကိုယ်သူသတ်၍သေလိုက်ရှာသည်။ ထိုအဖြစ်အပျက်ကို ကြားသိရသောတိုင်းသူပြည်သားတို့သည် ကြီးစွာသော အမျက်ထွက်ကာ ဘုရင်အားဝိုင်း၍ သတ်ကြကုန်၏။ ထိုအဖြစ်အ ပျက်ကို ရှိတ်စပီးယားက The Rape of Lucreece ဟူသောအမည် နှင့် မော်ကွန်းပျို့ တစ်စောင် ခမ်းနားစွာရေးခဲ့သည်။

ရိုတ်စပီးယား၏ပျို့ထဲ၌ ဘုရင်ကလူကရိုရှားအား ဗက္ကာရအပြုတွင် လူကရိုရှား၏ကိုယ်မှအစောင့်နတ်များစိတ်မသက်မသာနှင့် ရှောင်ခွာသွားကြရပုံကို ခမ်းခမ်းနားနားဖော်ပြထားသည်။

ပုတ်ပ်ကလည်း သူ့ပျို့အစ၌ အလှဘုရင်မလေး၏ ဦးခေါင်းထက်မှ နတ်ဆိုးများက ရွှေဆံလိပ်ကလေးတစ်ခွေကို ရွှေကတ်ကြေးနှင့် အကိုက်လိုက်တွင် နတ်ကောင်းများက ဝင်ရောက်တားကြပုံ၊ အချင်း များကြပုံ စသည်တို့ကိုခပ်တည်တည်ရေး၍ ပြောင်လှောင်ထား ကြောင်းတွေ့ရသည်။

ထိုပျို့ထဲ၌ ထိုခေတ်၏အနှစ်သာရကင်းမဲ့သော အလေ့အထများ၊ မိန်းမတို့၏အကျင့်စာဂများကို ပိုင်နိုင်စွာဖော်ထုတ်ထား သည်။ သူသုံးနှုန်းသောဝေါဟာရများမှာ အဓိပ္ပာယ်လေးနက်လှ သဖြင့် ဖတ်ရှုသူအပေါင်းတို့သည် မိမိတို့၏အကျင့်ဆိုး အကျင့်တန် များပေါ်လွင်လာသောကြောင့် အံ့အားသင့်ကာ အောင့်သက် ကျင်ကြကုန်၏။ ထိုခေတ်မျက်နှာကြီးပိုင်းသည် ပုတ်ပ်၏ကဗျာမှစုပြုံ၍ ထွက်လာသောမြှားချက်များ စူးရှသောကြောင့် ကြီးစွာထိ ခိုက်ကြလေသည်။

ယင်းသို့ထိခိုက်ကြသည်နှင့်အမျှ ဖတ်ရသူအပေါင်းက ပုတ်ပ်၏ကဗျာမှာစွဲမက်ဖွယ်ဖြစ်ကြောင်း ချီးကျူးကြကုန်၏။ ပုတ်ပ်သည် ထိုကဗျာတစ်ပုဒ်နှင့်ပင် သူ့ခေတ်တွင် ရကန်ပါရဂူကြီးဖြစ် သွားလေတော့သည်။ သူ့ကျော်စောမှုသည် အရှိန်ကြီးစွာတိုးတက် လာလေသည်။

ကလောင်ထက်လှသောပုတ်ပ်နှင့် ခင်မင်ရင်းနှီးသူသည် ကားအခြားမဟုတ်၊ စကားပြေအရေးအသားနှင့် လောကကြီးတစ် ခုလုံးကိုပြောင်လှောင်လေ့ရှိသော ဂျူနသန်ဆွစ်ဖ်ထ်ပင်ဖြစ်သည်။ ဆွစ်ဖ်ထ်သည် လူ့လောကကိုအပေါ်စီးက ကြည့်တတ်သော အလေ့ ရှိသည့်အလျောက် လူဆိုသည့်သတ္တဝါမှာ လောဘ၊ ဒေါသ၊ မာနတို့ ဖုံးလွှမ်းလျက်ရှိသော လေက်မကလေးများသာ ဖြစ်သည်ဟု အထင် ရလေသည်။ ထို့ကြောင့် သူသည် လေက်မတိုင်းပြည်သို့ ရောက်သွား သောဂါလီဗားအမည်ရှိသော လူတစ်ယောက်အကြောင်းကို ကလေးပုံပြင် သဘောမျိုးနှင့် ရေးလိုက်သည်။ သူ့ "ဂါလီဗာခရီးစဉ်' (Gulliver's Travels) မှာ ထို ခေတ်၏အခြေအနေကို ပြောင်လှောင်

ထားသောဝတ္ထုဖြစ်သည်။

ဤရကန်သမားနှစ်ဦး တွဲလည်းတွဲမိသည်။ ပုတ်ပ်မှာ ကိုယ်ကာယသေးငယ်ကိုင်းညွတ်၍ လုပ်လှဲ့လုပ်လီဖြစ်သည်။ ဆွစ်ဖ်ထ်မှာကား ခန္ဓာကိုယ်အတ္တဘောကြီးနှင့် ဘုတ်ထိုင်းကြီးဖြစ်သည်။ သူတို့နှစ်ယောက် တွဲမိ၍သာတွဲမိသည်။ သနားစရာကောင်း လှတော့၏။

ပုတ်ပ်၏အသံသေးအသံကြောင်ကလေးကို

နားလေးသည်ထက်လေး၍လာသောဆွစ်ဖ်ထ်က အတော်ပင်ကြိုးစား၍ နားစိုက်ရသည်။ ပုတ်ပ်ကလည်း အားကုန်အော်ဟစ်၍ပြောရရှာသည်။ နားလေး၍ပြောသမျှမကြားရသော ဆွစ်ဖ်ထ်က ပုတ်ပ်အား "အင်း ...ဒီကောင်ကလေးဟာ ကြုံကြုံလိုလိုနဲ့ ရယ်စရာပဲနော်၊ လူမှဟုတ်ပါလေစ၊ ပင့်ကူအကြီးစားများဖြစ်နေရော့သလား" ဟု တွေးမိသည်။ နားလေး၍ထုံထိုင်းထိုင်းဖြစ်နေသော ဆွစ်ဖ်ထဲကိုကြည့်ရင်း ပုတ်ပ်က "အင်း . . . ဒီအကောင်ကြီးဟာရယ်စရာပဲနော်၊ ဉာဏ်လဲနှစ်ပြားသားမှရှိတာမဟုတ်ဘူး၊ လူမှဟုတ်ပါလေစ၊ ကျွဲရိုင်းကြီးဖြစ်နေရော့သလား'ဟု တွေးမိသည်။ ထိုမည်သူ့ကိုမျှအထင်မကြီးဘဲ အားလုံးကိုသိမ်းကျုံးရှုတ်ချ လိုသော ဉာဉ်ကလေးရှိသူနှစ်ဦးသည် ယင်းသို့ တစ်ဦးကိုတစ်ဦး စိတ်ထဲကအပြန်အလှန် ရှုတ်ချနေကြလေတော့သည်။ ပုတ်ပ်သည် စာပေအရေးအသားကိုအထူးဂရုပြု၍ လေ့လာသူဖြစ်ရကား သူ့ပို့ကဗျာများမှာ အရေးအသားမှန်ကန်ရုံသာမက လွန်စွာပင်ပြောင်မြောက်လှပေသည်။ သုတိသာသည့်ဝေါဟာ ရအသုံးအနှုန်းများကို စာရင်းပြုလုပ်၍ ကျက်မှတ်ထားကာ သူ့အ ရေးအသားများထဲတွင် အလျဉ်းသင့်သလို ထည့်သွင်းသုံးနှုန်းလေ့ရှိသောကြောင့် သူ့ကဗျာများမှာ ဖတ်သူတို့အားစွဲမက်စေသည်။

သူသည် ရှေးစာပေများကိုအပတ်တကုတ်လေ့လာရကား ဂရိစာဆိုကြီးဟုမ်းမား၏ 'အိလိယတ်' ပို့ကြီးကို အထူးနှစ်သက် သည့်အလျောက် အင်္ဂလိပ်ပြန်လေသည်။ ဂရိပို့ကြီးမှာ ဂရိဘာသာ တွင်မြင့်မားသောတောင်ကြီးသဖွယ်ထိုးထွက်နေပေသည်။ ခံ့ညားလှေပသည်။ ခိုင်မာထည်ဝါလှပသည်။ ကြမ်းတမ်းခက်တရော်၍လူသူတို့အလေးစားခံရပေသည်။ ထိုပို့ကြီးကို ပုတ်ပ်ကသူ၏ ချောမွေ့နူးညံ့၍ နှစ်လိုဖွယ်အရေးအသားမျိုးနှင့် ပြန်ဆိုလိုက်သဖြင့် ခက်ထန်လှသည့် လင်းယုန်ငှက်ကြီးကို ဥဒေါင်းမြီးတပ်ပေးသကဲ့သို့ ဖြစ်နေလေသည်။ "အို . . . ခင်ဗျားဟာက ဘာသာပြန် မဟုတ်ပါဘူး၊ ကောင်းတော့ သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ ဟုမ်းမားရဲ့ ပို့နဲ့တော့မတူတာအမှန်ပဲဗျ' ဟု သူ့မိတ်ဆွေစာပေသုတေသီ တစ်ဦးက ပုတ်ပ်အားပြောလေသည်။

သူ့ဘာသာပြန်မှာ ဟုမ်းမား၏ပို့နှင့်မတူသော်ငြား လည်း ခေတ်စာဖတ်ပရိသတ်ကအလွန်ကြိုက်နှစ်သက်သည်။ ထို့ကြောင့်လည်း သူ့စာကိုဘာသာပြန်ထုတ်ဝေသူသည် အလုပ်အ ကိုင်မလုပ်ဘဲနှင့် တစ်သက်လုံးထိုင်စားနိုင်ရုံမျှမက ရာထူးကြီးတစ် ခုကိုပင်ဝယ်ယူနိုင်လေသည်။ ပုတ်ပ်အဖို့လည်း ကဗျာဆရာအဖြစ် မွဲမွဲတေတေမနေရတော့ဘဲ အခြေအနေဖြစ်ထွန်းကာ လူကုံထံတို့ ကြားတွင် သွားလာအချိန်ဖြုန်း၍ နေနိုင်လေတော့သည်။ နာမည် ကြီးစာဆိုတစ်ဦးဖြစ်သည့်အလျောက် စာပေမျက်နှာကြီးလိုက်သ မားတို့က သူ့အားပျူပျူငှာငှာဖိတ်ခေါ်

ကျွေးမွေးကြသည်။ သူသည် ဝန်ကြီးများနှင့် ရင်းရင်းနှီးနှီးပေါင်းသင်းရသည်။ အိမ်ရှေ့ဥပရာ ဇာနှင့်ပင်ကဗျာလင်္ကာအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးရလေသေး၏။ အိမ်ရှေ့မင်း၏ကဗျာဆွေးနွေးချက်မှာ မည်မျှစိတ်ဝင်စားသဖွယ်ကောင်းသနည်းဟူမူ ပုတ်ပ်သည် စကားပြောရင်းအိပ်ပျော် သွားကာ ဟောက်၍ပင်နေလိုက်လေသေး၏။

ထိုခေတ်က ခေါင်းဆောင်ကြီးများသည် စာပေလေ့လာမှု ၌မွေ့လျော်ကြ၏။ သို့သော် စင်စစ်သော်ကား သူတစ်ပါးအထင် ကြီးစေရန်သာ လေ့လာခြင်းဖြစ်သည်။ စိတ်ပါဝင်စားမှုမရှိကြချေ။ အထူးသဖြင့် အထက်တန်းမင်းကတော်၊ စိုးကတော်တို့သည် စာရေး ဆရာ၊ ကဗျာဆရာတို့ကို သူ့ ထက်ငါလုယက်၍ အသိအကျွမ်းပြုကြ သည်။ ပုတ်ပ်အား သူတို့အထူးပင်ဂရုစိုက်ကြ၏။ အိပ်ရာမှ သူတစ် ပါးထူမှထနိုင်ရှာသော ဒုက္ခိတစာဆိုအား မိခင်သဖွယ်ပြုစုလိုသော အထက်တန်းစားကတော်များ ဝိုင်း၍နေကြကုန်၏။

ပုတ်ပ်ကလည်း မိန်းမများဝိုင်း၍နေသည်ကို အထူးနှစ် သက်သည်။ ကိုယ်ဟန်နုံနဲ့သည်နှင့်အမျှ အချစ်စခန်းထလိုစိတ်ဝါ ယိုဖိတ်လျက်ရှိသည်။ သူသည် ဣန္ဒြေရှိရှိ သဘောကောင်းကောင်း၊ မိန်းမပျိုတစ်ယောက်အား အချစ်စမ်းကြည့်သည်။ သူလူပျိုလှည့် သည်မှာ အံ့ဖွယ်တစ်ရပ်ဖြစ်တော့သည်။ သူက မာသာဘလော အား'ခင်ဟာ တကယ်ဆိုတော့ ရုပ်ရည်ချောမောလှတယ်မဟုတ်ပ ဘူး၊ဒါပေမဲ့ ခင့်ကိုကြည့်ရတာ မောင်သနားတယ်၊ ခင့်ခများမှာ အဖော်လဲမရှိ၊ အားကိုးစရာလဲမရှိဆိုသလို ဖြစ်နေတာသိလို့ မောင် ကခင့်ကို ယခုစာရေးလိုက်ရတယ်၊ ခင်ဟာ မောင်လိုစာဆိုကြီး တစ်ယောက်နဲ့ စာပေးစာယူလုပ်နေရရင် ခင့်အဖို့အမှန်ပဲဂုဏ် တက်ပေမယ်၊ တစ်တိုင်းပြည်လုံးကမိန်းမတွေဟာ စာဆိုကြီးမစ္စတာ ပုတ်ပ်နဲ့သိကျွမ်းပြီး စာပေးစာယူလုပ်ချင်ကြတယ်၊ ဒါပေမဲ့ မောင်ကခင့်ကိုသနားစိတ်တွေကြွယ်လွန်းလို့ စာပေးစာယူလုပ်ဖို့ အခွင့်ပေးလိုက်မယ်'ဟု မှာတမ်းတစ်စောင်ရေး၍ပေးလိုက်သည်။ ထက်သူ့မာနမျိုးကို အခြားအခြားသောမိန်းမပျိုတို့က ရွံရှာမည် ဧကန်ဖြစ်စေကာမူလည်း မာသာဘလောင့်ကမူ ကရုဏာပိုလှသ ဖြင့် သူ့မာနချစ်ကိုကြည်ဖြူစွာလက်ခံပေသည်။ ထိုမျှမကသေး။

တစ်သက်လုံး သူ့အားလုပ်ကျွေးပြုစုသွားရှာပေသည်။ အပုတ်ပ်မှာ ကိုယ်ဟန်ကြော့ရှင်းပါမူ မည်မျှမိန်းမမှုပေမည်။ ကို ထောက်မျှော်ကြည့်နိုင်ပေသည်။ မာသာနှင့် အိမ်ထောင်မပြု ကလေးပင်လျှောင် သူသည် အောက်စဖို့မြို့စားကြီး၏အိမ်၌ မိန်းတစ်ဦးကိုတွေ့၍ကျွမ်းဝင်ဖူးသည်။ ထိုမိန်းမကား အထက်တန်းစား တစ်ဦးဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်စိုပြည်ခံ့ညား၍ အပြောအဆို မှာယောကျ်ားဆန်လှသည်။ သူသည်မာနရှင်တစ်ဦးဖြစ်သည်။ သူ့ နာမည်ကို လူတိုင်းနှုတ်ဖျားတွင် မကြာခဏရောက်စေလိုသောဆန္ဒ ကြောင့်သူသည်

ခမ်းတွင် သူ့နာမည်ထိုးထားလေသည်။ ဤသို့ပြုခြင်းမှာ သာမန် အားဖြင့် အရူးထသည်ဟုဆိုရစေကာမူ စင်စစ်အားဖြင့်သူ့မာန ထုထည်ကို အရိပ်အစွန်းပြသောအမူအရာပင်ဖြစ်သည်။ ပုတ်ပ်သည် ထိုလေဒီမွန်တေဂူနှင့် တွေ့သောအခါ ပြောင် သလိုလိုနှင့်တကယ်ပိုးပန်းနေသည်။ လေဒီမွန်တေဂူကလည်း ပုတ်ပ်ကဲ့သို့သော နာမည်ကြီးစာဆိုကြီးကိုရုံရွေသဘောမျိုးထားရသဖြင့် ကျေနပ်နေမိသည်။ သူကိုယ်တိုင်ကလည်း ဟာသဉာဏ် မခေလှသူဖြစ်သည့်အလျောက် စာရေးဆရာများစွာနှင့်ရင်းနှီးကာ လူချစ်လူခင်များပေသည်။ ကားကား

တစ်နေ့သောအခါ ပုတ်ပ်သည် အပြက်အပြက်နှင့်အတည် သဘောမျိုးဖြင့် လေဒီမွန်တေဂူအားလူပျိုလှည့်ရာ လေဒီမွန်တေဂူ မှာ ဤမည်သောပင့်ကူနှင့်တူလှသောလူကလေးကွေးတသွေးက သူ့အား ယင်းသို့ချစ်ရေးဆိုနေသည်ကိုအံ့အားကြီးသင့်သွားလေ သည်။ အံ့အားသင့်သည့်အလျောက် ပထမ၌ဝေးကြောင်ကြည့်နေ ရာမှ သူ့ရှေ့တွင် ချစ်ဒုက္ခသည်အဖြစ်ဒူးထောက်၍ အချစ်မာတင် လုပ်နေသည့် ပုတ်ပ်၏ရယ်ဖွယ်အပြုအမူကိုကြည့်ရင်း မချုပ်တည်းနိုင်တော့သည့်အလျောက် ခွက်ထိုးခွက်လန်ရယ်လိုက်လေသည်။ က မာနရှင်ပုတ်ပ်သည် လုံးကြီးပေါက်လှမိန်းမတစ်ဦးက သူ့

လုပ်လဲ့လုပ်လီကိုယ်ကာယကိုကြည့်၍ ရယ်စရာဟုသဘောထားရယ် မောလိုက်ခြင်းကို ရင်ဝတွင်လှံစိုက်လိုက်သည်ထက်ပင် .. နာကြည်း သွားလေသည်။

သူသည် လေဒီမွန်တေဂူ၏ပွဲတင်ထပ်လျက်ရှိသောရယ် သံများကြားထဲမှ ကသုတ်ကရက်ထွက်ပြေးသွားလေသည်။ ထိုနေ့မှစ၍ သူသည် လေဒီမွန်တေဂူအား တစ်သက်လုံးကလောင်နှင့်အ မျိုးမျိုးထိုးဆွနေလေတော့သည်။ အခါအခွင့်ကြုံတိုင်း လေဒီမွန် တေဂူအား အဖိုးမတန်သည့်မိန်းမရှုင်သဖွယ် ပယ်ပယ်နယ်နယ် ရှုတ်ချ၍ရေးလေသည်။ ယင်းသို့ ချစ်ဒေါသရှေ့ထားကာ ရေးလိုက် သောကဗျာများမှာ စိတ်ထားနံစော်သည်နှင့်အမျှ ကဗျာအဖြစ်နှင့် မွေးသင်းလှတော့သည်။ ရေပုပ်အိုင်တွင် နေရောင်တောက်နေသကဲ့သို့ ကဗျာအဖြစ်ဆန်းစစ်ကြည့်လိုက်လျှင် ကဗျာ့ဂုဏ်ရောင် တောက်နေပေသည်။ ပုတ်ပ်၏မဲ့ရွဲ့ဆဲဆိုမှုသည် စာပေဂုဏ်မြောက် လျက်ရှိနေချေသည်။

ပုတ်ပ်သည် မုန်းပင်ပျိုး၍မုန်းမိုးရွာလျက်ရှိသည့်အ လျောက် လေဒီမွန်တေဂူအပေါ်တွင် မုန်းစိတ်တင်ရာမှ ထိုမိန်းမနှင့်နီးစပ်သူစာရေးဆရာ၊ ကဗျာဆရာတို့အပေါ်တွင် ထိုမုန်းစိတ် ပျံ့နှံ့စေတော့သည်။ နောက်ဆုံး၌ စာပေလောကရှိအားလုံးသော စာပေဝန်ထမ်းတို့အား

သိမ်ကျုံး၍မုန်းတီးအထင်သေးလာတော့ ၏။

ယင်းသို့ အထင်သေးမှု နောက်ချေးပုံမှ TheDunCiad 'အန္ဓမေဘ်ကွန်း' ဟူသောကဗျာကြောပဒုမ္မာတစ်ပွင့် ပွင့်လာသည်။

ထိုကဗျာထဲတွင်ပုတ်ပ်သည် စာပေလောကဌ်ထွန်း တောက်လျှက်ရှိသော စာရေးဆရာကြီးများအားလုံးလိုလိုပင် အသုံး မကျလူ အန္ဓများဖြစ်ကြောင်း နှစ်နှစ်ကာကာဆဲရေးထားလေ သည်။

ထိုကဗျာမှာ စာပေလောကတွင် အတော်ပင်လှုပ်လှုပ်ရှား ရှားဖြစ်စေပြေးလည်း လူကြိုက်များပေသည်။ သူ့ မိတ်ဆွေများက သူ့အား ယင်းသို့သောရကန်မျိုး ဆက်လက်၍ရေးစေလိုကြောင်း တောင်းပန်ကြသည်။ ပုတ်ပ်ကမူ ထိုသို့ချီးကျူးမြှောက်ပင့်ကြသဖြင့် စိတ်တွင်းကကျေနပ်သော်လည်း ရကန်ဆရာအဖြစ်နှင့် သူ့စာဆို ဘဝကိုမပြီးဆုံးစေလိုကြောင်း မိတ်သင်္ဂဟတို့အားပြောပြသည်။ သူသည် လူအများ တရားရစရာ၊ စိတ်ခေတ်ရင့်သန်စရာဖြစ်သည့် ကဗျာမျိုးကိုရေးဦးမည်ဟု ဆိုလိုက်သည်။

ထိုကတိအတိုင်းပင် သူသည် 'လူဋီကာ' The Essay on Manဟူသော ကဗျာတစ်ပုဒ်ကို ရေးလေသည်။ ထိုကဗျာတွင် လူ့သ ဘာဝ၊ လူ့အဖြစ်သနစ်များနှင့်တကွ လောကရေးရာအဖြာဖြာတို့ နှင့်ပတ်သက်သော နက်နဲစွာတွေးခေါ်မြော်မြင်သည့် အချက်အ လက်များကို ထည့်သွင်းရေးသားထားသည်။ စင်စစ်အားဖြင့် သူ့အ တွေးအခေါ်တို့သည် ထူးကဲလှသည်မဟုတ်ပေ။ သို့ရာတွင် သူ့ကဗျာအရေးအသားမှာ သူတစ်ပါးမတုပနိုင်လောက်အောင် ကောင်းမွန်သဖြင့် အဖိုးတန်သောစာတစ်ပုဒ် ဖြစ်ရပေတော့သည်။ ဤသည်ကား ပုတ်ပ်၏ထူးခြားချက်ပင်ဖြစ်သည်။ သာမန်အတွေးအခေါ်များပင်လျှင် သူ ကဗျာစက်ဝိုင်းအတွင်းသို့ကျ ရောက်လာလျှင်မူ စံချိန်မီစိန်ကဲ့သို့တောက်ပြောင်၍ စွဲမက်ဖွယ်ဖြစ် သွားပေတော့သည်။ ယယ်စဉ်ကတည်းက အရေးအသားစည်းစနစ် တို့ကိုလေ့လာ၍ ဝေါဟာရပေါ်ရာဏကြွယ်ဝအောင် ဆည်းပူးခဲ့ ခြင်း၏ အကျိုးထူးတစ်ရပ်ပင်ဖြစ်ကြောင်း သတိမူကြရာသည်။ တစ်လောကလုံးတွင် မိမိကိုယ်မှအပ မည်သူ့ကိုမျှအထင်မကြီးခဲ့သော ရကန်ဆရာကြီးပုတ်ပ်သည် အသက်ငါးဆယ့်ခုနစ်နှစ် အရွယ်တွင် အသည်းအသန်ဖျားနာလေသည်။ သုံးလေးရက်မျှ သတိကောင်းစွာမရဘဲမေ့မျောသွားရာမှ တစ်ဖန်ပြန်၍ နာလန်ထူလာလေသည်။ သို့ရာတွင် ထိုတောင်မှမကျော်နိုင်တော့ကြောင်း ပုတ်ပ်ကိုယ်တိုင်သိသဖြင့် သေတမ်းစာရေးခဲ့သည်။ သူ့မိတ်ဆွေ များအား "စာရိတ္တပြုပြင်ရေးမေတ္တာစာများ'ဟုခေါ်သော သူ့စာ အုပ်ကိုတစ်အုပ်စီပို့၍ နောက်ဆုံးနှုတ်ဆက်လေသည်။

သူ့မိတ်ရင်းဆွေရင်းတို့သည် သူ့အနီးမှ မခွာကြချေ။ အချို့မှာ သူ့အိမ်ကိုလာ၍ သူ့အိပ်ရာဘေးတွင်တစ်နေကုန်နေကြသည်။ အမုန်းစိတ်ပွားခဲ့သောစာဆိုကြီးပုတ်ပ်သည် နောက်ဆုံး၌ လောက ကြီးသည်ကား မေတ္တာဓာတ်ခိုင်မာပြည့်ဖြိုးလျက်ရှိကြောင်းသိ သွားရရှာသည်။ သူနှင့်အတူ ကမ္ဘာကြီးကိုခြေကန်၍ သရော်လာခဲ့သောဂျိုနသန်ဆွစ်ဖ်ထ်ခမျာမှာ ရူးသွပ်သွားရှာလေပြီ။ ဇာတ်ခုံ ပေါ်မှနေ၍ လောကကြီးတစ်ခုလုံးကိုသိမ်းကျုံး၍ပြောင်လှောင်ခဲ့သော သူ့မိတ်ဆွေပြဇာတ်ဆရာကြီးဂျွန်ဂေးမှာလည်း ပြောင်ရင်း လှောင်ရင်းနှင့်ပင် လောကကြီးကထွက်ခွာသွားရှာလေပြီ။ သူ့လှည့်သို့ရောက်ချေပြီတကား။

တစ်သက်လုံး အမုန်းတရားရှေ့ဝယ်ထားကာ ကလောင်လက်နက်ဖြင့် လူသတ္တဝါတို့ကိုတိုက်ခိုက်ခဲ့သောပုတ်ပ်သည် နောက် ဆုံး၌ မိတ်သင်္ဂဟနှင့် ဇနီးသည်မာသာဘလောင့်တို့၏ မေတ္တာရေ ယာဉ်ကိုစီး၍ တမလွန်ခရီးသို့မြန်းရှာလေတော့သည်။

ပထမအယ်လစ်ဇဘက်

အင်္ဂလန်သမိုင်းတွင် "အယ်လစ်ဇဘက်ခေတ်' ဟူ၍ထင် ရှားလှသည်။ အင်္ဂလိပ်တို့သည် ယခုအခါတွင် စိုးစံနေသော ဒုတိယ အယ်လစ်ဇဘက်ခေတ်သို့ ရောက်မည်မထင်ဘဲရောက်လာကြသောအခါ ပထမအယလစ်ဇဘကဘုရင်မကိုသတိရကြသည်။ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များက ဒုတိယအယ်လစ်ဇဘက် နန်းသိမ်းပွဲခံသည့်အခိုက်အခါတွင် ပထမအယ်လစ်ဇဘက်ခေတ်အ ကြောင်းကို ဆောင်းပါးများစွာဖြင့်ဖော်ပြခဲ့ကြသည်။

ယခုခေတ် အယ်လစ်ဇဘက်ဘုရင်မလေးမှာ သဘောကောင်းအပြောချို၍ အထူးဆိုစရာမရှိသော သူငယ်မကလေးတစ် ယောက်မျှသာဖြစ်သည်။ သူသည် သူ့ရှေ့က ပထမ အယ်လစ်ဇဘက် ကဲ့သို့ပင် မမျှော်လင့်ဘဲ ဘုရင်မဖြစ်လာရသည် ဟုဆိုနိုင်ပေသည်။ အကယ်၍သာ အဋ္ဌမမြောက်အက်ဒဝပ်ဘုရင်က နှစ်လင် ကွာမစ္စဆင်မဆင်ကို စုံမက်သည့်အလျောက် နန်းဆင်းမပေးပါမူ အယ်လစ်ဇဘက်သည် ယခုအခါ သာမန်မင်းသမီးတစ်ပါးမျှသာဖြစ်ပေမည်။ ပထမအယ်လစ်ဇဘက်ခမျာလည်း ကနဦးက ထီးမွေခံ မဟုတ်ခဲ့ချေ။ သူ့အစ်မတော် မေရီဘုရင်မ နတ်ရွာလားသည့်အခါ သူအသက်ဆယ့်ခြောက်နှစ်အရွယ်တွင် အယ်လစ်ဇဘက်သည်မမျှော်လင့်ဘဲနန်းတက်ရလေသည်။

သူ့ကို တိုင်းသူပြည်သားများက Virgin Queen (အပျိုစင် ဘုရင်မ) ဟုခေါ်ကြသည်။ သူ့ခေတ်မတိုင်မီက တိုင်းပြည်နှင့်အ သောင်းကျန်းမှု အသွယ်သွယ်ပေါ်ပေါက် လာလေသောကြောင့် သူနန်းတက်လာသောအခါ သူကငြိမ်းချမ်းရေးကို အဓိကပြုပါသည်ဟု ကြေငြာလေရကား သူ့ကိုအများပြည်သူက ကြည်ညို ကြကုန်၏။ ငြိမ်းချမ်းရေးကို အဓိကပြုပါသည်ဟု ကြေညာသော ဘုရင်မကြီး၏ ရွှေလက်ထက်တော်၌ သောင်းကျန်းမှု ပိုမိုထွေပြားလေတော့သည်။ စပိန်ပြည်နှင့် မဖြစ်သင့်ဘဲလျက် ဖြစ်ရသောစစ် ကြီးကြောင့် ထောင်သောင်းမကသော အသက်တို့ကို စတေးလိုက်ရ သည်။ အပျိုစင်ဘုရင်မကြီး၏ ရှုပ်ပွေမှုကိုဦးတည်၍ နန်းတွင်း၌သာမက တိုင်းပြည်နှင့်အဝန်း ကာမသောင်းကျန်းမှု အထွေထွေ ဖြစ်ပေါ်လေသည်။

အယ်လစ်ဇဘက်ခေတ်ဟု သမိုင်းမော်ကွန်းတင်စေနိုင်ခဲ့ သောအပျိုစင်ဘုရင်မကြီးသည် စာပေအနုပညာကို အားပေးချီး မြှင့်တော်မူသည်မှန်ပေ၏။ သို့သော် အနုပညာရှင်တို့သည် ဘုရင်မ ၏ချီးမြှင့်မှုကိုလိုပါမူ အနုပညာလက်ရာ ဖြင့်အစွမ်းပြ၍ မရနိုင်ကြချေ။ ဘုရင်မ၏ မျက်နှာတော် ချိုအလိုတော်ကျအောင် အနည်းနည်းဖြင့် ခစားနိုင်ပါမှ ရကြလေသည်။ ဘုရင်မအချစ်တော် အဖြစ်ရရှိ သူသာလျှင် ရာထူးရာခံနှင့်

ဆုတော်လာဘ်တော် ရနိုင်ကြသည်။ ထို့ ကြောင့် အယ်လစ်ဇဘက် ခေတ်၌ရှိသော အနုပညာရှင်များနှင့် သူရဲ ကောင်းတို့သည် ဘုရင်မ၏ အလိုကျခစားနိုင်ရန် အလုအယက် ယှဉ်ပြိုင်ကြရလေသည်။

အပျိုစင်ဘုရင်မ၏ အလိုကျ ဖျော်ဖြေနိုင်စွမ်းသောသူ သည် အများအပေါ်၌ အာဏာတန်ခိုးပြနိုင်သည်။ အာဏာဆာနေ သော အာဏာရူးများစွာသည် အပျိုစင်ဘုရင်မ၏ အသုံးတော်ခံ အချစ်တော်ဖြစ်အောင် တစ်ဦးကတစ်ဦးကို တိုက်ခိုက်နင်းကျော်၍ အပါးတော်သို့ တိုးတက်ခစားကြကုန်၏။

ထိုအာဏာဆာသူများ အဖို့သာလျှင် အယ်လစ်ဇဘက်မှာ မက်မောဖွယ်ဖြစ်ပေမည်။ သာမန် လူတစ်ဦးအဖို့ အယ်လစ်ဇဘက်သည် ကြောက်စဖွယ် လန့်စဖွယ် မုချတည်း။ ပိုးဖဲကတ္တီပါ တို့ဖြင့်ပြီး သေဝတ်စား တန်ဆာများ အောက်၌ရှိသော ဘုရင်မ၏ ကိုယ်ကာယတွင် လူယောကျ်ားတို့ မက်မောစရာအကွက် တစ်ချက်စာမျှမပါရှိပေ။ သူ့အသားသည်ကြမ်း၏။ သူ့ကိုယ်ကာယသည် ပိန်၏။ အရေထူ၏။ ရင်သားပြားချပ်လှသည်။ ဆံပင်နီကြောင်ကြောင် ကြမ်းတမ်းတမ်းနှင့် ဖြူရော်ရော်အသားရောင်ရှိသည်။ မျက်နှာတွင် နှင်းပြောက်များကွက်လျက်ရှိသည်။ ယင်းသည့်အကြောင်းကြောင့် သူ့ကိုချစ်ပါသည် ဆိုသောလင်ယောကျ်ားသည် သူ့ကိုချစ်၍မဟုတ် အာဏာကို ချစ်သူမျှသာ ဖြစ်ချေသည်။ တစ်သက်လုံးကြင်ဖက် မရှာဘဲ ရာဇဝင်တွင် 'အပျို စင်ဘုရင်မ' ဟုမော်ကွန်းတင်စေသော အယ်လစ်ဇဘက်သည် အချစ်တော် မရှိလျှင်မနေတတ်ပေ။ အချစ် တော်မှာလည်း တစ်ဦးတစ်ယောက်တည်း မူတည်၍ ထားသည်မဟုတ်။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျထားလေသည်။ ပထမအချစ်တော်ကို ငြီးငွေ့လာသည်နှင့် တစ်ပြိုင်နက် ဒုတိယက အသင့်ရှိလေတော့သည်။ အာဏာဆာသော လူယောကျ်ားတို့သည် ထိုခေတ်၌လည်းများလှစွာ၏။

အချစ်ဆာသော အပျိုစင်ဘုရင်မနှင့် အာဏာဆာသော သူကောင်းသား လူယောကျ်ားများစွာတို့သည် အယ်လစ်ဇဘက် ခေတ်ကို တည်ထောင်သွားကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ အာဏာဆာသူများမှာ မြို့စားနယ်စား သတိုးနွယ်များဖြစ်ကြသည်။ တောရပ်ဒေသမှ လန်ဒန်မြို့တော်သို့တက်၍ စွန့်စွန့်စားစားရှေ့ တော်ရောက်အောင်ကြံဆောင်သော အခွင့်အရေးသမား 'ဆာဝေါလ်တာရယ်လေး' ကဲ့သို့ မိုက်ရူးရဲ သူများလည်းရှိသေးသည်။

အချစ်ဆာသော အပျိုစင်ဘုရင်မ အယ်လစ်ဇဘက် ထိပ်ထားမှာကား မယားခြောက်ယောက် ဆက်ကာဆက်ကာ ယူသော အင်္ဂလန်မဖြောက် ဟင်နရီဘုရင်ကြီး၏ သမီးတော်ဖြစ်သည်။ သူ့မယ် တော်အင်နီဘော်လင်းမှာ ရုပ်ရည်ချောမောလှပသည်။ အယ်လစ်ဇဘက်ငယ်စဉ်က ကွပ်မျက်ခံရသည်။

ဖွားမြင်လာသော သမီးက လေးကို နန်းတော်တွင်ထား၍ မွေးမြူစေသည်။ တရားဝင်မိဖုရား၏ သမီး မဟုတ်လေရကား အယ်လစ်ဇဘက်သည် မယားငယ်သမီးမျှ သာဖြစ်လေတော့သည်။

ယင်းသို့လျှင် ဖခင်ကြီးထံမှရလိုက်သော လွှန်ကျူးမှုဝါသ နာအထုံကြောင့် အယ်လစ်ဇဘက်သည်သူ ရွှေလက်ထက်တော်၌ ကာမသောင်းကျန်းမှု ထွန်းကားစေရန် ရှေ့ဆောင်လမ်းပြလုပ်ခဲ့ပေ သည်။ ရှိတ်စပီးယား အစရှိသော စာပေအနုပညာရှင်များ ထွန်း ကားခဲ့၍ အင်္ဂလိပ်စာပေ သမိုင်းတွင်ထင်ရှားသော၊ အယ်လစ်ဇဘက် ခေတ်ကိုတည်ထောင်ခဲ့သော အယ်လစ်ဇဘက် ဘုရင်မကြီး၏ ရွှေလက်ထက်တော်၌ တောရော မြို့ပါ ဒုက္ခ အထွေထွေဖြစ်၍ ခဲလေသည်။ ကောင်းမှုဒုစရိုက်တို့ဖြင့်မှောင်အတိပြီးခဲ့လေသည်။

အပျိုစင်ဘုရင်မကြီးသည် နိုင်ငံခြားမှရောက်လာသော သံတမန်တို့အား နေ့ခင်းနေ့လည်တွင် ညီလာခံသဘင်၌တွေ့ဆုံရရုံ နှင့်အသိအမှတ်မပြုပေ။ ညပိုင်းတွင် ဘုရင်မကြီး၏အဆောင်သို့ မဝင်ရောက် မခစားသော သံတမန်သည် အင်္ဂလန်ပြည်သံတမန်စစ် မဖြစ်သေးချေ။ ဘုရင်မကြီး၏ အဆောင်သို့ အချိန်မတော်ဝင် ရောက်ခစားသော သံတမန်တို့သည်သာလျှင် နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း သွယ်ဖောက်မှု တည်းဟူသောသံတို့၏ တာဝန်ဝတ္တရား ကျေပွန်ပေတော့သည်။ သံတမန်တို့၏ အစွမ်းကို အကာလ ညအခါ အဆောင်တော် ဝင်ရောက်ခစားမှု၌ သိသာထင်ရှားနိုင်ပေသည်။ ဘုရင်မကြီး၏ အလိုတော်မကျသော သံတမန်တို့သည် နန်း တော်မှ ကသောကမျောပြေးရလေသည်။

ဘုရင်မကြီး ကိုယ်တိုင်က စာရိတ္တ မဏ္ဍိုင်ပြိုပျက် နေပါမူ နောက်လိုက်နောက်ပါ မှူးကြီးမတ်ရာ သေနာပတိတို့က ဘုရင်မကြီး ၏ ရှေ့ဆောင်ရာသို့ လိုက်ကြမည်မုချပင်။ ထိုမျှပင်မကသေး၊ တိုင်း ပြည်နှင့် အဝန်း စာရိတ္တပျက်ပြားမှုမှာ ဖက်ရှင်ဖြစ်နေတော့သည်။

"နက်ဖြန်ဖြစ်ချင်ရာဖြစ်ပါစေ၊ ဒီနေ့ပျော်မယ်' ဆိုသောသီချင်းသံသည် အင်္ဂလန်ပြည်တစ်လွှားတွင် ပွဲတင်ထပ်လျှက်ရှိလေသည်။ 'သောက်မယ် စားမယ်. . . ပျော်ပျော်နေမယ်' ဟူသော သဘော ထားပါသော အခြားသီချင်း များစွာလည်းရှိသေး၏။ အချို့ သောသီ ချင်းများမှာ ရှန့်ရင်းကြမ်းတမ်းသော စကားလုံးများ ပါရှိသည်ဟု အဆိုရှိ၏။ ခေတ်နှင့်လျော်ညီသော သီချင်းများဖြစ်သဖြင့် ထိုခေတ် ကဆိုးဝါးပုံကို ထိုသီချင်းများဖြင့် လေ့လာနိုင်ပေသည်။

အဘယ်ကြောင့်ထိုမျှ အပျော်အပါးလိုက်စားမှုများ သနည်းဟုမေးပါမူ အဖြေမှာခေတ်ပျက်ကြီးနှင့် ကြုံနေရသောကြောင့်ဟူ၏။ ထိုခေတ်၌ လူငယ်တို့သည် ရိုးရိုးသားသား လုပ်ကိုင်စားသောက်လို သောဆန္ဒမရှိချေ။

တောင်သူလယ်သမားများသည် အခွန်ဘဏ္ဍာ ကြီးလေးသောကြောင့် မိမိတို့ပိုင်လယ်ယာများကို မလုပ်တော့ဘဲ အစိုးရအသိမ်းခံလိုက်ကြသည်။ သိမ်းပြီးမှ အစိုးရထံတွင် အခ စားပြန်၍လုပ်ကြသည်။ ကိုယ်ပိုင်လယ်လုပ်ခြင်းထက် အခစားလုပ် ရခြင်းကပို၍တာဝန်နည်းပြီးလျှင် ငွေကြေးမှန်မှန်ရသဖြင့် တွက်ကိန်းကိုက်ပေသည်။

မြို့ပေါ်ရှိလူငယ်များလည်း လုပ်ငန်းရှင်များထံတွင် အလုပ်သင်သဘောနှင့် ကူညီလုပ်ကိုင်ရခြင်းမှ အခကြေးငွေမရသည့် အပြင်ဥပဒေအရ ကျွန်နှင့်မခြားသောကြောင့် မလုပ်တော့ဘဲ ခါး ပိုက်နှိုက်၊ သူခိုး၊ ပြည့်တန်ဆာခေါင်းများ လုပ်စားကြလေသည်။ ထိုမကောင်းမှုအလုပ်များသည် ကောင်းရောင်းကောင်းဝယ်အလုပ် များထက်ပို၍ အကျိုးရှိသည်၊လွတ်လပ်သည်။ စာချုပ်နှင့်အလုပ် သင်အဖြစ် ဝင်လုပ်မိသောလူငယ်တို့သည် မိမိတို့၏ အဖြစ်ဆိုးကို သိရှိသည်နှင့်တစ်ပြိုင်နက် အလုပ်ရုံမှထွက်ပြေးဖို့ ကြိုးစားကြသည်။ ပြေးသော်လည်း လွတ်ခဲလှဘိခြင်း၊ ပြန်မိလာသောအလုပ်သင်အလုပ်သမားကလေးများကို ဝရမ်းပြေးများသဖွယ် လက်ပြန်ကြိုးတုပ်၍ခေါ်လာကြသည်။ ထောင်ကျသောအခါ ပြောမပြနိုင်လောက် အောင် ဆိုးဝါးသောညှဉ်းဆဲမှုကို ခံကြရလေသည်။ ထွက်ပြေးရာမှ ပြန်မိသော အလုပ်သင်ဦးရေမှာ လန်ဒန်မြို့တွင် ၂၆၀၀၀ ကျော် သည်။ အချို့ပါးနပ်သော အလုပ်သင်များသည် ထွက်ပြေးပြီးလျှင် ခါးပိုက်နှိုက် သော်လည်းကောင်း၊ ပြည့်တန်ဆာထိန်း သော်လည်း ကောင်းလုပ်ကာ ရလာသည့်ငွေထဲမှ အနည်းငယ်ဖဲ့၍ပုလိပ်ကိုခွံ့ လိုက်ရာ ပုလိပ်ကသူတို့ကိုမဖမ်းဘဲ လွှတ်ထားလိုက်လေသည်။ ထို့ ကြောင့်လည်း လန်ဒန်မြို့တွင် အလုပ်သမားဦးရေထက် ခါးပိုက် နှိုက်၊ သူခိုး၊ ဖိမ်ခေါင်းဦးရေတို့က တစ်နေ့တစ်ခြား တိုးတက်လာလေ တော့သည်။

ဥပဒေ၌ ပြည့်တန်ဆာကာကွယ်ရေး ပုဒ်မများရှိပါ၏။ သို့သော်ဥပဒေသည် စာအုပ်ကြီးထဲ၌ သာရှိသည်။ ဘုရင်မကြီးမှစ၍ တိုင်းပြည်တစ်ဝန်းလုံးက လိုက်စားနေသော အပျော်တမ်းအလုပ် ကြီးတစ်ရပ် ဖြစ်နေသောကြောင့် စာအုပ်ထဲကဥပဒေသည် စာအုပ် ထဲမှပြူထွက်မလာဝံ့ရှာချေ။ ယခုခေတ် နာမည်ကြီးခေါင်းဆောင် များ အငယ်အမြှောင်ထားသည်ဟု ဘယ်သို့ပင်ဆိုစေကာမူ အယ် လစ်ဇဘက် ခေတ်ကနာမည်ကြီးများ ငြိမ်နေ သလောက်သာရှိချေ သည်။ ထိုခေတ်က လူကုံထံအပေါ်လွှာပိုင်း၌ သောင်းကျန်းမှုသည် ယခုခေတ်ထက် အဆပေါင်းများစွာဆိုးဝါးလှသည်။

ထိုခေတ်က ပြည့်တန်ဆာလုပ်ငန်းသည် ယခုခေတ်လူမှုဝန်ထမ်းလုပ်ငန်းများကဲ့သို့ပင် မရှိမဖြစ်သောလုပ်ငန်းတစ်ရပ်ပင် ဖြစ်တော့သည်။ ထမင်းဆိုင်၊ ဟိုတယ်ဆိုင်များတွင် လူအများ သောက်ရန် ဘီယာထားသကဲ့သို့

ပြည့်တန်ဆာများကိုလည်းထားပေးရသည်။ ဟိုတယ်မယ်ကလေးများသည် များသောအားဖြင့် ဟိုတယ်ပိုင်ရှင်၏ သမီးများဖြစ်သည်။ ပိုင်ရှင်က တည်းခိုသူထံသို့ ဘီလ် (ငွေတောင်းစာရင်း)တင်လိုက်သောအခါ သူ့ သမီး တစ်ညစာဧည့်ခံခ တစ်လျှောက်လင်ပို၍ထည့်လိုက်သည်။

ဧည့်သည်တစ်ယောက် ဟိုတယ်တွင်တည်းခိုလာလျှင် ဟိုတယ်ပိုင်ရှင်က ညစာကို မိမိအိပ်ခန်းထဲတွင် တစ်ကိုယ်တည်းစား လိုပါသလော၊ အောက်ထပ်တွင်စားလိုပါသလားဟု မေးလိုက်သည်။

ဧည့်သည်က အိပ်ခန်းထဲတွင် စားလိုသည်ဆိုလျှင် ဟိုတယ်ပိုင်ရှင်က ဟိုတယ်မယ် ကလေးတစ်ယောက်နှင့် အတူညစာကိုပို့လိုက်သည်။ အကယ်၍ အောက်ထပ်ထမင်းစား ခန်းမှာပင်စားလိုသည်ဆိုလျှင် ဧည့်သည်က ဟိုတယ်မယ်ကို သူ့အကြိုက်ရွေးချင်သည်ဟူ သောအဓိပ္ပာယ်ထွက်ပေသည်။ အောက်ထပ်တွင် စားသောက်ပြီး ဧည့်သည်မျက်စိကျသောဟိုတယ်မယ်အား ညလည်စာကိုအိပ်ခန်းထဲသို့လာပို့ရန်မှာပြီးနောက် အိပ်ခန်းသို့တက်သွားလေသည်။

ဟိုတယ်ဆိုင်ရှင်များသာ ဖိမ်ခေါင်းလုပ်ကြသည်မဟုတ်ပေ။ မိန်းမဦးထုပ်ဆိုင်ရှင်များလည်း ဖိမ်ခေါင်းလုပ်ကြပေသေးသည်။ သို့ရာတွင် သူတို့၏လုပ်ငန်းမှာ ဟိုတယ်ဆိုင်ရှင်တို့၏လုပ် ငန်းနှင့် တစ်ဖက်စီဖြစ်သည်။ သူတို့က မိန်းမများအား ဂုဏ်သရေရှိ ယောက်ျားများနှင့်ဆက်သည်။ ဦးထုပ်လာဝယ်သောမိန်းမ အချို့ကို ဘုရင်မ၏ မင်းမှုထမ်းမင်းယောက်ျားများနှင့် ဆိုင်နောက် ဘက်ရှိအခန်းတွင် ဆုံပေးလေသည်။ မိန်းမတို့ကလည်း ရာထူးရာခံ ရှိသောယောက်ျားများနှင့် အဆက်ဖြစ်ရလျှင် တစ်နေ့နေ့တွင်ဘုရင်မထံတော်ပါးသို့ရောက်နိုင်မည်ဟု မျှော်လင့်ကြသည်။ ထံတော်ပါး သို့ရောက်လျှင် ဘုရင်မအားကောင်းစွာ ခစားသောကြောင့် မိမိတို့၏ လင်ယောက်ျားအဖို့ ရာထူးကလေးများ ဆုတော်လာဘ်တော်အဖြစ် ရနိုင်ကောင်း၏ဟု မျှော်လင့်ကြသည်။

ထိုခေတ်ကမိန်းမတိုင်းလိုလိုပင် မျောက်မွေးသည်။ မမွေးသောမိန်းမသည် ခေတ်မမီချေ။ ဘုရင်မအနားတွင် ကပ်ရပ်ခစားနေသောသူကောင်းကြီးငယ်တို့သည် မိန်းမဦးထုပ်ဆိုင်ရှင်များ နှင့်အဆက်လုပ်ထားကြပြီးလျှင် သွားလာဝင်ထွက်နေကြသည်။ သူတို့မျက်စိကျသောမိန်းမကို နန်းတော်တွင်းသို့ ခေါ်သွင်းလာလေ့ ရှိသည်။ ယင်းသို့ ခေါ်သွင်းခံရသောမိန်းမများအဖို့ ရတနာပုံဆိုက်လေတော့သည်။ အယ်လစ်ဇဘက်၏နန်းရင်ပြင်၌ ထိုသို့အခွင့်ကောင်းစောင့်မျှော်နေသောမိန်းမဦးရေသည် မနည်းလှချေ။

အထက်တန်းစားတို့၏ သောင်းကျန်းမှုမှ အောက်တန်း စားဆင်းရဲသားတို့၏ ဖြစ်ထွေကို ကြည့်ဦးလေ့။ လန်ဒန်မြို့ရှိစိန်ပေါ လမ်းမှာ ထိုခေတ်က

အကျော်ဇေယျဖြစ်ပေသည်။ ခါးပိုက်နှိုက် အမျိုးမျိုး၊ သူခိုးကြီးငယ်၊ လူဆိုးအစားစားနှင့် ပြည့်လျှံနေ၏။ သူတို့ကြားထဲတွင် မျက်နှာချေထူထူလိမ်း၍ ဟန်ပါပါလမ်းသလားနေ သောဇိမ်မယ်များကို တွေ့နိုင်သည်။ ယင်းတို့သည် လမ်းမပေါ်တွင် အခြားသော ဗျပ်ထိုးခေါင်းရွက်သည်များ မိမိတို့ကုန်ပစ္စည်းအမည်ကိုဖော်၍ ဟစ်အော်နေကြသည့်နည်းတူ သူတို့၏ကာမကုန်ပစ္စည်းများကို အမည်ဖော်ထုတ်၍ကြေညာနေကြလေသည်။ ယုံနိုင်စရာ ပင်မရှိချေ။ တောမှမြို့သို့တက်လာသော တောသားလူငယ်အချို့သည် ထိုလမ်းထဲသို့ရောက်သွားလျှင် ပြန်လမ်းမရှိသည်ကသာများ ချေသည်။ ကံကောင်းထောက်မပါမူ ရှိသမျှပစ္စည်းကိုအလုခံရပြီးနောက် လမ်းထဲမှကန်ထုတ်ခြင်းခံရပေမည်။

လူလိမ်လူညာအမျိုးမျိုးရှိရာတွင် မိန်းမလိမ်များသည် ထူးခြားလှပေသည်။ ရိုးရိုးသားသားနှင့် ဘုရားရှိခိုးကျောင်းသို့တက် လာသောမိန်းမတစ်ဦးကို တောသားတစ်ဦးကမျက်စိကျသည်ဆိုပါ မူ ထိုမိန်းမကတောသားကို နှစ်သက်လွန်းလှ၍သာ လက်ခံရသည့် အနေမျိုးနှင့် သူ့ အိမ်သို့ခေါ်သွားလေသည်။ အိမ်တွင်တောသားက သာက်ရတော့မည့်အချိန်တွင် လင်ကြီးဝင်လာသဖြင့် မိသွားလေတော့သည်။ ထိုအခါတောသားခမျာမှာ မယားခိုးမှုမစွဲရလေအောင် တောင်းတောင်းပန်ပန်နှင့် ပါလာသမျှငွေကြေးအဖိုးတန်ပစ္စည်းတို့ကိုပေးခဲ့ရရှာသည်။

ထိုမျှမကသေး၊ လိင်တူချင်းသံဝါသပြုမှုသည် အလွန်ပေါ်များသည်။ အထက်တန်းစား သူကောင်းကြီးများတွင် အချစ်တော်လက်ပါးစေလူပျိုကလေးများရှိတတ်သည်။ အဆိုပါ စိန်ပေါ် လမ်း၌ ယောက်ျားပြည့်တန်ဆာများသည် မိန်းမပြည့်တန်ဆာများနှင့် ပခုံးချင်းယှဉ်၍ ဧည့်သည်ရှာနေကြသည်။ သူတို့သည် မိန်းမလို ဝတ်ထားသောမိန်းမလျာများဖြစ်သောကြောင့် အကြောင်းမသိသောတောသားများအဖို့ မိန်းမနှင့်ခွဲခြား၍ မရတတ်ဖြစ်ရလေသည်။

ရှိတ်စပီးယားသည် သူ့ပြဇာတ်များ၌ မိန်းမလျာများကို မိန်းမဇာတ်ကောင်များ အဖြစ်အသုံးပြုလေသည်။ သူကိုယ်တိုင်ပင် ထိုမိန်းမလျာများနှင့် မကင်းရှင်းဟု ရာဇဝင်ဆရာ အချို့ကဆိုသည်။ ရှိတ်စပီးယားမှာလည်း အယ်လစ်ဇဘက် ခေတ်က ဆိုးပေကြီးတစ်ဦး ဖြစ်ပေသည်။

အယ်လစ်ဇဘက်ခေတ်၌ အပျိုစင်ဘဝကို အထူးလေးစားကြသည်ကားမှန်ပေ၏။ အကြောင်း အရင်းမှာကား အပျိုစင်အလွန်ရှားသောကြောင့်ဖြစ်သည်။ ကလေးများ အသက်ခုနစ်နှစ်၊ ရှစ် နှစ်အရွယ်တွင် စေ့စပ်ထားပြီးလျှင် ဆယ့်နှစ်နှစ်အရွယ်ရောက် သော်လက်ထပ်

ပေးစားလိုက်ကြသည်။ ပေးစားပြီးမကြာမီပင် လင်နှင့်မယားသည် မိမိထင်ရာစိုင်းကြလေတော့သည်။ လင်အဖို့အ မြှောင်ထားခြင်းသည် မယားအဖို့ မျှောက်မထားခြင်းကဲ့သို့ မထူး ဆန်းတော့ချေ။

ယင်းသို့ ပျော်သလိုနေကြသည့် အကြောင်းအရင်းကိုရှာ လိုက်လျှင် အယ်လစ်ဇဘက်ဘုရင်မ၏ အုပ်ချုပ်မှုညံ့ဖျင်းသော ကြောင့်ပင် ဖြစ်ကြောင်းတွေ့ရသည်။ အယ်လစ်ဇဘက်သည် အဆင်အခြင်နည်းသည့် အလျောက် ပေါ်တူဂီပြည်ကို အောင်နိုင်ရမည် ဟု ဆုံးဖြတ်တော်မူလေသည်။ သူ့တပ်မတော်မှာ ပေါ်တူဂီပြည် ကိုသိမ်းပိုက်နိုင်ဖို့ဝေးစွ၊ ကစဉ့်ကလျားဖြစ်ကာ ပြေးလာရလေသည်။ စစ်ပြေးတပ်သားများသည် လက်နက်အားကိုးဖြင့် တောအရပ်ဒေ သများ၌ အမျိုးမျိုးသောင်းကျန်းကြလေသည်။ ရာဇဝင်စာအုပ်များ၌ စပိန်ရေတပ်မတော်ကြီးကို အင်္ဂလိပ်တို့က အနိုင်ရလိုက်လေဟန် ရေးထားကြသည်။ စင်စစ်အားဖြင့် စပိန်ရေတပ်မတော်မှာ အင်္ဂ လန်ပြည်သို့ တိုက်ခိုက်ရန်အလာတွင် မုန်တိုင်းမိ၍ ပျက်စီးသွားခြင်း မျှသာဖြစ်သည်။

ယင်းသို့ ဒုက္ခအဖုံဖုံတွေ့နေသည့် ကြားတွင် အယ်လစ်ဇ ဘက်ဘုရင်မသည် ရက်သတ္တပတ်လျှင် အနည်းဆုံးပွဲတော်တစ်ခု ကျင်းပ၍ အပျော်ကျူးလေ့ရှိသည်။ အချို့ပွဲတော်များမှာ အလွန် အမင်းသောင်းကျန်းသည်။ မေဒေးပွဲတော်မှာ ယခုခေတ်မေဒေးနှင့် လားလားမျှမတူပေ။ ထိုနေ့မတိုင်မီညက ယောက်ျားမိန်းမတို့သည် တွဲ၍ တောသို့ထွက်သွားကြပြီးလျှင် နံနက်ကျခါမှ မေဒေး ကျင်းပရန် တောပန်းများခူး၍ ပြန်လာကြသည်။

အယ်လစ်ဇဘက်ဘုရင်မသည် ရာဇဝင်အထင်အရှား တွဲဖက်သောသူကောင်းများစွာရှိလေသည်။ သူနန်းမတက်မီ အပျိုဖော် ဝင်စက ရေတပ်ဗိုလ်ချုပ်လော့ဒ်ဆီးမိုးနှင့် တွဲသဖြင့် သူ့ကိုရုံးတင် ၍စစ်ဆေးရန် လော့ဒ်ဆီးမိုး၏အစ်ကို နန်းရင်းဝန်ကြီး လော့ဒ်ဒပ် ဒလေးကစီစဉ်လိုက်သေးသည်။ နောက်မကြာမီပင်လျှင် ရုံးတင်စစ် ဆေးမည့် လော့ဒ်ဒပ်ဒလေးသည် သူ့အလိုလိုက်ရသော ချစ်သူတစ် ဦးဖြစ်သွားရလေသည်။ ထို့နောက် အက်ဆက်နယ်စားကလေးနှင့် အကြီးအကျယ် ဖြစ်လိုက်သေး၏။ သူနန်းတက်ပြီးသည့်အခါ ဥရောပ ပတိုက်ရှိ ထီးဆောင်းမင်းများစွာတို့က သူ့အားလက်ဆက်၍ နှစ် ပြည်ထောင်ရွှေလမ်းငွေလမ်းဖောက်ရန် တောင်းဆိုလာကြသေးသည်။ သူကတစ်ဦးဦးနှင့် ထိမ်းမြားလက်ထပ်လိုက်ပါမူ သူ့ဩဇာ ပျက်ပြားမည်ကိုကြိုတင်သိသည့်အလျောက် တစ်သက်တာတွင် မည်သူ့ကိုမျှ စုလျားရစ်ပတ် ထိမ်းမြားခြင်းမပြုတော့ပါဟု ကြေညာလိုက်လေသည်။

ထိုသို့ကြေညာချက်အရ သူ့အား'အပျိုစင်ဘုရင်မ' ဟူသော ဘွဲ့နာမဖြင့် မော်ကွန်းတင်ကြကုန်၏။ သို့ရာတွင်သူသည် ဘုရင်မအဖြစ်သာမနေရပါမူ

ဆိုခဲ့သောစိန်ပေါလမ်းတွင်ဗန်းပြနေ သောပြည့်တန်ဆာများနှင့်ပခုံးချင်းယှဉ်၍ လျှောက်နေမည်ဟု တွက်ဆရတော့သည်။

ထူးခြားချက်တစ်ရပ်ကား တိုင်းပြည်တစ်ဝန်းလုံး၌ စာရိတ္တ မဏ္ဍိုင်ပြိုလဲလျက် ဆင်းရဲအမျိုးမျိုးကြုံတွေ့ နေခိုက်တွင် စာပေအနုပညာအရပ်ရပ်တို့မှာ ထိုခေတ်တွင်အထွန်းကားဆုံးဖြစ်ခြင်းပင် တည်း။ အယ်လစ်ဇဘက်ခေတ်တွင် အင်္ဂလန်ပြည်နယ်သစ်များ ရရှိသည်။ စီးပွားရေးဘက်တွင် တိုးတက်ရန်လမ်းစများ ပေါ်ပေါက် လာသည်။ ထိုခေတ်တွင် အင်္ဂလန်ပြည်၌ အခြေအနေဆိုးဝါးလွန်းလှ၍ အတ္တလန်တိတ်သမုဒ္ဒရာကိုကျော်ဖြတ်ကာ နယ်သစ်ဖြစ်သော မြောက်အမေရိကန်ပြည်သို့ လူတစ်စုသည် 'မေဖလားဝါး' အမည် ရှိသောရွက်သင်္ဘောဖြင့် စွန့်စွန့်စားစား ထွက်ခွာသွားကြသည်။ ထိုလူစုသည် ယခုထွန်းကားနေသည့် အမေရိကန်ပြည်ကိုတည် ထောင်သော ကနဦးပုဂ္ဂိုလ်များပင်တည်း။

ကက်ဆာနိုးဗား “

အင်္ဂလိပ်ဘာသာစကားတွင် မိန်းမများနှင့် ပွေရှုပ်သူကို ‘ကက်ဆာနိုးဗား’ဟုပမာဆောင်၍ ခေါ်ကြသည်။ ထိုဥပမာပြုခြင်း ခံရသူမှာအခြားမဟုတ်၊ အီတလီပြည်၊ ဗင်းနစ်မြို့၌ လွန်ခဲ့သော အနှစ်နှစ်ရာလောက်က ထွန်းကားခဲ့သော ကက်ဆာနိုးဗားပင် ဖြစ် ပေသည်။

ကားကက်ဆာနိုးဗားသည်ရှေ့နေ၊ ဆရာဝန်၊ မျက်လှည့်ဆရာ၊ ပရဆေးသည်၊ နိုင်ငံရေးသံတမန်၊ သူဌေး၊ သူတောင်းစား၊ ဖဲလိမ်၊ စာရေးဆရာ၊ တူရိယာဆရာ၊ သင်္ချာဗေဒဆရာ၊ ဘုန်းကြီး၊ စစ်သား၊ ဇိမ်ခေါင်း၊ သူလျှိုအလုပ်များကို အမျိုးမျိုးလှည့်၍ လုပ်ဆောင်ဖူး သည့် ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်ပေသည်။ ဘာသာစကား ငါးမျိုး တတ်ကျွမ်း၍ နှစ်မျိုးကို အသင့်အတန် ပြောတတ်ဆိုတတ်ပေသည်။ သူသည် သူ့ကိုယ်သူ ရှိဗယ်လိယားဒီ-ဆန်ဂါးလ် ဟုခေါ်သော်လည်း မည်သူကမျှ ထိုအမည်ကို မခေါ်ချင်ကြချေ။ သူ့ကို အားလုံးက ကက်ဆာနိုးဗား ဟုသာခေါ်ကြသည်။ သူသည် ထို နာမည်နှင့်ပင်ကျော်ကြားလေသည်။

သူသည် ဥရောပတိုက်တစ်ခွင် ပြဲပြဲစင်အောင် လှည့်လည် ဖူးသည်။ မြို့ကြီး ခုနစ်ဆယ့်ငါးမြို့တွင် နေထိုင်ဖူးသည်။ ထိုမြို့များတွင် သူသည် ရာပေါင်းများစွာသော မိန်းမများနှင့် ကြုံတွေ့ဖူးလေ သည်။ သူ့ အဖို့ ‘အချစ်’ ဆိုသောစကားမှာ ထမင်းစားရေသောက် စကားမျိုးဖြစ်သည်။ သူ့အချစ်မှာ စိတ်ကူးနှင့်ရူးနေခြင်းမျိုးမဟုတ် ပေ။ နဖူးတွေ့ ဒူးတွေ့ အချစ်မျိုးဖြစ်သည်။ ကက်ဆာနိုးဗားသည် အချစ်ကိုယားနာဟူ၍ သဘောပိုက်သည်။ ကုတ်လေ၊ ကုတ်ချင်လေ ဖြစ်သော ရောဂါတစ်မျိုးဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း သူ့အတ္ထုပ္ပတ္တိထဲတွင် “ထောင်ပေါင်းများစွာသောအချစ်များ” ဟု သူဆိုလေသည်။

သူသည် ထိုယားနာကို အသက်အရွယ်နုစဉ်ကပင် ရထား လေသည်။ ကက်ဆာနိုးဗားအား ဗင်းနစ်မြို့ကြီးနှင့် မလှမ်းမကမ်းရှိ ပက်ဒူးဝါးမြို့ကလေးတွင် ၁၇၃၅ ခုနှစ်တွင် ဖွားမြင်သည်။ သူသည် ဆယ်နှစ်သားအရွယ်ကတည်းကပင် အချစ်ယားနာကို ရလေသည်။ သူ့နှလုံးသားကို ယူကျုံးဆွဲငင်သူမှာကား သူ့ထက်သုံးနှစ်ကြီးသော ဆယ့်သုံးနှစ်အရွယ် အပျိုပေါက်စကလေး ဘက်တီနားဂေါ်ဇီ ဖြစ်သည်။

ကက်ဆာနိုးဗား၏ ဖခင်မှာ သူငယ်စဉ်ကတည်းက ဆုံးရှာ သဖြင့် သူ့မိခင်ကချေသည်နှင့်အတူ မြို့စဉ်လျှောက်လိုက်နေရလေ သည်။ ယင်းသို့လှည့်လည်စဉ် သူတို့သားအမိသည် ဂေါ်ဇီတို့အိမ်တွင် တည်းခိုကြသည်။

ဘက်တီးနားကလေးသည် ကက်ဆာနိုးဗားအား မောင်ကလေးသဖွယ် သုတ်သင်ပြုစုပေးလေသည်။ ပိန် ခြောက်ခြောက် ကက်ဆာနိုးဗားအား ရေချိုးရာတွင် ကြေးတွန်း ပေးသည်။ ယင်းသို့ ရေချိုးခိုက်တွင် ဘက်တီးနားက သူ့ပေါင်ကို ကြေးတွန်းပေးစဉ်၌ပင် ထိုယားနာသည် ပေါ်ပေါက်လာလေတော့ သည်။

သို့ရာတွင် ကက်ဆာနိုးဗားအဖို့ ထိုစဉ်က တစ်နှင့်တစ် ပေါင်းရန် ကြိုးစားပါလျက် အဖြေမှာ နှစ်မထွက်လာသဖြင့် အတော်ပင်အရှက်ရသွားလေသည်။ အခြားဆယ့်ခြောက်နှစ်ရွယ်သူငယ် အဖို့ ယင်းသို့အရှက်ရလျှင် အတော်ပင် ထိခိုက်မည်ဖြစ်သော်လည်း ကက်ဆာနိုးဗားအဖို့ ခေတ္တမျှသာဖြစ်ပေသည်။ နောက်နှစ်ရက်ကြာ လတ်သော် တစ်ဖန်ကြိုးစား၍ ဂဏန်းတွက်ပြန်လေသည်။ သို့သော် ဘက်တီးနားက သူ့ကို တွန်းလှန်ဖယ်ရှားလိုက်သဖြင့် ဆယ်နှစ်သား ကလေးမှာ တပ်ခေါက်သွားရလေတော့သည်။

ကက်ဆာနိုးဗားသည် ဆယ့်ငါးနှစ်အရွယ်တွင် ခရစ်ယာန်တရားဟောဆရာအဖြစ်ဆောင်ရွက်လေရာ ပထမတရားဟောပွဲမှာ အထူးအောင်မြင်လေသည်။ တရားပွဲအပြီးတွင် ကောက်ခံသော အလှူခံသေတ္တာထဲတွင် ဆီကွင်ငါးဆယ်ရောက်ရှိလာလေသည်။ ထိုမျှမကသေး၊ တရားဟောဆရာကလေးထံသို့ ချစ်သဝဏ်လွှာ အတော်များများ မိန်းကလေးများထံမှရလေသည်။

ဒုတိယတရားပွဲမှာကား မအောင်မြင်ချေ။ ကက်ဆာနိုးဗားသည် ကျက်ထားသော တရားစာပိုဒ်များမေ့ကုန်သဖြင့် ခွေးအ လှည်းနင်းသကဲ့သို့ ဖြစ်နေတော့သည်။ တရားစာပိုဒ်များကို မရွတ် နိုင်သဖြင့်ရက်အားပိုပြီးလျှင် တရားစင်ပေါ်မှ မူးမေ့လဲကျသွား လေသည်။

အသက်ဆယ့်ခုနစ်နှစ်အရွယ်တွင်မူ ကက်ဆာနိုးဗားသည် မိန်းမများနှင့်တွေ့လျှင် ခွေးအလှည်းနင်းသကဲ့သို့ မဖြစ်တော့ပေ။ အာသွက်လျှာသွက်လှသည်။ သွက်လွန်း၍ပင်လျှင် သူသည် ဗင်းနစ်မြို့ရှိအပျိုဆောင်များတွင် သူ့နာမည်သည် ပျိုပျိုတို့နှုတ်ဖျားတွင် ခုန်ပျံမြူးထူးနေလေသည်။ ယင်းသို့မိန်းမများ၏အချစ်တော်ဖြစ်လာပြီဆိုရငြားလည်း ကက်ဆာနိုးဗားမှာလူပျိုစင်မျှသာဖြစ်နေ ချေသေးသည်။ ဗင်းနစ်မြို့သူညီအစ်မနှစ်ယောက် နန်းနက်နှင့်မာ တန်တို့က အရပ်မြင့်မြင့်၊ အဝတ်အစားစတိုင်ကျကျဝတ်တတ်သော ကက်ဆာနိုးဗားအား သူတို့အိပ်ခန်းသို့ ဖိတ်ခေါ်ကြလေသည်။ ထိုညီ အစ်မမှာ ဆယ့်ခြောက်နှစ်နှင့် ဆယ့်ငါးနှစ်မျှသာ ရှိကြလေသည်။ ရဲတင်းသောသဘောရှိသဖြင့် လူပျိုကလေးကို သူတို့၏အိပ်ခန်းသို့ ညတွင်ကြွလာပါရန် ဖိတ်ကြားကြလေသည်။ ကက်ဆာနိုးဗားသည်

ညီအစ်မနှစ်ယောက်၏ ပြုစုမှုကိုခံယူ၍ မိမိကလည်းဩ့်ဝတ်ကျေပွန်အောင် ဆောင်ရွက်ပေးလိုက်လေသည်။ ထိုညမှစ၍ ကက်ဆာနိုးဗား၏ယားနာသည် လေးဆယ့်သုံးနှစ်ပတ်လုံးအတောမသတ်ထ လေရာ အသက်ခြောက်ဆယ်ရောက်ခါမှ မစွမ်းဆောင်နိုင်သည့် အလျောက် အတောမသတ်ချင်ရှာဘဲသတ်လိုက်ရလေတော့သည်။

ကက်ဆာနိုးဗားသည် အချိန်ကောင်းတွင်လူဖြစ်လာခဲ့ပေသည်။ ဆယ့်ရှစ်ရာစုနှစ်များမှာ ဥရောပတိုက်တွင် စာရိတ္တမဏ္ဍိုင် ပြိုယိုင်ပျက်ပြားသောအခိုက်အခါဖြစ်လေရကား ကက်ဆာနိုးဗား အဖို့ ကံကောင်းနေသည်ဟုဆိုရပေမည်။ ထိုခေတ်မှာ စစ်ပွဲကြီးများ ဆက်ကာဆက်ကာဖြစ်ပြီးစဖြစ်သဖြင့် ငွေကုန်လူပန်းဖြစ်နေကြ သည်။ လောကကို ငြီးငွေ့နေကြသည်။ ထိုသို့ ငြီးငွေ့နေသည့်အ ခိုက်သည် စာရိတ္တပျက်ပြားရန်အခါကောင်းဖြစ်လေသည်။ အထက်တန်းစားတို့အဖို့ စာရိတ္တသောင်းကျန်းမှုပြုရန်အခါကောင်းကြီးပင် တည်း။

ထိုခေတ်မှာ သာပေါင်းညာစားများ၊ မင်းမြှောင်များ၊ ဗေ ဒင်ဆရာများ၊ ထွက်ရပ်ပေါက်ဆရာများ၊ ဇိမ်မယ်များ၊ ဇိမ်ခေါင်းများ၊ သဘင်သည်များ ထွန်းကားလေသည်။ အင်္ဂလန်ပြည်၌ အကျော်ဇေယျ ဇိမ်ခေါင်းကြီး မစ္စစ်ဖို့သည် အထက်တန်းစားလော ကကို စိုးမိုးအုပ်ချုပ်လျှက်ရှိသော သရဖူဆောင်းရသည့် ဘုရင်မကြီးဖြစ်လေသည်။ နာမည်ကျော်ဇိမ်မယ် ကစ်တီဖစ်ရှားမှာ အထက် တန်းလွှာယောကျ်ားများ၏အချစ်တော်ဖြစ်လေသည်။

မည်မျှလောက် ငွေလက်ဖျားသီးနေသနည်းဆိုလျှင် ကစ်တီသည် ပေါင်တစ်ထောင်တန်ငွေစက္ကူကို ပေါင်မုန့်နှစ်ချပ်ကြားတွင် ညှပ်၍ဝါးစားလိုက်ဖူးလေသည်။

ထိုခေတ်၌ ရုရှားပြည်ကြီးကို ကက်သရင်းဘုရင်မကြီး အုပ်စိုးသည်။

ကက်သရင်းသည် ယောကျ်ားသားရှင်ဘုရင်များနှင့်ယှဉ် လိုက်လျှင်မညံ့ရလေအောင် ဘုရင်များက မောင်းမမိဿံ မြောက် မြားစွာထားသကဲ့သို့ သူကလည်း “ယောကျ်ားမိဿံ” မြောက်မြားစွာထားလေသည်။

စုံသည့်ထိုမြို့ကြီး၌ ကာမမြို့တော်ကြီးကား ဗင်းနစ်မြို့ပင်ဖြစ်သည်။ ပျော်မျိုး ကက်ဆာနိုးဗားကျက်စားလေသည်။ ထို့ကြောင့်ပင်လျှင် သူ့အား ကာမကုသိုလ်ထူးသည့်ပုဂ္ဂိုလ်ကြီးဟု ဆိုကြရ ပေမည်။

ကက်ဆာနိုးဗားသည် ကာမခေတ်ကြီး၌ ဖွားမြင်လာသော ကြောင့် ကာမဗိုလ်ချုပ်ကြီးဖြစ်ရသည်ဟုဆိုလျှင် ထိုအဖြေမှာ မပြည့်စုံသေးချေ။ သူ့မျိုးရိုးကိုကြည့်လိုက်လျှင် ကာမအရာ၌ပြောင် မြောက်ခဲ့သော ဘေးလောင်းတော်၊

ဘိုးလောင်းတော်များကို တွေ့ရ ပေမည်။ သူ့ဘေးလောင်းတော် ဒွန်ဂျက်ကော့ကက်ဆာနိုးဗားသည် စပိန်လူမျိုးသီလရှင်ကလေးကို ခိုး၍ထွက်ပြေးလေသည်။ သီလရှင် ကလေးမှာ ခိုးမပြေးခင်တစ်ရက်ကမှ သီလရှင်ဘဝသို့ ရောက်ရသူ အသစ်ကလေးဖြစ်ပေသည်။

သူ့သားမှာ အမေရိကန်ပြည်ကို ရှာဖွေတွေ့ရှိသော သင်္ဘောသူကြီးကိုလံဘတ်နှင့်အတူလိုက်သွားရာ သင်္ဘောပေါ်တွင် သေဆုံးလေသည်။ သူ့သားမှာကား စာရေးဆရာဖြစ်လေသည်။ ရောမမြို့တွင် တန်ခိုးကြီးသောမဒ်ချ်အနွယ်တော်တစ်ယောက်အ ကြောင်းကိုမကောင်းရေးမိသဖြင့် အီတလီပြည်မှထွက်ပြေးရသည်။ ထိုစာရေးဆရာ၏မြစ် ဂေတာနိုးကက်ဆာနိုးဗားသည် ဆယ့်ကိုးနှစ်အရွယ်တွင် ကချေသည်မတစ်ဦးနှင့်ချစ်ကြိုက်မိလေသည်။ ထိုကချေသည်မကိုခိုးပြေးပြီးမကြာခင်ပင်လျှင် ဆယ့်ခြောက်နှစ်အရွယ်ရှိဇနက်တားကိုခိုးပြေးပြန်လေသည်။ ဇနက်တားမှာ ဖိနပ်ချုပ်သမား၏သမီးဖြစ်သည်။ ကချေသည်မဖြစ်လာခါစလည်းဖြစ်၏။ ဇနက်တား၏သားမှာ ကျွန်ုပ်တို့ယခုဖော်ပြလျှက်ရှိသော ကာမဗိုလ်ချုပ်ကက်ဆာနိုးဗားပင်ဖြစ်ပေသည်။ ကက်ဆာနိုးဗားသည် အသက်ရှစ်နှစ်အထိ ကြီးစွာဒုက္ခရောက်ရရှာသည်။ သူ့ဖခင်မရှိ၍ သူ့မိခင်ကသူ့ကိုဂရုတစိုက်ပြုစု ကျွေးမွေးလာခဲ့လျှင် ဤမျှစိတ်ထိခိုက်မည်မဟုတ်ပေ။ သူ့မိခင်မှာ

ကချေသည်ဖြစ်လေရကား အရပ်ရပ်အရွာရွာသို့ လှည့်လည်၍ ပွဲလာများကို ဖျော်ဖြေအသုံးတော်ခံနေရလေသည်။ ကက်ဆာနိုးဗားသည်ငယ်စဉ်ကဂရုစိုက်မခံရ၍ ကြီးပြင်းလာသည့်အခါ မိန်းမများ၏ဂရုစိုက်မှုကို အငြိုးကြီးနှင့်အရယူလေသည်။ ထိုသို့ငယ်စဉ် ကစိတ်ထိခိုက်မှုကြောင့် ကက်ဆာနိုးဗားသည် တစ်သက်ပတ်လုံး မိန်းမများ၏အပြုအစုအယုအယကို တင်းမတိမ်နိုင်အောင်ဖြစ်ရ လေသည်။ သူ့၌အောက်ကျနောက်ကျစိတ်သည် အစိုင်အခဲကြီးစွာ တည်ရှိနေသဖြင့် ထိုစိတ်၏စေခိုင်းချက်အရ သူ့ကိုဂရုစိုက်အလို လိုက်ရှာသူကိုရှာဖွေလေသည်။ သူ့ အလိုကိုလိုက်မည့်မိန်းမသာဖြစ်ရပေမည်။ သို့ရာတွင် မိန်းမတစ်ဦးတစ်ယောက်၏အလိုလိုက်မှု ကိုမကျေနပ်နိုင်ချေ။ မိန်းမများစွာ၏အလိုလိုက်မှုကို ရှာဖွေလိုက်ယူ ရလေသည်။ ငယ်ရွယ်နုနယ်ချိန်က မရခဲ့သောယုယမှုကိုကြီးခါမှ မယားအဆက်ဆက်ထံမှရယူသော်ငြားလည်း ငယ်စဉ်ကမကျေနပ် မှုသည်သူ့စိတ်တွင်စွဲနေသောကြောင့် မည်မျှပင်ပြုစုအလိုလိုက်သော်လည်း သူ့အဖို့ကျေနပ်ဖွယ်ရာဟူ၍မရှိခဲ့ချေ။ ထို့ကြောင့် သူသည်တစ်သက်ပတ်လုံး မယားအမျိုးမျိုးကိုအဆက်မပြတ်ယူလေ

တော့သည်။

တစ်ခါကသူသည် တစ်ချိန်တည်းတွင် အပျော်မယားနှစ် ဆယ်ယူထားသည်။ သူအလုပ်လုပ်သော ပိုးထည်စက်ရုံရှိ စက်ချုပ် သမနှစ်ဆယ်က သူ့အားအလှည့်ကျပြုစုအလိုလိုက်သော်လည်း လိုမပြည့်နိုင်သဖြင့် ခြောက်လလောက်ကြာလတ်သော် - စက်ချုပ်သမများအားလုံးကိုပစ်လိုက်လေသည်။

တစ်ခါကလည်း ကက်ဆာနိုးဗားသည် မြို့စားကတော်ကြီး သမီးလေးယောက်ကိုခေါ်ထားသည်။ မြို့စားကတော်ကြီးမှာ အကြွေးမပေးနိုင်သဖြင့် ထောင်နန်းစံနေရသည်။ ကက်ဆာနိုးဗားက တစ်ညလျှင်သမီးတစ်ယောက်ကျစီယူ၍ ဂီနီ ၂၀ ပေး မည်ဟုဆို ရာ သမီးများကထိုအဆိုကို နှစ်သက်ကြသည်။ သမီးလေးယောက်သည် လေးညလွန်မြောက်သောအခါ ဂီနီရှစ်ဆယ်ရကြသဖြင့် မိခင်ကြီးကို ထောင်မှရွေးယူလိုက်ကြသည်။ မြို့စားကတော်ကြီးလည်း ကက်ဆာနိုးဗားအား ကျေးဇူးတင်ကြောင်းပြောလို၍ ပဥ္စမမြောက် သမီးကလေးကိုခေါ်ပြီးလျှင်သူ့ထံသို့အလည်လာလေသည်။ ကက်ဆာနိုးဗားမှာ မြို့စားကတော်ကြီးအား ငွေကြေးထောက်ပံ့ရန်မလိုသော်ငြားလည်း ပဥ္စမမြောက်သမီးကလေးကို လက်မလွှတ်သေးဘဲ ခြေတော်တင်လိုက်လေသည်။

ကက်ဆာနိုးဗားမှာ ကာမဂုဏ်အရာတွင်ကမ်းကုန်အောင် လိုက်စားသူတစ်ဦး ဖြစ်ချေသည်။ သူ့အကြောင်းမှာ ယုံနိုင်စရာပင် မဟုတ်ချေ။ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကြားရလျှင်ပင် ကြက်သီးထ၍ ခေါင်းနားပန်းကြီးစရာဖြစ်ချေသည်။ သူသည် အသက်ဆယ့်ရှစ်နှစ်အရွယ်က နေပယ်မြို့တွင်ရှေ့နေကြီးတစ်ဦးနှင့် ရင်းနှီးခင်မင်လေသည်။ ရှေ့နေကြီးမှာအသက်ကြီးရှာလေပြီ။ သူ့ဇနီးကလေးလူကရီရှားနှင့်ညီမပျိုကလေးအိန်ဂျဲလားတို့က လှပနုနယ်ကြပေသည်။ အိန်ဒဲလားမှာအပျိုပင်ဖြစ်သော်လည်း စေ့စပ်ကြောင်းလမ်းပြီးသားဖြစ်သည်။ ကက်ဆာနိုးဗားသည် သူတို့အားလုံးနှင့်သာ ရင်းနှီးသည်မဟုတ်၊ အိန်ဂျဲလား၏ ခင်ပွန်းလောင်း နှင့်လည်းရင်းနှီးလေသည်။ သို့ရာတွင် ကက်ဆာနိုးဗားအဖို့ ရင်းနှီးရုံနှင့်သစ္စာမဖောက်ဟူ၍ ဘယ်သောအခါမျှမရှိပေ။ သူသည် မကြာမီပင် လူကရီရှားနှင့်အိန်ဂျဲလားတို့ အတူအိပ်နေသော အိပ်ရာပေါ်သို့ရောက်သွားလေသည်။ လူကရီရှားနှင့်ဖောက်ပြန်နေခိုက် တွင် အိန်ဂျဲလားက အိပ်ချင်ယောင်ဆောင်နေသည်။ ကိစ္စပြီးသော အခါ နိုးလာဟန်ပြုသောအိန်ဂျဲလားအား ပန်းဦးပန်လိုက်လေ တော့သည်။

ဇရာအိုရှေ့နေကြီးသည် ဇနီးသည်၌သန္ဓေရှိလာပြီဟုဆိုသံ ကြားရသောအခါ အံ့ဩဝမ်းမြောက်မိလေသည်။ သမီးကလေး ဖွား မြင်လာလေသည်။

ရှေ့နေကြီးခများမှာ သူ့ သမီးအရင်းဟု အောက်မေ့နေရှာသည်။ နောက်နှစ်ဆယ့်ခြောက်နှစ်ကြာလတ်သော် ကက်ဆာနိုးဗား၏ တိတ်တိတ်ပုန်းသမီးကလေးမှာ မိခင်နည်းတူ အသက်ခြောက်ဆယ်အရွယ်ရှိ နယ်စားကြီးနှင့်ထိမ်းမြားရရှာသည်။ ကက်ဆာနိုးဗားသည် သမီးအရင်းဖြစ်သော်လည်းသမီးမှန်းမသိဘဲ သူ ငယ်မ၏ဇရာအိုခင်ပွန်းသည်ကြီးအိပ်နေခိုက်မှောက်မှားလေတော့သည်။ ဥယျာဉ်ထဲတွင် ကက်ဆာနိုးဗားသည်စာအရေးအသားတော်သည်။ ထို့ကြောင့်တစ်ခါက ဂရိအမျိုးသမီးချောတစ်ယောက်သည် သူ့ထံသို့ လာ၍ စာတစ်စောင်ရေးပေးပါရန် တောင်းပန်သည်။ အမျိုးသမီးက သူ့ ယောက်ျားသည် စစ်တပ်တွင် တပ်ကြပ်မှူးသာဖြစ်နေသည်။ ရာထူးတိုးသင့်ပြီဖြစ်သောကြောင့် အထက်အရာရှိများထံသို့ လျှောက်လွှာတစ်စောင်ရေရေလည်လည်ရေးပေးပါဟု ဆိုလေသည်။ ကက်ဆာနိုးဗားကရေးခတောင်းရာ အမျိုးသမီးက ပထမတွင်အင်တင်တင်လုပ်သော်လည်း နောက်ဆုံး၌သဘောတူကာ သုံးကြိမ်သုံးခါရေးခပေးလေသည်။

ဂရိအမျိုးသမီးထံမှရေးခကိုသာတောင်းသော်လည်း) အမျိုးသမီးကအဆစ်ပေးသွားလေသည်။ ကက်ဆာနိုးဗားသည် ပထမအကြိမ် ကာလသားရောဂါရလေတော့သည်။ ထိုအကြိမ်မှာ ပထမအကြိမ်မျှသာဖြစ်သည်။ သူ့အသက်ဆယ့်ရှစ်နှစ်မှလေး ဆယ့်တစ်နှစ်အတွင်းတွင် သူသည်ကာလသားရောဂါဆယ့်တစ် ကြိမ်ဖြစ်ဖူးလေသည်။

တစ်ခါက ကက်ဆာနိုးဗားသည် မန်တူအာမြို့မှနေပယ် မြို့သို့အသွား ဆက်ဆီနာမြို့ ကလေးရှိ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် တည်းခိုနေသည်။ နောက်နေ့နံနက်စောစောတွင် ဝရန်တာဘက်ဆီ ကဆူဆူညံညံကြား၍ ကက်ဆာနိုးဗားသည်အိပ်ချင်မူးတူးနှင့်ထွက် ကြည့်လေသည်။ ဝရန်တာတွင် ဟိုတယ်ပိုင်ရှင်နှင့်ရဲသားများသည် ဟန်ဂေရီစစ်ဗိုလ်တစ်ယောက်နှင့် ခွန်းကြီးခွန်းငယ်ဆိုနေကြသည်။ ကက်ဆာနိုးဗားသွားကြည့်သောအခါ အခန်းတွင်းရှိအိပ်ရာပေါ် စောင်တွေကြား၌ မိန်းမတစ်ယောက် တလူးလူးတလိမ့်လိမ့်နေ သည်ကိုတွေ့ရသည်။ အကြောင်းစုံစမ်းကြည့်သောအခါ ရဲဘက်က ဟန်ဂေရီစစ်ဗိုလ်အား မိန်းမတစ်ယောက်ကို လက်ခံထားသဖြင့် ပြစ်မှုစွပ်စွဲကြောင်းသိရသည်။ ကက်ဆာနိုးဗားက အိပ်ရာပေါ်က လူးလူးလွန့်လွန့်ကိုမြင်လိုက်လျှင်ပင် နေပယ်မြို့ သို့ ဆက်မသွား တော့ဘဲ ထိုအမှုတွင်ရှေ့နေလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ကက်ဆာနိုးဗားရှေ့နေလိုက်သောကြောင့် ဟန်ဂေရီစစ်ဗိုလ် နှင့်ထိုမိန်းမတို့အမှု ပြီးဆုံးပြေအေးသွားလေသည်။

စစ်ဗိုလ်နှင့်ထိုမိန်းမတို့က ကက်ဆာနိုးဗားကိုကျေးဇူးတင်သဖြင့်

သူတို့နှင့်အတူ ပါမားမြို့သို့ လိုက်လည်ရန်ဖိတ်ခေါ်ကြသည်။ လမ်းတစ်ဝက်ရထားပေါ်တွင် ကက်ဆာနိုးဗားနှင့် ဟင်နရီအက် မည်သောမိန်းမတို့ အထူးရင်းနှီးလာကြသည်ကို မြင်တွေ့သောစစ်ဗိုလ်က ဝေဿန္တရာလုပ်ကာ ချစ်သူနှစ်ဦးလွတ်လပ်ပျော် ရွှင်ကြပါစေဟုဆုတောင်းပြီးလျှင် ရထားပေါ်မှဆင်းသွားလေတော့ သည်။ ပို

ပါးမားမြို့သို့ရောက်သောအခါမှ ကက်ဆာနိုးဗားသည် သူရလိုက်သော မိန်းမငယ်မှာ လင်ထံမှစစ်ဗိုလ်နှင့်ထွက်ပြေးလာကြောင်းသိရသည်။ မိန်းမများစွာကိုကြုံတွေ့လာသော ကက်ဆာနိုး ဗားသည် ဟင်နရီအက်တားအပေါ်တွင်အတော်ပင်မေတ္တာထားမိလေသည်။ သူသည် ထိုမိန်းမအား အမျိုးမျိုးပြုစုရှာသည်။ အစစအ ရာရာတွင်အလိုလိုက်သည်။

တစ်နေ့၌ ဟင်နရီအက်တားအား ဟန်ဂေရီသံရုံးအရာရှိ တစ်ယောက်ကမှတ်မိသဖြင့် နှုတ်ဆက်လေသည်။ ရက်သတ္တများ စွာမကြာမီပင်လျှင် ဟင်နရီအက်တားသည် ကက်ဆာနိုးဗားအား မျက်ရည်တစမ်းစမ်းနှင့် သူ့လင်ယောကျ်ားထံသို့ ပြန်ရတော့မည်ဟုဆိုလေသည်။ ချစ်သူနှစ်ဦးသည် ဟိုတယ်တွင် နောက်ဆုံးညတည်းခိုကြ၏။ နောက်နေ့တွင် ဟင်နရီအက်တားထွက်ခွာသွားရလေသည်။ ကက်ဆာနိုးဗားသည် မိန်းမများကို သူကချည်းပစ်ခဲ့လေ ယခုထိုမိန်းမကသူ့ကိုပစ်သွားသဖြင့် သူ့ခမျာ ယူကျုံးမရဖြစ်နေရလေသည်။ သူသည် မသာယာသောမျက်နှာထားဖြင့် ဟိုတယ်ခန်းပြတင်းမှန်ကို ငေးစိုက်ကြည့်နေသည်။ မှန်ပေါ်တွင် ဟင်နရီ အက်တားက စိန်လက်စွပ်မှစိန်တုံးထိပ်ဖြင့် "ရှင်. . . ဟင်နရီအက် တားကိုလဲ တခြားမိန်းမတွေလိုဦးမှာပါ' ဟုညို၍ရေးခဲ့လေသည်။ ကက်ဆာနိုးဗားက "ကျုပ်တစ်သက်မှာတော့ မင်းကိုမမေ့ နိုင်ပါဘူးကွယ်' ဟုဆိုညည်းလိုက်လေသည်။ နောက်မကြာခင်ပင် သူသည် ဟင်နရီအက်တားထံမှ စာတစ်စောင်ရသည်။ "ကျွန်မကတော့ ဒီတစ်သက်မှာနောက်ထပ်ချစ်သူမရှာတော့ဘူး' ဟုစာတွင် ဆိုလေသည်။

သူတို့နှစ်ယောက်စလုံးညာကြသည်။ နောက်ဆယ့်ငါးနှစ် ကြာလတ်သော် ကက်ဆာနိုးဗားအားသူ့ညီဘုန်းကြီးဖြစ်သူ ဂျိန်းကဗင်းနစ်မြို့မှမိန်းကလေးတစ်ယောက်ခိုးလာခဲ့ကြောင်း မျက်ရည်ဖြိုင်ဖြိုင်ကျကာ ဝန်ခံရှာသည်။ ကက်ဆာနိုးဗားကညီဘုန်းကြီးအား ဘုန်းကြီးသိက္ခာဖျက်ရကောင်းလားဟုဆိုကာ ကြိမ်းမောင်း မောင်းနှင်ထုတ်လိုက်သည်။ မိန်းကလေးကိုခေါ်၍ တူဝရီးဟန်ဖြင့် ခရီးထွက်ကြလေသည်။ ထိုမိန်းကလေး၏အမည်မှာ မာကိုလိနားဖြစ်သည်။ ကက်ဆာနိုးဗားသည် မာကိုလိနားနှင့်အတူ ခရီးသွားရသဖြင့် လောကတွင် အပျော်ဆုံးလူတစ်ယောက်ဖြစ်သွားလေသည်။ သားလမ်း၌ မာဆေးမြို့

အလွန်လောက်တွင် သူတို့စီးလာသော ရထားဝင်ရိုးကျိုးသွားသောကြောင့် အနီးရှိမြို့စားကတော်ကြီး အိမ်တစ်အိမ်တွင် ဝင်ရောက်တည်းခိုကြရသည်။ မြို့စားကတော်ကြီးက သူတို့အားကောင်းမွန်စွာကျွေးမွေးပြီးလျှင် ညတွင်သူမနှင့်မာကို လိနားတို့အတူအိပ်ကြသည်။ "ဦးလေး" ကက်ဆာနိုးဗားမှာ တစ်အိပ်ရာတွင် အောက်သက်သက်နှင့် တစ်ညတာကုန်ရရှာသည်။ နံနက်တွင် ရထားပြင်ပြီးသဖြင့်ခရီးဆက်ကြလေရာ လမ်းတွင်မာကိုလိ နားက မြို့စားကတော်ကြီးပေးလိုက်သောစာကို ကက်ဆာနိုးဗား ၆. အား ကမ်းလိုက်သည်။ ထိုစာတွင် "ကျွန်မတစ်သက်မှာ တွေ့ရတဲ့ ယောက်ျားတွေထဲမှာ အမြင့်မြတ်ဆုံး ယောက်ျားသို့' ဟုပါသည်။ အောက်တွင် 'ဟင်နရီအက်တား" ဟုလက်မှတ်ထိုးထားလေသည်။

ကက်ဆာနိုးဗားသည် မြို့စားကတော်မှာ ဟင်နရီအက် တားဖြစ်ကြောင်းမမှတ်မိလိုက်သဖြင့် အတော်ပင် အောင့်သွားရှာသည်။ ဟင်နရီအက်တားနှင့်ပတ်သက်လျှင် - သူအရှုံးပေးလိုက်ရ သည်ချည်းဖြစ်သည်။ ပထမတွင် ဟင်နရီအက်တား သူ့ကိုပစ်သွား သည်။ ယခုလည်း ဟင်နရီအက်တားက သူ့ကိုသာမက မာကိုလိနားကိုပင် ကက်ဆာနိုးဗားထံမှ တစ်ညတာဖယ်ရှားပေးလိုက်ချေသည်။ ကက်ဆာနိုးဗားသည် ထိုအရှုံးကိုပြုံး၍ ခံလိုက်လေသည်။ ကက်ဆာနိုးဗားသည်ပြင်သစ်ပြည်သို့သွား၍ လူဝီဘုရင် ကြီး၏အချစ်ဆုံးမောင်းမကြီး မဒမ်ပွန်ပဒေါ် ထံသို့ချည်းကပ်ပြီးလျှင် ဘုရင်ကြီးအားအစိုးရထီဖွင့်လျှင်ငွေဖောဖောသီသီသုံးနိုင်ကြောင်းပြောပြရန်တိုက်တွန်းသည်။ ဘုရင်ကြီးလည်း ငွေအသုံးလိုသဖြင့် ထိုအကြံကိုနှစ်သက်လေသည်။ အစိုးရထီဖွင့်သောအခါ ကက်ဆာနိုးဗားလည်းဝေစုရသဖြင့် သိန်းသန်းချီ၍ ချမ်းသာ သွားလေသည်။

ငွေကြေးတောင့်တင်းသဖြင့် ကာမဂုဏ်အရာ၌ ကြိုးပမ်းလေသည်။ ကက်ဆာနိုးဗားသည် ဆယ့်ခုနစ်နှစ်အရွယ် မယ်ရီယန် အမည်ရှိသော ဗင်းနစ်မြို့ သူကလေးကိုတပ်မက်လေသည်။ မယ်ရီ ယန်မှာ ဆွတ်ချူ၍လွယ်သောပန်းပွင့်ကလေးမဟုတ်ပေ။ သူကိုယ် တိုင်က ကက်ဆာနိုးဗားအား "သူ့ကိုလာမစလေနဲ့။ လာစရင်ဒုက္ခရောက်လိမ့်မယ်'ဟုကြိုတင်၍ သတိပေးထားသည်။ သို့ရာတွင် ကက်ဆာနိုးဗားမှာ မလျော့သောလုံ့လနှင့်ကြိုးပမ်းလေသည်။ မယ်ရီ ယန်မှာသတ္တိကောင်းသူဖြစ်သည့်အလျောက် ခံတပ်ကြီးပြိုမကျသေးပေ။

အချစ်စစ်ရှုံးရသည်ကိုမကျေနပ်နိုင်သော ကက်ဆာနိုးဗားသည် အချစ်ပါရဂူကြီး လော့ဒ်ပင်းဗရွတ်ထံသို့ ချဉ်းကပ်လေ သည်။ လော့ဒ်ပင်းဗရွတ်မှာ

အင်္ဂလန်ပြည်တွင် မြင်းနှင့်မိန်းမတို့ ဘက်၌ တစ်ဖက်ကမ်းခပ်တော်သောပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ သူက ကက်ဆာနိုးဗားအား မယ်ရီယန်ကိုရယူလိုပါမူ ဟန်ဆောင်၍ရှောင် နေကြည့်ပါဟုသညာပေးလိုက်သည်။

ထိုနည်းနှင့်လည်း မစွံသေးချေ။ မယ်ရီယန်ကသူအား "ကျွန်မကို ရက်သတ္တနှစ်ပတ်တိတိက္ကန္ဒြေရရဆက်ဆံပါ၊ဒီအချိန်ကုန်လွန်တဲ့အခါ ဆုချပါ့မယ်'ဟုဆိုသည်။ ကက်ဆာနိုးဗားက အချစ်ဆုကိုလိုလွန်းလှ၍ ရက်သတ္တနှစ်ပတ်အတွင်းတွင် မယ်ရီယန် အားလက်ဖျားနှင့်ပင်မထိဘဲ ချုပ်တည်း၍နေလေသည်။ ရက်သတ္တ နှစ်ပတ် ကုန်လွန်လေပြီ။ ကတိအတိုင်း ဆုရပါ၏လော။ မယ်ရီ ယန်ကကတိဖျက်သွားသည်။

ရက်သတ္တတစ်ပတ်လောက်အကြာတွင် မယ်ရီယန်ထံမှ စာတစ်စောင်ရသည်။ "ကျွန်မ ရှင့်ကိုနှိပ်စက်သလိုဖြစ်နေပါပြီ၊ ခွင့် လွှတ်ပါ၊ ရှင်ကျေနပ်ရစေပါမယ်" ဟုဆိုသည်။ ကက်ဆာနိုးဗားက ချဲလ်ဆီးရွာကလေးတွင် အိမ်တစ်လုံးငှား၍စောင့်နေသည်။ မယ်ရီယန်ကတိဖျက်ပြန်ပြီ။ ကက်ဆာနိုးဗားသည် ဒေါသူပုန်ထ၍နေသည်။ မယ်ရီယန်ကိုလက်သီးနှင့်ထိုးပြီးလျှင် အိမ်ထဲကညမှောင် ထဲသို့ကန်ထုတ်လိုက်လေသည်။

ထိုမျှနှင့်ကိစ္စမပြီးသေး။ ဒေါသမပြေသေးသော ကက်ဆာနိုးဗားသည် ခြောက်လုံးပြူးသေနတ်နှစ်လက်ကို ခါးတစ်ဖက်တစ် ချက်တွင်ထိုး၍ မယ်ရီယန်တို့ အိမ်ပေါက်ဝတွင်စောင့်နေသည်။ အိမ်ထဲသို့ ဆံသသမားလေးတစ်ဦးဝင်သွားသည်ကိုတွေ့ရသည်။ ထိုဆံသသမားသည် သန်းခေါင်တိုင်အောင်ဆံသ၍ပြီးဟန်မရှိ သေးပေ။ ထို့ကြောင့် ကက်ဆာနိုးဗားသည် အိမ်ထဲသို့အတင်းဝင်၍ ကြည့်ရာ မယ်ရီယန်နှင့်ဆံသသမားတို့မှာ မောကြီးပန်းကြီးဖြစ်နေ သည်ကိုတွေ့ ရတော့သည်။ သေနတ်ယူသွားသောကက်ဆာနိုး ဗားသည် သေနတ်ကိုသတိမရတော့ဘဲမွှန်ထူကာကြိမ်လုံးနှင့် ချစ်သူနှစ်ဦးကိုရိုက်ဆော်လေသည်။ မယ်ရီယန်ကအော်သဖြင့် သူ့အမေနှင့်အဒေါ်နှစ်ယောက် ရောက်လာကြသည်။ ကက်ဆာနိုး ဗားသည် မယ်ရီယန်တို့နှစ်ယောက်အား အားရအောင်မရိုက်ရသဖြင့် ကုလားထိုင်များ ရိုက်ချိုးပစ်သည်။ ပန်းကန်များကိုခွဲပစ်သည်။

ထိုမျှနှင့်အားမရဘဲ မိန်းမကြီးများက တားဆီးနေလျက်ပင်လျှင် မယ်ရီယန်တို့နှစ်ယောက်ကိုကြိမ်ဆော်ပြန်လေသည်။ မယ်ရီယန်လည်း အဝတ်အစားများကင်းကွာကာ အိမ်အပြင်ဘက်သို့ထွက်ပြေး ရရှာသည်။

ယင်းသို့ အားရပါးရ ရိုက်လိုက်ရသဖြင့် ကက်ဆာနိုးဗားအဖို့ ကျေနပ်လောက်ပြီဟု ထင်ရသည်။ သို့ရာတွင် သူ့ခမျာမှာ

လက်စားချေရ၍စိတ်ပေါ့မသွားချေ။ မယ်ရီယန်မှာ အအေးထဲသို့ ကိုယ်လုံးတီးထွက်ပြေးရသဖြင့် အအေးမိကာအသည်းအသန်ဖျားနေသည်ဆိုသော သတင်းကိုရသဖြင့် စိတ်ညစ်ညူးနေလေသည်။ မယ် ရီယန်၏မိခင်က အိမ်ဝတွင်ရပ်၍ ငိုင်စောင့်နေသောကက်ဆာနိုးဗားအား နောက်တစ်နာရီလောက်နေရင်မယ်ရီယန်သေလိမ့်မည်ဟု တိုးတိုးပြောလာလေသည်။

လောကကြီးကို စိတ်ပျက်သွားသော ကက်ဆာနိုးဗားသည် သူအမျိုးမျိုးကြိုးစားသော်လည်း မရလိုက်သော မယ်ရီယန့်အတွက် ရတက်ပိုကာ အင်္ကျီအိတ်ထဲတွင် ခဲများထည့်ကာ သေတမ်းစာရေး ထားခဲ့ပြီး ထိန်းမြစ်(Thames)ဘက်သို့ထွက်သွားလေသည်။ အချစ်စစ်သူကြီးအဖြစ်နှင့် အောင်ပွဲအမျိုးမျိုးရခဲ့သော ကက်ဆာနိုးဗား သည် မယ်ရီယန်စစ်ပွဲတွင်အရေးနိမ့်ရရှာသည်။

သူသည် မြစ်ထဲသို့ခုန်ချရန်ထွက်လာရာတွင် လမ်း၌အက် ဂါး အမည်ရှိသော မိတ်ဆွေတစ်ယောက်နှင့် တွေ့လေသည်။ အက်ဂါးကရိပ်မိသဖြင့် သူ့အား ရေထဲခုန်ချခြင်းထက်ကောင်းသည့်အ လုပ်တစ်ခုကို ညွှန်းလေသည်။ အရက်ကလေးတစ်ကျိုက်လောက် သောက်ပြီးလျှင် အစားကောင်းအသောက်ကောင်းစားရန်ပင်ဖြစ်သည်။ ကက်ဆာနိုးဗားက ခေါင်းခါလေသည်။ ဒါဖြင့် အတော်နိပ်တဲ့ ပြင်သစ်ကချေသည်မကလေးကော..... ။ ကက်ဆာနိုးဗားသည် ခေါင်းသုံးကြိမ်တိတိခါပြီးသည့်နောက် တစ်ချက်တည်းဆတ်ခနဲညိတ်ကာအက်ဂါးခေါ်ရာသို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

အရက်ကလေးတစ်ကျိုက်နှစ်ကျိုက်သောက်ပြီးလျှင် အစားကောင်းစားကာ ပြင်သစ်ကချေသည်မကလေးကို ကြည့်နေရ သော်လည်း ကက်ဆာနိုးဗားမှာ ငိုင်မြဲငိုင်လျက်ပင်ရှိသေးသည်။ ထိုအခိုက်ကချေသည်မကလေး၏မျက်နှာသည် သူ့ဘက်သို့လှည့်လာလေသည်။ သူ့မျက်နှာသည်နီမြန်းလာလေတော့သည်။ ကချေသည်မကလေးကား မယ်ရီယန်ပင်ဖြစ်နေချေ သည်။

ကက်ဆာနိုးဗားသည် ဒေါသဖြစ်ကာဈေးသို့သွား၍ ကြက်တူရွေးတစ်ကောင်ကိုဝယ်သည်။ ဆယ့်ငါးရက်တိုင်တိုင်သင်ပေး သဖြင့် ကြက်တူရွေးက သူသင်ပေးသမျှကိုရွတ်ဖတ်တတ်လေပြီ။ ထိုအခါမှ ကြက်တူရွေးကို ဈေးသို့ပြန်ပို့လိုက်လေသည်။ လန်ဒန်မြို့သူမြို့သားတို့သည် ဈေးလယ်ကောင်တွင် ကြက်တူရွေးက “မယ်ရီယန်ဟာ သူ့အမေထက်ဆိုးတဲ့-ာမပဲ'ဟုအော်သံကို ကြားကြရသဖြင့်ပြုံးရယ်ကြလေသည်။ ယင်းသို့ မယ်ရီယန်အပေါ်တွင် အငြိုးကြီးနှင့်လက်စား ချေသော်လည်း ကက်ဆာနိုးဗားသည် သူ့တစ်သက်တွင်

အထိဆုံးဒဏ်ကိုခံလိုက်ရရှာသည်။ သူအဖို့ အချစ်ကိစ္စသည် လွန်ခဲ့ပြီးသောကိစ္စတစ်ရပ် ဖြစ်သွားချေပြီ။ သူ့ အဖို့ခေတ်ကုန်လေပြီ။ စစ်ရှုံးသော ဗိုလ်ချုပ်ကဲ့သို့ အောက်ကျနောက်ကျစိတ်ဝင်နေလေပြီ။ ကြွေးပူသဖြင့် အင်္ဂလန်ပြည်မှထွက်ပြေးရသည်။ ပြင်သစ်ပြည်သို့ရောက်သောအခါ အဆုတ်သွေးလွန်ရောဂါစွဲ၍ သေမတတ်ခံလိုက်ရသည်။ ရုတ်ရှားပြည်သို့သွားသော်လည်း သူ့ကိုမည်သူကမျှအရေးမစိုက်ချေ။ ရုရှားပြည်တွင်လည်း ကက်သရင်းဘုရင်မကြီးက သူ့ကိုစကားလှအောင်ပြော၍လွှတ်လိုက်သည်။ ပိုလန်ပြည်သို့ ရောက်ပြန် ပါလည်း သူကောင်းကြီးတစ်ဦးနှင့် စကားများရာမှ သူကောင်းကြီးအားသူကသတ်လိုက်သဖြင့် တိုင်းပြည်မှဒရောသောပါးပြေးရလေသည်။

နောက်ဆုံး၌ ငွေကြေးတစ်ပြားတစ်ချပ်မျှမရှိတော့ဘဲ သူ တိုင်းပြည်သို့ပြန်ရောက်လာသည်။ ဗင်းနစ်မြို့တွင် သူ့အား အစိုးရသူလျှိုအဖြစ်ခန့်ထားသည်။ သူကတွေ့ကြုံသမျှကို ထုတ်ဖော်၍အစီ ရင်ခံသဖြင့် အထက်အရာရှိကြီးများကသူ့ကို အလုပ်ထုတ်ပစ်ကြ သည်။ သူသည် အပ်ချုပ်သမလေးတစ်ယောက်ကို ထုံးစံအတိုင်းမ ထိမ်းမြားရုံမျှသာရှိသည်။ သုံးနှစ်ခန့်အတူနေလေသည်။ ထိမ်းမြား မည်ဟုကြံမိသေးသည်။ သို့ရာတွင် ခြေထောက်တွင်ဖွေပါသူဖြစ် သဖြင့် အတည်တကျမနေနိုင်ပေ။ ပဲရစ်မြို့ သို့ ထွက်သွားပြန်လေသည်။

ကက်ဆာနိုးဗားသည် ဗီအာနာမြို့သို့ ခရီးဆက်ရာတွင် ဘိုလ်မိယားပြည်သား မြို့စားကလေးတစ်ယောက်နှင့်တွေ့ရာ မြို့ စားကလေးကသူ့အား စာကြည့်တိုက်မှူးအဖြစ် အေးချမ်းစွာနေပါ ဟုဆို၍ ၁၇၈၅ ခုနှစ်တွင် မြို့စားကလေး၏ရဲတိုက်တွင် စာကြည့် တိုက်မှူးအဖြစ်နှင့်နေရင်း သူ့ အတ္ထုပ္ပတ္တိကိုရေးလေသည်။ ၁၇၉၈ခုနှစ်တွင်ကက်ဆာနိုးဗားသည် ငယ်စဉ်ကရရှိလိုက် သောကာလသားရောဂါပေါ်ထွက်လာသဖြင့် ဇွန်လ ၄ ရက်နေ့တွင် ကွယ်လွန်လေသည်။

လီပို

ယခုခေတ်၌ ဘီအေ-အမ်အေ အောင်ပြီးလျှင် မင်းမှုထမ်း လုပ်လိုသူသည် ဘီစီအက်စ် စာမေးပွဲဝင်ရသည်။ ဘီစီအက်စ် အောင်မှ မြို့ အုပ်ဝန်ထောက်ဖြစ်သည်။ ယင်းသို့သော မင်းမှုထမ်း စာမေးပွဲမှာ ခေတ်သစ်တီထွင်မှုတစ်ရပ်ဟု မထင်မှတ်အပ်ပေ။ လွန်ခဲ့သည့် အနှစ် နှစ်ထောင်ကျော်ကတည်းက တရုတ်ပြည်တွင် မင်းမှု ထမ်းစာမေးပွဲ ကျင်းပလေသည်။

နီလာကဗျာဆရာများ၊ စကားပြေဆရာများသည် ကြွယ်ဝချမ်း သာ၍ ဂုဏ်ကြီးရှင်ဖြစ်စေလိုပါမူ အသေအလဲကြိုးစား၍ မင်းမှုထမ်းစာမေးပွဲဝင်ကြရသည်။ သို့မှသာလျှင် သက်သောင့်သက်သာ နေနိုင်ကြပေသည်။ ထိုစာမေးပွဲမှာလွယ်ကူသည်မဟုတ်၊ အပြင်း အထန်အသေအလဲကျက်မှတ်ပြီးလျှင် ပြန်ဆိုနိုင်မှအောင်သည်။ အောင်မှလည်းရာထူးရာခံရနိုင်သည်။ ထို့ကြောင့်ရာထူးမက်လုံးနှင့် ပင်ပန်းကြီးစွာခံကြကုန်လေသည်။ ကဗျာဆရာ၊ စာပေသမား တို့မှာ မင်းမှုထမ်းအဖြစ်နှင့် ပျော်ရွှင်ကျေနပ်ကြသည်ဟု မဆိုနိုင်ပေ။ စာပေသမားတိုင်း ငြိမ်းချမ်းရေးသမားချည်းဖြစ်သည်။ လူ့ဘဝတွင် အေးချမ်းသာယာစွာနေလိုသည်။ တောင်ခြေရင်း၌ စီး ဆင်းလျက်ရှိသော ကြည်လင်ချမ်းမြသည့် စမ်းချောင်းကလေးအနီးတွင် သက်သောင့်သက်သာ တဲကလေးတွင်နေရင်း အရက်ကလေးတစ်ကျိုက်သောက်လိုက်၊ ကဗျာတစ်ပုဒ်စပ်လိုက် . . . ပြီးလျှင်စမ်း ချောင်းထဲဆင်းပြီးရေချိုးလိုက်၊ တစ်ခါတစ်ရံလည်း စမ်းချောင်းဘေး သစ်ပင်ရိပ်တွင်ထိုင်ကာ ရေထဲတွင်လူးလာယက်ခတ်နေသော ငါးကလေးများကိုမျှားလိုက်နှင့် မိမိ၏ဘဝတာကို သက်သာသည့်နည်း လမ်းဖြင့်ကုန်ဆုံးစေလိုသောဆန္ဒသည် ကဗျာဆရာ၊ စာရေးဆရာ တို့၏ရင်တွင်း၌ရှိပေသည်။ သို့ရာတွင် အကြောင်းအလှည့်သင့်ခဲလှသော၍လောကကြီး၌ မလွှဲသာသည့်အကြောင်းများကြောင့် မင်းမှုထမ်းအဖြစ်ဆောင်ရွက်ကာ သက်သာမှုကို ရှာကြရလေသည်။

ရှေးခေတ် တရုတ်ပြည်ကြီး၌ စာရေးဆရာလုပ်စားသူဟူ၍မရှိ။ စာရေးဆရာအဖြစ်နှင့် အသက်မွေးမှုရှာလျှင် ဝတ်ဖို့သာပြင် ရပေတော့မည်။ ထို့ကြောင့် စာရေးဆရာများသည် မင်းမှုထမ်း စာမေးပွဲကို ကြိုးစားပမ်းစားဝင်ရောက်ဖြေဆိုကာ ဘုရင်မင်းမြတ် ၏မြှောက်စားခြင်းခံယူကြလေသည်။ စာမေးပွဲမှာခက်ရုံသာမကစာ စစ်သူတို့သည်ခြစားသောကြောင့် အကပ်မရှိလျှင် စာတတ်သော် လည်းအောင်ဖို့ခဲယဉ်းလှချေသည်။

တောရပ်ကလာသော ကဗျာဆရာကလေး လီပိုမှာအကပ်ရှိသူမဟုတ်ချေ။ သူသည်ပညာတော်သလောက် တေသဖြင့် အချို့က သူစာမေးပွဲမအောင်သည်မှာအံ့စရာမဟုတ်၊ တော်တိုင်းစာမေး ပွဲမအောင်၊ ပင်ပန်းခံပြီးစာကျက်မှ အောင်နိုင်သည်ဟုဆိုကြသည် အချို့ကလည်း စာစစ်သူတို့ကညစ်လိုက်သောကြောင့် လီပိုမှာစာ မေးပွဲမအောင်ဘဲ မင်းမှုထမ်းမဖြစ်ရဟု ဆိုကြသည်။ သူတို့အ ဆိုကားဤသို့ပင်။ လီပိုသည် အတော်ဝေးလံသောရပ်ရွာမှ အပ ပန်းခံ၍ ချန်းနန်းမြို့တော်သို့ ရောက်လာလေရာ အူကြောင်ကြောင် လူကြီးလူကောင်းဟိုချိချန်နှင့်တွေ့လေသည်။ "ဟို'မှာ အရေးပါ အရာရောက်သောပုဂ္ဂိုလ်ဖြစ်သည်။ လီပိုကဟိုအား မင်းမှုထမ်းစာ မေးပွဲဝင်လိုကြောင်း အရက်ဆိုင်တွင်ပြောပြသည်။ ဟိုကလီပိုက် အရက်ကြိုက်သည့်အချက်၌ စာပေတွင်တော်သည့်အချက်ထက်

ပို၍နှစ်သက်လေရကား လီပိုကိုအရက်အဝတိုက်လေသည်။ သူလည်းသောက်၏။ နောက်ဆုံး၌ လီပိုက သူ့ထက်အသောက်သာ သွားလေသည်။ ဟိုချိချန်လည်း တေသားစာဆိုကလေး လီပိုကိုတွဲ၍ အိမ်သို့ခေါ်သွားလေသည်။ လီပိုအားအိမ်တွင်ထား၍စာအကျက်ခိုင်းရာ လီပိုမှာ စာကျက်ခြင်းထက် အရက်သောက်ခြင်းကိုပို၍ဂရုစိုက်လေသည်။ သို့ရာတွင် စာပေနှင့်ပတ်သက်၍ ဆွေးနွေးစုံစမ်းသောအခါ အလွန် တော်နေကြောင်းတွေ့ ရသဖြင့် ဟိုက စာစစ်သူထံသို့ မိတ်ဆက်စာ တစ်စောင်စီရေးပေးလိုက်သည်။ စာစစ်သူနှစ်ဦးမှာ လီပို၏နာမည် ကိုသိသွားလေသည်။ သို့သိသဖြင့်လည်း လီပိုမှာ စာမေးပွဲကျရလေ သည်။ စာစစ်သူတို့က လီပိုကိုမျက်မုန်းကျိုးကြသည့်အကြောင်း ကားအခြားမဟုတ်။ ဟို၏ မိတ်ဆက်စာနှင့်အတူ ထုံးစံအတိုင်း လာဘ်ကလေးမထည့်မပေးလိုက်သောကြောင့်ပင်ဖြစ်သည်။ ဟိုမှာ အရေးပါအရာရောက်သူဖြစ်ကြောင်းမှန်ပေ၏။ သို့သော် လီပိုက ထိုစာနှင့်အတူ ငွေကြေးကလေးထည့်၍ကန်တော့ရန် ဝတ္တရားရှိသည်။ ထိုဝတ္တရားပျက်ကွက်သောလီပိုအား စာစစ်သူနှစ်ဦးက တေးထားလိုက်ကြသည်။ စာမေးပွဲပြီးသည့်နောက် အဖြေလွှာများသူတို့ထံသို့ရောက်လာသောအခါ စာစစ်သူယန်က "ဟောဒီ လီပိုဆိုတဲ့အကောင်ရဲ့ အဖြေလွှာ၊ သင်းက ရာထူးလိုချင်တယ်၊ ဟဲ . . . . . . ဟဲ . . ငါဖြင့် သင်းကို ငါရေးဖို့ မင်ဖျော်ရာမှာတောင် မင်မှုန့်ကို မထောင်းခိုင်းဘူးကွ" ဟုကြုံးဝါးပြီးလျှင် လီပို၏အဖြေလွှာကို မဖတ် ဘဲလွှင့်ပစ်လိုက်လေသည်။ ..

"ငါကလဲ ဒီအကောင်ကို ဖိနပ်ကြိုးတောင် မစည်းခိုင်းဘူး ကွ' ဟုကြုံးဝါးပြီးလျှင် စာစစ်သူကောက်က လီပို၏အခြားမေးခွန်း လွှာကိုလွှင့်ပစ်လိုက်ပြန်သည်။

ဤနည်းဖြင့်လီပိုသည်စာမေးပွဲရှုံးရလေသည်။ ထိုအကြောင်းကို

နောက်ဆုံး၌လီပိုသိသွားလေသည်။ နေသေးသပ ဟူသော သဘောမျိုးနှင့် လီပိုသည်ခပ်အေးအေးပင်နေရင်း သောက်စားပျော်ပါး၍ သာနေလေသည်။ နောက်များမကြာမီပင်လျှင် အရေးပေါ်လာလေသည်။ ကေရာဇ်မင်းထံသို့ ဖတ်၍ မရသောစာတစ်စောင်ရောက်လာလေရာ မင်းဆရာများအရုက်ကြီးစွာရရှိကြကုန်၏။ တစ်ယောက်မျှ ထို စာကိုဖတ်၍ အဓိပ္ပာယ်ရှင်းလင်းမပြနိုင်ကြချေ။ ထိုအခါ အရာရှိကြီးဟိုက သူ့ထံတွင် လူတော်ကလေးတစ်ယောက်ရှိကြောင်း၊ ပညာရှင်ကလေးအား ပို့ဟိုက်နယ်မှပေးပို့လိုက်သောထိုစာကိုဖတ် စေလျှင် သင့်လျော်မည်ထင်ကြောင်းလျှောက်ထားလေသည်။

ကေရာဇ်မင်းက လီပိုအားအမြန်ခေါ်စေဟုအမိန့်ပေး လိုက်လေသည်။ လီပိုကကေရာဇ်မင်းခေါ် တော်မူသည်ကို မလာပါရစေနှင့်ဟုတောင်းပန်စကားပြန်ကြားလိုက်သည်။ သူကဲ့သို့ စာမေးပွဲကျသူတစ်ဦးအား အခေါ်တော်လွှတ်သည်မှာ မလျော်ကန်ကြောင်း ဟိုချိုချန်မှတစ်ဆင့်လျှောက်ထားလိုက်လေသည်။ ကေ ရာဇ်မင်းက အကြောင်းအကျိုး ကြားသိရပြီးနောက် လီပိုအားထပ်မံ ဆင့်ခေါ်လေသည်။ ထိုအခါမှ လီပိုသည်အခစားဝင်လာသည်။ ပညာရှိကြီးများဖတ်၍နားမလည်နိုင်သောစာကို လီပို အလွယ်တကူဖတ်၍အဓိပ္ပာယ်ရှင်းလင်းပြလေသည်။ ကေရာဇ်မင်းက ရွှေဘောတော်ကျသည်နှင့်အမျှ နန်းတွင်းပညာရှိမှူးကြီးမတ် ရာခများတို့မှာ မျက်နှာပူကြကုန်၏။ ကေရာဇ်မင်းက လီပိုအား ချက်ချင်းပင်ပါရဂူဘွဲ့ထူးဖြင့် ချီးမြှင့်ပြီးလျှင် နန်းတွင်းပညာရှိတစ်ဦးအဖြစ်ခန့်အပ်လိုက်လေသည်။ ထိုည၌ပင် ရတနာခုနစ်ပါးအဆောင်တော်တွင် စာဆိုကလေးလီပိုအား ဂုဏ်ပြုသည့်အနေနှင့် ကြီးကျယ်ခမ်းနားသောညစာစားပွဲကျင်းပလေသည်။ လီပိုသည် စားအသောက်ကိုဝလောက်အောင်စားပြီးလျှင် နန်းတွင်းသူများ၏ဖြေဖျော်မှုကိုလည်း ဝအောင်ခံစားပြီးနောက် မိုးလင်းခါနီးတွင် အသောက်လွန်၍ စင်းစင်းလဲလေတော့သည်။ နောက်နေ့နံနက်တွင် လီပိုအား သူဖတ်ပြသောစာကို ပြန်ကေရာဇ်မင်းမြတ် ကြားသည့်စာတစ်စောင်ရေး၍ဆက်ရမည်ဟု ကအမိန့်တော်မှတ်လေသည်။ အမိန့်တော်မှတ်သော်လည်း လီပိုမှာ တုံးပမာအိပ်မောကျနေချေသေးသည်။ အတော်ကြာနှိုးပါမှ တဖြည်းဖြည်းနိုးလာတော့သည်။ ထုံထိုင်းနေသောဦးနှောက်သွက် လက်ကြည်လင်လာအောင် အရက်ချိုတစ်ချို ့အသင့်ထားရသည်။ သူ့ အားအလွန်အမင်းအထင်ကြီးနေသော ကေရာဇ်ကိုယ်တိုင် ဆန်ပြုတ်ကို ဆင်စွယ်အစစ်ဖြင့်ပြုလုပ်ထားသောတူနှင့် မွှေပေးရသည်ဟုဆိုသည်။ ယင်းသို့ပြုစုသည့်အခါမှ လီပို၏ဦးနှောက်သည် တဖြည်းဖြည်းကြည်လင်လာလေတော့သည်။

ကေရာဇ်မင်းမြတ်ကိုယ်တိုင် အရေးယူပြုစုခြင်းခံရသော လီပိုအဖို့

ကလေ့စားချေရန်အခွင့်အလမ်းပေါ်လာလေပြီ။ လီပိုကကေရာဇ်မင်းမြတ်အား မိမိ၏အဝတ်အစားမှာ ညပိုင်းကအပျော် ကျူးခဲ့သည့်ကျေးဇူးကြောင့် ကြေမွညစ်ပတ်နေပါသဖြင့် အဝတ် သစ်အစားသစ်လဲလှယ်ပြီးခါမှ ပြန်စာရေးပါရစေဟု တောင်းပန် လေသည်။ ယင်းသို့ အဝတ်လဲရာတွင် မင်းမှုထမ်းစာစစ်အရာရှိ ကြီးကောက်အား ကူညီခိုင်းနိုင်ရန်အခွင့်လည်း အခွင့်ပေးသနား တော်မူပါရန် တောင်းပန်လေသည်။

ကေရာဇ်မင်းက လီပိုအလိုအတိုင်း အားလုံးဆောင်ရွက် စေဟုအမိန့်ပေးလိုက်သဖြင့် စာစစ်အရာရှိကြီးကောက်က လီပို၏ ဖိနပ်ကြိုးကိုစည်းပေးရရှာသည်။ စာစစ်အရာရှိကြီးယန်းကမူ လီပို စာရေးရန် မင်ခဲထောင်း၍ဖျော်ပေးရရှာသည်။ လီပိုလည်းထိုအခါမှ ပြန်စာကို လွယ်ကူစွာပင်ရေး၍ကေရာဇ်မင်းအား တင်ဆက်လိုက် လေသည်။

လီပိုသည် ခရစ်သက္ကရာဇ် ၇၀၁ ခုနှစ်တွင် ဇီချွမ်နယ် တွင်ဖွားမြင်သည်။ သူ့အားမဖွားမီညက သူ့မိခင်သည် မိမိရင်ခွင် ထဲသို့ သောကြာကြယ်ကြီးပြုတ်ကျလာသည်ဟုအိမ်မက်မက် ကြောင်းဆိုလေသည်။ ထို့ကြောင့်သူ့ အား လီပိုဟု အမည်မှည့်သည် ဆို၏။ ‘လီ’မှာကား ရိုးရာအမည်ဖြစ်သည်။ “ပို” မှာ ဖြူစင်ခြင်းဟူ၏။

သောကြာကြယ်ဖြူကြီးကိုအစွဲပြု၍မှည့်ဟန်ရှိသည်။ လီပိုမှာ သူကောင်းပြုခံရသောအချိန်တွင် အသက်လေးဆယ်ကျော်လေပြီ။ အစားအသောက်အလွန်ကြမ်းလှသည်။ အစာငတ်နေသောကျား ပမာစား၍ တစ်ထိုင်တည်းတွင် အရက်ခွက်သုံးရာသောက်သည်ဟုအဆိုရှိသည်။ တုတ်တုတ်ခိုင်ခိုင်နှင့် စရည်းပမာဝမ်းဗိုက်ရှိသော လီပိုအားမြင်သူအပေါင်းက နွဲ့နှောင်းလေးနက်သော ကဗျာစာနုဖွဲ့ နိုင်လိမ့်မည်ဟုထင်မည်မဟုတ်ပေ။ သို့ရာတွင် သူစပ်ဆိုသောကဗျာများမှာ ငှက်တေးသီသကဲ့သို့ သဘာဝအသံထွက်လျက်ရှိပေသည်။ သာယာချိုအေး၍ အဓိပ္ပာယ်လေးနက်သိမ်မွေ့ပေသည်။ ဤအစား ကြမ်းအသောက်ကြမ်း လူသရမ်းကြီး၏နှလုံးသားမှ ကဗျာပေါင်း ပုဒ်ရေနှစ်သောင်းကျော်ထွက်သည်ဟုအဆိုရှိသော်လည်း ယခု၌မူ နှစ်ထောင်နီးပါးမျှသာကျန်ခဲ့လေသည်။

အစားအသောက်ကြမ်းရုံသာမက မယားသုံးယောက်ထားလေသေးသည်။ သေခါနီးတွင် စတုတ္ထမြောက်ကြင်ယာတင်မြောက် မည်ဟူ၍ကြံစည်လိုက်လေသေး၏။ သူ၌ သားသမီးမြောက်မြားစွာ ရှိသော်ငြားလည်း တစ်ကိုယ်ရေလူပျိုကြီးကဲ့သို့ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်၍

လွတ်လပ်ပျော်ရွှင်စွာနေလေသည်။ သူသည် ခရီးတွင်တွင်သွား၍ ကြုံရာတွေ့ရာလူနှင့်ပေါင်းသင်းကာ အရက်အ လွန်အကျွံသောက်ပြီးလျှင် ကဗျာရေးနေလေသည်။

လီပိုခေတ်တွင် နေပြည်တော်မှာ အလွန်ကြီးကျယ်ခမ်းနား လှပေသည်။ ကမ္ဘာအရပ်ရပ်မှ လူမျိုးစုံလာရောက်နေထိုင်သဖြင့် အလွန်စည်ကားရုံသာမက ဗဟုသုတအမျိုးမျိုး ဆည်းပူးနိုင်ပေ သည်။ အရပ်ရပ်မှပညာရှင်များလည်း မင်းထံပါးသို့ ချဉ်းကပ်ကြကုန်၏။ ထို့ကြောင့် ပညာရှာမှီးသောသုတေသီတို့အဖို့လည်း ပညာ ရိပ်မြုံကြီးဖြစ်နေလေသည်။

လီပိုသည် နန်းတော်တွင် ပညာရှိကြီးအဖြစ်ချီးမြှင့်မြှောက်စားခြင်းခံရသော်လည်း သူကိုယ်တိုင်က အရက်ကိုသာဂရုထား၍ ထင်သလိုနေတတ်သည်တစ်ကြောင်း၊ အခြားသုခမိန်များကလည်း မနာလိုသည့်အလျောက်တိုက်ခိုက်ချောပစ်ကြသည်တစ်ကြောင်း ထိုအကြောင်းများကြောင့် ဧကရာဇ်မင်း၏မျက်မာန်တော်ရှခြင်းကို မကြာမီခံရရှာသည်။ လီပိုသည် ဧကရာဇ်မင်း၏ အမြတ်နိုးဆုံး ကိုယ်လုပ်တော် "ယန်ကွေဖေး'၏ အလှဂုဏ်ကိုပျက်စေသည့် အဓိပ္ပာယ်ပါသောကဗျာတစ်ပုဒ်ကိုစပ်ဆိုမိသဖြင့် ရာထူးမှထုတ် ပယ်ခြင်းခံရသည်ဟု အချို့ကဆိုသည်။ လီပိုအဖို့ ရာထူးပြုတ်သော် လည်းမမှုပေ။ လမ်းဘေးဘုံဆိုင်တွင် ကြုံတွေ့ရာသောက်ဖော် သောက်ဖက်များနှင့်သောက်နေရလျှင် ရာထူးကြီးရာခံကြီးနှင့် နန်းတော်အဆောင်တွင် ကြီးကျယ်ခမ်းနားသောစားတော်ပွဲ၌သောက် ရသည်နှင့် မည်သို့မျှမထူးခြားပေ။ "ကျွန်ုပ်မူးနေသည့်အခါဝယ် ကမ္ဘာမြေနှင့်ကောင်းကင်ပြင်ဟူ၍ ကျွန်ုပ်အဖို့မရှိပေကျွန်ုပ်သည် လောကကြီး၌တည်ရှိနေသည်ဟူ၍ပင်မသိတော့ချေ။ အိပ်ရာထဲ၌ တုံးပမာလဲ၍ နေလေတော့သည်။ ယင်းသို့ နေခိုက်သည်ပင်လျှင် အကြီးဆုံးသောချမ်းသာခြင်းပေတည်း' ဟူသောအဓိပ္ပာယ်ပါရှိ သည့်ကဗျာတစ်ပုဒ်ကို စပ်ဆိုသောပုဂ္ဂိုလ်ပေတည်း။

မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ လီပိုမှာ နန်းတွင်း စာဆိုရာထူးမှ ထုတ်ပယ်ခြင်းခံရသည်ကားမှန်၏။ ယင်းသို့ရာထူးပြုတ်သွားသောအခါ လီပိုသည် နေပြည်တော်မှသူနှင့်စရိုက်တူ သောက်ဖော်သောက်ဖက်တပည့်များနှင့်အတူထွက်လေသည်။

ထွက်သွားလိုက်သည်မှာ ချန်နန်းမြို့တော်မှ ပီကင်းမြို့ကြီးသို့ ရောက်သွားလေသည်။ ပီကင်းမြို့ကိုအုပ်စိုးနေသူ ဗိုလ်ချုပ်ကြီး အန်လူရှမ်းကလီပိုအားခေါ်၍ အတိုင်ပင်ခံအရာရှိအဖြစ် သူ ကောင်းပြုပြန်လေသည်။ သူကောင်းပြုသည်ဆိုသော်လည်း ဗိုလ်ချုပ်ကြီး၏

နန်းတော်တွင်အတည်တကျနေခြင်းမရှိပေ။ လီပိုအဖို့ သွားလာသောက်စားရင်း ရေးချင်သည့်ကဗျာကိုရေးနေရမှနေ၍ ဖြစ်သည်။ တာဝန်ဝတ္တရားဟူသည့်နှောင်ကြိုးကို လွန်စွာမုန်းတီး သည်။

အဌာသူသည် အမြဲလိုပင်ခရီးထွက်နေလေသည်။ သူ့ခရီးစဉ် တစ်လျှောက်တွင် မြို့အုပ်၊ နယ်အုပ်စသည့် အရာရှိအရာခံများက သူ့အား ကြိုဆိုဧည့်ခံကြရသည်။ လီပိုသည် ခရီးသွားရာတွင် အဆို တော်မကလေးချိုယဉ်နှင့်ချင်လင်းတို့ကို အမြဲတမ်းခေါ်သွားလသည်။ သူသည်ဧည့်ခံပွဲများကို ထိုသူငယ်မကလေးနှစ်ယောက်ကို တစ်ယောက်ကိုတစ်ဖက်စီထား၍ ဖက်ပြီးလျှင်သွားလေ့ရှိသည်။ သူ့အားမြှောက်စားသော ဗိုလ်ချုပ်ကြီးအန်လူရှမ်းက ဧကရာဇ်အား ပုန်စားပုန်ကန်ပြုသောအခါ လီပိုမှာ တာဝန်ကိုကြောက်သူတို့ထုံးအတိုင်း မည်သူ့ကိုမျှကူညီခြင်းမရှိဘဲနေပစ်လိုက်လေသည်။ "ကျုပ် မှာလောကကြီးတစ်ခုကို ပြောင်းပစ်နိုင်တဲ့သတ္တိမျိုးရှိတာမှမဟုတ်ဘဲ၊တရုတ်ပြည်ကြီးတစ်ခုလုံး ထုံးလိုကြေရေလိုနောက်သွားကော ကျုပ်ဘာတတ်နိုင်ဦးမှာလဲ' ဟုပြော၍ သောက်စားမြဲသောက်စား ၍နေလေသည်။

ယင်းသို့ကူညီခြင်းလုံးဝမရှိသဖြင့်လည်း ဗိုလ်ချုပ်ကြီး အန် လူရှမ်းဧကရာဇ်ဖြစ်သည့်အခါ လီပိုမှာ ဆက်လက်မြှောက်စားခြင်း မခံရတော့ချေ။ သူကလည်း မင်းမှုထမ်းစိတ်ကုန်လေပြီဖြစ်သောကြောင့် သူ့ မွေးဌာနသို့ ခရီးလှည့်လေသည်။ တရုတ်ပြည်ကြီးလည်း သူပုန်သူကန်များကြောင့် ညက်ညက်ကြေနေလေပြီ။ "တစ်တော တစ်ကြက်ဖဆိုသလို နယ်စားအသီးသီးတို့က မိမိတို့၏နယ်များတွင် သူတစ်မူ ငါတစ်မင်းနှင့်ထင်သလိုကြဲနေကြလေသည်။

ခေတ်မကောင်းသဖြင့် အသောက်ကြူးစာဆိုကြီးမှာ ရွှေ လက်ထက်တော်ကိုပြန်ပြောင်းအောက်မေ့ရှာလေသည်။ ဧကရာဇ် မင်းက သူ့အားမည်မျှမြှောက်စားတော်မူပုံကို တွေးမိတိုင်းသတိရ ကာကျေးဇူးတင်မိလေသည်။ ထာဝစဉ်ငြိမ်းချမ်းရေး နေပြည်တော်ဟုခေါ်သော ချန်နန်းမြို့တော်ကြီးသည်လည်း သောင်းကျန်းဆူ ပွက်လျက်ရှိချေပြီ။ သူ့ ကျေးဇူးရှင်ဘုရင်ကြီးလည်း သူပုန်လက်ချက် ကြောင့်နတ်ရွာလားရရှာချေပြီ။

လီပိုသည် တစ်သက်ပတ်လုံး ပျော်ပျော်နေခဲ့သူဖြစ်သည်။ သူ၏ကဗျာဉာဏ်သည် အရက်စိမ်မှရှင်လန်းသည်။ အရက်ငွေ့

ကြားမှ ထွက်လာသော သူ့ စာနုစာယဉ်တို့သည် နောင်လာ စာပေအမွေအနှစ်ကြီးတစ်ခုဖြစ်ပေသည်။ သူသည် ဘုရင့်စာဆိုအဖြစ် အမြှောက်စားခံရသော်လည်း မြို့စားရွာစားရာ ထူးရာခံ မရရှိခဲ့ချေ။ သူသည်

ကဗျာရေး၍ အာဏာကိုလိုချင်၏။ ကျော်စောမှုကိုသာရလေသည်။ နောက်ဆုံး၌ ခေတ်ဆိုးကြီးနှင့်ကြုံ သောကြောင့် အာဏာကိုမုန်းသွားလေတော့သည်။ သူသည် ခရီး သွားရင်းပင် သက္ကရာဇ် ၇၆၁ ခုနှစ်တွင် ရုတ်တရက် နာမကျန်းဖြစ် ကာကွယ်လွန်လေတော့သည်။ အချို့က သူသည် ညအခါ လသာ သာတွင် ချောင်းကလေးထဲ၌ တပည့်များကိုလှေလှော်ခိုင်းပြီးလျှင် လရောင်၏ အရသာကို ခံစားလေ့ရှိသည်ဆိုကြသည်။ လှေပေါ်တွင် အရက်ကလေးတမြမြနှင့် လေညင်းကလေးသွေးခိုက် ကဗျာစပ် လေ့ရှိသည်။ တစ်ည၌ လပြည့်ဝန်းသည် ကြည်လင်တောက်ပလှပေသည်။ လီပိုသည် အရက်အတော်မူးခိုက်ဖြစ်သဖြင့် ရေပေါ်တွင်ကျ နေသောလရိပ်ကို ချစ်လှချည်ရဲ့ဟုဆိုကာ ငုံ့၍ဖက်လိုက်သည်တွင် ရေနစ်၍သေဆုံးသည်ဟုဆိုကြသည်။

ယန်ဆီးမြစ်ကမ်းရှိသက်တံတောင်ပေါ်တွင် စာဆိုကြီးလီပိုအား လေးစားသူတို့က
အထိမ်းအမှတ်တန်ဆောင်းကြီးတစ်ဆောင်တည်ထားကြလေသည်။

ဂျော့ဘားနဒ်ရှော

ဘားနဒ်ရှောက သူ့ကိုယ်သူ ရိုတ်စပီးယားထက်သာသည် ဟုပြောင်ပြောင်ရဲရဲ ဆိုဖူးလေသည်။ စင်စစ်သော်ကား ရိုတ်စပီး ယားသည် အင်္ဂလိပ်ဂန္ထဝင်၌ သူမတူ ပုဂ္ဂိုလ်ထူးတစ်ဦးပင် ဖြစ်ပေသည်။ ဘားနဒ်ရှောမှာကား မျက်မှောက်ခေတ် လူတွင်ကျယ်စာ ရေးဆရာကြီးတစ်ဦးပင်ဖြစ်ချေသည်။ “ကျုပ်ကဘယ်သူ့ကိုမှအရှုံး မပေးဘူး”ဟု ဘားနဒ်ရှောကငါနှင့်ငါသာနိုင်းစရာ အာဘော်မျိုးကို ထုတ်ဖူးလေသည်။

“ကျုပ်စိတ်သန္တာန်မှာ အလွမ်းပြဇာတ်ဆရာစိတ်ဓာတ်မျိုးနဲ့ လူပြက်စိတ်ဓာတ်မျိုးပါတယ်၊ အဲဒီစိတ်ဓာတ်နှစ်မျိုးမှာ လူပြက်စိတ်ဓာတ်ကပေါ်လွင်နေလွန်းလို့ခက်တယ်” ဟုဘားနဒ်ရှောက သူ့ အကြောင်းဖွင့်ဟပြောလေသည်။

မှန်ပေသည်၊ ဘားနဒ်ရှောသည် ကမ္ဘာပေါ်တွင်အကျော် စောဆုံး လူပြက်ကြီး ဖြစ်ပေသည်။ တစ်ခါက သူသည် အိုလံပီယာဆပ်ကပ်ပွဲတွင် ပါဝင်အသုံးတော်ခံသောနာမည်ကျော်လူပြက်ကြီး တစ်ယောက်ကိုသဘောကျလွန်း၍ ဆပ်ကပ်ဝိုင်းထဲသို့ဝင်၍လက်ဆွဲ နှုတ်ဆက်လေသည်။ လူပြက်ကြီးက ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှောကသူ့အား အလေးဂရုပြု၍နှုတ်ဆက်သဖြင့်ဝမ်း

မြောက်သည့်အလျောက် “အခုလိုဆရာကြီးက ကျွန်တော်လိုလူပြက် အိုကြီးနဲ့ လက်ဆွဲနှုတ်ဆက်တယ်ဆိုတာ ဂုဏ်ယူကျေးဇူးတင်မိပါတယ်'ဟုပြောသောအခါ ဘားနဒ်ရှောက “ဂုဏ်ယူစရာမဟုတ်ပါဘူးမိတ်ဆွေရယ်၊ တကယ်ဆိုတော့ ဒီဟာဟာ လူပြက်အိုကြီးတစ်ယောက်က တစ်ခြားလူပြက်အိုကြီးတစ်ယောက်ကို လက်ဆွဲနှုတ် ဆက်တာသာဖြစ်ပါတယ်” ဟု ပြန်ပြောလိုက်လေသည်။

အိုလံပီယာဆပ်ကပ်လူပြက်ကြီးခများမှာ ဆပ်ကပ်ပရိသတ် ကို ရယ်မောရအောင်ကြိုးပမ်းရရှာသည်။ ဘားနဒ်ရှောသည်ကား အနှစ်ငါးဆယ်ကျော်ကာလပတ်လုံး ကမ္ဘာ့ပရိသတ်ကရယ်မောရ အောင်ကလောင်ဖြင့်ကြိုးပမ်းခဲ့ရသည်။

ဘားနဒ်ရှော၏ ကလောင်သည်ထက်၏။ သူရေးလိုက်သောစာသည် လူတစ်စုမဟုတ်လျှင် တစ်စုကိုတော့ထိခိုက်ပေသည်။ ထိုအထိခိုက်ခံရသောလူစုက သူ့အားဒေါသဖြစ်လျှင် သူ့ ရည်ရွယ်ချက်အောင်မြင်လေတော့သည်။

သူ့ရည်ရွယ်ချက်မှာ ကလောင်ဖြင့်လူအများအားထိုးဆွရန်မျှသာဖြစ်သည်။ သူက လောင်ဒဏ်ကို ထိခံရသောလူအများက သူ့အားငွေကြေးပေါများ သောအဖြစ်သို့ ရောက်စေသည်။ ကျော်စောမှုကိုပေးပေသည်။ ဘယ်ကြောင့်ဆိုသော် သူရေးလိုက်သမျှသည် ရှိန်းဖိန်းသွား လောက်အောင်ထိခိုက်သည်။

ထို့ကြောင့် ကလောင်အကလိခံချင်သောစာဖတ်ပရိသတ်သည် သူ့စာအုပ်များကို အလုအယက်ဝယ်၍ဖတ်ကြသည်။ သူသည် အရေးကြီးသောအကြောင်းအရာတို့ကို ပေါ့ပေါ့ ကလေးသဘောထားကာ ပြက်ရယ်ပြုတတ်သည်။ သူလိုရာ သူဆွဲ၍ ခွပြောတတ်သည်။ သူသည် ယုတ္တိမတန်သည်ကို ယုတ္တိတန်သည် ထက်ပို၍ယုတ္တိတန်လေဟန်ဖြစ်အောင် ဆွဲဆောင်ရေးသားနိုင် သောသတ္တိထူးရှိသူဖြစ်ပေသည်။

သူ့ဖခင်သည် အရက်သမားကြီးဖြစ်၏။ သို့သော် ဟာသ ဉာဏ်ရွှင်ပေသည်။ သူ့မိခင်သည်ကား ဟာသဉာဏ်ရွှင်သည်

အမှျ အနုပညာစိတ်ဓာတ်ရင့်သန်သူတစ်ဦးဖြစ်၏။ ရှောအိမ်သား တစ်စုမှာ အတော်ထူးခြားသည်ဟု ဆိုရမည်။ မိဘများက မည်သည့်အရာမဆို လွတ်လပ်စွာလုပ်ကိုင်တွေးတောတတ်ကြသည်နှင့်အမျှ သားသမီးသုံးယောက်ကလည်း တစ်ယောက်တစ်မျိုးစီ လွတ်လပ်စွာလုပ်ကိုင်တွေးတောတတ်ကြသည်။ အိမ်သားများသာမက ဘားနဒ်ရှောကို ထိန်းရသည့်အထိန်းသည်မိန်းမကြီးပင်လျှင် ကိုယ်ထင်ရာကိုယ် လွတ်လပ်စွာလုပ်မည်ဆိုသည့်အမျိုးအစားထဲက ဖြစ်နေတော့သည်။ ဘားနဒ်ရှောအားခေါ်၍ကမ်းနားဘက်တွင် လေကောင်းလေသန့်ခံစေရန် စေလွှတ်လိုက်တိုင်းပင် အထိန်းသည် ကြီးသည် အရက်ဆိုင်တန်းသို့သွား၍ မိတ်သင်္ဂဟများနှင့် ပျော်ပျော် ပါးပါးသောက်စားကာ ဘားနဒ်ရှောကလေးကို အရက်နံ့လှိုင်သော ရပ်ကွက်တွင် လေကောင်းလေသန့်အစားအရက်နံ့ကိုရှူစေလေ သည်။

ထိုသို့ငယ်စဉ်က ဆင်းရဲ၍ပေတေနေသောလူတန်းစား များထဲသို့ရောက်သွားကာ ယင်းတို့၏ညစ်စုတ်သော အနေအထိုင် များကို မြင်တွေ့ ရသောကြောင့်ဖြစ်မည်။ ဘားနဒ်ရှောသည် ဆင်း ရဲခြင်းကို အလွန်အမင်းမုန်းတီးသွားလေသည်။ ဆင်းရဲခြင်းမှာ အပြစ်တစ်ရပ်ဖြစ်ကြောင်းယုံကြည်လေသည်။

ဘားနဒ်ရှော၌ ငယ်စဉ်ကပါလာသောအမုန်းတစ်ခုရှိ သေးသည်။ သူ့အား သူ့မိဘများက တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုး ကျောင်းသို့ခေါ်သွားကြရာ သူသည် ဘုရားရှိခိုးကျောင်းသို့သွားရ မှာ အလွန်ကြောက်သွားသည်။

လူလားမြောက်ကတည်းက ဘုရား ရှိခိုးကျောင်းအတွင်းသို့ ယောင်၍မျှ မဝင်ခဲ့တော့ချေ။ "ဘုရားသခင် ကို အာရုံပြုချင်ရင်အပြင်မှာပြုနိုင်သားပဲ၊ ဘုရားရှိခိုးကျောင်းထဲ သွားပြီး ပျင်းစရာကောင်းတဲ့အဆုံးမသတ်နိုင်တဲ့တရားဟောပွဲ.. နာနေဖို့အကြောင်းမရှိပါဘူး'ဟု ဘားနဒ်ရှောက ဆိုဖူးလေသည်။ ဘားနဒ်ရှောသည် မိရိုးဖလာအလုပ်ကို လုပ်ချင်စိတ်မရှိချေ။ အိပ်ခါနီး အိပ်ရာအနီးတွင်ဒူးထောက်၍ ဘုရားရှိခိုးသည့် အလေ့ကိုမုန်း၏။ "ဘုရားသခင်က သူ့ကိုချမ်းချမ်းတီးတီးနဲ့ရှိခိုးဖို့

ဘယ်သောအခါမျှ မရည်ရွယ်ပါဘူး'ဟုဆိုသည်။ သူသည် ငယ်စဉ်ကတည်းက ပုန်ကန်တော်လှန်တတ် သောဉာဉ်ကလေးပါသည့်အလျောက် ဘုရားရှိခိုးကျောင်းသို့မသွား လိုရုံသာမက စာသင်ကျောင်းသို့လည်း မသွားချင်ပေ။ သင်္ချာဘာသာ သာကိုသင်၍ မရလောက်အောင်ညံ့ဖျင်းလှသည်။ (မြန်မာတို့အဖို့ ပါဠိဘာသာကဲ့သို့ပင်) လက်တင်ဘာသာသည် ခက်ခဲလှသည်။ ဘား နဒ်ရှောသည် လက်တင်ဘာသာကို သူ့ဦးလေးတစ်ယောက်ထံမှ သင်ကြားရသင်ရင်းပင် ပို၍မတတ် ဖြစ်သွားလေတော့သည်။ ကျောင်းသို့မိဘများကလွှတ်သော်လည်း ကျောင်းစာကိုသင်ချင်စိတ် စိုးစဉ်းမျှမရှိသဖြင့် နောက်ဆုံး၌မိဘများက စိတ်ပျက်၍ ကျောင်း နုတ်လိုက်ကြရတော့သည်။ ထိုအခါမှလည်း ဘားနဒ်ရှောမှာ သက်ရှူချောင်၍ "ထောင်နဲ့တူတဲ့ကျောင်း' ကလွတ်သွားတော့သည်။

ရှောသည် ပြဋ္ဌာန်းထားသောစာအုပ်ကိုမဖတ်ချင်၊ သူဖတ် ချင်ရာစာအုပ်ကိုသာဖတ်သည်။ သူတစ်ပါး စေစားခြင်းကိုလွန်စွာ မုန်းတီးရကား ကျောင်း၌ဆရာကဖတ်ခိုင်းသည့်ဖတ်စာများကိုပစ် ပြီးလျှင် ဂန္တဝင်တစ်ခုလုံးရှိစာပေအားလုံးကိုဖတ်ပစ်လိုက်လေသည်။ သူက 'ပညာတတ် လူပေါကြီး'မဖြစ်လို၊ 'တတ်သိလိမ္မာ သောပညာမဲ့' တစ်ဦးဖြစ်ရသည်ကို အထူးဂုဏ်ယူလေသည်။

ရှော၏မိခင်သည် ဂီတပညာတွင်အတော်ပင်ကျွမ်းကျင် လေရာ ရှောတို့မောင်နှမသုံးယောက်သည် ငယ်စဉ်ကတည်းကပင် တေးကဗျာ၌ဝါသနာထုံကြသည်။ ကလေးဘဝကပင် ကမ္ဘာကျော် ဂီတဆရာကြီး ဘီသိုးဗင်နှင့် ဟင်ဒယ်လ်တို့၏တေးတိုတေးစများကို ညည်းတတ်ကြပေသည်။ ရှောသည် ကလေးအရွယ်ကပင် ဆရာဟူ၍မည်မည်ရရမရှိဘဲ စန္ဒရားကောင်းစွာတီးတတ်သည်။

သူ့ဖခင်ကြီးမှာ လူတေကြီးဖြစ်သည်။ ရသမျှငွေကြေးကို အရက်ဆိုင်တွင်သာ ကျန်ခဲ့တတ်သဖြင့် မိခင်ကြီးမှာ စိတ်မချမ်းသာ ဖြစ်ရရှာသည်။ နောက်ဆုံး၌ သည်းမခံနိုင်တော့သဖြင့် မိခင်ကြီးသည် သူ့ခင်ပွန်းကိုပစ်၍ သားသမီးများနှင့် ရတတ်သမျှကိုရှာဖွေ စားသောက်နေရလေတော့သည်။

မောင်နှမသုံးယောက်တွင်အကြီးဆုံးဖြစ်၍ အစ်ကိုကြီး အဖရာဆိုသည့်ထုံးကိုနှလုံးသွင်းလျက် ဘားနဒ်ရှောသည် 'လူကြီး' လုပ်ကာ ဒပ်ဗလင်မြို့တွင်စာရေးလုပ်လေသည်။ စာရေးလုပ်ရ သည်မှာ သူ့အဖို့ စိတ်ပင်ပန်းစရာဖြစ်ချေသည်။ သူ့ကိုယ်သူအနု ပညာသမားဟုစွဲမှတ်ထားသောဘားနဒ်ရှောသည် စာရေးအလုပ် ကို မန်းလေသည်။ ထို့ကြောင့် စာရေးအလုပ်ကို ခဏမျှသာလုပ် နိုင်သည်။ သူ့မိခင်နှင့်နှမနှစ်ယောက်ကို လုပ်ကျွေးမည်ဟု စိတ်ရူးထသည့်အခိုက်၌သာလုပ်ဖြစ်၍ ထိုစိတ်မှာကြက်ပျောက် ငှက်ပျောက်ဖြစ်သွားရာ မကြာမီအတွင်း၌ 'စာရေးကြီး' ဘားနဒ်ရှော သည် ရုံးမတက်တော့ဘဲအလုပ်ထွက်လိုက်လေသည်။ စာရေးအလုပ်ထွက်ပြီးနောက် သူသည် လန်ဒန်မြို့သို့သွား၍ ဂီတပညာဝေ ဖန်မှုဆရာအဖြစ်နှင့် ငတ်လုနီးပါး ဖြစ်နေလေတော့သည်။ သူ့ဝေ ဖန်စာများအတွက် သူ့မိခင်နှင့်နှမနှစ်ယောက်တို့ကို ကျွေးနိုင် လောက်အောင်ရေးခရဖို့ဝေးစွ၊ သူတစ်ယောက်အတွက်ပင် ဝအောင်မရခဲ့ချေ။ သူ့မိခင်ကြီးခမျာမှာ အသက်ကြီးခါမှ ပင်ပန်းကြီး စွာစန္ဒရားသင်ပေး၍ ရသောငွေကလေးကြေးကလေးထဲမှ သူ့း ၍ပို့ပေးရသေးသည်။

မိခင်နှင့် နှမတို့ကို လုပ်ကျွေးမည်ဟု ကြံစည်ခဲ့သော ဘား နဒ်ရှောသည် နောက်ဆုံး၌ မိခင်ကြီးထံမှ ငွေမှာ၍ လန်ဒန်မြို့တွင် နေရတော့သည်။ ယင်းသို့နေရသည်ကို သူသည်အရှက်မရှိဘဲ "ကျုပ် တော့လူ့ဘဝမှာ ဒုက္ခမခံပါဘူး၊ ကျုပ်အစား အမေ့ကိုဒုက္ခခံခိုင်း လိုက်တာပဲ' ဟုပေါ့ပေါ့ဆဆ ပြောလိုက်လေသည်။ ရှော့သည် သူ့ကိုယ်သူ အနုပညာသမားဟု ကြွားကြွားထည်ထည်နေကာ "အနုပညာသမားဆိုတာ သားမယားငတ်နေတာကို ကြည့်ရက်တယ်၊ မိဘဆင်းရဲတာကိုလဲ ကြည့်ရက်တယ်၊ ဒါပေမဲ့ အနုပညာနဲ့ အသက် မမွေးရသမျှ ဘာအလုပ်မှ မလုပ်နိုင်ဘူး"ဟု ဂုဏ်ယူ၍ပြောဖူးလေသည်။

သူက ထိုသို့ ဂုဏ်ယူ၍ ပြောသည်ကို ကြားရသောသူများက သူ့အားအသုံးမကျသောပေါ် ကြော့တစ်ဦးဟု အောက်မေ့၍ မဲ့ကြ ရွဲ့ကြကုန်၏။

ရှောသည် သူ့ခေတ်တုန်းက ဂိုက်ကျသည်ဟုယူဆသော မုတ်ဆိတ်ဖွာဖွာနှင့် အဝတ်အစား စုတ်စုတ်နုံ့နုံ့ဝတ်ကာ လတ်လျားလတ်လျားနှင့်သာနေလေသည်။ သူသည် တစ်နေ့လျှင် စာလုံးရေ တစ်ထောင်လောက်ရေး၍ ဝတ္ထုရှည် ငါးပုဒ်နှင့် ဆောင်းပါးများစွာ ပြုစုရေးသားရသည့်အတွက် ဉာဏ်ပူဇော်ခ စုစုပေါင်းခြောက်ပေါင်သာရရှိလေသည်။

လန်ဘားနဒ်ရှောသည် အသက်၂၆နှစ်တွင် သက်သတ်လွတ် စ၍စားလေသည်။ သက်သတ်လွတ်စားခြင်း၏ အကြောင်းမှာနှစ်ရပ်ရှိသည်။ သတ္တဝါများ၏အသက်ကို သနားသည်ကတစ်ကြောင်း၊ ကျန်းမာရေးအတွက်လည်း တစ်ကြောင်းဖြစ်သည်။ သူက အသား စားသူများအား 'သားစားလူရိုင်းများ"

ဖြစ်ရုံသာမက 'လမ်းလျှောက် သချိုင်းများ" လည်းဖြစ်ချေသေးသည်ဟု ဆိုသည်။ ရှောသည် သက် သတ်လွတ်စားချိန်လောက်စပြီးလျှင် ကားလ်မတ်ရေးသော 'အရင်' စာအုပ်ကို ဖတ်ပြီးလျှင် ဆိုရှယ်လစ်ဝါဒ၌ သက်ဝင်ယုံကြည်ခဲ့လေသည်။ "ဒီစာအုပ်ဖတ်လိုက်ခါမှပဲ ကျုပ်ဘဝရဲ့ ရည်ရွယ်ချက်ပေါ် လွင်လာတော့တယ်'ဟု သူဆိုဖူးသည်။ သူသည် မတ်ခ်စ်ဝါဒကို လန်ဒန်မြို့ ဟိုက်ပတ်ဥယျာဉ်၌ ဆပ်ပြာသေတ္တာလွတ်ပေါ်မှနေ၍ "ရှင်မတ်ခ်စ်၏ တရားတော်' ဟူသောအမည်နှင့် ရက်သတ္တတစ်ပတ် တစ်ကြိမ်မျှ ဆယ့်နှစ်နှစ်ကာလပတ်လုံး ဟောကြားလေသည်။

ထိုသူသည် ဟိုက်ပတ်ဥယျာဉ်တွင် ဆပ်ပြာသေတ္တာပေါ်မှ အလုပ်သမားလူတန်းစားတို့အား တရားဟောသော်လည်း အလုပ်သမားလူတန်းစားက သူ့ကိုအူကြောင်ကြောင်လူတစ်ယောက်ဟု အမှတ်ပြုသည်မှအပ မည်သို့မျှတရားမကျကြသဖြင့် နောက်ဆုံး၌ သူသည် အလုပ်သမားလူတန်းစားကိုပစ်ထားခဲ့ပြီးလျှင် ပညာတတ် လူတန်းစားကိုတရားဟောလေတော့သည်။ ပညာတတ်လူတန်းစားကိုတရားဟောလျှင် ဟိုက်ပတ်ဥယျာဉ် ဆပ်ပြာသေတ္တာပေါ်မှမဖြစ် နိုင်တော့သဖြင့်ရှောသည် 'ဖေဗီယံအသင်း' တွင်ဝင်၍ဆောင်ရွက် လေသည်။

ဖေဗီယံအသင်းမှာ ရှေးလွန်လေပြီးသောအခါက ကျော် စောခဲ့သော ရောမစစ်ဗိုလ်ကြီး ဖေဗီယပ်ကို အကြောင်းပြု၍ တည်.. ထောင်ထားသောအသင်းဖြစ်သည်။ ဖေဗီယပ်၏ဝါဒမှာ "တိုက်ချိန် တန်မှတိုက်၊ တိုက်ချိန်မတိုင်ခင် မတိုက်နှင့်၊ တိုက်မိရင် အသေအလဲ တိုက်'ဟူ၏။ ဖေဗီယံအသင်းမှာ ထိုဝါဒကိုကမ္ပည်းထိုးထားသော်လည်း တိုက်ချိန်တန်ပြီဟု ဘယ်သောအခါမျှ မဆုံးဖြတ်ရဲကြသော အသင်းဖြစ်သည်။ တိုက်ချိန်မတန်ခင် ဖြည်းဖြည်းပြုပြင်ဆောင် ရွက်ရမည်ဟူ၍သာဆုံးဖြတ်ရဲကြသည်။ ထို့ကြောင့် ဖေဗီယံအသင်း သားတို့သည် ဆိုရှယ်လစ်အပျော့စားများဖြစ်သည်။

ရက်ဘားနဒ်ရှောသည် ဖေဗီယံအသင်းသို့ဝင်၍ အရင်းရှင်စ နစ်ကို ပယ်ပယ်နယ်နယ်ဆဲဆိုလေသည်။ သူကအရင်းရှင်ကို သူခိုး နှင့်နှိုင်း၍ဆိုသွားသည်။ "အရင်းရှင်တွေကြောင့် မသမာတဲ့ရှေ့နေ တွေ၊ ပုလိပ်တွေ၊ လက်ပါးစေတွေ၊ ထောင်မှူးတွေ၊ ကြိုးစင်ဒေါက် ဖြုတ်သူတွေပေါ်လာရတာ။ အရင်းရှင်များ၊ လယ်ပိုင်ရှင်များနဲ့သူခိုး များဟာ လူထုကြီးတစ်ရပ်လုံးကို ဒုက္ခပေးနေကြတဲ့ လူတွေပဲလို့ဆိုရင် ဒီသုံးဦးကတော့နာကြမှာပဲ၊ ကျုပ်ကတော့ လယ်ပိုင်ရှင် အရင်းရှင်တွေကို သူခိုးတွေလိုပဲမနာကြဖို့ တောင်းပန်ချင်ပါတယ်" စသည် ဖြင့်ဘားနဒ်ရှောသည် သူ့စရိုက်သူ့ ဘာသာအလျောက် ငေါ့လိုက် လေသည်။

ငေါ့သံ၊ ချိတ်သံ၊ စောင်းသံကလေးများဖြင့် သာသာနှင့်

နာနာနက်တတ်သောသတ္တိကလေးရှိကြောင်း သူ့ကိုယ်သူသိသည်နှင့်တစ်ပြိုင်နက် သူသည် လူပြက်ယောင်ဆောင်ပြီး အဖိုး တန်သောစကားများကိုဆိုရလျှင် ပရိသတ်နှစ်သက်လိမ့်မည်ဟု သ ဘောပေါက်မိ၏။ ထို့ကြောင့်ပင်သူသည် ထိုအချိန်အခါကစ၍ သူတစ်ပါးမခံချင်အောင်ရေးသားကာ နာမည်ကြီးအောင်လုပ်လေတော့သည်။ သူသည် အရေးကြီးသောစကား၊ တည်ကြည်နက်နဲ သောစကားတို့ကို ပြက်ရယ်ပြုခြင်းနည်းမျိုးဖြင့်ဆိုလေသည်။ ပရိသတ်ကလည်း ထိုနည်းသစ်ထွင်သောပြက်လုံးများကို သက်ကြ၏။ ဘားနဒ်ရှောလည်း တစ်လောကလုံးကို ကြိုက်နှစ် အလုပ်သမားလူတန်းစားနှင့်တကွ ဆိုရှယ်လစ်ဘဝသစ်ကိုတည်ထောင်ပေးကာ
ဆင်းရဲခြင်းလွတ်ကင်းအောင်ဆောင်ရွက်မပေးနိုင်သည့်တိုင်အောင် သူအဖို့သူ ဆင်းရဲခြင်းလွတ်ကင်းအောင်စာရေးခြင်းဖြင့် ဆောင် ရွက်နိုင်ပေတော့သည်။

သူရေးသောစာများကို ပရိသတ်က ထိလှမိလှသည်ဟု ချီးကျူးကာ အလုအယက်ဖတ်လာကြသည်နှင့်အမျှ သူ့ကိုယ်သူအထင် ကြီးလာလေတော့သည်။ ဘားနဒ်ရှောသည် အတွဲကောင်းလှပေ သည်။ သူနှင့်တွဲသူစနေဂျာနယ်' (The Saturday Review) စာတည်း ဖရင့်ဟဲရစ်မှာလည်း သူ့နည်းနှင်နှင် အထင်ကြီးသူတစ်ဦးဖြစ်လေ သည်။

ဘားနဒ်ရှောသည် သူ့ကိုယ်သူအထင်ကြီးပြီးလျှင် လူတွင်ဗလငါးတန်လုံး၍ သူထက်ငါထက်အဆင့်အတန်းမြင့်သော “လူ့ ထက်လူ' (Superman) ရှိသင့်သည်၊ ရှိနိုင်သည်ဟူသော သဘောမျိုး ပေါက်လာကာ “လူ့ထက်လူ' ဝါဒတစ်ရပ်ကို တီထွင်လေသည်။

သူရေးသောပြဇာတ်များမှာ သူ့အာဘော်ဝါဒများ ကြိုင်လှိုင်လျက်ရှိသည်။ သူသည် အကျိုးအကြောင်းသင့်တန်ဆီ လျော်ပေသည်ဟုထင်မြင်လာအောင် လှျောက်လဲချက်ပေးနိုင် သော ‘ငါ့စကား နွားရ’ ရှေ့နေတစ်ဦးဖြစ်ပေသည်။ ယုတ္တိမတန်သည်ကိုပင် ယုတ္တိရှိလေဟန် အသိုင်းအဝိုင်းအချေအလဲကောင်းလှ သည်။ သူ့ပြဇာတ်များမှာ ဇာတ်လမ်းဇာတ်ကွက် အထူးကောင်းလှ သည်မဟုတ်၊ ဇာတ်ကောင်များပါးစပ်တွင်းသို့ သူလိုရာစကားများ ကိုထိုသွင်းပြီး ပြန်အန်စေသောကြောင့် ပြကွက်မကောင်းသော်လည်း ဖတ်ကွက်ကောင်းသည်ကများချေသည်။ သူ့ပြဇာတ်များမှာ ဇာတ်လမ်းအတွက်မဟုတ်၊ အာဘော်အတွက် ကျော်စောကြပေသည်။ စင်စစ်သော်ကား ဘားနဒ်ရှောသည် ပြဇာတ်မှနေ၍တရား ဟောခြင်းပင်ဖြစ်သည်။

ဘားနဒ်ရှောအား ဘာသာတရားကိုးကွယ်ခြင်းမရှိသူဟု အများကယူဆကြသည်။ စင်စစ်သော်ကား သူသည် ဘာသာတ ရားကိုးကွယ်မှုမကင်းသူ ဖြစ်ပေသည်။ သူ့တစ်သက်တွင် အနေအ ထိုင်သန့်ရှင်း၍

အကျင့်စာရိတ္တကောင်းမွန်လှသည်။ တစ်သက်လုံး ကာမမှုကို နှစ်ကြိမ်သုံးကြိမ်မျှသာသူပြုသည်ဟု ကိုယ်တိုင်ဖွင့်ဟဝန် ခံဖူးသည်။ အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ်မှစ၍သေသည့်တိုင် အောင် အနှစ်ခုနစ်ဆယ်နီးပါး သက်သတ်လွတ်စားခဲ့လေသည်။ သူ့ဇနီးအပေါ်တွင်ခင်မင်ရင်းနှီး၍ မေတ္တာထားလေသည်။

ဘားနဒ်ရှောသည် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်၏။ သူသည်ကာယသံသဂ္ဂအပြုနည်းသော်လည်း ကာမဂုဏ်စိတ်ကင်း ရှင်းနည်းပါးသူဟူ၍ မဆိုသာချေ။ သူ့ဇနီးအား ကိုယ်ကာယရင်းနှီး မှုနည်းပါးသည်နှင့်အမျှ ကမ္ဘာကျော်ဇာတ်သမအယ်လင်တယ်ရီ အား စာပေးစာယူလုပ်ကာ စိတ်ဖြင့်ထူးထူးကဲကဲ ရင်းနှီးခဲ့လေသည်။ သူသည်အယ်လင်တယ်ရီအား များလှစွာသောရည်းစားစာရေးခဲ့သည်။ သူ့ရည်းစားစာများမှာ စာပေဂုဏ်မြောက်၍ဂန္ထဝင်တွင် မော်ကွန်းတင်နိုင်ပေသည်။

ဘားနဒ်ရှောသည် စာရေးရာ၌ဖြစ်စေ၊ စကားပြောရာဖြစ်စေ သူ့အာဘော်ကို လူတို့စိတ်တွင်စွဲထင်၍ကျန်ခဲ့အောင် အထူးဂရုပြု၍ပြောဆိုရေးသားလေ့ရှိသည်။ သူ့စကားတိုစကားစများပင် လျှင် နောင်လာနောက်သားတို့ ပြောစမှတ်ဖြစ်နေလေတော့သည်။ ဥပမာ-ရုပ်ရည်ချောမောသော ဇာတ်သမတစ်ဦးက သူ့ ကိုကျီစယ်လိုသောသဘောဖြင့် “ရှင်နဲ့ကျွန်မယူလိုက်ရင် ကောင်း မယ်ထင်တယ်၊ ဒီတော့မှ ကျွန်မတို့ရဲ့သားသမီးဟာ ရုပ်ရည်ဆိုရင် လဲကျွန်မလိုလှမယ်၊ ဉာဏ်ရည်ဆိုရင်လဲရှင့်လိုထွန်းပြောင်မယ်'ဟု ပြောလိုက်ရာ ဘားနဒ်ရှောက “ဒီလိုမဖြစ်ဘဲနဲ့ သားသမီးတွေဟာ ကျုပ်လိုသောက်ရုပ်ဆိုးပြီး ခင်ဗျားလို သောက်ဖျင်းဖြစ်နေရင်ကော ဘယ်နှယ့်လဲ'ဟု ပြန်ပြောလေသည်။ တစ်ခါကလည်း သူနှင့်စာပြိုင်ဘက် ဂျီ၊ကေ၊ ချက်စတာ တန်အမည်ရှိသောစာရေးဆရာက သူ၏အရိုးပဒေသာရုပ်ကို ကြည့် “ဘားနဒ်ရှောရယ် .. ခင်ဗျားကြည့်ရတာ ကျုပ်တို့အင်္ဂလန် ပြည်မှာ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုက်ရောက်နေတယ်လို့ရာဖြစ်နေပါလား” ဟုပြောလိုက်ရာ ဘားနဒ်ရှောက'ငတ်မွတ်ခေါင်း ပါးခြင်းဖြစ်မှာပေါ့ဗျာ၊ ရှိသမျှအစားအစာတွေကို ခင်ဗျားကချည်း နင်းကန်တုတ်နေတာကိုး” ဟုချက်စတာတန်၏ ဗိုက်ပူကြီးကိုကြည့်ရင်းပြန်နှက်လိုက်လေသည်။ ဘားနဒ်ရှောသည် အစစအရာရာတွင် သူတကာတွေး သလိုမတွေး၊ သူတကာပြောသလိုမပြော၊ ထူးထူးခြားခြားရေးတတ် ပြောတတ်သည်။ ပြဇာတ်များကိုလည်း ထူးခြားသောအတွေးအ ခေါ်တစ်ခုခုကို အရင်းတည်၍ရေးလေ့ရှိသည်။ “ပစ်မယ်လီယံ’ (Pygmalion) ပြဇာတ်တွင် ဘာသဗ္ဗရပါရဂူတစ်ဦးဖြစ်သော ပါမေက္ခ တစ်ယောက်က “ပေါက်လွှတ်ပဲစားနေ၍ စကားကိုပစ်စလက်ခတ် ပြောသော ပန်းသည်ကလေးတစ်ယောက်ကိုခေါ်ပြီးလျှင်

အင်္ဂလိပ်စကားသံကိုအသံထွက်ကျကျနန ဝါကျအထားအသိုသိပ်သိပ်သည်း သည်းသင်ကြားပေးပြီးလျှင် အထက်တန်းစားများ၏ပွဲထိုင်သို့သွား စေသည်။ ပွဲထိုင်လာအထက်တန်းစားများမှာ အမည်မသိမိန်းမ ငယ်ကိုကြည့်၍ အံ့အားသင့်နေကြသည်။ "အင်္ဂလိပ်စကားကို သည်လောက်ကောင်းကောင်းပြောတတ်ရင် ဧကန္တ အင်္ဂလိပ်လူမျိုးအ ထက်တန်းစားထဲကမဟုတ်နိုင်ဘူး' ဟု ပွဲထိုင်လာသူ အချို့ကဆို သည်။ နောက်ဆုံး၌ ပန်းသည်ကလေးက ပါမောက္ခကြီးနှင့်စည်း ကမ်းတကျနေရသည်ကို အချုပ်အချယ်ကြီးလှသည်ဟု အောက်မေ့ ကာသာမန်လူတစ်ယောက်နှင့်ထွက်ပြေးသွားလေရာ ပါမောက္ခကြီးမှာ သူပြုပြင်ထားသောမိန်းကလေးကို စိတ်ထဲကကြိုက်နေခဲ့သော် လည်းကျန်ရစ်' ဖြစ်ရလေတော့သည်။

ဤဇာတ်လမ်းမှာထူးဆန်းလှသည်။ ဘားနဒ်ရှောအား ထိုပြဇာတ်ကို မည်သည့်ရည်ရွယ်ချက်နှင့်ရေးပါသနည်းဟုမေးရာ သူက"ကျုပ် ဒီပြဇာတ်နဲ့ အင်္ဂလိပ်တွေကို အင်္ဂလိပ်စကားသင်ပေး ချင်လို့' ဟုပြောလေသည်။

ဘားနဒ်ရှောအား ၁၉၂၅ ခုနှစ်တွင် ကမ္ဘာ့စာပေဆု (နို ဘဲလ်ဆု)ဖြင့် ချီးမြှင့်ရာ သူသည် ဆုချီးမြှင့်ခြင်းကို လက်ခံသော်လည်း ဆုငွေဖြစ်သော ဒေါ်လာ၃၅၀၀၀ကို လက်မခံချေ။ "ဒီငွေ ကိုကျုပ်မလိုချင်ပါဘူး၊ ဒီငွေဟာ ဘဝပင်လယ်ပြင်ကြီးမှာ လက်ပစ် ကူးနေသူအဖို့ ကမ်းတစ်ဖက်ရောက်အောင်အထောက်အပံ့ပြုတဲ့ ဘောကွင်းဖြစ်နိုင်တယ်၊ ကျုပ်တော့ တစ်ဖက်ကမ်းကိုရောက်နေမင့် ဟာ၊ ဒီငွေကိုမလိုပါဘူး' ဟုပြောလေသည်။

ဘားနဒ်ရှောသည် တစ်သက်လုံးပင် တည်ကြည်သောဝါဒ သဘောမရှိခဲ့ချေ။ လူငယ်လူရွယ်ဘဝက မာ့ခ်စ်၏ 'အရင်း'ကျမ်းကို ဖတ်ပြီးလျှင် အရင်းရှင်ဝါဒကို အပြင်းအထန်ရှုတ်ချခဲ့သည်။ သို့ သော်သူကိုယ်တိုင်ကမူ ဆင်းရဲခြင်းကိုလွန်စွာကြောက်၍ အရင်းရှင် ဆန်လှသည်။ ဆင်းရဲမှာကြောက်၍ပင် ချမ်းသာသောမိန်းမနှင့် အိမ်ထောင်ပြုခဲ့လေသည်။ ထို့နောက် ၁၉၃၁ခုနှစ်တွင် ရုရှားပြည် သို့ သွားရောက်လည်ပတ်ရာမှ စတာလင်ကို အကြည်ညိုကြီးကြည် ညိုလေသည်။ တစ်ဖန် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် ဂျာမနီ အာဏာရှင် ဟစ်တလာနှင့် အီတလီအာဏာရှင် မတ်ဆိုလိနီတို့ကို ကြည်ညိုပြန်သည်။ "မတ်ဆိုလိနီကို မကောင်းပြောတဲ့လူတွေဟာ သောက်ရူးတွေပဲ၊ အ အတွေပဲ" ဟု လက်လွတ်စပယ်ဆိုလိုက်ပြန်သည်။ ဟစ်တလာကစ၍စစ်ကြေငြာခါမှ သူ့အမှားကိုသူသိကာ "စစ်ရည်ရွယ်ချက်တွေဘာတွေလုပ်မနေနဲ့၊ ဒီကောင်ကို ပြုတ် အောင်တိုက်မယ်' ဟု ထအော်လေတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ဘားနဒ်ရှောသည် ဇနီးဆုံးသွားပြီဖြစ်သဖြင့် သူအသက် ၅၀လောက်ကစ၍အစဉ်တစိုက်နေထိုင်လာခဲ့သော လန်ဒန်မြို့နှင့်မလှမ်းမကမ်းရှိ လူဦးရေတစ်ရာကျော်မျှသာရှိသော အိယော့စိန့်လောရင်းရွာကလေး၌ အစေခံများနှင့်နေလေသည်။ ဘားနဒ်ရှောသည် တစ်သက်လုံး ကကထခံခဲ့သူမဟုတ်ရလေကား စစ်အတွင်းက အစေခံဟူ၍ မည်သူမျှမထားနိုင်သော်လည်း သူနှင့်ဇနီးတို့မှာ အစေခံမရှိလျှင်မနေတတ်သောကြောင့် ဗုံးတသောသောကျနေသောလန်ဒန်မြို့၌ ၅၍နေရလေသည်။

၁၉၅၀ခုနှစ်အကုန်လောက်တွင် ဘားနဒ်ရှောသည် သူ့ခြံတွင်း၌ လမ်းလျှောက်စဉ်လဲကျသွားလေရာ ဒဏ်ရာမှာသာမန်လူ အဖို့မကြီးကျယ်လှသော်လည်း ဘားနဒ်ရှောအဖို့ လဲရာမှပြန်၍ မထူထောင်နိုင်တော့ချေ။ စိတ်လျှော့လိုက်ပြီဖြစ်သော အသက် ၉၄ နှစ်အရွယ်ရှိ ဘားနဒ်ရှောသည် သူ့အားပြုစုလျှက်ရှိသော သူနာပြု ဆရာမကြီးအား “ကျုပ်နှမကြီးက ကျုပ်ကိုမသေအောင်ပြုစုနေတာ ကျုပ်ဟာမသေနိုင်ဘဲ အလကားသက်သက် အသက်ကြီးတဲ့ သက်ကျားအိုအထူးအဆန်းအဖြစ်ထားချင်လို့လား၊ မထူးပါဘူးဗျာ၊ ပြုစုမနေပါနဲ့တော့၊ ကျုပ်အချိန်ကုန်ပါပြီ၊ ကျုပ်သေပါတော့မယ် ဟုပြောလေသည်။ ဘားနဒ်ရှောသည် ခြေထောက်နာရာမှ အဖျား ဝင်လာပြီးလျှင် နိုဝင်ဘာလဆန်းတွင် နှစ်ရက်တိုင်တိုင် နှစ်မျော၊ သွားလေသည်။ “ကျုပ်တဖြည်းဖြည်းနှစ်သွားပြီ” ဟု ဘားနဒ်ရှောက မျောမသွားမီပြောလိုက်ချေသေး၏။

၁၉၅၀ခု၊နိုဝင်ဘာလ ပထမရက်သတ္တပတ်ကုန်ဆုံးသည့်အခါ၌ နှစ်ရက်တိုင်တိုင်စောင့်ဆိုင်းနေရသော သတင်းထောက်တို့အား ဘားနဒ်ရှော၏အိမ်စောင့်ဘဏ္ဍာစိုးမကြီး အဲလစ်လေဒင်က ဝင်းတံခါးကို ဖွင့်ထွက်လာပြီးလျှင် ‘မစ္စတာရှောဆုံးရှာပြီ'ဟု ပြော လိုက်လေသည်။

ဝီလျံရှိတ်စပီးယား

"ကရုဏာတရား၏ ဂုဏ်အင်္ဂါတို့သည်ကား ညှိုးနွမ်းသည်ဟူ၍ မရှိ၊ ကရုဏာတရားဟူသည် ကောင်းကင်မှ ကျလာသောမိုး ညှင်းမိုးပေါက်များကဲ့သို့ သိမ်မွေ့လှပေသည်။ ယင်းတရားသည် ပြုစု သူကိုသာမက ပြုစုခြင်းခံရသူကိုလည်း ကောင်းကျိုးပေးပေသည်။ ကရုဏာတရားသည်ကား တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်၊ တန်ခိုးအကြီး ဆုံးပစ္စည်းတို့ထက်ပင် တန်ခိုးကြီးပေသေး၏။ ရွှေနန်းစည်းစိမ်စံ ပယ်လျှက်ရှိသော ဘုရင်မင်းမြတ်အဖို့ ကရုဏာတရားသည် သရဖူထက်ပင် ကျက်သရေရှိပေသည်။ သန်လျက်သည်ကား ဘုရင်တို့၏ ဘုန်းတန်ခိုးအာဏာကိုသရုပ်ဆောင်လျက်ရှိသည်။ သန်လျက်ကိုရွံ့ စိုးကြကုန်၏။ သို့ရာတွင် ကရုဏာတရားသည်ဘုရင်၏ စိတ်နှလုံးတည်းဟူသောပလ္လင်တွင် စံပယ်လျက်ရှိသည့်အလျောက် သန်လျက်ထက်ပင် တန်ခိုးကြီးမားလှပေသေးသည်။ ကရုဏာတရားသည်ကား ဘုရားသခင် ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတော် တစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် တရားမင်းတို့သည် ဘုရားသခင်နှင့်တူစိမ့် သော ငှာ ကရုဏာတရား ပွားများကြကုန်ရာသည်။

ဒီရဟူဒီကုန်သည်ကြီး . . . အသင်က တရားအတိုင်း တောင်းဆိုသာသော်လည်းသည့်အချက်ကို ကျွန်ုပ်မည်သို့မျှ မဆိုသာသော်လည်း တရားအတိုင်းဆောင်ရွက်လျှင် ကျွန်ုပ်တို့မှာငရဲပြည်သို့သာ ကြရာသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကိုယ်တော်မြတ် ကြီးထံမှကရုဏာတရားရလိုပါကြောင်း ဆုမွန်တောင်းကြသည်မ ဟုတ်တုံလော၊ ယင်းသို့ တောင်းပန်လျက်ပင်လျှင် ကျွန်ုပ်တို့သည် ကရုဏာတရားကိုလက်လွှတ်နေကြသည်တကား၊ ကျွန်ုပ်တို့တောင်း သည့်ဆုနှင့် ကိုက်ညီအောင် ကျင့်သုံးအပ်ပေတော့သည်။"

အထက်တွင်ကောက်နုတ်ဖော်ပြသော စကားရပ်သည် ရှိတ်စပီးယား ရေးသားပြုစုသော "ဗင်းနစ်စ်မြို့က ကုန်သည်ကြီး (The Merchant of Venice) ပြဇာတ်တွင်ပါရှိသော ဇာတ်ဝင်တစ်ဦး ၏ စကားရပ်ဖြစ်သည်။ ထိုဇာတ်ဝင်သည်ကား ရုပ်ရည်ချောမောသော 'ပေါတီယ" အမည်ရှိသော မိန်းမပျိုတစ်ဦး ဖြစ်သည်။ သူသည် ချစ်သူအား အတိုးကြီးစားရဟူဒီကြီးက မတရားသဖြင့်တရားစွဲဆို ထားသောကြောင့် ဒုက္ခမှ ကယ်ဆယ်ရန် ဝတ်လုံတော်ရတစ်ဦးဟန် ဆောင်၍ ရုံးတော်သို့တက်ရောက်ကာ ရှေ့နေလိုက်လေသည်။ ရှေ့နေဟန်ဆောင်သော 'ပေါတီယ' ၏ စကားသည် လေး နက်သော အဓိပ္ပာယ်ကိုဆောင်လျက်ရှိပေသည်။ ရှိတ်စပီးယား သည်ကရုဏာတရား၏ သိမ်မွေ့ နူးညံ့ပုံကို "ပေါတီယ" ၏ နှုတ်ထွက်

စကားအဖြစ်ဖြင့် ဖော်ပြထားပေသည်။ လွန်ခဲ့သော အနှစ်သုံးရာ့ကိုးဆယ် လောက်က ထွန်းကားလာသော အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယားသည် နှောင်နှစ် ပေါင်းများစွာဆက်၍ ကျော်စောပေဦးမည်ကား သေချာလှတော့သည်။ အင်္ဂလိပ်စာပေထွန်းကား နေသမျှကာလပတ်လုံးရှိတ်စပီး ယား၏ခေတ်သည် တိမ်ကောမည်မဟုတ်ပေ။ အင်္ဂလိပ်စာပေ မတတ်သူအများကပင် ရှိတ်စပီးယား၏ အမည်ကိုသိနှင့်နေကြ၏။ အင်္ဂလိပ်စာတတ်သူတိုင်းသည် ရှိတ်စပီးယား၏ ပြဇာတ်များအကြောင်းကို အနည်းအကျဉ်းအားဖြင့် မသိဘဲမနေနိုင်ပေ။ ယင်းသို့ ကမ္ဘာ့ဂန္ထဝင်တွင် အကျော်စောဆုံး ရှိတ်စပီးယား သည် အမျိုးအမည်အားဖြင့် ထင်ရှားကျော်စောသော အနွယ်မှ ဆင်းသက်လာခဲ့သည်မဟုတ်။ အင်္ဂလန်ပြည် အတွင်းခပ်ကျကျမြို့ ငယ်ကလေးတွင် မထင်ရှားသော မိဘများက မထင်မရှားဖွားမြင် လာခဲ့ပြီးလျှင် ငယ်စဉ်ကပညာကို မထင်မရှား သင်ကြားခဲ့ရလေသည်။ အရွယ်ရောက်သောအခါ မထင်မရှား နေထိုင်လာပြီးနောက် လန်ဒန်မြို့ သို့သွားကာ ပြဇာတ်ထဲသို့ မထင်မရှား ဇာတ်မြှောင်အ ဖြစ်ပါဝင်အမှုထမ်းခဲ့ရာမှ ပြဇာတ်များကိုရေးသားလေသည်။ သူ့ပြဇာတ်များမှာ သူ့ခေတ်က အသင့်အတန်လူသိများသော်လည်း အထူးအထွေထင်ရှား လှသည်ဟုမဆိုသာ။ ယခုကဲ့သို့ ကမ္ဘာကျော်မည် ဟူ၍ကား ရှိတ်စပီးယားသည် ယောင်မှား၍ပင် အိပ်မက်မမက်ဖူး ရှာချေ။

ယင်းသို့ မထင်မရှားဘဝ၌သာ နေသွားခဲ့ရရှာသော ထင်ရှားသော ပြဇာတ်ဆရာ ကြီးရှိတ်စပီးယားသည် အသက်ဆယ့်လေး နှစ်အရွယ်က အမဲသား ရောင်းစားခဲ့ရသည်။ ကာလသား ဘဝ၌လည်း အခြားသော ကာလသားများကဲ့သို့ပင် သောက်စားနောက် ပြောင်ရမ်းကားခဲ့လေသည်။ အသက်ဆယ့်ရှစ်နှစ် အရွယ်တွင်ရှိ စပီးယားမှာ ရုပ်ရည်ချောမောသဖြင့် သူ့ထက်အသက်ရှစ်နှစ်ကြီး သော အပျိုကြီး "အင်ဟာသာဝေး" ကချော့၍ အိမ်ထောင်ပြုခြင်း ခံရလေသည်။ သူသည် အင်ဟာသာဝေးကို မယူချင် မနေရသည့် အခြေသို့ဆိုက်ရောက်နေသည်။ အင်မှာ မကြာမီပင် ကလေးရလာသည်။ အိမ်ထောင်သည် ဖြစ်နေသော်လည်း အသက်အရွယ်အား ဖြင့် လူ ပျို လူရွယ် ဖြစ်နေသေးရကား သူတို့ရွာဦးတွင်ရှိသော ရွာစားကြီး၏ ခြံဝင်းအတွင်းမှ သမင်ကို ခိုးပစ်သောကြောင့် ရာဇဝတ်သင့်ကာ လန်ဒန်မြို့ သို့ ထွက်ပြေးရလေသည်။

လန်ဒန်မြို့သို့ ရောက်သွားသောအခါ အဆက်မရှိသည်က တစ်ကြောင်း၊ ပညာမရှိသည် ကတစ်ကြောင်း ထိုအကြောင်းများကြောင့် ရှိတ်စပီးယားသည် ရရာအလုပ်ကို လုပ်၍ တော်စွလျော်စွ နေလာပြီးနောက် ဇာတ်ထဲသို့လိုက်၍ မထင်မရှားသော ဇာတ်ကွက် တွင်ပါဝင်အသုံးတော်ခံရလေသည်။

ရှိတ် စပီးယားသည်ပြဇာတ်များကို ဆယ့်ခုနစ်နှစ်တိုင်တိုင် အဆက်မပြတ်ရေးသားပြုစုလေသည်။ သူရေးသော ပြဇာတ်များမှာ သူ့ခေတ်က

အတန်အသင့်ကျော်စောသော်လည်း သူ့ခများမှာ ဉာဏ်ပူဇော် ခမြောက်မြောက်မြားမြားမရရှာချေ။ သူ့ပြဇာတ်များမှာ သူ့ဇာတ် အဖွဲ့တွင်အသုံးပြုရသော်လည်း သူ့တစ်သက်တာတွင် ပုံနှိပ်ရိုက် ထုတ်ခြင်းမပြုခဲ့ရချေ။

သူ့ပြဇာတ်များအတွက် ငွေကြေးမြောက်မြားစွာ မရရှိသော်ငြားလည်း အသင့်အတန် ရရှိသောကြောင့် ရှိတ်စပီးယားသည် ရရှိသောငွေကြေးဖြင့် သူ့မွေးရာနေရပ်တွင် အိမ်ရာအခြေအနေပြု၍ ဇာတ်အဖွဲ့မှထွက်ပြီးလျှင် အေးချမ်းစွာနေထိုင် လေတော့သည်။ ယခုခေတ်အထိ အစဉ်တစိုက်ကျော်စော၍ နောက်နောင်လည်း ကျော်စောဦးမည်သာဖြစ်သော ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ရှိတ်စပီးယားသည် အညတရဘဝ၌ သာတစ်သက်ပတ်လုံးနေသွားရရှာ လေသည်။

လောကအကြောင်းကို အဘက်ဘက်မှနေ၍ သုံးသပ်ဆင်ခြင်၍ အဖိုးတန်သောစာပေကို ပြုစုခဲ့သော ရှိတ်စပီးယားသည် ပညာရှိပီသစွာ နေထိုင်ခဲ့ပါသလော၊ မဟုတ်ပါ။ သူသည် တစ်ခါတလေ အရက်သောက်လွန် သွားသဖြင့် မိုးလင်းသောအခါ အရက်ငွေ့ ပြယ်သည့်အလျောက် သူ့အခြေအနေကို ပြန်၍ ကြည့်လိုက်သည် သူသည် လူကောင်းသူကောင်းတို့ကဲ့သို့ မိမိ၏အိပ်ရာတွင် အိပ်နေသည်မဟုတ်ဘဲ လမ်းဘေးသစ်ပင်အောက်တွင်လဲ၍ အိပ် ပျော်သွားကြောင်းကိုတွေ့ရှိရလေသည်။

မျက်နှာကြီးလိုက်သော ထိုခေတ်ကြီး၌တောသား ရှိတ်စပီးယားသည် အထက်တန်းစား မျက်နှာကြီးများ၏ ပွဲလမ်းသဘင်သို့ ဇာတ်သမားလူပြက် အဖြစ်သာတက်ရောက်ခွင့် ရချေသည်။ မျက်နှာကြီးမိန်းမများသည် မျက်နှာကြီးအချင်းချင်းသာ သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့လိုကြသည်။ ရှိတ်စပီးယားကဲ့သို့ အောက်တန်း စားတောသားကို အရေးယူအဖက်လုပ်ရမှာ အလွန်ပင်ဝန်လေးလှ လေသည်။ သူရေးသားသောပြဇာတ်များကို ကြိုက်နှစ်သက်သော်လည်း သူ့အား ဂုဏ်ချင်းမတူသူအဖြစ်နှင့် အထင်သေးကြလေသည်။

သို့ရာတွင် ရုပ်ရည်မခေလှသော ရှိတ်စပီးယားသည် မျက်နှာကြီးမိန်းမအချို့၏ အပျော်သဘော ဆက်ဆံမှုကိုရရှိလေသည်။ လူတောထဲ၌သာ မျက်နှာကြီးချင်းသတင်းလွှေ့ ကြသော်လည်း ဆိတ်ကွယ်ရာတွင် လော်မာဖောက်ပြားရာ၌ သူမတူသောမျက်နှာ ကြီးမိန်းမအချို့သည် တောသား ဇာတ်သမားကလေးနှင့် အပျင်းဖြေ ကြကုန်၏။ ယင်းသို့ သူတစ်ပါးမယားများနှင့် မြူဆွယ်ပျော်ပါးနိုင် စွမ်းသော ရှိတ်စပီးယားသည် မိမိ၏မယား အင်ဟာသာဝေးနှင့်မူ ခေါင်းမပြုဝံ့ရှာချေ။ အပျိုကြီးဖြစ်ခဲ့သော အင်သည်မောင်ကလေး အရွယ်ရှိသည့် ရှိတ်စပီးယားအား အရမြူဆွယ်၍ ယူထားသော်လည်း အခြားသော အငယ်ယူ

အပျိုကြီးဟောင်းများကဲ့သို့ လင်ကလေးကို တဖူးဖူးမမှုတ်ဘဲ အနိုင်ကျင့်နိုင်စွမ်းပေသည်။ မယားကြောက် ရှိတ်စပီးယားသည် သူ့မယားအား အသုံးမကျသော ခုတင်တစ်လုံးကိုသာ အမွေပေးခြင်းဖြင့် လက်စားချေလေသည်။

ကမ္ဘာကျော် ကဗျာဆရာများ၏ ဘဝမှာ များသောအားဖြင့် ကဗျာမဆန်လှချေ။ ပြဇာတ်ဆရာကြီး ရှိတ်စပီးယားသည် လေးနက်သော အဓိပ္ပာယ်ဆောင်သည့် ပြဇာတ်များကို ရေးနိုင်စွမ်းပါ၏။ နှစ်လိုဖွယ်ကောင်းလှသော ကဗျာများကိုလည်း စီကုံးနိုင်စွမ်းပါ၏။ သို့သော် သူ့ဘဝသည်ကား လေးနက်သောအဓိပ္ပာယ်ကိုလည်း မဆောင်၊ ကဗျာလည်းမဆန်ချေ။ သာမန်အညတရတစ်ဦး၏ဘဝနှင့် မည်သို့မျှမခြားလှချေ။ ပါရမီရှင်ကြီး၏ ဇနုပ္ပတ္တိပေတကားဟု တအံ့သြသြနှင့်လေ့လာသုံးသပ်ရန် သုတေသီတို့အဖို့ အခွင့်မသာ ချေသည်တကား။

အသို့လျှင် ရှိတ်စပီးယား၏ ပြဇာတ်များသည် ဂန္ထဝင်တွင် ပြောင်မြောက်နေပါသနည်း။ ရှိတ်စပီးယား၏ စိတ်ကို စူးစမ်းရှာဖွေရန် ခက်ခဲလှဘိ၏။ ရှိတ်စပီးယားကဲ့သို့သာမန်ပုဂ္ဂိုလ်က ထူးခြား သော စာစုပေစုကို ပြုစုနိုင်ပါသလောဟူသော မေးခွန်းပြဿနာသည် ယခုထက်တိုင်ပြေပျောက်မသွားဘဲ အစွန်းတင်၍ ကျန်နေချေသည်။ အချို့သုတေသီများက ရှိတ်စပီးယား၏ ပြဇာတ်များကို ရှိတ်စပီးယားရေးသည် ဆိုခြင်းမှာ မှန်ကန်သည်ဟု မဆိုသာဟူ၍ သံသယ သံများပြုကြကုန်၏။ ထိုခေတ်က ပညာရှိကြီး'ဖရန်စစ်ဗေ ကွန်'က ရှိတ်စပီးယား၏ ကိုယ်စား ပြဇာတ်များကို ရေးသားခဲ့သည် ဟုဆိုကြသည်။ အချို့က ရှိတ်စပီးယားမှာ ကလောင်အမည်သာဖြစ်သည်၊ လူစင်စစ်မဟုတ် ဟုပင်တစ်ဆင့်တိုး၍ ဆိုကြလေသေး၏။ ရှိတ်စပီးယား၏ စိတ်သည် ထူးဆန်းအံ့သြဖွယ်ရာပင် ဖြစ်ကသည်။ သံသယဖြစ်သော သုတေသီတို့အား အပြစ်မဆိုသာပေ။ ရှိတ်စပီးယားပြဇာတ်များတွင် လူ့စရိုက်အမျိုးမျိုးကိုဖော်ပြထား သည်ကို တွေ့ ရပေသည်။ ရှိတ်စပီးယားကဲ့သို့သော သာမန်ပုဂ္ဂိုလ် တစ်ဦး၏ စိတ်ဓာတ်နှင့်ဉာဏ်ပညာသည် သူရေးသောပြဇာတ်များ တွင်ပါရှိသည့် နက်နဲသောစာပေကို ပြုစုနိုင်စွမ်းသည်ဟုဆိုလျှင် မှားတော့မည့်ပုံလိုလို ဖြစ်နေသည်မှန်၏။ သို့သော် နွားချေးပုံမှာ ကြာပေါက်ခြင်းကို ထူးဆန်းသည်ဟု မဆိုချင်သော ဤလောက၌ ရှိတ်စပီးယားပြဇာတ်များကို ပြုစုခြင်းမှာ ထူးဆန်းလှသည်ဟုမဆို ချင်လျှင်မလျော်ကန်ပေ။

ရှိတ်စပီးယားသည် ထူးခြားသော သာမန်ပုဂ္ဂိုလ်ဖြစ်ပေသည်။ သူ့ဘဝသည် အညတရဘဝ ဖြစ်သည်မှန်၏။ သူ ့အနေအ ထိုင်သည် သာမန်အောက်တန်းစားလူတစ်ယောက်၏ အနေအ ထိုင်မျိုးပင် ဖြစ်သည်လည်းမှန်၏။ သို့သော် သူရေးသောစာပေသည်ကား ယခုထက်တိုင်

မည်သူမျှ စံချိန်မီအောင်မရေးနိုင်လောက် အောင်ပင် ထူးခြားမွန်မြတ်လှပေသည်။ လောကကြီး၏ သရုပ်ကို ထူးခြားစွာဖော်ပြနိုင်စွမ်းသောကြောင့် သူ့စာပေမှာ ခေတ်နောက် ကျသွားပြီဟု မည်သည့်နည်းနှင့်မျှမဆိုသာချေ။

ရှိတ်စပီးယားသည် လူအမျိုးမျိုး၊ လူ့ဘဝအခြေအနေအမျိုးမျိုးကို သုံးသပ်တတ်သည်။ လူတို့၏စရိုက်ကိုသာ ဖော်ပြနိုင်စွမ်း သည်မဟုတ်၊ လူမျိုးလေးပါးတို့၏ အတွေးအခေါ် အမြော်အမြင်များ ကိုလည်းကောင်း၊ မြင့်မြတ်သောစိတ်၊ ယုတ်မာသောစိတ်၊ ကောင်းမွန်သောစိတ်၊ ဆိုးသွမ်းသောစိတ် စသည့် စိတ်စေတသိက် အမျိုးမျိုးကိုလည်းကောင်း အချုပ်ကိုဆိုသော် ရှိတ်စပီးယားသည် ပညာရှိပီ သသည့်အလျောက် အမြင်အမျိုးမျိုးကို မြင်သည့် အလျောက် အချက်ပိုင်ပိုင် သရုပ်ဖော်နိုင်ပေသည်။

သူ့ အမြင်မှာကျယ်ပြန့်၍ လူ့ဘဝ၏ကျယ်ပြောသော အဖြစ်သနစ်တို့ကို သူ့ပြဇာတ်ကြေးမုံပြင်ဝယ် အကွက်မလပ်အောင် တင်ပြနိုင်စွမ်းသဖြင့် နောက်ပညာရှိအချို့ကသူ့အား လူတစ်ဦး တစ်ယောက်မဟုတ်ဘဲ ရှိတ်စပီးယား ဟူသောအမည်ခံ၍ ရေးသောပညာရှိ တစ်စုဖြစ်ရမည်ဟူ၍ ပင်ဆိုကြချေသေး၏။ ယင်းသို့အဘက် ဘက်ကပြည့်စုံသောကြောင့်ပင်လျှင် ရှိတ်စပီးယားသည် အင်္ဂလိပ် ဘာသာစကား အခွန့်ရှည်စွာ တည်နေသမျှကာလပတ်လုံး မသေနိုင်ဟုဆိုရပေတော့မည်။

ရှိတ်စပီးယား၏ ပြဇာတ်များမှာ ဦးရေအားဖြင့် အလွန် များပြားလှ၏။ ထို့ကြောင့်လည်းအချို့က ထိုမျှားလှစွာသော ပြဇာတ်များကို တစ်ဦးတည်းသောပုဂ္ဂိုလ် မရေးသားမပြုစုနိုင်ဟုဆိုကြသည်။ ပြဇာတ်များသာမက ‘ဆွန်းနက်’ ခေါ်ကဗျာတို ၁၅၄ ပုဒ်ကိုရေးခဲ့ပေသေးသည်။

သူရေးသားခဲ့သော ပြဇာတ်သုံးဆယ့်ငါးပုဒ်ကို အကြမ်းဖျင်းအားဖြင့် အမျိုးအစား သုံးစားခွဲခြားနိုင်ပေသည်။ (၁) “ကော်မဒီ’ ခေါ် အရွှင်နှင့် အဆုံးသတ်သော ပြဇာတ်မျိုး၊ (၂) “ထရဲဂျဒီ' ခေါ် အလွမ်းနှင့်အဆုံးသတ်သော ပြဇတ်မျိုးနှင့် (၃) ‘ဟစ်စထရီ’ ခေါ် ရာဇဝင် ပြဇာတ်မျိုး ဖြစ်သည်။ (ရာဇဝင်ပြဇာတ်ဆိုရာ၌ အင်္ဂ လိပ်ရာဇဝင်မှ ကောက်နုတ်၍ ပြုစုထားသော ပြဇာတ်များကို ဆိုလို သည်။)

“ကော်မဒီ” ပြဇာတ်များတွင် “တင်းပက်စ်ထ်” (မုန်တိုင်း)ပြဇာတ်၊ “မားချင့်အော့ဗ်ဗဲနစ်စ်' (ဗင်းနစ်စ်မြို့မှ ကုန်သည်ကြီး)၊ ‘သကော်မဒီအော့ဗ် အဲရား' (အမွှာညီနောင်) ပြဇာတ် စသည်တို့မှာ အထူးပင်ကျော်ကြားပေသည်။

‘ထရဲဂျဒီ’ ပြဇာတ်များတွင် ‘ရိုမီယို-ဂျူလိယက်’ ပြဇာတ်၊ “ဟင်းမလက်” (ဟင်းမလက်မင်းသား) ပြဇာတ်၊ ‘ဂျူလိယတ်ဆီးဇာ' (စစ်ဘုရင်ကြီးဆီးဇာ) ပြဇာတ်၊

"တင်မွန်အော့ဗ်အေသင်' (ကျေးဇူး တရား) ပြဇာတ်၊ "ကင်းလီယား' (လီယားဘုရင်ကြီး) ပြဇာတ်၊ "မက်က်ဘက်သ်" (မက်ကဘက်ဘုရင်ကြီး) ပြဇာတ်၊ "အော်သဲလို' ပြဇာတ် စသည်တို့သည်ထင်ရှားပေ၏။

'ဟာစ်စထရီ' ပြဇာတ်များတွင် "တတိယမြောက်ရစ်ချတ်ဒ် ဘုရင်ကြီး' ပြဇာတ်၊"ပဉ္စမမြောက် ဟင်နရီဘုရင်ကြီး' ပြဇာတ်၊ "အဋ္ဌမမြောက် ဟင်နရီဘုရင်ကြီး' ပြဇာတ်တို့ထင်ရှားပေသည်။ ထိုထိုသောပြဇာတ်များတွင် ရိုတ်စပီးယားသည် လူ့ဘဝ၌အရေးပါအရာရောက်သော အကြောင်းအရာ အရင်းခံတရားများကို တစ်ခုစီခွဲခြား၍ ထင်ရှားအောင် သရုပ်ဖော်ထားလေသည်။ အလွမ်းနှင့်ဟာသ ရောယှက်ဖက်စပ်၍ ဖော်ပြထားသောကြောင့် ရိုတ်စပီးယားပြဇာတ်များကို ကြည့်မငြီး ဖြစ်နေကြတော့သည်။

"ကော်မဒီ" ပြဇာတ်များတွင် "တင်းပက်စ်ထ" ခေါ် မုန်တိုင်း အမည်ရှိသောပြဇာတ်မှာ လူ့သဘာဝကို ဖော်ပြရာ၌ လက်စားချေ မှုကိုမလိုလားဘဲ ခွင့်လွှတ်ခြင်းအကြောင်းတရားကို သရုပ်ပြထား သည်။

မီလန်မြို့စားကြီး "ပရော့စပဲရိုး' သည်သူ့ညီတော် 'အန်ထော်နီယို' ကသစ္စာဖောက်၍ တော်လှန်သောကြောင့် ရိုက်ရာ စည်းစိမ်ကို စွန့်လွှတ်၍ "မီရင်ဒါး'အမည်ရှိသော သမီးကလေးနှင့်အတူ စုန်းကဝေပေါသော ကျွန်းငယ်တစ်ခုပေါ်တွင် ဆယ့်နှစ်နှစ်ကာ လပတ်လုံးနေရလေသည်။ 'ပရော့စပဲရိုး'သည် ယင်းလူသူမနီးသော ကျွန်းကလေးပေါ်တွင်နေစဉ် အထက်လမ်းပညာကို ကောင်းစွာတတ်ကျွမ်းအောင် သင်ကြားပြီးလျှင် သူ့ သမီးကလေးအားလည်း အတတ်ပညာအမျိုးမျိုးကို သင်ကြားပေးလေသည်။ သူသည် ကဝေ ဆရာကြီးဖြစ်လာသည့်အလျောက် 'အေရီယဲ' မည်သော သစ္စာရှိ သည့်တစ္ဆေနှင့် သစ္စာမဲ့၍ ကြမ်းတမ်းသောသဘောရှိသည့် 'ကလဲဗိန်'အမည်ရှိသော တစ္ဆေတို့ကို တပည့်တပန်းများအဖြစ် မွေး ထားလေသည်။

တစ်နေ့သ၌ သင်္ဘောတစ်စင်းသည် ကျွန်းငယ်အနီးသို့သီ လာလေသည်။ "ပရော့စရိုး'သည် သူ့ညီတော်အန်ထော်နီယိုနှင့် ဘုရင့်ညီတော်ဆီဗက်စတိယံနှင့် ယင်း၏သားတော်ဖာဒင်နန်မင်း သားကလေးတို့ ထိုသင်္ဘော၌ပါလာကြောင်းသိသဖြင့် သူ့ပညာအ စွမ်းဖြင့် မုန်တိုင်းဆင်လိုက်ရာသင်္ဘောပျက်ရလေသည်။ ထိုအခါ သူကအေရီယဲအား သင်္ဘောတစ်စီးနှင့်သင်္ဘောသားအားလုံးတို့ သေမကြေမပျက်စီးဘဲ ကျွန်းပေါ်သို့ရောက်အောင် ကြံဆောင်ရ မည်ဟုအမိန့်ပေးထားလေသည်။

သင်္ဘောပျက်သော်လည်း အသက်မသေသော ပုဂ္ဂိုလ်တို့မှာ တစ်စုစီကွဲ၍ ကျွန်းပေါ်သို့ရောက်လာကြသည်။ ထိုအခါတစ် ကိုယ်တည်းဖြစ်နေသော ဖာဒင်နန်မင်းသားကလေးသည် ပရော့စ ပဲရိုး၏ သမီးမီရင်ဒါးနှင့်တွေ့၍

ချစ်ကြိုက်လေသည်။

ကျွန်း၏တစ်ဒေသဆီ၌ အန်ထော်နီယိုနှင့်ဆီဗက်စတိယံ တို့သည် ဘုရင်ကြီးအားလုပ်ကြံရန်တိုင်ပင်နေခိုက်တွင် ကဲလိဗန် တစ္ဆေကြီးလည်း အရက်မူးသမား သဘော်သားနှစ်ဦးနှင့် က ဆရာကြီးအား လုပ်ကြံရန်တိုင်ပင်နေလေသည်။

ပထမ၌ ဆရာကြီးပရော့စပဲရိုးသည် သစ္စာမဲ့သောမသ မာကောင်တို့အား မိမိတန်ခိုးဖြင့် အဆုံးစီရင်လိုက်ရန်ကြံမိသည်။ သို့သော် နောက်ဆုံး၌ "ခွင့်လွှတ်ခြင်းသည် မြင့်မြတ်သောလက်စား ချေမှုပင်တည်း' ဟူသောစကားအတိုင်း လောဘသားတို့အား ပြစ်မယူခွင့်လွှတ်ပေသည်။

ပရော့စပဲရိုးသည် ပညာအရာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ပြည့်စုံရုံသာမက မြင့်မြတ်သော စိတ်ထားလည်းရှိပေသည်။

သူသည် လူတော်တစ်ဦးဖြစ်သည်။ လူအပေါင်းတို့၏ ထိပ်တန်းက နေထိုက်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပေတည်း။ ရှိတ်စ ပီးယားသည် ပရော့စပဲရိုးအား ထူးမြတ်သောပုဂ္ဂိုလ်အဖြစ် စံတင် ၍ပြပေသည်။ သူသည် ကဝေဆရာကြီးဖြစ်သည့်အလျောက် မန်လူတို့ မစွမ်းဆောင်နိုင်သည်ကို စွမ်းဆောင်နိုင်ပေသည်။ လူတို့၌ ကြီးမားသောပညာရှိနိုင်သည်ဆိုမှုသာ-အကြောင်းရပ်ကို ထင်ရှားစေသော အချက်တစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင်လည်း တန်ခိုးရှိသူသည် မြင့်မြတ်သူဖြစ်အပ်၏။ သို့မှသာလျှင် ကောင်းကျိုးကို ပြုနိုင်ပေမည်ဟူသောဥပဒေသကိုလည်း ဆွဲယူနိုင်ပေသည်။

လူတို့၌ ကျေးဇူးမဲ့တတ်သော သဘောကို "တင်မွန်အေဲ့ဗ် အေသင်' ပြဇာတ်တွင်သရုပ်ပြခဲ့ပေသည်။ 'တင်မွန်'' အမည်ရှိသော အေသင်မြို့မျက်နှာဖုံးသူဌေးကြီးသည် မိတ်သင်္ဂဟအပေါင်း အား အမျိုးမျိုးသော ကောင်းကျိုးကိုပြုခဲ့ပေသည်။ သူသည် ရှိသမျှပစ္စည်းကို လှူဒါန်းကျွေးမွေးပစ်လိုက်ရာ နောက်ဆုံးကြွေးတင်သော အခြေသို့ဆိုက်ရောက်ရတော့သည်။ ထိုအခါ သူသည် ယခင်က သူကျွေးမွေးပြုစုခဲ့ဖူးသော မိတ်သင်္ဂဟတို့အား အကူအညီတောင်းလေသည်။

ငွေရှိလျှင်ခေါ်ချင်သည်နှင့်အမျှ ငွေကုန်လျှင်ရှောင်ချင်သော မိတ်တုဆွေယောင်တို့သည် သူ့အား အမျိုးမျိုးသော ဆင်ခြေများပေး၍ သွေ့ရှောင်ကြကုန်၏။ နောက်ဆုံး၌ တင်မွန်သည် မိတ် တုဆွေယောင်တို့အား ညစာစားပွဲကြီးတစ်ခု ခင်းကျင်းကျွေးမွေးရန် ဖိတ်ကြားလိုက်လေသည်။ မိတ်တုဆွေယောင်တို့လည်း အစားအ သောက်နှင့်မျှားလိုက်လျှင် အားလုံးပင်တက်ရောက်ကြကုန်၏။ ထို အခါတင်မွန်သည်

စားစရာဟူ၍ရွေးမျှမတည်ခင်းပေးဘဲ ရေနွေး၊ နှင့်ညှော်သည်တို့အားပက်၍ တောသို့ ထွက်ခွာသွားလေတော့သည်။ တင်မွန်သည် တောနက်ထဲ၌ ဂူကြီးတစ်ခုတွင်နေထိုင် လေရာ ထိုဂူကြီးထဲ၌ ရွှေအိုးများကိုတွေ့ရလေသည်။ ထိုသတင်း သည် မကြာမီ အေသင်မြို့ကြီး၌ပျံ့နှံ့ သွားသဖြင့် လောဘသား

မိတ်တုဆွေယောင်တို့သည် တင်မွန်ထံသို့ အရက်အကြောက်ကင်းမဲ့ စွာကပ်လာကြကုန်၏။ ထိုအခါ တင်မွန်က ရောက်လာသော လောဘသားတို့အား“သွား .. ° သွား ... သင်တို့မြို့သို့ပြန်သွားချေ လော့၊ တစ်ဦး၏လည်ကိုတစ်ဦးလှီးဖြတ်၍ ရွှေငွေဥစ္စာတို့ကို တိုက် ခိုက်ခိုးယူကြလော့၊ သင်တို့အားလုံးသည် ခိုးသားဓားပြများပင် တည်း' ဟု ကြိမ်းမောင်း၍ လွှတ်လိုက်လေသည်။

သူ့ထံသို့ရောက်လာ သူအားလုံးကား လောဘသား သစ္စာမဲ့ချည်းမဟုတ်ပေ။ ခြွင်းချက်သဘောအားဖြင့် တစ်ယောက်သည် ကားသူ့ အပေါ်၌သစ္စာရှိပေသည်။ ယင်းသည်ကား သူ၏ စားပွဲထိုး အစေခံကြီးပင်ဖြစ်သည်။ တင်မွန်သည် အစေခံကြီးအား “လောကကြီးမှာ စေတနာထက်သန်လွန်းလျှင် ဒုက္ခကြီးလှလှတွေ့တတ်သည်၊ငါ၏တပည့်ကြီးသည် မသမာ လောဘသားများကို အထူးသတိပြု အပ်လှသည်' ဟု ဆုံးမ၍ ပြန်လွှတ်လိုက်လေသည်။ တင်မွန်သည် ဒုက္ခပေးသည့်ရွှေကို မြေတွင်ပြန်မြှုပ်ပြီးလျှင် တောတွင်း၌ပင်တစ် သက်လုံးနေတော့သည်။

ရှိတ်စပီးယားသည် “ပရော့စပဲရိုး' အဖြစ်နှင့်ခွင့်လွှတ်ခြင်း ၏ကျေးဇူးကို ဝိတ္ထာရပြုခဲ့သော်ငြားလည်း တင်မွန်အဖြစ်နှင့်ကား ခွင့်မလွှတ်ချေ။ သူသည် လောက၌ ကျေးဇူးမဲ့သစ္စာဖောက်သည့် အပြစ်ကို လေးနက်ပြင်းထန်စွာရှုတ်ချလိုက်ပေသည်။ လူတို့၏ လောဘတိုက်တွန်းမှုကိုထင်ရှားအောင်သရုပ်ဖော်ကာ “သင်းတို့တစ် တွေ လောဘသားပေကိုး' ဟူသော ခွင့်လွှတ်ချက်ကိုမပြုပေ။

ထို့ကြောင့်လည်း စာပေဝေဖန်မှုဆရာများသည် ရှိတ်စပီးယား၏ သဘာဝကိုအကဲခတ်ရခက်ကြောင်း တွေ့ကြုံကြရလေ သည်။ စင်စစ်သော်ကား ရှိတ်စပီးယားသည် သူ့သန္တာန်ဝယ် တစ်ခု တည်းသောစိတ်၊ တစ်ခုတည်းသောဝါဒမျှသာရှိသည်မဟုတ်၊ လူ့ဘဝ၏ထူးဆန်းထွေပြားသောသနစ်ကိုဖော်ပြလိုသော တစ်ခုတည်းသော ကျယ်ပြန့်လေးနက်သည့်ဆန္ဒရှိသည်ကားမှန်ပေ၏။ သူ၏အခြားပြဇာတ်အချို့၌ လက်စားချေခြင်းကို ဖော်ပြထားသည်။ လက်စားချေခြင်းကို ကောင်းလှသည်ဟု တိုက်တွန်းထား သည်ဟု မဆိုသာသော်ငြားလည်း လက်စားချေချင်စိတ်သည် လူ၏ စိတ်သန္တာန်ဝယ် ကြီးမားလှပေသည်ဟူသော အာဃာတတရား၏

ပြင်းထန်ကြီးမားပုံကို သရုပ်ဆောင်ခဲ့ပေသည်။

ယင်းသို့လျှင် အသက်ထင်ရှားခဲ့စဉ်က မထင်ရှားခဲ့ဘဲ ကွယ်လွန်ခါမှ သူ့အသက်အပြန်ပေါင်းများစွာ ရှည်ကြာစွာထင်ရှား လျက်ရှိသောရိုတ်စပီးယားသည် မယားကြောက်သာမန်ပုဂ္ဂိုလ်အဖြစ်နှင့် သူ့ဖွားရာဇာတိဌာနေ 'စထရက်ဖို့ဒ်အွန်-အဗွန်' မြို့က လေးတွင် အေးချမ်းစွာနေထိုင်လာခဲ့ရာမှ ခရစ်သက္ကရာဇ် ၁၆၁၆ ခုနှစ်တွင်ကွယ်လွန်ရှာလေသည်။

ပါစီ – ဗီရှီ – ရှယ်လီ - - -

သူ့မျက်လုံးမှာ ပြူးကြောင်ကြောင်ဖြစ်နေသည်။ သူ့ဆံပင်ကား မည်းညိုညိုဖြစ်သည်။ သူ့အသားအရေမှာ ဖြူစင် ကြည်လင်လေသည်။ သူ့ကို ကြည့်ရသည်မှာ ချစ်စဖွယ်ဖြစ်သည်။

တစ်နေ့သ၌ သူသည် အီတန်ကျောင်းကြီးကစားကွင်း၌ စည်းဝိုင်းဝိုင်း၍စည်ဝိုင်းအလယ်တွင်ရပ်နေသည်။ သူ့ကျောင်းနေဘက်သူငယ်ချင်းများကသူ့ကို အထူးအဆန်းသဖွယ်ဝိုင်း၍ကြည့်နေကြသည်။ သူသည်အရက်ပြန်ဖျန်းထားသော ပန်းကန်ပြားကို ကိုင်လျှက်အရက်ပြန်ကိုမီးနှင့်တို့လိုက်သည်။ အရက်ပြန်မီးသည် အခြားမီးများနှင့်မတူ၊ ပြာလဲ့လဲ့အရောင်ရှိသည်။ သူသည် မီးဟုန်းဟုန်းတောက်လျှက်ရှိသော ပန်းကန်ကိုကိုင်လျက် ပါးစပ်မှတတွတ်တွတ်ရွတ်နေလေသည်။ "ရေ၊ မြေ၊ လေ၊ မီး အစရှိတဲ့ ဓာတ်လေးပါးထဲကတစ္ဆေသရဲများ လာကြကုန်လော့ . . လာကြကုန်လော့.. ဟုအလွန်စူးရှ၍ ကြားရသူတို့လန့်စဖွယ် အသံသေးကလေးနှင့် တစ်ချက်မျှဟစ်၍ ဆိုလိုက်သည်။

"ဟဲ့. . . ရှယ်လီ၊ ဒါဘာလုပ်တာလဲဟင်'ဟု ဆရာတစ်ယောက်ရောက်လာပြီးလျှင် သူ့ကိုမေးလေသည်။ "ဟာ. . . ဆရာ၊ကျွန်တော် တစ္ဆေခေါ်တာပါ'ဟု ရှယ်လီက တည်တည်ကြီးပြန်ပြောလေသည်။ နှောင်းနှောင်းကောင်ကလေးကို ကျောင်းသားများနှင့် ဆရာများ ထိုသို့ တစ္ဆေခေါ်တမ်းကစားခြင်း၌ မွေ့လျော်သောနွဲ့နွဲ့က ကြည့်ကြကုန်၏။ တစ္ဆေခေါ်တတ်သောအကျင့်ကြောင့် ကြည့် ခြင်းမဟုတ်ပေ။ သူသည် ကိုယ်မူနွဲ့နှောင်း၍ သိမ်မွေ့ဟန်ရှိသော် လည်း အလွန်ပင်ခက်ထန်လှချေသည်။ ရက်စက်၍ သူတစ်ပါးအား အနိုင့်ကျင့်လိုသောစိတ် ရွေးမျှဆံခြည်မရှိစေကာမူလည်း သူတစ်ပါးကမိမိအား အနည်းငယ်မျှပင်တင်စီးဖိနှိပ်ခြင်းကိုမခံတတ်ပေ။ အမြဲပင်လျှင်ပုန်ကန်တော်လှန်လျက်ရှိလေသည်။ သူ့စိတ်မှာ အလွန်ပြင်းထန်လှသည်။ ကျောင်းသားများကျင့်သုံးရန် ဥပဒေစည်းကမ်းများသည် သူ့အမြင်အားဖြင့် ဖိနှိပ်ချုပ်ချယ်မှုများသာတည်း။ ထို့ကြောင့် သူသည်ကျောင်း၌နေချင်စိတ် စိုးစဉ်းမျှမရှိပေ။ သူ့ကိုမည်သူမျှ ဆေးဖော်ကြောဖက်မလုပ်သဖြင့် သူ့ခမျာမှာကျောင်းတွင် တစ်ကိုယ်တည်းနေရရှာသည်။ အဝတ်အစားသပ်ရပ်ခြင်း ကင်းမဲ့ ရကား သူ့ကိုအမြဲပင် ကော်လာပွင့်နှင့်ဆံပင်စုတ်ဖွားနှင့်သာတွေ့ ကြရသည်။ ထို့ကြောင့် သူ့ကျောင်းနေဘက်များက သူ့ အား "အရူး ရှယ်လီ' ဟူသော ဘွဲ့နာမကို ပေးအပ်ထားကြသည်။

သူ့အားအရှူးဟုခေါ်ရုံနှင့်ရပ်တန်းကရပ်ပါမူ တော်ပါသေး၏။ ထိုမျှနှင့်မတန်သေးဘဲ "ရှယ်လီနှောင့်ယှက်ရေးသေး၏။ သို့သော်အဖွဲ့" တစ်ခုဖွဲ့စည်းပြီးလျှင် သူ့ အားအမျိုးမျိုးနှောင့်ယှက်ကြသည်။ တစ်ခါတစ်ရံ ရှယ်လီသည် မြစ်ကမ်းနားတွင်ထိုင်၍ အင်္ဂလိပ်ပြ ဇာတ်ပါရဂူကြီး ရှိတ်စပီးယားပြဇာတ်ထဲမှ စာပိုဒ်များနှင့် ပြင်သစ် ပညာရှိ စာရေးဆရာကြီး ဗော်တဲယား၏စာစုထဲမှ စာပိုဒ်များကို အားရပါးရ ရွတ်ဆိုနေတတ်သည်။ ထိုအခါ၌ 'နှောင့်ယှက်ရေးအဖွဲ့သည်ချောင်းမြောင်းနေရာမှ အမဲလိုက်ခွေးများသားကောင်ကို ဝိုင်း အုပ်ကြသကဲ့သို့ ရှယ်လီကိုအုပ်ကြလေသည်။ ရှယ်လီခမျာ ဘေး ရန်မှ လွတ်ကင်းအောင် ကမ်းနားတစ်လျှောက်တွင် ပြေးရရှာသည်။ တစ်ခါတစ်ရံ လွတ်မြောက်သွားသော်လည်း မလွတ်ဘဲ အနှိပ်စက်ခံ ရသည်ကသာများတော့သည်။

ယင်းသို့ လက်တွေ့အနှိပ်စက်ခံရသောရှယ်လီသည် လူသတ္တဝါမှန်သမျှကို သိမ်းကျုံး၍ မုန်းလေတော့သည်။ လူဆိုသည့် သတ္တဝါမှာ ယဉ်ကျေးမှုတည်းဟူသောပါးလွှာသောအပေါ်ခြံက လေးလွှမ်းထားသည့် လူရိုင်းပင်ဖြစ်သည်ဟု ရှယ်လီကစွဲမြဲယုံကြည် ရှာသည်။

ကျောင်းသားများ၏ရိုင်းစိုင်းမှုအပေါ်တွင် ဆထက်ထမ်း ပိုးဆင့်ကဲလိုက်သော အရိုင်းထိပ်ခေါင်တင်အရိုင်းဘုရင်ကြီးကား ကျောင်းဆရာကြီး ဒေါက်တာကီပင် ဖြစ်ချေသည်။ ကြိမ်လုံးကြီးတဝင့်ဝင့်နှင့် အာဏာသားကြီးသဖွယ်ကြမ်းတမ်းခက်ထန်သော အသံဖြင့် "မင်းတို့တစ်တွေငါပြောတာကို မှတ်ထားချင်မှတ်ထားကြ၊ မှတ် မထားရင်သေအောင်ဆော်မယ်၊ ကြားလား' ဟူသော ဆရာကြီး၏ လူမတူသောမိန့်ခွန်းကို ရှယ်လီသည်အသည်းခိုက်အောင် စွဲမှတ်မိ လေတော့သည်။

လူ့လောက၌ ကြမ်းတမ်းဆိုးသွမ်းသူတွေချည်းပါတကား ဟုတွေးထင်နေသောရှယ်လီအဖို့ သိမ်မွေ့ နူးညံ့၍လူပီသသူရှာ၍ မရနိုင်အောင်ဖြစ်နေတော့သည်။ လူရိုင်းကြီး ဒေါက်တာကီနှင့် ရိုးစွဲလိုက်၍ ရိုင်းစိုင်းကြမ်းတမ်းသူကား အခြားမဟုတ်၊ ရှယ်လီ၏ ဖခင်တင်မသီရှယ်လီပင်ဖြစ်ချေသည်။

တင်မသီရှယ်လီမှာ သူကိုယ်တိုင်က ပညာမတတ်သော်လည်း သူ့သားအား ပညာရှိတစ်ဦးဖြစ်စေချင်လှ၏။ သူသည် ကျောင်းဆရာကြီးဒေါက်တာကီ၏ကြိမ်လုံးဝါဒကို အကြွင်း ထောက်ခံသည်။ ကျောင်းဆရာကြီးက သူ့သားသည်အလွန်ဆိုး၊ အလွန်ညံ့သည်ဟူသောအစီရင်ခံစာပို့လိုက်သဖြင့် တင်မသီရှယ်လီသည် သူ့သားအားကျောင်းပိတ်ရက်အတွင်း အထူးတလည်ချုပ် ချယ်ဖိနှိပ်ထားလေသည်။ ကျောင်းတွင်ဖိနှိပ်မှုများကို တစ်နှစ်ပတ် လုံးခံစားခဲ့ရပြီးနောက်

ကျောင်းပိတ်ရက်တွင် လွတ်ပြီကျွတ်ပြီသဘောမျိုးနှင့်အပန်းဖြေရန်မျှော်ကိုး၍လာခဲ့သောရှယ်လီမှာ ဒယ်အိုးထဲမှ ခုန်ချလိုက်ရာ မီးပုံထဲသို့ကျသွားရရှာသော ဆီအကြော်ခံရသည့်ငါးပမာဖြစ်ရလေတော့သည်။

ဖခင်ကဆိုးလွန်း၍ မိခင်ထံကပ်၍ နှစ်သိမ့်မှုရှာရကောင်းနိုးနိုးအောက်မေ့သောရှယ်လီခမျာမှာ သူ့မိခင်က သူ့အားအထင်သေးကြောင်းသိရှိရသဖြင့် ဝမ်းပန်းတနည်းဖြစ်ရရှာလေသည်။ သူ့မိခင်မှာ ကိုယ်အမူအယာ၊ နှုတ်အမူအယာအားဖြင့် ပျော့ပြောင်းနူး ညံ့သိမ်မွေ့ သည်နှင့်အမျှ စိတ်လည်းနူးညံ့သိမ်မွေ့ ပါ သည်။ သို့သော် ရှယ်လီအား ယောကျ်ားမပီသဟု သဘောရသည့် အလျောက်အ ထင်သေးလေသည်။ သူသည် ရှယ်လီအား ယောကျ်ားပီသစွာ နတ်ကိုထမ်းလျှက် တောလည်ထွက်စေလို၏။ ရှယ်လီကမူ တောထွက်သည်ကားမုန်၏။ သို့သော် သေနတ်ကိုမစွဲ၊ စာအုပ်ကိုပိုက်၍ထွက်ပေသည်။ စာကြမ်းပိုးမှာမိန်းမလျှာမျှသာဖြစ်သည်ဟုစွဲမှတ် နေသောသူ့ မိခင်ကသူ့အားအထင်သေးလေသည်။

မိဘများက အထင်သေးသော်လည်း သူ့မွေးချင်းများကမူ ရှယ်လီအားဘုရားတစ်ဆူဂူတစ်လုံးအဖြစ်ကိုးကွယ်ထားကြသည်။ သူ့အစ်မလေးယောက်နှင့်ညီမတစ်ယောက်သာမက သူ့အဘိုးကလည်း သူ့အားအလွန်အထင်ကြီးပေသည်။ သူ့မွေးချင်းများက သူ့အားပါရမီစာဆိုတစ်ဦးအဖြစ် အသိအမှတ်ပြု၍ ကြည်ညိုလေးစားကြသည်။ သူ့အဖိုးကလည်း သူ့အားစိန္တာမယဉာဏ် ထွန်းကားပေါက်မြောက်သည်ဟုအသိအမှတ်ပြုကာ သူ့မြေးအတွက်ဂုဏ် တက်မိလေသည်။

ရှယ်လီ၏စိတ်ကူးဉာဏ်သည်လည်း ထက်သန်ဖွံ့ဖြိုးလှပေ သည်။ တစ္ဆေများ၊ သရဲများ၊ ငရဲသားများ၊ နတ်သမီးနတ်သားများသာမက မှတ်ဆိတ်ကြီးတဖွားဖွားနှင့်တံစဉ်ကိုင်လျက်လျှောက်၍ သတ္တဝါအရာဝတ္ထုဟူသမျှကိုရိတ်လှီးချိုင်ချနေသောအချိန်ကာလစောင့်နတ်အိုကြီးအကြောင်းကိုလည်း ခမ်းခမ်းနားနားပြော တတ်သည်။ ရှယ်လို့အဘိုးဆာဗီရှီရှယ်လီမှာ သူ့သားတင်မသီနှင့် မတူချေ။ တင်မသီသည် အိမ်ကျယ်မျှသာဖြစ်သည်။ ဆာဗီရှီမှာမူ ငယ်စဉ်ကတည်းက စွန့်စားခန်းအထွေထွေနှင့် ကြုံတွေ့၍ကြီးအကြောင်းကိုကိုယ်တိုင်သုံးသပ်လာခဲ့သူဖြစ်သည်။ သူသည် သူ့သား (ရှယ်လီ၏ဖခင်) တင်မသီကို အထင်သေးသည်။ တင်မသီမှာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်အနေမျိုးနှင့်သာနေ တတ်သောပေါ်ကြော့လူကုံထံတစ်ဦးမျှသာဖြစ်သည်။ စွန့်စားခန်း တစ်ခုမျှ မကြုံတွေ့ခဲ့ရသောလူပျော့လူညံ့ဟု ဆာဗီရှီက ထင်လေသည်။ သူ့မြေးရှယ်လီမှာမူ လူအနေအထားအားဖြင့် ပျော့ပြောင်း နွဲ့နှောင်းသော်လည်း

စွန့်စားသောစိတ်ကူးဉာဏ်ရှိပေသည်။ ထို့ကြောင့်သူသည် သူ့မြေးအား မြင့်မြတ်လွန်း၍ မထိုက်တန်သလိုရှိ နေသည်ဟုအောက်မေ့မိသည်။ ထို့ကြောင့်သူသည် သူ့မြေးတစ် သက်လုံး မတောင့်တမကြောင့်မကြနေနိုင်အောင် သူ့အမွေကို သူ့သားအားမပေးဘဲ သူ့မြေးကိုတိုက်ရိုက်ပေးခဲ့လိုသည်။ သူ့မြေး ရှယ်လီကလည်း သူ့အဘိုး၏အမွေကိုမလိုချင်ပေ။ သူ့အဖို့ ပစ္စည်းဥစ္စာရွှေငွေရတနာတို့မှာ တန်ဖိုးမရှိချေ။ အဘိုး၏စေတနာကိုလေး စား၍ အဘိုးအားကျေးဇူးအထူးတင်မိပါ၏။ သို့သော် လောကီစည်း စိမ်တို့သည် ရှယ်လီအဖို့ စိတ်ကူးဉာဏ်ဖြင့်တည်ဆောက်ထားသော
လောကနိဗ္ဗာန်လောက်မက်စရာမရှိကြောင်း သူ့အဘိုးအားပြောပြ ရာအဘိုးကြီးက "ဒါမှငါ့မြေးကွ" ဟုဥဒါန်းကျူးလိုက်လေသည်။

ရှယ်လီသည် သူ့အဘိုး၏အလိုအားဖြင့်မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သည်။ ရှယ်လီ၏အလိုအားဖြင့်ကား မြင့်မြတ်သူမှာ ဝီလျံဂေါ်ဒွင်ဖြစ်လေသည်။ ဝီလျံဂေါ်ဒွင်သည် နိုင်ငံရေးတရားမျှတမှု ကျမ်းဆရာဖြစ်သည်။ ရှယ်လီသည် ထိုကျမ်းကြီးကိုဖတ်ပြီးနောက် ကျမ်းဆရာကိုဘုရားဟုထင်မှတ်ကာ မမြင်တွေ့ရသေးခင်ကပင်အ ကြည်ညိုပိုမိလေတော့သည်။ "တကယ်လို့သာ ဂေါ်ဒွင်ဟာဂေါ့ဒ်(ဘုရားသခင်)ဖြစ်ရင် လူ့လောကဟာလောကနိဗ္ဗာန်ကြီးဖြစ်မှာပဲ' ဟုရှယ်လီက တစ်ကိုယ်တည်းတစ်ဖွဖွပြောလျှက်ရှိသည်။ ဘုရားသခင်ဂေါ်ဒွင်၏လောကကြီးတွင်မူ အလုပ်သမားတို့သည် တစ်နေ့လျှင်နှစ်နာရီမျှသာအလုပ်လုပ်ကြရပေမည်။ ကျန်အချိန်များ၌ပျော် ရွှင်မှုများဖြင့်သာချမ်းသာစွာနေနိုင်ကြပေသည်။ လူအပေါင်းတို့သည် မိရိုးဖလာအစွဲအလမ်းအမူအကျင့်တို့ကို လွှင့်ပစ်နိုင်ကြပေမည်။ ဘာသာတရားတည်းဟူသော ကျဉ်းမြောင်းသော အယူဝါဒ အယုံအကြည်များပျောက်ကွယ်သွားပြီးလျှင် ယထာဘူတဗေဒကို သာလူတိုင်းလက်ဝယ်ပြုကြပေမည်။ အကြောင်းမဲ့ကြိုးချည်ထားပြီး လောကလျှင် မတရားသဖြင့်ကျွန်ခံနေရသောအိမ်ထောင်သည်ဘဝမှလွတ် မြောက်၍ လွတ်လပ်စွာချစ်ကြိုးသွယ်မှုကို ဆောင်ရွက်နိုင်ခွင့်ရကြပေမည်။ လူတို့သည် နိဗ္ဗာန်ဆုကိုပင်တောင်းဖို့မလိုတော့ဘဲ ကြီး၌ပင်နိဗ္ဗာန်ရောက်နေကြပေတော့မည်။ ဂေါ်ဒွင်သည်ကား ဘု ရားသခင်စစ်စစ်ဖြစ်ပေသည်တကားဟု ရှယ်လီကဝမ်းမြောက်စွာ ထောမနာပြုပြီးလျှင် သူ့ဘုရားဂေါ်ဒွင်၏ခြေတော်ရင်းသို့ဝပ်စင်း ရန်ကြံဆောင်လေသည်။ သို့ရာတွင် အခါအခွင့်မသင့်သေးချေ။ ဂေါ် ဒွင်၏ခြေတော်ရင်းသို့မရောက်နိုင်သေးဘဲ သူ့ဖခင်ကပို့သ ဖြင့်အောက်စဖို့ဒ်တက္ကသိုလ်သို့ ရောက်သွားရရှာလေသည်။

ရှယ်လီသည် တက္ကသိုလ်၌လူထူးလူဆန်းတစ်ယောက်ဖြစ်နေတော့သည်။ အခြားကျောင်းသားများကဲ့သို့ ကြော့ကြော့မော့ မော့မဟုတ်ဘဲ လျော့ရိလျော့ရဲ

ကပိုကရိုနေသဖြင့် ရှယ်လီအား ကျောင်းသားများက အထူးဂရုပြု၍ ကြည့်မိကြလေသည်။ ဆံပင်စုတ်ဖွားနှင့်အင်္ကျီအဝတ်အစားတွန့်ကြေပေါင်းနွမ်းလျက်မျက်လုံးမျက် ဆန်ပြူးပြူးနှင့် ကျောင်းတက်သောရှယ်လီသည် သူတကာထက်ထူးခြားသောအသွင်ကိုဆောင်လေသည်။ သူ့အခန်းကိုကြည့်လျှင်လည်း သူ့ကိုယ်ဟန်အမူအရာကဲ့သို့ပင် ရှုပ်ထွေးလျက်ရှိသည်။ စက္ကူ၊စာအုပ်များ ကြမ်းပြင်ပေါ်တွင်ပြန့်ကျဲလျက် ရုပ်အင်္ကျီများ၊ ဘောင်းဘီများနှင့်ရောရှု၍နေသည်။ သူဝါသနာပါသည့် ဓာတ်စမ်း ဓာတ်ခွဲကိရိယာများကိုလည်း ထိုအစုအပုံများထဲမှ ကောက်ယူနိုင်သည်။ ထိုအပုံထဲတွင် ခြောက်လုံးပြူးသေနတ်နှင့် ကဗျာများကိုလည်းကောက်ယူနိုင်ပေသေးသည်။

ရှယ်လီသည် လျှပ်စစ်ဓာတ်မီးစက်ကိုလှည့်လျက် မီးပန်းပွင့်ကလေးများဖြာ၍ကျလာစေခိုက်ပင်လျှင် သတိရလာသကဲ့သို့ ဖြုန်းကနဲလျှပ်စစ်စက်ကိုချပြီးလျှင် အခန်းထဲတွင်ခုန်ပေါက်၍ လျှောက်ကာတေးကဗျာသီဆိုနေလေသည်။ သူ့တေးသံကိုကြားရသောကျောင်းသားများက ရှယ်လီအရူးထနေကြပြီဟုဆိုကြသည် ကျောင်းသားတစ်ယောက်က ဒီကောင်တစ္ဆေ ခေါ်တယ်ပြောတယ်။ တကယ်ဆိုတော့ တစ္ဆေခေါ် နေစရာလိုသေးသလား၊ သူကိုယ်တိုင်က တစ္ဆေပဲမဟုတ်လားဟ' ဟုဆိုလိုက်သည်။

မကြာမီပင်လျှင် တက္ကသိုလ်ပါမောက္ခတို့သည် တစ္ဆေတွေ့ရသူများထက်ပို၍ ထိတ်လန့်သွားကြကုန်၏။ ရှယ်လီရေးသော ဘာသာတရားမရှိအပ်ကြောင်းစာတမ်းကိုတွေ့ကြရသောကြောင့်ပင်ဖြစ် သည်။ ပါမောက္ခများသည် ရှယ်လီအား တက္ကသိုလ်တွင်ဆက်လက် နေစေလိုလျှင် ဒုက္ခလှလှကြီးတွေ့ကြတော့မည်ဟု တစ်ထစ်ချယုံ ကြည်နေသည့်လျောက် သူ့ကိုကျောင်းမှနှင်ထုတ်လိုက်ကြလေသည်။

ကြီးတက္ကသိုလ်ဆရာကြီးများထက် ပို၍ဒေါသကြီးသူမှာ သူ့ဖခင်တင်မသီဖြစ်ရာ ကျောင်းမှနှင်ထုတ်ခြင်းခံရသော ဘုရားတရားမယုံကြည်သည့် လူထူးလူဆန်းရှယ်လီအား ဖခင်ကြီးကအမွေပြတ်ကြေညာ၍အိမ်မှနှင်ထုတ်လိုက်ပြန်လေသည်။

အခု ရှယ်လီအဖို့ကား ကျောင်းမှအထုတ်ခံရခြင်း၊ အိမ်မှနှင်ချ ခံရခြင်း၊ အမွေပြတ်ခံရခြင်းတို့သည် စိတ်ပျက်စရာအဖြစ်အပျက်..များမဟုတ်ပေ။ ပိုက်ဆံတစ်ပြားမှမရှိသော ထူးလှသည့်ချမ်းသာမှု ကိုအကြောင်းပြု၍ သူသည်အရက်ဆိုင်ရှင်၏သမီး ဟဲရီယက်ဝက် စဘရွတ်ကို ခိုးပြေးလေတော့သည်။

ဟဲရီယက်ကိုရှယ်လီကချစ်လို့ခိုးပြေးခြင်းမဟုတ်ပေ။ သနား၍ သာကယ်ဆယ်လိုက်ရခြင်းဖြစ်သည်။ ဟဲရီယက်က သူ့ဖခင်ကြီး သူ့ကိုအလိုမတူဘဲ ကျောင်းသို့အဓမ္မစေလွှတ်ခြင်းကြောင့် နိုပ်စက်ပါသည်ဟုရှယ်လီအားတိုင်ကြားသဖြင့် ရှယ်လီက အရက်ဆိုင်ရှင်ကြီးအပေါ်တွင်ဒေါသမာန်ပွားကာ ဟဲရီယက်အားကျောင်းအတင်းလွှတ်သောဖခင်ကြီး၏ဘေးရန်မှ ကယ်တင်သည့်အနေနှင့် ခို ပြေးခြင်းမျှသာဖြစ်ပေသည်။

ဟဲရီယက်၏ဖခင်ကြီးမှာ ရှယ်လီ၏ကယ်တင်ခြင်းကို နှစ်မြို့မရှိပေ။ အတွင်းကျိတ်ဝမ်းမြောက်ကျေနပ်နေလေသည်။ သူ့သမီးလူကုံထံသားတစ်ယောက်နှင့် အိမ်ထောင်ပြုခွင့်သာသည် ကို နှစ်သက်သည့်အလျောက် သူတို့မောင်နှံအား တစ်နှစ်လျှင် ပေါင် နှစ်ရာပေး၍ ပျော်ပျော်ပါးပါးနေခွင့်ပေးလိုက်လေသည်။

ငွေရေးကြေးရေးမပူပန်ရဘဲ အပျော်တမ်းအချစ်ခရီးထွက်ကြရသဖြင့် အထူးကျေနပ်လျှက်ရှိသောရှယ်လီသည် ဇနီးကလေး ဟဲရီယက်ကိုခေါ်၍ အိုင်ယာလန်ပြည်သို့ထွက်သွားလေသည်။ အိုင်ယာလန်ပြည်တွင်ထိုစဉ်က တော်လှန်ရေးခေတ်ထလျှက်ရှိသည်။ တော်လှန်ရေးဆိုလျှင် မည်သည့်တော်လှန်ရေးပင်ဖြစ်စေ နှစ်သက် လေ့ရှိသောရှယ်လီသည် အိုင်ယာလန်ပြည်ကက်သလစ်ဂိုဏ်းဝင် များလွှန်မြောက်ရေးအဖွဲ့သို့ဝင်ရောက်ကာ တရားပွဲပြုလုပ်လေ သည်။ တစ်နေ့၌ သူကတရားပွဲတစ်ခုတွင် ဘာသာတရားဆိုလျှင် မည်သည့်ဘာသာမဆို ကောင်းသည်ချည်းဖြစ်သည်ဟုဆိုလိုက်ရာ ပရိတ်သတ်ထဲမှ လူတစ်ယောက်က ဒေါကြီးမောကြီးနှင့် ထပြီးလျှင် "ဟေ့ကောင်မင်းညာတာ၊လောကကြီးမှာ ကက်သလစ်ဘာသာ လောက်ကောင်းတဲ့ဘာသာမရှိဘူးကွ၊ မင်းဘာပြောချင်သေးသလဲ ဟုအော်လိုက်လေသည်။

ရှယ်လီသည် ထိုသို့ အကန့်ကွက်ခံရသော်လည်း မရွံ့စိုးဘဲ သူထင်ရာလျှောက်ပြောလေသည်။ ထိုမျှမကသေး၊ သူထင်ရာလျှောက်၍ရေးသေး၏။ သူရေးသော "အိုင်ယာလန်ပြည်သူလူထု ထံသို့' ဟူသောစာတမ်းကလေးတွင် အိုင်ယာလန်ပြည်သူလူထုသည် "လောဘ၊ ဒေါသ၊ တရားမမျှတမှု၊ မိုက်မဲမှု၊ အယူသီးမှု၊သောက်စားမူးယစ်မှု၊ ကြောက်ရွံ့မှု"စသည့် မကောင်းမှုအထွေထွေ၊ မှလွတ်မြောက်အောင်ကြိုးပမ်းအပ်ကြောင်း ရေးသားထားလေသည်။ အိုင်ယာလန်ပြည်သူလူထုသည် ထိုသို့သူ့တို့အရေးတွင်ဝင်၍စပ်စုသော အင်္ဂလိပ်သူငယ်မနူးမနပ်ကလေးကို ကဲ့ရဲ့ကြသည်။ သူတို ့လွတ်မြောက်လိုသည်မှာ အင်္ဂလိပ်လက်အောက်မျှသာဖြစ်သည်။ ရှယ်လီပြောသော လောဘ၊ ဒေါသ၊ သောက်စားမှုစသည်တို့မှမဟုတ်ချေ။

ထိုအမှုများမှ လွတ်မြောက်အောင် သူတော်ကောင်းအကျင့်မျိုးကျင့်သုံးဖို့ဘယ်နံရောအခါကမျှစိတ်ကူးမထည့်ကြဖူးချေ။ နောက်ဆုံး၌အလိုက်မသိသူကိုဖြောင်ဖွင့်ပြောမှသိမည်ဖြစ်သဖြင့် သူ့မိတ်ဆွေများကရှယ်လီအား တိုင်းပြည်အရေးတွင်ဝင် ၍မဆောင်ရွက်ပါနှင့်၊ ကျေးဇူးကြီးလှပါပြီဟု ပြောယူကြရတော့သည်။

ရှယ်လီဇနီးမောင်နှံသည် အင်္ဂလန်သို့ပြန်ရောက်သောအခါ လင်းမောက်မြို့အနီးတွင်အိမ်တစ်လုံးငှား၍နေကြသည်။ သူတို့နှစ်ယောက်တည်းနေကြရပါမူပျော်ကြပေမည်။ သို့သော် ဟဲရိယက်၏အစ်မကြီး အယ်လီဇာပါလိုက်၍နေသောကြောင့် အတော်ပင်အနှောင့်အယှက်ဖြစ်ချေသည်။ ဟဲရိယက်မှာ သူ့အကြောင်းကိုနားမလည်သူ၊ သူ့တန်ဖိုးကိုမသိ၊ ကဗျာမတတ်စာမတတ်သော အရက်ဆိုင်ဖွားမိန်းမသားမျှသာဖြစ်ချေသည်။ အယ်လီဇာလည်းအပျိုကြီးပီပီဇာကျယ်လေသည်။ ကမ္ဘာလောကကြီး တစ်ခုလုံးကလည်း ရှယ်လီ၏တန်ဖိုးရင်းကိုမသိဘဲအရူးဟုသာမှတ်ယူလေသည်။

ထိုသို့ အဘက်ဘက်တွင်မသက်မသာဖြစ်ရရှာသော ရှယ်လီသည် သူ့ကဗျာလောက၌သာသက်သာမှုကိုရှာရလေတော့သည်။ သူ့စိတ်ကူးဉာဏ်တည်ဆောက်ပေးသော ထူးခြားသာယာ စိတ်လန်းစရာကဗျာလောကကြီး၌ အလှဂုဏ်၊ သမာဓိဂုဏ်၊ ကရုဏာဂုဏ် အစရှိသော ဂုဏ်အရပ်ရပ်တို့ကို ရှာမှီးကာ ပျော်ရွှင်ကြည်လင်မှုကို ရှာ၍နေလေသည်။

သူသည် လောကကြီး၏ ယုတ်ညံ့မှု၊ ညစ်ပတ်မှု၊ မသမာမှု အစုစုတို့ကို ထင်မြင်လာလေလေ သူ ့ဘုရားဂေါ်ဒွင်၏လောကနိဗ္ဗာန်ကိုတမ်းတလေလေဖြစ်တော့သည်။ သူ့ဘုရားသခင်ကို သူမ ဖူးရသဖြင့် အတော်ပင်မကျေမနပ်ဖြစ်နေရာ နောက်ဆုံး၌ သည်းခံ၍မနေနိုင်တော့ဘဲ ဂေါ်ဒွင်ထံသို့စာတစ်စောင်ရေးလိုက်လေသည်။ စာထဲတွင် ဂေါ်ဒွင်၏ဂုဏ်ပုဒ်များကိုဖော်ထုတ်ပြီးနောက် ဆရာကြီးနှင့်အမြန်တွေ့ဆုံခွင့်ပေးပါတော်မူပါရန် တောင်းပန်လိုက်လေ သည်။

ဂေါ်ဒွင်သည် ထိုသို့မြင်ဖူးသူတစ်ဦးထံမှ အလွန်အမင်းချီးကျူးထားသောစာကိုရသဖြင့် စိတ်ကြီးဝင်သွားရှာလေသည်။ သူ့ခမျာရှယ်လီကဲ့သို့ မလိမ်မိုးမလိမ်မာတစ်ဦးကမျှသာ ချီးကျူးခြင်းခံ ရပေသည်။ အခြားသောပုဂ္ဂိုလ်များက သူ့အားဝိုင်း၍ ဝေဖန်ကဲ့ရဲ့ နေကြသည်။ သူ့အဖို့ ရှယ်လီသည် ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ် လေသည်။ ရှယ်လီကသူ့အားကြည်ညိုသည်နှင့်အမျှ သူကလည်း ရှယ်လီအား သူ့ကိုကြည်ညိုသဖြင့် ပြန်၍ကြည်ညိုလေတော့သည်။ ချက်ချင်းပင်လာရောက်တွေ့ ဆုံနိုင်ကြောင်း

အကြောင်းပြန်ကြား လိုက်လေသည်။

ရှယ်လီသည် ဘုရားသခင်ကိုဖူးမြင်တော့အံ့ဟူသော အား ထားချက်ကြီးဖြင့် ဂေါ်ဒွင်ထံသို့သွားလေရာ သူ့ဘုရားမှာ စုတ်ပြတ်သေးနုပ်၍ လူသာမန်နှင့်မည်သို့မျှမခြားသည်ကိုတွေ့ ရသော ကြောင့် စိတ်ပျက်သလိုလို ဖြစ်သွားလေသည်။ ဂေါ်ဒွင်မှာ သူထင် သည့်အတိုင်း ခံ့ညား၍ ကြည်ညိုဖွယ်ပုဂ္ဂိုလ်မဟုတ်၊ လျှာထက်လှ သောဇနီးသည်၏လက်မအောက်တွင် ပုနေရရှာသောသူတစ်ဦးမျှ သာဖြစ်နေကြောင်းတွေ့ ရချေသည်။

စိတ်ပျက်သွားသော ရှယ်လီအဖို့ စိတ်အားတက်စရာအ ချက်ကလေးတစ်ချက်ကားရှိလေသေးသည်။ ဂေါ်ဒွင်၏ ပုစုခရုက လေးပေါင်းများစွာတို့တွင် ပထမဇနီးနှင့်ရသောအသက်ဆယ့်ခုနစ် နှစ်အရွယ် မေရီအမည်ရှိသော သမီးကလေးကိုတွေ့ ရခြင်းပင် ဖြစ်သည်။ မေရီမှာ ချစ်စရာမျက်နှာကလေးနှင့် နှစ်သက်စရာရွှေ ရောင်ဆံပင်များရှိသည့်အပြင်ထက်မြက်သောဉာဏ်ရှိလေသည်။ ရှယ်လီအမြင်အားဖြင့် ထူးခြားမြင့်မြတ်သောစိတ်ထားရှိသည်။ အချောအလှနှင့်စိတ်ထားမြင့်မြတ်ခြင်းတို့သည် စုပေါင်းနေခဲလှ

သည်။ ယခုမေရီ၏သန္တာန်ဝယ်ထူးခြားစွာစုပေါင်း ထို့ကြောင့် မေရီသည် ချစ်စရာ၊ ခင်စရာ၊ မက်စရာအဖြာဖြာ နှင့်ပြည့်စုံသော ကညာပျိုဖြစ်သည်ဟု ရှယ်လီကအယူရှိလေသည်။ သူသည် မေရီအား အရူးအမူးကြိုက်ကာ မကြာမီပင်လျှင် ခိုးပြေးလေသည်။ ဟဲရီယက်ကိုပစ်ပြီး မေရီကိုယူခြင်းနှင့်ပက်သတ်၍ ရှယ်လီအဖို့ စိတ်စနိုးစနောင့်အနည်းငယ်မျှမဖြစ်ချေ။ သူ့အဖို့ အချစ်၏လွတ်လပ်ရေးသည် အဓိကရည်ရွယ်ချက်ဖြစ်သည်။ ဟဲရီ ယက်ကို ပစ်ထိုက်လှသည်ဟု သူထင်သည်။ အဘယ်ကြောင့်ဆိုသော် ဟဲရီယက်၏အစ်မကြီး အယ်လီဇာသည် ချုပ်ချယ်ရေးသမားကြီး သက်သက်ဖြစ်၍ လူမှုလွတ်လပ်ရေး၏ ရန်သူဖြစ်သောကြောင့်ဟူ သတည်း။

ထိုမျှမကသေး ဟဲရီယက်ကလည်း သူ့အပေါ်တွင် သစ္စာဖောက်ထားချေသည်။ ရှယ်လီသည် အတိအလင်းအချစ်၏လွတ် လပ်မှုကို ခံစားဆောင်ရွက်သည်ကိုအပြစ်မဆိုကျေနပ်၏။ ထောက်ခံ၏။ သို့သော် တိတ်တိတ်ပုန်းဖောက်ပြန်ခြင်းကို မသမာမှုဟုယူဆသည်။ ဟဲရီယက်သည် ထိုသို့ဖောက်ပြန်နေကြောင်း သူသိလေသည်။ ထို့ကြောင့်လည်းသူသည် ဟဲရီယက်ကို ရက်ရက်ရောရော စွန့်ပစ်၍မေရီအား လွတ်လပ်စွာချစ်လိုက်လေတော့သည်။

သူသည် ဟဲရီယက်ကို ဆက်လက်မချစ်နိုင်တော့သည့်အ လျောက်ပစ်၍ မေရီကိုယူလိုသည်။ သူ့ အလိုအားဖြင့် ဤအမှုသည် မှန်၏။ တရား၏။ သို့သော်

ဥပဒေထုံးတမ်းများ စီးပိုးလျက်ရှိသော ဤယဉ်ကျေးမှုလောကကြီး၌ကား သူ့အမှုသည်မမှန်။ တရားမဝင်ချေ။ ဟဲရိယက်သည် သူ ့ရည်းစားဟောင်းတစ်ယောက်နှင့် တိတ်တဆိတ်ရည်ငံနေရာမှ ရှယ်လီပစ်ခဲ့သောကြောင့် အတိအလင်းပေါင်းသင်းနေရသောကြောင့် ရှယ်လီအား အပစ်မဖို့သာချေ။ ရှယ်လီက လည်း အချစ်၏လွတ်လပ်မှုကိုလေးစားသည့်အလျောက် 'ချစ်သမျှပေါင်း၊ မချစ်လျှင်ခွာ'ဟူသောစနစ်ကိုကျင့်သုံးလေသည်။

သို့ရာတွင် နောက်နှစ်နှစ်မျှကြာသော် ဟဲရိယက်သည် သူ့ကိုယ်သူသတ်သေလိုက်လေသည်။ ထိုသတင်းကိုကြားရသော ရှယ်လီသည်အဆွေးကြီးဆွေးတော့၏။ သူသည် ဟဲရိယက်အပေါ်တွင် ကြီးမားသောသံယောဇဉ်ကြောင့်ယင်းသို့ဆွေးခြင်းမဟုတ်၊ ဝါမှန်သမျှ ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ ရသည်ဟူသောသတင်းကို ကြားချင်လှသောနူးညံ့သောစိတ်ကြောင့်ဖြစ်သည်။ သူ့ရင်းရင်းနှီးနှီးပေါင်းသင်းခဲ့ရသောဇနီးဟောင်း၏ ဒုက္ခကို ကြားရပြန်သဖြင့်ပို၍စိတ်ထိခိုက်သွားတော့သည်။

မယားနှစ်ယောက်ယူသည်ဟူသောအစွဲကြီးနှင့် သူ့အားကဲ့ရဲ့ပြစ်တင်ကြသောလူများကြားထဲတွင် ကြာရှည်မနေလို၍ မေရီ ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ ကိုခေါ်ကာ ဥရောပတိုက်ဆီသို့ ထွက်လာခဲ့သောရှယ်လီသည် ဆယ် နှစ်ခန့်မျှအခြေမကျဘဲ တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့၍ နေ ထိုင်လာခဲ့သည်။ သူ့အဘိုးပေးခဲ့သောအမွေအနှစ်တို့ကြောင့် တော်အတန်ကြွယ်ဝနေရကား သူ့ အဖို့ငွေကြေးမနေဟူသည်မှာ သူတစ်ပါးအားပေးကမ်းပစ်စရာမျှသာဖြစ်လေသောကြောင့် ကလေး ငါးယောက်နှင့် တဗျစ်တောက်တောက်ဆူပူလေ့ရှိသော မယားတစ်ယောက်သာရှိပြီး ငွေကြေးမရှိရှာသည့် ကဗျာဆရာလီဟန့် အားထောက်ပံ့လေသည်။ ဝတ္ထုရေးဆရာပီးကော့အားလည်း တစ်နှစ်လျှင် ပေါင်တစ်ရာထောက်ပံ့လှူဒါန်းလေသေးသည်။ သာမန်အသိမျှသာဖြစ်သော ချားလ်စ်ကလဲယားမောင့် ဆိုသူတစ်ဦး သူကြိုက်နေသောအမယ်အိုကြီးကိုယူနိုင်ရန် ငွေကြေးအလုံအ လောက်ထောက်ပံ့လိုက်ပေသေး၏။ ထိုမျှမက သူ့ယောက္ခမကြီး ဂေါ်ဒွင်ကိုလည်းမကြာခဏငွေပို့ရသေးသည်။

သာမန်အသိတစ်ဦးအား အိမ်ထောင်ပြုရန်ငွေကြေး ထောက်ပံ့ခြင်းမှာ ရှယ်လီ၏စေတနာကြီးမားခြင်းကို ပြနိုင်သည်ဟု ဆိုနိုင်သည်။ သို့သော် သူ့စေတနာသည်ကားသာမန်မဟုတ်။ သူ့ ဝါဒမှပေါက်ဖွားလာသော စေတနာသားကြီးသြရသပင်ဖြစ်ပေသည်။ သူ့ဝါဒကား "လောကကြီးမှာ

ချစ်တာသာပဓာနပဲ၊ အချစ်ဟာလောကကြီးကိုအုပ်စိုးတယ်၊ အုပ်စိုးလဲအုပ်စိုးသင့်ပေတယ်၊အချစ်မရှိရင် လူ့ဘဝမှာအချည်းနှီးပင်ဖြစ်ပေတယ်’ဟူ၏။ သူဘုရားကဲ့သို့ကိုးကွယ်ပြီးနောက် ဖူးတွေ့ရခါမှ တောင်ပို့ကြီးမှန်းသိရသောယောက္ခမကြီးဂေါ်ဒွင်ကလည်းတစ်မှောင့်ပင်။ ငွေကြေးပြတ်လွန်း၍ သမက်ထံမှငွေကိုအငမ်းသားလိုချင်သော် လည်းမာနကြီးတစ်ခွဲသားရှေ့တွင်ထားလိုက်ချေသေးသည်။ “မင်းငါ့ကိုငွေပေးရင်ငါမယူဘူး။ ဒါပေမယ့်မင်းချက်လက်မှတ်ကိုတခြားလူတစ်ယောက်နာမည်နဲ့လွှဲပြီး အဲဒီလူကငါ့ကိုပေးရင်ယူမယ်’ဟုဘုရားသခင်ဂေါ်ဒွင်က မိန့်တော်မူလေသည်။ ရှယ်လီမှာ စိတ် ကောင်းရှိသူပီသစွာ သူ့ယောက္ခမကြီး၏မာနကိုမချိုးနှိမ်ဘဲ သူ့ အကြိုက်လိုက်၍ငွေပေးရရှာသည်။

လူ့ဘဝတွင် ဒုက္ခကိုမျက်နှာချင်းမဆိုင်ချင်သောရှယ်လီ သည် သူ့တစ်ဘဝလုံး၌ ဒုက္ခများအစီအရီတွေ့ ရသည်။ ပထမသူ့ ဇနီးဟဲရိယက်က သူ့ကိုယ်သူသတ်သေသည်။ နောက်သူ့ဇနီးမေရီ၏ဖအေတူမအေကွဲညီမဖယ်နီဆုံးလေသည်။ ဖယ်နီသည် ရှယ်လီကို အဝေးကနေ၍ ကြည်ညိုနေသူတစ်ဦးဖြစ်သည့်အလျောက် ရှယ်လီ အဖို့ သံယောဇဉ်ကြိုးတစ်ချောင်းပင် ဖြစ်ချေသည်။ ဖယ်နီမှာလည်း ဟဲရိယက်ကဲ့သို့ပင် အဖန်ငါးရာငါးကမ္ဘာဂိုဏ်းဝင်ဖြစ်လေသည်။ ရှယ်လီကို အဝေးကကြည်ညိုရာမှသဒ္ဓါလွန်မိသော်လည်း ရှယ်လီကမည်သို့မျှမလွန်သောကြောင့် သူ့ဘဝကို သူအဆုံးစီရင်သွားရှာသည်။ ထိုအကြောင်းအရင်းကိုသိသောရှယ်လီအဖို့ ဖယ်နီဆုံးရသည့်အတွက်ယူကျုံးမရဖြစ်လေတော့သည်။

ထို့နောက်တစ်ဖန် ရှယ်လီနှင့်မေရီတို့၏သားဦးကလေးဆုံးပြန်သည်။ ထိုမျှနှင့်မတန်သေး။ သမီးကလေးတစ်ယောက်နှင့် သားကလေးတစ်ယောက်တို့သည် မကြာမီပင်လျှင် သားဦးကလေးနောက်သို့လိုက်ပါသွားကြပြန်သည်။ ဆုံးသွားသော သားထွေးက လေးဝီလီမှာ ရှယ်လီ၏အချစ်ဆုံးဖြစ်သဖြင့် သံယောဇဉ်ကြိုးပို၍ တင်းလေတော့သည်။

ဒုက္ခအပေါင်းသည် ဤလူ့လောကကြီး၌သာရှိသည်။ ထိုဒုက္ခပေါင်းမှလွတ်မြောက်၍ရွှင်လန်းချမ်းသာမှုကိုလိုချင်ပါမူ ထူးခြားစည်ပင်ကြည်လင်သာယာသော ကဗျာလောကကြီးသို့သာ သွားပါလေလော့၊ ထိုအညွှန်းအတိုင်းပင် ရှယ်လီသည်လိုက်၍ နှင့်ညခွဲခြား၍မရနိုင်လောက်အောင် စိတ်ထက်သန်စွာကဗျာများကို တစ်ပုဒ်ပြီးတစ်ပုဒ်ရေးရင်း “စာဆိုဖို” ဝင်နေလေသည်။ သူ့ကဗျာ များသည် စိတ်ကူးကြွယ်၍ သဘာဝလောကကိုမှီငြမ်းပြုထားသည် ကများသည်။ အချစ်သည်သာလျှင်ပဓာန၊ အချစ်သည်သာလျှင်

မူလဟူသောအချစ်ဝါဒကိုလက်ဝယ်ပြု၍ ရေးသားခြင်းဖြစ်ပေသည်။ သူသည် လောကကြီး၏အညစ်အကြေးကိုအချစ်ရေအေးဖြင့်ဆေး ကြောရန်အထူးလုံးပန်းလေသည်။

ရှယ်လီ၏ပေါင်းအသင်းများတွင် ဘိုင်ရွန်သည် အရေးပါအရာရောက်သောပုဂ္ဂိုလ်ဖြစ်သည်။ ရှယ်လီက ဘိုင်ရွန်အား အလွန် အထင်ကြီးသည်။ ဘိုင်ရွန်အားလူအပေါင်းကပစ်ပယ်ပြီြငြင်ကြ သော်လည်း ရှယ်လီကကြည်ညိုသည်။ ဘိုင်ရွန်၏တန်ဖိုးအစစ်ကိုသိလေသည်။ သူ့ဝါဒနှင့်ကိုက်ညီကြောင်းသိ၏။ ထို့ကြောင့်လည်း ဘိုင်ရွန်ကိုအထူးခင်မင်လေသည်။ ဘိုင်ရွန်ကလည်းရှယ်လီ၏ထူး ခြားထက်မြက်ပုံကို မြင်သိသည်။ ရှယ်လီသည် နူးညံ့သိမ်မွေ့၍ လူနှင့်အလွန်တူသောပုဂ္ဂိုလ်' ဖြစ်သည်ဟု ဘိုင်ရွန်ကချီးကျူးလေ သည်။

ရှယ်လီသည် ပင်လယ်ကိုအလွန်အမင်းနှစ်သက်လေ သည်။ သို့သော် ရေမကူးတတ်ချေ။ ရေကူးခြင်းသည် သေဘေးကို ကာကွယ်သော မိုက်မဲမှုတစ်ရပ်ဟု သူကယူဆသည်။ သူ့အဖို့ ပင် လယ်သည် သူ့မိတ်ရင်းဖြစ်သဖြင့် အကာအကွယ်ပြုရန်မလိုဟုဆိုသည်။ သူ့အဖို့ သေခြင်းတရားသည်ကြောက်စဖွယ်မဟုတ်။ နေခြင်းသည်သေခြင်းထက်ပင် ဒုက္ခပိုသောကြောင့် ကြောက်ခြင်း ကြောက်လျှင် နေခြင်းကိုသာကြောက်ရမည်။ သေခြင်းသည်ကား မိတ်ရင်းတစ်ဦးနှင့် မခြားပေ။ ထူးဆန်းသော တမလွန်လောကကြီးသို့ သွားရာလမ်းကြောင်းသည် သေခြင်းမျှသာဖြစ်၍ သေခြင်းသည် ကြောက်စရာမဟုတ်။ လူတိုင်းသွားရမည့် လမ်းမကြီးမျှသာဖြစ် သည်ဟုရှယ်လီကဆိုလေသည်။ ထို့ကြောင့်ပင်လျှင် ရှယ်လီသည် မကြာခဏပင်လယ်သို့ဆင်း၍ အောက်ခြေသို့ရောက်အောင် သူ. ကိုယ်သူနှစ်ကြည့်လေ့ရှိသည်။ သူ့မိတ်ဆွေများက သူ့ကိုကြည့်ပြီး လန့်ကြသော်လည်း သူကမူယောင်၍မျှတစ်ချက်မကူးလိုက်ချေ။ “ပင်လယ်အောက်ခြေမှာ သစ္စာတရားရှိတယ်၊ အဲဒီအောက်ခြေကို ရောက်အောင်ကြိုးစားသင့်ပေတယ်၊ သေခြင်းဆိုတာဟာ နေ လွှာရုံကလေးကိုလှစ်လိုက်တာနဲ့ သေခြင်းပေါ်ထွန်းလာမှာပေါ့'ဟု ဆိုလေ့ရှိသည်။

မကြာမီပင်လျှင် ထိုအလွှာကလေးသည် လျှောကျသွား လေတော့သည်။ ရှယ်လီသည် အသက်နှစ်ဆယ့်ကိုးနှစ်တွင် ရေနစ်၍သေဆုံးလေသည်။ သူ့အသက်တိုလွန်း၍သာ သူ၏အချစ်ဝါဒ ကျမ်းဂန်ကြီးသည်မပြီးဆုံးခဲ့ရချေ။ သို့ရာတွင် သူ့တစ်သက်၌ ထူး ခြားသောအချစ်ကဗျာတစ်ခုကို စီရင်နိုင်ခဲ့ပေသည်ဟု ဆိုရပေ မည်။ သူ့အလောင်းကို မီးရှို့သဂြိုလ်သောအခါ ဘိုင်ရွန်သည် ဖြေမ ဆည်နိုင်ဖြစ်ကာ အဝတ်အစားများကို ချွတ်ပစ်ပြီးလျှင် ပင်လယ်ထဲ သို့ ကူးသွားလေသည်။ သူ့မိတ်ဆွေ ထရိလေနီကမူ အလောင်းပြာကျသည်အထိ

စောင့်ဆိုင်း၍ကြည့်နေလေသည်။ တစ်ကိုယ်လုံးပြာ ကျသွားသော်လည်း အသည်းနှလုံးမှာ မီးမလောင်ဘဲကျန်ခဲ့လေ သည်။ ထရိလော့နီသည် ထိုအသည်းနှလုံးကို မီးထဲမှ သူ့လက်အ လောင်ခံ၍ဆွဲနုတ်ယူလိုက်လေသည်။

'ချစ်တာသာ ပဓာန' ဝါဒီ ရှယ်လီ၌ သူ့ဝါဒမည်မျှပေါက် ရောက်နေသည်ကို ထိုအချက်ဖြင့်ထင်ရှားစွာသိနိုင်ကြပေမည်။ အချစ်၏ဗိမာန်ဖြစ်သောသူ အသည်းနှလုံးသည် မီးမကျွမ်းပေ။ အချစ်ကဗျာများပေါက်ဖွားရာဖြစ်သော အချစ်မှော်အောင်သည့် ထိုအသည်းနှလုံးကို ရောမမြို့တွင် ဂူသွင်း၍ သင်္ဂြိုဟ်လိုက်ကြလေသည်။

နီးရိုးဘုရင်

ရက်ရောမမြို့ကြီးမီးလောင်နေစဉ် ရောမဘုရင်နီးရိုးကစောင်း တီးနေသည်ဟုစာဆိုရှိသည်။ မှား၏။ နီးရိုးသည် စောင်းမတီးချေ။ သီချင်းဆိုလေသည်။ အတောက်ပြောင်အချောမွေ့ဆုံးဝတ်ရုံကိုဆင် ပြီးလျှင် အမြင့်ဆုံးမျှော်စင်ပေါ်မှနေ၍ မီးလောင်နေသော နေပြည် တော်ကြီးကိုကြည့်ကာ စောင်းတီးလျက်ရှိသော ရုံရွှေတော်များနှင့် အတူ မသတီစရာအသံကြီးနှင့်သီချင်းဟစ်အော်ဆိုလေသည်။

မီးလောင်သဖြင့်အိမ်မှထွက်ပြေးကြရရှာသော သူ၏တိုင်သူပြည်သားများကိုကြည့်ရသည်မှာ သူ့အဖို့ထူးကဲလှသောအရသာ ဖြစ်လေသည်။ ဆင်းရဲသားများဒုက္ခရောက်ပုံကို အပေါ်စီးကကြည့် ရင်း အလွန်သာယာလှသည့်ရှုခင်းပေတကားဟုချီးကျူးလိုက်လေ သေးသည်။

မီးလောင်သည်မှာမတော်တဆမဟုတ်ပေ။ ရွှေတိုက်တော်၌ငွေကြေးဘဏ္ဍာလျော့ပါးလွန်းလှ၍ နီးရိုးကိုယ်တိုင်၏အမိန့်နှင့်မြို့ကိုမီးရှို့ခြင်းဖြစ်သည်။ နီးရိုးက သူ့ရုံရွှေတော်များ၊ စစ်သည်တော်များကိုမီးလောင်နေခိုက် ရနိုင်သမျှရအောင်တိုက်ခိုက်လုယက်ရမည်ဟုအမိန့်ချမှတ်လေသည်။ နီးရိုးသည် ရောမပြည်၌ တန်ခိုး ကြီးခဲ့သောဆီဇာနန်းဆက်တွင် ပထမမြောက်ဘုရင်ဖြစ်သည်။

ကြီးမားလှသော ရောမအင်ပါယာကြီးကိုဖျက်ဆီးပစ်သောဘုရင်ဆိုးဘုရင်ယုတ်အဖြစ် ကမ္ဘာ့သမိုင်းတွင်ထင်ရှားသည့်ပုဂ္ဂိုလ်ပေတည်း။

နီးရိုး၌ သမာသမတ်စိတ်ဟူ၍လည်း ရွေးမျှမရှိ။ အကြင် နာတရားဟူ၍ စိုးစဉ်းမရှိ။ သူ့ အဖို့ ကာမဂုဏ်စည်းစိမ်ခံစားရမည် ဆိုလျှင် ငဲ့ညှာခြင်းလုံးဝမရှိပေ။ သူသည်မကောင်းမှုအားလုံးကိုလုပ် ဖူး၏။ ခိုး၊ တိုက်၊ သတ်ဖြတ်ဖူးသည်။ မုဒိမ်းကျင့်ဖူးသည်။ မိခင်အ ရင်းကိုပင် ကြင်ရာမြောက်ခဲ့သည်။ အယုတ်တမာအလုပ်မှန်သမျှ ဒိုင်ခံ၍လုပ်ခဲ့ဖူးလေသည်။ ရာဇဝင်အဆက်ဆက်၌ သူ့လောက်ဆိုးသွမ်းညစ်ညမ်းယုတ်မာသောဘုရင်မပေါ်ပေါက်ဖူးချေ။

သူသည် ခရစ်သက္ကရာဇ် ၅၅ ခုနှစ်တွင် ဧကရာဇ်ဖြစ် သည်။ အသက်ဆယ့်ခုနစ်နှစ်မျှသာရှိသေးသည်။ ထိုစဉ်က ရောမအင်ပါယာကြီးတည်ထောင်လျက်ရှိသော်လည်း ရောမလူမျိုးတို့၏ တန်ခိုးမှာလျော့ပါးစပြုလာလေသည်။ မင်းကောင်းမင်းမြတ် ဆက်ခံလျှင်ယိမ်းနေသောအင်ပါယာကြီးသည် တည့်မတ်ခိုင်ခံ့နိုင်ဖွယ်ရှိ သေး၏။ သို့ရာတွင် နီးရိုးကဲ့သို့သောဘုရင်ကြောင့် ပျက်စီးမှုပို၍ မြန်သွားလေတော့သည်။

ရောမမြို့ တန်ခိုးယုတ်လျော့ရခြင်းအကြောင်းရင်းမှာ အင်ပါယာကြီးဖြစ်မြောက်လာလေအောင် စွမ်းဆောင်ခဲ့သော ရှေးရောမဘုရင်ကြီးများ၊ စစ်သည်တော်ကြီးများ၏ကျေးဇူးကြောင့် အစစအရာရာ ပြည့်စုံကြွယ်ဝနေသဖြင့် ရောမလူမျိုးတို့သည် အမျိုးနှင့်ချီ၍ စည်းစိမ်ခံရာတွင် လွန်ကျူးလေခြင်းပင်ဖြစ်သည်။ စည်းစိမ် ယစ်မူးလွန်းလှ၍ အစစအရာရာတွင် လစ်ဟင်းရုံသာမက လက် အောက်နိုင်ငံများက သည်းမခံနိုင်ကြတော့ဘဲ တော်လှန်ရန်အခွင့် ကောင်းအခါကောင်းကိုသာစောင့်နေကြလေသည်။

ရောမမြို့ကြီးမှာ ရှေးယခင်က ယဉ်ကျေးမှုအနုပညာများ စုဝေးရာ မြို့တော်ကြီးဖြစ်ခဲ့လေသည်။ စွမ်းပကားရှိသောပုဂ္ဂိုလ် ကြီးများ၏ နေရာဖြစ်ခဲ့လေသည်။ နီးရိုးဘုရင်လက်ထက်၌ကား ရောမမြို့ကြီးသည် ကာမဂုဏ်ပွဲတော်ကြီး ဖြစ်နေချေသည်။ ဆင်းရဲသားများက အလုပ်အကိုင်များ ပင်ပန်းကြီးစွာလုပ်ကိုင်ကြရသည်နှင့်အမျှ မင်းနှင့်တကွ မင်းပရိသတ်အပေါင်းသည် စည်းစိမ်ယစ်မူး အပျော်ကြူးနေကြကုန်၏။

လက်အောက်ရှိပြည်နယ်များမှရသော အခွန်အတုတ်တို့ကို ရောမမြို့သို့ ယူလာပြီးလျှင် မင်းနှင့်မင်းမှုထမ်းကြီးငယ်တို့သည် အနည်းနည်းအဖုံဖုံ သုံးဖြုန်းပစ်ကြသည်။ ထို့ကြောင့် ရောမမြို့ကြီး တစ်မြို့လုံးတွင် အရက်ဆိုင်များနှင့်ပြည့်တန်ဆာဂေဟာများနှင့် ပြည့်လျှံနေလေသည်။

ရောမလူမျိုးအားလုံးတို့၌တစ်ခုတည်းသော ရည်ရွယ်ချက်ရှိသည်။ ယင်းသည်ကား ကာမဂုဏ်ခံစားမှုပင်ဖြစ်သည်။ ရောမမြို့၌ အစည်ကားဆုံးပွဲတော်တို့မှာကား ကာမဂုဏ် ပွဲတော်များသာဖြစ်သည်။ သားသမီး၊ စီးပွားမှုတွင် ကိုးရသော “ဗြုတိ” နတ် နတ်ကွန်းကြီး၌ မိန်းမပျိုတို့သည် မိမိ၏ကာမဂုဏ်ကို အလှူပေး၍ပူဇော်ကြရသည်။ အလှူခံသူတို့ကား နတ်ဆရာကြီး များဖြစ်သည်။ ထိုကိစ္စကို အထင်ခံအမြင်ခံပွဲလမ်းသဘင်ဖြင့် ဆောင်ရွက်ကြလေသည်။

အချစ်နတ်သမီးကြီး ဗီးနတ်ပွဲတော်တွင် ဝတ်လစ်စလစ် ယောကျ်ားမိန်းမတို့ လမ်းမလယ်ကောင်တွင်ကပြကြသည်။ လူပါး ဘဲလိယားနတ်သမီးပွဲတော်၌ လူပျိုကလေးများက လမ်းတွင်အသင့် စောင့်နေသော မိန်းမများကို ပြင်းပြင်းထန်ထန်ရိုက်ကြသည်။ အ ရိုက်ခံရသောမိန်းမများတွင် သန္ဓေအမြန်ဆုံးရသည်ဟုယုံကြည်ကြသည်။

ဖလော်ရာအမည်ရှိသောပြည့်တန်ဆာမသည် အလွန့်အလွန်ချမ်းသာလေရာ မြို့တော်စည်ပင်သာယာရေးအတွက် ငွေကြေးအမြောက်အမြားလှူဒါန်းခဲ့သည်။ ယင်းအား ဘုရင်နှင့်တကွ တိုင်း သူပြည်သားတို့က ဝိုင်း၍ချီးမြှင့်သောကြောင့် နောက်ဆုံးကွယ်လွန်သည့်အခါ ပန်းပေါင်းစုံစောင့်သည့်နတ်သမီး ဖြစ်သွားသည်ဟု

ယူဆကြသည်။ ဖလော်ရာနတ်သမီးပွဲတော်နေ့များတွင် ရောမတစ် မြို့လုံးရှိ ပြည့်တန်ဆာတို့သည် ကောလိဆီးယမ်းခေါ် တန်ဆောင်း ကြီး၌ ဝိုင်း၍ကကြရင်း အဝတ်အစားများကို ချွတ်ကြသည်။ ချွတ်ပြီး နောက်တုံးလုံးက အမျိုးမျိုးက, ကြလေရာပွဲကြည့်ပရိသတ်မှာ ထိန်း မနိုင်သိမ်းမရဖြစ်ပြီးလျှင် စင်ပေါ်သို့ ပြေးတက်၍ကကြခုန်ကြ ပျော် မြူးကြကုန်၏။

နီးရိုးသည် အထက်တန်းလွှာ၌ပျော်ပါးရရုံနှင့်မကျေနပ်သေးဘဲ ညဥ့်နက်သန်းခေါင်တွင် လူဆင်းရဲဟန်ဆောင်၍ အရက်ဆိုင်များ၊ ညစ်ညမ်းသောကပွဲများသို့သွားပြီးလျှင် အပေါစားအ ရက်သောက်ကာ အယုတ်ညံ့ဆုံးပြည့်တန်ဆာများနှင့်ဟေးလားဝါးလားလုပ်နေလေသည်။ သူက အနိုင့်ကျင့်ချင်တိုင်းကျင့်သည်ကို မခံသောသူအား သူကဓားနှင့်ထိုးသတ်ခဲ့လေသည်။

တစ်ခါတစ်ရံ သူသည် တပည့်များကိုခေါ်၍ ငွေကြေးချမ်း သာသူတို့အိမ်များကို ဝင်ရောက်တိုက်ခိုက်လေသည်။ ရရှိသောပစ္စည်းများကို နောက်နေ့နံနက်တွင်နန်းရင်ပြင်၌ပင် လေလံပစ် လိုက်သည်။

တစ်ခါက သူသည်ဆင်းရဲသား ယောင်ဆောင်ပြီးလျှင် အရာရှိဇနီးတစ်ယောက်ကို စော်ကားမော်ကားပြုရာ အရာရှိက သူ့ကို ရိုက်နှက်ပြုလိုက်ရာသေလုမြောပါးခံရလေသည်။ သူသည် နောက် လိုက်တစ်ယောက်ခေါ်ပြီးလျှင် ညတိုင်းထွက်၍ ဓားပြတိုက်လေ့ရှိသည်။ တဖြည်းဖြည်း လက်ရဲဇက်ရဲဖြစ်ကာ အကြီးအကျယ်တိုက် ခိုက်လေတော့သည်။

မွန်းတည့်ချိန် လောက်မှ အိပ်ရာမှထ၍ ညနေမိုးချုပ်ချိန် အထိသူသည် ကောလိဆီးယမ်း တန်ဆောင်းကြီးသို့ မိန်းမပေါ့များ မိန်းမလျာများခြံရံလျက်လာ၍ လူနှင့်သားရဲတိုက်ပွဲကို ကြည့်ချင် သည့်အခါ ကြည့်သည်။ တစ်ခါတစ်ရံ နေ့လယ်စာစားပွဲသို့ တက် ရောက်ချင်လျှင်တက်ရောက်သည်။ သူသွားလေရာတွင် ပြည့်တန် ဆာပါစမြဲပင်။

တစ်ခါတစ်ရံလည်း တိုင်းဗားမြစ်တွင် လှေလှော်ထွက်သည်။ ယင်းသို့ထွက်တော်မူသည့်အခါ သူ့မင်းစေမင်းပါးတို့က ခရီး လမ်းမြို့ရွာများသို့ ကြို၍သွားပြီးလျှင် ကမ်းနားတွင်တဲကြီးများထိုး ၍ အစားအသောက်များပြည့်တန်ဆာများအသင့်ပြင်ထားရသည်။ ရပ်ရွာ၏ဂုဏ်သရေရှိ အမျိုးသမီးများက ဧကရာဇ်မင်းမြတ်ကို ကြို ဆိုပြုစုကြသည်။ နီးရိုးသည်ယင်းသို့ လှေထွက်စီးလျှင် ခုနစ်ရက် လောက်ကြာမှ မြို့တော်သို့ ပြန်ရောက်လာသည်။

နီးရိုးသ တိရစ္ဆာန်စိတ်ရှိသူဖြစ်ရကား တစ်ခါတစ်ရံ ခြင်္သေ့ရေကို လွှမ်း၍သော်လည်းကောင်း၊ ဝံပုလွေရေ လွှမ်း၍သော် လည်းကောင်း လွှမ်းခြုံ၍လှောင်အိမ်ထဲမှာအတန်ကြာနေပြီးလျှင်

လှောင်အိမ်ကိုဖွင့်ပေးခိုင်းပြီးနောက်လှောင်အိမ်ထဲမှာထွက်၍ လက်ပြန်ကြိုးတုပ်ထားသော အရွယ်ငယ်ငယ်မျှသာရှိသည့် ကျွန်ကလေး မြွာဖြစ်အောင်ခုတ်ထစ်ပစ်လေသည်။

တစ်ခါတစ်ရံလည်း သူ့ကိုယ်သူအနုပညာသည်ကြီးဟု ထင်မှတ်ကာတေးသီချင်း၊ တူရိယာ၊ ကဗျာလင်္ကာများကို သီဆိုရေး စပ်လေသည်။ တစ်ခါတစ်ရံလည်း ငါးမျှားထွက်သည်။ တစ်ခါတစ်ရံ လည်း သူ့ကိုယ်သူအတော်ဆုံးရထားပြိုင်သမားဟုထင်သည်။ အားလုံးက သူ့ကိုပထမဆုချည်းပေးရသည်။

တစ်ခါက သူသီချင်းစ၍ဆိုသောနေ့၌ ငလျင်လှုပ်သည်။ ပရိသတ်တို့သည် ဇာတ်ရုံထဲမှ ထွက်ပြေးချင်ကြသော်လည်း နီးရိုး ဘုရင်ကိုယ်တိုင်တေးဆိုနေသဖြင့်မလှုပ်ရဲကြချေ။ နီးရိုးလည်း င လျင်လှုပ်မှန်းသိလျက်နှင့် တေးဆုံးအောင်ဆိုသည်။ သူ့တေးအပြီး ရုံထဲမှ ပရိသတ်အားလုံးအပြင်သို့ထွက်ခွင့်ရကြသည်။ အားလုံးရုံ ပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရုံသည်လည်း ငလျင်ကြောင့် ပြိုသွားလေသည်။ ထိုအခြင်းအရာကို အကြောင်းပြု၍ ဘုန်းတော်ဘွဲ့သမားများက နီးရိုး၏တန်ခိုးကြီးမားပုံကို ချီးကျူးလျှောက်တင်ကြသည်။

ငလျင်လှုပ်စဉ်က ပရိသတ်သည် ဘုရင်ကိုကြောက်ရွံ့သောကြောင့်မလှုပ်ရဲချေ။ နောက်နောင်လည်း ဤသို့နှင်နှင်ဖြစ်၏။ နီးရိုးသီချင်းဆိုသောအခါ မည်သူမျှဇာတ်ရုံထဲမှထွက်မသွားရ၊ ထွက် သွားလျှင်ကြီးစွာသောမင်းပြစ်မင်းဒဏ်သင့်လေသည်။ တစ်ခါက မိန်းမတစ်ယောက်သည် နီးရိုးသီချင်းဆိုနေစဉ် မီးဖွားလေသည်။ တချို့မှာ ရုံထဲတွင်မနေချင်သဖြင့် ပြတင်းပေါက်ကခုန်ချကြသည်။ အပြင်သို့ရောက်သော်လည်း ကျိုးပဲ့မသွားလျှင်ပြန်ဝင်ရသည်။ ကျိုးပဲ့၍ ဒဏ်ရာပြင်းထန်မှသာ ဆေးရုံသို့ပို့လိုက်ကြသည်။ တစ်ခါတစ်ရံ ဒဏ်ရာမပြင်းထန်သော်လည်း သေလေဟန်ဆောင်ရသည်။ သို့မှ သာလျှင်သုသာန်သို့ သယ်ဆောင်သွားလေသည်။

ရထားချင်းပြိုင်ရာတွင် မည်သူကမျှသူကိုအနိုင်မယူရဲ ချေ။ တစ်ခါကသူသည် ရထားပေါ်မှလွင့်စဉ်၍ ကျန်ခဲ့၏။ သို့ရာတွင် အကဲဖြတ်လူကြီးများကသူ့ကိုပင်ပထမပေးကြရသည်။ နီးရိုး၌မရေမတွက်နိုင်သော မောင်းမမိသံများရှိသည်။ မိဖုရားကြီးသုံးယောက်ဆက်၍ယူသည်။ ပထမမိဖုရားမှာ သူနှင့် မွေးစားမောင်နှမတော်သည်။ အောက်တေးဗီယားမင်းသမီးကလေးမှာ နီးရိုး၏ပထွေး ကေရာဇ်ကလောဒီရပ်၏မယားပါသမီးဖြစ်သည်။ အောက်တေးဗီယား၏မိခင်မှာ ကာမဂုဏ်အရာတွင် မှတ် တမ်းတင်ရသော

မဆယ်လိနား မိဖုရားကြီးဖြစ်သည်။ အောက်တေးဗိယားမှာ သူ့မိခင်ကဲ့သို့မဟုတ်ဘဲ အကျင့်စာရိတ္တကောင်းမွန်၍ သေသပ်သိမ်မွေ့ပေသည်။ ယင်းသို့သော အခြေအနေမှာ နီးရိုးကဲ့သို့ ကာမဘီလူးအဖို့ ပျင်းခြောက်ခြောက်နှင့် ငြီးငွေ့စရာဖြစ်လေသည်။ နီးရိုးအလိုရှိသူမှာ သူကဲ့သို့ ကာမဂုဏ်အရာ၌ လွန်ကျူးသူဖြစ်ရမည်။ ထိုကြောင့်သူသည် အောက်တေးဗိယားမင်းသမီးလေးကို လည်ညှစ်၍သတ်ရန် အကြိမ်များစွာကြံစည်ခဲ့၏။ မအောင်မြင်ချေ။ နောက်ဆုံး၌မြုံသည်ဟူသောစွပ်စွဲချက်ဖြင့် ကွာရှင်းလိုက်လေသည်။

တိုင်းသူပြည်သားများက မင်းသမီးကလေးကိုနှစ်သက် ခင်မင်နေကြသဖြင့် နီးရိုး၏ဆင်ခြေကိုမကျေမနပ်ဖြစ်ကာ ဆူပူကြ သည်။ ထိုအခါနီးရိုးက အောက်တေးဗိယားအား မျောက်မထားသည်ဟူသော စွပ်စွဲချက်ဖြင့်သေဒဏ်ပေးလိုက်လေသည်။ နီးရိုး၏ဒုတိယမယားမှာကား သူ့အကြိုက်ကျသူ ဖြစ် သည်။ ပေါ့ပနားဆာဗိနားသည် အလွန်ဣန္ဒြေမဲ့သောနန်းတွင်းသူ တစ်ယောက်ပင်ဖြစ်သည်။ နီးရိုးသည် အောက်တေးဗီယားနှင့်ကွာ ရှင်းပြီး ဆယ့်နှစ်ရက်အကြာတွင်သူ့ကိုယူသည်။ နီးရိုးသည် ဆာဗိ နားကို ချစ်ခင်မြတ်နိုးလေသည်။ သို့ရာတွင် မကြာမီ သတ်ပစ်လေ သည်။ ဖြစ်ပုံကား ဤသို့တည်း။ ဆာဗိနားက နီးရိုးအဆောင်တော် ကူးနောက်ကျလှချည်လားဟုအပြစ်တင်လိုက်ရာ နီးရိုးကဒေါသမီး တောက်၍ ဆားဗိနား၏ဝမ်းဗိုက်ကိုတအားကန်လိုက်လေသည်။ ဆာဗိနားမှာ ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်သဖြင့် သေလေတော့ သည်။

မိဖုရားအမှတ်သုံးမှာလင်ရှိမယားဖြစ်နေသည်။ ထိုပြဿနာကို နီးရိုးကလွယ်ကူစွာ ဖြေရှင်းလိုက်လေသည်။ စတာတိလမဆယ်လိနား၏ခင်ပွန်းသည်ခမျာမှာ အကြောင်းမဲ့အသတ်ခံရလေသည်။ လူသတ်သမားမည်သူဖြစ်ကြောင်းသိရသော်လည်း မည်သူ မျှမပြောဝံ့ကြချေ။

နီးရိုး၏ အချစ်ဇာတ်လမ်းများမှာ လူသတ်မှုနှင့်ချည်းအ ဆုံးသတ်လေသည်။ ပေါ့ပနားဆာဗိနား သေဆုံးသွားသည့်အခါ သူ့ပထမမယားအောက်တေးဗိယား၏ ဖအေတူမအေကွဲညီမကို လိုချင်သည်။ သို့ရာတွင်ထိုသူငယ်မက ဘုရင်၏အချီးအမြှင့်မခံလို ဟုပယ်လိုက်ရာ နီးရိုးသည် သူ့အားသူပုန်ထရန် ကြံစည်သည်ဟု လီဆယ်ပြီးလျှင်သေဒဏ်ပေးလိုက်လေသည်။

ထို့ပြင်နီရိုးသည် သူ့ မိခင်စစ်စစ်ကိုပင် တပ်မက်လေသည်။ သူ့မိခင်မှာလည်း ပျို့ရွယ်သေးသဖြင့် စွဲမက်စရာဖြစ်လေတော့သည်။ မိခင်အဂရပင်းနားကလည်း မိဖုရားအဖြစ်မွေ့လျော် လွန်း၍ သားကိုပင်မြူဆွယ်လေသည်။ တစ်နေ့သောအခါ အဂရပင်းနားသည်အဆောင်တွင် သားဘုရင်မြင်သာအောင် အဝတ် လှစ်နေရာ သားတော်မောင်ရာဂကုမ္ဘာက

ကိုယ်ကာယကိုကြည့်ရင်းပင် "ထုံးစံမရှိဘူးဆိုတာသာမဟုတ်ရင် ဟုဆိုလိုက်လေသည်။ အဂရပင်းနားက "မောင်ရင်ကကေရာဇ်ပဲ။ ထုံးစံရှိတာမရှိတာမောင်နဲ့မဆိုင်ပါဘူး။ မောင်လုပ်ချင်တာရှိရင် ထုံးစံရှိတာပဲ'ဟု ပြောလိုက်လေသည်။

အဂရပင်းနားသည် မကြာမီပင်လျှင် နန်းတော်သားလူပျို ကလေးတစ်ဦးနှင့်ရည်ငံလေရာ နီးရိုးကသိရှိသဖြင့် လူပျိုတော်သား ကလေးအား ပုန်ကန်ရန်ကြံစည်မှုနှင့်ကွပ်မျက်လိုက်လေသည်။ နီးရိုးသည်သူ့မိခင်ကို အရေးပေးမိသဖြင့်အမှားကြီးမှား ကြောင်းနောင်တရလေသည်။ ထို့ကြောင့် အဂရပင်းနားအားအ ဆိပ်ကျွေးသတ်ရန်ကြံစည်လေသည်။ သို့ရာတွင် သူလျှိုကောင်းလှ သည့်အဂရပင်းနားသည် ကြိုတင်သိထားသဖြင့် အဆိပ်ဖြေဆေးအ သင့်ထားသောကြောင့် သုံးကြိမ်တိုင်တိုင်မအောင်မြင်ချေ။ နောက်ဆုံး၌ နီးရိုးကိုယ်တိုင်သူ့မိခင်မယားကို ဓားနှင့်ထိုးသတ်လိုက်လေး တော့သည်။ တိုင်းပြည်ကိုကား အဂရပင်းနားသည်မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားသည်ဟူ၍ကြေညာလိုက်လေသည်။

တစ်သက်လုံးစည်းစိမ်ခံလာသောနီးရိုးသည် တိုင်းပြည်၏ ဘဏ္ဍာတော်ကုန်ခန်းလာသည်ဆိုသည့်အဖြစ်ကို သိလာလေ တော့သည်။ နီးရိုးသည် သူ့လက်ပါးစေအချို့အားဥာဏ်ဆင်၍ကြေး
ရတတ်များကိုရာဇဝတ်သင့်အောင်တိုက်တွန်းစေပြီးလျှင်
ရာဇဝတ်သင့်သူတို့၏ပစ္စည်းကို ဘဏ္ဍာတော်အဖြစ်သိမ်းယူလိုက်လေသည်။ ယင်းသို့ အဓမ္မသိမ်းယူလိုက်ခြင်းဖြင့် သူ၏ကြီးမားသောအသုံးအဖြုန်းကိုမကာမိနိုင်ချေ။ ရောမအင်ပါယာကြီးမှာလည်း ပြိုတော့မည် တကဲကဲဖြစ်နေလေသည်။ ပြည်နယ်အသီးသီးတွင်ပုန်ကန်မှုများ ဖြစ်ပွားနေသည်။

ပုန်ကန်မှုများကို နှိမ်နင်းရန် ရောမလူမျိုးတို့အား စစ်ထဲသို့ဝင်ရန်တိုက်တွန်းသော်လည်း မည်သူမျှမဝင်ကြချေ။ ရောမလူမျိုးတို့၌စစ်စိတ်စစ်သွေးကင်းမဲ့ခေါင်းပါးလျက်ရှိလေပြီ။ ဒုက္ခကိုရင် မဆိုင်ရဲသောနီးရိုးသည် ရောက်ရှိလာသောအစီရင်ခံစာများကို ဖတ်ဘဲ မည်သို့မျှမဖြစ်လေဟန်စည်းစိမ်ခံစားမြဲခံစားနေလေသည်။

ယင်းသို့နေရာမှ ရောမမြို့ကြီးကို လက်ပါးစေတို့အား မီးရှို့စေပြီးလျှင် ဆင်းရဲသားများထံမှအကြီးအကျယ်လုယက်စေသည်။

ဆင်းရဲသားများလည်းမင်းဆိုးမင်းညစ်ကို မုန်းတီးလာကြလေရကား

ညတစ်ညတွင် နီးရိုးသည်သန်းခေါင်ယံနိုးလာသည့်အခါ ကြည့်လိုက်ရာ အစောင့်များတစ်ယောက်မျှမရှိကြောင်းသိရသဖြင့် အကြောက်ကြီးကြောက်၍ တောပိုင်းသို့ ထွက်ပြေးလေသည်။

တောထဲ၌တိရစ္ဆာန်ပမာဆံပင်စုတ်ဖွားနှင့်ရက်အတန်ကြာနေပြီးနောက် ဖမ်းမိလျှင် အကြီးအကျယ်နှိပ်စက်ခံရပြီးနောက် သေရမည်ကေန်ဖြစ်ကြောင်းသိရသဖြင့် ၃၁နှစ်အရွယ်ရှိ နီးရိုး သည် သူ့လည်ပင်းကိုဓားမြှောင်နှင့်ထိုး၍ အဆုံးစီရင်လိုက်လေသည်။

ကလီယိုပက်တရာ

လွန်ခဲ့သည့် အနှစ် နှစ်ထောင်ကျော်ကျော်က ရောမတိုင်း သည် ကမ္ဘာ့အနောက်ပိုင်းတွင်ကျော်စော၍ ရောမဘုရင်တို့သည် အင်ပါယာနယ်ချဲ့လုပ်ငန်းကို အကြီးအကျယ်ဆောင်ရွက်နေကြလေသည်။ ခရစ်တော်မပွင့်မီ သက္ကရာဇ်ခြောက်ဆယ်ကျော်လောက်တွင် ရောမစစ်ဘုရင်ကြီး 'ဂျူလိယက်ဆီဇာ'သည် မြေထဲပင်လယ် တိုင်းနိုင်ငံများသို့ လက်နက်နိုင်ငံပြုကာ ပြည်တွင်းရေး၌လည်း ပြိုင်ဘက် ဖြစ်သော "ပွန်ပီ' နိုင်ငံအား နှိမ်နင်း၍ ကြီးမားကျယ်ပြန့်လှ သည့် အင်ပါယာနိုင်ငံကြီးတွင် သရဖူမဆောင်းရရုံဖြစ်သောအာဏာရှင်ကြီး ဖြစ်လာလေသည်။

ကမ္ဘာကြီးတစ်ခုလုံး ငါ့ခြေဖဝါးအောက် ရောက်ရမည်ဟူသောမာနဖြင့်တက်ကြွလျက်ရှိသောဆီဇာ' သည် လက်နက်ကိုင် နိုင်ငံတစ်ခုဖြစ်သည့်အီဂျစ်ပြည်မြို့ တော်အယ်လိတ်ဇင်းဒရိယသို့ ရောက်လာလေသည်။ အီဂျစ်ပြည်တွင်းရေးရှုပ်ထွေးနေသဖြင့် စစ်ဘုရင်ကြီးသည် မိမိ၏အာဏာစက် အတွင်း၌ ယင်းသို့ရှုပ်ထွေးမှု မရှိစေရန် ကိုယ်တိုင်ရှင်းလင်းပေးမည်ဟူသောအကြံနှင့်ရောက်လာ ခြင်းဖြစ်သည်။

ဆီဇာရောက်လာချိန်၌ ကလီယိုပက်တရားခမျာမှာ အရေးနိမ့်၍တောခိုနေရရှာသည်။ အီဂျစ်ဘုရင်ကြီး ဩလိတိ နတ်ပြည်လားပြီးသည့်နောက် သားတော်တောလမိနှင့် သမီးတော်ကလီ ယိုပက်တရားတို့ နန်းလုကြရာဝယ် သမီးတော်မှာ အခိုက်အတန့် အားဖြင့်အရေးနိမ့်၍ တောအုံကနားသို့ ပြေးလွှားတိမ်းရှောင်နေရလေသည်။ သူ၏မောင်တော်တော်လမိမှာ နှမတော်အားဖယ်ရှား လိုက်ပြီးသည့်အလျောက် အီဂျစ်ပြည် ပြည့်ရှင်အဖြစ် ကျေနပ်စွာခံ စားလျက်ရှိသည်။

ထိုအခိုက်တွင် ရောမစစ်ဘုရင်ကြီး ဂျူလိယက်ဆီဇားသည် အီဂျစ်ပြည်တွင်းရေးကို ရှင်းလင်းရန်ရောက်ရှိလာလေသည်။

ရောက်လာချိန်ကား သာတောင့်သာယာရှိလှပေသည်။ ဆောင်းဦးရာသီဖြစ်၍မြောက်လေသွေးလျက် အေးချမ်းလှတော့သည်။ စစ်ဘုရင်ကြီးလည်း နန်းတော်ဆင်ဝင်ပေါ်တွင်ထိုင်ကာ တဖြည်းဖြည်းအရောင်သိမ်း၍ အနောက်ဘက်တောင်စွယ်နောက်သို့ လိမ့်၍လိမ့်၍ဝင်မည့်ဆဲဆဲနေမင်းကြီးကို ငေးမျှော်ကြည့်ရင်း အနီးရှိသင်္ဘောဆိပ်၌ မြို့သူမြို့ သားများတို့ ရှုပ်ယှက်ခတ်သွားလာ နေကြသည်ကိုကြည့်မောနေလေသည်။

ထိုသို့ အပန်းဖြေနေခိုက်တွင် ကိုယ်ရံတော်တစ်ယောက်

သည်အူယားဖားယားပြေးဝင်လာပြီးလျှင် စစ်ဘုရင်ကြီးကို တင် လျှောက်၏။

"အရှင်. . . လဗင့်မြို့ကရောက်လာတဲ့ကုန်သည် တစ်ဦးက အရှင့်အားထူးဆန်း၍ရှားပါးလှသည့် ပန်းတဉ်းပန်းခက်များကို ပြလိုကြောင်း တောင်းပန်လာပါသည်ဘုရား"

"ဟဲ့. . . ဒီကုန်သည် ဘယ်မှာလဲ"

"နန်တော်တံခါးဝမှာပါဘုရား၊ အစောင့်များက ဝင်ခွင့်မပြု လို့ စောင့်နေရပါတယ်ဘုရား"

ဆီဇာသည် ကမ္ဘာ့ကျေရာဇ်ဖြစ်သည့်အလျောက် အနုပညာကို အားပေးထောက်ပံ့မှုပြုရမည် ဟူသောအစွဲကို မဖျောက် နိုင်သူတစ်ဦးဖြစ်လေရကား. . .ထူးဆန်း၍ ရတောင့်ရခဲဖြစ်သော အနုပညာပစ္စည်းများကို ကြည့်ရှုရန်အထူးလိုလားပေသည်။ ထိုပစ္စည်းများသည် အလှည့်အခွင့်သင့်ပါမူ သူ့ကြင်ယာတော် ကလပါနိယအားလက်ဆောင်ပဏ္ဏာအဖြစ် ပေးနိုင်ဖွယ်ရာများဖြစ်သည်။ ထို့ကြောင့် ဆီဇာသည် ကိုယ်ရံတော်အား ကုန်သည်ကို ဝင်ခွင့်ပေး လိုက်ရန်အမိန့်ပေးလေသည်။

အထုပ်ကြီးကို မနိုင့်တနိုင်ထမ်း၍ဝင်လာသော ကုန်သည်ကြီးသည် အထုပ်ကိုအသာအယာဖြေလိုက်ရာ အထုပ်ထဲမှ ထူးခြား လှစွာပန်းတဉ်းပန်းခက်များထွက်မလာသော်လည်း ထိုအရာများ ထက်အဆအရာအထောင်မက ထူးခြားလှသော ပစ္စည်းအဖိုးတန် တစ်ခုထွက်ပေါ်လာသည်။

ထိုအဖိုးတန်ပစ္စည်းသည်ကား ဆံပင်ဖိုးရိုးဖားရားနှင့် ကျောင်းသူမကလေးသဖွယ် တဟီးဟီးရယ်မောလျက်ရှိသော ကလီယိုပက်တရားပင်ဖြစ်ပေသည်။

အထုပ်ကိုသယ်ယူလာသောကုန်သည် ဟန်ဆောင်သည့် လက်စွဲတော်ကြီးက ရောမစစ်ဘုရင်ကြီးအား ပြုံး၍ "အရှင်မင်း ကြီး . . . အဖိုးအနဂ္ဃတန်သော အနုပညာပစ္စည်းဆိုသည်မှာ ဤ သည်ပင်မဟုတ်ပါလော' ဟုခန့်ညားစွာ လျှောက်ထားလိုက်လေသည်။

ကလီယိုပက်တရားမှာ ယင်းသို့ထူးထူးခြားခြား စွန့်စွန့်စားစားပြုတတ်ပေသည်။ ပညာတတ်၊ မာယာကြွယ်၊ ဖျတ်လတ်၍ အလှဂုဏ်တက်နေသူဖြစ်ရကား သူ့အဖို့လောကကြီးသည် ကျေးကျွန် အဖြစ်ပေါ်လာသည်ဟူသော မာနမျိုးကိုမွေးမြူလေသည်။ သူသည် ကဗျာလည်းတတ်သည်။ ပန်းပဲ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းတဉ်းစသည့်

အနုပညာပစ္စည်းများ၌လည်း ဝင်ဆံ့ခေါက်မိသည်။ ဘာသာရေး၊ ပညာရေး၊ နိုင်ငံရေးမှစ၍ လေးနက်ခက်ခဲလှသော ပညာရပ်များ၌လည်း ဗဟုသုတရှိပေသည်။

ပညာစုံသည်နှင့်အမျှ အလှဂုဏ်တက်သည်။ အလှဂုဏ်တက်သည်နှင့်အမျှ မာယာကြွယ်သည်။ ကလီယိုပက်တရားမှာ ဂုဏ်မာနဆူကြွနေသူတစ်ဦး ဖြစ်သည့်အလျောက် ကမ္ဘာကြီးတစ်ခု လုံး၏ထိပ်ခေါင်တင်သခင်မဖုရား ဖြစ်လိုသော အကြံကြီးမျိုးရှိလေ သည်။

အဆုံးအစမရှိသောတန်ခိုးအာဏာရရှိမှုကို ငမ်းငမ်းတက် လိုလားလျက်ရှိသောကြောင့်ပင် သူသည် ထိုနေ့ညနေက စစ်ဘုရင် ကြီးရှေ့သို့ ထူးခြားသောဥပါယ်ဖြင့်ဝင်၍မြူဆွယ်လေသည်။ စစ်ဘုရင်ဆီဇာက အီဂျစ်ပြည်ကိုလက်နက်နိုင်ငံအဖြစ်ထားခဲ့လေရာက လီယိုပက်တရားက ရောမပြည်ကို အီဂျစ်ပြည်ကလေး၏ လက်နက် နိုင်ငံအဖြစ်ထားနိုင်အောင် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ အီဂျစ်ပြည် သို့ရောက်ရှိနေသော ရောမတိုင်း အာဏာရှင်ကြီးဆီဇာအား ဣတ္ထိယလက်နက်ဖြင့်ဖြိုခွင်းနှိမ်နင်းကာ အချစ်သုံ့ပန်းအဖြစ်ဖမ်းယူ ရန်ဆီဇာရှေ့တော်မှောက်သို့ ရောက်ခဲ့ရလေသည်။

ကလီယိုပက်တရားမှာ ထိုခေတ်၌အလှဘုရင်မအဖြစ် ကျော်ကြားသဖြင့် ကမ္ဘာပေါ်ရှိစာဆိုမှန်သမျှသည်သူ့ ရုပ်ပါရုံကိုကဗျာ ဖြင့်အခွန်ဆက်ကြရ၏။ ပျော်ပါးမှုစုံစွေဝေဆာသော သူ့နန်းတော်မှာ ဧည့်ပရိတ်သတ်စည်ကားလျက်ရှိသည်။ အီဂျစ်နန်းရိုးအနွယ်တော်ဖြစ်စေကာမူ ကလီယိုပက်တရားသည် အီဂျစ်လူမျိုးထဲမှမဟုတ်။ ရှေးခေတ်က အီဂျစ်ပြည်သို့ ရောက်လာပြီးလျှင် ကြီးစိုးခဲ့သောခေါမတိုင်းစစ်ဗိုလ်ချုပ်တစ်ဦး၏ အနွယ်တော်ဖြစ်သည်။ သူ့ဘိုးလောင်းတော် ဘေးလောင်းတော်များမှာ ရာဇဝင်တွင် အဆိုးဘက်၌ ထင်ရှားခဲ့ပေသည်။ “ပြည်သူ့ဖခင်ကြီး” ဟုအမည်တွင်ခဲ့သော သူ၏ဘိုးတော် တော်လမိ (ပထမ)သည် ဖခင်ကြီးပီသစွာ တိုင်းသူပြည်သားလူအများကို သွေးချောင်းစီး အောင်သတ်ဖြတ်၍ သွန်သင်ဆုံးမတော်မူသည်။ သားတော်တော် လမိ(ဒုတိယ)အား မေတ္တာရှင်ဟူသောဘွဲ့နာမဖြင့် ချီးကျူးကြ ကုန်၏။ မေတ္တာရှင်ပီသစွာသူကနောင်တော်နှစ်ပါးကို ကွပ်မျက်၍ နန်းလုတက်ပေသည်။ သူသည် အရက်ကောင်းနှင့် မိန်းမပျက်များ ကိုအထူးနှစ်သက်တော်မူသည်။ တော်လမိ (စတုတ္ထ)သည်ကားဦးနှင့်မယ်တော်ကိုကွပ်မျက်ခြင်းဖြင့် ရာဇဝင်ကျော်စော”၊ကိုယူတော်မူလေသည်။ ပြည်သူ့ကျေးဇူးရှင် ဟူသောဘွဲ့နာမကို ခံယူတော်မူသောတော်လမိ(သတ္တမ)သည်တိုင်းသူပြည်သားတို့ အားအစုလိုက်အပြုံလိုက်သတ်ဖြတ်ကာ ဘုရင်အရှိအသေတန်မှု၌ အမှတ်ရအောင်ဆုံးမတော်မူလေသည်။ ကလီယိုပက်တရား၏ ခမည်းတော် တော်လမိ(တေရသမ)မှာ ကဗျာဝါသနာထုံရကား• ပလွေရှင် ဟူသောဘွဲ့ နာမံကိုခံယူလေသည်။ ပလွေရှင်သည်စာ ဆိုပီပီ သူ့သမီးဘိရိနစ်ကိုသတ်ပြီးလျှင်

မသာတော်အခမ်းအနား တွင်သီဆိုရန် လွမ်းချင်းတစ်ပုဒ်စပ်တော်မူလေသည်။

တော်လမိဘုရင်များသည် ရက်စက်ကြသည်နှင့်အမျှတော်ကြပေသည်။ သူတို့လက်ထက်တွင် အီဂျစ်ပြည်သည် အနုပညာ၊လောကဓာတ်ပညာ၊စာပေ၊ ဘာသာရေးစသည်တို့၏ဗဟိုဌာနကြီး ဖြစ်လာပေသည်။ အယ်လိတ်ဇင်းဒရီယမြို့တော်၌အနုပညာထွန်းကားသည်ကားတစ်ဖက်၊ ဒုစရိုက်ထွန်းကားသည်ကတစ်ဖက်ယင်းသို့ နှစ်ဖက်နှစ်တန်စုံလင်လှပါသည်။

ထိုထူးခြားလှသော ဘုရင်တို့၏အနွယ်ရင်သွေးဖြစ်သည့် ရှူးရှူးနှမ်းနှမ်းပုံ့တံတံမင်းသမီးကလေးသည် အရွယ်ရင့်လှပြီဖြစ်သောစစ်ဘုရင်ကြီးဆီဇာရှေ့တွင် ပြုံးလိုက်၊ရယ်လိုက်၊ မြူဆွယ်လိုက်နှင့် တစ်ဆိတ်စာမျှအငြိမ်မနေဘဲ စစ်ဘုရင်အောင်ပွဲရပုဂ္ဂိုလ်ကြီးကိုအောင်မြင်နိုင်ရန်အမျိုးမျိုးကြိုးစားလေသည်။ ကာမဂုဏ်စည်းစိမ်တွင် အီနေအောင်ခံစားခဲ့ရသောဆီဇာမှာ အသက်ငါးဆယ့်သုံးနှစ်သို့တိုင်ပြီဖြစ်၍ ကာမဂုဏ်အင်အားလျော့ပါးကာ ပန်းကြီးနေခဲ့သော်လည်း ဤမာယာရှင်ကလေးနှင့်ကြုံတွေ့ရသော အခါငယ်မူပြန်၍ စိတ်အားသန်သော ချစ်သူတစ်ဦးအ ဖြစ်လာလေ တော့သည်။

ဆီဇာသည် ထိုည၌ပင်လျှင် ကလီယိုပက်တရား၏အချစ် သံ့ပန်းအဖြစ်သို့ ရောက်ရရှာသည့်အလျောက် အီဂျစ်ပြည်တွင်းရေးကို ရှင်းလင်းသည့်နေနှင့်ချက်ချင်းပင် ကလီယိုပက်တရားအားနန်းတင်လိုက်လေသည်။ ကမ္ဘာကိုနှိမ်နင်းအောင်မြင်ခဲ့သော အောင်ပွဲ ရှင်ကေရာဇ်ဆီဇားခမျာမှာ မာယာရှင်ကလီယိုပက်တရား၏ အပါးကျွန်သဖွယ်ပြုစုရရှာလေတော့သည်။ အစေကလီယိုပက်တရားသည်ဆီဇာအား သူ့မောင်တော်တော်လမိအားကွပ်မျက်စေ၍ မိမိအားနန်းအပ်စေပြီးလျှင် အောင်ပွဲဆင်သည့်အနေနှင့် မင်္ဂလာဖောင်တော်ကြီးကိုစီးကာ သူတို့နှစ်ဦး သည် နိုင်းမြစ်တစ်လျှောက်တွင်အေးချမ်းစွာ စည်းစိမ်ခံစားကြလေသည်။

မင်္ဂလာဖောင်တော်ကြီးတွင် သက်ကျားအိုနှင့် ပျိုမေချော တို့သည် အချစ်စည်းစိမ်ကိုခံစားနေကြခိုက် သက်ကျားအိုသည် မိမိအောင်ပွဲရခဲ့သည့်အတိတ်ရာဇဝင်ကို ပြန်လည်သုံးသပ်ရင်းကျေနပ်နေသည်။ ပျိုမေချောမှာကား နောင်ရရှိမည့်အောင်ပွဲအရပ်ရပ်တို့ကိုမျှော်မှန်း၍ အနာဂတ်၏အရိပ်အရောင်တွင်တက်ကြွနေလေ သည်။ ယခုဆီဇာ၏အကူအညီဖြင့် အီဂျစ်ပြည်ပြည့်ရှင်ဘုရင်မ အဖြစ်သို့ရောက်ရပြီ။ မကြာမီပင် အချစ်သံ့ပန်းကြီးအား စေခိုင်း၍ ကမ္ဘာ့ထိပ်ခေါင်တင်မိဖုရားကြီးဖြစ်ရဦးမည်။ ယင်းသို့ နောင်အနာဂတ်အရေးသာလေအောင် ကလီယိုပက်တရားသည် ဆီဇာအားသံ ယောဇဉ်ကြိုးဖြင့်နှောင်သည့်အနေနှင့် သားတော်တစ်ပါးဖွားမြင် ပေးလိုက်သည်။

သူတို့နှစ်ဦးချစ်ကြည်နူးနေခိုက် ရောမမြို့တော်တွင် ဆူပူသောင်းကျန်းကြတော့သည်။ ဆီဇာအာဏာရှင်ဖြစ်သည်ကို မလိုလားမရှုစိမ့်သူများသည် ဆီဇာအားလုပ်ကြံရန်စည်းရုံးနေကြ သည်။ သူ့မိတ်ဆွေ၊ သူ့ဘက်တော်သားများကပင်လျှင် အီဂျစ်ပြည်မာယာသည်၏အချစ်ပိုက်ကွန်အတွင်း သက်ဆင်းနေ သည်ကိုမနှစ်မြို့မကျေနပ်ကြချေ။ သူ့အား

နောက်ဆုံး၌ ဆီဇာသည် မလွဲသာမတတ်သာသည့်အ လျောက် ကလီယိုပက်တရား၏ရင်ခွင်မှအနိုင်နိုင်ခွာထွက်၍ ရောမမြို့တော်သို့ပြန်လာခဲ့ရသည်။ ရောမမြို့တော်သို့ တိုက်ရိုက်ပြန်သည်

စစ်ဘုရင်ရင့်မာကြီးကမာယာသည်ကလီယို၏အချစ်သုံ့ပန်းအဖြစ် ပြန်လာရကောင်းလားဟူသော ပြစ်တင်မှုကိုသာရရှိမည် ကေန်သိ သဖြင့် ပြည်တော်ပြန်မျက်နှာလုအောင် ပွန်တပ်ပြည်ကလေးကိုချီ တက်၍ သိမ်းပိုက်လိုက်သေးသည်။

ရောမမြို့တော်သို့ရောက်ပြီးနောက် မကြာမီအတွင်း၌ပင် ဆီဇာသည် ကလီယို၏သံယောဇဉ်ကြောင့် မနေနိုင်တော့ဘဲ အီ ဂျစ်ဘုရင်မအား ရောမမြို့တော်သို့ လာရောက်စံနေပါရန်ဖိတ်ကြား လွှာပို့လိုက်လေသည်။ ကလီယိုရောက်လာသောအခါ တိုင်းဘားမြစ် ကိုဖြတ်ကျော်၍ဆောက်လုပ်ထားသော နန်းမဆောင်ကြီးတွင် စံနေ စေသည်။ သူသည် ကလီယိုအား ရောမထုံးစံအတိုင်း ထိမ်းမြားမင်္ဂ လာပြု၍ ဘိသိတ်ပွဲဆင်ယင်ကျင်းပပါမည်ဟုကတိပေး၏။ သူ့အဖို့ ကေရာဇ်အဖြစ် တိုင်းပြည်ကတင်မြှောက်ရန်သာလိုတော့သဖြင့် ကလီယိုမှာကြာရှည်စွာအနိမ့်စံရတော့မည်မဟုတ်ဟု ဆီဇာကနှစ် သိမ့်စေလေသည်။

ဆီဇာအားကေရာဇ်တစ်ဆူအဖြစ်ခံယူရန် အားပေးအား မြှောက်ပြုနေသူကလီယိုမှာ ဆီဇာကေရာဇ်ဖြစ်လာလျှင် သူသည် ကေရီမိဖုရားကြီးဖြစ်မည်။ နောက်မကြာမီပင်လျှင် ကမ္ဘာကြီး တစ်ခုလုံးကို စိုးမိုးအုပ်ချုပ်ရသော ကေရီဘုရင်မကြီး ဖြစ်နိုင်မည်ဟူ သောထင်ကြေးကြီးရှိလေတော့သည်။

သက်ကျားအိုဆီဇာမှာလည်း ကလီယို၏စေခိုင်းရာသို့ သွေမဖည်ဆောင်ရွက်နေရရှာသည်။ သူ့အဖိုနှင့်ကလီယိုအဖို့ ဘုရားကျောင်းဆောင်များတည်ဆောက်စေပြီးလျှင် သူနှင့်ကလီယို တို့အား ဘုရားတစ်ဆူဂူတစ်လုံးကိုးကွယ်ကြရန်အမိန့်ပေးလိုက်လေပြီ။

သက်ကျားအိုအာဏာရှင်ကြီးအား ကြိုးဆွဲနေသော အီဂျစ် မာယာသည်ကို ရောမပညာရှိကြီးများနှင့် အထက်တန်းအရာရှိကြီးများက အထူးပင်မုန်းတီးကြကုန်၏။ ထိုသို့ မုန်းတီးခြင်းသည် ဆီဇာအား ပျက်စီးရာလမ်းသို့အဆောတလျင်ပို့ဆောင်လျှက်ရှိလေသည်။

ဆီဇာ၏အာဏာအလွဲသုံးစားမှုကြောင့် တိုင်းပြည်လူထု မှာအထင်မှား၍ သူ့အားဘုရင်ဧကရာဇ်အဖြစ်သရဖူဆောင်း၍ ဘိသိတ်ခံယူစေခွင့်ပြုသည့်အခြေသို့ ဆိုက်ရောက်သွားပေတော့သည်။ မတ်လ ၁၅ရက်နေ့ ဘုရားပွဲတော်ကြီးကျင်းပရာဝယ် ဆီဇာ အားဧကရာဇ်မင်းအဖြစ် ဘိသိက်သွန်းလောင်းရန်စီစဉ်ထားကြ လေသည်။

ကလီယိုသည်ဆီဇာဧကရာဇ်ဖြစ်တော့မည့်အရေးကို တွေး၍စောင့်မျှော်ကာ စိတ်ခတ်တက်ကြွနေလေသည်။ ရင်တဖိုဖို ဖြစ်လွန်း၍ ရင်ဖိုသက်သာမှသက်သာစေတော့ဟူသောသဘော နှင့် သူသည် ကျွန်တစ်ယောက်အား ထုပ်တွင်ဖောက်ထိုးချည်စေပြီးလျှင်နိုပ်စက်နေလေသည်။ ယင်းကဲ့သို့ အာရုံပြောင်းအောင်ကြံ ဆောင်နေခိုက်၌ပင် သူသည်ရင်ကလေးတဖိုဖိုနှင့် အထက်လွှတ် တော်သို့ ကြွမြန်းသောဆီဇာထံမှသတင်းကောင်းကိုစောင့်မျှော်နေ လေသည်။

ညနေစောင်းတွင် ဆီဇာအကြောင်းသတင်းထူးတစ်ခုရရှိလေတော့သည်။ အာဏာရှင်ဆီဇာအား သရဖူဆက်၍မင်းအဖြစ် ဘိသိက်သွန်းခြင်းမပြုဘဲ နှစ်ဆယ့်သုံးချက်သောဓားဒဏ်ရာဖြင့် မသာလောင်းအဖြစ်သို့ရောက်စေသည်ဟူသောသတင်းပင်ဖြစ်ချေသည်။

အကြံပျက်၍အခြေမလှသောကလီယိုသည် ကပျာကယာနှင့်ပင် အီဂျစ်ပြည်သို့ ကြွမြန်းရရှာလေသည်။ အကြံပျက်သော်လည်းလက်မလျှော့သောကလီယိုသည် ဆီဇာကွယ်လွန်သည်ကို ချက်ချင်းပင်ဖြေဖျောက်မေ့လျော့လိုက်ပြီးလျှင် နောက်တက်လာသောဗိုလ်ဖြစ်သည့်မာခ့်အန်ထော်နီအား ဖမ်းစားရန်ကြိုးပမ်းပြန်လေသည်။ အန်ထော်နီမှာသက်ကျားအိုမဟုတ်၊ ငယ်ရွယ်သန်မာသူဖြစ်သည်။ လုပချော‌မော၍အချစ်ကိစ္စ၌ စိတ်အားထက်သန်သူဖြစ်လေရကား ကလီယိုအဖို့ကျေနပ်ဖွယ်သာရှိသည်။ ဧကရီမိဖုရားဖြစ်၍ ဘိသိက်အသွန်းခံရပါမူ မည်သူနှင့်ယှဉ်တွဲ၍ အသွန်းခံရသည်ဖြစ်စေ ကျေနပ်ဖွယ်သာဖြစ်တော့သည်ဟု သောဝါဒကို လက်စွဲပြုသောကလီယိုသည် အန်ထော်နီကို အချစ်သုံ့ ပန်းဖြစ်စေသည်။

အန်ထော်နီသည် ဆီဇာ၏တူတော်အောက်တေဗျနှင့်

လက်ပိဒတို့နှင့်တွဲဖက်၍ ရောမတိုင်းနိုင်ငံကို အာဏာရှင်သုံးဦးအဖြစ်စိုးမိုးအုပ်ချုပ်လေသည်။ ဆီဇာအားလုပ်ကြံပြီးသည့်နောက် ရောမတိုင်းတွင်ပြည်တွင်းစစ်ကြီးဖြစ်လေရာ လုပ်ကြံမှုသမားများ သည်နောက်ဆုံး၌အရေးနိမ့်၍ ဤသုံးဦးမှာအာဏာရကြလေတော့ သည်။

အန်ထော်နီသည်သေနာပတိမိုလ်ချုပ်ကြီးဖြစ်သည့်အလျောက် အရှေ့တိုင်းလက်နက်နိုင်ငံများသို့ သွားရောက်ကြည့်ရှုရသည်။ ထိုသို့နိုင်ငံလှည့်လည်ခိုက်တွင် ကလီယိုပ၏ပြုံးတွင်းသို့ကျ ရောက်ရလေတော့သည်။

အန်ထော်နီသည် အာဏာပိုင်တစ်ဦးအနေနှင့်အီဂျစ်ပြည် သို့ရောက်လျှင်ပင် ဘုရင်မကလီယိုအားဆင့်ခေါ်လိုက်လေသည်။ ကလီယိုက "တွေ့ချင်လျှင် ကျွန်မထံသို့ကြွခဲ့ပါ' ဟုဖိတ်ခေါ်လိုက် လေသည်။ အန်ထော်နီလည်းဘုရင်မ၏ဖိတ်ခေါ်ချက်ကို လက်ခံ၍ နန်းတော်သို့သွားလေရာ ချက်ချင်းပင်နတ်ဘုံနတ်နန်းသို့ရောက် သွားရသည်ဟုထင်ယောင်မိတော့သည်။ သာယာငြိမ့်ညောင်းသော တေးသံကြားတွင် သိမ်မွေ့စွာသွားလာ၍အသုံးတော်ခံနေသည့် နတ်မယ်လျှကလေးများကိုမြင်တွေ့ရသော စစ်သားသက်သက်လူကြမ်းကြီးအန်ထော်နီသည် ကလီယိုအားအာဏာသံပြင်းပြင်းနှင့် လက်အောက်ခံဘုရင်ကိုကြိမ်းမောင်းကြုံးဝါးရမည့်လေသံမျိုးကိုမေ့ပျောက်သွားကာ ကလီယို၏ရင်ခွင်တွင်းသို့ သက်ဆင်းရရှာတော့ သည်။

ဒီလအန်ထော်နီအား နှိမ်နင်းအောင်နိုင်ပြီးသည့်နောက်သုံးဦးစပ်အာဏာပိုင်မှုကိုမလိုလားဘဲ အန်ထော်နီက ကျန်အာဏာပိုင်နှစ်ဦးကိုတွန်းထုတ်သုတ်သင်ရန်တိုက်တွန်းလေသည်။ ကျန်နှစ်ဦးအနက် လက်ပိဒမှာမမှုလောက်ဖြစ်သော်လည်း ဆီဇာ၏တူတော် အောက်တေဖျံမှာ အတော်အရေးကြီးသူဖြစ်လေသည်။

အောက်တေဖျံအားသုတ်သင်လိုက်လျှင် အန်ထော်နီသည် ဘုရင်ကေရာဇ် ကလီယိုမှာကားကေရီမိဖုရားကြီးဖြစ်ရန်သေချာပေတော့ ဖြစ်၍ သည်။

ယင်းသို့ အရေးကြီးသောရန်သူကိုသုတ်သင်နိုင်ဖို့ကား လုံ့လဝီရိယရှိမှဖြစ်မည်။ အချစ်ရူးရူးနေသောအန်ထော်နီသည် တိုင်း ရေးပြည်ရေးကို မသုံးသပ်ဘဲ ကလီယို၏ရင်ခွင်၌သာအချိန်ကုန် နေသဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာအင်အားမကြီးသောသုံးဦးစပ် အာဏာရှင်တို့သည် တစ်ဦးအလစ်တွင်တစ်ဦးကမကောင်းကြံကြသည့်အလျောက် အောက်တေပျံသည်အန်ထော်နီအား သုတ်သင် ရန်စီစဉ်လေသည်။

အောက်တေဖျံမှာ ကိုယ်လုံးကိုယ်ထည်ပိန်ပါး၍ ညစ်ပတ်လှပေသည်။

နိုင်ငံရေးသမားပီပီ စိတ်ထားညစ်ပတ်ရုံသာမက တစ်သက်လုံးတွင်မှတ်မှတ်ရရ ရေတစ်ခါမျှမချိုးဖူးသဖြင့် ကိုယ်လည်း ညစ်ပတ်ချေသေး၏။ ရက်စက်မှု၌လည်း သူမတူဖြစ်သည်နှင့်အကျွံ ဆဲရေးတိုင်းထွာမှု၌လည်းသူတကာထက်သာပေသည်။ အောက်တေပုံသည်အန်ထော်နီအား ရန်စဖို့အချက် ကောင်းရှာနေခဲ့ရာ တစ်နေ့သ၌တွေ့လေသည်။ အန်ထော်နီသည် အောက်တေပုံ၏ နှမကို ယူထားသဖြင့် ယခု ကလီယိုနှင့်ယှဉ်တွဲကာ သူ့နှမကိုပစ်ထားရပါမို့လားဟူသော မောင်ကောင်းတို့ဖြစ်အပ် သည့်ဒေါသမျိုးကိုဗန်းပြကာရန်စလေသည်။

ထိုမျှမကသေး အောက်တေဗျံက အန်ထော်နီသည် အီဂျစ် မာယာသည်အားရောမပြည်ကြီးကိုရောင်းစားနေသည်ဟူသော ကြီးလေးသောသစ္စာဖောက်မှုကြီးဖြင့်စွဲဆိုကာ ရောမလွှတ်တော်၏ ခွင့်ပြုချက်ကိုယူ၍ အီဂျစ်ပြည်ရှိအန်ထော်နီအား တိုက်ခိုက်ရန်ရေတပ် နှင့်ကိုယ်တိုင်ချီတက်လေသည်။ အချစ်နတ်ဖမ်းစားခြင်းခံနေရသော အန်ထော်နီသည် အောက်တေဗျံကိုအထင်သေးသည့်အလျောက် အီဂျစ်ရေတပ်နှင့်ခံတိုက်ရန်အသင့်စောင့်လျက်ရှိသည်။ အနိုင်သေချာသည်ဟု အထင်ကြီးနေသော အန်ထော်နီနှင့်ကလီယိုတို့သည် စစ်ပွဲမစခင်ကပင်ပမာဏအောင်ပွဲကျင်းပကြလေသည်။

စစ်ပွဲစပြီးသည့်နောက် မကြာမီပင်လျှင် အန်ထော်နီတို့ ဘက်မှအရေးနိမ့်ကာ အန်ထော်နီကိုယ်တိုင် သုံ့ပန်းဖြစ်ရရှာသည်။

အန်ထော်နီ၏ကံဇာတာကုန်ခမ်းသော်လည်း မိမိ၏ကံသ တာမကုန်နိုင်သေးဟုအထင်ကြီးရှာသောကလီယိုသည် အောက်တေဗျအားချစ်သုံ့ပန်းအဖြစ်ဖမ်းယူရန်အစဉ်အလာအတိုင်း ကြိုးအောက်စားလေသည်။ သို့ရာတွင် ကလီယို၏ကံဇာတာမှာ အကယ်ပင် ကုန်ခမ်းလေပြီ။ သူ့အလှမှာကား သူသတိမမူခင်ကပင် လျှော့ဆင်း လျက်ရှိလေပြီ။ အောက်တေဖျံမှာ အင်အားကုန်ခမ်းလျှင် ရက်စက်မှုမျှသာရှိသောပုဂ္ဂိုလ်မျိုးဖြစ်သဖြင့် ကာမဂုဏ်ပိုက်ကွန်တွင်းသို့မ ကျရောက်နိုင်ပေ။ ကလီယိုအား ရောမမြို့တော်သို့ခေါ်သွားဖို့ကား အောက်တေဗျကသဘောတူပါ၏။ သို့သော်မည်သည့်အဖြစ်နှင့်ခေါ်သွားမည်နည်း။ ဇနီးအဖြစ်မဟုတ်၊ ကျေးကျွန်သုံ့ပန်းအဖြစ်ခေါ်မည်ဆိုခြင်းပင်တည်း။ အချစ်သုံ့ပန်းအဖြစ်နှင့်ဖမ်းရန် ကြိုးပမ်းသောကလီယိုသည်စစ်သုံ့ပန်းဖြစ်ရချေတော့သည်။

အောက်တေဖျံကဲ့သို့မြွေဟောက်နှင့်တူသူ၏ လက်တွင်းသို့ ကျရောက်ရမည့်အစား သူ့ နှုတ်ခမ်းကလေးကို မြွေပွေးတစ်ကောင်း၏လျှာနှင့်အနမ်းခံတော့မည်ဟူသောအကြံဖြင့်

ယင်းသဲကန္တာရအ ဆိပ်ပြင်းမြွေတစ်ကောင်ကို
ထောင်ခန်းတွင်းသို့ခိုးသွင်းလာစေပြီးလျှင်
၄င်းမြွေ၏အနမ်းကိုခံယူ၍အဆုံးစီရင်လိုက်လေသည်။

* ဂျော့-ဂေါဒန်-ဘိုင်ရွန်

သူသည်ငယ်ငယ်ကလေးကတည်းက ဒေါသစွမ်းပြလေသည်။ သူ့အင်္ကျီရှည်ကလေးကိုရွှံ့ပေသွားသဖြင့် နို့ထိန်းကသူ့အား ကြိမ်းမောင်းသည်တွင် သူ့ကို ကြိမ်းရပါမို့လားဟူသောသဘောနှင့် ဒေါသအမျက်ခြောင်းခြောင်းထွက်လေတော့သည်။ သူသည် ရွှံ့ပေသွားသောသူ့အင်္ကျီရှည်ကလေးကိုအမွှာမွှာဖြစ်အောင် ဆုတ်ပစ်လိုက်ပြီးလျှင် နို့ထိန်းကို သူ့လက်သီးသေးကလေးနှင့် အကြိမ်ကြိမ် ထိုးသည်။ လက်သည်းများဖြင့်လည်းကုတ်သေးသည်။ နောက်ဆုံး၌ နို့ထိန်းသည် သူ့ဒဏ်ကိုမခံနိုင်သဖြင့် ထွက်ပြေးရလေတော့၏။ လူမမည်အရွယ်တွင် ဒေါသအကြီးအကျယ်ဖြစ်ပြီး ခုနစ် ကြိမ်တိတိ ထိုးကြိတ်ရန်ဖြစ်ဖူးသည်။ ခြောက်ကြိမ်အနိုင်ရသည်။ ဒေါသကြီးသည့်သဘောမှာမိဘရိုးရာဖြစ်တတ်ရာ ဘိုင်ရွန်အဖို့ ထိုအမွေကလေးကို သူ့မိဘနှစ်ဖက်လုံးထံမှရလိုက်ချေသည်။ သူ့ဦးကြီးမှာအရက်ဆိုင်တွင်ရန်ဖြစ်ရင်းအသတ်ခံရသည်။ သူ့ဖခင်သည် ပထမမိန်းမနှင့်ခိုးပြေးပြီးနောက် မကြာမီ ဒုတိယမိန်းမနှင့်ပထမမိန်းမထံမှထွက်ပြေးလေသည်။ ဒုတိယမိန်းမမှာ ဘိုင်ရွန်၏မိခင်ဖြစ်သည်။ သူ့မိခင်၏ဒေါသမှာလည်း သူ့ဒေါသနှင့်မခြားနားလှပေ။ ဒေါသဖြစ်လျှင် အဝတ်အစားတို့ကို ဆုတ်ပစ်တတ်သည်။ တစ်ခါ၌လည်း ဘိုင်ရွန်က ဆော့လွန်း၍ “ဟဲ့ . . . အကျိုးက လေး” ဟုဆိုကာ ပန်းအိုးနှင့်ပေါက်ဖူးသည်။ သူ့မိခင်ကပန်းအိုးနှင့် ပေါက်သည်ကိုစိတ်မဆိုး၊ အကျိုးကလေးဟုဆိုသည်ကို မထိန်းသိမ်း နိုင်အောင်ဒေါသဖြစ်သဖြင့် ဘိုင်ရွန်က သူ့ကိုယ်သူသတ်သေရန် ဓားနှင့်လည်ကိုလှီးမည်ပြုရာ အားလုံးကအတော်ပင်ဆွဲလိုက်ကြရသေးသည်။ တစ်ခါကလည်းသားအမိရန်ဖြစ်ရာ တစ်ယောက်က တစ်ယောက်အား သူ့ကိုယ်သူအဆိပ်စားပြီးသေလိုက်မည်ဟု ကြုံးဝါးလေသည်။ နောက်ဒေါသပြေသောအခါ တစ်ယောက်ကတစ် ယောက်ကိုစိုးရိမ်သဖြင့် ပရဆေးဆိုင်သို့သွားပြီးလျှင် အမေကသူ့ သားအဆိပ်ဝယ်သွားသလားဟုစုံစမ်းသည်။ သားကလည်း သူ့အ မေအဆိပ်ဝယ်သွားသလားဟုစုံစမ်းလာပြန်သည်။

ဘိုင်ရွန်သည် ဒေါသကုမာရကလေးပင် ဖြစ်သော်လည်း သူ့စိတ်ရင်း၌ အေးချမ်းသိမ်မွေ့လှပေသည်။ ကရုဏာတရား ။ ကြီးမားလှပေသည်။ သူကျောင်းသို့ရောက်သွားပြီး မကြာမီပင်လျှင် ကျောင်းသားကြီးတစ်ယောက်က ကျောင်းသားလေးတစ်ယောက်အား ကြီးနိုင်ငယ်ညှဉ်းသဘောနှင့် လက်ဝါးကိုရိုက်နှက်နေသည်ကို တွေ့ရလေရာ သူကဝင်ပြီးကျောင်းသားကြီးအား “ခင်ဗျားသူ့ကို ဘယ်နှစ်ချက်ရိုက်မလို့လဲ' ဟုမေးလေသည်။

"ဘယ်နှစ်ချက်ရိုက်ရိုက်မင်းဘာမှဝင်မေးစရာမရှိပါဘူးဟု ကျောင်းသားကြီးက သူ့ကိုရန်စလာသည်အောက်မေ့ပြီးပြန် ပြောလိုက်သည်။

"အိုး . . . ကျွန်တော်မေးတာက သူ့ကိုရိုက်မဲ့ ရိုက်ချက်ရဲ့ တစ်ဝက်ကို ကျွန်တော်ဝင်ခံချင်လို့ပါ'ဟု သူ့လက်ဝါးကိုဖြန့်ပေး ရင်းလေအေးကလေးနှင့်ဆိုလိုက်သည်။

ဒေါသစိတ်နှင့် ကြင်နာစိတ်ရောပြွမ်းလျက်ရှိသော ဘိုင်ရွန်၏သန္တာန်ဝယ် ချစ်စိတ်သည်လည်းပြင်းထန်စွာရှိလေသည်။ အသက်ရှစ်နှစ်မျှသာရှိသေးသောဘိုင်ရွန်၌ရည်းစားရှိလေပြီ။ သူ့ရည်း စားသည်သူ့ထက်အတော်ကြီးသည့် မိန်းမပျိုဖြစ်ရကား မကြာမီ ဘိုင်ရွန်မှာ ချစ်ဒုက္ခ အခြားတစ်ယောက်နှင့်လက်ထပ်သွားလေရာ ကိုပြင်းပြစွာခံစားရရှာသည်။ "ကျွန်တော်သူ့ကိုစွဲတဲ့အာရုံဟာဘယ် လောက်ပြင်းသလဲဆိုရင် သူလင်ယူသွားပြီကြားတာနဲ့ ဒေါသ ဖြစ်လွန်းလို့ တက်သွားတယ်'ဟု ဘိုင်ရွန်က သူ့ အချစ်ဇာတ်ကိုခင်း စဉ် ဖွင့်ဟဝန်ခံဖူးလေသည်။

ချစ်ပြီးရင်လည်းချစ်ချင်တယ်ဆိုသောတေးသွားကို တစ်နည်းအားဖြင့် လက်တွေ့ သုံးသပ်သည့်ဘိုင်ရွန်မှာ ချစ်သူတစ်ဦးကို ချစ်ပြီးသည့်နောက် သူကိုပစ်၍လင်နောက်လိုက်သွားလျှင်ပင် အ ခြားပျိုမေချောတစ်ယောက်ကိုအချစ်ဆက်လိုက်ပြန်လေသည်။ သက်ဆယ့်နှစ်နှစ်အရွယ်တွင် ဘိုင်ရွန်သည် သူ့နှမဝမ်းကွဲမာဂရက်ပါကားကိုချစ်ပြန်တော့သည်။ မာဂရက်ခမျာမှာ ချစ်ဦးပျိုကဲ့သို့ သူ့ကိုစိမ်းကားသွားသည်မဟုတ်သော်လည်း ချောင်းဆိုးသွေးပါ ရောဂါနှင့်မကြာခင်သေဆုံးသဖြင့် သူ့ကိုဒုတိယအကြိမ်ချစ်ဒုက္ခ ရောက်စေပြန်လေသည်။ ဤအကြိမ်၌ကား ပထမအကြိမ်ထက်ပင် ဆိုးဝါးပြင်းထန်သောဝေဒနာကို ခံစားရရှာသည်။ ဘိုင်ရွန်သည် ချစ်နှမမာဂရက်နှင့်အတူ သေရွာသို့သွားရခါနီးအခြေသို့ဆိုက် ရောက်လေတော့သည်။

၄၉ဘိုင်ရွန်မှာ စိတ်ဒုက္ခကို ခံနိုင်ရည်ရှိသူမဟုတ်ချေ။ ကိုယ်ဒုက္ခကိုခံနိုင်သောသတ္တိကား သူ၌ထူးထူးခြားခြားရှိပေသည်။ ဘိုင်ရွန်သည် မွေးကတည်းကခြေထောက်ခွင်၍လူချင်းမတူရှာချေ။ ထို အခြင်းအရာကိုသူ ကျောင်းဆရာကသနားသည်ဟုပြောလိုက်သည်တွင် သူသည် ဒေါသကြီးကာ "ဆရာ ကျွန်တော် ခြေကျိုးတာ ကျွန်တော်တောင်မှခံနိုင်သေးတာ၊ ဆရာကဝင်ပြီးသနားနေဖို့ မလိုပါဘူး'ဟု ပြောင်ပြောင်တင်းတင်း ပြောလိုက်လေသည်။ တော့သူ ၌မာန တောင်လိုမောက်လျက်ရှိချေသည်။ ခြေမသန် သည်ကို အငြိုးထားဟန်ဖြင့် သူသည် သူ့ကိုယ်ကာယအစိတ်အပိုင်း တို့ကို

သန်မာကြံ့ခိုင်အောင်အထူးဂရုပြု၍ ကြိုးစားသည်။ ကိုယ်လက်ကြံ့ခိုင်ရေးသာမဟုတ်၊ မြင်းစီးခြင်း၊ လက်ဝှေ့ထိုးခြင်း၊ နပန်းသတ်ခြင်း၊ ဓားချင်းယှဉ်ခုတ်ခြင်း၊ သေနတ်ချင်းယှဉ်ပစ်ခြင်း၊ ရေကူးခြင်းစသည့်အလုပ်များတွင်လည်းကျင်လည်အောင် လေ့ကျင့်ထား လေသည်။ ဘိုင်ရွန်သည် သူ့ခေတ်က တော်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အင်္ဂလန်ပြည်တွင်ရေကူးအ

သူ့ရုပ်ရည်မှာလည်း ပြောစမှတ်ပြုလောက်အောင် လှပခံ့ညားပေသည်။ ခြေကလေးခပ်ဆာဆာဖြစ်သည့် အရုပ်ဆိုးမှုကလေးမှအပ သူ့ရုပ်ရည်သည် မိန်းမတို့စွဲမက်လောက်သောရုပ်ရည်ပင် တည်း။ အမှန်မှာလည်း ဘိုင်ရွန်သည် ဣတ္ထိမှော်အောင်သူတစ်ဦး ဖြစ်ပေသည်။ သူ့ အပြုံးကလေးမှာသူ့ကိုမြင်တွေ့ရသော မိန်းမတို့ ၏နှလုံးသားကို လေခပ်စေသည်။ သူ ့နှာခေါင်းမှာ အထက်တန်းစားပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းပေါ်လွင်စေသည်။ သူ့မျက်လုံးပြာကလေးများမှာကြည်လင်၍အသရေကိုဆောင်လျက်ရှိသည်။ သူ့အသားမှာလရောင်ကဲ့သို့ဖြူဖွေးကြည်လင်လျက်ရှိပေသည်။ ဆိုစရာရှိသည်မှာသူ့ခြေထောက်သာတည်း။ ဘိုင်ရွန်က သူ့ခြေထောက်ကို အလွန်မုန်းဟန်ရှိသည်။ “ဒီခြေထောက်ဟာ သူရဲခြေထောက်ဗျ'ဟု သူ့ကိုယ်သူရှုတ်ချလေ့ရှိသည်။

ဘိုင်ရွန်သည် သူ့ခြေထောက်ကိုကြည့်၍ သနားသူအားရန်သူကြီးသဖွယ်မုန်းတီး၍ဒေါသဖြစ်သလောက် သူ့ရုပ်ရည်ကို ကြည့်၍ချီးကျူးစွဲမက်သူအားနှစ်သက်လေသည်။ သူသည် ကိုယ်အလုပျက်မည်ကိုအလွန်အမင်းစိုးရိမ်လှသည်။ ဝ၍အလုပျက်မည် စိုးသဖြင့် ဘီစကွတ်မုန့်ကလေးနှစ်ချပ်သုံးချပ်မျှစားကာရေနှင့်မျို ချပြီး အစားအသောက်မစားဘဲနေခဲ့သည်မှာများလှလေပြီ။ ယင်းသို့ခြိုးခြံသော်လည်း စိတ်ကိုမထိန်းနိုင်သည့်အခါများ၌ ညနေ ခြောက်နာရီလောက်မှ သန်းခေါင်အထိ အစားအသောက်ကို အဝ အပြဲစား၍ အရက်ကိုသွက်သွက်ခါအောင်သောက်လေ့ရှိလေသည်။ ချိန်ခွင်လျှာမမှန်သည့်သူ သဘောမှာ သူ၌ပြင်းထန်သော

ဆန့်ကျင်ဘက်စိတ်များ ရှိနေသောကြောင့်ပင်ဖြစ်သည်။ ထိုပြင်းထန်သောစိတ်အသွယ်သွယ်၏ အဟုန်ကြောင့် သူ ့စိတ်ကူးဉာဏ်သည်ထက်သန်ကွန့်မြူးလျက်ရှိပေသည်။ စိတ်ကူးဉာဏ်ကွန့်မြူးခြင်း ကြောင့်လည်း သူစပ်ဆိုသောကဗျာများမှာ ထူးခြားထွန်းကားပါပေ သည်။ သူ့အားဝေဖန်သူတစ်ဦးက “နတ်ကလောင် အအပ်ခံရတဲ့အ ရူး’ဟုခေါ်လေသည်။ ထိုဝေဖန်သူ၏ဘွဲ့နာမသည်ဘိုင်ရွန်နှင့်ထိုက် တန်လှပေသည်။ ဘိုင်ရွန်ကလည်း သူ၏အရူးဆုံး အကောင်းဆုံး နှလုံးနာစရာအကောင်းဆုံးဖြစ်သည့် ‘ဒွန်ဟူအင်’

လက်ာကြီးတွင် ကျွန်ုပ်သည် ဤကဗျာကို သွက်သွက်ချာအောင် အရက်မူးနေခိုက် ရေးစပ်ပေသည်' ဟုဆိုထားလေသည်။

ဘိုင်ရွန်သည် "ထရိနိတိ' ကောလိပ်တွင် စာသင်နေခိုက် 'ပျင်းသည့်အခါ" အမည်နှင့် ကဗျာစာအုပ်တစ်အုပ်ကို ရေး၍ထုတ် ဝေရာ သူ့စာအုပ်မှာ သူ့ ထင်ကြေးနှင့်မကိုက်ဘဲလူကြိုက်နည်းလေ သည်။ ဝေဖန်သူများက "လိုသေးသည်၊ ညံ့သေးသည်၊ လက်သင်စ ဖြစ်၍ အဆင့်အတန်းမရှိ' ဟူသောစီရင်ချက်ကို အသီးသီးချကြလေ ရာ ဘိုင်ရွန်မှာ သူ့ အားကဲ့ရဲ့ ရကောင်းလားဟူသောသဘောနှင့်မာန ကြောင့် ဒေါသဖြစ်၍နေရှာလေသည်။

သည် ဒေါသဖြစ်စေသောစာဆိုသည် မိမိကိုယ်ပိုင်လက်နက် ဖြစ်သောကလောင်ကိုကိုင်၍ ရန်သူကိုကလောင်ဖြင့် တိုက်ခိုက်သည်မှာ ဓမ္မတာသဘောတရားမျှသာဖြစ်သည်။ ဘိုင်ရွန်လည်း ဝေဖန်သူတို့ကိုပြန်ဆော်သည့်အနေနှင့် 'အင်္ဂလိပ်စာဆိုများနှင့် စကော့တလန်ဝေဖန်ရေးစာဆိုတို' ဟူသော ခေါင်းစဉ်ရှည်ကြီးတပ် ကာရကန်တစ်ပုဒ်ကိုရေး၍ ဝေဖန်သူ 'အရူးအမိုက်' တို့အကြောင်း ကိုစာစပ်၍ ရေးလိုက်သည်။ ဘိုင်ရွန်သည် ဝေဖန်သူများအား အစွမ်းကုန်ဆဲဆိုလိုက်ရရုံနှင့်ဒေါသမပြေသေးဘဲ အင်္ဂလန်ပြည်တွင်မ နေလိုသဖြင့် ဥရောပတိုက်သို့ခရီးထွက်လေတော့သည်။

ဒေါသကိုပျော်မှုပါးမှုနှင့်ဖြေဖျောက်လေသည်။ ဥရောပ တိုက်၌ဘိုင်ရွန်သည် အတော်ပင်သောင်းကျန်းလိုက်ပေသည်။ သောင်းကျန်းသည်မှာတော်တော်၊ သူကပိုပိုမိုမိုဖော်၍ရေးထား သည်။ သူ့ကိုယ်သူလူသရမ်းကြီးဖြစ်အောင်ရေးထားသည်။ သူမလုပ်ဖူးသည့် မကောင်းမှုဟူ၍ တစ်ခုသာလိုတော့သည်။ ယင်းမှာလူ သတ်ခြင်းပင်ဖြစ်သည်ဟုဆိုသည်။ လူသတ်သမားမလုပ်လိုက်ရ

သည့်အတွက် မကျေမနပ်ဖြစ်ဟန်ရေးသားထားလေသည်။ ဘိုင်ရွန်မှာအကြွားသန်သူဖြစ်သည်။ သူသည် လောက တစ်ခုလုံး၌အဆိုးဆုံးလူတစ်ယောက်ဟူသောအမည်၊ အတော်ဆုံး စာဆိုဟူသောအမည် ထိုအမည်နှစ်မျိုးကိုခံယူချင်လွန်းလှသဖြင့် မကောင်းမှုအစုစုကိုအားပါးတရပြုကျင့် သည်နှင့်အမျှ ကဗျာ လက်ာကိုလည်းဖွဲ့သန်သန်နှင့်ပြုစုရေးသားလေသည်။

သူသည် ဥရောပတစ်ခွင်တွင် ထင်ရာလျှောက်လုပ်ပြီးနောက် သူလုပ်ခဲ့သမျှကို အပိုအမိုနှောကာ စီကုံးစပ်ဆိုသော "ချိုင်း ဟာရိုး' အမည်တပ်လက်ာရှည်ကြီးတစ်ပုဒ်ရေးပြီးလျှင် အင်္ဂလန် ပြည်သို့ပြန်၍ ထုတ်ဝေလေသည်။ သူအကြွားပိုထားသောလက်ာ ရှည်ကြီးမှာ

အကြွားပိုသလောက်လည်းဖတ်၍စွဲမက်ဖွယ်ဖြစ်ပေ သည်။ ထို့ကြောင့် သူ့ကဗျာစာအုပ်သည် အုပ်ရေထောင်သောင်း မကရောင်းရပြီးလျှင် ဘိုင်ရွန်ဟူသောအမည်မှာ စာပေလောက တွင်ဝင်းခနဲပေါ်လာသောကြယ်တံခွန်ကြီးသဖွယ်ဖြစ်လာပေတော့သည်။

ယင်းသို့ ကျော်စောမှုရသည့်အတွက်ဘိုင်ရွန်သည် အလွန် အမင်းကျေနပ်ဝမ်းမြောက်နေလေသည်။

"ကျုပ်ဟာနေ့ချင်းညချင်းကျော်စောလာတာပဲ" ဟုကြွားလိုက်လေသည်။ သူသည်လူထုကိုမုန်း၏။ သို့ သော်လူထုကြီး၏ ချီးကျူးထောမနာပြုမှုကိုအလွန်အမင်းလိုလားချေ သည်။

ဖြုန်းခနဲနာမည်ကျော်လာသောဘိုင်ရွန်သည် နာမည်ကျော်သည်ထက်ကျော်အောင် လုပ်လိုက်ပြန်သည်။ သူသည်အိမ် ထောင်ပြုလိုက်သည်။

ဘိုင်ရွန်ကဲ့သို့ပုဂ္ဂိုလ်မျိုးသည် အိုးနှင့်အိမ်နှင့်တန်သူမဟုတ်။ သူ့ဇနီးမှာသာမန်မိန်းမတစ်ဦးမျှသာဖြစ်သည်။ ထို့ကြောင့် မင်္ဂလာဆောင်ပြီးသည်နှင့်တစ်ပြိုင်နက် မင်္ဂလာခရီးထွက်ရန်ရထား ပေါ်တွင်သူတို့နှစ်ယောက်ယှဉ်၍စီးကြသည်တွင် ဘိုင်ရွန်က'မင်းအခု ငါ့မယားဖြစ်လို့ ငါလွတ်လွတ်လပ်လပ်မင်းကိုမုန်းနိုင်ပြီ၊ တကယ်လို့သာ မင်းဟာသူများမယားဆိုရင် ငါမင်းကိုချစ်ဦးမှာပဲ" ဟုပြောလိုက်ရာ ဇနီးခမျာမှာနားမလည်ရှာချေ။ ပညာဗဟုသုတရှိသူမ ဟုတ်၊ အိမ်ရှင်မပီပီ ရိုးရိုးကလေးနေဖို့ရည်ရွယ်ကာအိမ်ထောင်ပြု လိုက်သောဇနီးသည်သည် သူ့ခင်ပွန်းအား ကြောင်၍ ကြည့်နေသည်။ သူ့ခင်ပွန်း၏စကားအဓိပ္ပာယ်ကို နားမလည်ရှာဘဲ "ဒီလူရူး များရူးနေပြီလား'ဟုအောက်မေ့မိတော့သည်။ ဆရာဝန်ကိုခေါ်၍ စမ်းသပ်စေသောအခါ ဆရာဝန်က "ခင်ဗျားခင်ပွန်းမရူးပါဘူး" ဟု ဆိုလေသည်။

နောက်များမကြာမီပင်လျှင် သူ့ဇနီးသည်သူနှင့်ပေါင်း၍ မဖြစ်နိုင်သဖြင့် မိဘ၏အုပ်ထိန်းခြင်းအတွင်းသို့ ပြန်ဝင်ရရှာလေသည်။ မယားနှင့်ကွဲပြီးသည့်နောက် ဘိုင်ရွန်အား လူအပေါင်းက ရှောင်ကြဉ်ကြလေသည်။ ဘိုင်ရွန်က သူ့သောင်းကျန်းမှုများကို မြိန်ရေရှက်ရေဖော်နေသဖြင့် လူထုကနားရှက်သောကြောင့် သူ့ကို ကြဉ်ကြသည်။ အင်္ဂလိပ်လူမျိုးသည် အရှက်ကြီးသောလူမျိုးဖြစ်သည်။ ရှေးကျသောစိတ်မျိုးလည်းရှိသည်။ စာရိတ္တသောင်းကျန်းမှု ပြုလိုကမနေနိုင်လျှင်ပြုပါစေ၊ သို့သော်သောင်းကျန်းမှုကို စာဖွဲ့၍ လူကြားမကောင်းသူကြားမကောင်းအောင်ကြေညာသည်မှာ မသင့် သောပြုမှုချက်ဖြစ်သည်။ ထို့ကြောင့် ဘိုင်ရွန်သွားလေရာတွင်

လူအများရှောင်ကြရှားကြကုန်၏။ ကပွဲခန်းထဲသို့ ဘိုင်ရွန်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ယောကျ်ားများက မိမိတို့၏ဇနီးတို့ကို ပြင်သို့ခေါ်ထုတ်သွားကြသည်။ ဘိုင်ရွန်အား အနူထက်ပင်ကြောက် ရွံ့ရွံ့ရှာလေတော့သည်။ ဘိုင်ရွန်ကလည်း ထိုမျက်နှာကြီးများကို ခွေးထက်ပင်အထင်သေးချေသေး၏။ အပေါ်ယံရှေ့မှုန်ကြဲ၍ အထဲ၌ စာရိတ္တခြစားသောနောက်ချေးခံများဖြစ်ကြောင်းသိသဖြင့် ဘိုင်ရွန်ကသူတို့အား သူတို့ကဘိုင်ရွန်ကိုရွံသည်ထက်ပင်ပို၍ ရွံသေးတော့ သည်။

နောက်ဆုံး၌ ဘိုင်ရွန်သည် သူ့ကိုဆေးဖော်ကြောဖက်မ ပြုသည့် အင်္ဂလိပ်တို့နေထိုင်ရာအင်္ဂလန်ပြည်ကြီးကိုစိတ်အနာကြီး နာ၍ ထွက်သွားလေသည်။ တစ်ခါက ဝေဖန်ရေးဆရာတို့ကို စိတ်နာ၍ ဥရောပတိုက်သို့ထွက်သွားသည့်အခါကမူ တစ်ခေါက်တစ် ကျင်းပြန်၍လာပေသေးသည်။ ယခုအကြိမ်၌မူကား သူသည် အင်္ဂထ လန်ပြည်သို့တစ်သက်ပတ်လုံးခြေဦးမလှည့်တော့ချေ။

သူအင်္ဂလန်ပြည်ကထွက်ခွာခြင်းသည် အရေးကြီးသော သတင်းတစ်ရပ်ဖြစ်လေသည်။ သူသင်္ဘောပေါ်သို့ တက်သွားသည် ကိုလိုက်၍ကြည့်သည့်လူထုကြီးကားအတော်ပင်ကြီးလှသည်။

ယောကျ်ားများကမူ သူတို့၏မိန်းမများကို အခါအခွင့်သင့်လျှင် ကြာခိုကောင်းခိုမည့် သတ္တဝါတစ်ယောက်တော့သွားရှာပြီဟူ သောစိတ်ပေါ့သွားဟန်ဖြင့် သူ့ကိုမျက်စုံစိုက်၍ကြည့်နေကြသည်။ မိန်းမများမှာမူ မိမိတို့၏ ခင်ပွန်းကို ကြောက်ရသဖြင့် ပွင့်ပွင့်လင်း လင်းသွား၍မကြည့်ဝံ့ကြသည့်အလျောက် မိမိတို့၏ အစေခံများထံမှ အဝတ်အစားငှားကာ အစေခံမများသဖွယ်မထင်မရှားသွား၍လူ တောထဲမှတိုးကာ မိန်းမကြိုက်လှသည့်ဘိုင်ရွန်ဆိုသည့် သတ္တဝါကိုပြူ၍ကြည့်ကြလေသည်။ ယင်းသို့ကြည့်ကြသည့် မိန်းမများထဲမှ အချို့ကလည်းသူ့ကိုသနား၍ ဖိဖိစီးစီးပြုပြုပြင်ပြင်လုပ်ပေးချင်လှသည်။ အချို့၌လည်း 'သူ့လိုလူမျိုးဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်၊ တစ်ခါလောက်တွေ့ချင်စမ်းပါဘိ' ဟူသော ချင်ခြင်းကလေး သိုးသိုး ညံ့ဖြစ်လာလေသည်။

ဘိုင်ရွန်စီးသွားသောသင်္ဘောမှာ လမ်းတွင်မုန်တိုင်းနှင့်ကြုံလေသည်။ ဘိုင်ရွန်ကအားရပါးရရယ်မောပြီးလျှင် ခရီးသည် အချို့အား "ဒါကျုပ်ကြောင့်ဗျ၊ ကျုပ်တို့ကမျိုးနဲ့ရိုးနဲ့ပဲ၊ ကျုပ်အဘိုးဟာ ရေကြောင်းဗိုလ်ကြီးပေါ့၊ သူစီးသွားတဲ့သင်္ဘောတိုင်း မုန်တိုင်းနဲ့တွေ့တာချည်းပဲ၊ သူသွားလေရာမှာအရာရာနဲ့အကြောင်းကြောင်းချည်းပဲ' ဟုဆိုလေသည်။ ခရီးသည်တို့မှာ သူ့ကြွားလုံးကိုဂရုစိုက် နားထောင်မနေအားကြရှာချေ။ မုန်တိုင်းသည် တဖြည်းဖြည်းထန်လာပြီးလျှင် သင်္ဘောသည်မြုပ်လုနီးဖြစ်နေသည်။

အချို့ကခါးက ပုတီးထုတ်၍ သွေးရှူးသွေးတန်း စိပ်နေကြလေပြီ။ အားလုံးပင် ကြောက်စိတ်မွှန်၍ နေကြကုန်၏။ တစ်သင်္ဘောလုံး၌မကြောက်သူ တစ်ဦးသာပါရှိသည်။ ယင်းသည်ကားဘိုင်ရွန်ပင်ဖြစ်သည်။ "လူဆို တာသေရမှာချည်းပဲ၊ကျုပ်တော့သေရမှာမကြောက်ပါဘူး၊ လူ့ဘဝ မှာဆက်နေပြီးလုပ်ချင်တာတွေမလုပ်ရသေးဘဲသေသွားရမှာမို့ ဝမ်းနည်းတာတစ်ခုပဲရှိပါတယ်'ဟု လေအေးကလေးနှင့်ဆိုလိုက်သည်။ သို့ရာတွင် ဘိုင်ရွန်မှာ တကယ်တမ်းဝမ်းနည်းစရာမကြုံရချေ။ သင်္ဘောသည် မုန်တိုင်းကိုကျော်၍ ပြင်သစ်ပြည်မြို့ကလေး သို့ရောက်သွားလေသည်။ များမကြာမီပင် သူသည် အီတလီပြည် ဂျနိုဗားမြို့သို့ ရောက်သွားပြန်သည်။ တည်းခိုသည့်ဟိုတယ်တွင် ဧည့် သည်စာရင်းစာအုပ်ထဲ၌ "အသက်" ဟူသောဇယားကွက်တွင် "တစ် ရာ' ဟုရေးထည့်လိုက်လေသည်။

ဘိုင်ရွန်မှာစာဆိုတော်အဖြစ် နာမည်ကျော်ရုံသာမကသေး၊ ကြာခိုအဖြစ်လည်းအထူးပင်ကျော်ကြားသူဖြစ်ရကား ဟိုတယ်တွင် သူ့ကိုလာကြည့်သူများလှစွာ၏။ ဘိုင်ရွန်မှာ သူ့ကိုလာ ရောက်ဖူးမြော်သူတို ့ကိုဂရုမစိုက်နိုင်ပေ။ သို့ရာတွင် သူဂရုစိုက်ရ မည့်သူကလေးရှိနေလေသည်။ သူနှင့်ဘဝတူတော်လှန်ရေးစာဆို ရှယ်လီ၏ခယ်မကလယ်ယာဂေါ်ဒွင်နှင့် ချိန်း၍ချစ်ဗျူဟာခင်းဖို့ အချိန်ယူရသေးသည်။ ကလယ်နှင့်ဘိုင်ရွန်တို့မှာ ရေးကတွေ့ဖူးကြ သည်မဟုတ်၊ ကလယ်ယာက ဘိုင်ရွန်ထံသို့ စာရေး၍ မိတ်ဆက်စာပေးသဖြင့် ဘိုင်ရွန်က သူ့ထံသို့စာရေးကြသည့် ပျိုမေချောများအ နက်ကလယ်ယာကို ရွေးချယ်စာပြန်လိုက်သည်မှအစသူတို့နှစ် ယောက် စာပေးစာယူ သမီးရည်းစားဘဝသို့ ရောက်သွားကြလေတော့သည်။ ကလယ်ယာက ဘိုင်ရွန်ကို မတွေ့ခင်ကတည်းက သူ့ အချစ်ကို မတွန့်မဆုတ်ဘဲအပ်နှင်းနေလေသည်။

"သူစိမ်းပြင်ပြင်ဖြစ်ပေမယ့် ကျွန်မတော့ ရှင့်ကို ကျွန်မရဲ့ ဘိုင်ရွန်ကဲ့သို့ ထက်မြတ်သောသတ္တိမျိုး မရှိကြောင်းကိုလည်းသိလေသည်။ ဘိုင်ရွန်နှင့် ရှယ်လီနှစ်ဦးစလုံးမှာ သူပုန်များဖြစ်သည်။ လောကကြီးတစ်ခုလုံးကိုခြေစုံကန်၍ တော်လှန်ရန်ကြံစည်ကြိုးပမ်း သူများဖြစ်ပေသည်။ ရှယ်လီမှာ နူးညံ့ပျော့ပျောင်း၍အမှောင်တွင်း မှအလင်းရောင်ရှာနေသူနှင့်တူသည်။ ဘိုင်ရွန်မှာကား အမှောင်ကိုမကြောက်ဘဲ အမှောင်တွင်းမှနေ၍ အလင်းရောင်ရှိရာသို့လှမ်း၍ အော်ပြောနေသူနှင့်တူပေတော့သည်။

ဘိုင်ရွန်သည် ရှယ်လီကဲ့သို့ ပျော့ညံ့ညံ့မဟုတ်၊ လောကကြီး တစ်ခုလုံးကိုသိမ်းကျုံး၍ အောင်ပွဲဆင်မည်ဟူသော ကြုံးဝါးသံဖြင့် ရောက်လာသူဖြစ်သည်။ ဆိုးသွမ်းမှု၌မွေ့လျော်သူတစ်ဦး ဖြစ်သည့် အလျောက် မလျော်မအပ်သောအချစ်မျိုးကိုအရယူ၍ ဒုံသာန၊ သော ပါရဂူအဖြစ်သို့ရောက်ရန်ချိန်လျက်ရှိသည်။ သူချိန်ရွယ်သည့်အတိုင်းပင်

နာမည်ကျော်မျက်နှာကြီးကတော်များသည် သူ့ရှေ့တွင် သစ်သီးမှည့်များကျသကဲ့သို့ တဖုတ်ဖုတ်ကျလာလေတော့သည်။ သူအဖို့ကား ဝပြီတန်ပြီဟူသောသဘောမျိုးမရှိ၊ ရသမျှယူမည်ဟူ သောဆန္ဒသာရှိသည်။ မျက်နှာကြီးကတော်များသည် သာမက မိန်းမကြီး မိန်းမငယ် အရွယ်အတန်းအစားမခွဲခြားဘဲ အချုပ်ဆိုရသော် ပြည့်တန်ဆာများကိုပင် အရယူ၍ လောကီစည်းစိမ်ကို ခံစားလေ သည်။ "ဒီနေ့ အရက်နိုင်နိုင်သောက်ပြီး မြာများနှင့် မြိုင်မြိုင်ကြီး ပျော်လိုက်မဟေ့၊ တရားနာဖို့၊ ဥပုသ်စောင့်ဖို့ ဆိုတာကတော့ နက်ဖြန်သန်ဘက် တစ်ရက်ရက်ပေါ့လေ'ဟု သူ့လက်ာတစ်ပုဒ် တွင်ထည့်ရေးထားသည် ကိုထောက်ရှုနိုင်သည်။

ဘိုင်ရွန်၏ နောက်ဆုံးအောင်မြင်မှုမှာ မြို့စားကြီးကတော် ဂျူရိုလီပင်ဖြစ်သည်။ ကပွဲတစ်ခု၌ ရွှေရောင်ဆံပင်နှင့်တင့်တယ်လှသည့် ပျိုကညာတစ်ဦးကိုတွေ့၍စုံစမ်းကြည့်ရာ ယင်းပျိုမေမှာ သက်ကျားအိုမြို့စားကြီးဂျူရိုလီ၏ဇနီးကလေးဖြစ်ကြောင်းသိရလေသည်။ ကပွဲမပြီးခင်ချိန်း၍တွေ့ ဖို့တောင်းပန်သည့်စာတိုကလေး တစ်ခုကို ကမ်းလိုက်ရာ မြို့စားကတော်ကလေးကလည်း ဘိုင်ရွန် မဆွတ်ခင်ညွတ်ချင်နေသောကြောင့် ရှောရှောရှူရှူသဘောတူ လိုက်လေသည်။

ရွန်သည် ထိုသို့ တိတ်တဆိတ်တွေ့ရာမှ အစပြု၍ နောက်ဆုံး၌ဘိုင် မြို့စားကြီး၏နန်းတော်သို့သွား၍စည်းစိမ်နှင့်နေလေသည်။ မြို့စားသက်ကျားအိုမှာ သူ့ဇနီးနှင့်စာဆိုတို့၏ဖြစ်ထွေကို သိသော်လည်းလျစ်လျူရှု၍နေရလေတော့သည်။

ဘိုင်ရွန်သည် စည်းစိမ်အမျိုးမျိုး ခံစားခံစား၍နေခိုက် စွန့်စားခန်းအကွက်ဆိုက်လာသည်ကိုတွေ့ ရလေသည်။ အီတလီပု လိပ်က သူ့အကဲကိုခတ်၍နေသည်မှာကြာလေပြီ။ ဘိုင်ရွန်မှာ အ ချစ်စွန့်စားခန်းမရှိလျှင် နိုင်ငံရေးစွန့်စားခန်းပေါ် ထွက်လာစေလိုလှ သည်။ သူသည် အီတလီပြည်ကြီးကို မတရားမင်းလက်မှ ကယ် တင်လိုသောဆန္ဒ ပြင်းပြသည့်အလျောက် အီတလီပြည်၌သူပုန်ထဖို့ အားပေးလျက်ရှိသည်။ ဘိုင်ရွန်သည် သမားရိုးကျ လင်္ကာအစပ်အဟပ် အရေးအသားတို့ကို ရွံမုန်းသည့်အလျောက် စာပေရေးသားမှု၌ အားပါးတရ ပုန်ကန်ခဲ့လေပြီ။ လူမှုရေး၌လည်း သမားရိုးကျအပြုအမူ ဓလေ့ထုံး စံတို့ကို အော့နှလုံးနာ၍ အင်္ဂလန်ပြည် မျက်နှာကြီးလောကမှ ထွက် ခွာခဲ့ပြီးလျှင် အချစ်၏ လွတ်လပ်ရေးကို တိုက်ခိုက်သုံးသပ်ကာ လူမှုရေး၌လည်း အားပါးတရပုန်ကန်ခဲ့လေပြီ။ ထိုမျှနှင့်အားမရဘဲ ယခုမိမိတိုင်းပြည်မဟုတ်သော အီတလီပြည်တွင်းရေး၌ ဝင်၍စွက် ဖက်ပြန်လေပြီ။ စွန့်စားခန်းတစ်ခုပြီးတစ်ခုပေါ်လာမှ အသည်းတုန်စရာ၊ရင်ခုန်စရာ၊ သွေးအသွားအလာ သွက်လက်၍ လူ့ဘဝနေရကျိုးနပ်မည်ဟု ယုံကြည်သည့်အလျောက် နောက်ဆုံးပိုင်း စွန့်စားခန်းတစ်ရပ်ကို ဖော်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။ ဤအရေးနှင့် ပတ်သက်၍ ဘိုင်ရွန်က

"ကျုပ်တို့ဘိုင်ရွန်မျိုးဟာ ခပ်ငယ်ငယ်မှာ သေကြတာချည်းပဲ၊ ကျုပ်တို့ဘဝတိုးတက်မှုကိုသာဖော်ပြတယ်၊တိုးတက်ရမယ်၊ တိုက်ခိုက်ရမယ်၊ ပုန်ကန်ရမယ်၊ လွတ်လပ်ရေးကိုသာ ရှေးရှုတဲ့ဘဝမျိုးဖြစ်တယ်'ဟု ဝါသနာအလျောက် ကြွေးလုံးထုတ် လိုက်လေသေးသည်။ ဘိုင်ရွန်၏ကြွေးလုံးများမှာ လေချည်းမဟုတ်၊ မှန်သည့်အ ချက်များစွာပါရှိပေသည်။ သူသည် စာကိုသွက်သွက်ရေးလေ့ရှိ သည်။ ရေးပြီးသားစာကို ဘယ်သောအခါမျှ ပြန်၍မကြည့် ပြင်း ပြင်းထန်ထန်ရေးသည်။ ပြင်းပြင်းထန်ထန်လုပ်သည်။ ပြင်းပြင်း ထန်ထန်မုန်းသည်။ သူ့အဖို့ ပြင်းထန်ခြင်းသည်သာလျှင် အသက် သွေးခဲ ဖြစ်ပေတော့သည်။ သူ့စာဖတ်ပရိတ်သတ်က သူ့ပြင်းထန် မှုကို အပေါ်ယံကြောအားဖြင့်မုန်းရှုံ့ကြသည်။ သို့သော် နှာခေါင်းတ ရှုံ့ရှုံ့နှင့် သူ့စာအုပ်များကို ငတ်မွတ်သောမျက်စိများဖြင့်ဖတ်ကြ ကုန်၏။ 'ကောဇ်ယား'အမည်တပ်သူ့ကဗျာ စာအုပ်တစ်အုပ်တည်း ပင်စောင်ရေသုံးသောင်းကုန်သွားလေသည်။ မြို့စားကတော်က လေးကိုကြာခိုရင်း မြို့စားကြီး၏နန်းတော်တွင်စည်းစိမ်ယစ်မူးနေခိုက် အီတလီပြည်တွင် သူပုန်ထရန်ကြိုးပမ်းဆဲ၊ အီတလီပုလိပ်က သူ့ကို ဖမ်းမည်တကဲကဲနှင့်နေသည်။ အချိန်အခါသည် ဘိုင်ရွန်အဖို့ အချစ်မုန်တိုင်း၊ စည်းစိမ်မုန်တိုင်း၊ နိုင်ငံရေးမုန်တိုင်း စသည့် မုန်တိုင်းအသွယ်သွယ်ကျနေသည့်အခါဖြစ်သည်။ ထိုမုန်တိုင်းထဲမှ ထွက်ပေါ်လာသော စာပေမုန်တိုင်းဟုခေါ်နိုင်သည့် သူ့'ဒွန်ဟုဝမ်း' လင်္ကာကြီးမှာ ယခုထက်တိုင် ဖတ်သူတိုင်းတို့၏စိတ်အာရုံလှိုင်းများ ကြွစေပေသေးသည်။

ဘိုင်ရွန်၏လွတ်လပ်ရေးစိတ်ဓာတ်မှာ ထိန်းသိမ်း၍မရနိုင်သောစိတ်ဓာတ်မျိုးဖြစ်သည့်အလျောက် အီတလီပြည်သူပုန်အရေးကို အသာထားပြီးနောက် လူမျိုးခြားမင်းဖြစ်နေသည့် ဂရိပြည်လွတ် လပ်ရေးတိုက်ပွဲတွင် ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲလေသည်။ သူသည် သူ့ရှိသမျှ ငွေဒေါ်လာရှစ်သောင်းကို လွတ်လပ်ရေးရန်ပုံငွေတွင် ထည့်သွင်းလှူဒါန်းရုံသာမက သူကိုယ်တိုင်ပင် လွတ်လပ်ရေးတပ်မ တော်တွင်ဝင်ရောက်အမှုထမ်းရာ ၁၈၂၄ခုနှစ်တွင် တိုက်ပွဲ၌ပင် ကျဆုံးရှာလေသည်။

သူကျဆုံးရသည့်အကျိုးကား သူအမှုထမ်းခဲ့သောဂရိပြည် လွတ်လပ်ရေးတပ်မတော်ကြီးမှာ လူမျိုးခြားချုပ်ချယ်မှုကိုပယ်၍ဂရိ ပြည်ကြီးကိုလွတ်လပ်ရေးပေးနိုင်ခြင်းပင်ဖြစ်ပေသည်။

ဆင်မြူယယ်လ် တေလား – ကောလားရစ်ချ် - -

မုတ်ဆိတ်ရှည်ရှည်၊ ဆံပင်ဖွားဖွားနှင့် မျက်ထောင့်နီကြီးနှင့်အဘိုးကြီးတစ်ယောက်သည် ကြော့ကြော့မော့မော့ဝတ်စား၍ ထွက်လာသော မင်္ဂလာဆောင်သွား၊ ဧည့်သည်တစ်ယောက်အား လမ်းတွင်ဖမ်း၍တားပြီးလျှင်စကားပြောလေသည်။ မင်္ဂလာဆောင်အမီသွားလိုဇောပြင်းလှသောပွဲထိုင်ဧည့်သည်သည် အဘိုးကြီးကို တစ်ချက်မျှကြည့်ပြီးလျှင်လှည့်ထွက်သွားမည်ပြု၏။ သို့သော်အဘိုးကြီးတောက်ပြောင်လှသောမျက်လုံးများက သူ့အားညို့၍ထားသောကြောင့်ကြောင်တက်တက်နှင့်ဖြစ်ကာ နှုတ်မှတတွတ်တွတ်နှင့် "သည်းခံပါခင်ဗျား၊ကျွန်တော် မင်္ဂလာဆောင်အမီ သွားရပါလိမ့်မယ်၊ ဦးကြီးရဲ့စကားကိုနားမထောင်အားပါ၊ ဟော... ဟိုမှာ သတို့သားသူ့အပေါင်းအဖော်များနဲ့ရောက်လာပါပြီ၊ ကျွန်တော်သွားမှဖြစ်မယ်' ဟုတောင်းပန်ရှာသည်။

သို့သော် အဘိုးကြီး၏မျက်လုံးများကား တောက်ပြောင်၍ညို့ဓာတ်အားကြီးလှပေသည်။ အဘိုးကြီးက ပွဲထိုင်ဝင်ဧည့်သည်၏တောင်းပန်ချက်ကိုအသိအမှတ်မပြုဘဲ သူပြောလိုသောစကားကိုသာပြောလေတော့သည်။

အဘိုးကြီးပြောလိုသော စကားရပ်များကားအခြားမဟုတ်။ သူ၏ထူးဆန်းလှသောအဖြစ်အပျက်ဖြစ်သည်။ သူသည်သင်္ဘောသားအိုဖြစ်၏။ တစ်ခါ၌ သင်္ဘောတစ်စင်းတွင် လူငှားသင်္ဘောသား အဖြစ်လိုက်သွားရာလမ်း၌ စင်ရော်ငှက်ကလေးတစ်ကောင်ကို မြားနှင့်ပစ်သတ်လိုက်မိသည်။ စင်ရော်မြားချက်နှင့်သင်္ဘောပေါ်ကျ ပြီးသည့်နောက်မကြာမီပင်လျှင်လေမုန်တိုင်းကျလေသည်။ မုန်တိုင်းကင်းစင်သွားသည်နှင့်တစ်ပြိုင်နက် နေမင်းသည်ရက်ရက်စက်စက် ပူပြင်း၍လေသည်လုံးဝတိတ်ငြိမ်သွားလေတော့သည်။ သင်္ဘောလည်းရွက်မတိုက်နိုင်တော့သည့်အလျောက် ပင်လယ်ပြင်တွင် သင်္ဘောရုပ်သဖွယ်ရပ်တည်၍နေလေသည်။ သင်္ဘောသားတို့လည်း ယင်းသို့ဖြစ်ရသည်မှာ သင်္ဘောသားအဘိုးကြီး၏စင်ရော်ကိုပစ်သတ်ခြင်းအကုသိုလ်ကြောင့်ဟုစွပ်စွဲကာ စင်ရော်ငှက်အသေကို အဘိုးကြီး၏လည်တွင်ဆွဲ၍အပြစ်ဒဏ်ခတ်ထားကြလေသည်။ သင်္ဘောသားအပေါင်းလည်းရေငတ်၍ တစ်ယောက်ပြီးတစ်ယောက်

သေဆုံးကြလေသည်။ အဘိုးကြီးတစ်ယောက်သာလျှင် စင်ရော်အသေကောင်လည်မှာဆွဲလျက်ကျန်ခဲ့လေတော့သည်။

ပင်လယ်ပြင်၌လည်း မြင်မကောင်းရှုမကောင်းအောင် ချွဲကျိကျိဟန်ရှိသော မြွေများ၊ ငါးများမှစ၍ ရေသတ္တဝါမျိုးစုံတို့သည် အသည်းယားစရာ ပွစိပွစိနှင့်လှုပ်ရှားသွားလာနေကြကုန်၏။ သင်္ဘောသားအလောင်းကောင်များလည်း ဖုတ်ဝင်ကာ သူတို့လုပ်မြဲ အလုပ်များကိုဆက်လက်လုပ်ကိုင်နေကြလေသည်။ စင်ရော်အ လောင်းလည်ဆွဲလျက် အပြစ်ဒဏ်ခံနေရသော အဘိုးကြီးမှာ မသေသော်လည်း သေသည်ထက်ဆိုးသောအတွေ့ အကြုံများကိုတွေ့ကြုံရရှာသည်။ နာနာဘာဝသင်္ဘောကြီးတစ်စင်း ရုတ်တရက်ရောက် လာသည်ကို တွေ့ရသည်။ ယင်းသို့ အမျိုးမျိုးသော အဖြစ်ဆိုးများကို ကြုံတွေ့နေဆဲတွင် အဘိုးကြီးသည် ဘုရားသခင်ကိုသတိရကာ ရေထဲတွင်လောက်ကောင်များ တဖွားဖွားဖြစ်နေသကဲ့သို့လှုပ်ရှား လျက်ရှိသောချွဲကျိကျိရွံစရာသတ္တဝါများကိုမေတ္တာပို့လေသည်။

သူ့ပယောဂကြောင့်အသက်ဆုံးရှာသော သင်္ဘောသားကရုဏာတရားပွားများမိတော့သည်။ ထိုမေတ္တာပွားများမှု၏အကျိုးသည် ချက်ချင်းပေါ်ထွန်းလာလေသည်။ အမြဲတမ်းပူပြင်းနေ သောနေမင်းကြီးလည်း မိုးတိမ်များကြားထဲသို့ဝင်သွားပြီးလျှင် မိုးတဖွဲဖွဲကျလာလေသည်။ လေသည်လည်းရုတ်ချည်းပေါက်လာတော့ သည်။ သင်္ဘောကြီးလည်းရွက်လွှင့်ကာ ရေပြင်ကို တရှိန်ရှိန်ထိုး၍ သွားလေသည်။ နောက်ဆုံး၌ဆိပ်ကမ်းတစ်ခုကိုမြင်ရလေသည်။ ထို ဆိပ်ကမ်းသည်ကားအခြားမဟုတ်၊ အဘိုးကြီး၏ရပ်ဌာန်ပင်ဖြစ်ပေသည်။ သင်္ဘောသားအလောင်းများမှာလည်း ဖုတ်၊ပြိတ္တာများထွက် သွားကြလေပြီ။ လည်တွင်ဆွဲထားသောစင်ရော်အသေကောင်ကြီးလည်း လည်မှပြုတ်ကျသွားလေပြီ။ ကမ်းသို့ကပ်ခါနီးတွင် သင်္ဘောကြီးသည် ထူးဆန်းသောအကြောင်းတစ်ကြောင်းကြောင်းကြောင့် ကြေပျက်နစ်မြုပ်သွားလေသည်။ အဘိုးအိုလည်း လက်ပစ်ကူး၍ ကမ်းဘက်သို့ရှေးရှုနေခိုက်တွင်အစာပြတ်၍ မေ့မြောသွားရှာတော့ သည်။ ထိုအခါ တံငါသည်သားအဖက သူ့အားဆယ်ယူ၍ကမ်းများကိုလည်း ပေါ်သို့တင်ပို့လိုက်ကြလေသည်။

ထိုအဖြစ်အပျက်ကို မင်္ဂလာဆောင်သွားည့်သည်အား အဘိုးကြီးကပြောပြလေသည်။ သူ့စိတ်တွင် သူ့အကြောင်းကို သင့်လျော်သူတစ်ဦးအားပြောပြလိုက်ရမှကျေနပ်မည်ဟုမှတ်ထင်မိသည့် အလျောက်

ယင်းသို့ ပွဲထိုင်ဝင်တစ်ဦးအား “ယပ်ပိတ်တရားဟော’ နည်းမျိုးဖြင့်ပြောပြရတော့သည်။ ပွဲထိုင်ဝင်သည်လည်း ထိုထူးဆန်းသောအဖြစ်အပျက်ကိုကြားရသောအခါ မေတ္တာ၏တန်ခိုးကိုသဘောပေါက်ကာ မင်္ဂလာဆောင်သို့ဆက်၍မသွားတော့ဘဲ ဆင်ခြင်တုံတရားပွားများကာမိမိ၏နေအိမ်သို့ပြန်သွားလေတော့သည်။

အထက်တွင် အကျဉ်းဖော်ပြထားသောအကြောင်းအရာကိုလင်္ကာရှည်ကြီးရေးထုတ်လိုက်သောအခါ စာဖတ်ပရိတ်သတ်သည် အံ့သြသူအံ့သြ၊ အံ့အားသင့်သူအံ့အားသင့်၊ဒေါသဖြစ်သူ ဒေါသဖြစ်နှင့် ထိုလင်္ကာရှည်ကြီးကိုအမျိုးမျိုးကြိုဆိုကြလေသည်။

ကြီး၏ထူးခြားသောအချက်မှာ ထူးဆန်းသောအကြောင်း စုံကိုသူတစ်ပါးမကြုံစည်တတ်သော ဥပမာ ဥပမေယျစသည်တို့ဖြင့် ထူးခြားစွာဖွဲ့ဆိုထားခြင်းပင်ဖြစ်သည်။ ထိုဥပမာ ဥပစာများကိုတီထွင်ရေးသားနိုင်သည့်ဉာဏ်မှာသာမန်မဟုတ်၊ထူးလျှင်လည်းထူးရမည်၊ ရူးလျှင်လည်း ရူးရမည်ဟူ၍စာဖတ်ပရိတ်သတ်အချို့က ဆင်ခြင်ကာ ထိုလင်္ကာရေးသူစာဆိုဆင်မြူရယ်တေလားကောလား အချို့စာဖတ်သူရစ်ချ်အကြောင်းကိုစိတ်ဝင်စားလာကြလေသည်။ တို့မှာ ကောလားရစ်ချ်၏လင်္ကာကြီးကိုဖတ်၍နားမလည်နိုင်သည့် အလျောက်ဒေါသဖြစ်ကြသည်။ အသုံးမကျဟုထင်ကြသည်။ မိမိတို့နားမလည်လျှင်မကောင်းဟုထင်မြင်ယူဆခြင်းမှာ လူ့သဘာဝတွင် ဖြစ်ချေသည်။ အချို့ကမူမေတ္တာတရားကို သရုပ်ဖော်ထားသဖြင့် မေတ္တာလင်္ကာကြီးပေတကားဟုချီးကျူးကြလေသည်။

ထိုမေတ္တာလင်္ကာကြီးရေးသောစာဆိုသည်ကား သူ့လင်္ကာဆန်းကြယ်သည်နှင့်အမျှ ထူးဆန်းသောပုဂ္ဂိုလ်တစ်ယောက်ပင်တည်း။ ကလေးအရွယ်ကတည်းကပင် တစ်ကိုယ်တည်းနေကာ တွေးလွန်နေဟန်ရှိသည်။ ငယ်ငယ်ကပင် စာဖတ်ဝါသနာ ကြီးမား ရကားရှိတ်စပီးယား၏ ပြဇာတ်များ၊ ရော်ဘင်ဆန်ကရူးဆိုးဝတ္ထု၊ ခရစ်ယာန်သာသနာရေးခေါင်းဆောင်ကြီးများအတ္ထုပ္ပတ္တိစသည့် စာကြီးပေကြီးများကို စွဲစွဲမြဲမြဲဖတ်လေ့ရှိသည်။ ဖတ်ရုံနှင့်မတန်သေး၊ ထိုဝတ္ထု၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိများ၌ပါသောဇာတ်လိုက်များကို ရင်း ရင်းနှီးနှီးတွေးတောလျက် ထိုဇာတ်လိုက်များ၏သွေးဝင်ကာ အခါ များစွာ၌ သူ့ကိုယ်သူ “ဟင်းမလက်’မင်းသား၊ ‘ရော်ဘင်ဆန် ကရူးဆိုး' အစရှိသည့်တို့ အသီးသီးဖြစ်နေသည်ဟုထင်၍သွေးကြီးသလိုလိုနေတတ်သည်။ ထို့ကြောင့်လည်း သူသည် ကစားဖော်ကင်း လျက်ရှိ၏။

အခြားသူငယ်များကသူ့အားမုန်းကြသည်။ အူကြောင်ကြောင်အကောင်ဟူသောဘွဲ့ကိုပေးထားကြသည်။

သူ့ခမျာမှာ ငယ်စဉ်ကပင်ဖတဆိုးဖြစ်ရရှာသည်။ သူ့ဖခင်သင်းအုပ်ဆရာကြီးကွယ်လွန်ပြီးသောအခါ သူ့အား ဦးလေးတော်သူတစ်ဦးက အခမဲ့ကျောင်းကြီးတစ်ကျောင်းသို့ပို့ထားသည်။ ကောလားရစ်ချ်သည် သူငယ်စဉ်အခါကဒုက္ခရောက်ခဲ့ပုံများကိုမမေ့နိုင်ချေ။ ကုသိုလ်ဖြစ်ကျောင်း၌ကျောင်းသားများကိုစည်းကမ်း ကျပ်တည်းစွာထားကာ အလွန်ညံ့ဖျင်းသောအစားအသောက်များဖြင့် မသေရုံတမည်နေခဲ့ရသည့်အကြောင်းကို သူ့အတ္ထုပ္ပတ္တိတွင် ရေးထားလေသည်။ ကျောင်းသားများအား တစ်နှစ်လျှင်သုံးလေး ကြိမ်မျှ ကျောင်းအားခွင့်ပေးသဖြင့် ဆွေမျိုးညာတိရှိသောကျောင်း သားများက မိမိတို့ဆွေမျိုးများထံသို့ဝမ်းသာအားရပြန်ကြချိန်တွင် ကောလားရစ်ချ်ခမျာမှာ ဆွေမျိုးဟူ၍မရှိသဖြင့် ကြောင်တက်တက် ဖြစ်၍ကျန်ခဲ့ရရှာသည်။

ကောလားရစ်ချ်အဖို့ပြန်စရာအိမ်မရှိရခြင်းသည် ' တစ်နည်းအားဖြင့်အကောင်းဖြစ်ရပေသည်။ ထိုသို့သော ကျောင်းပိတ် ရက်များတွင် သူသည်လူအရောက်နည်းသော မြစ်ကမ်းခြေသို့သွား ပြီးလျှင် သဘာဝနှင့်နှီးနှောကာပျော်မွေ့နေလေသည်။ လူသားဆွေမျိုးသည်ကောင်းကျိုးပေးနိုင်ခဲ၏။ သဘာဝတည်းဟူသော ဆွေမျိုးအစစ်သည်ကား စိတ်ကြည်နူးမှုကိုအမှန်ပင်ပေးနိုင်ပေသည်။ တစ်ခါတစ်ရံဆီးနှင်းများမှုန်မှိုင်းနေသည်။ တစ်ခါတစ်ရံလည်းနေသာ လျက်ရှိသည်။ ဆီးနှင်းကျသောခရစ္စမတ်ကျောင်းပိတ်ရက်များတွင် နှင်းမှုန်မှုန်ကြားတွင် သူ့ဖခင်ကြီးကိုသတိရကာ ပူဆွေးတသမိလေ သည်။ နေသာသာကျောင်းပိတ်ရက်များတွင်ကား မြစ်ထဲသို့ခုန်ချကာရေကူးလိုက်၊ ကမ်းပေါ်တွင် လဲလျောင်း၍ နေပူစာလှုံ လိုက်နှင့် ပျော်မြူးနေလေ့ရှိသည်။

လွမ်းသည့်အခါလည်း အပြင်းအထန်လွမ်းနှင့်ပျော်သည့် အခါ၌လည်း အလွန်အကျူးပျော်တတ်သော ကောလားရစ်ချ်သည် အမြဲတစေ စိတ်ကူးလောက၌သာနေလေသည်။ လွမ်းလျှင်လည်း စိတ်ကူးယဉ်၍ လွမ်းသည်။ ပျော်လျှင်လည်းစိတ်ကူးယဉ်၍ ပျော် သည်။

သူ့စိတ်ကူးယဉ်ပုံမှာ ထူးခြားလှသည်။ တစ်ခါက သူသည် လမ်းမကြီးတွင်လျှောက်နေခိုက် သူ့ ကိုယ်သူ ရေကူးသန်သောအာဇာနည်ကြီးလီယံဒါးဟု အောက်မေ့ကာ သူ့လက်နှစ်ဖက်ကို ဘေးသို့ဆန့်လိုက်မိရာ သူ့ လက်တစ်ဖက် မှာလူကြီးတစ်ယောက်၏အင်္ကျီစကို ဆွဲမိလျက်သား ဖြစ်သွားသော ကြောင့် လူကြီးကခါးပိုက်နှိုက်. . . လုပ်ကြပါဦး၊

ကျူပ်ကို ခါးပိုက် နှိုက်နေတယ်' ဟုအလန့်တကြား ဟစ်အော်လိုက်လေသည်။ ကောလားရစ်ချ်က သူသည်ခါးပိုက်နှိုက်မဟုတ်ရကြောင်း၊ စိတ်ကူးလွန်၍ ရေကူးဟန်ပြုမိသောကြောင့်လူကြီး၏အင်္ကျီစကို ဆွဲမိခြင်းဖြစ်သည် ဟုငိုကြီးချက်မနှင့်ပြောပြသဖြင့် လူကြီးကအားရပါးရရယ်မောပြီး သူ့အား "မောင်ရင် စာဖတ်ဝါသနာပါရင် လက်ဆောင်ကောင်းပေး ရတာပ' ဟုဆိုကာ စာကြည့်တိုက်ငှားခွင့်လက်မှတ်တစ်စောင်ကို လက်ဆောင်ပေးလိုက်လေသည်။ ကောလားရစ်ချ်လည်း ထိုလက် မှတ်ဖြင့်တစ်နေ့လျှင်စာအုပ်နှစ်အုပ်ထုတ်ယူ၍ အပြီးသတ်လေ တော့သည်။

ထိုလူကြီး၏ကောင်းမှုကြောင့် ကောလားရစ်ချ်သည် စာ ဖတ်ကျူးကာရူးကြောင်ကြောင်ဖြစ်နေတော့သည်။ တစ်နေ့၌ သူကအတန်းဆရာကသူ့အား ကိန်းဘရစ်တက္ကသိုလ်သို့ပို့၍ ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ်သင်ကြားစေမည်ဆိုသောအခါ ကော လားရစ်ချ်က "ကျွန်တော်ဒိဗ္ဗိပါခင်ဗျား'ဟုကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ပြောလိုက်သည်။ ဆရာလည်းထိုနေ့မှစ၍သူ့ကိုအပြုံးကြီးကြီး နှင့်ရိုက်၍ ဒိဗ္ဗိအယူကိုတောထုတ်လေသည်။ သို့ရာတွင် သူ့ဆရာ ရည်မှန်းသည့်အတိုင်းခရစ်ယာန်သင်းအုပ်အဖြစ်သို့ မရောက်နိုင် တော့ချေ။ ကဗျာစောင့်နတ်သမီးက သူ့ အားအလုပ်အကျွေးအဖြစ် သိမ်းသွင်းလိုက်သောကြောင့် အသက်ဆယ့်ကိုးနှစ်အရွယ်သို့တိုင်၍ တက္ကသိုလ်ကျောင်းသို့ ရောက်သည့်အချိန်၌ သူသည် တစ်သက်ပတ် လုံးစာဆိုအဖြစ်ကိုခံယူရန်ပိုင်းဖြတ်လိုက်ပြီးဖြစ်လေသည်။

သူတက္ကသိုလ်ကျောင်းသို့ ရောက်ချိန်၌ ပြင်သစ်ပြည် ရေးတော်ပုံကြီးဖြစ်ပေါ်လာလေရာ ထိုခေတ်က လူငယ်ပညာတတ်များမိလေ့ရှိသောတော်လှန်ရေးရောဂါမိပြန် ပိုင်စနစ်ကိုတွန်းလှန်ဖြိုဖျက်ပစ်သော ပြင်သစ်ပြည်အရေးတော်ပုံကြီးသည် ထုံးစံစဉ်လာ၌ ငြီးငွေ့နေသော ဆင်ခြင်တုံတရားရှိသည့် လူငယ်လူတတ်ကလေးများအား အစစအရာရာတွင်တော်လှန်ပုန် ကန်နိုင်ရေးအတွက်အားပေးပေသည်။ တစ်ခါက ခရစ်ယာန်တရားတော်ကို စောဒကတတ်သောကျောင်းသားတစ်ယောက်အား ကျောင်းအုပ်ချုပ်ရေးအဖွဲ့က စစ်ဆေးသည့်တရားပွဲတွင် ထိုတော်လှန်ရေးကျောင်းသားက သူ့အာဘော်ကိုမကြောက်မရွံ့ပြင်းပြင်း ထန်ထန်ထုတ်ဖော်ပြလိုက်သောအခါ အားလုံးကကြောက်ရွံ့၍ငြိမ် နေသော်လည်း လက်ခုပ်သံတစ်သံကို ကြားလိုက်ရလေသည်။

ကျောင်းအုပ်ဆရာကြီးက သူ့အနီးရှိ ကျောင်းသားတစ် ယောက်၏လက်ကိုဆွဲ၍ "ဟေ့. . . လက်ခုပ်တီးတာမင်းလား"ဟု

ဒေါသနှင့်မေးလေသည်။ ကျောင်းသားက "မဟုတ်ရပါဘူးခင်ဗျာ၊ လက်ခုပ်တီးနိုင်လောက်အောင် သတ္တိကျွန်တော့်မှာမရှိပါဘူး' တောင်းပန်ရင်းဝန်ခံရလေသည်။ သူ့အနီး၌ထိုင်နေသော ကောလားရစ်ချ်မှာလည်းတော်လှန်ချင်စိတ်ကလေးသာရှိသည်။ "လက်ခုပ်တီးတာကျွန်တော်ပါ' ဟုဝန်ခံနိုင်သောသတ္တိမရှိရှာချေ။ နောက် တရားပွဲပြီးမှ ကောလားရစ်ချ်က ဆရာကြီးအား 'လက်ခုပ်တီးတာ ကျွန်တော်ပါခင်ဗျာ' ဟုမရဲတရဲနှင့် ဖြောင့်ချက်ပေးရှာသည်။ ဆရာကြီးက "မင်းကံကောင်းသကွာ၊ သီသီကလေးလွတ်သွားတယ်၊ ဟိုတုန်းကမင်းဒီလိုဝန်ခံရင် ဒုက္ခတွေ့ မှာကေန်ပေါ့' ဟုပြော၍လွတ် လိုက်သည်။

ကောလားရစ်ချ်မှာ တော်လှန်ရေးသမားဖြစ်သော်ငြား လည်း အသုံးအစွဲအလွန်ကြမ်း၍ သက်တောင့်သက်သာနေချင်သော မင်းစိုးရာဇာစိတ်ဓာတ်ခံမျိုးရှိလေသည်။ တစ်နေ့၌ မွေ့ရာကုလားထိုင်တို့ကို ဖုံများပြုပြင်တပ်ဆင်သောသူတစ်ယောက်က ကောလားရစ်ချ်အခန်းသို့လာ၍ အခန်းထဲရှိ ကုလားထိုင်ဆိုဖာများ အသစ်လဲမလားဟုမေးရာ ကောလားရစ်ချ်က "ကောင်းသားပဲ၊ လဲပြောလိုက်သည်။ သူကဆိုဖာဖုံအသစ်လဲခကို တက္ကသိုလ်က ခံလိမ့်မည်ဟုထင်၍ ခပ်လွယ်လွယ်နှင့်မှာလိုက်သော်လည်း နောက်ဆုံး၌ သူပေးရမည်ကိုသိသဖြင့် အတော်ပင်အကျပ်တွေ့ သွားလေသည်။

ကောလားရစ်ချ်သည် ကျောင်းမှထွက်ပြီးလျှင် မြင်းတပ်ထဲသို့ဝင်လေသည်။ နဂိုကပင် စစ်ဘက်၌အမှုထမ်းရန် မသင့်လျော် သောသူဖြစ်သည့်အပြင် မြင်းကောင်းစွာမစီးတတ်သဖြင့် မြင်းစီး သူရဲအဖြစ်နှင့် အထူးပင်မလျော်ကန်ချေ။ သူ့အားတပ်သားအဖြစ် နှင့်မတော်သည့်အတွက် မည်သူမျှ အပြစ်မတင်ကြချေ။ သူ့နှုတ်မှ လွယ်လွယ်နှင့်ထွက်လာသော ဝတ္ထုများ၊ ကဗျာတိုကဗျာစများသည် တစ်တပ်လုံးအား စွဲမက်စေသည်။ ထိုမျှမကသေး၊သူ့ပညာဗဟုသုတကိုအကြောင်းပြု၍ သူသည် ရာထူးတိုးပေးခြင်းခံရပေသည်။ တစ်နေ့၌ မြင်းစာကျွေးရင်း ကောလားရစ်ချ်က မြင်းတင်းကုပ်နံရံ တွင် လက်တင်ဘာသာဖြင့် ကဗျာတိုကလေးတစ်ပုဒ်ကို မြေဖြူနှင့် ရေးခြစ်ထားခဲ့ရာ တပ်ဗိုလ်မှူးက တွေ့သဖြင့် သူ့အား ဝမ်းမြောက် ဝမ်းသာခေါ်ယူပြီးလျှင် အပါးတော်မြဲတပ်ကြပ်ကလေးအဖြစ် ခန့် ထားလိုက်လေသည်။

ကောလားရစ်ချ်သည် ကျောင်း၌ သူ့ထက်နှစ်နှစ်ကြီးသော ရောဘတ်ဆောက်သီးကို တွေ့လေသည်။ ဆောက်သီးသည် ထိုအခါကတည်းကပင် ပွင့်သစ်စစာဆိုကလေးဖြစ်နေလေပြီ။ သူတို့နှစ်ယောက်မှာ အတော်ပင် ခင်မင်ကြရကား ဆောက်သီးက ကောလားရစ်ချ်အား သူ့ရည်းစားနှင့် မိတ်ဆက်ပေးလိုက်ရာ ကောလားရစ်ချ်မှာ မဆိုင်းမတွပင် ဆောက်သီးရည်းစား၏ညီမနှင့် ချစ်ကြိုက်သွားလေတော့သည်။

ဆောက်သီးနှင့် ကောလားရစ်ချ်တို့ ဝေပုံဝေကျချစ်ကြသော မိန်းမပျိုညီအစ်မမှာ ကုန်သည်ကြီးတစ်ဦး၏ သမီးများဖြစ်ကြ သည်။ ယခင်က ကြေးရတတ်ဖြစ်သော်လည်း သူတို့၏ဖခင်မှာ မကွယ်လွန်မီကလေးတွင်ပင် ငွေကြေးတစ်ပြားမှမရှိသည့်အဖြစ်သို့

ရှေးဆန်လွန်းလှသည်။ ဘုရားတရားလည်း ကြည်ညိုလွန်းလှသည်။ စာဆိုငယ်နှစ်ဦးမှာ တော်လှန်ရေးသမားများချည်းဖြစ်ရာ ငွေကြေးမရှိသည့်ပြဿနာက မဆိုးလှသော်လည်း ရှေးဆန်ခြင်း၊ ဘုရား တရားကြည်ညိုခြင်း ပြဿနာနှစ်ရပ်မှာ သူတို့အဖို့ ပို၍ဆိုးစေသည်။ ငွေကြေးပြဿနာမှာလည်း သူ့အလျောက် သူ့ဘာသာဆိုးပေသည်။ ထိုခေတ်ကစာဆိုများသည် ဝပြောကြလှသည်မဟုတ် ပေ။ သို့သော် သူတို့အဖို့ အငတ်ပြဿနာကို ဝါသနာကဖုံးလွှမ်းပြုပြင်သဖြင့် ကဗျာရေးနေရလျှင် အစာမစားရသည့်တိုင်အောင် ကျေ နပ်နိုင်ကြပေသည်။

နောက်ဆုံး၌ သူတို့နှစ်ယောက်လုံးပင် ထိုမိန်းမပျိုတို့ကို ယူ၍ပြုပြင်ရန် ဆုံးဖြတ်လိုက်ကြသည်။ မိန်းမပျိုတို့ကလည်း သူတို့အားယူ၍ စာဆိုဘဝမှ 'ဂုဏ်သရေရှိလူကြီးလူကောင်း' ဘဝသို့ ပြုပြင်ပြောင်းလဲရန်ကြိုးစားမည်ဟု ဆုံးဖြတ်ကြပေသည်။ ကောလား ရစ်ချ်၏ဇနီး ဆာရာမှာအသက်နှစ်ဆယ့်သုံးနှစ်အရွယ် ခပ်ချောချောဖြစ်ပေသည်။ သူကအစ်မထက် စိတ်ပျော့ပြောင်းသဖြင့် ကော လားရစ်ချ်ကဲ့သို့ လူပျော့စိတ်ကူးယဉ်သမားနှင့် လိုက်ဖက်သည်ဟု ဆိုရပေမည်။

စာဆိုနှစ်ဦးသည် ကြင်ရာရ၍ ဝမ်းမြောက်နေကြချိန်တွင် ငွေရေးကြေးရေးက သူတို့အားလက်တို့နေတော့သည်။ ချစ်နေ၍ မပြီး၊ အစားအသောက်အနေအထိုင်ကိစ္စများအတွက်ငွေလိုသည်။ စာဆိုဘဝအစစအရာရာတွင် လက်တွေ့ကင်း၍ စိတ်ကူးယဉ်နေကြသည့်အလျောက် အမေရိကန်ပြည်သို့သွားပြီးလျှင် လူသူဝေးသောနေရာတွင်မြေယာကွက်တစ်ကွက်ဝယ်၍ ပြည်သစ်တည်မည်ဟုဆုံးဖြတ်လိုက်ကြသည်။

အမေရိကန်သို့သွားရန်မှာအပြောလွယ်ပါ၏။ လက်တွေ့ကား အနည်းငယ်ခက်လှသည်။ သင်္ဘောတစ်စင်းငှားရန် ပေါင်နှစ်ထောင်ကျော်မျှသာလိုသည်။ ထိုကိစ္စမှာ သူတို့အဖို့ လွယ်လွယ်ပြောဖို့သာတတ်နိုင်သည်။ သူတို့၌ ပေါင်နှစ်ထောင်ဝေးစွ၊ နှစ်ပြားမျှပင် မရှိချေ။ သင်္ဘောများမှာဆိပ်ကမ်း၌ရှိ၏။ သူတို့အဖို့ကားမဟုတ်ချေ။ သို့သော် သူတို့သည်အလျှော့မပေး။ မိတ်သင်္ဂဟများကို အကြောင်းအကျိုးပြောပြလျှင်၊

ငွေလည်းမရှား၊သဘော်လည်းမခက်၊ အဖော်အပေါင်းများစွာလည်း သူတို့၏နောက်သို့လိုက်ကြပေ မည်ကောန်ပင်။

ယင်းသို့ ယုံကြည်ချက်ကိုလက်ဝယ်ထားတာ အမေရိကန် ပြည်သို့ လိုက်မည့်သူများ ရှာဖွေသိမ်းသွင်းကြသည်။ လူများစွာရရှိ ပါ၏။ စွန့်စွန့်စားစားသွားလိုသူများမြောင်လှပေသည်။ သို့သော် ငွေကြေးထုတ်ပေးဖို့ကိုလည်း စိတ်မကူး၊ထုတ်လည်းမပေးနိုင်ချေ။ သူတစ်ပါးစရိတ်နှင့် အချောင်လိုက်လိုသူများကိုသာတွေ့ကြရ သည်။ ငွေကြေးတတ်နိုင်သူအဖို့ စွန့်စား၍ ဝေးရာအရပ်သို့ သွားလို စိတ်လုံးဝမရှိပေ။

ဆောက်သီးသည် ငွေကြေးရဖို့အရေးတွင် သူ့အဒေါ်ကြီး တစ်ဦးကိုအားကိုးသည်။ အဒေါ်ကြီး၏ကျွန်ယုံအတိုးကြီးက သူ့ သခင်မကြီးအား ငွေကြေးထုတ်ပေးရန်တောင်းပန်မည်ဟု ကတိ ပေးသဖြင့် ထိုကျွန်ယုံတော်ကြီးကိုအားကိုးနေရတော့သည်။

ကောလားရစ်ချ်၌ကားချမ်းသာသောအဒေါ်မရှိသူ၊ သူ ရေးထားသောကဗျာများကိုစာအုပ်ထုတ်ရလျှင် ငွေကြေးအသင့် အတင့်ရမည်ဟုအောက်မေ့မျှော်ကိုးမိလေသည်။ သူ့ကဗျာစာအုပ် ထွက်လာသောအခါ ငွေအနည်းအကျဉ်းမျှရလေသည်။

ကောလားရစ်ချ်ရသောငွေမှာ သူတို့စီမံကိန်းကြီးနှင့် အဆမတန်အောင်နည်းပါးနေတော့သည်။ ဆောက်သီး၏အဒေါ်ကြီးမှာ သူ့တူ၏စီမံကိန်းကြီးကိုကြားရသောအခါ “ဒီအကောင် အရူးထချင် တိုင်းငါ့ငွေအကုန်မခံနိုင်ပေါင်' ဟုစီရင်ချက်ချလေသည်။

နောက်ဆုံး၌ စာဆိုနှစ်ဦးအိမ်မက်မြင်မက်သော အမေရိ ကန်ပြည်သစ်’ကြီးမှာ အမေရိကန်ပြည်အင်ဒီးယန်းလူရိုင်းများ လက်၌သာတည်မြဲတိုင်းတည်နေတော့သည်။ ပြင်သစ်စီမံကိန်းကား

ငွေကြေးအခက်အခဲကောလားရစ်ချ်မှာ သူ့ကဗျာစာအုပ်ကလေးကရွှံ့သဖြင့် အကျေနပ်ကြီးကျေနပ်ကာကလောင်နှင့် တစ်သက်ပတ်လုံးအသက် မွေးမှုရှာတော့မည်ဟုဆုံးဖြတ်လိုက်သည်။ ကဗျာရေးရုံနှင့်မကျေ နပ်နိုင်ဘဲနိုင်ငံရေးတွင်လည်းဝင်၍စွက်ကာ လူတွင်ကျယ်လုပ်ချင် သောဆန္ဒကလေးက သူ့စိတ်ကိုကလိသောကြောင့် ‘ကင်းစောင့်’ ဂျာနယ်တစ်စောင်ကိုထုတ်ဝေလေသည်။ ဂျာနယ်သစ်များ၏ထုံးစံ အတိုင်းဝါဒကိုဖော်ပြရာ ကောလားရစ်ချ်က စာဆိုပီပီစိတ်ကူးယဉ် ယဉ်နှင့်‘ဤဂျာနယ်သည် လူသတ္တဝါအပေါင်းအား သစ္စာတည်းဟူ

သောအမှန်တရားကိုထင်ရှားစွာသိစေ၍ လောကကြီးတစ်ခုလုံးအား လွတ်လပ်ရေးရစေရန်ရည်သန်၍ ထုတ်ဝေသောဂျာနယ်ဖြစ်ကြောင့်ပြိုပျက်ရလေတော့သည်။

သည်'ဟု ထည်ထည်ဝါဝါကြေညာလိုက်လေသည်။ ယင်းသို့ထည်ထည်ဝါဝါကြေညာလိုက်သော ဂျာနယ်၊ မဂ္ဂလားရစ်ချ်မှာ ဇင်းတို့အဖို့ သက်ဆိုးမရှည်သည်မှာဓမ္မတာပင်ဖြစ်သည်။ ကော အယ်ဒီတာတို့၏ဝတ္တရားဖြစ်သော စာဖတ်ပရိတ် သတ်အကြိုက်ကိုလိုက်လျောရသည့်ဝတ္တရား၌မကျေပွန်ချေ။ မကျေပွန်ရုံသာမက ထိုဝတ္တရားကိုပြက်ရယ်ပြုလေသည်။ သူ့အလိုအားဖြင့် အယ်ဒီတာဆိုသည်မှာ လူထု၏ဆရာဖြစ်သည်။ အယ်ဒီတာ အကြိုက်ကို လူထုကလိုက်နာရမည်။ အယ်ဒီတာသင်ပြသမျှကို လူထုက တပည့်ကောင်းပီသစွာ လိုက်နာမှတ်ယူရမည်ဟူ၏။ သို့ရာတွင် မည်သူ့ကိုမျှ ဆရာမတင်ချင်သောလူထုက ကောလားရစ်ချ်၏ ဂျာနယ်ကို အမှတ်မထင်ကျော်နင်းသွားသဖြင့် သူ့ခမျာမှာ သူ့ဝါဒ နှင့်သူသာကျန်ခဲ့လေတော့သည်။ သူ ့ဂျာနယ်မှာကား လူထု၏ အသက်ဆက်ပေးမှုကိုမခံယူရသဖြင့်ပျောက်ပျက်ရချေသည်။

ကောလားရစ်ချ်သည် ဂျာနယ်ပြုတ်၍အသက်မွေးဝမ်း ကျောင်းကိုစ္စပိုမို၍ ခက်ခဲလာသောအခါ ကြံမိကြံရာကြံလေတော့ သည်။ အဘယ်သို့နည်းဟူမူ သူ့အာဝဇ္ဇန်းကိုအားကိုးကာ တရား ဟောဆရာလုပ်စမ်းခြင်းပင်ဖြစ်သည်။ သူစမ်း၍တရားဟောသော တစ်ပရိတ်သတ်မှာ ဆယ့်ခုနှစ်ယောက်မျှသာဖြစ် သည်။ တရားဟောစဉ် ဆယ့်ခုနှစ်ယောက်ရှိ၍ ငါသိပ်မခေလှပါ ဘူးဟုသူ့ကိုယ်သူအားပေးလျက် အာပေါင်အာရင်းသန်သန်နှင့် ဟောပြောလေရာ ဆယ်ခုနှစ်ယောက်သောပရိတ်သတ်သည် ယောက်ပြီးတစ်ယောက် ထွက်၍ထွက်၍သွားသောကြောင့် နောက် ဆုံး၌ တစ်ယောက်သောပရိတ်သတ်ဖြစ်သွားလေတော့သည်။ စိတ် မပျက်သောတရားဟောဆရာကောလားရစ်ချ်သည် ဖွဲ့ကောင်း ကောင်းနှင့်တရားနာနေသောတစ်ယောက်တည်းသောပရိတ်သတ် ဖြစ်သည့်မိန်းမကြီးအားကျေးဇူးတင်စကားပြောကြားရန် အနီးသို့သွားခါမှ ထိုတရားနာပရိတ်သတ်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေ ကြောင်းတွေ့ရလေသည်။

ကောလားရစ်ချ်ခမျာမှာ ငွေရေးကြေးရေးနှင့်ပက်သတ် ၍ အကြိတ်အနယ်ကြိုးပမ်းနေရခိုက်တွင် ကလေးရလေသည်။ သားသည်အဖေဖြစ်၍ ငွေကြေးကိစ္စ၌အတော်ပင်အကျပ်တွေ့နေခိုက် သူငယ်ချင်းစာဆိုဖော်တစ်ဦးကသူ အားမစလေသည်။ ဆမ္မားဆက် ဗီလ်ရွာတွင် နေထိုင်၍ကောင်းသည့်တဲကလေးတစ်တဲကို နေဖို့ပေးသဖြင့် ကောလားရစ်ချ်တို့မိသားတစ်စုမှာအတော်ပင်ကျေနပ်ကာနေကြခိုက်၌ သူ့အား

သူ့ကဗျာများကိုအကြောင်းပြု၍ ကြည်ညိုနေသည့် ဘာမင်ဂန်မြို့ မှမိတ်ဆွေကြီးတစ်ဦးက သားကို ကောလားရစ်ချ်တို့နှင့်အတူထားရန်တောင်းပန်လေသည်။ ယင်းသို့ ထမင်းလခပေး၍စားမည့်သူတစ်ယောက်ရလိုက်လျှင် သူတို့အဖို့ အစားအသောက်ဘက်က စိတ်အေးရပြီဟု သဘောပိုက်ကာ ကောလားရစ်ချ်တို့သည်အထူးပင်ကျေနပ်နေကြလေတော့သည်။ ထမင်း လခပေးရုံမျှမကသေး၊ သားကိုပညာသင်ပေးဖို့ဉာဏ်ပူဇော်ခလည်း ပေးပေသည်။ ထိုတဲကလေးတွင် အေးချမ်းစွာနေကာ မပူမပန်နေရခိုက်တွင် မလှမ်းမကမ်းနေသောအိမ်မက်သမားစာဆိုကြီး ဝပ်ဒ်စ်ဝပ်သ်နှင့်ခင်မင်ရင်းနှီးရလေသည်။ သူတို့နှစ်ယောက်သည် တောင်ကုန်းကလေးများတစ်လျှောက်တွင် တစ်နေကုန်လျှောက်၍ကြီးကျယ်လေးနက်သော ယထာဘူတတရားများကို ဆွေးနွေးငြင်းခုံနေ ကြသည်။ သူတို့သည် ထိုစဉ်က နာမည်ကြီးနေသော ‘စပင်နိုးဇား’ အမည်ရှိသောစာရေးဆရာကြီး၏ဝါဒအရပ်ရပ်ကို အားပါးတရ ဆွေးနွေးငြင်းခုန်ကြရာ နကန်းတစ်လုံးမျှမတတ်သော တောသူတောင်သားများအဖို့ သူတို့နှစ်ယောက်မှာ မသင်္ကာစရာဖြစ်နေ တော့သည်။ ထိုမျှမကသေး သူတို့က ‘စပင်နိုးဇား’ကို ‘စပိုင်နိုးဇား’ ဟုခေါ်ကြသည့်အလျောက် သူတို့စကားများတွင် စပိုင်. . စပိုင်. စပိုင်ဟူသောစကားများပါရှိနေသဖြင့် ပို၍မသင်္ကာစရာဖြစ်ချေ သည်။ စပိုင်(သူလျှို)အကြောင်းပြောသူများလည်း စပိုင်များပင်ဖြစ် ချေလိမ့်မည်ဟု တောသူတောင်သားများက ထင်မြင်ယူဆကာ မြို့နယ်အရာရှိများအား ‘စပိုင်’နှစ်ယောက်အကြောင်းကို တိုင်ကြားကြလေသည်။ အခြားမသင်္ကာစရာအချက်တစ်ရပ်မှာ‘ဆမ္မားဆက်နယ် ကိုပုံနှိပ်မည်'ဟူသောအချက်ပင်ဖြစ်သည်။ (ဆမ္မားဆက်နယ်ကို ပုံနှိပ်မည်ဟုဆိုခြင်းမှာ ထိုနယ်အကြောင်းကိုရေး၍ ပုံနှိပ်ထုတ်ဝေ မည်ဟူ၍လည်း ဖြစ်နိုင်သည်။) တောသူတောသားများ၏အယူအ ဆမှာ ဆမ္မားဆက်နယ်မြေပုံကူးယူရန်ရောက်လာသောစပိုင်များ ဖြစ်သည်။

စပိုင်စာဆိုများ ဆွေးနွေးကြသော ပုံနှိပ်ခြင်းကိစ္စမှာ သူလျှိုများဆောင်ရွက်သည့် မြေပုံကိစ္စမျိုးမဟုတ်၊ ကဗျာစာအုပ်ပုံနှိပ်ခြင်း ကိစ္စမျှသာဖြစ်သည်။

ကောလားရစ်ချ်နှင့် ဝပ်ဒ်စ်ဝပ်သ်တို့သည် ထိုခေတ်၌ ခေါင်းဆောင်ဖြစ်နေသော ဒရိုင်ဒင်နှင့် ပုတ်ပ် အစရှိသည့်ထိုစာဆို များ၏ကဗျာပဒေသကို မနှစ်မြို့ကြချေ။ ထိုစာဆိုများအဖို့ ကဗျာအရေးအသားသည် အကြောင်းအရာထက် ပို၍အရေးကြီးသည်။ ကောလားရစ်ချ်အဖို့ကား အကြောင်းအရာသာလျှင် ကဗျာ၏အစီ အနှစ်ဖြစ်သည်။ အရေးအသား၊ ဂိုဏ်းဂဏ၊ ရသ စသည်တို့မှာ အကာမျှသာဖြစ်သည်။ ထိုသို့ ခေတ်ကိုတော်လှန်သော

စာဆိုနှစ်ဦး အား တောသူတောင်သားများက စပိုင်(သူလျှို)များဟု ထင်မှားကြသည်မှာ တောသားများ၏အပြစ်မဟုတ်ချေ။ နယ်အရာရှိများသည် စာဆိုများအကြောင်းကို စုံစမ်းပြီးနောက် စပိုင်မဟုတ်၊ ကဗျာ ရူးများသာဖြစ်သည်ဟုဆိုကာရယ်မောပစ်လိုက်ကြလေသည်။

သူတို့ကြံစည်ဆွေးနွေးနေကြသည့်ကဗျာစာအုပ်မှာကား "သင်္ဘောသားအို'လင်္ကာကြီးပင်ဖြစ်သည်။ ကောလားရစ်ချ်သည် ထိုသင်္ဘောကြီးဖြင့် ရှေးခေတ်စာဆိုများ၏ကဗျာပြုဒေသကို တော်လှန် ဖြိုဖျက်လိုက်ပေသည်။

'သင်္ဘောသားအို'လင်္ကာကြီး(The Rime of The Ancient Marinor)၌သာမန်ဦးနှောက်မှထွက်နိုင်ရန်မစွမ်းသာသည့် ထူးဆန်းသော အတွေးပုံရိပ်များစွာပါရှိရာ ထိုလင်္ကာရေးသူ၏စိတ်မှာ မရူးသည့်တိုင်အောင် အတော်ပင်ကြောင်တက်တက်ဖြစ်ရမည်ဟု ဆိုနိုင်ပေသည်။ ထိုလင်္ကာရှင်ကောလားရစ်ချ်ဘိန်းစားပြီဟူသော သတင်းကိုကြားသိရသောအခါ ဝေဖန်သူများနှင့်စာပေလောက ဝင်အပေါင်းမှာ မအံ့သြကြချေ။ "ဒီလိုလူမျိုးဘိန်းစားမှာပါပဲ၊ သူ့အ တွေးအခေါ်တွေက ဘိန်းစားအတွေးအခေါ်တွေပဲဟာ' ဟုဆိုကြသည်။

ကောလားရစ်ချ်ဘိန်းစားသည်မှာ ရူးကြောင်ကြောင်ဖြစ် ၍ဟုမဆိုသာ။ သူသည် ဒူလာရောဂါစွဲသဖြင့် ဆေးကျမ်းအစောင် စောင်လှန်လှောကြည့်ရာ ကျမ်းတစ်ကျမ်း၌ ဘိန်းစားလျှင်ထိုရော ဂါအမြန်ပျောက်သည်ဟုရေးထားသည်ကိုတွေ့ရသဖြင့် စမ်း၍ကြည့် ခြင်းပင်ဖြစ်သည်။ ဘိန်းစားလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် အကိုက်အခဲများမှာယူပစ်သလိုပျောက်သွားသဖြင့် ဘိန်းကိုနတ်ဆေးသဘောထားကာ ရောဂါအမြစ်ပြတ်အောင်ဆက်လက်၍စားလေရာ ရောဂါအမြစ်မပြတ်ခင်ဘိန်းအမြစ်တွယ်သွားလေတော့သည်။

ဘိန်း၌ ထူးခြားသောအကျိုးများရှိကြောင်း ကောလားရစ်ချ်သိလာသည်။ ရောဂါပျောက်ရုံသာမက စိတ်ကူးဉာဏ်ကွန့်မြူးချင်သလောက် ကွန့်မြူးနိုင်ပေသေး၏။ ဘိန်းမှိန်းကာ နတ်ပြည်တွင် နတ်သမီးပေါင်းများစွာနှင့်ပျော်မြူးနိုင်ကြောင်းလက်တွေ့ဖြစ်နေရကား ကောလားရစ်ချ်မှာဘိန်းစားဘဝမှခွာထွက်ရန်မလိုလားတော့ပေ။ ဘိန်းကြောင့် ထူးဆန်းသောအတွေးများပေါ်ပေါက်လာလေသည်။

ကမ္ဘာ့သမိုင်းတွင် အကြီးဆုံးနယ်ချဲ့ ဘုရင်ကြီး'ကုဗလား ခန်း' ခေါ် ခန်းမင်းကြီး၏နန်းတော်သည်ကား ကဗျာသီဖွဲ့၍မဆုံး နိုင်အောင်ခမ်းနားကြီးကျယ်လှပေသည်။ သို့ရာတွင် မည်သည့်စာ ရေးဆရာ၊

ကဗျာဆရာမှ ခမ်းနားအောင်မသီဖွဲ့တတ်ကြချေ။ ဘိန်းစားစာဆိုကောလားရစ်ချ်မှာမူ ဘိန်း၏တန်ခိုးကြောင့် ခန်းမင်းကြီး၏နန်းတော်ကို အံ့ဘနန်းဖွဲ့ဆိုသီကုံးနိုင်ပေသည်။

"ဇနဒူပြည်တွင် ကုဗလားခန်းက ခမ်းနားသောပျော်ပွဲနန်းတော်ကြီးတစ်ဆောင်ဆောက်လုပ်ရမည်ဟု အမိန့်ရှိတော်မူသည်။ ထိုနန်းတော်ကြီးသည်ကား အသူအရာအထောင်မကနက်ရှိုင်းသောလှိုဏ်မြောင်ကြီးများမှ နေရောင်နှင့်မအက်စပ်သောမည်းမှောင်လှသည့်ပင်လယ်တွင်းသို့ စီးဆင်းသော အဲလ်ဖ်မြစ်ကမ်းပါး၌တည် ရှိလေသည်။

ထိုသို့ပလ္လင်ခံ၍ နန်းတော်ကြီး၏ခမ်းနားကြီးကျယ်ပုံတို့ကို စီကာပတ်ကုံးသီဆိုသွားရာ ဖတ်ရှုသူတို့မှာ ထူးဆန်းအံ့သြဖွယ်ကောင်းသောသြကာသလောက၌ရောက်နေရသည်ဟု ထင်ကြရတော့သည်။ ထိုထူးဆန်းသောလောကကြီးထဲသို့ ကောလားရစ်ချ် ကိုယ်တိုင်ရောက်၍ မျက်မြင်ကိုရေးချနေသကဲ့သို့ဖြစ်ရာ ထိုလောကကြီးသို့သွားရာယာဉ်သည်ကားအခြားမဟုတ်၊ ဘိန်းစားခြင်းဟူသောယာဉ်ပင်ဖြစ်သည်။ ထိုသို့ စိတ်ကူးယာဉ်လောကကြီး၌နေစဉ်တစ်ယောက်ယောက်လာ၍နှောင့်ယှက်လိုက်လျှင် စိတ်ကူးပျက် သွားကာ ထူးဆန်းသောလောကကြီးသည်ပျောက်ခြင်းမလှပျောက်သွားလေတော့သည်။ နောက်ထပ်၍လည်းမပေါ်လာတော့ချေ။ ပေါ်လာဖို့နည်းလမ်းကားတစ်ခုတည်းသာရှိသည်။ ဘိန်းစားပေး ခြင်းမျှပင်ဖြစ်သည်။ ထို့ကြောင့် ကောလားရစ်ချ်သည် ဘိန်းကိုဖြတ်ဖို့ အတန်တန်ကြိုးစားသော်လည်း ဘိန်းဘက်သို့ရစ်သီရစ်သီနှင့်ပြန်၍သာဝဲရာလေသည်။

ကောလားရစ်ချ်သည် ဘိန်းစားဘဝနှင့် နှစ်နှစ်မျှကြာ လတ်သော်ရေးကအသားအရေမျိုးနှင့်မဟုတ်တော့ဘဲ တစ်နေ့တခြားခြောက်ခန်း၍သာလာလေတော့သည်။ မကျန်းမာလှသဖြင့် မြေထဲပင်လယ်ဘက်သို့ခရီးထွက်ကာ ကျန်းမာရေးကိုရှာလေသည်။ သူသည် မော်လတာကျွန်းကလေးသို့သွား၍ နှစ်နှစ်မျှအေးချမ်းစွာ နေလေသည်။

မိတ်သူ့မိတ်ဆွေများက သူ့ကို အင်္ဂလန်ပြည်သို့ပြန်ရန်တိုက် တွန်းကြသည်။ အင်္ဂလန်ပြည်၌ သူ့စာဆိုဖော်ဝပ်ဒ်စ်ဝပ်သ်မှာ အလွန်ကျော်စောသောစာဆိုကြီးဖြစ်နေပြီဖြစ်ရာ သူသည်အင်္ဂလန်ပြည်သို့ပြန်၍လက်စွမ်းပြပါမူ ကျော်စောလာပေလိမ့်မည်ဟု သင်္ဂဟများကယုံကြည်ကြသည်။ သို့ရာတွင်သူ့ခမျာမှာ သနားစရာဖြစ်နေတော့သည်။ ဘိန်းကိုခင်၍ ကလောင်ကိုမကိုင်ဘဲထားခဲ့သည်မှာအတော်ပင်ကြာချေပြီ။ တစ်နေ့တခြားပိန်ညှော်၍ သနားစရာ၊

မသတိစရာဖြစ်လာလေပြီ။ သူ့ဇနီးသည်သည် သူ့အားအကြည်ညိုလျော့ပါးလျက်ရှိနေချေပြီ။

ငွေကြေးရှားပါး၍ စားစရာမျှပင်မရှိတော့သဖြင့် ခမျာမှာ"ကူရိယ" ဂျာနယ်တိုက်တွင် စာရေးအလုပ်လာ၍လျှောက်လေသည်။ 'ကူရိယ'ဂျာနယ်မှာ ယခင်ကသူ ့ကဗျာများကိုရှိခိုးဦးတင်၍ တောင်း၍ထည့်ရလေရာ ယခု၌မူ ယခင်ကကောလားရစ်ချ်၏ ဖိနပ်ကိုတိုက်ပေးရလျှင်ဂုဏ်ရှိလှပြီဟုထင်နေသူများက အယ်ဒီတာ မန်နေဂျာများဖြစ်ကာ သူ့အားအရေးမစိုက်ဘဲ သူတောင်းစားကိုသနားသဖြင့်ကြေးပြားတစ်ပြားပစ်ပေးလိုက်သည့်နည်းတူပျာ တာအလုပ်ကလေးတစ်ခုကိုပေးလိုက်ကြသည်။

ထိုအလုပ်၌နွမ်းပါးစွာလုပ်ကိုင်နေရခိုက်တွင် ဘိန်းကိုမဖြတ်နိုင်သောကြောင့် တဖြည်းဖြည်းလုံးပါးပါးလာသောသူ့ကျန်းမာရေးအတွက် သူ့ အားကရုဏာအမှန်ရှိသည့် ဆရာဝန်ကြီး ဒေါက်တာဂီးလ်မိုးထံသို့ သူ့ကိုယ်ကိုအပ်နှံထားလိုက်ရတော့သည်။

သူသည် ထိုအခိုက်အခါတွင် သူရေးသမျှကဗျာများနှင့် ဟောပြောချက်များကိုပုံနှိပ်ထုတ်ဝေလေသည်။ နောက်ပိုင်းရေးသောကဗျာများအနက် 'ခရစ်တဗဲလ်' အမည်ရှိသောလင်္ကာမှာ ထူးခြားလှသည့်အလျောက်အထူးပင်ကျော်ကြားလေသည်။ သူ့ ဟောပြောချက်များ၊ မှတ်စုများကို "စာပေသမိုင်း' ဟူသောအမည်ဖြင့်ကျမ်းတစ်စောင်အဖြစ်ထုတ်ဝေလေသည်။

ထိုကဗျာများမှစ၍ ရေးသားချက်အထွေထွေတို့သည် သူ၏ဘိန်းတန်ခိုးကြောင့်ထူးဆန်းသလောက် ဖတ်သူနားမလည်နိုင်အောင်ရှုပ်ထွေးလှချေသည်။ သူ့မိတ်ရင်းဝပ်ဒ်စ်ဝပ်သ်ကပင် "ဒီလူရေးတာတွေ၊ ပြောတာတွေကို ကျုပ်တော့နားမလည်ဘူးဗျာ'ဟု ဝမ်းနည်းစွာဝန်ခံရလေသည်။

ယင်းသို့ စိတ်မူမမှန်ဖြစ်ရခြင်းမှာဘိန်း၏တန်ခိုးပင်ဖြစ်သည်။ နောက်ဆုံး၌သူရေးသောစာများကိုထုတ်ဝေမည့်သူမရှိတော့ သဖြင့် သူ့ခမျာမှာငွေကြေးပြတ်ရရှာတော့သည်။

သူ့သားကလေးမှာ ယခုကြီးပြင်းလာပြီဖြစ်သဖြင့် သားကလေးအောက်စဖို့တက္ကသိုလ်တွင် ငွေကြေးကလေး သုံးစွဲနိုင်အောင်ပို့ချင်လွန်း၍ သတင်းစာတိုက်များတွင်အောက်တန်းစားစာရေးသမားအလုပ်နှင့်နေ့စားရအောင်ရှာဖွေရတော့သည်။

အသက်ခြောက်ဆယ်ရှိပြီဖြစ်၍ သူ့ဘဝမှာ အချုပ်အားဖြင့်

အောင်ခြင်းကင်းမဲ့၍ သနားစရာဘဝမျှသာဖြစ်ကြောင်း သိရရှာသည်။ သူ့အဖို့ ထိုဘဝ၌ရက်ရှည်ရှည်နေရန်အချိန်မရှိတော့ ကြောင်းကောင်းစွာသိလေသည်။ သူ့အားရိုသေလေးစားစွာနှုတ် ဆက်၍ ခပ်သုတ်သုတ်ထွက်သွားသောလူငယ်ကလေးတစ်ယောက် ၏အမည်ကို အနီးရှိလူတစ်ယောက်အားလှမ်း၍မေးကြည့်ရာ "ဒီသူ ငယ်ကလေးဟာ ကဗျာဆရာကလေးဂျွန်ကိစ်ပေါ့' ဟုပြောလိုက်သံ ကိုကြားရသည်။

သူသည် ယင်းသို့ လူမခေါ်ချင်သည့်ဘဝမျိုး၌ ကြည်ညိုသူ တစ်ဦးကိုတွေ့လိုက်ရသဖြင့် ဘဝကျေနပ်မှုလေးတစ်ခု လျှပ်တစ်လိုက်ပေတော့သည်။ ယခု၌မူသူ အာ တစ်သက်လုံး ဒုက္ခ ပေးသော်လည်း သူကမခွဲနိုင်မခွာရက်ဖြစ်ရသည့်ဘိန်းအလေ့ကို ဖြတ်လိုက်လေပြီ။ ဘိန်းဖြတ်သည့်နောက်ဇီဝိန်ပြုတ်ရန်သာရှိသည် ဟုအတပ်သိ၏။ ကောလားရစ်ချ်သည် ကဗျာဆရာကလေးဂျွန် ကိစ်ကို ခပ်ဝေးဝေးမှလှမ်းကြည့်ရင်း သူ့ အိမ်ခန်းကလေးရှိရာသို့ထွက်သွားလေသည်။ သူ့နှုတ်ခမ်းပေါ်၌ လူ့ဘဝနောက်ဆုံးအပြုံး ကလေးသည် ခုန်ပျံလျက်ပါသွားလေသည်။

ဆာဝေါလ်တာစကော့

စကော့တလန်ပြည်တောင်ပိုင်းဒေသ ဆန်ဒီနိုးလယ်တော ကလေးရှိအိမ်တစ်အိမ်တွင် အဘိုးကြီးနှစ်ယောက်သည် သုံးနှစ်အရွယ်ကလေးတစ်ယောက်ရှေ့တွင် ဒူးထောက်နေကြသည်။ အဘိုးကြီးတစ်ယောက်မှာကား နီမြန်းသောဝတ်လုံအင်္ကျီကိုဝတ်လျက် ထို ခေတ်ကစစ်ဗိုလ်ကြီး၏ဟန်ပန်ရှိသည်။ သူသည် ကော်ဇောပေါ် တွင်လေးဖက်တွား၍ သွားကာ ကလေးကိုသူ့နောက်ကသူ့ကဲ့ သို့ပင်လေးဖက်တွားရန်တိုက်တွန်းနေသည်။ သို့သော်ကလေးမှာမူ အိပ်ရာမှမထဘဲလဲလျောင်းလျက်ပင်ရှိချေသည်။ ဒူးထောက်၍ငေး ကြည့်နေသော အခြားအဘိုးကြီးမှာ မျက်လုံးများတွင်မျက်ရည်ရွှဲ၍ လာတော့သည်။

"ဗိုလ်ချုပ်ရယ် . . . စကော့တလန်ပြည်မှာ ဒီကလေး လောက်ဝဝတုတ်တုတ် လုံးလုံးခဲခဲကြီး ရှိတာမရှိသေးဘူးထင်ပါ့ဗျာ၊ဒါပေမဲ့ လေးရက်တည်းဖျားလိုက်ရတယ်၊ညာဘက်ခြေမသန်တော့ ဘူးဗိုလ်ချုပ်ကြီးရယ်၊ ကျုပ်မြေးကလေး ဒီတစ်သက်လမ်းမှလျှောက် နိုင်ဦးတော့မှာလားဗျ"ဟု မျက်ရည်စမ်းစမ်းနှင့် အဘိုးကြီးကမေး လိုက်သည်။

သူ့ရောင်းရင်းအဘိုးကြီးက လေးဖက်တွားရာမှခါးကိုမတ်၍ ဒူးထောက်နေလျက်ကပင် "ဟာ သူငယ်ချင်းရာ၊ မင်းမြေး လမ်းလျှောက်နိုင်မှာပါကွာ၊ သူ့နာမည်ဝေါလ်တာစကော့ဆိုတာ သေချာသလို သူလမ်းလျှောက်နိုင်မှာလဲ သေချာပါတယ်"ဟု ဗိုလ်ချုပ်ဟောင်းက သူ့မိတ်ရင်းမြေပိုင်ရှင်ကြီးကို ပြောလိုက်သည်။ မှန်ပါသည်၊ အဘိုးကြီးဗေဒင်ဟောသည့်အတိုင်း ဝေါလ် တာစကော့သည် ဖျားပြီးတစ်နှစ်မျှ ခြေကလေးထော့ကျိုးထော့ကျိုး နှင့်လျှောက်ပြီးခါမှ ဟန်မပျက်လျှောက်နိုင်ပေတော့သည်။ သို့ရာတွင် ခြေကလေးထော့နင်းထော့နင်းဖြစ်သည်မှာ တစ်သက်တာပင် ဖြစ်ချေသည်။

ဝေါလ်တာစကော့သည် သူ့အဘိုး၏လယ်တောမှပြန်၍ သူ့ဖခင်၏အိမ်ရှိရာ အတ်ဒင်ဘားရားမြို့တော်သို့ ရောက်နေလေပြီ။ သူ့ဖခင်မှာ လွှတ်တော်ရှေ့နေကြီးဖြစ်သည်။ သူသည်စည်းစနစ်ကျသော ညီအစ်ကိုမောင်နှမများကြားတွင် စည်းကမ်းကြီးလှသော ဖခင်၏အာဏာစက်အောက်တွင်နေရသဖြင့် သေသေဝပ်ဝပ်ရှိပါ ပေသည်။ သူ့မိခင်ကြီးသည်ကားသူ ကျေးဇူးရှင်အစစ်ပေတည်း။ မိခင်ကြီးကသူ့အား ရှေးအိုင်ချင်းများကို သီဆိုသင်ကြားပေးသည်။ ဟုမ်းမားအမည်ရှိသောဂရိစာဆိုကြီး၏လင်္ကာများကို ပြန်သင်ကြားပေးပေသည်။

စကော့တလန်သမိုင်းတွင်ထင်ရှားသော သူရဲကောင်း ကြီးများအကြောင်းကို ပုံပြင်အဖြစ်ပြောပြ၍ သူ့ကိုသိပ်ပေသည်။ ထိုသို့သမိုင်းပုံပြင်များ၊ ရှေးသီချင်းကြီးများ သင်ကြားပေးခြင်းအားဖြင့် ဝေါလ်တာစကော့အား တေးကဗျာများနှင့် ပုံပြင် ဝတ္ထုများ၌ စိတ်ဝင်စားစေခြင်းသည် သူ့နောင်ရေးကို တီထွင်ပေးသည်နှင့်တူလေသည်။

ခုနှစ်နှစ်အရွယ်တွင် ဝေါလ်တာစကော့သည် ကျောင်းစ၍နေရသည်။ မိဘများကသူ့အား အိမ်၌လည်းအလွတ်သင်ဆရာတစ် ယောက်ကိုခေါ်၍ သင်ကြားပေးစေသည်။ ထိုဆရာမှာ ရှေးအလွန် ကျ၍ ကာလပေါ်ဝတ္ထုများကိုဖတ်ဖို့ဝေးစွ၊ စာအုပ်ကိုပင်လှန်၍မ ကြည့်ရဟုပညတ်လေသည်။ မိဘများကလည်း သမ္မာကျမ်းစာမှအပ အခြားစာအုပ်ကိုဖတ်လျှင် ငရဲကြီးသည်ဟုပြောထားကာပိတ်ပင်ကြသည်။ သို့ရာတွင် သူ့ဖခင်၌ ထိုခေတ်က ကာလပေါ် ဝတ္ထုပြ ဇာတ်များစွာကို စာကြည့်ခန်းဗီရိုကြီး၌ထားလေသည်။ ဝေါလ်တာစ ကော့သည် တစ်အိမ်လုံးအိပ်လောက်သည့်အချိန်၌ မိမိ၏အိပ်ခန်းမှ အိမ်အောက်ထပ်သို့ချတ်နင်းဆင်းပြီးလျှင် စာကြည့်ခန်းထဲ၌ ရှိတ်စပီးယားပြဇာတ်များကိုခိုး၍ဖတ်ရလေသည်။ ထိုပြဇာတ်များကိုဖတ် ၍မဝနိုင်လောက်အောင် စာပေအရသာတွေ့ကြောင်း သူကအရွယ်ရောက်၍ လွတ်လပ်စွာပြောဆိုခွင့်ရသည့်အခါ၌ဖွင့်ဟဝန်ခံ လေသည်။

စကော့အသက် ဆယ့်ငါးနှစ်အရွယ်လောက်ရောက်သောအခါ ထိုခေတ်က နာမည်ကျော်သောစာဆိုကြီးဘန်းသည် အက်ဒင်ဘားရားမြို့သို့ အလည်အပတ်ရောက်လာလေသည်။ ဘန်းမှာထိုစဉ်က စကော့တလန်ပြည်၏ခေါင်းဆောင်စာဆိုကြီးဖြစ်သဖြင့် အက်ဒင်ဘားရားမြို့ပေါ်ရှိအထက်တန်းစားများက သူ့ထက်ငါတိုးမ၍နှုတ်ဆက်ညှေ့ခံကြလေသည်။ စာပေဝါသနာအထုံတဖြည်း ဖြည်းရင့်လာသော ဝေါလ်တာစကော့သည်လည်း ဘန်းအားတွေ့လို၏။ သို့သော် လူငယ်ဖြစ်စေကာမူလည်း စကော့အဖို့အကြောင်း သင့်သောအချက်တစ်ရပ်ပေါ်လာလေသည်။ တစ်ခုသောညှေ့ခံပွဲ ၌စကော့လည်းပါဝင်လေရာ လယ်သမားစာဆိုကြီးဘန်းက ပန်းချီ ကားတစ်ချပ်၏အောက်နားတွင်ထိုးထားသော ကဗျာအပိုင်းအစက လေးကိုမျက်စိကျ၍ ထိုကဗျာကိုရေးသောစာဆို၏အမည်ကိုမေး မြန်းရာ လူကြီးပိုင်းကမည်သူမျှမသိဘဲငေးကြောင်နေကြခိုက် ကော့က စာဆို၏အမည်ကို တိုးတိုးကလေးပြောလိုက်သည်။ စာဆို ကြီးဘန်းကစကော့ကိုလှမ်းကြည့်၍ပြုံးပြီးလျှင် “မင်းဟာ လူတော်ကလေးတစ်ယောက်ပါလား'ဟု ဖွင့်ဟချီးကျူး၍သွားလေသည်။

စကော့သည်ဘာန်း၏ ချီးကျူးချက်ကို တစ်သက်လျှာတွင် မမေ့တော့နိုင်ဖြစ်နေလေသည်။ ထိုသို့ချီးကျူးစကားပြောစဉ်က ဘာန်း၏သာလှသောမျက်နှာထားကို စကော့သည်အမြဲပင် မြင်နေလေတော့ ဖော်ပြထား ဖခင်ကြီး၏တိုက်တွန်းချက်အရ ဥပဒေပညာကိုသင်ကြားရသော်လည်းစကော့သည် ရှေးဟောင်းပုံပြင်များ၊စကော့တလန်ပြည်တောင်သူလယ်သမားများ၏ဓလေ့ထုံးစံများကို သောရှေးဟောင်းအိုင်ချင်းများ၊လက်ာရှည်ကြီးများ စသည်တို့၌ ပို၍စိတ်ဝင်စားလေသည်။ သူသည်ဥပဒေပညာသင်ကြားနေခိုက်၌ပင် သူငယ်ချင်းတစ်ယောက်ကိုအဖော်ပြုကာမြင်းစီး၍ တောရွာဒေသများသို့သွား၍ရှုချင်စဖွယ်တင့်တယ်လှသောတောတောင် ရေမြေတို့ကိုကြည်နူးရင်းပင် ကျေးရွာများမှ ရှေးဟောင်းပုံပြင်များ ကိုစုံစမ်းလေ့လာလေသည်။ ထို့ကြောင့်ပင် အချိန်တန်၍ ဥပဒေကို သာမန်အားဖြင့်တတ်မြောက်ကာဝတ်လုံတော်ရဖြစ်သည့်အခါ၌ စကော့သည် ရှေးဟောင်းယဉ်ကျေးမှုပညာ၌အတော်ပင်ဗဟုသု တနှင့်ပြည့်စုံသောပုဂ္ဂိုလ်တစ်ဦးဖြစ်နေပေပြီ။

ရုပ်ရည်ချောမောသန့်ပြန့်သောဝတ်လုံကလေးဖြစ်သောကြောင့် ဝေါလ်တာစကော့အားမိတ်ဖွဲ့လိုသူများလှစွာ၏။ သူသည်တစ်နေ့ကုန်အလုပ်လုပ်၍ ညဥ့်တစ်ဝက်မျှစာဖတ်သူဖြစ်သည်။ သူ့အဖို့အိပ်ချိန်နည်းလွန်းလှတော့သည်။ ပြင်သစ်တို့က အင်္ဂလန်ပြည်ကိုကျူးကျော်စော်ကားမည်တကဲကဲဖြစ်နေသောထိုကာလ၌ စကော့သည် ပြည်တွင်းကာကွယ်ရေးအပျော်တမ်းတပ်တစ်တပ်ဖွဲ့စည်း၍ သူကိုယ်တိုင်ခေါင်းဆောင်လျက် နံနက်ငါးနာရီခွဲတွင် အိပ်ရာမှထပြီးလျှင်လေ့ကျင့်ခန်းများသင်ကြားပေးလေသည်။ ကိုးနာရီခွဲတွင်အိမ်သို့ပြေး၍ အဝတ်အစားလဲပြီးလျှင် ပါလီမန်အဆောက် အဦးသို့ ရှေ့နေလိုက်ရန်သွားလေသည်။ ညနေငါးနာရီလောက်တွင် ပြန်လာပြီးလျှင် သူ့အားအလုအယက်ဖိတ်ခေါ်ကြသော ယောက္ခမ လောင်းများအိမ်သို့ သွားရောက်လည်ပတ်ရချေသေးသည်။ လည်အပတ်မှပြန်လာပြီးသည့်နောက် သူသည် သူ့ အိမ်ခန်းထဲတွင် သန်းလွဲတိုင်အောင် နော်ဝေးနိုင်ငံပုံပြင်သမိုင်းများမှသည် ဗြိတိသျှ သမိုင်းအကုန်အစင်အထိ ညက်ညက်ကြေအောင်လေ့လာလေသည်။

သူ့အဖို့ ရာဇဝင်ခန်းများသည် မျက်စိတွင် ကွင်းပေါ်၍ ပစ္စုပ္ပန်အဖြစ်အပျက်ထက်ပင်ပြတ်သားလှသေး၏။ ၁၇၉၅ ခုနှစ်တွင် သူသည် မိတ်ဆွေမိန်းကလေးတစ် ယောက်ကို ကျေးဇူးပြုသည့်အနေနှင့် ဂျာမန်ကဗျာတစ်ပုဒ်ကို အင်္ဂလိပ်လိုပြန်ပေးလိုက်သည်။ မိတ်ဆွေမိန်းကလေးမှာ စကော့၏လက် ရာကိုအထူးနှစ်သက်အံ့ဩ၍ သူ့အားကဗျာရေးရန်တိုက်တွန်းလေ

သည်။ စကော့လည်း ရည်ရွယ်ချက်ဟူ၍မရှိဘဲနှင့် ကဗျာဆရာဖြစ် လာလေသည်။ သူသည် နံနက်စောစောအိပ်ရာမှထပြီးလျှင် ကဗျာ စပ်လေသည်။ သူသည် ပထမဦးစွာ သူစုဆောင်းထားသော စကော့ တလန်ပြည်ရှေးဟောင်းကဗျာများကို သီချင်းပဒေသာစာအုပ်တစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်သည်။ ထိုစာအုပ်မှာလူကြိုက်များ၍စကော့သည် စာဆိုအဖြစ်လူသိများလာလေသည်။ ထိုအခိုက် သူသည် ကိုယ်တိုင်ရေးစပ်သောကဗျာများကို ထုတ်ဝေပြန်လေသည်။ ဤတွင် သူသည်ကဗျာဆရာတစ်ဦးအဖြစ် အမှတ်မထင် ဖြစ်လာလေတော့သည်။

ဝေါလ်တာစကော့သည်ThlayofTheLastMinstrelအမည်ရှိလင်္ကာရှည်ကြီးတစ်ပုဒ်ဖြင့် နေ့ချင်းညချင်း ပင်နာမည်ကျော်ကဗျာဆရာကြီးဖြစ်သွားလေသည်။ စာပေသမား ဖြစ်သော်လည်း သူသည် ဝတ်လုံအလုပ်ကိုမပစ်ပယ်ချေ။ အပျော် တမ်းကလောင်ရှင်အဖြစ်သာနေလေသည်။ စကော့သည် ဟိုက် ကုတ်ရုံးတော်ဝန်ထောက်ရာထူးကိုလက်ခံဆောင်ရွက်ရင်းပင် ကဗျာများကိုဆက်၍ရေးလေသည်။ သူ၏ဒုတိယကဗျာမှာ ဗျာထက်ပို၍ကောင်းသည့်အလျောက် လူကြိုက်ပို၍များလေသည်။ The Lady of The Lake (ကုဏ္ဍလာဒေဝီ)လင်္ကာကြီးသည် စကော့အားနာမည်ကြီးစေရုံသာအကျိုးပြုသည်မဟုတ်၊ ငွေကြေးမြောက် မြားစွာရစေသည်။ တစ်နှစ်အတွင်း အုပ်ရေနှစ်သောင်းကျော် ရောင်းရသည်။

စကော့သည်စာရေး၍ငွေကြေးရသော်လည်း သူ့ရာထူးကို မပစ်ချေ။ ဟိုက်ကုတ်လွှတ်တော်မှလည်း သူ့အား ဆဲလိကတ် ရှိုင်းယားနယ် ဒုတိယနယ်အုပ်အဖြစ်ခန့်ထားသဖြင့် စကော့အဖို့အ ကြိုက်ကျသွားလေသည်။ မြင်းစီး၍နယ်လှည့်ရသည်မှာ သူ့အဖို့ဗ ဟုသုတပွားများရာအကြောင်းများပင်ဖြစ်သည်။

စကော့သည် အသက်ဆယ့်ခြောက်နှစ်အရွယ်ကပင် အိမ်ထောင်ကျသည်။ သူ့ဇနီးမှာ ရှားလော့ကာပင်းတီယား အမည်ရှိ သောပြင်သစ်မကလေးဖြစ်၍ ဖျတ်လတ်လှသည်။ သူတို့ဇနီးမောင် နှံသည်အလွန်ချစ်ခင်မြတ်နိုးကြပေသည်။ သားနှစ်ယောက်၊သမီး နှစ်ယောက်ဖွားမြင်၍ သူတို့အိမ်ထောင်ရေးမှာ အဆင်ပြေလှပေ သည်။ စကော့သည် သူ့သားသမီးများနှင့်အတူမြင်းစီး၍ တော ထွက်ရသည့်အရသာကိုကျေနပ်စွာခံစားလေသည်။ တောထွက်ရင်း ရှေးဟောင်းပုံပြင်များစုဆောင်းရသည်မှာလည်း အထူးပင်ကျေနပ် ဖွယ်ဖြစ်ပေသည်။

စကော့သည် သူ့ကဗျာစာအုပ်များကို သူ့ကျောင်းနေဖက် သူငယ်ချင်းဘယ်လင်တိုင်းဆိုသူနှင့်ပူးပေါင်း၍ ရိုက်နှိပ်ထုတ်ဝေလေသည်။ ဘယ်လင်တိုင်းနှင့် စီးပွားဖက်လုပ်မိခြင်းကြောင့် နောင် ကာလဝယ် စကော့မှာ အကြီးအကျယ်ဒုက္ခရောက်ရရှာသည်။ ပုံနှိပ်

တိုက်လုပ်ငန်းအတွက်ငွေများစွာထည့်ရသည့်အထဲတွင် တွိဒ်မြစ်ကမ်းပေါ်ရှိအက်ဗော့ဖို့ဒ်ကြီးကို ပေါင်လေးထောင်နှင့် ဝယ်ယူလိုက် လေသေး၏။ တိုက်ကြီးအတွင်း၌ ရှေးဟောင်းပစ္စည်းဖြစ်သော ဒိုင်း ကြီးများ၊ သံချပ်တန်ဆာများ၊ ရှေးပန်းချီကားကြီးများကိုဝယ်၍ဆင် ယင်ထားသဖြင့် အတော်ပင်ခံ့ညားလှပေသည်။ သို့သော် စကော့အ ဖို့ ငွေကုန်များလွန်းလှ၍မသက်သာလှချေ။

စကော့သည် ကဗျာများကိုအဆက်မပြတ်ရေးနေရာမှ သူ့ကဗျာများတွင် အကောင်းဆုံးဟုဝေဖန်ဆုံးဖြတ်ခြင်းခံရသည့် Marmion (မာမိယံ) လင်္ကာကြီးကိုရေးပြီးနောက် ဘိုင်ရွန်၏ကဗျာ များကိုဖတ်ရသောအခါ ဘိုင်ရွန်ကိုမီအောင်ကဗျာရေးနိုင်ဖို့ ဘယ် သောအခါမျှမဖြစ်နိုင်ဟုဆုံးဖြတ်ကာ ကဗျာလင်္ကာရေးသားမှုကို ပစ်ပယ်လိုက်လေသည်။

သို့ရာတွင် စာပေရေးသားမှုကိုကားမပစ်ပယ်နိုင်ပေ။ စကော့သည် ကဗျာဆရာအဖြစ်ရထားသောနာမည်ကိုလည်း ပျက်စေချင်၊ ကဗျာအရေးအသားကိုဖြတ်၍ အခြားစာပေတစ်ခုခု ကိုရေးသားလိုလှ၏။ သို့နှင့် တစ်နေ့၌ သူသည် ငါးမျှားချိတ်ကိုလို ချင်၍ စားပွဲအံဆွဲထဲတွင်ရှာရာ လွန်ခဲ့သည့်နှစ်အတော်ကြာကပစ် ထားသော တစ်ပိုင်းတစ်စဝတ္ထုစာမူကိုတွေ့လေသည်။ သူသည် လွန်ခဲ့သောလေးငါးနှစ်က ရာဇဝင်ဝတ္ထုတစ်ပုဒ်ကိုစ၍ရေးသည်။ ရေး၍ အခန်းနှစ်ခန်းသုံးခန်းမျှပြီးသောအခါ မိတ်ဆွေတစ်ယောက်ကိုပြ လေသည်။ မိတ်ဆွေကဖတ်ပြီးလျှင် မဟန်လှကြောင်းပြောရာ ထို မိတ်ဆွေ၏ထင်မြင်ချက်ကိုလေးစားကာ စကော့သည်ဝတ္ထုကို တစ်ပိုင်းတစ်စနှင့်ဖြတ်၍ အံဆွဲထဲထိုးထားပြီးလျှင် လုံးလုံးလျားလျားမေ့ ပစ်လိုက်လေသည်။

ယခုဤဝတ္ထုစာမူကို အမှတ်မထင်ပြန်၍တွေ့ရာ သူ့စိတ်၌ ဝတ္ထုရေးချင်စိတ်ပြန်၍ ပေါ်လာသည်။ သူကျောင်းနေစဉ်ကတည်း ကပင် သူငယ်ချင်းများကိုပုံပြောလေ့ရှိသည်။ သူပုံပြောပုံကောင်းလှ သဖြင့် သူငယ်ချင်းများကသူ့ ပုံများကို စိတ်ဝင်စားစွာဝိုင်း၍နားကြ လေသည်။ စကော့သည် ယခုပြန်တွေ့ သော ဝတ္ထုတစ်ပိုင်းတစ်စကို ဆက်၍ရေးမည်ဟုစိတ်ပိုင်းဖြတ်ပြီးလျှင် ငါးမျှားဖို့ ဆန္ဒပပျောက် သွားသည်တွင် စားပွဲ၌ထိုင်၍ရေးလေတော့သည်။ မကြာမီပင်လျှင် ဝတ္ထုပြီးသွားလေရာ ဝတ္ထု၏အမည်ကို “ဝေဗာလီ” ဟုပေး၍ သူ့နာမည်ကိုမတပ်ဘဲ The Great Unknown (အညတရ ပုဂ္ဂိုလ်ကြီး) ဟုအမည်ဝှက်တပ်ကာထုတ်ဝေလိုက်လေသည်။

ရာဇဝင်ဝတ္ထုများရေးလာခဲ့ကြလေပြီ။ သို့ရာတွင် စကော့၏ဝတ္ထုမှာကဲ့သို့ ရာဇဝင်ဇာတ်ကောင်များသည် သဘာဝကျ၍ သရုပ်မပေါ်ကြချေ။

စကော့၏ဝတ္ထုဦးပါသော ဘုရင်၊ မှူးကြီးမတ်ရာ သေနာပတိများ၊ စစ်ကဲကြီးများ၊ စစ်သည်တော်ကြီးများ၊ စည်းစိမ် ယစ်နေသော ဘုန်းတော်ကြီးအရည်းကြီးများ၊ ပျိုမျစ်နုနယ်သော လုဒေဝီများမှစ၍ ရှေးခေတ်သူရှေးခေတ်သားများသည် ရှေးခေတ် အခြေအနေအတိုင်း သဘာဝကျကျပြောဆိုလုပ်ကိုင်ကြပေသည်။ ထို့ကြောင့် စကော့၏ 'ဝေဗာလီ" ဝတ္ထုသည် လူကြိုက်များလေသည်။ 'ဝေဗာလီ' ဝတ္ထုထွက်ပြီးနောက် ပွဲတောင်းသဖြင့် စကော့ သည် 'ဂိုင်းမင်းနားဂင်း' ဝတ္ထုကို ဆက်၍ရေးပြန်ရာ ရက်သတ္တ ခြောက်ပတ်နှင့်အပြီးသတ်လေသည်။ ထိုဝတ္ထုကိုလည်း စာဖတ်ပရိ သတ်ကြိုက်လေသည်။ ယင်းသို့လျှင် စကော့သည် 'အိုင်ဗင်ဟို'၊ "ကင်နယ်လ်ဝသ်'၊ 'တဲလစ်စမင်း'၊ 'သည်ဟတ်အော့ဖ်မစ်ဒလိုသိယံ' စသည့် ရာဇဝင်ဝတ္ထုများကို အဆက်မပြတ်ထုတ်ဝေရာငွေမှာလည်း တဝေါဝေါနှင့်ဝင်လာလေတော့သည်။ စကော့သည် ဝေဗာလီဝတ္ထုများရေးသူမှာသူပင်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံခြင်းမပြုပေ။ စာအုပ်များအဆက်မပြတ်ထုတ်၍ ဆယ့်သုံးနှစ်ကြာခါမှ အကြောင်းသင့်၍ဖွင့်ဟဝန်ခံလိုက်လေသည်။

သူ့ဝတ္ထုများကို ဥရောပတိုက်တစ်ခွင်တွင် ဘာသာအမျိုးမျိုးပြန်၍ဖတ်ရှုကြသဖြင့် သူ့ဝင်ငွေမှာ တစ်နှစ်လျှင်ပေါင်တစ်သောင်းခန့်ရှိလေသည်။ စာရေးရလွန်း၍ ကျန်းမာရေးကိုထိ သော်လည်း စကော့သည် စိတ်အားမလျှော့ဘဲ နာမကျန်းဖြစ်နေ သည့်အထဲမှ ဝတ္ထုနှစ်ပုဒ်ကိုနှုတ်ဖြင့်ပြော၍ စီရင်ရေးသားလေသည်။ ငွေကြေးကုံလုံ၍ တစ်သက်လုံးချမ်းသာကာ အိုမင်းမစွမ်း ရှိသည့်အခါ၌ သက်သောင့်သက်သာနေနိုင်မည်ဟု မျှော်လင့်အား ခဲခဲ့သောစကော့ခမျာမှာ သေခါနီးတွင် ဒုက္ခတွင်းနက်ကြီးအတွင်း သို့ ကျဆင်းရရှာသည်။ ကျဆင်းရသည်မှာလည်း သူ့ အပြစ်စစ်စစ် မဟုတ်ပေ။ သူ ့သူငယ်ချင်းဘယ်လင်တိုင်းနှင့် စပ်တူတည်ထောင် ထားသောပုံနှိပ်စက်မှာ တဖြည်းဖြည်းအခြေအနေဆိုးလာရာမှ ၁၈၆၂ခုနှစ်တွင် ပေါင်တစ်သိန်းကျော်မျှရှုံး၍ပိတ်လိုက်ရတော့ သည်။

အသက်ငါးဆယ့်ငါးနှစ်ရှိပြီဖြစ်သောစကော့သည် စီးပွား ရေးပျက်ရသည်ကိုစိတ်ဓာတ်ကောင်းမွန်စွာလက်ခံ၍ တင်နေသောကြွေးကိုပြန်ဆပ်ရန် လုံးပန်းရှာသည်။ မိတ်ဆွေအချို့က သူ့ အားဒေဝါလီခံ၍ အကြွေးများကိုပလပ်ရန် ရုံးတော်တွင်လျှောက် ထားစေချင်ကြသည်။ စကော့မှာကားမာနရှိပေသေးသည်။ "ဟောဒီ ညာလက်နဲ့ အကြွေးကိုပြန်ဆပ်ရမှာပေ့' ဟုပြုံး၍ပြောကာ ပုံနှိပ် တိုက်အကြွေးအားလုံးကို သူကအာမခံ၍ ပေးဆပ်ဖို့ကြိုးစားလေ သည်။ သူသည် ဆယ့်ရှစ်လအတွင်း ပေါင်နှစ်သောင်းကျော်ကြွေး ရှင်များအားပေးဆပ်နိုင်သည်။

သူသည် နေ့စဉ်နှင့်အမျှ ကလောင်ကိုင်၍ တစ်ရေးတည်း ရေးနေသည်။ ငြီးငွေ့လာသော်လည်း စိတ်အားတင်းကာ ကြုံတွေ့ရသောလောကဓံကို ကလောင်လက်နက်ဖြင့် စိတ်အားထက်သန်စွာ ခုခံတိုက်ခိုက်လေတော့သည်။ စိတ်ဓာတ်မည်မျှပင် ကောင်းစေကာမူ ကိုယ်ကမခံနိုင်ဖြစ်ရရှာသည်။ နွမ်းနယ်သော ကိုယ်လက်တို့ကို ပြန်၍လန်းဆန်းလာစေအောင် အီတလီတောင်ပိုင်းသို့သွား၍ လေညှင်းခံပါ၏။ အလွန်အမင်းအသုံးပြုထားသောကိုယ်ခန္ဓာမှာ နဂို နေသို့ ပြန်၍ထူမလာနိုင်တော့ချေ။ သို့သော် ကြွေးဆပ်ပြီးမှသေလို လျှင်သေစေတော့ဟု သဘောထားသောစကော့သည် အားကြိုး မာန်တက်ဆောင်ရွက်နိုင်ရုံနှင့်ကိစ္စမပြီးနိုင်ချေ။ သူကိုင်ထားသော ကလောင်သည် သူ၏တုန်ရီနေသောလက်မှလွတ်ကျချေသည်။ ကံကြမ္မာက စာရေးမှုကိုရပ်ရန်အချက်ပြလိုက်ပေပြီ။ စကော့သည်သေတော့မည်ဟုကောင်းစွာသိသဖြင့် သူအလွန်ခင်မင်လှသော တွိဒ်မြစ်ကြီးကိုနှုတ်ဆက်လိုသောဆန္ဒ သူ၌ပြင်းပြလာလေသည်။ ရှေးစနစ်အတိုင်းဆင်ယင်ထားသော အက်ဖော့ဖိုင်ရွာရှိသူ အိမ်ကြီးတွင် နောက်ဆုံးနေ့ရက်များကိုကုန်လွန်စေလိုလှသည်။ ထို့ကြောင့် သူသည် အီတလီပြည်မှစကော့တလန်ပြည်သို့ ပြန်ပြေးလေတော့သည်။

၁၈၃၂ခုနှစ်၊ စက်တင်ဘာလ ၂၁ရက်နေ့သည် အလွန်သာယာသောနေ့ဖြစ်ပေသည်။ နေရောင်ထွန်း၍ ပူနွေးနွေးလေးရှိ နေသည်။ အက်ဖော့ဖိုင်၌ငြိမ်သက်လှချေသည်။ အိပ်ရာထဲ၌လဲနေရှာသောဝေါလ်တာစကော့သည် သူအလွန်ခင်မင်လှသော တွိဒ်မြစ်ထဲမှလှိုင်းကလေးများတဖျပ်ဖျပ်ရိုက်သံကို ကောင်းစွာကြားရသည်။ တောက်ပြောင်သောသံချပ်တန်ဆာများကိုဝတ်ဆင်ကာ ရဲဝံ့စွာစီးချင်းတိုက်၍ သတ္တိပြိုင်နေသောစစ်ကဲကြီးငယ်တို့နှင့် နန်းသွေး နန်းလျာလှကညာတို့၏အကြောင်းကိုသရုပ်ဖော်ခဲ့သော ဝတ္ထုရေးဆရာကြီးဆာဝေါလ်တာစကော့သည် ဤမျှသာတောင့် ရာဇဝင်သာယာရှိလှသည့်ဥတုတွင် သူ၏ဘဝဇာတ်လမ်းဝတ္ထုကို နိဂုံးတံ လိုက်ပေတော့သည်။

ဆာဝေါလ်တာစကော့သည် ဝတ္ထုရေးဆရာအဖြစ်ကျော် ကြားသဖြင့် စတုတ္ထမြောက်ဂျော့ဘုရင်က ဆာဘွဲ့ ချီးမြှင့်ကာ လူကုံထံဖြစ်သော်ငြားလည်း သူ၌သနားစာနာတတ်သောသဘောရှိသည်။ လက်အောက်ငယ်သားများကို သားသမီးသဖွယ်စောင့် ရှောက်၍ အောက်တန်းတောင်သူလယ်သမားတို့အားညှာတာစွာ ဆက်ဆံပေသည်။ သူသည် သူတစ်ပါးထံမှအကြွေးကို အသက်ပေး၍ဆပ်သွားပေသည်။ မည်သို့ပင်ကြိုးပမ်းသော်လည်း သူ့ခမျာမှာ သူ့ဂုဏ်ကိုဆည်နိုင်ခြင်းငှာမစွမ်းသာဘဲ

အကြွေးပင်လယ်ထဲတွင် နစ်သွားရှာလေသည်။

ဖရန့်ရှုဗီလွန်

ညစ်ပတ်သောဖွက်အိုင်မှ မဏိဇောတပတ္တမြားထွက်ပေါ် နိုင်သကဲ့သို့ပင် ယုတ်မာဆိုးညစ်သောစိတ်စေတသိတ်မှ ထူးခြားမွန်မြတ်သောစာပေထွက်ပေါ်လာနိုင်သည်ဟုဆိုလျှင် သံသယဖြစ်ကြပေမည်။ သို့ရာတွင် လွန်ခဲ့သည့်အနှစ်ငါးရာကျော်က ပြင်သစ်ပြည်တွင်ပေါ်ထွန်းလာသော "ဖရန့်ရှုဗီလွန်'၏ဘဝက ထိုသံသယကို ပြတ်သားစွာဖယ်ရှားလိုက်ပေတော့သည်။

ဆိုးညစ်ရာတွင်ပါရဂူ၊ယုတ်မာရာတွင် ထိပ်သီးဖြစ်သော ဖရန့်ရှုဗီလွန်သည် ရုပ်ရည်ရူပကာကိုကြည့်လိုက်လျှင် လူဆိုးလူမိုက်လက္ခဏာအဝဝကိုဖော်ပြလျှက်ရှိသည်။ ပိန်လှီညစ်ထေး၍ တေလွှန်းပေလွှန်းသဖြင့် ရုပ်ရည်ပျက်နေချေသည်။ အောက်နှုတ်ခမ်းမှာ ဓားရှရာကြီးနှင့်မတင့်မတယ်ဖြစ်နေသည်။ မျက်စိတစ်ဖက်မှာ လည်းချာချာလည်အောင်စောင်းနေသည်။ "ဘိန်းစားသူခိုး' ဟုဆိုလျှင် လူတကာ၌ ထိုပုဂ္ဂိုလ်၏ရုပ်ရည်ပုံပန်းသဏ္ဍာန်ကို ပြေး၍မြင် နိုင်သော အစွဲသတ္တိရှိရကား ဗီလွန်၏ ရုပ်ရည်လက္ခဏာကို တိုတိုချုံး ၍ဖော်ပြလိုပါမူ ယင်းဘိန်းစားသူခိုး' ဟူသောဝေါဟာရကိုသုံးရပေ မည်။

ဗီလွန်သည် ကြီးမှမိုက်သူမဟုတ်၊ ငယ်စဉ်ကတည်းက ဆိုးမိုက်ပေတေလာသူဖြစ်သည်။ အသက်နှစ်ဆယ်အရွယ်လောက်တွင်သူ့ပတ်ဝန်းကျင်ရှိမိန်းမအားလုံးကို ကြောရရုံကြံပြီးလေပြီ။ နှစ်ဆယ့်လေးနှစ်အရွယ်တွင် ဘုန်းတော်ကြီးတစ်ပါးကိုသတ်ပြီးလေပြီ။ နှစ်ဆယ့်ငါးနှစ်အရွယ်တွင် လူဆိုးလောကအဓိပတိအဖြစ် တင် မြှောက်ခြင်းခံရပေတော့သည်။

ထိုလူဆိုးအဓိပတိ သူသတ်၊ သူခိုး၊ ဖဲလိမ်၊ ခါးပိုက်နှိုက်ဝိဇ္ဇာ၊ ကြာခိုသမား၊ လူမသမာထိပ်သီး ဖရန့်ရှုဗီလွန်မှာ ဆိုးသလောက် တော်သည်။ သူသည် ထိုခေတ်က ပညာရှိသူတော်ကောင်းတို့သာ တတ်ကျွမ်းလေ့ရှိသောလက်တင်ဘာသာကို ပြိုင်ဝံ့သူနည်းလောက် အောင်တတ်ကျွမ်းပေသည်။ ယုတ်မာသောအတတ်ပညာများ၌ ပါရဂူမြောက်သည့်နည်းတူ မွန်မြတ်သောအတတ်ပညာတို့တွင်လည်း ထူးကဲစွာတတ်မြောက်ပေသည်။ ဗီလွန်လောက်ယုတ်မာသောအမှု တို့ကိုပြုသူရှား၏။ ဗီလွန်လောက် ထူးခြားမွန်မြတ်သောအတွေးအခေါ် ကိုဖော်ပြသူလည်းရှားပေသည်။ ယုတ်မာမှုနှင့် စာပေတို့သည် သာမန်အားဖြင့်ဝိသမဘာဂဖြစ်ကြသည်။ သို့ရာတွင် ဗီလွန်မှာ သာမန်လူမဟုတ်၊ ဗီလွန်၏စာပေသည်လည်း သာမန်မဟုတ်ပေ။

အရက်သမားကတရားဟောလျှင် လူတိုင်းထွချင်သည်။ သို့ရာတွင်ဤ အရက်သမားကြီးကဟောသောတရားကို မနာကြားချင်သူရှားပေ မည်တည်း။

ဗီလွန်၏ဘဝကိုဆန်းစစ်လိုပါမူ ဗီလွန်၏ခေတ်ကိုလည်း ဆန်းစစ်ရပေမည်။ ထူးဆန်းသောခေတ်တွင် ထူးဆန်းသောပုဂ္ဂိုလ် ထွန်းကားတတ်သည်။ ထိုခေတ် ပဲရစ်မြို့တော်မှာ "နှစ်တစ်ရာစစ်ကြီး' ခေတ်အတွင်း၌ရှိလေရကား စာပေသမားတို့သည် သူတောင်း စားများနှင့်အပြိုင်တောင်း၍ စားနေကြရသည်။ မြို့လယ်ကောင်၌ ခားပြမှု၊ ရန်းရင်းဆန်ခတ်မှု၊ လူသတ်မှုတို့သည် နေ့စဉ်နှင့်အမျှ အစီအရီပေါ်ပေါက်လျှက်ရှိကြလေသည်။ ပလိပ်၊ ကျောက်စသည့် ကပ်နာများသည် လောင်မီးကျသလို တစ်မြို့လုံးတားမရဆီးမနိုင် ဖြိုင်ဖြိုင်ကြီးကျရောက်နေတော့သည်။ ပဲရစ်မြို့၌ တစ်နှစ်အတွင်းတွင် လူပေါင်းငါးသောင်းကျော်သည် ပလိပ်ရောဂါနှင့်သေကြေ ပျက်စီးကြရသည်။ သူသေများကိုသိမ်းဆည်း၍မနိုင်သောကြောင့် လင်းတများသည် မြို့လယ်ကောင်တွင်တရုန်းရုန်းဖြစ်နေကြသည်။ ဆင်ခြေဖုံးအရပ်တို့တွင် ဝက်ဝံများသည် လူတို့ကိုကိုက်သတ်ကြ သည်။ နေ့ညမဟူ "ဝတ်လွှန်းလို့ပါ. . . ချမ်းလွန်းလို့ပါ. . သေပါပြီ၊ ကယ်ကြပါ" ဟူသောအသံဆိုးများပွဲတင်ထပ်၍နေကြကုန်၏။

ထိုခေတ်ဆိုးကြီးအတွင်း၌ ကမ္ဘာ့ဂန္ထဝင်တွင် အကြီးဆုံးစာ ဆိုလူဆိုးကို ဖွားမြင်လာလေသည်။ ဗီလွန်သည် လူ့ပြည်ကို တိုက်ကြို တိုက်ကြားမှဝင်လာသည်။ သူ့မိဘများသည် ဖွတ်ဘိုးအေ ဖွတ် ဘွားအေတို့ပင်တည်း။ သူသည် ငယ်စဉ်ကတည်းက မုန်လာဥကို အာဟာရပြုကာ ဆဲရေးကျိန်ဆဲခြင်းတေးသံကိုနာခံရင်းကြီးပြင်း လာရလေသည်။ သူငယ်ဘဝတွင် ဝတ်ကိန်းကြုံခဲ့သော်လည်း 'အခိုး' ကျင်လည်သည့်အလျောက် အိမ်အနီးအနားရှိ မုန့်ဆိုင်၊ ပဲဆိုင်များမှ အလစ်သုတ်၍ဝမ်းဝစေခဲ့သောကြောင့်မငတ်ခဲ့ပေ။ ဗီလွန်တတ်မြောက်သောလက်ဦးအတတ်သည်ကား ခိုးခြင်းအတတ်ပင်ဖြစ် သည်။ စာရေးစာဖတ်အတတ်ကိုကား နောက်မှသင်ယူရလေတော့ သည်။

သူငယ်စဉ်က ဖခင်သေဆုံးလေသည်။ အသက်ဆယ့်နှစ် နှစ်သို့ရောက်လတ်သော် သူ့ မိခင်ကသူ့ကိုဆက်လက်ကျွေးမွေးခြင်း မပြုနိုင်တော့သည့်အလျောက် ဆွေမျိုးနီးစပ်ဘုန်းတော်ကြီး တစ်ပါးထံသို့ အပိုင်မွေးစားရန်အပ်နှံလိုက်လေသည်။ ကြင်နာသ နားတတ်သော ဘုန်းတော်ကြီးဂီလောမီ-ဒီ-ဗီလွန်'သည် သူ့အား ကျွေးမွေးစောင့်ရှောက်မှုကိုသာမက မိမိ၏နာမည်ကိုပါပေးလိုက်ပေသည်။ ယင်းသို့ဆိုလျှင် ဤလူဝင်စားကလေးသည် ဘုန်းတော်ကြီး ၏မွေးစားသား "ဖရန်ရှူ-ဗီလွန်' အမည်နှင့်လူတစ်လုံးသူတစ်လုံး ဖြစ်လာရလေတော့သည်။

ဗီလွန်မှာပင်ကိုဉာဏ်ထက်မြက်သူဖြစ်သည်။ သင်လိုက်တိုင်းတတ်မြောက်သောကြောင့် ဘုန်းတော်ကြီးကသူ အားပဲရစ်တက္ကသိုလ်တွင်ထားလေသည်။ တက္ကသိုလ်တွင်ပညာရပ်များတတ်မြောက်သည်ကားမှန်ပေ၏။ သို့ရာတွင် ဗီလွန်အား တက္ကသိုလ်ကျောင်းသားပီပီ လူလိမ္မာ လူယဉ်ကျေးဖြစ်အောင်သွန်သင်၍ကား မည်သည့်နည်းနှင့်မျှမရချေ။ မဟာဝိဇ္ဇာဘွဲ့ထူးကို သူတကာထက် ပင်ထူးချွန်စွာဆွတ်ခူးနိုင်ခဲ့ပေသည်။ ကဗျာလင်္ကာအရေးအသား၌ပါရမီရှင်ပီသပါပေသည်။ သို့ရာတွင် အခက်ကြီးတစ်ခက် ရှိနေချေသည်။ ယင်းသည်ကား သူသည် ပညာတော်သလောက်မိုက်ရိုင်း ညစ်စုတ်ချေသည်။ တက္ကသိုလ်ပါမောက္ခကြီးများက ဗီလွန်အား လူယဉ်ကျေးတို့၏အတတ်ပညာကို အပတ်တကုတ်သင်ကြားပေးနေစဉ်၌ပင်လျှင် ကထိကနှစ်ဦးသည်ဗီလွန်အား လူမိုက်အတတ်ပညာကို ကြိုးကြိုးပမ်းပမ်းလက်ထပ်သင်ကြားပေးနေလေသည်။ ထိုကထိက နှစ်ဦးသည်ကား သေ့တူလုပ်ဝိဇ္ဇာသူခိုးကြီး "ကောလင်းကာယု' နှင့် သူသတ်ပါရဂူဓားပြကြီး 'မွန်တညီ' တို့ပင်ဖြစ်လေသည်။

သူမသမာမှုဆရာကြီးများမှာ လူဆိုးတို့ကံကြမ္မာအလျောက်သက်ဆိုးမရှည်ကြရှာ။ သေ့တူဝိဇ္ဇာကြီးသည် ခိုးမှုအထွေထွေကြောင့်၁၄၆၀ ခုနှစ်တွင် ကြိုးပေးခံရသည်။ သူသတ်ဓားပြကြီး မွန်တညီမှာ သူ့ရဲဘော်ထက်သုံးနှစ်စော၍ကြိုးပေးခံရသည်။ ဗီလွန်မှာထိုဆရာကြီးများ၏တပည့်ရင်းပီသစွာ မသမာအတတ်ပညာကိုကောင်းစွာသင်ကြားခဲ့သည့်အလျောက် တက္ကသိုလ်မှသူ့အား ဝိဇ္ဇာဘွဲ့ အပ်နှင်းချိန်၌ "မဟာရာဇဝတ်မှုဝိဇ္ဇာ'ဘွဲ့ကိုလည်း ခံယူနိုင်လောက်အောင်တတ်မြောက်ခဲ့ပြီးဖြစ်ရကား တက္ကသိုလ်မှထွက်ပြီးသည်နှင့်တစ်ပြိုင်နက် မသမာတက္ကသိုလ်ဖြစ်သောထောင်ထဲသို့ဝင် ရလေသည်။

ထောင်မှထွက်လာသည့်အခါ ဗီလွန်သည် မိမိဘဝ၏အချိန်များကိုအပိုင်းပိုင်းခွဲခြား၍အသုံးပြုလေသည်။ တစ်နေ့လျှင်မွန်းတည့်ချိန်၌ကဗျာလင်္ကာရေးသား၍ ညအချိန်တွင် မိန်းမရွှင် များနှင့်ပျော်ပါးရင်းခိုးမှုအမျိုးမျိုးကိုပြုကျင့်ပြီးနောက် နံနက်ပိုင်းတစ်ပိုင်းလုံးကိုအိပ်ပစ်လိုက်လေ့ရှိသည်။ သူ့မွေးစားဖခင်ကြီးက သူ့အားချိုသာစွာမသမာမှုကိုရှောင်ကြဉ်ဖို့မေတ္တာရပ်ခံသော်ငြားလည်း အချည်းအနှီးမျှသာပင်။ လူလိမ္မာဘဝမှာ ပျင်းခြောက်ဖွယ် မျှသာဖြစ်သည်။ လူဖြစ်လာကမင့်လူတို့၏မသမာမှုအစုစုကို ပြု ကျင့်ရခြင်းသည်သာလျှင်ဟင်းမွှေးမဆလာပါသောကြက်သား ဟင်းစားရဘိကဲ့သို့ခက်မြက်မြက်ရှိမည်သာတည်းဟု ယုံကြည်လျက် ရှိသောဗီလွန်အဖို့ မသမာမှုသည်မပြုမနေအပ်သောအရာပင် ဖြစ်ချေသည်။ သို့ရာတွင် အဘိုးကြီးရှေ့မှာတော့

ဗိုင်းကောင်းကျောက် ဖိနေလိုက်ဦးမှပဲဟု ဘုန်းတော်ကြီးကျိန်းစက်သည်အထိ ဣန္ဒြေကြီး နှင့်နေပြီးလျှင် ဘုန်းတော်ကြီးအိပ်ပျော်သည်နှင့်တစ်ပြိုင်နက် အခန်းထဲမှချွတ်နင်းထွက်ကာ အရက်ဆိုင်တွင် သူ့အဖို့ ဘဝ၏အရ သာဖြစ်သောအရက်နှင့်မိန်းမကို မြည်း၍ သာပျော်လေတော့သည်။

ပျော်ပါး၍အားရသည့်အခါ ဗီလွန်နှင့်ဆိုးဖော်တို့သည် မှောင်တိုက်တွင်းသို့ဆင်း၍ လမ်းသွားလမ်းလာတို့ကိုလုတမ်းကစားကြသည်။ ငွေကြေးအတော်အတန်လိုလျှင် ထိုထက်ကြီးသော အမဲ တို့ကိုလိုက်ကြလေသည်။ ဗီလွန်သည်ဆိုးရတိုက်ရသည်၌ အထူးပင် မွေ့လျော်၏။ ခိုးခြင်းတိုက်ခြင်းသည် ရင်တလှပ်လှပ်ဖြစ်စေသော အမှုဖြစ်၍ လူ့ဘဝ၌ ယင်းသို့မှသွေးတိုးမမြန်လျှင် သေဖွယ်ရာသာ ရှိချေမည်တကား။

အို. . . မိသွားရင် ဘယ်နှယ့်ရှိစ၊ မိရင်ခက်နိုးနိုး. . . လက် ဖြတ်ရုံပေါ့၊ ညာလက်ဖြတ်ရင် ဘယ်လက်နဲ့ကဗျာရေးမယ်. . . ယင်း သို့လျှင် ဗီလွန်သည် ပျော်ပျော်နေပျော်ပျော်တွေးရင်း မသမာမှု ကို ဝါသနာအလျောက်အပျော်တမ်းပြုလျက်ရှိလေသည်။

ဗီလွန်သည် တစ်ခါတစ်ရံ၌ စိတ်ကောင်းဝင်၍ မိုက်မိတာ တွေ၊ မှားမိတာတွေ လွန်ပါစေတော့ဆိုသည့် သဘောမျိုးရရှိခဲ့ပေ သည်။ သို့ရာတွင် စောရနက္ခနှင့်ယှဉ်၍ ဖွားလေသလားမသိ၊ နောင် တရ၍ပင်မဖြစ်နိုင်သည့် အခြေသို့သာဆိုက်ရရှာသည်။ ဘယ်သို့ နည်း။

သူသည် ကျေးဇူးရှင်ဘုန်းတော်ကြီးအား ထောက်ထားသည့်အလျောက် မကောင်းမှုကို ပယ်ပါတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီးလျှင် မသမာလောကကိုမစွန့်လွှတ်ခင်အခိုက်အတန့်ကလေးတွင် နောက်ဆုံးနှုတ်ဆက်သည့်သဘောနှင့် အရက်ကလေးတစ်ကျိုက် လောက်သောက်လိုက်ဦးမည်၊ ပါးကလေးတစ်ချက်လောက်မွှေး လိုက်ဦးမည်၊ မသမာမှု၏အရသာကလေးကို နောက်ဆုံးမြည်းလိုက် ဦးမည်ဟူသောသဘောနှင့် ဘုန်းတော်ကြီးအိပ်အပျော်တွင် တိတ်တဆိတ်ထွက်သွားရာ ပျော်စရာကလေးတွေတွေ့ပြန်တော့လည်း မခွဲနိုင်မခွာရက်ဖြစ်၍သာနေရှာလေတော့သည်။

"ငါတော့ တော်ပြီ၊ အသက်အစိတ်ရှိပြီ၊ လိမ္မာဖို့အချိန်တန်ပါပြီ၊ ငယ်ပါသေးတယ်လို့ ဆင်ခြေပေးစရာမရှိတော့ဘူး။ ဟော.. ကြည့်စမ်း၊ ဒီနေ့ဟာ နေ့ထူးနေ့မြတ်ကြီးပါလား၊ ခရစ်တော်ရဲ့ အ လောင်းတော်လှည့်ပွဲ လှည့်လာပါပကော၊ ယောကျ်ားတွေ မိန်းမတွေ အားလုံးဓမ္မသီချင်းများကို အေးအေးကလေးဆိုပြီး အလောင်းတော် ကျောင်းဆောင်နောက်က ညီညာဖြဖြလျှောက်ကြပါပကော။ ပဲရစ် မြို့တစ်မြို့လုံးမှာလည်း

ဘုရားကိုရည်စူးပူဇော်ထားသည့် ဖယောင်းတိုင်မီးများ ထိန်ထိန်ဝင်းနေတာပဲ၊ ဒီလိုအခါကောင်းကြီးမှာ ငါဟာ ဇာတ်သိမ်းလိုက်တော့မှပဲ. . .

မိုက်မသမာ ဗီလွန်သည် ကြည်နူးဖွယ်ကောင်းလှသည့်ညအခါတွင် သူတော်ကောင်းစိတ်ဝင်လာကာ ခရစ်တော်အားပူဇော်သည့်ကဗျာ တစ်ပုဒ်ကို စိတ်ထဲတွင်စမ်းသပ်သီကုံး၍နေလေသည်။ ယင်းသို့ဂုဏ် တော်ဘွဲ့ကဗျာကို စိတ်ထဲ၌သီဆိုနေခိုက်တွင် ဗီလွန်သည် ဘဝကို တဒင်္ဂပဟာန်အားဖြင့်ပစ်ပယ်၍ သူတော်စင်ဖြစ်နေပေတော့သည်။ ဆိုးသွမ်းခြင်း၏အပူရှိန်စပ်ဖျဉ်းဖျဉ်းအရသာနှင့် မွန် မြတ်ခြင်း၏အေးချမ်းကြည်လင်သောအဖြစ်တို့ ကွာခြားပုံကို ကိုယ်တွေ့ သိလာလေတော့၏။ သူသည် ညစာစားခိုက်ဖြစ်ရာ သူနှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဣန္ဒြေရရနှင့် ညစာစားလျက်ရှိ သော သူ့ဖခင်ဘုန်းတော်ကြီးကို ငေးစိုက်၍ကြည့်နေမိလေသည်။

"ဩော်. . . ဒီကျေးဇူးရှင်ကြီးဟာ သူတော်ကောင်းကြီးပေပဲ၊ ငါမိုက်မဲဆိုးသွမ်းတာကိုသည်းခံပြီး မေတ္တာမပျက်ဘဲ မွေးခဲ့ပေတယ်။ အခုလဲ ငါ့ကိုမဆိုးဖို့မေတ္တာရပ်ခံရှာပေတယ်' ဗီလွန်သည် ဘုန်းတော်ကြီးအားကြည့်ရင်း ကြည်ညိုစိတ် ဝေဖြာလာလေသည်။ "ငါတော်ပြီ. . . တော်ပြီ" ဟုဗီလွန်သည် ကြီး မားသောအဓိဋ္ဌာန်ပြုလိုက်မိ၏။ သို့ရာတွင် မိမိစိတ်ကိုမနိုင်သော ဗီလွန်အဖို့ သွားနေကျအရက်ဆိုင်ကိုမသွားရအောင် အကျင့်ပါနေ သော မိမိ၏ခြေများကိုမတားဆီးနိုင်ချေ။

သူ့စိတ်နှင့်သူ ခြေတိုက်ပွဲကြီးဖြစ်လာကြရာ နောက်ဆုံး၌ အရက်ဆိုင်ဝသို့ရောက်သောအခါစိတ်ကအနိုင်ရလေသည်။ သူသည် အရက်ဆိုင်ထဲသို့မဝင်ဘဲ ဆိုင်အပြင်ဘက်တွင် ခေတ္တမျှတွေ ဝေနေပြီးနောက် စိတ်၏ဆုံးမခြင်းခံရသောခြေများကို မိမိအိမ်ဘက် သို့ ပြန်လှည့်စေလေတော့သည်။ သူသည်ဘဝဟောင်း၏ ပြယုဂ်ဖြစ် သောအရက်ဆိုင်ကိုကျောပေးပြီးလျှင် ဘဝသစ်သို့ မျက်နှာမူလိုက်သည်တွင် သိဟောင်းကျွမ်းဟောင်းမိန်းကလေးတစ်ယောက်နှင့် ဘုန်းကြီးတစ်ပါးတို့ကိုကြုံတွေ့ ရလေသည်။

သုံးယောက်သားသည် လရောင်အောက်တွင် စကားစ မြည်ပြောရင်းလျှောက်လာကြရာ လမ်းတွင် ဗီလွန်နှင့်ဘုန်းကြီးတို့သည် မိန်းကလေးကို သူယူမည်၊ငါယူမည် အငြင်းပွားကြလေသည်။ သာမန်အငြင်းပွားမှုမဟုတ်ဘဲ မ,ကြောင့်ဖြစ်သောကြောင့် ဓား မြှောင်ချင်းယှဉ်ထိုးရာ ဗီလွန်မှာအပေါ် နှုတ်ခမ်းဟက်တက်ဖြစ်သွား ပြီးလျှင် ဘုန်းကြီးခမျာမှာသွေးအိုင်ထဲတွင်လဲကာ အသက်ပျောက် လုနီးနီးဖြစ်သွားလေတော့သည်။

လူသတ်မှုကြီးဖြစ်သော ဗီလွန်မှာအသတ်ခံရသောဘုန်းကြီးကသူ အမှားဖြစ်ကြောင်း၊ ဗီလွန်အပြစ်မရှိကြောင်း သေခါနီး တွင်အစစ်ခံခဲ့သောကြောင့် လည်ပင်းနှင့်ကြိုးမဆုံစည်းခဲ့ဘဲအသက် ချမ်းသာရာရလေသည်။ သို့ပင်ဖြစ်ငြားလည်း ဘေးရန်မကင်းလှသဖြင့်ဗီလွန်သည် အထုပ်ကလေးကိုကပျာကယာထမ်းကာ ပဲရစ် မြို့မှထွက်၍ပျောက်ကွယ်သွားလေတော့သည်။

ဆိုးချင်တိုင်းဆိုးရသည်။ အခြေအနေအရဆိုးသည်။ ဆိုးဖို့ အကြောင်းခံပါ၍ဆိုး ရသည်။ ဆိုးရသည့် အကြောင်းအရပ်ရပ်ဆုံ စည်း၍ တရားခမ္မမြင်သော်လည်း လူသတ်မှုပယောဂကြောင့် လူဆိုး လောကအတွင်းသို့သာပြန်၍ ကျရောက်ရရှာသော ဗီလွန်သည် ပေါက်သည့်နဖူး မထူးတော့ဘူး ဟူသောအခြေအနေနှင့် လူဆိုးအဓိ ပတိရာထူးကို ကြည်ဖြူစွာလက်ခံလိုက်လေသည်။ သူ့ တပည့် သား မြေးတို့မှာ ပျော်ပျော်ပါးပါးနှင့် နေ့စဉ်နှင့်အမျှ တက်လှမ်းနေကြရာ သူ့အဖို့ကား ကြိုးစင်နှင့်မဆုံစည်းနိုင်သည့် ကံဇာတာပါဟန်ရှိ၏။ သူကသာသူတစ်ပါးအား ကြိုးစင်သို့ ပျော်ပျော်ပါးပါး တေးသီ ချင်းဆိုကာပို့လိုက်သည်။

ဗီလွန်မှာ အပျော်တမ်းလူဆိုးကြီးအဖြစ်နှင့် တောအုံကန္တာရ တွင် ပေတေနေရာမှ သူ့မွေးစားဖခင်ကြီး ကျေးဇူးကြောင့် ပဲရစ်မြို့သို့ ပြန်လာခွင့်ရလေသည်။ အိမ်သို့ပြန်ရောက်လာပြီးနောက် ကျောင်းဆရာလုပ်ရင်းလူကောင်းဟန်ဆောင်နေသော်လည်း ကြာရှည်ဟန်မဆောင်နိုင်တော့ဘဲ သူခိုးလောကသို့ပြန်ရောက်ရပြန် သည်။ သူခိုးလောက၌ သူ့အဖို မက်စရာတစ်ခုကား 'ကက်သရင်း ဗောဆယ်' အမည်ရှိသောကြမ်းပိုးမကလေးပင်ဖြစ်သည်။ 'ကျုပ်တော့ဖြင့် ကက်သရင်းကို အသည်းနှလုံးခွဲပြလောက်အောင်ချစ် ပါရဲ့၊ သူက ကျုပ်ကို ကစားစရာလို့ပဲအောက်မေ့သဗျာ' ဟုဗီလွန်က အောင့်သက်သက်နှင့် သူ့မိတ်ဆွေတို့အား ပြောပြလေသည်။ ကက်သရင်း မစိမ်းပင်ကြီးမှာ ဗီလွန်အပေါ် စိုးနိုင်အားပါဘိ။ သူ့ရည်း စားနိုဝဲလ်အား ဗီလွန်ကိုလိမ့်နေအောင်ရိုက်နှက်ခိုင်းသည်။ ယင်းသို့ ရိုက်နှက်၍ဝေဒနာခံစားရရှာသော ဗီလွန်ကိုကြည့်၍ ကျေနပ် ပြုံး ပြုံး၍နေလေသည်။

"ကျုပ်ကို ရက်ရက်စက်စက် အရှက်ခွဲသဗျာ' ဟုဗီလွန်က မိတ်ဆွေတို့အားပြောပြရာ သူ့ မိတ်ဆွေများက သူ့အားမသနားရုံ မျှမက သူ့နောက်ကွယ်တွင်တခစ်ခစ်ရယ်မောရင်း "ရိုက်တာနည်း သေးကွာ၊ သူ့ ရုပ်ကိုလဲသူပြန်ကြည့်ပါဦး၊ ဟိုကောင်မက သူ့ကိုဘာလုပ်ဖို့ယူမှာတဲ့လဲ' ဟုကဲ့ရဲ့လိုက်ကြသေးသည်။ အရှက်ကြီးစွာရသော ဗီလွန်အဖို့ ပဲရစ်မြို့ကြီးမှာ ပျော်စရာဌာနမဟုတ်တော့ချေ။ ဝေးရာသို့ထွက်ခွာရချေတော့မည်။ ကက်

သရင်းနှင့်သူ ့ရည်းစားနိုဝဲလ်တို့ကိုလက်ခံထားပြီး သူ့အား ကဲ့ရဲ့ နှိပ်စက်ခြင်းတို့ဖြင့်နှင်ထုတ်လိုက်သော မြို့ယုတ်မြို့ဆိုးပဲရစ်မြို့တော်အား ဗီလွန်သည် ကဗျာအမွေကလေးပေးခဲ့ပေ၏။ သူ့ကဗျာကို Little Testament'အမွေကလေး'ဟူသောအမည်ပေး၍ အထုပ် အပိုးပြင်ကာ ထွက်အံ့ဆဲဆဲတွင် မိတ်သင်္ဂဟတို့အားနှုတ်ဆက်သည့်အနေနှင့် ညစာစားပွဲတစ်ပွဲ အရက်ဆိုင်တွင်ကျင်းပလေသည်။ ညစာစားပွဲ၌ သောက်စားမူးယစ်ကြရင်းအကြံတစ်ခုပေါ် လာလေသည်။ ခရစ္စမတ်ပွဲတော်ချိန်ဖြစ်သည့်အလျောက်နဗာား တက္ကသိုလ်တွင် ပျော်ပွဲဆင်နေကြမည်ကောန်ပင်။ ထိုအခိုက် တက္က သိုလ်ကျောင်းကြီးအတွင်းသို့ဝင်၍တိုက်ခိုက်ခိုးယူရလျှင် ငွေကြေး ရွှင်ရွှင်သုံးကြရမည်လည်းကောန်ပင်။ ထိုအကြံအတိုင်း ဗီလွန်နှင့် ဆိုးဖော်အပေါင်းသည် နဗာားတက္ကသိုလ်သို့ဝင်၍ တိုက်ကြလေသည်။ သူတို့အဖို့ ဒေါ်လာတစ်သောင်းငါးထောင်ခန့်အမြတ်တင်ခဲ့လေသည်။ ပုလိပ်အဖွဲ့အဖို့ တရားခံရှာမရသောအမှုကြီးတစ်မှု ပေါ် ပေါက်ခဲ့လေသည်။ သူတို့သည် ကံကောင်း၍ ထိပေါက်သလိုရသော ငွေကိုရေလိုသုံးပစ်လိုက်ကြရာ မကြာမီပင်လျှင် ဗီလွန်၌ မူး၍ရှူစ ရာခြူးတစ်ပြားမျှပင်မကျန်ခဲ့တော့ချေ။

ဒီဗီလွန်၌နောက်ဆုံးကျန်ခဲ့သည်ကား စိတ်မလုံမှုပင်ဖြစ်သည်။ နဗာားတက္ကသိုလ်ခိုးမှုနှင့် တစ်နေ့နေ့တွင်အဖမ်းခံရလိမ့်မည်ဟု စိတ်မလုံသလိုဖြစ်နေသောကြောင့် ပဲရစ်မြို့တွင်မပျော်တော့ဘဲ အထုပ်ကလေးထမ်းကာထွက်ခွာ၍ ရွာစဉ်လျှောက်ခဲ့လေသည်။ ငွေကြေးတစ်ပြားတစ်ချပ်မျှမပါသော်လည်း သီချင်းအဆိုကောင်းသော ကြောင့် လမ်းတလျှောက်တွင်အစားအသောက်မရှားခဲ့ပေ။ အရက် ဆာလျှင် နီးရာအရက်ဆိုင်သို့ဝင်၍ သီချင်းတစ်ပုဒ်လောက်ဆိုလိုက် ရုံနှင့်အရက်တစ်ခွက်အလကားသောက်နိုင်သည်။ ဖြစ်ရာဘဝတွင် တစ်သက်လုံးပျော်လာခဲ့သောဗီလွန်သည် ပုလိပ်ကို ကြောက်စိတ်န လုံးကြား၌ပုန်းအောင်းနေသော်လည်း ပုလိပ်ယူနီဖောင်းအဝတ်အစားကို တစ္ဆေလိုကြောက်ကာ သွားလေရာရာ လှည့်၍ကြည့်ရင်းပင် ပျော်ခဲ့လေသည်။

အပေါ်ယံစိတ်၌ ပျော်ရွှင်နေသော်လည်း သူ့စိတ်အတွင်း၌ကား သူ့ဘဝကိုမုန်းတီးကာ သူ့အဖြစ်ကိုသူပြန်၍သနားမိတော့သည်။ ဆင်းရဲအမျိုးမျိုးကိုခံစားရင်း ကဗျာရေးတေးဆိုရင်း တစ်နေ့ နေ့တွင် ကောန်တက်ရမည့်ကြိုးစင်ကို အိပ်တိုင်းအိမ်မက်မြင်၍နေရှာသည်။ ကြိုးစင်ကိုမျှော်မှန်း၍ဖြစ်ရသောထာဝစဉ်သောကကြောင့် အပေါ်ယံကြောဝူးဝူးဝါးဝါးပျော်ပါးမှုကြားထဲ၌ပင်လျှင် သူ့ကိုယ်သည်အဆီခြောက်ခန်း၍ အရိုးပဒေသာဖြစ်ရလေသည်

ထောင်မကြာခဏကျသဖြင့် ကျန်းမာရေးချို့တဲ့ချေသေး၏။ အစီအရီဖြစ်ပွားသောရာဇဝတ်မှုများကြောင့် ပုလိပ်တို့၏ တုံးညှပ်စစ်ဆေး မှုကိုခံရသဖြင့် ရောဂါမည်မည်ရရမရှိဘဲနာမကျန်းဖြစ်ရချေသည်။ စုတ်ပြတ်ညစ်ထေး၍ ဝေဒနာနှင့်မသမာတို့ စုဝေးရာဌာန ဖြစ်သောသူ့ကိုယ်ကာယ၊ သူ့စိတ်သန္တာန်မှ ထူးခြားမွန်မြတ်စင် ကြယ်သော ကဗျာကြာပန်းခိုင်ကြီးတစ်ခုပေါက်လာလေသည်။ ဤ ကြာပန်းခိုင်သည်ကား ကမ္ဘာ့စာပေတွင် ကျက်သရေတစ်ရပ်ပင် ဖြစ်ပေသည်။ ယင်းသည်ကား The Great Testament'အမွေကြီး' ပင်ဖြစ်သည်။

သူ့ပထမကဗျာ'အမွေကလေး'မှာ မြို့ဆိုးမြို့ယုတ် ပဲရစ်မြို့ တော်အားပေးခဲ့သောအမွေဖြစ်သည်။ သူ'အမွေကြီး'ကား ကမ္ဘာသူကမ္ဘာသားတို့အားပေးခဲ့သော အမွေရတနာဖြစ်ပေသည်။ ကဗျာကိုရေးရာ၌ ဗီလွန်သည် မျက်ရည်များကြားမှ တဟားဟား ရယ်ရင်းရေးဟန်ရှိသည်။ ဒုတိယကဗျာကိုမူ ပြုံးပြုံးကလေးငိုနေ ဟန်ဖြင့်ရေးလေသည်။ ပဲရစ်မြို့က သူ့အားနှင်ပစ်လိုက်စဉ်က သူ့အဖို့ငိုချင်စရာဖြစ်သော်လည်း ပဲရစ်မြို့၏ဆိုးညစ်ယုတ်မာပုံကို တစ်တစ်ခွခွဆဲရေးရှုတ်ချလိုက်တော့သည်။ ဒုက္ခအဖုံဖုံကြုံတွေ့ရသ ဖြင့် မသမာမှုညွန်တွင်းသို့ ဆည်မရအောင် နစ်မြုပ်နေခိုက်တွင် သတ္တဝါတို့သည်ကံပစ်ချရာသာတည်နေကြသည်ဟူသော သံဝေဂ မျိုးရရှိကာ အတွင်းစိတ်မကြည်လင်မှုကို အပေါ်ယံကြောအပြုံး ရောင်တင်၍ ဒုတိယကဗျာကိုရေးကာ ကံစီမံရာသာဖြစ်ကြရသော သူသူငါငါသတ္တဝါတို့အားအမွေကြီးပေးခဲ့ပေသည်။

ထို့ကြောင့်အမွေကလေး'နှင့် "အမွေကြီး'မှာ လနှင့်နေ အရောင်ချင်းကွာခြားသကဲ့သို့ပင် ဖြစ်ရသည်။ ဗီလွန်သည် ဒုတိယ ကဗျာ၌ လောက၌ရှိသောဆင်းရဲမှုအစုစုကို လက်တွေ့ စမ်းသပ်ကာ သံဝေဂအမြတ်ထွက်အောင် ကြံဆောင်ခဲ့ပေသည်။ ဒုက္ခအစုစုတို့၏ အောက်ခြေ၌ ဘဝသံသရာ၏မူရင်းသဘောကို တွေ့ရသည့်အလျောက် ထိုတွေ့ရချက်ကို ဒုက္ခနှင့်အမြဲတစေဆုံတွေ့နေကြရသော ကမ္ဘာသူကမ္ဘာသားတို့အား သူ့တစ်သက်တာတွင် ပြုခဲ့မိသမျှ အကုသိုလ်တို့ကို သင်ပုန်းချေသည့်သဘောနှင့် ကုသိုလ်ကြီးပြုခဲ့ပေသည်။

အမွေကြီးကဗျာတွင် ဗီလွန်သည် သူ့ဘဝ၏ ဆုံးရှုံးမှုများကိုထုတ်ဖော်၍ပြကာ လောကကြီးအား သူ့အကုသိုလ်မှုများအတွက်တောင်းပန်လေသည်။ ယင်းသို့တောင်းပန်ရင်းပင် လူ့လောက၌ ကောင်းမှုမကောင်းမှုဟု အဖြူအမည်းခွဲခြားစေကာမူလည်း ပရမတ်သဘောအားဖြင့် ခွဲခြား၍မရနိုင်ကြောင်း၊ လိမ္မာသည် မိုက် မဲသည် ကောင်းမြတ်သည် ဆိုးယုတ်သည်ဆိုသည့် စကားရပ်တို့ကား စင်စစ်အားဖြင့် အဓိပ္ပာယ်ကင်းမဲ့လှချေသည်။ မသမာမှုကိုပြုရခြင်း၏ အကြောင်းအရင်းကား

လောဘ၊ ဒေါသ၊ မောဟပင်ဖြစ်တော့ သည်။ လူ့ဘဝဥ္ဒုက္ခနှင့်ကင်းသည်ဟူ၍ မရှိစကောင်းပေ။ သေခြင်းတရားသည် ပြေး၍မလွတ်နိုင်သောသဘောရှိ၏။ ဆိုးသူနှင့် ကောင်းသူ၊ ကျော်စောသူနှင့်အညတရအားလုံးပင် သေကြရချေသည်။ သေခြင်းတရားနှင့်ဝေဒနာသည် ခွဲခွာ၍ဖြစ်နိုင်သည်မဟုတ်။ ဝေဒနာကို မခံစားရဘဲမသေနိုင်ချေ။ လူတိုင်းကြုံတွေ့ရမည့် သေခြင်းတရားကို လူတိုင်းကြောက်သည်။ သတ္တဝါတိုင်းကြောက်ကြချေသည်။ အို. . . သူရဲဘောနည်းလှချေ၏တကား။ သနားဖွယ် ကောင်းလေစွ၊ သနားဖွယ်ကောင်းလေစွ။

ဗီလွန်သည် မိန်းမ၏ကိုယ်ကာယကဲ့သို့ ပျော့ပြောင်းနူးညံ့ကာ ကံ၏အထောင်းအထုကို မခံနိုင်ခြင်းသဘောတရားကို မြင်လာသည့်အလျောက် “မိန်းမအလောင်းကောင်များ' ဟူသောကဗျာကို ရေးခဲ့လေသေး၏။ ထိုကဗျာမှာ ကြေကွဲဖွယ်အကောင်းဆုံး ကဗျာ တစ်ပုဒ်ဖြစ်သည်ဟု ယခုတိုင်အောင်ပင် အမှတ်ပြုထားကြကုန်၏။ ထိုကဗျာများမှာ မူရင်းပြင်သစ်ကဗျာမှ မည်သည့်ဘာသာသို့မဆို မူရင်းအဓိပ္ပာယ်ရသ ပေါ်လွင်လာအောင် ပြန်၍မဖြစ်နိုင်ဟုလည်း ယူဆကြသည်။

ကြေကွဲသောစိတ်ဓာတ်မှ ဖြုန်းခနဲပြောင်း၍ ပျော်ပျော် သာနေ'ဝါဒကိုထုတ်ဖော်သော ဗီလွန်က အမွေကြီးကဗျာတွင် “စပျစ်သီးမှ အရည်မကုန်ခင်သာညှစ်ထုတ်နိုင်သကဲ့သို့ အသက်ရှင် ခိုက်တွင်သာပျော်ရသည်' ဟုဆိုပြန်တော့သည်။ ပျော်စိတ်ပြန်ဝင်လာသော ဗီလွန်မှာ ပျော်လျှင်ဆဲချင်သောအလေ့ရှိရကား အကု သိုလ်မှန်သမျှ မိန်းမကစသည်ဟုဆိုလေသည်။ သူတို့နှင့် တစ်ဗီဇ နာမျှ ပျော်လိုက်လျှင် တစ်သက်တာဒုက္ခကြွေးဆက်ရကြောင်း ဆက်လက်ရေးသားပြန်လေသည်။ ဗီလွန်သည် မိန်းမအကြောင်းနှင့် ပတ်သက်၍ ပြည့်တန်ဆာအိမ်အကြောင်းကို ကွက်ကွက်ကွင်းကွင်း ဖော် ပြထားပေသည်။ သူကိုယ်တိုင်က ကာမပွဲစားလုပ်လာခဲ့သဖြင့် ပြည့်တန်ဆာအိမ်ကို အချက်ကျကျဖော်ပြနိုင်ပေမည်တည်း။

အစချီရာ၌ခမ်းနားကောင်းမွန်သော်လည်း “အမွေကြီး ကဗျာမှာ ပြည့်တန်ဆာအခန်းတွင် ဖတ်သူတို့ နှာခေါင်းရှုံ့လောက်အောင် ညစ်ညမ်းလှသည်ဟု စာပေသူတေသီတို့ဆိုကြသည်။ ဗီလွန်အား အောက်တန်းစားကဗျာဆရာဟုဆိုချင်စိတ်မျိုး ပေါ်ပေါက်လာတော့သည်ဟုဆိုကြ၏။ သို့ရာတွင် သူတေသီတို့သည် ကမ္ဘာ့ ထိပ်သီးစာဆိုအဖြစ် အသိအမှတ်မပြုဘဲမနေနိုင်ကြချေ။ ဆိုးယုတ် သည့်နေရာတွင် နှာခေါင်းရှုံ့လောက်အောင်ညစ်ညမ်းသော်ငြားလည်း မြင့်မြတ်သည့်နေရာတွင်မျက်လွှာလှန်၍ ဘုရားအာရုံပြု

နိုင်လောက်အောင်ကောင်းမွန်လှပေသည်။ သူရေးသော “မယ်တော် မာရီဘွဲ့ ဓမ္မသီချင်းမှာ မြင့်မြတ်သောကဗျာတစ်ပုဒ်ပင်တည်း။

“ဘုရားသခင်၏မယ်တော်ဘုရား. . . သနားစဖွယ်ဖြစ်သော ဒုစရိုက်အကုသိုလ်တို့ဖြင့်ပြီးသော တပည့်တော်အား ကယ်တင်ပါလော့။ တပည့်တော်သည် သူတော်စင်အပေါင်းတို့ စံမြန်းရာ ဘုံနန်းတွင်နေလိုပါ၏။ ”

“ဒုစရိုက်အကုသိုလ်မှုပြုသော်လည်း ကြွယ်ဝခြင်း၊ ကျော် စောခြင်းရသော ပုဂ္ဂိုလ်ကြီးများရှိလေရာ တပည့်တော်ကဲ့သို့ ငမွဲဒုစ ရိုက်ကောင်အား အရှင်၏ ကရုဏာတော်မြတ်ဖြင့် ကယ်တင်တော် မူပါလော့။ တပည့်တော်၌ကား ပညာမရှိ၊ ဆင်ခြင်တုံတရားကင်းမဲ့ ၏။ ကုသိုလ်၊ အကုသိုလ်ကို ဝေဖန်ခွဲခြားခြင်းမရှိ။ ငရဲဘုံခန်းကို ဘုရားရှိခိုးကျောင်းတွင် ရေးဆွဲထားသောရုပ်ပုံကိုမြင်၍သာ ခွဲခြားသိခဲ့ရချေသည်။ တပည့်တော်ကား အရှင်မယ်တော်ဘုရားကိုသာ အားကိုးမိပါတော့သည်. ..”

အကုသိုလ်သည် သူ့နောက်တွင် အရိပ်သဖွယ်ပါနေသောကြောင့် ဗီလွန်၏ဘဝသည် သောကဒုက္ခတို့ဖြင့်သာ ပြည့်လျှံလျက် ရှိချေသည်။ သူ့ဆိုးဖော်ဆိုးဘက်တို့မှာ အရိုးမြေဖြစ်နေကြလေပြီ။ သူတစ်ယောက်သာ မိုက်စမတုံးသေးဘဲကျန်ခဲ့တော့သည်။

နောက်ဆုံး၌ သာမန်ရန်ဖြစ်မှုနှင့်ဖမ်း၍အချုပ်ခံနေရစဉ်တွင် မည်သို့သောအကြောင်းကြောင့်မှန်းမသိရ၊ လွန်ခဲ့သော ခုနစ် နှစ်ကဖြစ်ခဲ့သော နဗားတက္ကသိုလ်ဓားပြမှုတွင် ဗီလွန်ပါဝင်နေကြောင်း အခိုင်အလုံသက်သေသာဓကရရှိသဖြင့် သူ့အားကြိုးပေး ရန် စီရင်ချက်ချလိုက်လေသည်။ သူတစ်သက်လုံးကြောက်နေခဲ့ သည့်ကြိုးစင်သည် သူ့အားပြုံးရယ်၍လှမ်းခေါ်နေ၏။

ဒုစရိုက်အပျော်တမ်းသမား ဗီလွန်သည် လုပ်ရဲလျှင်သေရဲ ရမည်ဆိုသည့်ဝါဒကို မနှစ်မြို့ချေ။ သူ့ ဘဝကို စစ်ဆေးကြည့်ပါမူ သူသည်အကုသိုလ်ကို အပျော်သဘောသာလုပ်ခဲ့သည်။ သွေးဆူမှ နေထိုင်ကောင်းသည်ဟူသောအယူအဆမျိုးသာ ယခုအပျက်ပျက်နှင့်နှာခေါင်းသွေးထွက်ရချေပြီ။ သူသည် ကြိုးစင်သို့မတက်ရမီအတောအတွင်း၌ အိပ်၍မရတော့ချေ။ သူ့ကဗျာထဲ ၌ပါသောသေမင်းအစီးခံရသူကဲ့သို့ ချွေးစေးကြီးများကျ၍ တစ်ကိုယ်လုံးအေးစက်နေလေပြီ။ ဆောင်းရာသီဖြစ်သော်လည်း စိတ်မအေးသဖြင့် ချမ်းရမှန်းပင်မသိရှာချေ။ နောက်တစ်နေ့နံနက်၌ကား ကြိုးစင်ကြီးပေါ်သို့ တက်ရတော့မည်ကေန်ပင်။ တစ်ညလုံး ကြိုးစင်ကြီးကပြုံးပြုံးကြီးနှင့်ခေါ် နေသည်ကို မအိပ်ဘဲနှင့် အိမ်မက်မြင် မက်နေရာမှ မိုးသောက်ရောင်ကျင်း၍

အလင်းသို့ရောက်လာချေပြီ။ သွားရတော့မည်ဟုစိတ်တုံးတုံးချ၍ ချေဟန်ပြင်နေခိုက် ကျေးဇူး ရှင်မွေးစားဖခင်ကြီး၏မေတ္တာရပ်ခံချက်ကြောင့် သေဒဏ်မှ ဆယ်နှစ်ပြည့်နှင်ဒဏ်သို့ပြောင်းလဲလိုက်ကြောင်းသိရလေသည်။

ဗီလွန်သည် ကြိုးစင်ကြီးကို ကျောပေးကာမြို့နှင်းကြားထဲမှ မြို့အပြင်သို့နောက်ဆုံးထွက်သွားလေတော့သည်။

ရောဘတ် – ဘန်း များ – -

သူ့အားဖွားမြင်သည့်အခါ လောကဓာတ်တစ်ခုလုံး၌ ဆီးနှင်းများပိတ်ဖုံး၍ သူ့ဖခင်ကိုယ်တိုင်ဆောက်လုပ်သော သူမွေးဖွားရာတဲအိမ်ကလေးမှာ နှင်းမုန်တိုင်းအောက်တွင်ဝပ်၍နေရ ရှာလေသည်။ စကော့တလန်ပြည်မှာကျောက်တောင်များထူထပ်သည့်အလျောက် လယ်ယာစိုက်ပျိုးမှုခက်ခဲလှသည့်ဒေသဖြစ်လေ ရကား လယ်သမား၏ဘဝမှာ လူ့ဘဝတွင်ကြုံဆ၍ ရနိုင်သည့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့်ကြုံတွေ့ရသည့်ဘဝမျှသာဖြစ်ချေ၏။ သူ့ဖခင်မှာ လယ်သမားများတွင် အမွဲဘုရင်ဖြစ်ချေသေးသည်။ ကျောက်ခဲအထပ်ထပ်ပြီးသောယာကွက်ကလေးကို ပင်ပန်းကြီးစွာထွန်ယက်၍ အသက်နှင့်ခန္ဓာမကွာရုံတည်းတည်းကလေးနှင့် နေလာခဲ့ရသောကြောင့်ရောဘတ်ဘန်းအဖို့ သူလူ့ ဘဝသို့ရောက်လာကတည်းက 'ကံ နှင်းမုန်တိုင်း'အမြဲပင်ဆင်ခဲ့လေတော့သည်။

သူ့ဖခင်ဆင်းရဲသည်နှင့်အမျှ သူ့မိခင်မှာကြွယ်ဝ၏။ ကြွယ်ဝပုံကား ငွေကြေးနေမဟုတ်၊ အလှဓာတ်နှင့် ကဗျာဉာဏ်ပင် ဖြစ်ပေသည်။ ရွာတွင်အလှဆုံးဟု အများကဆုံးဖြတ်ရသော လုံးကြီးပေါက်လှ လယ်သမားသမီးတစ်ဦးဖြစ်သည်။ ငယ်စဉ်ကတည်းက တေးကဗျာဝါသနာထုံ၍ အလှဓာတ်ကို မြင်တတ်မွေ့လျော်တတ်ပေသည်။

ထိုခေတ်က စကော့တလန်ပြည်၌ လယ်သမားဘဝသည် ဆိုခဲ့သည့်အတိုင်း ဒုက္ခပေါင်းဆုံရာဒုက္ခရိပ်မြုံကြီးဖြစ်ခဲ့လေရာ ရောဘတ်ဘန်းခုနစ်နှစ်အရွယ်သို့ရောက်ခါရှိသေးသည်၊သူ့ဖခင် မှာ တစ်ရွာမှတစ်ရွာသို့ပြောင်း၍ လယ်ငှားလုပ်ရရှာသည်။ သူ့သား ကလေးရောဘတ်ဘန်းမှာ အရွယ်နုနယ်သော်လည်း ဆင်းရဲခြင်းဘေးရန်ကို မိမိ၏အင်အားနှင့်မတန်အောင်တိုက်ဖျက်၍ အသက် မွေးမှုကိုပြုရသည့်အနေနှင့် ကျောင်းနေဖို့ဝေးစွ၊ ဖခင်ကြီးနှင့်ရင် ပေါင်တန်း၍ ထွန်တုံးကိုကိုင်ရရှာသည်။

ယင်းသို့အရွယ်နှင့်မမျှသောအလုပ်ကို လုပ်ရသောကြောင့် အမွေးသပ်ခံရသည့်ဘူးပျို့ပမာ အသက်ဆယ့်ငါးနှစ်အရွယ်တွင် ဆုတ်ရောဂါစ၍ဖြစ်ရရှာလေသည်။ သူ့ခမျာမှာ မအေတူကလေး ဖြစ်သည့်အလျောက် ရုပ်ရည်တင့်တယ်ချစ်စဖွယ်ဖြစ်သော်လည်း ငယ်ရွယ်စဉ်ကပင် ရောဂါကြီးနှင့်ယှဉ်နေသောကြောင့်အသက်ရှည် ဖို့အကြောင်းလမ်းမရှိလှကြောင်းထင်ရှားချေသည်။

ရောဂါအနှောင့်အယှက်ရှိသော်ငြားလည်း ငယ်ရွယ်သူတို့ဘာဝသွေးဆူကြွနေသောကြောင့် စိတ်ဓာတ်တက်ကြွနေပေသည်။ ကျောင်းမနေနိုင်သော်လည်း စာမတတ်မဟုတ်၊ မိခင်ကြီး၏ကျေး ဇူးကြောင့် စာရေးတတ်ဖတ်တတ်ရသည်။ စာဖတ်ဝါသနာကြီးလှသဖြင့် လက်တစ်ဖက်ကထွန်တုံး၊ တစ်ဖက်ကစာအုပ်ကိုကိုင်၍ လယ်ကွင်းတွင်ပညာဆည်းပူးခဲ့ပေသည်။

မအေတူကလေးဖြစ်သည့်အတိုင်း တေးကဗျာ၌လွန်စွာမွေ့လျော်လေသောကြောင့် အချိန်အားလျှင် ရှေးစကော့သီချင်းကြီး များကိုကျက်မှတ်သီဆိုလေသည်။ လယ်ထွန်ချိန်၊ ကောက်ရိတ်ချိန်၊ ကောက်သိမ်းချိန်စသည့်တောင်သူတို့၏အချိန်များအားလုံး၌ပင်လျှင် ရောဘတ်ဘန်းသည် လယ်တောအလုပ်ကိုလုပ်ရင်း ရှေးသီ ချင်းကြီးများကို ကျက်မှတ်သီဆိုလေသည်။ ထို့မျှမကသေး။ တစ်နေ့ နေ့မှာငါလည်း ဒီလိုချိုတေးသံသာကဗျာများကိုစပ်ဆိုနိုင်ရမှာပေါ့ဟုသူ့ကိုယ်သူနိမိတ်ဖတ်၍ချည်းနေလေသ

သူကဗျာစပ်ဆိုရမည့်အချိန်မှာ သူမျှော်လင့်သည်ထက်စော၍ရောက်လာချေသည်။ ကောက်သိမ်းချိန်မှာ တောင်သူလယ် သမားတို့အဖို့အလုပ်ကိစ္စပြီးဆုံးအောင်မြင်သောအချိန်ဖြစ်သည့် အလျောက်အလွန်ပျော်စရာအချိန်ဖြစ်သည်။ ထိုအချိန်အခါကိုအမှတ်မထင်မကုန်လွန်စေကောင်းဟုထင်မှတ်သော လယ်သမားတို့သည်အဆိုအကပျော်ပွဲရွှင်ပွဲများဖြင့်ကျင်းပကြကုန်၏။

ကောက်သိမ်းချိန်၌ စကော့တလန်လယ်သမားတို့သည် အပျိုကလေးများနှင့်လူပျိုကလေးများ ယှဉ်တွဲ၍ကကြသည့်ထုံးစံရှိလေရာရောဘတ်ဘန်းသည် အသက်ဆယ့်လေးနှစ်အရွယ်ဖြူဖြူဝဝပြုံးပြုံးရွှင်ရွှင်ချစ်လိုက်ချင်စရာအပျိုကလေးနှင့်တွဲမိသဖြင့် တောပန်းကလေးတစ်ခက်ကို ရှေးသီချင်းတအေးအေးဆိုနေသည့်ယင်းအပျိုကလေးအားပန်ပေးလိုက်သည်တွင် သူ့နှလုံးသားများ ကြွလာပြီးနောက် ကြည်လင်သောဟဒယမှ ထူးခြားသာယာသော တေးသံတို့သည် မဆင့်မခေါ်ဘဲယိုစီး၍ကျလာကြကုန်၏။

ရောဘတ်ဘန်း၏နှုတ်တိုက်ကဗျာလေးမှာရိုးလှ၏။ ထို့ကြောင့်လည်းထူးခြားလှ၏။ ဂရိဘာသာ၊ လက်တင်ဘာသာ စသည့် ဘာသာစကားကြီးများ တက်မြောက်သော ကဗျာဆရာ အကျော်အမော်တို့စပ်ဆိုသောကဗျာများကဲ့သို့ ပညာရှိပီသသည့် စကားလုံး ကြီးများ၊ လေးနက်သောအဓိပ္ပာယ်ကိုဆောင်သည့် ဝေါဟာရများ မပါမရှိပေ။ ရောဘတ်ဘန်း၏ကဗျာမှာ တောသူတောင်သားတို့၏ စကားလုံးများသာပါရှိ၍ အဓိပ္ပာယ်မှာ

တောသူတောင်သားများ နားလည်သောအဓိပ္ပာယ်မျှသာဖြစ်၍ သူ့ကဗျာမှာ နန်းနှင့်မတန် တောဆန်၍နေပေသည်။ ယင်းသို့ တောဆန်သည့်တောကဗျာသည် ကား ရိုးသလောက်ထူးခြားလှပေ၏။ ကြီးကျယ်ခမ်းနားစွာရေးမှ ကဗျာဖြစ်သည်ဟုအမှတ်မှားနေသော ထိုခေတ်ကြီး၌ရောဘတ် ဘန်း၏ကျေးတောကဗျာမှာ ရိုးသည်နှင့် အမျှဆန်းလှပေ၏။

ထိုထက်ထူးခြားသည်ကား သူ့ကဗျာမှာ ပင်ပန်းကြီးစွာ ရေးသားစပ်ဆိုရသည်မဟုတ်။ နှလုံးသားမှယိုစီးလာသော၊ နှလုံး သွေးနှင့်အတူကျရောက်လာသောတေးသံပင်ဖြစ်ပေသည်။

ရောဘတ်ဘန်း၏ကဗျာမှာ ယင်းသို့လျှင် သူ့ဘဝကပေး သောကဗျာအစစ်များဖြစ်သည့်အလျောက် စကော့တလန်သူ ကောက်စိုက်သမကလေးများ၏နှုတ်ဖျားတွင် အမြဲတစေပျံ့ဝဲ၍နေပေသည်။

ယင်းသို့လျှင် . ဆယ့်လေးနှစ်အရွယ်ပျိုစံပယ်ကလေးကို မြင်တွေ့ ရသည်မှအစပြု၍ ကြွလာသောအချစ်စိတ်၏ တွန်းထုတ်မှုကြောင့် ထွက်ပြူစီးယိုလာသောနှလုံးသွေးတေးသံတို့သည် ရော ဘတ်ဘန်း၌များပြားကြွယ်ဝလှပါပေသည်။

အချစ်စိတ်မှ ကဗျာ၊ ကဗျာမှ အချစ်စိတ်၊ ကဗျာနှင့် အချစ်စိတ်တို့သည် ရောဘတ်ဘန်း၏ရင်တွင်း၌ အမြွှာဖွားမြင်လာ ကြလေသည်။

ရောဘတ်ဘန်းသည် မိဘများက တစ်ရွာမှတစ်ရွာသို့ ပြောင်း၍လယ်ယာလုပ်ကိုင်ရသောကြောင့် အိုင်ယားမြစ်မြောက် ဘက်ကမ်းရှိရွာတစ်ရွာသို့ တစ်ဖန်ပြောင်းရပြန်သည်။ သူသည်မည် သည့်အရပ် မည်သည့်ဒေသသို့ ရောက်နေစေကာမူလည်း သူ့ကဗျာစိတ်သည် တက်ကြွမြဲတက်ကြွသဖြင့် ကဗျာတို့သည် သူ့ နှလုံးမှ ယိုစီးလျက်ရှိကြကုန်၏။ ယင်းသည့်နှင်နှင် အချစ်စိတ်သည်လည်း ဖွံ့ဖြိုးလျက်ရှိပေသည်။

သူ့အဖို့ ပညာသင်ကြားခြင်းသည် အချီးနှီးသောကိစ္စဖြစ်သည်။ ပျိုမြစ်နုနယ် ချစ်လိုက်ချင်စဖွယ်သော တောသူမယ်လျတို့အားအချစ်မြားပစ်၍ အချစ်မုဆိုးလုပ်နေရခြင်းသည်သာလျှင် အကျိုးထူးသောလုပ်ငန်းတစ်ရပ်ဖြစ်လေတော့သည်။

သူ့အားမိဘများကကျောင်းထားသော်လည်း ကျောင်းသင်ခန်းစာ၌စိတ်မဝင်စား၊ အိမ်နီးချင်းအပျိုဖြူကလေးကိုသာ သင်ခန်းစာပြု၍ လေ့ကျက်နေလေသည်။ ထိုမျှနှင့်မတန်သေး၊ တစ်ရွာလုံးရှိ အပျိုဖျန်းကလေးများကိုပိုးပန်းသောကြောင့် သူ့ရုပ်ရည် ကြောင့် ရွာရှိအပျိုဖျန်းအဝက်မျှမှာသူ့ အချစ်မြားမှန်ကြလေကုန် သတည်း။

သူ့ကဗျာမှာလည်း အချစ်ကဗျာများဖြစ်လေရာ သူ့စိတ်၌ အကြီးအကဲပြုသည်မှာ အချစ်ဖြစ်သောကြောင့် သူ့ကဗျာတို့မှာ လည်းအချစ်သာလျှင် အကြီးအကဲဖြစ်နေလေတော့သည်။ သူ့ ရည်းစားအားလုံးမှာ သူ ့ကဗျာမျက်စိတွင် နတ်ဒေဝီတစ်မျှနှုန်း ချည်းဖြစ်နေကြကုန်၏။

နောက်ဆုံး၌ သူသည် အချစ်ဖြင့်သာကြီးပြင်း၍ ချစ်ပြီး ရင်းချစ်ဆိုသလို ဖြစ်နေရသောကြောင့်အချစ်အပန်းဖြေသည့်အနေနှင့် ဆက်စနော့ဝါးတားအရပ်မှအစေခံမကလေးနှင့် အိမ်ထောင်ပြုကာ အိမ်ထောင်မှုအရသာကို တစ်ဖက်လှည့်၍ခံစားပြန်လေသည်။ ချစ်ရည်းစားနှင့်မယားတို့မှာကွာလှဘိတောင်း။ ရောဘတ်ဘန်းသည် ချစ်သူရည်းစားတို့အား အမျိုးမျိုးလှည့်စား၍ အချစ်မျက်လှည့်ပြခဲ့သော်လည်း ဇနီးသည်အား ယင်းသို့အချစ်မာယာ မကြွယ်နိုင်အားချေ။ အစေခံမကလေးဖြစ်သည့်အားလျော်စွာ သူ့စိတ်ဝယ်ကဗျာကင်းမဲ့၏။ တေးသံတိတ်ဆိတ်၏။ မီးဖိုချောင်ကိစ္စ များ၌သာ မွေ့လျော်အားနိုင်၏။ ထို့ကြောင့်သူ့မီးဖိုချောင်စိတ်သည် ရောဘတ်ဘန်း၏ ကဗျာတေးကိုဆိတ်အောင်တိုက်ဖျက်လေသည်။ “အလကားတော်. . . ဘာမဟုတ် ညာမဟုတ် သီချင်းတွေချည်းဆိုနေတာပဲ၊ အလုပ်ကိုတော့ခါးချိုးမလုပ်ချင်ဘူး' ဟူသော ဇနီး၏ ကြိမ်းမောင်းသံကို နားကလောသော ကဗျာဆရာကလေးရောဘတ်သည် မြို့တွင်ရှိသော ဝါဂွမ်းဖန့်သည့်အလုပ်တွင်းသို့ဝင်၍လုပ်ရင်း ကြေကွဲသောသူ အသည်းစိုင်ကလေးများကို ပြန်၍ဆက်နေရရှာလေသည်။

ရောဘတ်မှာ အသက်နှစ်ဆယ်မျှသာရှိသေးသော်လည်း ရောဂါရင်းရှိနေသည့်တစ်ကြောင်း၊ အိမ်ထောင်ပျက်ရသည်တစ် ကြောင်းတို့ကြောင့် မျက်နှာရင့်ချော်ချော်ဖြစ်၍ ပူပုံဖမ်းနေလေတော့၏။ ယောကျ်ားမိတ်ဆွေများရှေ့တွင် ရွတ်၊ ပြောင်၊ နောက်ဆိုသည့်စကားတို့၏အဓိပ္ပာယ်ကို ကိုယ်တွေ့ မသုံးသပ်ဖူးသူသဏ္ဍာန် ရှိသော်ငြားလည်း လုံးကြီးပေါက်လှပျိုမေတစ်သိုက်နှင့် ကြုံတွေ့ရ သည့်အခါ မျက်နှာကြည်လင်၍ ဟဒယရွှင်ကာ ကဗျာဉာဏ်ကွန့် မြူးလာပေတော့သည်။ မိန်းကလေးများနှင့်တွေ့ရမည်ဆိုလျှင် ဆံပင်ကိုကြော့အောင်ဖြီးပြီး အဝတ်အစားသစ်နှင့် ကြွားကြွားရွား ရွားရှိလေသောကြောင့် သူ့ကိုမိတ်သင်္ဂဟများကစတိုင်မောင်မောင် ဟုခေါ်ကြလေသည်။

ယင်းသို့လူနုသက်သက်ဖြစ်သော်လည်း ငွေကြေးလွယ် လွယ်ရရှိမှု၌စိတ်ဝင်စားလေရကား အရက်ခိုးသွင်းသည့် မသမာ လုပ်ငန်းကိုအရဲစွန့်၍ မိတ်ဆွေတစ်ဦးနှင့်အတူလုပ်လေသည်။ မာမူမှာ ဘယ်သောအခါမျှအကျိုးမပေးကြောင်း

လက်တွေ့သင်ခန်းစာတစ်ရပ်ရရှိလိုက်တော့၏။ သူ့ မိတ်ဆွေသင်္ဘောသားဟောင်းမှာမိန်းမနှင့်အရက်ကိုအလွန်ခံတွင်းတွေ့ ရလေကား ရောဘတ်ထံမှရှိသမျှငွေကြေးတို့ကိုလိမ်၍ယူလိုက်ပြီးလျှင် နှစ်ဆန်းတစ်ရက်နေ့အပျော်လွန်မှုကြောင့် အရက်ဆိုင်ကလေးမှာ မီးလောင်၍ပြာကျရ လေသည်။ ရောဘတ်ခမျာမှာ ရွာကလာတုန်းကကဲ့သို့ပင် လက်ချည်းဖြင့်သာရွာသို့ပြန်ရလေသည်။

ရွာသို့ရောက်လျှင်ပင် သူ့ဖခင်ကြီးမှာ သေပွဲဆင်အံ့မူးမူး နှင့်ကြုံရရှာသည်။ သူ့ဖခင်မှာ တစ်သက်လုံးဆင်းရဲခဲ့သဖြင့် အသက်မရှည်ရှာချေ။ ပင်ပန်းမှုအဆုံးသတ်ထာဝစဉ်နားနေမှုကိုရ ခါနီးတွင် သူ့ဖခင်မှာသားအတွက်စိတ်မချနိုင်အောင်ဖြစ်နေရှာ သည်။

ငါ့သား . . . မင်းမိုက်လွန်းလှတယ်၊ ဖေဖေ မသေခင် ကလေးမှာကတိတစ်ခုပေးပါလားကွယ်၊ အဲဒီကတိကတော့ မင်း . . ငါမျက်နှာလွှဲတဲ့နောက်မှာလိမ်လိမ်မာမာ နေပါ့မယ်ဆိုတဲ့ ကတိပါပဲ၊ ဟင် . . . ဘယ့်နှယ်လဲ ” ' ဖေဖေသားမမိုက်တော့ပါဘူး ဖေဖေရယ်

ရောဘတ်ဘန်းသည် သူ့ဖခင်ကြီးအား နောက်ဆုံးကတိ ပေးလိုက်ပြီးသည့်နောက် ငါတော့ မိုက်တေနေလို့မဖြစ်ချေဘူး၊ ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေပါတော့မယ်လေဟုတွေး တောနေခိုက်ဝယ် ရွာထဲ၌မိန်းကလေးတစ်ယောက် အထင်အရှား လင်ယောကျ်ားမရှိဘဲနှင့် ကလေးတစ်ယောက်မွေးလေသည်။ ရောဘတ်ဘန်းသည် ချက်ချင်းပင်သွား၍ ကလေးဖခင်မှာ မိမိပင်ဖြစ် ကြောင်း လူရှေ့တွင်ဝန်ခံ၍ ကလေးကိုယူလာပြီးလျှင် သူ့မိခင်နှင့် အစ်ကိုတို့အစောင့်အရှောက်ကိုယူကာ မွေးမြူလေသည်။ သူ့ကလေးကိုကြည့်ကာ “ သမီးကလေးရယ်. . . ညည်းမေမေလို လှယဉ်ကျေးဖြစ်ပြီး ညည်းအဖေရဲ့ကဗျာဉာဏ်တို့နဲ့ ပြည့်စုံပါစေကွယ်၊ ညည်းအဖေရဲ့အကျင့်ဆိုးတွေကိုတော့ အမွေမခံပါနဲ့နော်' ဟူသော စကားရပ်တို့ဖြင့် တေးတစ်ပုဒ်စပ်ဆိုလေသည်။

အလ အင်း ... ငါ့မှာ အခုတာဝန်နဲ့ဝတ္တရားနဲ့ဖြစ်နေပြီ၊ ဆိုးပေတေလွင့်လို့တော့ မဖြစ်တော့ဘူး၊ မိရိုးဖလာ တောင်သူလယ် လုပ်ဘဝမှာ ရိုးရိုးသားသား အေးအေးချမ်းချမ်းနေမှတော်တော့ မယ်ဟု သူ့ကိုယ်သူဆုံးမရင်း သူ့အစ်ကိုနှင့်အတူ ထွန်တုံးကိုကိုင်၍ ကြိုးကြိုးပမ်းပမ်းလုပ်ကိုင်လေသည်။ သို့ရာတွင်ယင်းသို့ မိရိုးဖလာစိတ်မျိုးမှာ သူ့သဏ္ဌာန်ဝယ် ဒြေ့သည်အဖြစ်သာ ရောက်လာတတ်ပေသည်။ မကြာမီပင်လျှင် သူသည် တေးကဗျာစိတ်ခါတ် ဆွဲဆောင်မှုကိုမလွန်ဆန်မခုခံနိုင်သည့်အလျောက် ထွန်းတုံးကိုပစ် ၍တေးဆိုကာ အရပ်တကာလှည့်လေတော့သည်။

သူ့တေးသံများကား ယခင်ကဲ့သို့ အချစ်အကြောင်းချည်းမဟုတ်တော့ချေ။ နိုင်ငံရေးရောပွမ်းလာသဖြင့် ကျေးရွာလူကြီးများ အသုံးမကျပုံ၊ ဘုန်းတော်ကြီးများသိက္ခာပျက်ပုံတို့ကို စောင်းချိတ်၍ ဆိုလာလေတော့သည်။ ယင်းသို့ တေးနှင့်နိုင်ငံရေးရောပွမ်းမှု ကြောင့် သူ့အားရွာသားများက ကြည်ကုန်ကြ၏။ ယောကျ်ားများက ကြည်ကြသော်လည်း မိန်းမများကခင်ကြသည်။ သူ့လို ဘုန်းကြီးများ ကလည်း သူ့ကိုသဘောကျ၏။ သူသည် သွားလေသူဖခင်ကြီးအား နောက်ဆုံးပေးခဲ့ကတိကို ဖောက်ဖျက်၍ မိန်းမနှင့်ပတ်သက်လျှင် စာရိတ္တပျက်လွန်းလှသဖြင့် သူ့အားသမီးရှင်များကအထူးပင်ရှောင်ကြဉ်ကြလေသည်။

ယင်းသို့ မိဘများကရှောင်သလောက် သမီးများက မိန်းမတွေဝိုင်းကြိုက်လောက်အောင်တစ်ခုကောင်းရှိတဲ့ ရောဘတ်နှင့် တစ်ကြိမ်တစ်ခါလောက်တွေ့လိုက်ချင်လှတော့သည်။ ရောဘတ်မှာလည်း မိန်းမနှင့်ပတ်သက်လျှင် ဣန္ဒြေမရဖြစ်ချေသည်။ မိန်းမမှု၌ မွေ့လျော်သော ရောဘတ်အဖို့ကား အပြစ်မှန်သမျှ ဂုဏ်ယူဖွယ်များ သာဖြစ်သည်၊ ရှက်ဖွယ်ကိစ္စမဟုတ်ဟူ၍ မှတ်ထင်နေစရာဖြစ်တော့ သည်။

တစ်နေ့၌ သူသည် ရွာဦးရေကန်တွင် အဝတ်လျှော်နေသောလုံးကြီးပေါက်လှကလေးတစ်ယောက်ကို တွေ့သည်။ သူနှင့် ကပွဲတွင် တစ်ခါတွေ့ဖူး၏။ ထိုစဉ်က သူ့ခွေးကလေးက ထိုသူငယ်မ၏ဂါဝန်အစကိုလိုက်၍ကိုက်သောကြောင့် သူငယ်မကလေးက ခွေးကလေးကို ချစ်စနိုးဟန်ဖြင့် ပုတ်လိုက်သည်။ သူက သူငယ်မကို ကြည့်ကာ'အင်း. . . ခွေးကံကောင်းလေးပေပဲနော်၊ ခွေးကိုချစ်တဲ့ အပျိုလေးမျိုး၊ လူကိုချစ်တဲ့အပျိုကလေးတစ်ယောက်သာ ရလိုက်ရင် တော့ဇိမ်ပဲ' ဟုချိတ်လိုက်လေသည်။ ယခု ထိုသူငယ်မနှင့် ရေကန် တွင်ကြုံတွေ့ရပြန်ပြီ။ ယခုတစ်ကြိမ်၌မူ သူငယ်မကပင်အစပျိုး လိုက်သည်။ “ဘယ်နှယ့်လဲကိုရင်၊ ကိုရင်ပြောတဲ့ အပျိုကလေးကို တွေ့ပြီလား'ဟု သူငယ်မက ပြုံးချိုချိုမျက်နှာပေးနှင့် မေးလိုက်ရာ ရောဘတ်ဘန်းက “အင်း. . . အခုမှပဲ တွေ့ပါတော့သဗျာ' ဟုမိအောင်ချိတ်လိုက်လေတော့သည်။

ရောဘတ်၏ အချစ်မြားချိတ်တွင်မိရှာသော ဂျိန်းသည် အချိန်တန်သည့်အခါအမြွာမွေးသဖြင့် တစ်ရွာလုံးအတင်းစကားတွေ့မွှန်ထူသွားလေတော့သည်။ ရောဘတ်ဘန်းက သူ့ ကလေးများ ဖြစ်ကြောင်း၊ ဂျိန်းကိုယူပါမည်ဟုဆိုသော်လည်း ဂျိန်း၏ဖခင်က “ငါ့သမီးရဲ့ကလေးတွေ အလေ့ပေါက်ပဲဖြစ်ချင်ဖြစ်ပါစေ၊
မင်းလိုအယုတ်မာမျိုးကိုတော့သမက်မတော်နိုင်ဘူး” ဟု လွှတ်လိုက်လေသည်။

ရွာဘုရားရှိခိုးကျောင်းတွင် ဘုန်းတော်ကြီးက ရောဘတ်ဘန်းပြုမိသောအကုသိုလ်အတွက် သံသရာတွင်မည်သို့သော ပြစ်ဒဏ်ခံရမည်ဟူသောအကြောင်းကိုပြောကာ အကျင့်စာရိတ္တ ကောင်းမွန်ရေးတရားဟောကြားနေခိုက်ပင်လျှင် တရားခံရောဘတ်ဘန်းသည် အိုင်းယားမြစ်ကမ်းဘေးတွင် တောင်ပေါ်သူလုံး ကြီးပေါက်လှတစ်ယောက်နှင့် 'ဟောဒီရေယာဉ် မခြောက်မခန်းမချင်း ကြင်နာသနား အချစ်ပွားပါမယ်' ဟုနှစ်ဦးသား သစ္စာနှံနေကြလေသည်။

မြစ်ရေယာဉ်ပေါ်တွင်ဆိုသောသစ္စာသည် ရေယာဉ်ကြော နှင့် မျောပါသွားရှာလေပြီ။ သစ္စာနှံပြီးသည့်နောက် နှစ်ယောက်သား မိမိလမ်းမိမိသွားကြလေရာ တောင်ပေါ်သူမေရီကင်းဘဲခမျာမှာ သူ့ ရွာသို့ ရောက်ပြီးနောက် မကြာခင်ပင်လျှင် ရောဂါနှင့် ကွယ်လွန် ရရှာလေသည်။ ပန်းစုံနားသော လိပ်ပြာမောင် ရောဘတ်ဘန်းအဖို့ ကား နောက်ပန်းတစ်ပွင့်ကိုရှာပြန်သည်။

ယင်းသို့ ပန်းသစ်ရှာနေခိုက်ဝယ် ဂျိန်းကလေးကို မမေ့နိုင်သဖြင့်ရွာသို့ပြန်ပြီးလျှင် ပြန်ပေါင်းထုပ်ရန်ကြိုးပမ်းလေသည်။ သို့ရာတွင် ဂျိန်း၏ဖခင်က သူ့သမက်ကိုရွံမုန်းကြီးဖြစ်နေသောကြောင့်

သမီးနှင့်မပေးစားဘဲ ထောင်ချထားရန်ကြံဆောင်လေသည်။ သမီးမရ ထောင်ကျမည့်အရေးကိုမြင်၍ ကြောက်လန့်ကာ ပြေးပေါက်ရှာနေသောရောဘတ်သည် အဝေးဒေသများသို့ပြေး၍ ဘဝသစ်ထူထောင်ရန် ရည်ရွယ်မိ၏။ သို့သော် ခရီးဝေးသို့သွားရန် စရိတ်ငွေကြေးမရှိသဖြင့်အခက်ကြုံရလေသည်။ သူ့လယ်မှာလည်း အကြွေးနှင့်ဆုံးလေပြီ။ သူရထားသော ငွေကြေးကလေးများလည်း အလုပ်မလုပ် အချစ်ကိစ္စနှင့်အချိန်ကုန်ခဲ့ရသဖြင့်ကုန်လေပြီ။ ငွေရအောင် တစ်နည်းနည်းနှင့်ကြံဆောင်ရတော့မည်။ ခိုးသော်ခိုးရ ချိမ့်မည်။

ဟော့. . . မင်းကဗျာတွေရှိသားပဲ၊ ရောင်းစားပါလားကွ' ဟုသူ ့သူငယ်ချင်းတစ်ယောက်ကအကြံပေးရာ ရောဘတ်က ငွေ ကျပ်နေခိုက် နောက်ပြောင်နေရကောင်းလားဟု စိတ်ဆိုးလေသည်။ “ကဗျာရောင်းလို့ရပါ့မလားကွ၊ စိတ်ရှုပ်နေတုန်း လာမနောက်စမ်းနဲ့ကွာ'ဟု ပြန်၍ဆိုလိုက်သော်လည်း သူ့ကဗျာများကို စု၍ရောင်းရကောင်းနိုးနိုးစိတ်မျိုး ပေါ်ပေါက်လာလေသည်။ မရဲတရဲနှင့် သွား၍ရောင်းသည့်အခါ ကံကောင်းထောက်မ၍ ထုတ်ဝေသူက ဝယ်ယူလိုက်ပြီး ရိုက်နှိပ်ထုတ်ဝေလိုက်သောကြောင့် ရောဘတ်ဘန်းသည် စကော့တလန်ပြည်တစ်ဝန်းတွင်ရုတ်ချည်းနာမည်ကျော် လာလေတော့သည်။

ရောဘတ်ဘန်း၏ "ပြုံးမဲ့မဲ့ကဗျာများ'သည် တစ်တိုင်းပြည် လုံးကို ပျံ့နှံ့သွားကာ ဆင်းရဲသားရော၊ မင်းစိုးရာဇာရော၊ အယုတ် အလတ် အမြတ်မရွေး လူမျိုးလေးပါးလုံး ဖတ်ရှုကြည်နူးကြကုန်၏။ နာမည်ကျော်လာသည့်အလျောက် မျက်နှာကြီးများနှင့် သိကျွမ်းလာလေတော့သည်။ စကော့တလန်ပြည်မြို့တော် အီဒင်ဘာရာတွင် ရောဘတ်ဘန်းသည် မျက်နှာကြီးများက ပွဲလမ်းနှင့်ဧည့်ခံသည်ကို နှစ်သက်မိ၏။ ပုထုဇဉ်သဘာဝ မြှောက်စားခြင်း၌ကြည်နူးသာယာမိ၏။ ထို့ကြောင့်ပင် "တောသားကဗျာဆရာကလေး ကျွန်ုပ်ရော ဘတ်ဘန်းသည် အောက်တိုဘာလ နှစ်ဆယ့်သုံးရက်နေ့တွင် တောမှလာ၍ မြို့စားကြီးတစ်ဦးနှင့်ညစာစားရသည်' ဟူ၍ကဗျာတေး သွားဖြင့်မှတ်တမ်းတင်လိုက်လေသည်။ သူ့ကိုယ်သူပင် မယုံနိုင် လောက်အောင် ကျော်စောခြင်းကိုရလေသည်။ ရန်လုပ်သော ယောကျ္ခမက ထောင်ချမည်စိုး၍ထွက်အပြေးတွင်
ကျော်စောခြင်း၏ရင်ခွင်တွင်းသို့ကျရောက်ရသောရောဘတ်ဘန်းသည် မျက်နှာ ကြီးတို့၏မျက်နှာလိုမျက်နှာရလုပ်မှုကို ကျနသပ်ရပ်စွာ မခံယူတတ်ရှာချေ။ တောသားပီပီ ခွကျကျနှင့်ရိုးတိုးရှန့်တန့်ဖြစ်လေသည်။ မျက်နှာကြီးများကလည်း သူ့ကဗျာကိုနှစ်သက်သည်နှင့်အမျှ တော သားကိုမနှစ်သက်ကြသော်လည်း အထူးအဆန်းသတ္တဝါသဘော မျိုးနှင့် သူ့ကိုဝိုင်း၍ကြည့်ကြလေသည်။ သူ့ ခမျာမှာ စရိုက်မတူသူတို့၏ပြုစုမှုကိုခံယူရခြင်း၏ဆင်း ရဲကိုလက်တွေ့ သုံးသပ်မိတော့သည်။ တောတွင် ငယ်ပေါင်းရောင်း ယင်းတို့နှင့် တောအရက်သောက်ကာ ပျော်ပါးရသည်နှင့် အရသာချင်းမတူ။ မြို့ပေါ်ရှိလူကုံထံတို့၏ပျူငှာမှု ပေါ့ပျက်ပျက်နိုင်လှ ကြောင်း သိရလေသည်။

သူက လူကုံထံများကိုငြီးငွေ့လာသည်နှင့်အမျှ လူကုံထံများကလည်းသူ့ကို စိတ်မဝင်စားကြတော့ချေ။ အထူးအဆန်းသဘောမျိုးဖြင့်သာ စိတ်ဝင်စားခဲ့ကြသဖြင့် အထူးအဆန်းမဟုတ်သည် နှင့်တစ်ပြိုင်နက် သူ့ကိုရှောင်ခွာကြလေသည်။ သူပြောသော ဒေစီ ပန်းကလေးများ၊ တောင်တန်းယာပြင်များအကြောင်းကို မြို့ကြီးသူ မြို့ကြီးသားတို့က အဘယ်သို့လျှင်စိတ်ဝင်စားနိုင်အံ့နည်း။ နောက်ဆုံး၌ ရောဘတ်ဘန်းသည် သူ့ကဗျာစာအုပ်ကလေးကိုပိုက်၍ သူ့ရွာသို့ မသာယာသောနှလုံးနှင့် ပြန်ရလေတော့သည်။ ကျော်စော ခင်းသည်ကား နှစ်လိုဖွယ်မဟုတ်၊ နမူးနထိုင်းဖြစ်ရုံသာ စွမ်းဆောင်နိုင်ကြောင်း ဘဝသင်ခန်းစာတစ်ရပ်ကိုရလိုက်ပေသည်။ ရွာသို့ပြန်ရောက်ပြီးနောက် သူ့ အချစ်ဟောင်းဂျိန်းထံသို့ ပြန်၍ချဉ်းကပ်လေရာ ဤအကြိမ်၌မူ သူ့ယောကျ္ခမကြီးက ဒေါသမထွက်တော့ဘဲ သမက်အားခွင့်ပြုလိုက်လေတော့သည်။ ရောဘတ်ဘန်းသည် ဂျိန်းနှင့်ပေါင်းသင်းကာ ထွန်တုံးကိုကိုင်ပြန်လေသည်။ ထိုအခိုက်တွင် သူ့အား ယစ်မျိုးအရာရှိအဖြစ်ခန့်ထားသဖြင့် လယ် ထွန်ခြင်းကိုအပိုအလုပ်သဘောမျိုးထားကာ မြင်းစီး၍ နယ်လှည့်လည်ကာ

ယစ်မျိုးအရာရှိအလုပ်ဝတ္တရားတို့ကို ဆောင်ရွက်နေလေ သည်။ ယစ်မျိုးလုပ်ငန်းကို ဝါသနာထုံ၍မဟုတ်၊ အရပ်ရပ်လျှောက် လည်နေရသည်ကိုနှစ်သက်သောကြောင့် ဤမျှဝတ္တရားကျေပွန်ခြင်းဖြစ်သည်။ အရက်အလွန်ကြိုက်သူတစ်ဦးအား အရက်ပိတ်ရန် ဝတ္တရားပေးထားခြင်းမှာလည်း အံ့ဖွယ်ရယ်ဖွယ်ဖြစ်တော့သည်။ ထို့ကြောင့်လည်း သူသည် အရက်ဆိုင်များအပေါ်တွင် မည့သူမတာတွင် အရက်ဆိုင်ရှင်တို့အား သူကိုယ်တိုင်ကပင် ကြိုတင်သတိပေးခဲ့ ၏။

ဆိုင်ရှင်များကသူ့အား ကျေးဇူးတင်ခင်မင်နေသည့်အလျောက် သူ့အဖို့ သောက်ချင်သည့်အရက်မျိုးကို သောက်ချင်သ မျှသောက်ရသည်။ အရက်သောက်ရလျှင်လျှာသွက်၏။ လျှာသွက် လျှင်ကဗျာထွက်၏။ ထို့ကြောင့် သူ့ကဗျာများသည်ရွှင်၏။ လူတိုင်း နှင့်သက်ဆိုင်သောအကြောင်းအရာများကိုသာစပ်ဆို၍ လူပြိန်းကြိုက်၏။ လေးနက်သောအတွေးအခါ များသည် သူ့ကဗျာများထဲ သို့မဝင်ရောက်လာကြချေ။ လယ်သမားတစ်ဦး မြင်းပျောက်သည့် အကြောင်းပင်လျှင် သူ့အဖို့ နှစ်လိုဖွယ်ကဗျာတစ်ပုဒ်ထွက်ပေါ် လာစေသည်။

သူ့လခကလေးနှင့်မလုံလောက်၊ သူ့လယ်ကွက်ကလည်း ကောက်ပဲမထွက်၊ နောက်ဆုံး၌ လယ်တောကို ကြွေးနှင့်သိမ်းသဖြင့် သူ့ဇနီးဂျိန်းအား “ကဲ. . . ရှင်မ၊ ငါတို့ အထုပ်အပိုးကလေးတွေပြင်၊ ရောက်ရာပေါက်ရာ သွားကြစို့' ဟုဆိုကာ အိမ်ထောင်ပစ္စည်းများ ကိုရောင်း၍ သားမယားတို့ကိုခေါ်ကာ ခြေဦးတည့်ရာသွားလေ သည်။ တောသူတောင်သားများက ရောဘတ်ဘန်းအား လှမ်းကြည့် ပြီးလျှင် ခေါင်းခါကာ “ဒီအကောင်ဟာ တစ်သက်လုံးမိုက်မယ့်အ ကောင်ပါကွာ' ဟုဆိုကြကုန်၏။

ရောဘတ်ဘန်းသည် ဒမ်ဖရီရှိုင်ယာမြို့၌ သူ သားမယား တို့နှင့်အတူနေကာ ယစ်မျိုးအရာရှိအလုပ်ကို ဆက်လက်လုပ်ကိုင် နေသည်။ မြို့သူမြို့သားတို့သည် သူတို့အား ဆေးဖော်ကြောဖက် မလုပ်ကြ၊ အလုပ်ကိစ္စနှင့်ပတ်သက်၍ မလွှဲမကင်းသာမှသာလျှင် ပြောကြဆိုကြသည်။ သူသည် အလုပ်ဝတ္တရားများမှ အားလပ်ချိန် တိုင်းတွင် အရက်ပုလင်းရှေ့ဝယ်ထားကာ လောကကြီးအဆင်မပြေ မှုကိုဆင်ခြင်လေ့ရှိသည်။

သူ့အား အဖက်မတန်လုပ်နေသော မင်းစိုးရာဇာမျက်နှာကြီးများတို့ အကြောင်းကိုဆင်ခြင်မိသည်။ ‘သင်းတို့က ငါ့ထက်ဘာ သာလို့လဲ၊ သင်းတို့မှာ ငါ့လောက်ဉာဏ်ရှိရဲ့လား၊ ဒါပေမယ့် အခုတော့ ငါဟာသင်းတို့ရဲ့ အစေအပါးတွေလောက်မျှ အဆင့်အတန်း မရှိဘူး၊ ဆင်းဆင်းရဲရဲနေရတယ်၊ ကြည့်စမ်း. . . ငါ့မှာ နောင်လာ နောက်သားတို့အဖို့ အမွေပေးနိုင်တဲ့ကဗျာဉာဏ်ရှိတယ်၊ မရှိတာ ဟာတစ်ခုပဲ၊ ငွေ. . . ငွေ . . ငွေ. . .

သင်းတို့မှာ ငွေတွေပေါတယ်၊ ငါ့မှာတော့မရှိဘူး၊ ဒါဘာလဲ၊ မတရားခြင်းအကြောင်းပေါ့၊ အထက် တန်းစားတွေမရှိတဲ့ လောကကြီးမှာ လွတ်လပ်ခြင်း၊ မေတ္တာပွားများ ခြင်းတရားတွေကို တေးစပ်ဆိုတဲ့ ငါတို့လိုစာဆိုတွေ ခေါင်းဆောင် ရပေမယ်၊ စာဆိုလောကဟာ ဓနရှင်လောကကို တိုက်ဖျက်ပြီး နေရာယူရမယ်”

ယင်းသို့လျှင် အရက်ကလေးတမြမြနှင့် ဆင်းရဲသားဝါဒကို သုံးသပ်နေခိုက်၌ပင် ပြင်သစ်ပြည် ဆင်းရဲသားများ၏ တော်လှန် ရေးကြီးပေါ် ပေါက်လာကြောင်းကြားရသည်တွင် ရောဘတ်ဘန်း သည် ငါတို့ခေတ်ရောက်ပြီ၊ ဆင်းရဲသားလောက တည်ထောင်တော့မယ်' ဟုကြုံးဝါးမိလေသည်။ အထက်တန်းစား မျက်နှာကြီးများပျက် စီး၍ အဆင့်အတန်းကင်းမဲ့သော ဆင်းရဲသားလူတန်းစားလောက တည်ထောင်မည့် ပြင်သစ်အရေးတော်ပုံကို ကူညီထောက်ခံလိုသည့် ဆန္ဒပြင်းပြလှစွာ၏။

ရောဘတ်ဘန်းသည် လက်ရှိလောကကြီးကို အလွန်စိတ် နာလာလေပြီ။ ယခင်က ယောကျ်ားများက ကြဉ်သော်လည်း မိန်းမ များကခင်မင်၍ တော်ပါသေးသည်။ ယခု၌မူ ထိုထိုသောမိန်းမများ ကပင် သူ့ကိုအရေးမစိုက်ကြတော့ပြီ။ လောကကြီး ဆိုးလှသကွာဟု ကြိမ်းမောင်းလိုက်ပြီးလျှင် မိမိ၏ဝတ္တရားအတိုင်း ဘိန်းချလာသော သင်္ဘောတစ်စင်းကို သူ့အဖွဲ့သားများနှင့်အတူဖမ်းဆီးရလေသည်။

ထိုသင်္ဘောမှရရှိသောလက်နက်များကို လေလံတင်ရောင်းချရာ ရောဘတ်ဘန်းသည် သေနတ်လေးစင်းကိုဝယ်၍ ပြင်သစ် ပြည်တော်လှန်ရေးအဖွဲ့သို့ လှူလိုက်လေသည်။ သူတင်ပို့လိုက်သော လက်နက်များမှာ ပြင်သစ်ပြည်သို့ မရောက်ချေ။ အကောက်ဌာနက သိမ်းယူလိုက်ပြီးလျှင် “သူပုန်”တို့ကို လက်နက်တင်ပို့သည့်သူပုန် လောင်းရောဘတ်ဘန်းကို စုံထောက်ဌာနက မျက်ခြေမပြတ်အောင် စောင့်ကြည့်နေရတော့သည်။

ရောဘတ်ဘန်းသည် တော်လှန်ရေးရူး ရူးနေသောကြောင့် နှုတ်ပိတ်၍မနေနိုင်တော့ဘဲ အရက်ဆိုင်များတွင် အရက်မူးလေလေ၊ ဓနရှင်တို့အားဆဲလေလေနှင့် အနီးအနားရှိ မိတ်သင်္ဂဟတို့ကို ကြောက်လန့်ရှောင်စေလေတော့သည်။

အရက်မူးလျှင် တော်လှန်ရေးစိတ်တက်ကြွ၍ အရက်မမူး ဘဲစိတ်ကြည်လင်သည့်အခါများတွင် အချစ်စိတ်တက်ကြွလျက်ရှိ လေသည်။

သို့ရာတွင်ယခု၌ကား အချစ်စခန်းဖွင့်နိုင်စရာအကြောင်း

လမ်းနည်းခဲ့လေသည်။ သူ့ဇနီးမှာ သူ့အားရိုးမြေကျစွဲမြဲခဲ့၏။ သို့သော် ရောဘတ်ဘန်းအဖို့ တစ်ယောက်နှင့်မကျေနပ်၊ အချစ်စိတ် သည်ပြင်းထန်လှ၏။ ဂျိန်းတစ်ဦးတည်းသာခံယူနိုင်မည်မဟုတ်။ ပန်းလိပ်ပြာအချစ်စိတ်မျိုးရှိသော ရောဘတ်ဘန်းသည် နယ်တစ်ရိုး လျှောက်၍ အချစ်စကြာလှည့်နေချင်လှသည်။ ယင်းသို့ကား ယခု မဖြစ်နိုင်တော့ပြီ။

အရက်ဆိုင်၌အရက်သောက်ရင်း တော်လှန်ရေးစိတ် မကြွရသည့်အခါတွင် ရောဘတ်ဘန်းသည် အိမ်၌ပက်လက်ကုလား ထိုင်တွင်ထိုင်ကာ သူ့သားအကြီးအား အင်္ဂလိပ်စာဆိုကြီးများအ ကြောင်းကိုပြောပြနေလေသည်။ "ငါ့သား. . . လူ့ဘဝမှာ ဒုက္ခဆင်း ရဲတွေ ဝေဆာနေတာပဲ။ ဒီဘဝမှာ စာဆိုဖြစ်ရတာ အလွန်ကုသိုလ် ဆိုးလို့သာမှတ်ပေတော့၊ ရက်စက်မှုတွေ၊ အထင်သေးမှုတွေအမျိုး မျိုးခံစားရတဲ့အထဲမှာ အကုသိုလ်ဆွဲဆောင်မှုတွေလည်း အများကြီးပေါ်ပေါက်လာတတ်တယ်၊ မင်းအဖေကိုသာ ကြည့်ပေတော့ကွယ်။ အရက်သမား၊ အသုံးမကျတဲ့အကောင်၊ ရှုံ့စရာအထင်သေး စရာအကောင်၊ တစ်သက်လုံးအခြေမတည်တဲ့အကောင်ဖြစ်နေတယ်မဟုတ်လား'ဟု သူ့ကိုယ်သူပမာပြု၍ဆိုးမရှာသည်။

အသက်သုံးဆယ့်ခုနစ်နှစ်ကျော်ခါမျှရှိသေးသည်။ ခုနစ်ဆယ်အရွယ်အဘိုးအိုကဲ့သို့ နုံနဲ့သောကိုယ်ကာယရှိနေချေတော့သည်။ သူကိုယ်တိုင်လည်း သေမင်းနှင့် မကြာခင်တွေ့ ရတော့မည့် အကြောင်းကို ကြိုတင်၍ သိလေသည်။ ထို့ကြောင့် သူ့မိတ်ဆွေရင်း များအား မသေခင်အမွေလက်ဆောင်ပေးခဲ့သည်။ သူကခြောက်လုံးပြူး သေနတ်ကိုမိတ်ဆွေတို့အားပေးသည်။ "မင်းတို့ဒီသေနတ်ကို ကြည့်ပြီးသုံးကြပါကွာ၊ မသမာမှုမှာမသုံးကြဖို့ငါတောင်းပန်ပါတယ် ကွာ' ဟုဆိုလေသည်။

သူ့ မိတ်ဆွေများက ရောဘတ်ဘန်းအား ကြောင်ကြည့်နေကြရာ သူက"ငါသေတော့မယ်ကွ၊ ဒါကြောင့်မို့ မင်းတို့ကို အမွေလက်ဆောင်ပေးခဲ့တာပါကွာ" ဟုဆိုလိုက်ရာ ငိုက်နေသောစောင်းဆရာသည် ဆတ်ကနဲမော့၍ကြည့်လိုက်သည်။ တစ်ဖက်တွင်အရက်နှင့် အဖော်လုပ်နေသောစစ်သားတစ်ယောက်က မျက်လုံးပြူး၍ ကြည့် လိုက်သည်။ အရက်မွှန်နေသောအဆိုမင်းသမီးသည် ဆိုလက်စတေးကိုရပ်၍ အံ့အားသင့်စွာဖြင့်ကြည့်လိုက်သည်။ ရောဘတ်ဘန်းကပြုံး၍ "ဘာကြည့်တာလဲကွာ၊ ငါ့ဆီကို သေမင်းရဲ့ဖိတ်စာတစ်စောင် ရောက်လာတယ်၊ ကြွတော်မူခဲ့တော့ မောင်ရေလို့ သေမင်းကလှမ်းခေါ် နေတယ်။ မင်းတို့က ဘာကြောင့် ကြောင်ကြည့်နေတာလဲဟေ့၊ ဘုရားသခင်ဖန်ဆင်းထားတဲ့ငါ့ကို သူ့ အလိုတော်အတိုင်း ပြန်ခေါ် နိုင်ခွင့်ရှိတယ်ဆိုတာ မင်းတို့မသိကြ တော့ဘူးလား ဟရို့"ဟု တည်သလို ပြက်သလိုပြောလိုက်ပြီးလျှင် "သွားတော့မယ် မယားခိုး

လင်ခိုးတွေရေ. . တေလေကြမ်းပိုးတွေ ရေ..မသွားခင်နှုတ်ဆက်တဲ့အနေနဲ့ အရက်ကလေးတစ်ကျိုက်
လောက်မော့ဦးမှပဲလေ'ဟုဆိုကာအရက်တစ်ခွက်သောက်ပြီး နောက် သေမင်းခေါ်ရာအမှောင်တိုက်ထဲသို့ အရက်ဆိုင်မှယိုင်တိုင်တိုင်ထွက်သွားလေတော့သည်။

” မြန်မာပြန်သူ၏ စာပေနှင့်ဘဝဖြစ်စဉ်

အဘဦးမောင်လေး၊ အမိဒေါ်စိန်ညွန့်တို့မှ သန်လျင်မြို့ တွင် ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့၌ မွေးဖွားခဲ့၍ မွေးချင်းသုံးယောက်အနက်အကြီးဆုံးသားဖြစ်၍ အမည်ရင်းမှာ ဦးအုန်းဖေဖြစ်သည်။

ငယ်စဉ်မှခုနစ်နှစ်အထိ မကွေး၊ မဲထီးတိုက် ဦးဇောတိက ဘုန်းကြီးကျောင်းနှင့်မကွေးလောကဓာတ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အသက်ရှစ်နှစ်တွင်မကွေးမြို့၊ အင်္ဂလိပ်-မြန်မာ အစိုးရအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အသက် ၁၄နှစ်၊ ရှစ်တန်း၌ပညာသင်ကြားဆဲ ဂန္ထလောကမဂ္ဂဇင်းမြန်မာ ပညာပြန့်ပွားရေးအသင်းမှပြုလုပ်သော ဘာသာပြန်ပြိုင်ပွဲတွင် Frank R. Stockton ရေးသားသော The Lady Or The Tiger ကညာ OrThe 1 လောကျားကြီးလောဝတ္ထုစာမူဖြင့် ဝတ္ထုတိုပထမဆုရရှိခဲ့သည်။ တက္ကသိုလ်ဝင်တန်းကို မကွေးမြို့ အင်္ဂလိပ်-မြန်မာအစိုးရအထက် တန်းကျောင်းမှ ၁၉၃၀ ခုနှစ်တွင်အောင်မြင်ခဲ့သည်။ တက္ကသိုလ်နှစ် ပတ်လည်မဂ္ဂဇင်း၌ Who's Who အမည်ရှိအင်္ဂလိပ်ဆောင်းပါးရေးခဲ့သည်။ ၁၉၃၁ ရန်ကုန်တက္ကသိုလ်တွင်ဥပစာတန်းအောင်ခဲ့သည်။ ထို့နောက် ဘဝပေးအခြေအနေအရ ဥပစာတန်းအောင် ပြီးနောက် မကွေးတိုင်းမင်းကြီးရုံး၌ ၁၉၃၂ခုနှစ်မှ ၁၉၃၈ခုနှစ် အထိစာရေးလုပ်ခဲ့ရသည်။ ထိုအတောအတွင်းပင် ဘားမားဂျာနယ် တွင်ဆောင်းပါးများစတင်ရေးခဲ့သည်။ မကွေးမြို့၌ “ခေတ်စာညွန့်” စာပေအဖွဲ့ကိုလည်းတည်ထောင်ခဲ့သည်။ ၁၉၃၈ခုနှစ်တွင် တိုးတက်ရေးသတင်းစာ၌ ဘာသာပြန်အယ်ဒီတာလုပ်ကာ တိုးတက်ရေးမဂ္ဂဇင်း၌လည်းဆောင်းပါးများရေးခဲ့သည်။ တိုးတက်ရေး ၌သုံးလခန့်လုပ်ပြီး နိုဝင်ဘာလတွင် ဂန္ထလောကမဂ္ဂဇင်းသို့အယ်ဒီတာအဖြစ်ပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ခုနှစ်ရောက်သော် တန်းတွင်ဆက်လက်ဆည်းပူး၍ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ဂန္ထလောကအယ်ဒီတာ၊ ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာနည်းပြ ဆရာလုပ်ခဲ့သည်။

၁၉၄၀ခုတွင် ကွမ်းခြံကုန်းမြို့မှ ဆရာကြီးမင်းသုဝဏ်၏ နှမမရင်နု (ကဗျာဆရာမကြီးနုယဉ်)နှင့်အိမ်ထောင်ကျသည်။ ဆရာကြီးတက်တိုးတို့ဇနီးမောင်နှံသည် စာပေအလုပ်များဆက်လက်လုပ်ဆောင်ရင်း နုယဉ်ပုံနှိပ်တိုက်ကိုတည်ထောင်၍ ကျောင်း

သုံးအင်္ဂလိပ်စာအုပ်များပုံနှိပ်ထုတ်ဝေခဲ့သည်။ အမှတ်(၁၁)၊ လန်ကတ်စတာလမ်း (ယခုနဝဒေးလမ်း)နေအိမ်သို့ ၁၉၇၅ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ကာ နုယဉ်ပုံနှိပ်တိုက်တည်ထောင်စဉ်ပင် သား သမီး(၄)ယောက်ရရှိနေလေပြီ။

ဆရာကြီးတက်တိုးအား အင်ဒိုနီးရှား၊ သီဟိုဠ်၊ ဂျပန် သုံးနိုင်ငံအကြောင်းရေးသားထားသော စာအုပ်(၃)အုပ်အတွက် ချစ်ကြည်ရေးဘာသာရပ်အဖြစ် ယူနက်စကိုအဖွဲ့ကဆုချီးမြှင့်သည်။ ထိုအတောအတွင်းပင် သံယောဇဉ်နှင့်အခြားဝတ္ထုတိုများကိုရေး သားခဲ့သည်။ ၁၉၅၈ မှ ၁၉၆၂ ခုနှစ်အတွင်း ပုံနှိပ်တိုက်လုပ်ငန်းကို လုပ်ကိုင်ရင်း Tet Toe Tutorials အလွတ်ပညာသင်ကျောင်းကိုတည် ထောင်ခဲ့သည်။ လက်ထောက်ဆရာများမှာ နောင်တွင်စာရေးဆရာ မင်းကျော်ဟုထင်ရှားမည့် တပည့်ဖြစ်သူ ဦးကျော်ဆွေ၊ ဘာသာပြန် ဆရာကြီးဗမိုးအဖြစ်ကျော်စောမည့် ဦးမောင်ကို၊ အင်ဂျင်နီယာဦးဘရှင်နှင့် သင်္ချာဆရာကြီးဦးလှဆောင်တို့ဖြစ်သည်။ ထိုစဉ်အတွင်း ပင် စာကိုအဆက်မပြတ်ရေးသားထုတ်ဝေလျှက်ရှိရာ ရတနာကျွန်း မှတ်စုစာအုပ်၊ ဘဝနှင့်စာပေ စာအုပ်ရေးသားခဲ့သည်။

- ၁၉၆၂တွင် အမေရိကန်သို့ဖိတ်ကြားချက်အရ သုံးလလေ့လာရေးခရီးမှပြန်လာပြီး ဌာနေကအမေရိကန်တွေ စာအုပ်ထုတ်ဝေသည်။ မကြာမီပင် ဗိုလ်ချုပ်ကြီးနေဝင်းကခေါ်ယူတာဝန်ပေး သဖြင့် မြန်မာ့သတင်းစဉ် News Agency Burma (NAB) နိုင်ငံခြားသတင်းဌာနအယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသည်။

အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေလုပ်သားအစည်းအရုံးဖွဲ့စည်းရေးအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ စာပေလုပ်သားဥက္ကဋ္ဌဆရာ ကြီးမင်းသုဝဏ်ဂျပန်သို့ ဧည့်ပါမောက္ခအဖြစ်ထွက်ခွာသွားရသဖြင့် ဆရာကြီးနေရာတွင် ဥက္ကဋ္ဌအဖြစ်ဆက်လက်တာဝန်ယူခဲ့သည်။

ကားဆရာကြီးရေးသားသော အချစ်နှင့်စိတ်ပညာ၊ . . . နှင့် စာပေ၊ ပြည့်ကျပ်လှစွာဤကမ္ဘာနှင့်အညတြဘဝရှုခင်းများ စာအုပ်များသည်အထူးအောင်မြင်သည်။ ၁၉၆၄တွင် ပြန်ကြားရေးညွှန် ကြားရေးဝန်အဖြစ်တာဝန်ထမ်းဆောင်သည်။

ကမ္ဘာ့ဆိုးပေကြီးများ၊ ရွှေစင်နှင်းဆီနှင့် အခြားအက်ဆေးများ၊ ပင်ကိုယ်ရေးဝတ္ထုတိုများနှင့် ကိုယ်တိုင်ရှင်းပြချက်၊ ကမ္ဘာကျော် ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းလင်းချက်စာအုပ်များ၊ကျွန်တော့် အတွေးအခေါ်မှတ်စုများသည် စာဖတ်ပရိတ်သတ်အထူးအားပေးသောစာအုပ်များဖြစ်သဖြင့်
အကြိမ်ကြိမ်ပြန်လည်ရိုက်နှိပ်ရသည်။

၁၉၆၉ မှ ၁၉၇၂ ခုနှစ်အထိ The Guardian အင်္ဂလိပ်သတင်းစာ၌ခေါင်းကြီးများကို နေ့စဉ်ရေးသားခဲ့သည်။ ၁၉၇၀၊ ၁၉၈၀ ခုနှစ်အထိ တက္ကသိုလ်ဗဟိုကောင်စီဝင်။ တက္ကသိုလ်ပညာရေးအဖွဲ့ များကောင်စီဝင်အဖြစ် တာဝန်များထမ်းဆောင်သည်။ ၁၉၇၂တွင် သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းဦးဆောင်ညွှန်ကြားရေးမှူး အဖြစ်တာဝန်ထမ်းဆောင်သည်။ ၁၉၇၅တွင် ပင်စင်ယူပြီးနောက် ပညာရေးဝန်ကြီးဌာန ပညာရေးအထူးအရာရှိအဖြစ် ထိုစဉ်က ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်း၏ခန့်အပ်ခြင်းခံရ သည်။ ထိုစဉ်မှာပင် မဟာစည်သာသနာ့ရိပ်သာမှတောင်းဆိုမှုဖြင့် (Samma Paribhazaniya Sutta) (သမ္မာပရိဗ္ဗာဇနိယသုတ်)၊ (Hama Vata Sutta) (ဟေမဝတသုတ်)ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပေးသည်။

နုယဉ်ရေးသား၍တက်တိုးဘာသာပြန်ဆိုသော အလှပန်းတစ်ပွင့်နှင့်အခြားပုံဝတ္ထုများစာအုပ်၊ ချစ်တေးကဗျာနှင့်အခြားဘာသာပြန်ဝတ္ထုတိုများ၊ ဥရောပဒဏ္ဍာရီသုံးပုဒ်(အင်္ဂလိပ်-မြန်မာ) အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသားစာအုပ်၊နုယဉ်ရေး၍ တက်တိုးအင်္ဂလိပ်ဘာသာပြန်သော ဗုဒ္ဓဝင်ရုပ်စုံကိုထုတ်ဝေသည်။

၁၉၉၄တွင် ပခုက္ကူဦးအုန်းဖေ၏တစ်သက်တာစာပေဆု ကိုရရှိသည်။ ၁၉၉၅ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်၏ မေတ္တာရပ်ခံချက်ဖြင့် လောကနီတိ (A Guide To Living- Lokaniti)မူရင်းမြန်မာမှ အင်္ဂလိပ်ဘာသာပြန်ပေးသည်။

ဆရာကြီးသည် အသက်(၉၀)ပြည့်သည့်တိုင် စာဖတ်ခြင်း၊ စာရေးခြင်းတို့ အဆက်မပြတ်လုပ်ဆောင်နေခဲ့သည်။ ကျန်းမာရေးမှာအထူးအထွေဖြစ်ခြင်းမရှိသော်လည်း ၂၀၀၃ ဒီဇင်ဘာ၊ (၇) ရက်နေ့ နံနက်(၃)နာရီခန့်တွင် နေအိမ်၌ချမ်းသာစွာအိပ်ပျော်နေစဉ်ကံကုန်သည်။

ဆရာကြီး၏စာပေများကို သမီးငယ်ဖြစ်သူ ပြည်သူ့လွှတ်တော်စာကြည့်တိုက်မှူးအဖြစ်ဆောင်ရွက်ခဲ့သော ဒေါ်စိုးညိမ်းကစာစုစာရင်းလုပ်ခဲ့ရာ ဆရာကြီး၏ကလောင်ခွဲများကို အောက်ပါအ တိုင်းသိရှိရလေသည်။